# အောင်သိန်း၏
# အောင်ဆန်း



Myanmar Cupid Community

# အောင်သန်း

# ၏

# အောင်ဆန်း

Myanmar Cupid Community© PDF Creator Group

Myanmar Cupid Forum ၏ PDF မှတ်တမ်း

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ဤစာအုပ်အား

MMCP Member

**rustic** မှ

ကွန်ပျူတာစာစီစာရိုက်၍ တည်းဖြတ်အချောသတ်ပြီး

Myanmar E-book အဖြစ်


**Myanmar Cupid Forum**


မှ

**'၂၀၀၉–ခုနှစ်၊ အာဇာနည်နေ့'**

အား ဂုဏ်ပြုသောအားဖြင့် တင်ဆက်သည်။

Myanmar Cupid Community PDF Creator Group





[illegible]

၁၀ [illegible]

၁၁ [illegible]

၁၂ [illegible]

၁၃ [illegible]

၁၄ [illegible]

၁၅ [illegible]

၁၆ [illegible]

၁၇ [illegible]

၁၈ [illegible]

၁၉ [illegible]


၂၀ [illegible]

၂၁ [illegible]

၂၂ [illegible]

၂၃ [illegible]

၂၄ [illegible]





# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | ၁၀ |
| ၁။ | ကလေးဘဝ | ၁၃ |
| ၂။ | ကျောင်းသားလူငယ်ဘဝ | ၂၂ |
| ၃။ | ရန်ကုန်တက္ကသိုလ်၌ | ၂၈ |
| ၄။ | တက္ကသိုလ်သမဂ္ဂ၌ | ၃၄ |
| ၅။ | သခင်အောင်ဆန်း | ၄၅ |

| | | |
|---|---|---|
| ၆။ | လက်ဝဲအင်အားစု | ၅၈ |
| ၇။ | ရဲဘော်သုံးကျိပ်ရှေ့ပြေး | ၆၅ |
| ၈။ | ဗိုလ်တေဇနှင့် ဘီ၊အိုင်၊အေ | ၇၁ |
| ၉။ | ဘီ၊ဒီ၊အေ သေနာပတိ | ၇၈ |
| ၁၀။ | လွပ်လပ်ရေးနှင့်ချစ်ကြည်ရေး | ၈၆ |
| ၁၁။ | ဂျပန်တော်လှန်ရေးရှေ့ပြေး | ၉၄ |
| ၁၂။ | ဂျပန်တော်လှန်ရေးဆင်နွဲပုံ | ၁၀၁ |
| ၁၃။ | ဖ၊ဆ၊ပ၊လ ရှေ့ပြေး | ၁၀၈ |
| ၁၄။ | မိန့်ခွန်းနှစ်ခု | ၁၁၃ |
| ၁၅။ | ဖ၊ဆ၊ပ၊လ နှင့် ဘုရင်ခံ | ၁၃၉ |
| ၁၆။ | ဖ၊ဆ၊ပ၊လ နှင့် လူထု | ၁၄၆ |
| ၁၇။ | ဗိုလ်ချုပ်အစိုးရ နှင့် စည်းရုံးရေး | ၁၅၇ |
| ၁၈။ | အောင်ဆန်း နှင့် အက်တလီ | ၁၆၇ |
| ၁၉။ | ပင်လုံစည်းရုံးရေး | ၁၇၄ |
| ၂၀။ | လယ်သမား၊အလုပ်သမားနှင့်တိုင်းပြုပြည်ပြု လွှတ်တော် | ၁၈၀ |
| ၂၁။ | လွပ်လပ်ရေးသို့ | ၁၉၅ |
| – | ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏လေးချိုးကြီး | ၂၁၀ |

## နောက်ဆက်တွဲများ


| | | |
|---|---|---|
| က။ | တို့ဗမာသီချင်း | ၂၁၃ |
| ခ။ | တို့ဗမာအစည်းအရုံးဥက္ကဌ သခင်လှဘော်၏မိန့်ခွန်း | ၂၁၅ |
| ဂ။ | စစ်ချီသီချင်းများ။ | ၂၄၀ |
| ဃ။ | ဗိုလ်အောင်ဆန်း | ၂၃၄ |
| င။ | ဖ၊ဆ၊ပ၊လ ညီလာခံသဘင်မိန့်ခွန်း | ၂၄၀ |
| စ။ | နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးသမားတွေ | ၂၈၄ |
| ဆ။ | အောင်ဆန်း–အက်တလီစာချုပ် | ၂၈၈ |
| ဇ။ | ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅–ရက်နေ့၊ တောင်သူလယ်သမားညီလာခံတွင် မြွက်ကြားသည့်မိန့်ခွန်း | ၂၉၈ |
| ဈ။ | ၁၉၄၇ ခုနှစ်၊ မတ်လ ၁၉–ရက်နေ့တွင်ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်း | ၃၀၂ |
| ည။ | ရွေးကောက်ပွဲသတိပေးချက် | ၃၀၇ |
| ဋ။ | နှစ်သစ်ကူးမိန့်ခွန်း | ၃၁၅ |
| ဌ။ | ပြင်ဆင်မှုညီလာခံမိန့်ခွန်း | ၃၂၃ |
| ဍ။ | ဖွဲ့စည်းအုပ်ချုပ်ပုံပြဋ္ဌာန်းချက် | ၃၅၄ |
| ဎ။ | နောက်ဆုံးမိန့်ခွန်း | ၃၈၂ |
| – | ဓာတ်ပုံများ | ၃၈၉ |


Myanmar Cupid Community PDF Creator Group

## နိဒါန်း

ကျွန်တော်၏ မိတ်ဆွေများက ကျွန်တော့်အား ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရေးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြပါသည်။ သို့သော်လည်း ကျွန်တော် မရေးခဲ့ပါ။

မရေးခဲ့ခြင်းမှာ ကျွန်တော့်မှာ သွေးသားဖြစ်နေသည့်အတိုင်း 'ကိုယ့်ငါးချဉ် ကိုယ်ချဉ်' ရာ ရောက်နေမည် စိုးသည်က တကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုး၏ အတ္ထုပ္ပတ္တိကို အစိုးရက ကြပ်မတ်ရေးသားထုတ်ဝေသင့်သည်ဟု ယူဆသည်က တကြောင်းတို့ကြောင့် ဖြစ်ပါသည်။

သို့သော်လည်း အားလုံး သိကြသည့်အတိုင်း ယနေ့အထိ အစိုးရထုတ် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ မရှိသေးပါ။ ဗိုလ်ချုပ်တို့ ကျဆုံးပြီးစက သခင်နု၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်းတို့ ခေါင်းဆောင်နေသော ဖ၊ဆ၊ပ၊လ အစိုးရသည် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ရေးရန်အတွက် ကျွန်တော်ပါ ပါဝင်သော 'အတ္ထုပ္ပတ္တိကော်မီတီတခု' ဖွဲ့စည်းလိုက်သည်ဟု သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်များသာ သိမည်ဖြစ်သော အကြောင်းများကြောင့် ထိုအတ္ထုပ္ပတ္တိကော်မီတီသည် အစည်းအဝေးလည်း တခါမျှမထိုင်ခဲ့။ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိကိုလည်း ယနေ့တိုင် ထွက်ပေါ်မလာခဲ့ပေ။

အချို့ပုဂ္ဂိုလ်များ ရေးသားထုတ်ဝေခဲ့သော အတ္ထုပ္ပတ္တိများ အနည်းငယ်ရှိပါသည်။ သို့သော်လည်း ထိုအတ္ထုပ္ပတ္တိများမှာ ပြည့်စုံသည်ဟု ကျွန်တော် မထင်ပါ။ ကျွန်တော့်သဘောအရ လွပ်လပ်ရေးဗိသုကာဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းလို နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိကိုရေးလျှင် ထိုပုဂ္ဂိုလ်

Myanmar Cupid Community PDF Creator Group

များ၏ နိုင်ငံရေးအရောင်အဆင်းနှင့် နိုင်ငံရေးကြိုးပမ်းချက်များ ပေါ်လွင်အောင် ရေးသင့်သည်ဟု ယူဆထားပါသည်။

သို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရေးလိုစိတ် ပေါ်လာခဲ့ပါသည်။ ထိုအတောအတွင်း ကျွန်တော် ရေးသားထုတ်ဝေသော '၁၆–နှစ် နိုင်ငံရေး အတွေ့အကြုံများ' စာအုပ်တွင် ဗိုလ်ချုပ်၏ ဂုဏ်ပုဒ်များကို အနည်းငယ် ဖေါ်ပြထားချက်နှင့် ပတ်သက်၍ အချို့က 'သူ့ညီဘဲ အကောင်းရေးတယ်' ဟု တီးတိုးဝေဖန်သည်ကို ကြားရသဖြင့် ရေးလိုစိတ် ပို၍ ပေါ်လာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား ချီးကျူးထိုက်–မထိုက် ကျွန်တော့်သဘော ထားကို မဖော်ပြမီ၊ အင်္ဂလိပ်လူမျိုး ရာဇဝင်ပါမောက္ခ 'တင်ကာ' (Hugh Tinker) ၏ 'ပြည်ထောင်စု မြန်မာနိုင်ငံ' (The Union of Burma) စာအုပ် စာမျက်နှာ ၂၈–မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ရေးသားချက်ကို အနီးကပ်ဆုံး မြန်မာဘာသာပြန်၍ ဖော်ပြလိုက်ပါသည်။

"အောင်ဆန်းသည် တက္ကသိုလ်မှထွက်ခါစ နိုင်ငံရေးအရည်မလည်သေး သည့်ဘဝမှာပင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မိမိစိတ်တိုင်းကျ တောင်းဆို နိုင်ခြင်းကား သူ၏ အောင်မြင်မှုတရပ်ပင် ဖြစ်၏။ အောင်ဆန်းသည် ဗြိတိသျှ အစိုးရတဖွဲ့လုံးအပြင် အင်အားကြီးမားလှသော လက်နက်ကိုင် တပ်ပေါင်းစု သေနာပတိချုပ် မောင့်ဘက်တန်နှင့်တကွ နိုင်ငံရေးရာတွင် ဝါရင့်ပြီး ပါးနပ် လှသည့် အရာရှိများပါဝင်သော ဗြိတိသျှသြဇာခံ မြန်မာနိုင်ငံ အစိုးရ တဖွဲ့လုံးကိုပင် သူတဦးတည်း၏စွမ်းရည်ဖြင့် အနိုင်ရယူခဲ့ပေသည်။ အဖက်ဖက် မှဆင်ခြင်သုံးသပ်ပါမူ နိုင်ငံရေးအာဏာနှင့်တာဝန် လက်ကိုင်ထားရှိသော အင်္ဂလိပ်အမျိုးသားများသည် မြန်မာနိုင်ငံအား လွပ်လပ်ရေးပေးရာ၌ မိမိတို့ ခြေရာလက်ရာပါစေရန် အစွမ်းကုန်ကြံစည် အားထုတ်ခဲ့ကြ၏။ သို့သော် နောက်ဆုံး၌ သူတို့အားလုံးမှာ အောင်ဆန်း၏အရှိန်အဝါအောက်၌ ပြားပြားဝပ် ခဲ့ကြရရုံသာမက မြန်မာနိုင်ငံမှ ဗြိတိသျှတို့ အပြီးအပြတ် ထွက်ခွာသွားကြရ အောင် ဖန်တီးပေးခဲ့သော အရေးအခင်းဟူသမျှတွင် အောင်ဆန်းသည်ပင်လျှင်

Myanmar Cupid Community PDF Creator Group

ခိုင်မြဲစွာ ကြိုးကိုင်ခဲ့ပေသည်။ အောင်ဆန်းကို 'လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ အောင်ဆန်း' ဟူ၍ မြန်မာတို့ ပြောစမှတ်ပြုကြသည်။ ထိုအဆိုမှာ သူအောင်ပွဲခံ ရချိန်၌ ပို၍မှန်ကန်သည်ဟု ဆိုရချေမည်။ အကြောင်းမူကား လူမသမာများ လက်ချက်ဖြင့် ကျဆုံးရသည့်တိုင်အောင် အောင်ဆန်းသည် နိုင်ငံ့အာဇာနည် ခေါင်းဆောင်ကြီးတဦးအဖြစ် သမိုင်းဝင် မော်ကွန်းတင်ခြင်း ခံခဲ့ရပေသည်။ အောင်ဆန်းကား နိုင်ငံနှင့်လူမျိုးအတွက် လွပ်လပ်ရေးအသရေကို အရ ဆောင် ကြဉ်းပေးခဲ့သည်။ နောင်းကာလဝယ် ပေါ်ပေါက်လာသော ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်များကား အောင်ဆန်းနှင့် မည်သို့မျှ မသက်ဆိုင်ချေ"။

ဤစာအုပ်ကိုဖတ်လျှင် ကျွန်တော်သည် အစ်ကိုအနေထက် ရာဇဝင် သုတေသီတဦးအနေဖြင့် ရေးသည်ကို တွေ့ရပါလိမ့်မည်။ ရာဇဝင်သုတေသီတို့ မည်သည် ဆန္ဒဂတိ–ဒေါသဂတိ မလိုက်ဘဲ မိမိတို့ သုတေသနပြုချက်အရ တွေ့ရှိသည့်အချက်များကို မိမိတို့ ယုံကြည်သည့်အတိုင်း တင်ပြသူများ ဖြစ်ပါသည်။

နိဂုံးချုပ်အနေအားဖြင့် စာအုပ်ရေးရာတွင် အဖက်ဖက်မှ ကူညီခဲ့ ကြသော မိတ်ဆွေများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ အထူးသဖြင့် ကျွန်တော့်အား မြန်မာစာ သင်ပေးခဲ့သော ဆရာတယောက်ဖြစ်ရုံမက ဤ စာအုပ်ကို တည်းဖြတ်ပေးသည့် ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူး ဦးသိန်းဟန်(ဇော်ဂျီ) ကိုငင်း၊ လိုအပ်သောစာအုပ်များကို ကူညီရှာဖွေပေးခဲ့ ကြသည့် တပ်မတော်မော်ကွန်းတိုက်မှ အရာရှိကြီးငယ်များနှင့် အခြားမိတ်ဆွေ များကိုငင်း၊ စာမူကြမ်းကို လက်နှိပ်စက်ဖြင့် ကူးပေးသည့် ရဲဘော်များကိုငင်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ရပါသတည်း။

အောင်သန်း
၁–၄–၆၄

Myanmar Cupid Community PDF Creator Group

(၁)

ကလေးဘဝ

ကျွန်တော် သုံးနှစ် ခြောက်လ ငါးရက်သားအရွယ် ရောက်သောအခါ ညီကလေးတယောက်ရပါသည်။

ထိုနေ့ကို ကောင်းစွာ မှတ်မိပါသေးသည်။ ကျွန်တော်သည် ခါတိုင်းည များတွင် မိခင်နှင့်အတူ အိပ်ရာထဲ၌ သေး ပါလေ့ ရှိပါသည်။ ထိုညတွင်ကား ဖခင်နှင့်အတူ အိပ်ရ၍ ဆီးသွားလိုသဖြင့် နိုးလာကာ 'ဖေဖေ၊ သေးပေါက်ချင်တယ်' ဟုပြောရာ၊ ဖခင်က 'ထပေါက်' ဟု ပြန်ပြောပါသည်။ ထိုညမှစ၍ ကျွန်တော်သည် အိပ်ရာထဲ၌ သေးမပါတော့ပါ။ ဆီးသွားလိုက နိုးလာပါသည်။

မိုးလင်းသောအခါ ဘန်းကြီးထဲ၌ သိပ်ထားသော ညီကလေးကို မြင်၍ ကိုင်မည်ပြုရာ အစ်ကိုကြီး(ဦးဘဝင်း)က 'ဟေ့ မကိုင်နဲ့၊ လက်ပြတ်တတ်တယ်' ဟု ပြောသဖြင့် မကိုင်ဘဲ ကျွန်တော့်လက်ကို ပြန်ဆုတ်လိုက်ပါသည်။ အစ်ကိုကြီးကား ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ပါသည်။ သို့တစေလည်း ကျွန်တော်သည် ညီကလေးကို မကိုင်ရဲဘဲ ဘေးမှ လှည့်ပတ်၍ ကြည့်ရုံသာ ကြည့်ဝံ့ပါသည်။


ညီကလေး တနှစ်ကျော်အရွယ်ရောက်သောအခါ နာမည်ပေးရန်စဉ်းစားကြပါသည်။ ကျွန်တော်က 'ကျုပ် အောင်သန်းဆို သူက အောင်ဆန်းပေါ့ဗျာ' ဟု ပြောလိုက်ရာ အားလုံးက လက်ခံကြပါသည်။ စနေသား ဖြစ်သည့်အတိုင်း ဇာတာထဲ၌ 'ထိန်လင်း' ဟု နေ့နာမ်အလိုက် မှည့်ထားသော်လည်း၊ 'အောင်ဆန်း' ဟုသာ တွင်နေပါတော့သည်။ 'ထိန်လင်း' သည် ဇာတာဖွဲ့သူပေးသော နာမည်

Myanmar Cupid Community PDF Creator Group

မျှသာ ဖြစ်သည်။ အချို့ ထင်နေသကဲ့သို့ ငယ်နာမည် မဟုတ်ပါ။ မည်သည့် အခါမျှ 'ထိန်လင်း' ဟု မခေါ်ခဲ့ကြပါ။

ကျွန်တော်နှင့်အောင်ဆန်း မွေးဖွားခဲ့သော အိမ်ကြီးသည် မရှိတော့ပါ။ ရှေးအိမ်ကြီးဖြစ်၍ ကျွန်တော်တို့ ဘေးလက်ထက်က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြပါသည်။ ယခု နတ်မောက်၌ရှိသောအိမ်သည် အောင်ဆန်း မွေးပြီးနောက် နှစ်နှစ်လောက်ရှိမှ ပြောင်းရွှေ့နေထိုင်သောအိမ် ဖြစ်ပါသည်။

ကျွန်တော်တို့ ဘေး ဦးရွှေနီသည် နတ်မောက်မြို့ သူကြီးဖြစ်၍ ကျွန်တော်တို့အဖိုးဟု ရေးသာပြောဆိုနေကြသော 'ဦးမင်းရောင်' ခေါ် 'ရွှေလရောင်' သည် ဘေးမကြီး မယ်စိုး၏တူ၊ အဖွား 'မယ်သူဇာ' ၏ မောင်တဝမ်းကွဲ ဖြစ်ပါသည်။ ကျွန်တော်တို့ ဘေးဘိုးဘီဘင်များသည် အလောင်းဘုရား၏ 'ရဲဘော် ခြောက်ကျိပ်ရှစ်' အပါအဝင် ပင်းမင်းကြီး ဦးမြ(ဦးမြတ်)မှ ဆင်းသက်ကြသည်ဟု လူကြီးသူမများ ပြောဆိုသံ ကြားဘူးပါသည်။



ဗိုလ်ချုပ် ၏ ဇာတာ

Myanmar Cupid Community PDF Creator Group

အောင်ဆန်းသည် နာမည်နှင့်လိုက်အောင် 'ဆန်း' သူဖြစ်ပါသည်။ အမေးအမြန်းထူ၍ လူကြီးတွေပြန်မဖြေနိုင်သည့် မေးခွန်းများကို မေးလေ့ရှိပါသည်။ မိုးတွင်း၊ ဆောင်းတွင်းဟု ခေါ်ကြသော်လည်း နွေရာသီကို အဘယ့်ကြောင့် 'နွေတွင်း' ဟု မခေါ်ကြသလဲဟု မေးရာ၊ လူကြီးများသည် ပြန်၍ မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ 'ညီအစ်ကို တဝမ်းကွဲရှိသော်လည်း ဘာကြောင့် လင်မယား တဝမ်းကွဲ မရှိသလဲ' မေးပြန်ရာ လူကြီးများသည် ယခင်က ကဲ့သို့ပင် ပြန်မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ အမေးအမြန်း ထူသလောက် အောင်ဆန်းသည် စဉ်းစားတွေးတော ငေးမော နေတတ်ပါသည်။

အငယ်ဆုံးဖြစ်သည့်အတိုင်း မိဘနှစ်ပါးကသာမက၊ အစ်ကို အစ်မများကပါ အလိုလိုက်ကြသည်ဖြစ်ရာ၊ အောင်ဆန်းသည် ကလေးဆိုးကြီးကဲ့သို့ ဖြစ်နေပါသည်။ လိုချင်သည်ကို မရမနေ ငိုယို တောင်းဆိုတတ်ပါသည်။ ရလည်း ရပါသည်။ ကြီးလာသည်တိုင်အောင် မိမိပြောလိုရာ စွပ်၍ပြောတတ်ခြင်း၊ လုပ်လိုရာကို စွပ်လုပ်တတ်ခြင်းတို့သည် ငယ်စဉ်က အလိုလိုက်ခံခဲ့ရခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။

[ မှတ်ချက်။ ။တချိန်က မိတ်ဆွေတယောက်က 'ကျွန်တော်တို့ ဗိုလ်ချုပ်နဲ့ ပတ်သက်ပြီး သုံးသပ်ကြည့်ကြတယ်။ ဗိုလ်ချုပ်ဟာ မိမိပြောလိုရာ လုပ်လိုရာကို စွပ်ပြော စွပ်လုပ်တတ်တယ်၊ ဒါဟာ အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ အာဏာရလို့ ရယ်လို့ သုံးသပ်မိကြတယ်' ဟု ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော်က 'ဒါတင် မကဘူး၊ ဗိုလ်ချုပ်ဟာ မွေးကထဲက အလိုလိုက်ခံခဲ့ရတယ်' ပြောရာ ထိုမိတ်ဆွေက 'ကျွန်တော်တို့ အဲဒါကို သိလဲမသိခဲ့ဘူး၊ ထည့်လဲ မသုံးသပ်မိခဲ့ဘူး' ဟု ပြန်ပြောပါသည်။

စိတ်ဘက်ဆိုင်ရာ ပါရဂူများ၏အဆိုအရ လူတယောက်၏ စိတ်ဓာတ်သည် မိမိ၏ ဘဝပေးအတိုင်း ဖြစ်တတ်သည်။ ဥပမာ လူတယောက်သည် ငယ်စဉ်က ဆိုးသောမိဘများ၏ နှိပ်စက်ခြင်းကိုသော်၎င်း၊ အခြားသူများ၏ နှိပ်စက်ခြင်းကိုသော်၎င်း ခံခဲ့ရလျှင် ကြီးလာသောအခါ မယုံသင်္ကာ ဖြစ်တတ်

Myanmar Cupid Community PDF Creator Group

ခြင်း၊ ကြောက်ရွံ့တတ်ခြင်းတို့ ဖြစ်တတ်ပါသည်။ တနည်းအားဖြင့် ဆိုလျှင် ထိုပုဂ္ဂိုလ် မျိုးတွင် 'အရှုံးပေးတတ်သော စိတ်ဓာတ်' မျိုး ဝင်နေတတ် ပါသည်။ ထိုပုဂ္ဂိုလ်မျိုးသည် မိမိနိုင်လှည့်ကြုံလာသောအခါ ရက်ရက်စက်စက် ပြုကျင့်တတ်သည်။ ငယ်စဉ်က အလိုလိုက်ခံခဲ့ရပြီး မိမိလုပ်လိုရာ လုပ်ခွင့်ရခဲ့လျှင် ကြီးပြင်းလာသည့်အခါ မိမိလုပ်ချင်သည့်အတိုင်း လုပ်ဝံ့သည်။ လုပ်တတ်သည်။ တနည်းအား ဖြင့်ဆိုလျှင် ထိုပုဂ္ဂိုလ်မျိုးတွင် 'မိမိကိုယ်မိမိ ယုံကြည်ကိုးစားမှု' ရှိတတ်သည်။ ထိုပုဂ္ဂိုလ်မျိုးသည် ရန်သူကို အထင်သေးတတ်သဖြင့် နောက်ဆုံး၌ မိမိပင် ခံရတတ်သည်။

နိုင်ငံရေးခေါင်းဆောင်များ၏ စိတ်နေသဘောထားနှင့် ပတ်သက်၍ သုံးသပ်လိုပါက၊ ကလေးဘဝက နေထိုင်ခဲ့ရပုံကိုပါ ထည့်သွင်းစဉ်းစားလျှင် မမှားနိုင်ဟု ကျွန်တော် ယုံကြည်ပါသည်။ ]

အလိုလိုက်ခံရသော်လည်း အောင်ဆန်းမှာ မတရားလုပ်ချင်သည့်စိတ်၊ မတရားအခွင့်အရေး လိုချင်သည့်စိတ်ဓာတ်မျိုး မရှိပါ။ မိမိကိုယ်ကိုမိမိ ယုံကြည်သူဖြစ်သည့်အတိုင်း သူများအား မနာလိုသည့်စိတ် မရှိပါ။ မိမိထက် ကြောသွားမည်ကို စိုးသည့်အတွက် သူများအား ခြေထိုးလိုသည့် စိတ်မျိုးလည်း အလျဉ်းမရှိပါ။ အောင်ဆန်းနှင့် အချို့နိုင်ငံရေးခေါင်းဆောင်များ ကွာခြားခြင်းသည် ထိုစိတ်ဓာတ် အခြေခံကြောင့်ပင် ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။

အောင်ဆန်းသည် အလွန်ရိုးသား၍ စားချင်လျှင် စားချင်သည်၊ လိုချင်လျှင် လိုချင်သည်၊ ကြောက်လျှင် ကြောက်သည် စသည်ဖြင့် ဖွင့်ဟဝန်ခံတတ်ပါသည်။ မည်သည့်အခါမှ လိမ်မပြောတတ်ပါ။

ကျွန်တော်တို့ငယ်စဉ်က နတ်မောက်ဆွမ်းကြီးလောင်းအသင်းက ကြီးမှူး၍ ဝါတွင်း၌ အပတ်စဉ် အိုးစည်ဗုံမောင်းဖြင့် အလှူခံထွက်ပါသည်။ လူတယောက်က ဖိုးသူတော်အရုပ်ကြီးထဲ ဝင်ပြီး ကပါသည်။ ထိုအရုပ်ကြီးကို အောင်ဆန်း အလွန်ကြောက်ပါသည်။ အရုပ်ကို ကြောက်ရကောင်းလားဟု

ဖခင်က ဆူပူပြစ်တင်သောအခါ 'ဖင်ခေါင်းထဲသွင်းထား ဘယ့်နဲ့လုပ်မလဲဗျာ့' ဟု ပြန်ဖြေပါသည်။

ခေါင်းတုန်တုန် လည်တုန်တုန် ဖြစ်နေသော မယ်ရွှေမယ်ဆိုသည့် အမယ်ကြီးကိုလည်း သူကြောက်၍ ကြောက်ကြောင်းကိုလည်း သူဝန်ခံပါသည်။ ညအိပ်လျှင် မိခင်ကို ဖက်အိပ်လေ့ရှိ၍ မိခင်ကို သူ့ဘက်သို့ အမြဲလှည့်အိပ်စေချင်သည်။

အိမ်နားရှိ ကာကာဆိုင်သို့လည်း သူမသွားရဲပါ။ တနေ့သ၌ ကာကာဆိုင်သို့သွား၍ ဘီ–ဒီ ဆေးလိပ်များဝယ်ပြီးလျှင် ချိုးကြည့်ပါသည်။ မိခင်သိသောအခါ ကလေးအား ဆေးလိပ်ရောင်းလိုက်သော ကုလားထံသွား၍ ဆူပူပြစ်တင်ပါသည်။ ဆိုင်ရှင် ကာကာက မိခင်ကိုတောင်းပန်၍ အောင်ဆန်းဘက်လှည့်ကာ 'နောက်တခါလာရင် ဘန်ဘူးပေးမယ်' ဟု ပြောလိုက်ရာ အောင်ဆန်းက 'ဘန်ဘူးဆိုတာဘာလဲ' ဟု မိခင်ကို မေးပါသည်။ မိခင်က 'ဘန်ဘူးပေးမယ်ဆိုတာ ရိုက်မယ်လို့ ပြောတာ' ဟု ပြောလိုက်ရာ၊ အောင်ဆန်းသည် ထိုနေ့မှစ၍ ကာကာဆိုင်သို့ မသွားတော့ပေ။

နေမကောင်းလျှင် ပိုက်ဆံပေးမှ ဆေးသောက်မည်ဟု အကြပ်ကိုင်တတ်သဖြင့် အောင်ဆန်းသည် နေမကောင်းတိုင်း မိခင်ထံမှ ငွေဒင်္ဂါး လေး–ငါးဆယ် ရပါသည်။ (ထိုခေတ်က ငွေစက္ကူ ပေါ်သေးဟန် မတူပါ။)

နတ်မောက်၌ တဆိုင်တည်းသာရှိသော ကာကာဆိုင်သို့ မသွားရဲသဖြင့် သူလိုချင်သည့် ပစ္စည်းများကို ကျွန်တော်က ဝယ်ပေးရပါသည်။ ကျွန်တော်လိုချင်သည်တို့ကိုလည်း သူ့ ငွေဖြင့်ပင် ဝယ်ခွင့်ပေးပါသည်။ ညီအစ်ကို ရန်ဖြစ်သောအခါ သူ့ ငွေ ပြန်ပေးရန် တောင်းတတ်ပါသည်။ မိခင်က 'နင် အစက ဘာလို့ ပေးသလဲ' ဟု မေးသောအခါ 'အို သူက ညီအကိုချင်းဘဲကွာ ဘာ ညာနဲ့ ပြောတာကိုးဗျာ့' ဟု ပြန်ဖြေသဖြင့် ကျွန်တော်တို့ ရယ်ကြရပါသည်။ အောင်ဆန်းသည် မည်သည့်အခါမှ လုပ်ကြံ၍ လည်ဆည်၍ မပြောတတ်ပါ။

ပေးခဲ့လျှင် ပေးခဲ့သည်၊ လုပ်ခဲ့လျှင် လုပ်ခဲ့သည်ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံ တတ်ပါသည်။

ကျွန်တော်တို့မိခင်သည် အလွန် ပညာလိုလားရကား ကျွန်တော်တို့ ငါးနှစ်ခြောက်နှစ်အရွယ် ရောက်လျှင် ကျောင်းထားပါသည်။ အောင်ဆန်းသည် ကျောင်းနေရမှာ ကြောက်သဖြင့် 'အမနေမှ နေမယ်' ဟု မိခင်ကို ပြောပါသည်။ (ကျွန်တော်တို့မိခင်ကို ကျွန်တော်တို့က 'အမ' ဟု ခေါ်ကြပါသည်။) အထွေးဆုံး သားကလေးကို အလွန်ချစ်ခင်သော မိခင်ကလည်း အောင်ဆန်းကို ကျောင်းမပို့ ရက်ဘဲ ခွင့်လွှတ်ထားရပါသည်။

ကျွန်တော် ၁၁ နှစ်သားအရွယ် ရောက်သောအခါ ရှင်ပြု၍ ကိုရင်ဝတ်ပါသည်။ ခုနှစ်နှစ်ကျော် ရှစ်နှစ်သားရှိနေပြီဖြစ်သော အောင်ဆန်းသည် ကျောင်းမနေသေးသော်လည်း ကျွန်တော့်ထံ နေ့စဉ်လာပါသည်။ ထိုသို့လာရင်း ကိုရင် ဝတ်ချင်စိတ် ပေါက်လာသဖြင့် ကိုရင်ဝတ်ပေးရန် မိခင်ကို ပူဆာပါသည်။ ချက်ကောင်းကိုယူတတ်သော မိခင်က 'ကိုရင်ဝတ်တယ်ဆိုတာ လွယ်တာမဟုတ်ဖူးကွ၊ စာတတ်မှ ဝတ်လို့ရတာ၊ မင်းလို စာမတတ်တဲ့လူက ကိုရင်ဝတ်လို့ ဘယ်ဖြစ်မလဲ' ဟု ဆွပေးလိုက်ပါသည်။ 'ဒီလိုလား၊ ဒီလိုဆို ကျောင်းနေမယ်' ဟု ပြောပြီး အောင်ဆန်းသည် ထိုအချိန်မှစ၍ ကျောင်းနေပါတော့သည်။

[ မှတ်ချက်။ ။၁၉၃၂-၃၃ ခု ကောလိပ်ကျောင်းရောက်စ ပထမနှစ်၌လည်း အောင်ဆန်းသည် သင်္ကန်းဝတ်၍ အဓိတာလီယံ ဘုန်းတော်ကြီး ဦးလောကနထနှင့်အတူလိုက်ကာ သာသနာပြုလိုစိတ် ဖြစ်ပေါ်လာသဖြင့် မိခင်ထံ ခွင့်တောင်းဘူးပါသည်။ မိခင်က ခွင့်မပြုသဖြင့် မလိုက်ဖြစ်ခဲ့ပေ။]

ဤသို့ဖြင့် အောင်ဆန်းသည် နတ်မောက်ရှိ ဒီပင်္ကရာကျောင်းခေါ် ဦးသောဘိတကျောင်းသား ဖြစ်လာပါသည်။

ဦးသောဘိတကျောင်းသည် ဘုန်းကြီးကျောင်း ဖြစ်သော်လည်း အတန်းကျောင်း ဖြစ်ပါသည်။ ထိုခေတ်က ထိုကျောင်းမျိုးကို 'လောကဓာတ်ကျောင်း' ဟု ခေါ်ကြပါသည်။ ရှေးစာသက်သက်သင်သည့် ဘုန်းကြီးကျောင်းနှင့် ခြားနား

စေရန်အတွက် ဤသို့ ခေါ်ခြင်းဖြစ်ဟန် တူပါသည်။ လက်ထောက်ဆရာများသည် လူဝတ်ကြောင်များဖြစ်ရာ အချို့ ဆရာဖြစ်စာမေးပွဲ အောင်မြင်ကြ၍ အချို့ မအောင်မြင်ကြပါ။ ကျွန်တော်တို့ ငယ်စဉ်က ထိုလက်ထောက်ဆရာများသည် လခ မရကြဘဲ နှစ်ကုန်မှ ဆုငွေ ရကြပါသည်။ နှစ်စဉ် ပညာရေးဌာနမှ ပညာအုပ် တယောက်ယောက် လာ၍စစ်ဆေးပြီးလျှင် ကျောင်းသားများကို အတန်းတင်ပေးခြင်း၊ အတန်းချခြင်းများကို ပြုလုပ်ပါသည်။ ကျောင်းအုပ်ဘုန်းတော်ကြီးသော်၎င်း၊ လက်ထောက်ဆရာများကသော်၎င်း အတန်း တင်ပေးခြင်း၊ ချခြင်း မပြုနိုင်ကြပေ။

အောင်ဆန်းသည် ကျောင်းနေသည့်အချိန်မှစ၍ အတန်းထဲ၌ အမြဲပထမ ရပါသည်။ ကျောင်းအုပ် ဘုန်းတော်ကြီးနှင့်တကွ ဆရာ၊ ဆရာမများကို အလွန်ကြောက်ရွံ့ရိုသေ၍ အလွန်အပိုးသေပါသည်။ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ လုံ့လဝိရိယရှိခြင်းတို့သည် အောင်ဆန်း၏ဗီဇပင် ဖြစ်ပါသည်။

ထိုဗီဇကို မိဖများထံမှ ရသည်ဟု ဆိုချင်ကလည်း ဆိုနိုင်ပါသည်။ ကျွန်တော်တို့ ဖခင်နှင့်မိခင်မှာ အလွန် ရိုးသားသူများဖြစ်၍ မတရားလုပ်ရန်ဝေးစွ၊ မတရားလုပ်သည်ဟု အထင်ခံရမည်ကိုပင် အလွန် ကြောက်သူများဖြစ်ကြပါသည်။ တာဝန်ကို အလွန်သိတတ်၍ တာဝန်မဲ့ ပြောဆိုလုပ်ကိုင်မှုကို အလွန် စက်ဆုပ်ရွံရှာ ကြပါသည်။

စိတ်နေသဘောထားအားဖြင့် အောင်ဆန်းသည် ဖခင်နှင့် ပို၍တူပါသည်။ ကျွန်တော်တို့ဖခင်သည် ရှာမှရှားသော လူအေး တယောက်ဖြစ်၍ မည်သူ့ကိုမျှ ရန်မပြု။ မိမိကို ရန်ပြုကြလိမ့်မည်ဟုလည်း မထင်သူ ဖြစ်ပါသည်။ အိမ်၌၎င်း၊ ခရီးသွားလာရာ၌၎င်း မိမိကိုယ်ကို ကာကွယ်ရန် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်လေ့ မရှိပါ။ ကျွန်တော် မှတ်မိသလောက် မည်သူနှင့်မျှလည်း ရန်မဖြစ်ဖူးပါ။

မှတ်မိပါသေးသည်။ ပထမကမ္ဘာစစ်ကြီး(၁၉၁၄–၁၉၁၈) အတွင်းက ကျွန်တော်တို့ဖခင်သည် စစ်သည်တော်များ သက်သာချောင်ချိရေးအဖွဲ့တွင် ငွေထိန်းအဖြစ် ဆောင်ရွက်ရပါသည်။ တနေ့သ၌ လူတယောက်သည်(နာမည်ကို မှတ်မိသော်လည်း ထိုသူ၏ အဆက်အနွယ်များကို ငဲ့ညှာသောအားဖြင့် မဖော်ပြတော့ပါ) အတွင်းရေးမှူးလက်မှတ်လိမ်ဖြင့် ငွေထုတ်ရာ ကျွန်တော်တို့ ဖခင်က ထုတ်မပေးဘဲ ငြင်းဆိုလိုက်ပါသည်။ ထိုလူသည် ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်သဖြင့် အရက်သောက်၍ အိမ်ပေါ်သို့ တက်လာကာ 'ခင်ဗျားက စစ်ကြေးထိန်းရလို့ မောက်တာလား' စသည်ဖြင့် ရန်စ စော်ကားလာပါတော့သည်။ ကျွန်တော်တို့ ဖခင်ကား မိမိအိမ်ပေါ်သို့ တက်လာ၍ မိမိအား စော်ကားသူကို ဘာမျှမလုပ်ပါ။ လှည့်၍ပင် မကြည့်ပါ။ ဤမျှ သည်းခံနိုင်စွမ်း ရှိသူပေတည်း။ ထက်သောမိခင်ကမူကား 'နင် ဘာလူပါးဝတာလဲ' ဟုပြောကာ ဖိနပ်ဖြင့် ရိုက်မည်ပြုရာ၊ အမူးသမားလူရမ်းကားသည် ထိုင်ရှိခိုး၍ တောင်းပန်သောကြောင့်သာ သက်သာခွင့် ရသွားပါသည်။

မိခင်သည် မည်သည့်အခါမျှ အမူမဲ့ အမှတ်မဲ့ နေတတ်သူ မဟုတ်ပါ။ ခရီးသွားလာရာတွင် နှုတ်က သမ္ဗုဒ္ဓေရွတ်လျက် လက်ကလည်း ဓားကိုင်ထားလေ့ ရှိပါသည်။

အောင်ဆန်းသည် ဖခင်ကဲ့သို့ အမူမဲ့ အမှတ်မဲ့ နေတတ်ပါသည်။ ထို့ကြောင့်ပင် ငယ်စဉ်က သူတပါး၏ရိုက်နှက်ခြင်းကိုခံရ၍၊ ကြီးလာသောအခါ၌လည်း ရေတိမ်တွင် အနစ်ခံရပါသည်။ မိခင်ကဲ့သို့ သတိ ဝိရိယရှိပါမူကား ရေတိမ်တွင် အနစ်ခံရမည် မဟုတ်ပါ။

ငယ်စဉ်က ဆိုင်းတီးနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသော အောင်ဆန်းကို ကောင်ကလေး တစ်ယောက်က ခဲဖြင့်ပေါက်၍ ထွက်ပြေးရာ အောင်ဆန်းမှာ နဖူး၌ ဒဏ်ရာရသွားပါသည်။ အခြားအဖြစ်အပျက်ကလေး တခုကိုလည်း မှတ်မိပါသေးသည်။ တနေ့တွင် သူ့ထက် အနည်းငယ်ကြီးသော 'အေးမောင်' ဆိုသူက အောင်ဆန်းကို ထိုးကြိတ် ရိုက်နှက်လိုက်ပါသည်။

Myanmar Cupid Community PDF Creator Group

ကျွန်တော်သိသောအခါ ချက်ကောင်းစောင့်၍ ထိုကောင်ကလေးကို လက်သီးဖြင့် ထိုး၊ ခြေဖြင့်လည်းကန် စသည်ဖြင့် အတော်ကလေးနှံလိုက်ပါသည်။ ထိုကောင်ကလေးက 'တော်တော့ကွ၊ မင်းညီ ဒီလောက်မနာဘူး' ဟု ပြန်ပြောသည်ကို ယခု စာရေးနေရင်း ကြားယောင်မိလာသဖြင့် ပြုံးမိပါသည်။

အောင်ဆန်းကား ငယ်စဉ်မှစ၍ ကျဆုံးသည့်နေ့အထိ မည်သူ့ကိုမျှ မနှိပ်စက်လို။ မနှိပ်စက်ခဲ့။ မိမိကိုလည်း မည်သူကမျှ နှိပ်စက်ရန်ရှာလိမ့်မည်ဟု မထင်သူ ဖြစ်ပါသည်။ 'လုပ်ရဲတာသတ္တိ မဟုတ်ဘူး၊ ခံရဲမှ သတ္တိပါ' ဟု ကြီးလာသောအခါ မိမိနှင့် ရင်းနှီးသူများကို မကြာခဏ ပြောလေ့ရှိပါသည်။

* * * * *

Myanmar Cupid Community PDF Creator Group

(၂)
ကျောင်းသားလူငယ်ဘဝ

ရှေးခေတ်အခါက မြန်မာကျောင်း (Vernacular School)၊ အင်္ဂလိပ်မြန်မာကျောင်း (Anglo-Vernacular School)၊ အင်္ဂလိပ်ကျောင်း (English School) ဟူ၍ ကျောင်းသုံးမျိုးရှိရာ နတ်မောက်ကျောင်းသည် မြန်မာကျောင်း ဖြစ်ပါသည်။ အင်္ဂလိပ်ကျောင်းသည် ရန်ကုန်၊ မန္တလေးတို့ကဲ့သို့သော မြို့ကြီးများ၌သာရှိ၍ 'အင်္ဂလိပ် မြန်မာကျောင်း' သည် မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီးတို့ကဲ့သို့သော မြို့ကလေးများ၌သာ ရှိပါသည်။ မြို့ပိုင် ရုံးစိုက်သော်လည်း ရွာကြီးမျှသာဖြစ်သော နတ်မောက်၌ 'မြန်မာကျောင်း' သာ ရှိပါသည်။

ကျွန်တော်တို့ငယ်စဉ်က နတ်မောက်သည် ဆူးတပ်များကာရံထားသော ရွာကြီးဖြစ်၍ သဘော်ာဆိပ်မြို့ဖြစ်သော မကွေးနှင့် ၃၆မိုင် ဝေးသည်။ မီးရထားလမ်းလည်း မရှိသေးပါ။ ကားလမ်းလည်း မရှိသေး ဖြစ်ပါသည်။ ထို့ကြောင့် ကြီးလာသောအခါ အောင်ဆန်းသည် ရင်းနှီးသောမိတ်ဆွေများအား 'ကျုပ်ဂျင်ဂလိဝါလား(တောသား)' ဟု ဂုဏ်ယူ ရယ်မော၍ ပြောဆိုလေ့ ရှိပါသည်။

ခေတ်ပညာ(အင်္ဂလိပ်စာ) သင်လိုလျှင် နတ်မောက်၌ မသင်နိုင်ဘဲ မြို့တမြို့ သွားရပါသည်။ ၁၃–နှစ် ၁၄–နှစ် အရွယ်ရောက်ပြီဖြစ်သော အောင်ဆန်းသည် မြန်မာစာ ၆–တန်းအောင်မြင်ပြီးနောက် အင်္ဂလိပ်စာ သင်လိုရကား အစ်ကိုကြီးနှင့် ကျွန်တော်တို့ ပညာရင်နို့ သောက်စို့ခဲ့သော ရေနံချောင်း နေရှင်နယ်ကျောင်းသို့ သူ့ကိုပို့ရန် မိဘများကို ပူဆာပါတော့သည်။

Myanmar Cupid Community PDF Creator Group

မိဘများကသာမက အစ်ကိုအစ်မများကပါ သူ့ကို ကလေးဟု ယူဆထားကြသဖြင့် တမြို့တကျေးသို့ခွဲ၍ပို့ရန် သဘောမတူကြပါ။ အထူးသဖြင့် မိခင်သည် အချစ်ဆုံး သားကလေးကို မခွဲနိုင်ဖြစ်နေရာ အနည်းငယ် ကြီးလာသည့် တိုင်အောင် စောင့်ဆိုင်းရန် ဖျောင်းဖျပြောဆိုပါသည်။ လုပ်လိုရာကို မဖြစ်မနေ လုပ်တတ်သော ဇွဲရှိသည့်အောင်ဆန်းသည် ငိုယိုပူဆာရုံမက ‘ရေနံချောင်း ကျောင်းကို မပို့လျှင် ထမင်းမစား’ ဟု ကြေညာ၍ ထမင်းမစားဘဲ နေပါသည်။ တနည်းအားဖြင့်ဆိုလျှင် အစာငတ်ခံတိုက်ပွဲ ဆင်နွှဲနေပါသည်။ သူ၏ စိတ်ဓာတ်ကို ကောင်းစွာသိသော မိဘများသည် နောက်ဆုံးတွင် သူ၏ လိုလားချက်ကို လိုက်လျော၍ ရေနံချောင်း ကျောင်းသို့ ပို့ရပါတော့သည်။ ဤသို့ဖြင့် ၁၉၂၈– ခုတွင် အောင်ဆန်းသည် ရေနံချောင်း နေရှင်နယ်ကျောင်းသား ဖြစ်လာပါသည်။




နတ်မောက်မြို့
ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်

ယခုခေတ် လူငယ်များ သိကြမည်မဟုတ်သဖြင့် နေရှင်နယ်ကျောင်းများ အကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။ ၁၉၂၀–ပြည့်နှစ်မတိုင်မီက နေရှင်နယ်ကျောင်းများ မရှိသေးပါ။ အစိုးရက တိုက်ရိုက်အုပ်ချုပ်သော အစိုးရ ကျောင်းများနှင့် ခရစ်ယန် သာသနာပြု ကျောင်းများသာ ရှိပါသည်။ ဗုဒ္ဓဘာသာ ဝင်များ ကြီးမှူးဖွင့်လှစ်သော ကျောင်းများလည်း အနည်းငယ် ရှိပါသည်။

၁၉၂၀–ပြည့်နှစ်မတိုင်မီက မြန်မာပြည်၌ တက္ကသိုလ်ဟု မရှိဘဲ 'ရန်ကုန်ကောလိပ်' နှင့် အမေရိကန် သာသနာပြု ဆရာကြီးဂျပ်ဆင် (Judson) ကို အစွဲပြု၍ ဖွင့်လှစ်ထားသော 'ဂျပ်ဆင်ကောလိပ်' ဟူ၍ ကောလိပ်ကျောင်း နှစ်ကျောင်းသာ ရှိပါသည်။ (အချို့စာအုပ်များတွင် ဆရာကြီးဂျပ်ဆင်ကို ဆရာ ယုဒသန်ဟုငင်း၊ ဂျပ်ဆင်ကောလိပ်ကို 'ယုဒသန်ကောလိပ်' ဟုငင်း ရေးသားကြ ပါသည်။) ထိုကောလိပ်ကျောင်းများသည် ဘင်္ဂလားပြည်နယ် ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံဖြစ်ရာ ထိုတက္ကသိုလ်က ကြီးမှူးလျက် စာမေးပွဲ များ ကျင်းပခြင်း၊ ဘွဲ့များပေးခြင်း စသည်တို့ကို ပြုလုပ်ပါသည်။

၁၉၂၀–ပြည့်နှစ်ဝယ် 'ရန်ကုန်တက္ကသိုလ်' ကို သီးခြားဖွင့်လှစ်ရန် ရည်ရွယ်လျက် ဗြိတိသျှဘုရင်ခံ ဆာ ရယ်ဂျီနယ် ကရက်ဒေါက်(Sir Regianld Craddock) ကြီးမှူး၍ 'ရန်ကုန်တက္ကသိုလ် အက်ဥပဒေ' တရပ်ကို ရေးဆွဲ ကြပါသည်။ ဗြိတိသျှအစိုးရ၏ ရည်ရွယ်ချက်မှာ မြန်မာတို့ကို အစစ်အမှန်ပညာ တတ်စေလို၍ မဟုတ်ဘဲ၊ မိမိတို့ တိုင်းပြည်အုပ်ချုပ်ရာ၌ အကူအညီရစေရုံ လောက်သာ ပညာသင်ပေးရန် ဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုလျှင် ကိုလိုနီ နယ်ချဲ့သမားများပီပီ မိမိတို့ လက်အောက်ခံ လူမျိုးများအား မိမိတို့၏ ကိုလိုနီစနစ်အတွက် အထောက် အကူဖြစ်စေမည့် ပညာရေးမျိုးကိုသာ ပေးလိုပါသည်။

တက္ကသိုလ်ပညာကို လူပြောက်မြားစွာ မတတ်မြောက်စေလိုဘဲ လက် တဆုပ်စာမျှသော အရာရှိကြီးများ၏ သားသမီးများနှင့် ဓနရှင် မြေရှင်များ၏ သားသမီးများကိုသာ တတ်မြောက်စေလိုပါသည်။ ယင်းသို့ဖြစ်ရာ သာမန်လူများ

Myanmar Cupid Community PDF Creator Group

တက္ကသိုလ်ပညာ မသင်နိုင်အောင် 'တက္ကသိုလ် အက်ဥပဒေ' ကို ရေးဆွဲကြပါသည်။

၁၉၂၀-ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုဥပဒေကို ကန့်ကွက်သောအားဖြင့် ကောလိပ်ကျောင်းသားကြီးများက ခေါင်းဆောင်ကာ မိမိတို့ကောလိပ်များကို သပိတ်မှောက်၍ ထွက်ခွာလာကြပါသည်။ ကောလိပ်ကျောင်းသားများ၏ နမူနာကို ယူလျက် အခြားကျောင်းများမှ ကျောင်းသားများသည်လည်း မိမိတို့ကျောင်းများကို သပိတ်မှောက်လိုက်ကြပါသည်။ ယနေ့တိုင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် 'အမျိုးသားနေ့' သည် ထိုကျောင်းသားသပိတ်ကို အစွဲပြု၍ ကျင်းပခြင်းဖြစ်ပါသည်။

ကျောင်းသားသပိတ် ဖြစ်ပေါ်ပြီးနောက် ကျောင်းသားကလေးများ ပညာသင်မပျက်စေရန် သပိတ်မှောက်ကျောင်းသားကြီးများနှင့် မျိုးချစ်ပုဂ္ဂိုလ်များ ဦးစီးသော 'အမျိုးသားပညာရေးကောင်စီ' (Council of National Education) ဖွဲ့၍ ကျောင်းများဖွင့်လှစ်လျက် ပညာသင်ကြားပေးကြပါသည်။

ထိုကျောင်းများကို အမျိုးသားကျောင်း (ဝါ) နေရှင်နယ်ကျောင်း ဟုခေါ်ကြပါသည်။ အမ်အေဦးမောင်ကြီး(ယခု ဆာမောင်ကြီး)၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချို စသည့် ပုဂ္ဂိုလ်ကြီးများကဦးစီးသော နေရှင်နယ်ကောလိပ်ကျောင်း တကျောင်းကိုလည်း တည်ထောင်ခဲ့ကြပါသည်။ သို့သော်လည်း ထိုကောလိပ်သည် သက်ဆိုးမရှည်ခဲ့ပါ။

နေရှင်နယ်ကျောင်းများ၏ ကျေးဇူးကြောင့် ကျောင်းသားအရွယ်လူမမယ်ကလေးများသည် ပညာသင်မပျက်ရုံမက မျိုးချစ်စိတ်ဓာတ်လည်း ရလာကြပါသည်။ နောင်အချိန်၌ ကျောင်းသားအရေးတော်ပုံများတွင်၎င်း၊ နိုင်ငံရေးတွင်၎င်း ခေါင်းဆောင်ဖြစ်လာသူများသည် များသောအားဖြင့် နေရှင်နယ်ကျောင်းထွက်များ ဖြစ်ကြပါသည်။ တိုင်းပြည် လွတ်လပ်ရေး တိုက်ပွဲတလျှောက်၌ နေရှင်နယ်ကျောင်းများသည် အရေးကြီးသောအခန်းမှ ပါဝင်ခဲ့သည်ကို မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပါ။

Myanmar Cupid Community　　PDF Creator Group

ရေနံချောင်း နေရှင်နယ်ကျောင်းတွင်လည်း အောင်ဆန်းသည် အတန်းတိုင်း၌ပင် ပထမ ရပါသည်။ ၁၉၃၀–ပြည့်နှစ် ၇–တန်းစာမေးပွဲတွင် စကောလားရှစ်ရ၍ 'ဦးရွှေခိုဆု' ကိုလည်း ရပါသည်။ တလလျှင် ငွေ ၁၀–ကျပ်ကျဖြင့် သုံးနှစ်အတွက် စကောလားရှစ် ဆုငွေ ချီးမြှင့်ခြင်းခံရပါသည်။ နောက်နှစ်နှစ်ကြာသောအခါ ၁၀–တန်းအောင်သဖြင့် ထို စကောလားရှစ် ဆုငွေကို ကောလိပ်ရောက်သည့် ပထမနှစ်အထိ ရခဲ့ပါသည်။

ရေနံချောင်းနေရှင်နယ်ကျောင်းတွင် ကျောင်းသားများသည် လက်ရေးစာစောင်ဖြစ်သော 'ကျောင်းသားစာစောင်' တခုထုတ်ရာ အောင်ဆန်းသည် အယ်ဒီတာအဖြစ် ဆောင်ရွက်ရပါသည်။

အောင်ဆန်း၏ 'ဆန်း' ပုံကို နေရှင်နယ်ကျောင်းသားဘဝ၌လည်း တွေ့ရှိရပါသည်။ ၁၉၃၁–ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်အတွင်း မေလ ၁၈–ရက်နေ့တွင် ကျွန်တော်တို့ဖခင်သည် နှစ်လမျှ နာမကျန်းဖြစ်ပြီးနောက် ကွယ်လွန်သွားပါသည်။ ကျောင်းပိတ်ရက်အတွင်း အိမ်ပြန်လာသော အောင်ဆန်းနှင့် ကျောင်းဆရာဖြစ်နေသော အစ်ကိုဦးဘဝင်းကြီးတို့သည် ဖခင်အလောင်းကို သင်္ဂြိုဟ်ပြီးမှ ရေနံချောင်းသို့ပြန်နိုင်ကြသဖြင့် ကျောင်းရောက် နောက်ကျနေကြပါသည်။ ဆရာတယောက်က 'မင်းတို့ ဘာလို့ နောက်ကျ နေသလဲ' ဟုမေးရာ အောင်ဆန်းက 'အဖေ မမာလို့' ဟု ဖြေပါသည်။ 'အခု မာသွားပြီလား' ဟု ဆရာက ဆက်မေးရာ 'ဆုံးပြီ' ဟု အောင်ဆန်းက ပြန်ဖြေပါသည်။ ထိုသို့ဖြေကြောင်းကို ထိုဆရာက အစ်ကိုကြီးအားပြော၍ အစ်ကိုကြီးက ကျွန်တော့်အား တဆင့်ပြန်ပြောသဖြင့် ကျွန်တော့်တို့ ရယ်ကြရ ပါသည်။

သို့သော်လည်း ယနေ့ စဉ်းစားကြည့်သောအခါ အောင်ဆန်း၏အဖြေမှာ အလွန်တိကျသည်ကို တွေ့ရပါသည်။ သူဖြေသည့်အတိုင်း သူ ကျောင်းပြန်အရောက် နောက်ကျရခြင်းသည် ဖခင် ဆုံးသွားသောကြောင့် မဟုတ်ဘဲ မမာနေသော ဖခင်ကို ပြုစုနေရသောကြောင့်ဖြစ်သည်မှာ မှန်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဆုံးပြီးနောက် အလောင်းကို သင်္ဂြိုဟ်ရုံမှတပါး အခြားလုပ်ရန်

ရှိသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်က အောင်ဆန်းသည် ၁၆–နှစ်ကျော် ၁၇–နှစ်သား အရွယ်မျှသာ ရှိပါသေးသည်။ ထိုအရွယ်ကပင် သူသည် ကျောင်းပြန်နောက်ကျရခြင်း ပြဿနာ၏ အကြောင်းရင်းကို ရှင်းရှင်းပြတ်ပြတ် မြင်သူဖြစ်ပါသည်။ နောက်ပိုင်း၌ သူ၏လုပ်ဆောင်ချက်များ အောင်မြင်ခြင်းသည် ပြဿနာတရပ်၏ အကြောင်းရင်းကို ရှင်းရှင်းပြတ်ပြတ် ထိုးထွင်းသိမြင်တတ်သော အရည်အချင်းကြောင့်ဟုဆိုလျှင် မှားမည် မထင်ပေ။

* * * * *

Myanmar Cupid Community PDF Creator Group

(၃)

ရန်ကုန်တက္ကသိုလ်၌

၁၉၃၂–ခုနှစ်တွင် အောင်ဆန်းသည် အင်္ဂလိပ်မြန်မာ ဆယ်တန်းကို မြန်မာစာနှင့်ပါဠိဘာသာတို့တွင် ဂုဏ်ထူးဖြင့်အောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာပါသည်။ ထိုခေတ်က ကောလိပ်ကျောင်းသူ၊ ကျောင်းသားများသည် အများအားဖြင့် အထက်တန်းလွှာနှင့် အလတ်တန်းလွှာများမှ လာကြသူများ ဖြစ်၍ အလွန် 'ရှိုး' ထုတ်ကြပါသည်။ ဝတ်စားဆင်ယင်ရာ၌ ကောင်းပေ့၊ လှပေ့၊ ဆန်းပေ့ ဆိုသည့် အဝတ်များကိုသာ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်ဆင်ကြပါသည်။ ထိုခေတ်အချိန်တွင် ကောလိပ်ကျောင်းသားဖြစ်လာသော အောင်ဆန်းသည် တမူ ထူးခြားနေပါသည်။

အခြားကျောင်းသားများ စတိုင်ထုတ်သလောက်(ဝါ)ဂိုက်ပေးသလောက် အောင်ဆန်းသည် အဝတ်ကိုလည်း ဂရုမစိုက်၊ အစားကိုလည်း ဂရုမစိုက်၊ အနေအထိုင်ကိုလည်း ဂရုမစိုက်၊ ဖြစ်သလိုနေပါသည်။ အခြားကျောင်းသားများ ဘိုကေပြောင်နေအောင် ဖီးလိမ်းပြင်ဆင်သလောက် အောင်ဆန်းသည် အမြဲ ဆံပင်စုတ်ဖွားဖြင့် နေတတ်ပါသည်။ အခြားကျောင်းသားများသည် ပိုး–ဖဲ–ကတ္တီပါ–ဘန်ကောက် စသော အကောင်းစားအထည်များကို ဝတ်ဆင်သော်လည်း အောင်ဆန်းကား မန္တလေးလုံချည်တပတ်နွမ်း၊ ပင်နီတိုက်ပုံအင်္ကျီ၊ တခါတရံ သက္ကလပ်အင်္ကျီတပတ်နွမ်း စသည်တို့ကိုသာ ဝတ်ဆင်လေ့ရှိပါသည်။ အခြား ကျောင်းသားများသည် မိမိတို့၏အခန်းများကို လှပအောင် မွမ်းမံ ချယ်လှယ် ထားကြသဖြင့် အခန်းများ လှပခန့်ညားသလောက် အောင်ဆန်း၏ အခန်းသည်

Myanmar Cupid Community    PDF Creator Group

ရှုပ်ပွနေပါသည်။ တခန်းလုံး၌ စာအုပ်များသည် ပြန့်ကြဲနေ၍ အင်္ကျီလုံချည်တို့လည်း နေရာအနှံ့အပြားရောက်နေကြပါသည်။ အိပ်ရာကိုလည်း မည်သည့်အခါမျှ မသိမ်းဘဲ၊ ခြင်ထောင်ကိုလည်း အမြဲ ထောင်ထားပါသည်။

သပ်သပ်ယပ်ယပ် နေတတ်ထိုင်တတ်သောကျောင်းသားများက မည်မျှနှာခေါင်းရှုံ့စေကာမူ၊ အောင်ဆန်းကား ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်၊ ဝတ်မြဲနေမြဲအတိုင်းပင်။ အခြားကျောင်းသားများက သူ့အားဖော်ရွေစွာ နှုတ်ဆက်သော်လည်း သူကပြန်၍ နှုတ်ဆက်ချင်မှ နှုတ်ဆက်သည်။ ထိုသို့သော အောင်ဆန်းကို ကျောင်းသားအများက 'ဂွစာ' ဟု ကင်ပွန်းတပ်ကြသည်မှာ မထူးဆန်းလှပေ။ ထိုမျှ ဂွကျသော်လည်း အောင်ဆန်းသည် အလွန်စာဖတ်သူ ဖြစ်ပါသည်၊ စာဖတ်ရာ၌ ကျောင်းသင်စာအုပ်များကိုသာမက အပြင်အပမှ စာအုပ်များ (အထူးသဖြင့် နိုင်ငံရေးစာအုပ်များ) ကိုပါ ဖတ်လေ့ရှိပါသည်။ ဖတ်ရာ၌လည်း အခန်းနီးချင်းများအတွက် အနှောင့်အရှက်ဖြစ်မည် မဖြစ်မည်ကိုပင် သတိမပြုနိုင်တော့ဘဲ အော်ဖတ်လိုက ဖတ်တတ်ပါသည်။

အောင်ဆန်းသည် မိမိကိုနှုတ်ဆက်သူများအား ပြန်၍နှုတ်ဆက်လိုမှ နှုတ်ဆက်ခြင်း၊ စာအော်ဖတ်လိုက ဖတ်ခြင်းတို့သည် အခြားကျောင်းသားများအား စော်ကားလိုသော မောက်မာသည့် စိတ်ဓာတ်ကြောင့်မဟုတ်။ စဉ်းစားချင်ရာစဉ်းစား၍ ပတ်ဝန်းကျင်ကို မေ့နေသောကြောင့်သာဖြစ်သည်။ ထို့ကြောင့်ပင် တခါက အင်္ဂလိပ်စာပါမောက္ခ မစ္စတာရို့ဒ်စ် (F.W.W. Rhodes) က 'မင်းညီဟာ မိုးပေါ်ခဏခဏ တက်တက်နေလို့ ငါက မြေကြီးပေါ်ပြန်ရောက်အောင် ချချပေးနေရတယ်' ဟု ရယ်မောပြောဆိုဘူးပါသည်။

အောင်ဆန်းသည် ဘာတွေ စဉ်းစားနေပါသနည်း။ လူပျိုလူရွယ်တို့သဘာဝအလျောက် မိန်းကလေးတွေအကြောင်းကို စဉ်းစားနေပါသလား။ မဟုတ်ပါ။ အောင်ဆန်း စဉ်းစားနေသည်မှာ ကျွန်ဖြစ်နေသော အဖနိုင်ငံကို မည်သို့ ကယ်တင်ရမည်နည်း ဆိုသည့် အလွန်ကြီးကျယ်သောပြဿနာများကို စဉ်းစားနေကြောင်း သူ၏ နောက်ပိုင်းလုပ်ရပ်များက သက်သေခံနေပါသည်။

အောင်ဆန်းသည် လောကွတ်လုပ်တတ်သူ မဟုတ်ပါ။ စိတ်ထဲက မပါဘဲ လောကွတ်စကားတွေ ပြောနေခြင်းဖြင့် အချိန်ဖြုန်းလိုသူ မဟုတ်ပါ။ ၁၉၄၇–ခု ဇူလိုင်လ ၂၉–ရက်နေ့ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးတွင် 'ကြေကွဲဝမ်းနည်းကြောင်း' အဆိုတင်သွင်းရင်း ဝန်ကြီးချုပ်ပေါင်းဦးနုက အောက်ပါအတိုင်း ပြောကြားခဲ့ဘူးပါသည်။

"အဲဒီလို တွေ့ရတဲ့အခါမှာ ကိုအောင်ဆန်းဟာ သူများနှင့်မတူအောင် ထူးခြားတဲ့ အမူအရာတွေကို စပြီးတွေ့ရတာပဲ။ ဥပမာ စပြီးတွေ့ရတယ်ဆိုရင် တယောက်နှင့်တယောက် ဟက်ဟက်ပက်ပက် နှုတ်ဆက်ကြတယ်။ သူ တယောက်ထဲကဘဲ ဘာမှမပြောဘဲ ငုတ်တုတ်ထိုင်နေတယ်။ သည်တော့ တော်တော်ထူးဆန်းတဲ့ပုဂ္ဂိုလ်ဘဲလို့ အောက်မေ့ပြီး အဲဒီနေ့ အချိန်ကုန်ပြီး ပြန်ခဲ့ရတယ်။

အဲ့ဒီမှာတွေ့တဲ့အကြောင်းကို အကြောင်းပြုပြီး လမ်းမှာတွေ့တဲ့အခါ ဘယ်သွားမလို့လဲ၊ ဘယ်ကလာတာလဲ၊ ဘာလုပ်မလို့လဲ စသည်ဖြင့် နှုတ်ဆက်ကြတယ်။ နှုတ်ဆက်တဲ့အခါမှာ ကိုအုန်း၊ ကျွန်တော်၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း တို့ကသာ အဲဒီလို နှုတ်ဆက်ကြတယ်။ ကိုအောင်ဆန်းကတော့ နှုတ်ဆက် ပေမယ့် လှည့်မကြည့်ဘဲ ရှောက်သွားချင်သွားတာပဲ။ ပြန်ပြောချင်မှ ပြောတယ်။ ရပ်ကြည့်ပြီး ရှောက်သွားချင် သွားတာပဲ။

သူမပြောဘူးဆိုပြီး သူ့ကို ဖာသိဖာသာနေလိုက်ပေမယ့် အဲဒီအခါမှာ အပိုမပါဘဲ ပြောစရာရှိတာလာပြီး ပြောတာဘဲ။ ကျွန်တော်ကလဲ အကြောင်း မသိဘူး။ တွေ့တာလဲ နောက်ကျနေတယ်။ တနေ့ကျတော့ ကိုသိန်းဖေကို အဲဒီ ကိုအောင်ဆန်းဆိုတဲလူဟာ ဘယ်လိုလူစားလဲ၊ လမ်းတွေ့ရင် နှုတ်ဆက်လို့လဲ မရဘူး၊ ပြုံးလို့လဲ မရဘူး။ သူ့ကို လူထူးဆန်းတမျိုးဘဲလို့ အဲ့ဒီလို အမှတ်သညာ ထားလိုက်တယ်။

နောက် ၆ လလောက်အကြာ သူနဲ့ရင်းရင်းနှီးနှီး ပေါင်းကြည့်လိုက်တဲ့ အခါကျတော့ ကိုအောင်ဆန်းဟာ အပိုတွေဆိုရင် ဘာမှ မလုပ်ချင်ဘူး၊

လောကွတ်ဆိုတာ သာပြီး သူ့အယုံအကြည်မရှိသေးတယ်။ လောကွတ်ပြောနေတဲ့ လူတွေဟာ တယောက်နှင့်တယောက် ညာနေတဲ့လူတွေဘဲ။

ဒီတော့ကာ တယောက်နှင့်တယောက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းရမယ့်လူတွေဟာ လောကွတ်တွေ ဘာတွေ အပိုအလုပ်တွေ ပြောနေဘို့ မလိုဘူး။ ပြောစရာရှိတာတွေ ပြော၊ ဆိုစရာရှိတာတွေ ဆို၊ အရေးရှိတဲ့အခါမှ ပြောဆိုဘို့၊ ဆွေးနွေးစရာရှိတာတွေ ဆွေးနွေးဘို့၊ ဒါဘဲ။

အဲဒီအခါမှာ သွားတွေ့တော့ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ ထင်တဲ့ အတိုင်း ကတ်သီးကတ်သတ် လူတမျိုး မဟုတ်ဘဲ၊ အတိအကျကို လိုလားတဲ့ ပုဂ္ဂိုလ်တယောက်ဆိုပြီး ကျွန်တော်တို့ တွေ့ရတယ်”

၁၉၃၂–၃၃ ခု ကျောင်းဖွင့်စတွင် တက္ကသိုလ်သမဂ္ဂက ကြီးမှူးလျက် ‘ဘုန်းတော်ကြီးများသည် နိုင်ငံရေး မလုပ်သင့်’ ဟူသော အဆိုတရပ်ကို အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပွဲတခု ကျင်းပပါသည်။ ထိုအဆိုကို ကျွန်တော်တို့ တင်သွင်း၍ ကိုအေးချို ဆိုသူက ကန့်ကွက်ပါသည်။

စကားရည်လုပွဲ မပြုလုပ်မီကပင် ဤပြဿနာနှင့် ပတ်သက်၍ ရန်ကုန်ဂေဇက် (The Rangoon Gazette) သတင်းစာတွင် အခြေအတင် ရေးသားကြပါသည်။ အကြောင်းအရာမှာ နိုင်ငံရေးဆံနေရကား အပြင်မှ နိုင်ငံရေးသမားများလည်း ဝင်ရေးကြပါသည်။ ထိုအချိန်က နိုင်ငံရေးလောက၌ အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေးတွဲရေး ပြဿနာသည် ထိပ်တန်းရောက်နေပါသည်။

ဗြိတိသျှတို့သည် မြန်မာပြည်ကို သုံးကြိမ်သုံးလည်(၁၈၂၈–၁၈၅၂–၁၈၈၅) တိုက်ခိုက်သိမ်းယူ၍ အိန္ဒိယပြည်တွင်း ထည့်သွင်းထားကြပါသည်။ အုပ်ချုပ်ရေးကို စောစောပိုင်း၌ မင်းကြီးချုပ်၊ နောက်ပိုင်း၌ ဒုတိယ ဘုရင်ခံ၊ ထို့နောက် ဘုရင်ခံက ဆောင်ရွက်သည်။ ထိုပုဂ္ဂိုလ်များသည် အိန္ဒိယပြည်ရှိ ဘုရင်ခံချုပ်၏ လက်အောက်ခံများ ဖြစ်ကြပါသည်။ တနည်းအားဖြင့်ဆိုလျှင် မြန်မာပြည်သည် အိန္ဒိယပြည်၏ ပြည်နယ်တခုမျှသာဖြစ်၍ မြန်မာပြည်၏

Myanmar Cupid Community PDF Creator Group

အုပ်ချုပ်ရေး အကြီးအကဲများသည် အိန္ဒိယဘုရင်ခံချုပ်၏အမိန့်ကို နာခံကြရပါသည်။

မြန်မာပြည်နိုင်ငံရေးသမားများတွင် အိန္ဒိယပြည်မှ ခွဲထွက်မှ တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်ဟု ယူဆသူများလည်း ရှိသကဲ့သို့ အိန္ဒိယပြည်နှင့် တွဲနေမှ ပိုအကျိုးရှိမည်ဟု ယူဆသူများလည်း ရှိနေပါသည်။ တနည်းအားဖြင့် ဆိုလျှင် အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေးတွဲရေးနှင့်ပတ်သက်၍ နိုင်ငံရေးလောကတွင် ပဋိပက္ခ ဖြစ်နေပါသည်။ ခွဲရေးဘက်မှ ခေါင်းဆောင်မှာ ဦးဘဖေဖြစ်၍၊ တွဲရေးဘက်မှ ခေါင်းဆောင်မှာ ဦးချစ်လှိုင်၊ ဒေါက်တာ ဘမော်တို့ဖြစ်ကြပါသည်။ (ဒေါက်တာဘမော်သည် ထိုအချိန်မှစ၍ နိုင်ငံရေးနယ်ထဲ ဝင်လာခြင်း ဖြစ်ပါသည်။)

ပရိယာယ်အရာတွင် အလွန်လိမ္မာပါးနပ်သော ဗြိတိသျှအစိုးရသည် ခွဲရေးတွဲရေးပြဿနာကို မိမိတို့ မဆုံးဖြတ်လို၊ မြန်မာအမျိုးသားများကိုယ်တိုင် ဆုံးဖြတ်စေလိုသည်။ ထိုသို့ ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကြေညာပါသည်။ ရွေးကောက်ပွဲ(၁၉၃၂)ပြီး၍ တွဲရေးထောက်ခံသော အမတ်လောင်းများ ပိုမိုအရွေးခံရသော်လည်း တိကျပြတ်သားစွာ မဆုံးဖြတ်နိုင်ကြသဖြင့် ဗြိတိသျှအစိုးရသည် (၁၉၃၅–ခု မြန်မာပြည် အုပ်ချုပ်ရေး အက်ဥပဒေအရ) ၁၉၃၇–ခု ဧပြီလ ၁–ရက်နေ့တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထွက်လိုက်ပါသည်။

ကျေးလက်လူထုအပေါ်တွင် လွန်စွာ ဩဇာကြီးမားသော ဘုန်းတော်ကြီးများ၏ အကူအညီကို ရယူလိုသော(ဝါ)နိုင်ငံရေးတွင် ဘုန်းတော်ကြီးများကို ခုတုံးလုပ်လိုသော နိုင်ငံရေးသမားများ(အထူးသဖြင့် တွဲရေးသမားများ)သည် ဖော်ပြပါ ဘုန်းတော်ကြီးများနိုင်ငံရေးမလုပ်သင့်ဟူသော စကားရည်လုပွဲတွင် များစွာစိတ်ဝင်စားကြပါသည်။ သို့ဖြစ်ရာ ထိုနေ့ည စကားရည်လုပွဲကို ကျောင်းသားများသာမက အပြင်ပ နိုင်ငံရေးသမားများပါ တက်ရောက် နားထောင်ကြသဖြင့် တက္ကသိုလ်သမဂ္ဂခန်းမကြီးတခုလုံး ပြည့်လျှံသွားပါသည်။

ကောလိပ်ကျောင်းရောက်စ အောင်ဆန်းသည် အဆိုကို ထောက်ခံ၍ ဝင်ရောက်ဆွေးနွေးပါသည်။ အဆိုကို ထောက်ခံခြင်းမှာ ကျွန်တော်အဆိုရှင် ဖြစ်နေသောကြောင့် မဟုတ်ပါ။ မိမိယုံကြည်ချက်အတိုင်း ထောက်ခံခြင်းသာ ဖြစ်ပါသည်။

အင်္ဂလိပ်စကားကို ရေလည်ပိုင်နိုင်စွာ မပြောတတ်သေးရုံမက လူဂိုက် မှာလည်း ဂွကျတတဖြစ်နေရကား အောင်ဆန်းသည် ပရိသတ်၏ လှောင်ပြောင် ခြင်း၊ အော်ဟစ်ခြင်းကို ခံရပါသည်။ သို့ရာတွင် အောင်ဆန်းသည် မိမိ ပြောလိုသည်တို့ကို ပြီးဆုံးအောင် ပြောဆိုပြီးမှသာ ထိုင်ပါသည်။

ထိုအချိန်ကပင်လျှင် အောင်ဆန်းသည် နိုင်ငံရေးတွင် စိတ်ဝင်စား၍ မိမိယုံကြည်ချက်ကို မကြောက်မရွံ့ ဖော်ပြသူ ဖြစ်ပါသည်။ များစွာသော ကောလိပ်ကျောင်းသားများသည် ဘွဲ့ရရေး၊ ကျောင်းမှထွက်သောအခါ အလုပ် အကိုင် ကောင်းကောင်းမွန်မွန်ရရေးတို့အတွက် ပြင်ဆင်နေကြသော်လည်း အောင်ဆန်းသည်ကား နိုင်ငံရေးအတွက် ပြင်ဆင်နေပါသည်။

* * * * *

(၄)
တက္ကသိုလ်သမဂ္ဂ၌

၁၉၃၄–ခုနှစ်တွင် အောင်ဆန်းသည် အိုင်အေစာမေးပွဲ အောင်မြင်ပြီးနောက် ကျောင်းသားနိုင်ငံရေးကို စတင်ဆောင်ရွက်ပါသည်။ ထိုနှစ် တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ) အမှုဆောင်ရွေးကောက်ပွဲတွင် ဝင်ရောက်၍ ယှဉ်ပြိုင်အရွေးခံရာ အောင်ဆန်းအရွေးမခံရပါ။ လူသိနည်းသေးသည့်ပြင် ကျောင်းသားအများက သူ့ကို လူ့ဝွစာဟုသာ အသိအမှတ်ပြုထားကြပါသေးသည်။

အရွေးမခံရသော်လည်း အောင်ဆန်းသည် စိတ်ပျက်မသွားပါ။ သူ့အား မဲမပေးသူများကိုလည်း စိတ်ခုမသွားပါ။ အောင်ဆန်းသည် သဘောထားကြီးသူ ပေတည်း။ မည်မျှ သဘောထားကြီးသည်ကို မြူနီစီပယ်မင်းကြီးဟောင်း ဦးထွန်းအုန်၏ ၁၉၆၁–ခု ကမ္ဘာ့ကလေးများနေ့ ၁၃–၂–၆၁ သဝဏ်လွှာကို ဖတ်ရှုခြင်းအားဖြင့် သိနိုင်ပါသည်။

ဦးထွန်းအုန်က ကလေးများထံပို့သည့် ‘ဦးလေးထွန်းအုန်၏ စကားလက်ဆောင်’ ဟူသော သဝဏ်လွှာ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

“ပထမဦးဆုံး ဦးလေးအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သတိရတာကတော့ ၁၉၃၄–ခုနှစ်ကဘဲ။ ရန်ကုန်တက္ကသိုလ်မှာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အမှုဆောင်ရွေးကောက်ပွဲလုပ်တယ်။ ဒီအခါမှာ ဦးကျော်ငြိမ်း၊ ဦးသိန်းဖေမြင့်တို့က အဖွဲ့တခု ဖွဲ့စည်းပြီး ရွေးကောက်ပွဲ ဝင်ကြတယ်။ ကိုအောင်ဆန်းကို မဲထည့်ပါ၊ ကျုပ်တို့တာဝန်ယူပါတယ်တဲ့။ ဦးလေးက

Myanmar Cupid Community PDF Creator Group

ပြန်ပြောလိုက်တယ်။ 'ဒါလောက် ရှုသိုးတဲ့လူကို မဲထည့်လိုက်လို့ ဘယ်ဖြစ်မလဲ၊ မထည့်နိုင်ဘူးဗျာ' လို့ ဦးလေးက ပြန်ပြောလိုက်တယ်။ ဒီအခါမှာ သူတို့က 'ခင်ဗျား တော်တော်ခေါင်းမာတဲ့လူဘဲ' လို့ မှတ်ချက်ချပြီး လက်လျှော့သွားကြတယ်။ မဲရေတွက်ပြီးတဲ့ညနေ ကိုအောင်ဆန်းဟာ ဦးလေးရဲ့ အခန်းကို ရောက်လာတယ်။ ခပ်လှမ်းလှမ်းကထဲက သူက ရယ်မောပြီး လှမ်းပြောလိုက်တယ်။ 'ကိုထွန်းအုန် ကျွန်တော် အရွေးမခံရဘူးဗျ၊ ဟဲဟဲဟဲ' တဲ့။ အနားရောက်လာတော့ ဦးလေးက ကုလားထိုင်ထိုးပေးပြီး 'ခင်ဗျား စိတ်ဆိုးချင်ဆိုး၊ ခင်ဗျားကို ကျွန်တော်မဲမထည့်ခဲ့ဘူး' လို့ ပြောလိုက်တော့ သူက အားရပါးရ ရယ်မောပြီး 'ဒါမျိုးမှ ကျွန်တော်က ကြိုက်တာ၊ မဲတန်ဘိုးဆိုတာ အဲဒီလို ထားရတယ်ဗျ။ အရွေးမခံရတာ ခံရတာက အရေးမကြီးပါဘူး။ အပြင်လူ အနေနဲ့လဲ ကျောင်းသားကိစ္စတွေ တပြုံတခေါင်းကြီး လုပ်နိုင်ပါတယ်။ တိုင်တိုင်ပင်ပင်နဲ့ ဆက်ဆောင်ရွက်ကြတာပေါ့ဗျာ' စသည်ဖြင့် ၃-နာရီလောက် စကားလက်ဆုံကျပြီး သူငယ်ချင်းလုပ်ဖော်ဆောင်ဘက်အဖြစ် ရင်းနှီး သွားကြတယ်။


၁၉၃၅-၃၆ ခုနှစ်ကျတော့လဲ အမှုဆောင်များအဖြစ် တင်မြှောက်ခံကြရတဲ့အခါ၊ ကျောင်းသားကိုအောင်ဆန်းဟာ အထွေထွေ အတွင်းရေးမှူး အနေနဲ့ အလုပ်သိပ်လုပ်ပြချင်တယ်။ ဒါပေမယ့် လုပ်ဖော်ကိုင်ဖက်တွေက သူ့ရဲ့ ဆက်ဆံမှုကို အားမရသေးတဲ့အတွက် သူ့ရဲ့စွမ်းရည်ကို ကလောင်ဖြင့်ပြစေဘို့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဝန်အဖြစ် တာဝန်ယူစေတယ်။ လုပ်ပြချင်တာ မလုပ်ရလို့ သူစိတ်ကောက်သွားသလား၊ မကောက်ပါဘူး။ ထားတဲ့နေရာကနေ သူ့စွမ်းရည်ကို ပြပြီး ကျောင်းသားကိစ္စ အဝဝကို ဆောင်ရွက်ခဲ့ပါတယ်။ သာမန်အားဖြင့်သာဆိုရင် ငါ တော်ရဲ့သားနဲ့ ငါ့ကို နေရာမပေးရကောင်းလားဆိုပြီး စိတ်လိုက်မာန်ပါ ဂွလုပ်မှာဘဲ။

ဒါတင်လား၊ မဟုတ်သေးပါဘူး။ လူလေးတို့ သေသေချာချာနားထောင် မှတ်ထားနော်။ ဦးလေးတို့ ၁၉၃၆-ခုနှစ် သပိတ်မှောက်ပြီးတဲ့ နောက်ပိုင်းမှာတောင် သူ့ကို တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌနေရာမှာထားပြီး ဆောင်ရွက်စေကြတယ်။ ဒီလိုလုပ်လဲ သူဟာ ဘယ်သူ့ကိုမှ စိတ်ကွက်ခြင်း၊

မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်မယ်ဟေ့ဆိုတဲ့ စိတ်မျိုး မထားဘဲ သဘောထားကြီးစွာ ကြည်ဖြူစွာ လုပ်ဖော်ကိုင်ဖက်များ စီစဉ်ပေးတဲ့ အတိုင်း စွမ်းစွမ်းတမန် လုပ်ပြပြန်ပါတယ်။

ဒီလို မြင့်မြတ်တဲ့စိတ်ထားတွေကြောင့် မြန်မာအမျိုးသားခေါင်းဆောင် တင်မက ကမ္ဘာကပါ အသိအမှတ်ပြုရတဲ့ ခေါင်းဆောင်ကြီး ဖြစ်ခဲ့ပါတယ်။ လူသေပေမယ့် သူ့အမည်ဟာ မသေဘဲ ရာဇဝင်မှာ အမြဲ မှတ်တမ်းတင် ထားတော့မယ်ဆိုတာ ကလေးတို့ သိကြတယ်”

ဦးထွန်းအုန်သည် ကျောင်းသားဘဝမှစ၍ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့၌ အောင်ဆန်းနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ အောင်ဆန်း၏ စိတ်နေသဘောထားကို ခရေစေ့တွင်းကျသိသူ ဖြစ်ပါသည်။



အိုးဝေအယ်ဒီတာအဖွဲ့ (၁၉၃၆)

Myanmar Cupid Community PDF Creator Group

၁၉၃၅–၃၆ ခု တ၊က၊သ အမှုဆောင် ရွေးကောက်ပွဲတွင် အောင်ဆန်း အရွေးခံရပါသည်။ တကသ၏ အာဘော်ဖြစ်သော 'အိုးဝေမဂ္ဂဇင်း' အယ်ဒီတာ အဖြစ် တာဝန်ယူ ဆောင်ရွက်ရပါသည်။ ထိုနှစ် တ၊က၊သ သည် အတက်ကြွဆုံး အပြင်းထန်ဆုံး ဖြစ်ပါသည်။ တက်ကြွပြင်းထန်သည်နှင့်အမျှ မျက်နှာဖြူများ ကြီးစိုးနေသော တက္ကသိုလ်အာဏာပိုင်များ၏ ဖိနှိပ်မှုကိုလည်း ခံရပါသည်။ တက္ကသိုလ်ကျောင်းအုပ် မစ္စတာဆလော့စ် (D.J. Sloss) သည် သာမန် ကျောင်းအုပ်မျှသာမကဘဲ၊ အစိုးရပိုင်းတွင် အလွန် ဝင်ဆန့်သူ ဖြစ်ပါသည်။ ပညာရေးသမားသက်သက်သာ မဟုတ်ဘဲ အုပ်ချုပ်ရေးသမားတပိုင်းလည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာကျောင်းသားကလေးများ ဗြိတိသျှအစိုးရကို အထင်ကြီး၍ ကြောက်ရွံ့ရိုသေလာအောင် ပုံသွင်းပေးလိုသူ ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုလျှင် မြန်မာလူမျိုးတို့အား ကျွန်စိတ်သွင်းပေးလိုသူ ဖြစ်ပါ သည်။ မိမိကြိုးကိုင်ဆွဲတိုင်း ကသည့် ကျောင်းသားများအား အခွင့်အရေး ပေးသလောက် မျိုးချစ်စိတ်ရှိသည့် ကျောင်းသားများကို ဖိနှိပ်သူ ဖြစ်ပါသည်။ မတရားအခွင့်အရေးယူလိုသော (ဝါ) ကျွန်စိတ်ရှိသော ကျောင်းသားများသည် ကျောင်းအုပ်ကြီးထံ၌ မျက်နှာလို မျက်နှာရ လုပ်တတ်ကြပါသည်။ ထို ကျောင်းသားများ အိုင်စီအက်စ်၊ ဘီစီအက်စ် စသည့် ရာထူးကြီးများရအောင် ကျောင်းအုပ်ကြီးကလည်း ကူညီပေးတတ်ပါသည်။

အခြားသောဆရာများသည်လည်း ကျောင်းအုပ်ကြီးကို အတုယူကာ အလွန် ဗြုရိုကရက် ဆန်ကြပါသည်။ ကျောင်းသားများနှင့် ဆက်ဆံရာတွင် ဆရာတပည့် သဘောမျိုးမထားဘဲ ကျွန်သခင် သဘောမျိုးဖြင့် ဆက်ဆံကြ ပါသည်။ ကျောင်းသားတယောက်သည် ကျောင်းတက်ချိန်စာရင်း ခေါ်ရာ၌ 'ဆာ' ထည့်၍ မထူးမိကမူ 'မင်းတို့က ကျွန်လူမျိုး၊ ငါက သခင်မျိုး။ ငါ့ပြန်မပြောနှင့်' ဟုပင် မောက်မာစွာ ပြောဆိုဘူးပါသည်။

ဤအတောအတွင်း တ၊က၊သ အစည်းအဝေးတခု၌ ဥက္ကဋ္ဌကိုနု (ဝန်ကြီးချုပ်ဟောင်းဦးနု)က 'သမဂ္ဂအပေါ်တွင်၎င်း၊ မျိုးချစ်စိတ်ရှိသော ကျောင်းသားများအပေါ်တွင်၎င်း အစိုးရက နှိမ်လိမ့်မည်' ဟု ဟောမိသဖြင့်

တက္ကသိုလ် အာဏာပိုင်များက ကိုနုကို ကျောင်းမှ ထုတ်ပစ်လိုက်ကြပါသည်။ ထိုအခါ ကျောင်းသားများ၏ မကျေနပ်မှုသည် တနေ့ထက်တနေ့ မြင့်တက်လာပါသည်။ ထိုအချိန်တွင် တ၊က၊သ၏ အာဘော်ဖြစ်သော 'အိုးဝေမဂ္ဂဇင်း' တွင် (A hell hound at large လွတ်နေသော ငရဲခွေးကြီးတကောင်) ဟူသော ဆောင်းပါးတခု ပါလာပါသည်။ ထိုဆောင်းပါးတွင် တက္ကသိုလ်အရာရှိတယောက် အကြောင်းကို စောင်းပါးရိပ်ခြည် ဖော်ပြထားပါသည်။

အာဏာမာန်ယစ်နေသော တက္ကသိုလ်ကျောင်းအုပ်ကြီးသည် အိုးဝေမဂ္ဂဇင်း အယ်ဒီတာဖြစ်သော အောင်ဆန်းကိုခေါ်၍ ဆောင်းပါးရှင်ကို ထုတ်ဖော်ပြောဆိုရန် တောင်းဆိုပါသည်။ ဆောင်းပါးရှင်နာမည်ကို ထုတ်ဖော်ပြောဆိုလျှင် အောင်ဆန်းကို မည်သို့မျှ အရေးမယူဟုလည်း ပြောလိုက်ပါသေးသည်။ အမှန်မှာ ကျောင်းအုပ်ကြီးသည် ဆောင်းပါးရှင် မည်သူ မည်ဝါ ဖြစ်သည်ကို ရိပ်မိသော်လည်း တာဝန်ခံအယ်ဒီတာ၏ အတည်ပြုချက်ကို ရယူလိုသဖြင့် အောင်ဆန်းကိုခေါ်၍ မေးခြင်းဖြစ်ပါသည်။ ချော့၍လည်းမပျော့၊ ခြောက်၍လည်း မကြောက်တတ်သောအောင်ဆန်းသည် 'အယ်ဒီတာတို့မည်သည် ဆောင်းပါးရှင်များ၏အမည်ကို ထုတ်ဖော်ပြောဆိုရိုး ထုံးစံမရှိ။ ခင်ဗျားတို့ လုပ်ချင်သလိုလုပ်ကြ။ ထုတ်ဖော်မပြောနိုင်' ဟု ပြန်ပြော၍ ကျောင်းအုပ်ကြီးအခန်းမှ ထွက်ခဲ့ပါသည်။ ထို့ကြောင့် တက္ကသိုလ်အာဏာပိုင်များသည် အောင်ဆန်းကို ကျောင်းမှထုတ်ရန် စီစဉ်ကြပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ဘီအေအောင်သဖြင့် ကျောင်းမှထွက်၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် တခုတည်းသော ဝံသာနုသတင်းစာဖြစ်သည့် 'နယူးဘားမား' (The New Burma) တွင် လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်နေပါသည်။

၁၉၃၆–ခု ဖေဖော်ဝါရီလ ၂၅–ရက်နေ့ထုတ် သတင်းစာများတွင် 'ကိုအောင်ဆန်းကိုလည်း ကျောင်းထုတ်လိမ့်မည်' ဟူသော သတင်းကို ဖတ်ရပြီးနောက် ကျွန်တော်သည် တ၊က၊သ သို့ သွားပါသည်။ ကျွန်တော်ရောက်သွားချိန်

Myanmar Cupid Community PDF Creator Group

တွင် ကျောင်းသားထုအစည်းအဝေး ကျင်းပရန် စီစဉ်နေကြပါသည်။ မကျေနပ်မှု၊ နစ်နာမှုအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသော ကျောင်းသားများသည် 'သပိတ်မှောက်မယ်ကွ' ဟု ကြွေးကြော်ကြကာ တ၊က၊သ ခန်းမသို့ တဖွဲဖွဲ ရောက်ရှိလာကြပါသည်။

ဥက္ကဋ္ဌကိုနုနှင့်အချို့ တ၊က၊သ ခေါင်းဆောင်များသည် ကျောင်းသားထု တရပ်လုံး သပိတ်မှောက်ခြင်းကို မလိုလား၊ မိမိတို့ အမှုဆောင်များသာ စာမေးပွဲကို သပိတ်မှောက်မည်ဟု ဆုံးဖြတ်ထားကြပါသည်။ သို့သော်လည်း နိုးကြားတက်ကြွနေသော ကျောင်းသားထု၏ တော်လှန်ရေးစိတ်ဓာတ်ကို မည်သူ တားနိုင်အံ့နည်း။

အစည်းအဝေးတွင် အခြားပုဂ္ဂိုလ် တယောက် နှစ်ယောက်လောက် စကားပြောပြီးသောအခါ အောင်ဆန်း ထပါသည်။ ပရိသတ်၏ သြဘာသံကား နားကွဲလုမတတ် မြည်ဟည်းသွားပါသည်။ မြန်မာဘာသာဖြင့်ပြောရန် စလိုက်ရာ ကုလားကျောင်းသားတယောက်က 'အင်္ဂလိပ်လိုပြောပါ၊ ကျွန်တော်တို့ မြန်မာစကား ကောင်းကောင်း နားမလည်ဘူး' ဟု ပြောသဖြင့် အောင်ဆန်းသည် အင်္ဂလိပ်ဘာသာဖြင့် ပြောရပါတော့သည်။

ထိုနေ့က အောင်ဆန်း၏ပြောပုံဆိုပုံသည် အထက်တွင် ဖော်ပြခဲ့သော စကားရည်လုပွဲ၌ ပြောဆိုခဲ့ပုံနှင့် ဆီနှင့်ရေ ကွာဘိသကဲ့သို့ ကွာခြားနေပါသည်။ အင်္ဂလိပ်စကားကို ရေရေလည်လည် နိုင်နိုင်နင်းနင်း ပြောဆိုနိုင်ရုံမက အချက်အလက်များသည်လည်း ထိလှမိလှရကား ကြားရသူများအဖို့ ကြက်သီးမွေးညင်း ထစရာပင်။

လေးနှစ်(၁၉၃၂ မှ ၁၉၃၆)အတွင်း အောင်ဆန်း၏ တိုးတက်မှုသည် ချီးကျူးလောက်ပေသည်။ ထိုသို့ တိုးတက်လာသည်မှာ အခြားကြောင့်မဟုတ်၊ အောင်ဆန်းသည် ကျောင်းပိတ်ရက်များအတွင်း အလကားမနေဘဲ အက်ဒ်မန်း ဘာ့ခ် (Edmund Burke)၊ ဒစ်စ်ရေလီ (Disraeli) စသော အင်္ဂလိပ် ပါလီမန်

Myanmar Cupid Community PDF Creator Group

ရာဇဝင်တွင် ထင်ရှားကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်ကြီးများ၏ မိန့်ခွန်းများကို အလွတ်လောက်နီးနီးရအောင် ဖတ်ထားသောကြောင့် ဖြစ်ပေသည်။

ကျောင်းသား လေးငါးယောက်လောက် စကားပြောပြီးသောအခါ အားလုံးတညီတညွတ်တည်း တက္ကသိုလ်ကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ အချို့ကျောင်းသားများသည် စိတ်မရှည်တော့ဘဲ 'ဘာ လေရှည်နေတာလဲ၊ မြန်မြန်ဆင်းကြ' ဟု ဟစ်အော်၍ အသင့်စောင့်နေသော ဘတ်စ်ကားများပေါ်သို့ ပြေးတက်ကြပါသည်။ ထို့နောက် တက္ကသိုလ်နယ်မြေကို လှည့်ပတ်ကာ ကြွေးကြော်သံများ ကြွေးကြော်ပြီးနောက် သပိတ်စခန်းပြုလုပ်မည့် ရွှေတိဂုံဘုရားသို့ ချီတက်ကြပါသည်။ ကျောင်းသူအချို့လည်း လိုက်ပါလာကြပါသည်။ ကျောင်းအုပ်ကြီး၏ 'အချော်များ' က သပိတ်မှောက်သူများကို လှောင်ပြောင်၍ နေရစ်ခဲ့ကြပါသည်။ အချို့မပြတ်သားသော ကျောင်းသားများသည်လည်း ရွှေတိဂုံဘုရားရောက်ပြီးမှ ကျောင်းသို့ ပြန်သွားကြပါသည်။ သို့သော်လည်း ၎င်းတို့ဦးရေမှာ မများလှပေ။

သပိတ်အင်အားသည် အားရဖွယ် ကောင်းပါသည်။ ကျောင်းသားများ၏ မျိုးချစ်စိတ်နှင့် ရဲဘော်စိတ်တို့သည် ချီးကျူးလောက်ပေသည်။ မျိုးချစ်ပုဂ္ဂိုလ်များနှင့် အမျိုးသားသတင်းစာများကလည်း သပိတ်သမားများကို အားပေးကူညီကြပါသည်။ နာမည်ကျော်ကာတွန်းဆရာကြီး ရွှေတလေးခေါ် ဦးဘကလေး က သတင်းစာတစောင်တွင် ကာတွန်းရေးဆွဲပြီး

"မာစတာ ဆလေ့တဲ့ဆရာ

အာဏာပါဏာပြခဲ့တာ။

သပိတ်ကို ညီညီညာညာ

မှောက်လိုက်ကြစို့ ဒီတခါ"

စသည်ဖြင့် ဖော်ပြလိုက်ပါသည်။

Myanmar Cupid Community PDF Creator Group

အတက်ကြွဆုံး သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များတွင် အောင်ဆန်းပါဝင်ခဲ့သည်ကို အထူးဖော်ပြရန် လိုမည်မထင်ပါ။ ထိုသို့ ပါဝင်ခဲ့သည့်အတွက် အောင်ဆန်းသည် ထိုနှစ် စာမေးပွဲ(ဘီ–အေ အထက်တန်းစာမေးပွဲ)ကို မဖြေနိုင်ဘဲ နောက်နှစ်(၁၉၃၇)မှာမှ ဖြေဆိုရပါသည်။ တနည်းအားဖြင့်ဆိုလျှင် အောင်ဆန်းအဖို့ တနှစ်ပုပ်သွားပါသည်။ အချို့ သပိတ်ခေါင်းဆောင်များသည် ကျောင်းသားထုရှေ့တွင် လက်သီးလက်မောင်းတန်း၍ အာဘောင်အာရင်းသန်သန်ဖြင့် ဟောပြောကြသော်လည်း ကွယ်ရာတွင် စာခိုးကျက်ကြသည်ဟု သိရပါသည်။ အောင်ဆန်းသည်ကား မည်သည့်အခါမှ လုပ်ငန်းအပေါ်တွင်၎င်း၊ ရဲဘော်ရဲဘက်များ အပေါ်တွင်၎င်း သစ္စာမဖောက်ချေ။

တက္ကသိုလ်သပိတ်သည် ဟိုက်စကူးကျောင်းသားများသို့လည်း ကူးစက်သွားလေသည်။ သပိတ်၏ကျေးဇူးကြောင့် တက္ကသိုလ်အာဏာပိုင်များသည် ထုတ်ထားသောကျောင်းသားများကို ပြန်၍လက်ခံရသည့်ပြင် အုပ်ချုပ်ရေးအဖွဲ့တွင်လည်း ကျောင်းသားကိုယ်စားလှယ်များကို လက်ခံရပါတော့သည်။

အင်္ဂလိပ်လူမျိုး ကျောင်းအုပ် မစ္စတာဆလော့စ်နုတ်ထွက်သွားရ၍ မြန်မာအမျိုးသား ဆရာကြီးဦးဖေမောင်တင် ကျောင်းအုပ်ဖြစ်လာပါသည်။ မြန်မာအမျိုးသားများ အနေဖြင့် ပထမဆုံးအကြိမ် တက္ကသိုလ်ကျောင်းအုပ်ဖြစ်ခြင်းပေတည်း။ ထို့ပြင် ဗြိတိသျှအစိုးရသည် ကျောင်းသားကိစ္စကို လစ်လျူရှုမထားရဲဘဲ တရားဝန်ကြီး ဆာမြဘူး ခေါင်းဆောင်သော စုံစမ်းရေးကော်မရှင်တခုဖွဲ့၍ တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ရန် စီစဉ်ရပါတော့သည်။ ထိုကော်မရှင်တွင် ကျောင်းသားကိုယ်စားလှယ်အဖြစ် အောင်ဆန်း ဝင်ရောက်ဆောင်ရွက်ရပါသည်။

အခြားအရေးကြီးသော ရလပ်တခုမှာ ကောလိပ်ကျောင်းသားများနှင့် ဟိုက်စကူးကျောင်းသားများ စည်းလုံးညီညွတ်လာ၍ 'မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ' ဟု ပေါ်လာခြင်း ဖြစ်ပါသည်။ အထက်ကျော်ကာရီကမှ တနိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသားအဖွဲ့အစည်းဟူ၍ မရှိခဲ့ဘူးပေ။

Myanmar Cupid Community PDF Creator Group

အောင်ဆန်းသည် ထိုနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၏ ဒုတိယဥက္ကဋ္ဌ၊ နောက်နှစ်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပါသည်။

၁၉၃၆–ခုနှစ် ကျောင်းပြန်ဖွင့်သောအခါ အောင်ဆန်းသည် တ၊က၊သ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာပါသည်။ ဥက္ကဋ္ဌမှာ ဝန်ကြီးဟောင်း အမ်၊အေ၊ ရာရှစ် ဖြစ်ပါသည်။ ရာရှစ်သည် ကုလားလူမျိုးဖြစ်သဖြင့်၊ ကျဉ်းမြောင်းသော အမျိုးသားရေး စိတ်ဓာတ်ရှိသည့် ကျောင်းသားများက ရာရှစ်ကို ဥက္ကဋ္ဌ မတင်လိုကြပါ။ အမြင်ကျယ်သော အောင်ဆန်းကား ဘာသာမရွေး၊ လူမျိုးမရွေး၊ ထိုက်သင့်သူကို ထိုက်သင့်သည့် နေရာပေးရမည်ဆိုသည့်မူကို အမြဲစွဲကိုင်ထားသည့်အတိုင်း ရာရှစ်ကို ဥက္ကဋ္ဌတင်လိုသူ ဖြစ်ပါသည်။ အောင်ဆန်းသည် ကုလားထိုင် လုလိုသူ မဟုတ်ပါ။ လုပ်ငန်းအောင်မြင်မှု တခုတည်းကိုသာ ရှေ့ရှုသူ ဖြစ်ပါသည်။ ကျဆုံးသည့်နေ့အထိ အောင်ဆန်းတွင် ထိုစိတ်ဓာတ် အပြည့်အဝ ရှိပါသည်။ ထိုစိတ်ဓာတ်(ဝါ)သဘောထားကြီးမှုကြောင့်ပင် သူ၏ လုပ်ဆောင်ချက်များ အောင်မြင်ခြင်း ဖြစ်ပေသည်။

ကျောင်းသားခေါင်းဆောင် ဘဝကပင် အောင်ဆန်းသည် တိုင်းပြည် လွတ်လပ်ရေးအတွက် ပြင်ဆင်နေသူ ဖြစ်ပါသည်။ ပြင်ဆင်ရာ၌ အဖက်ဖက်မှ ပြင်ဆင်ခြင်း ဖြစ်သည်။ ခေါင်းဆောင်မှု ပေးနိုင်အောင် ပညာအရည်အချင်းနှင့် ပြည့်စုံစေရန် ပြင်ဆင်ရုံမက လွတ်လပ်ရေးတိုက်ပွဲတလျှောက်တွင် တွေ့ကြုံခံစားရမည့် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်နိုင်ရန်လည်း ပြင်ဆင်သည်။

ကျောင်းသားခေါင်းဆောင်အနေဖြင့် တ၊က၊သ တွင် အိပ်၊ တ၊က၊သ တွင် စားသည်က များပါသည်။ အိပ်သောအခါ မွေ့ယာ၊ ကုတင်ပေါ်မှာမအိပ်။ တန်းလျားခုံပေါ်မှာ ခြုံစရာ၊ ခင်းစရာ မပါဘဲ အိပ်လေ့ရှိသည်။ တ၊က၊သ၏ ဖွားဖက်တော် အစောင့် ဦးကံသိန်းက မကြည့်ရက်သဖြင့် အိပ်ရာခင်းပေးသောအခါ 'ကျုပ်က နိုင်ငံရေးလုပ်မယ့်လူ၊ ထောင်ထဲက ထွက်ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ခုကထဲက ကျင့်နေတာ' ဟု ပြော၍ လက်မခံပေ။ ကျောင်းပိတ်ရက်များအတွင်း တောလက်ကျေးရွာများသို့ သွားရောက်လေ့လာ၍ ပြန်ရောက်

လျှင် သွေးချင်းသားချင်းများဖြစ်ကြသော တောင်သူလယ်သမားများ မည်မျှ ဆင်းရဲကြပုံကို ပြောပြလေ့ရှိသည်ဟု ဦးကံသိန်းက ကျွန်တော့်အား ပြောဘူး ပါသည်။

နိုင်ငံရေး အစစ်အမှန်ဟူသည် စည်းစိမ်ရှိသည့် အလုပ်မဟုတ်၊ ဒုက္ခ အတိ ပြည့်နှက်နေသည်ကို အောင်ဆန်း ကောင်းစွာသိသည်။ သိသည့် အတိုင်း ထိုဒုက္ခများကို ရင်ဆိုင်နိုင်ရန် ကျောင်းသားဘဝကပင် ပြင်ဆင်ခဲ့သည်။ အောင်ဆန်းသည် မျက်စေ့ကန်း တစ္ဆေမကြောက်၊ မိုက်ရူးရဲ လုပ်တတ်သူ မဟုတ်ပေ။



တ၊က၊သ ဥက္ကဋ္ဌ ကိုအောင်ဆန်း

အင်္ဂလိပ်စာပေ၊ ဥရောပရာဇဝင်၊ နိုင်ငံရေးဗေဒတို့ကို သင်ယူခဲ့သော အောင်ဆန်းသည် ၁၉၃၇–ခု မတ်လတွင် ဘီအေ စာမေးပွဲကို အောင်မြင်ပါသည်။ ဘီအေ အောင်သည်အထိ စာမေးပွဲ တခါမျှ မကျဘူးပေ။ သို့သော်လည်း နောက်နှစ်တွင်ကား ကျောင်းသားကိစ္စ၊ နိုင်ငံရေးကိစ္စတို့ကို အချိန်ပြည့် ဆောင်ရွက်ရသည်ဖြစ်ရာ စာကျက်ချိန်မရသဖြင့် ဘီအယ်လ်(ဥပဒေပညာ) ပထမနှစ် စာမေးပွဲတွင် ရှုံးပါသည်။ အောင်ဆန်း၏ ပထမအကြိမ်ရှုံးခြင်းနှင့် နောက်ဆုံးအကြိမ် ရှုံးခြင်းပေတည်း။

ထိုနှစ် ၁၉၃၇–၃၈ တွင် အောင်ဆန်းသည် တ၊က၊သ၏ ဒုတိယဥက္ကဋ္ဌ အဖြစ်ပင် ဆက်လက်ဆောင်ရွက်ပါသည်။ ဥက္ကဋ္ဌဖြစ်ထိုက်သော်လည်း မလုပ်ရသဖြင့် စိတ်ကောက်မသွားဘဲ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပါသည်။ ထို့နောက် ၁၉၃၈–၃၉ တွင် အောင်ဆန်းကို တ၊က၊သ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြလေသည်။

* * * * *

(၅)
သခင်အောင်ဆန်း

တိုင်းပြည်လွတ်လပ်ရေးရရန် ကျောင်းသားလောကတွင် ဆောင်ရွက်နေရုံဖြင့် မပြီးဘဲ၊ နိုင်ငံရေးနယ်ပယ်တွင် ကိုယ်ထိလက်ရောက် ဝင်ရောက်ဆောင်ရွက်မှဖြစ်မည်ဟု သဘောပေါက်လာသည့်အတိုင်း၊ အောင်ဆန်းသည် ထိုနှစ်မကုန်မီ ကျောင်းမှထွက်၍ ထိုအချိန်က အတက်ကြွဆုံးဖြစ်သော 'တို့ဗမာအစည်းအရုံး' သို့ ဝင်လေသည်။ ဤသို့ဖြင့် ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်းသည် သခင်အောင်ဆန်း ဖြစ်လာလေသည်။

၁၉၃၈–ခုနှစ်လောက်မှစ၍ သခင်ဘသောင်း၊ သခင်ဗစိန် စသည့်အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော လူငယ်အချို့သည် မိမိတို့နာမည်ကို 'သခင်' တပ်ခေါ်လျက် မြန်မာများ၏ အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆွပေးကြပါသည်။ ထိုအချိန်က အုပ်စိုးသူ အင်္ဂလိပ်များသည် မိမိကိုယ်ကို သခင်ဟုအခေါ်ခံ၍ မြန်မာများကို ကျွန်အဖြစ်သဘောထားကာ ဆက်ဆံကြပါသည်။ သခင်ဘသောင်းတို့လူစုသည် လူငယ်ပိုင်းကို စည်းရုံးကာ 'ဗမာပြည်သည်တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ သခင်မျိုးဟေ့တို့ဗမာ' စသည့် ဆောင်ပုဒ်တို့ကို ကြွေးကြော်လျက် 'တို့ဗမာသီချင်း' ကိုသီဆိုကြပြီးလျှင် မြန်မာလူမျိုး၏ မီးခဲပြာဖုံးဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ထုတ်ပေးကြပါသည်။ [တို့ဗမာသီချင်းကို နောက်ဆက်တွဲက–တွင် ဖတ်ပါ။]



တို့ဗမာအစည်းအရုံး အလံ

သို့သော်လည်း ထိုအချိန်က သခင်များမှာ စနစ်တကျ စည်းရုံး ဖွဲ့စည်းခြင်း မရှိသေးပေ။ ၁၉၃၄– ခုနှစ်လောက်တွင်မှ တို့ဗမာအစည်းအရုံး ဟူသော နာမည်ဖြင့် နိုင်ငံရေးအဖွဲ့အစည်းတခုကို တည်ထောင်နိုင်ကြလေသည်။ အစည်းအရုံးဝင်တိုင်း မိမိတို့၏နာမည်ရှေ့၌ မောင်၊ ကို၊ ဦး စသည်တို့ကို မတပ်ဘဲ၊ 'သခင်' ဟု တပ်ကြပါသည်။ ဥပမာ 'ကိုကကြီး' ဆိုသူသည် အစည်း အရုံးဝင်လိုက်သည်နှင့်တပြိုင်နက် 'သခင်ကကြီး' ဖြစ်လာပါသည်။ အလား တူစွာ အမျိုးသမီးများသည်လည်း မိမိတို့နာမည်ရှေ့၌ မ၊ ဒေါ် စသည်တို့ မတပ် ဘဲ 'သခင်မ' ဟု တပ်ကြပါသည်။ ထိုအချက်ကို အစွဲပြု၍ ပြည်သူလူထု နှင့်တကွ အစိုးရသည် တရားဝင်နာမည်ဖြစ်သော 'တို့ဗမာအစည်းအရုံး' ကို အသုံးနည်း၍ တို့ဗမာအစည်းအရုံးအစား 'သခင်ပါတီ' ဟူသော အမည်ကို အသုံးများလေသည်။

၁၉၃၈–ခု ကုန်ခါနီးလောက်တွင် အောင်ဆန်းသည် ဦးနု (ယခင် သခင်နု)၊ သခင်သန်းထွန်း (ယခု ကွန်မြူနစ်ခေါင်းဆောင်) တို့နှင့် တနေ့တည်း 'တို့ဗမာအစည်းအရုံး' ဝင်သည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံး မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သည့် အခြမ်းနှင့် သခင်ဗစိန် ခေါင်းဆောင်သည့် အခြမ်းဟူ၍ နှစ်ခြမ်းကွဲနေပါသည်။ သခင်ကိုယ်တော်မှိုင်းတို့ အခြမ်းသည် အများစုဖြစ်၍ သခင်အောင်ဆန်းတို့သည် ထိုအခြမ်းဝင်များ ဖြစ်လာကြလေသည်။

Myanmar Cupid Community PDF Creator Group

လူကြီးပိုင်း နိုင်ငံရေးသမားများ ခေါင်းဆောင်သည့် ပါတီများသည် 'ဟုမ္မရူး' (ဝါ) ဒိုမီနီယံ စကေးကပ်စ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်ကိုသာ မိမိတို့၏ ပန်းတိုင်အဖြစ် သတ်မှတ်ကြပါသည်။ 'ဟုမ္မရူး' ရလျှင် ပြည်ရေး ပြည်ရာကိစ္စ အဝဝကို မြန်မာလူမျိုးတို့ စိတ်တိုင်းကျ စီမံခန့်ခွဲနိုင်မည် ဖြစ်သော်လည်း မြန်မာပြည်သည် ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင်ဖြစ်နေသေးသဖြင့် အင်္ဂလိပ်ရှင်ဘုရင်ကို အသိအမှတ် ပြုနေရဦးမည်သာ ဖြစ်သည်။

သခင်ကိုယ်တော်မှိုင်းမှတပါး လူငယ်များသာ ဖြစ်ကြသော တို့ဗမာ အစည်းအရုံး ခေါင်းဆောင်များသည် 'လုံးဝလွတ်လပ်ရေး' ကို မိမိတို့၏ ပန်းတိုင်အဖြစ် သတ်မှတ်ကြပါသည်။ 'လူမျိုးတမျိုးသည် အခြားလူမျိုး တမျိုးမျိုးကို စိုးမိုးအုပ်ချုပ်ပိုင်ခွင့် မရှိ' ဟူသော ဝါဒကို လက်ကိုင်ထားလျက် သခင်ခေါင်းဆောင်များသည် ဗြိတိသျှအစိုးရ လက်အောက်မှ လုံးဝ ရုန်းထွက်ရေးအတွက် ကြိုးပမ်းကြပါသည်။ ထိုခေတ်က တို့ဗမာအစည်းအရုံးသည် အတိုးတက်ဆုံး အတက်ကြွဆုံး နိုင်ငံရေးပါတီ ဖြစ်ပေသည်။ တိုးတက် တက်ကြွသည်နှင့်အမျှ ဗြိတိသျှအစိုးရ၏ အဖိနှိပ်ကိုလည်း အခံရဆုံး ပါတီ ဖြစ်ပေသည်။ 'သခင်ပေါက်စ ထောင်ခြောက်လ' ဟူ၍ပင် ဆိုစမှတ် ပြုခဲ့ကြပေသည်။

သခင်အောင်ဆန်းသည် ပါတီဝင်ဖြစ်လာပြီးနောက် မကြာမီ ဌာနချုပ် အထွေထွေ အတွင်းရေးမှူး ဖြစ်လာပါသည်။ သခင်အောင်ဆန်းတို့ ခေါင်းဆောင် ပိုင်း ရောက်လာသည့် အချိန်မှစ၍ တို့ဗမာအစည်းအရုံး၏ ဝါဒလုပ်ငန်းစဉ် သည် တိုးတက်သည်ထက် တိုးတက်လာပါသည်။ ဗြိတိသျှ အစိုးရကလည်း အစည်းအရုံးဝင်များကို အမြဲတစေ စောင့်ကြည့်၍ အခါအခွင့်သာတိုင်း ဖမ်းဆီး နှိပ်စက်ပါသည်။

၁၃၀၀–ပြည့်နှစ် နှောင်းတန်ခူး လဆုတ် ၃–၄–၅–၆ ရက်(၁၉၃၉–ခု ဧပြီလ ၆–၇–၈–၉) နေ့များတွင် မော်လမြိုင်မြို့၌ ကျင်းပသည့် စတုတ္ထ အကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံကြီးတွင် မြွက်ကြားခဲ့သော ဥက္ကဋ္ဌ

သခင်လုဘော်၏ မိန့်ခွန်းကိုဖတ်လျှင် အစည်းအရုံးဝင် သခင်၊ သခင်မများ မည်မျှ အနိုပ်စက်ခံကြရသည်၊ အစည်းအရုံးကြီး၏ ဝါဒလမ်းစဉ်များ မည်မျှ တိုးတက်သည်တို့ကို သိသာနိုင်ပေသည်။ [နောက်ဆက်တွဲ ခ–ကို ဖတ်ပါ]

အထွေထွေအတွင်းရေးမှူး ဖြစ်သည့်အချိန်မှစ၍ သခင်အောင်ဆန်းသည် ပါတီရုံး၌ပင် အချိန်ပြည့်နေထိုင်၍ လုပ်အားပေးပါသည်။ ထိုအခါက သခင်များ၏ ဘဝသည် အလွန် ပင်ပန်းဆင်းရဲလှပါသည်။ မည်မျှ ဆင်းရဲစေကာမူ သခင်အောင်ဆန်းသည် မည်သည့်အခါမျှ မညည်းညူဘဲ တိုင်းပြည်လွတ်လပ်ရေးအတွက် ငတ်တလှည့် ပြတ်တလှည့် ဖောက်ချ၍သာ လုပ်ကိုင်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် 'ကြေကွဲဝမ်းနည်းကြောင်းအဆို' တင်သွင်းရင်း ဝန်ကြီးချုပ်ဟောင်း ဦးနုက သခင်အောင်ဆန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆက်လက်ပြောဆိုသွားပါသည်။

"ကိုအောင်ဆန်းရဲ့ Sterling Qualities ခေါ်တဲ့ အင်မတန် ထူးခြားတဲ့ ဂုဏ်ပုဒ်တွေကို 'တို့ဗမာအစည်းအရုံး' ရောက်တဲ့အခါကျတော့ ပိုပြီး မြင်လာတယ်။

ဟိုအခါတုံးက ကျောင်းသားအဖြစ်နှင့် မြင်လာတာကတော့ သူဟာ စာအရေးအသားမှာ အလွန်တော်တယ်။ ဗမာလို ရေးရေး၊ အင်္ဂလိပ်လို ရေးရေး၊ စကားလုံးဟာ အင်မတန် ပြောင်တယ်။ ဒီလို ရေးတတ်တဲ့ သူ့အတိအကျဝါသနာ ပါလာတာကိုက အပိုတွေ ရှုတ်တွတ်တွတ်တွေ လောကွတ်စကားတွေ လုပ်ဖို့ ဝါသနာ မပါဘူး။

တို့ဗမာအစည်းအရုံးကို ရောက်တဲ့အခါကျမှ တကယ့်ကို အစမ်းခံနိုင်တဲ့ အရည်အချင်းကို ကျွန်တော်တို့ သွားတွေ့တယ်။ အပေါ်ယံ ကြည့်လိုက်တော့ သခင်ဖြစ်သွားတာပဲလို့ တွေ့ကြတယ်။ ဘယ်လောက်တောင် စွန့်စားရတယ်၊ ဘယ်လောက်တောင် အနစ်နာခံရတယ်၊ ဘယ်–ဘယ်လို အနစ်နာခံရသလဲဆိုရင် ကျွန်တော်တို့ ကောလိပ်ကျောင်းမှာ နေစဉ်အခါတုန်းက မိဘက ပို့တဲ့ပိုက်ဆံကို ဖောဖောသီသီ သုံးလို့၊ ထမင်းကောင်း ဟင်းကောင်း

စားလို့၊ လက်ဖက်ရည် သောက်ချင်တိုင်း သောက်လို့၊ ဘိုင်စကုတ် ကြည့်ချင်တိုင်း ကြည့်ပြီး ပိုးလုံချည် တရှမ်းရှမ်းနဲ့ ဒီလိုလုပ်နေတဲ့လူတွေဟာ တို့ဗမာအစည်းအရုံးမှာ ဖြစ်ပျက်နေတာက၊ ဟိုအခါတုန်းက နိုင်ငံရေးကို လုပ်နေတဲ့ ဌာနချုပ်မှာရှိတဲ့ အမှုဆောင်တွေဟာ ထမင်း တနေ့ကို နှစ်နပ်မှန်မှန်စားရဘို့ အင်မတန်ခဲယဉ်းတယ်။ တခါတလေ ထမင်း တနပ်သာ စားရတယ်။ တခါတလေ မနက်စာ စားရလို့ ညစာ မစားရဘူး။ တခါတလေ ညစာ စားရလို့ မနက်စာ မစားရဘူး။ တခါတလေ ပြောရင်ယုံမှာတောင် မဟုတ်ဖူး။ အရှင်းတောင် မစားရတာ ရှိသေးတယ်။

နိုင်ငံရေးကိုတော့ ကျွန်တော် နားမလည်ဘူး။ သခင်သန်းထွန်းနဲ့ သခင်အောင်ဆန်း ခင်ဗျားတို့ လုပ်ကြပါ။ တရားလည်ဟောဘို့နှင့် ငွေစုဆောင်း ပေးဘို့ ကျွန်တော့်တာဝန်ထားပါဆိုလို့ ငွေထိန်းနှင့် ဝါဒပြန့်ပွားရေးဘဲ ကျွန်တော် ကိုင်ရတယ်။

ကျွန်တော် ငွေထိန်းဖြစ်တဲ့အခါ တို့ဗမာအစည်းအရုံး ဌာနချုပ်မှာ လုပ်တဲ့လူတွေဟာ ထမင်းတနပ် နှစ်နပ်လောက် မစားရရင် အောင့်နေနိုင်တယ်။ နှစ်ရက်လောက်မစားရလို့ အောင့်မနေနိုင်တဲ့အခါမှ ဌာနချုပ်က လူတွေ ကျွန်တော့်ဆီ မကြာခဏ လာပြောတယ်။ ပိုက်ဆံ ရှာပေးပါအုံး၊ ကျွန်တော်တို့ ဒီအခြေအနေ ရောက်လာပြီလို့။ ဒီလို လာပြောတဲ့လူက တော်တော်များတယ်။ ဒီလူတွေကို ကျွန်တော် အပြစ်တင်နေတာ မဟုတ်ပါဘူး။ အမှန်စင်စစ်တော့ အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတာလို၊ အူမမှာ ဘာမှ မရှိဘူးဆိုရင် အင်မတန် ခဲယဉ်းတယ်။

သခင်အောင်ဆန်းက အဲဒီလို ဖြစ်လာတဲ့ အချိန် အတောအတွင်းမှာ တခါမှ ကျွန်တော့်ကို 'ကျုပ် ထမင်းမစားရသေးဘူး။ အဲဒီအတွက် ပိုက်ဆံ ရှာပေးစမ်းပါ။ ကျုပ်တော့ဖြင့် ဆာတယ်' စသည်ဖြင့် ဒီလို တခါမှ ပြောသံ မကြားခဲ့ရဘူး။ ဖြစ်သလို နေသွားတာဘဲ။ စားရရင်လဲ စားလိုက်တာဘဲ။ မစားရဘူး ဆိုရင်လဲ ထိုင်နေတာဘဲ။ စာအုပ်ကို ထိုင်ဖတ်ပြီး နေလိုက်တာဘဲ။

ပိုက်ဆံရှိတဲ့လူတွေက 'လာ ထမင်းစားရအောင်၊ သခင်အောင်ဆန်း လာပါ' ဆိုမှ ထ စားလိုက်တာဘဲ။ မစားရတဲ့အခါ ဒီလိုထိုင်နေတာဘဲ။ အဆင်းအရဲကို သူ အသေအချာ ခံနိုင်ရည်ရှိတယ်။

ဗမာလိုကတော့ ဥပေက္ခာတရားပေါ့။ ဘယ်လိုလဲဆိုရင် ကောလိပ် ကျောင်းမှာ ကျောင်းသားတို့ ဘာဝ အလိုက်၊ ခင်ဗျားတို့လဲ သိတဲ့အတိုင်းဘဲ။ ကိုယ့်ခုတင်နဲ့ ကိုယ့်ဓာခြင်ထောင်နဲ့ ကိုယ့်ဂွမ်းစောင်ကြီးတွေနဲ့ကိုယ် သန့်သန့် ရှင်းရှင်းပေါ့။ သခင်အောင်ဆန်းကတော့ ဖြစ်သလို နေတာဘဲ။

သခင်အောင်ဆန်းတို့နေတဲ့ ကျွန်တော်တို့ တို့ဗမာအစည်းအရုံး ဌာန ချုပ်မှာ အခန်းတခုရှိတယ်။ ဌာနချုပ်မှာဆိုရင် အမှုဆောင်တွေ နေတဲ့ ဌာန ချုပ်ဘဲ။ အဲဒီမှာဆိုရင် အိပ်ရာလိပ်တွေ ဘာတွေ ကျကျနန ရှိတယ်။ ဒီ အမှုဆောင်တွေက အိပ်ပြီးရင်လိပ်၊ လိပ်ပြီးတယ်ဆိုရင် မှက်ခြင်ယင် စသည်ဖြင့် ဖုတ်တွေ ဘာတွေ မပေရအောင် တရိုတသေထားလို့၊ ကိုယ့်ဟာကိုယ် ဂရုစိုက်ပြီး နေကြတယ်။

သခင်အောင်ဆန်းကတော့ ဒါတွေကို ဘာမှ ဂရုမစိုက်ဖူး။ ဒီလို အိပ်တယ်။ အိပ်ရာက၊ ဥပမာဆိုရင် သူ့စောင်ဟာ ဒီလိုဘဲ ထားတယ်။ ခြုံပြီး ဒီအတိုင်းဘဲ ထားတယ်။ နောက်တနေ့ အိပ်ဖို့ အချိန်ရောက်လာရင် ဒီစောင်ကို ဒီလိုခြုံပြီး အိပ်လိုက်တာဘဲ။ ငါ့စောင်ဟာ မဲနေပါလား၊ ဖုံတွေ တက်နေပါလား၊ ငါ့အိပ်ရာမှာ ကြမ်းပိုးတွေနဲ့ပါလား ဆိုတာတွေကို ဂရုမစိုက်ဖူး။ နိုင်ငံရေး တခုထဲကိုသာ အာရုံစိုက်နေတာဘဲ။ သခင်အောင်ဆန်း တယောက်ထဲ အိပ်လို့ ရတယ်။ ဒို့ပြင်လူတွေ အိပ်လို့မရဘူး။

အဖြစ်အပျက်ကလေးတခု၊ တော်တော် ရယ်စရာကောင်းတဲ့ အဖြစ် အပျက်ကလေးတခု ပြောရဦးမယ်။ သခင်အောင်ဆန်းအိပ်တဲ့ အိပ်ခန်းဟာ အပြင်အပက ကြည့်ရင် ဌာနချုပ်မှာ တော်တော်ကောင်းတဲ့ အခန်းဘဲ။ အဲဒီ အခါမှာ ရေနံချောင်းက ကျွန်တော်တို့ သခင်တွေ–သခင်မတွေ ဘုရားဖူးရအောင် လာကြပြီး ဌာနချုပ်မှာ တဲတဲ့အခါကျတော့ ဌာနချုပ်က လူငယ်ကလေးတွေက

'ခင်ဗျားတို့ ဧည့်သည်တွေ ဖြစ်တယ်။ အပြင်မှာတော့ မနေပါနဲ့' အဲဒီအခါက သခင်အောင်ဆန်းကလဲ အထွေထွေအတွင်းရေးမှူး ဖြစ်နေတယ်။ 'အထွေထွေအတွင်းရေးမှူး အခန်းထဲမှာ အိပ်ပါ' ဆိုပြီး ထားလိုက်ကြတယ်။

'ဟိုလူတွေက ကြွားလို့ပေါ့လေ။ အထွေထွေအတွင်းရေးမှူး အိပ်တဲ့အခန်းမှာ သိပ်တယ်ဆိုပြီး၊ အခန်းထဲမှာ အိပ်နေကြတော့ ည ၁၂–နာရီလောက်လဲကျရော အိပ်ရာလိပ်တွေကို လိပ်ပြီး အပြင်ဘက် ထွက်ပြေးလာကြရတာဘဲ။ ကြမ်းပိုးတွေကြောင့် နေကို မနေနိုင်ဘူး။ သခင်အောင်ဆန်း တယောက်ထဲ အိပ်နိုင်တယ်။ ကြမ်းပိုးကိုက်တာကို ဂရုစိုက်နေဘို့ သူ့မှာ အချိန်မရှိဘူး။ အဲဒီလို ဥပေက္ခာတရားတွေ လုပ်တာတွေ တွေ့လာရပါတယ်။ အင်မတန် ဆင်းဆင်းရဲရဲနဲ့ ဖြစ်နေတာတွေကို ခင်ဗျားတို့ မြင်စေချင်တယ်။ အဲဒီလို ဆင်းရဲတယ်လို့ ညည်းညူသံကို ကျွန်တော်တို့ မကြားရဘူးလေ။

ကျွန်တော်တို့ဆိုရင် ညည်းညူတာဘဲ။ ဥပမာပုံဆိုရင် တခါတလေ ပိုက်ဆံလဲမရှိ ထမင်းကလဲ မစားရသေးဘူး။ လမ်းရှောက်သွားလို့ ပလာတာဆိုင်က အကြော်အလှော် အနံ့တွေကို အခု ဗိုလ်လက်ျာခေါ်တဲ့ သခင်လှဖေတို့က တောက်ခေါက်ပြီး 'အခုနေ ဒီပလာတာနဲ့ ဆိတ်သားကြော်ကလေး စားလိုက်ရရင် ရေဒီယိုကလေး ထပြီးနားထောင်လိုက်ရရင်' ဆိုပြီး ညည်းညူမိတယ်။ သခင်အောင်ဆန်းကတော့ တခါမှ ညည်းညူတယ်လို့ မကြားရဘူးလေ။ အဲဒီလို လောကကြီးတခုလုံး ဖိမ်ခံပြီး တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ နေနိုင်တဲ့ ပုဂ္ဂိုလ်၊ အဲဒါတွေကို ဂရုမစိုက်ဘဲ ဥပေက္ခာတရားကိုပိုက်ပြီး အဲဒီလိုနေတာကို တွေ့ခဲ့ရတဲ့အတွက် နိုင်ငံရေးသမား တကယ့် တော်လှန်ရေးသမားပီပီ လုပ်နိုင်တဲ့ လူတယောက်ဖြစ်ပါပေတယ်လို့ ဟိုတခါ ကတဲက လုံးဝ စိတ်ထဲက ချီးကျူးခဲ့တယ်"

တိုင်းပြည်အတွက် သခင်အောင်ဆန်း မည်မျှ အပင်ပန်း အဆင်းရဲ အနစ်နာခံသည်ကို အထက်ပါ ဦးနု၏ မိန့်ခွန်းမှ ကောက်နုတ်ချက်အရ သိနိုင်လောက်ပါသည်။

ထိုမျှသာ မကသေးပါ။ သခင်အောင်ဆန်းသည် တိုင်းပြည်အတွက် ချစ်လှစွာသော (မုဆိုးမ) မိခင်ကြီးနှင့် တကွ ဆွေမျိုးသားချင်းများ အပေါ်တွင်လည်း သံယောဇဉ် ဖြတ်နိုင်ပါသည်။ မည်မျှ သံယောဇဉ် ဖြတ်နိုင်သည်ကို သူ၏ ရောင်းရင်း ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာက အောက်ပါအတိုင်း ပြောဘူးပါသည်။

"တို့ဗမာအစည်းအရုံးဝင်ဖြစ်တဲ့ အချိန်ကစပြီး သခင်အောင်ဆန်းဟာ သူ့ဇာတိဖြစ်တဲ့ နတ်မောက်ကို ပြန်ခဲပါတယ်။ သူ အလွန်ချစ်တဲ့ အမေနဲ့လဲ အဆက်ပြတ်သလောက် ဖြစ်နေတယ်။ တနေ့တော့ သူ့အမေဟာ ရန်ကုန်ကို ဆင်းလာပြီး ကြည့်မြင်တိုင်မှာ တဲခိုနေတယ်။ သခင်အောင်ဆန်းက ကျွန်တော့်ကို သူ့အမေဆီ ခေါ်သွားတယ်။ ရောက်တဲ့အခါ အမေကြီးက သူ့ကို သနားကြင်နာစွာကြည့်ပြီး စိုးရိမ်ကြီးစွာနဲ့ မေးခွန်းတွေ အမျိုးမျိုးမေးတယ်။ သခင်အောင်ဆန်းက ခေါင်းငုံ့ပြီး တခါတခါမှ သူ့မအေကို ကြည့်တယ်။ မေးတာတွေကိုလဲ တိုတိုပြတ်ပြတ်ဘဲ ဖြေတယ်။ ကျွန်တော်တောင် ကြားက နေပြီး အားမရ ဖြစ်မိတယ်။ ကြာကြာလဲ မနေဘူး။ ၁၅–မိနစ်၊ မိနစ် ၂၀–လောက်ရှိတော့ ပြန်လာတာဘဲ။ ပြန်ခါနီးလဲ နှုတ်မဆက်ဘူး။ လမ်းတလျှောက်လုံးမှာတော့ သခင်အောင်ဆန်းဟာ စကားတခွန်းမှ မပြောဘဲ သူအလွန်ချစ်တဲ့ အမေ အတွက် စိတ်မကောင်းဖြစ်နေပုံ ရတယ်။

သူ့အမေ နတ်မောက်ပြန်တော့ ဘူတာရုံလိုက်ပို့ကြတယ်။ ဘူတာရုံမှာလဲ သခင်အောင်ဆန်းဟာ ဘာမှမပြောဘဲ ခေါင်းငုံ့နေတယ်။ မီးရထားထွက်စပြုတော့ သခင်အောင်ဆန်းဟာ ပလက်ဖောင်းပေါ် ထိုင်ချပြီး ရထားပြတင်းပေါက်က ကြည့်နေတဲ့ သူ့အမေကို ရှိခိုးကန်တော့လိုက်တယ်။ ပြန်လာကြရင်း သခင်အောင်ဆန်းက 'ကျုပ်က သားအငယ်ဆုံး၊ ကျုပ်က စာမရေး ဘာမရေးနဲ့ စိမ်းကားသလို ဖြစ်နေတာကို အမေ စိတ်မကောင်းဘူး။ နိုင်ငံရေးလုပ်တာကို ဒါလောက် မကန့်ကွက်ပါဘူး။ ကျုပ် အေးတိအေးစက် နိုင်တာကို စိတ်မကောင်းဖြစ်နေတာပါ။ အမေ့ သနားပါတယ်' လို့ ညည်းတွားပြောဆိုရှာတယ်"

သခင်အောင်ဆန်းသည် မိခင်ကို အလွန်ချစ်ပါသည်။ ကျွန်တော်တို့ အစ်ကိုတွေ ချစ်သည်ထက် ပို၍ ချစ်ပါသည်။ မိခင်ကလည်း အခြား သားများ အပေါ်ထက် အငယ်ဆုံးသားကလေး အပေါ်တွင် သံယောဇဉ် ပိုပါသည်။ သို့ပါလျက် သခင်အောင်ဆန်းသည် မိခင်အပေါ် စိမ်းကားသလို ဖြစ်နေသည်မှာ အခြားကြောင့် မဟုတ်။ တိုင်းပြည်အတွက် အသက်နှင့် ခန္ဓာကိုယ်ကို လှူထားသောကြောင့် ဖြစ်သည်ဟု ယူဆရန်ရှိသည်မှအပ အခြား အကြောင်းများ မရှိနိုင်ပါ။ သခင်အောင်ဆန်းအဖို့ စားလည်း နိုင်ငံရေး၊ အိပ်လည်း နိုင်ငံရေး ဖြစ်နေပါသည်။ နိုင်ငံရေးသာလျှင် အမိ၊ နိုင်ငံရေးသာလျှင် အဖ၊ နိုင်ငံရေး သာလျှင် ဆွေမျိုးသားချင်း ဖြစ်နေပါသည်။

ထို့ကြောင့်ပင် စာရေးဆရာ ဒဂုန်တာရာက ၁၉၄၆–ခုနှစ်တွင် ထုတ်ဝေသော 'တာရာမဂ္ဂဇင်း' ၌ 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"သူ့တွင် နိုင်ငံရေးဝိညာဉ်ကား ပြင်းထန်လှ၏။ နိုင်ငံရေးတခုတည်းသာ လုပ်သော လူတဦးဖြစ်၏။

သူသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်။ 'တခုတည်းသော ယုံကြည်ချက်နှင့် တခုတည်းကိုသာ လုပ်သော နိုင်ငံရေး သတ္တဝါ ဖြစ်၏။' ထို့ကြောင့် ကိစ္စမရှိ။"

သခင်အောင်ဆန်း၏ ရိုင်းပုံ၊ ကြမ်းပုံတို့ကို သခင်တင်မောင်(ကျုံမငေး) ကလည်း ၄–၁–၆၃ နေ့ထုတ် ကြေးမုံသတင်းစာတွင် အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"၁၉၄၀–ခုနှစ် ဇန်နဝါရီလတွင် တို့ဗမာအစည်းအရုံးကြီး၏ အမှုဆောင်အစည်းအဝေးကို မန္တလေးမြို့၌ ကျင်းပလေသည်။ အမှုဆောင်အားလုံး မန္တလေးရုံတော်ကြီးရှိ ဦးဘဦး တိုက်ကြီးတွင် တည်းခိုကြသည်။ အစည်းအဝေးကိုလည်း ထိုတိုက်မှာပင် ကျင်းပလေသည်။

Myanmar Cupid Community PDF Creator Group

အမှုဆောင် အစည်းအဝေး ကျင်းပနေဆဲမှပင် ဗြိတိသျှ လေဘာပါတီ ခေါင်းဆောင်တဦးဖြစ်သူ ဆာစတက်ဖို့ကရစ်ပ် သည် ဗမာပြည်၏ အခြေအနေကို လေ့လာရန် ရောက်ရှိလာလေသည်။ ဗမာပြည် မလာမီကလေးကပင် ၎င်းအား လေဘာပါတီမှ ထုတ်ပယ်ခံထားရလေသည်။ အကြောင်းမှာ စစ်အတွင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေး တပ်ပေါင်းစုတခု ဖွဲ့သင့်သည်ဟု ပါတီတွင် အကြံပေးမိသည့်အတွက် ဖြစ်လေသည်။

ဗမာပြည်တွင် ဦးတင်ထွဋ်အိမ်၌ ခေတ္တတည်းခိုပြီး တို့ဗမာအစည်းအရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးလိုသည့်အတွက် မန္တလေးသို့ လိုက်လာခဲ့လေသည်။ ဆာစတက်ဖို့ကရစ်ပ် အား သခင်ကျော်စိန်(ယခု ပြည်သူ့စာပေတိုက်) က မန္တလေးသို့ လိုက်ပို့ရလေသည်။ မန္တလေးတွင် ထိုလေဘာပါတီ ခေါင်းဆောင်ကြီးနှင့် တို့ဗမာအစည်းအရုံး အမှုဆောင်များ တွေ့ဆုံကြပုံမှာ ကျွန်တော့် တသက်တာတွင် မမေ့နိုင်အောင် ရှိတော့သည်။

ဆွေးနွေးပွဲကို သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်လေးမောင်တို့အား ဦးဆောင်ဆွေးနွေးရန် သတ်မှတ်ထားကြပါသည်။ သခင်မြမှာ မန္တလေးတွင် ကြာရှည်မနေနိုင်ဘဲ အစည်းအရုံးတာဝန်များနှင့်ပင် ရန်ကုန်သို့ ပြန်သွားရလေသည်။ ဆွေးနွေးပွဲတွင် ကရစ်ပ်၏ လက်ယာဘက်က သခင်ကျော်စိန်၊ သခင်လေးမောင်၊ သခင်လှဘော်၊ သခင်ထိပ်တင်ကိုယ်တော်ကြီးတို့က ထိုင်နေကြ၍ လက်ဝဲဘက်တွင် သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးနှင့် ကျွန်တော်တို့ ထိုင်နေကြပါသည်။

ကရစ်ပ်က 'ဗမာပြည် ကို မလာခင်တုန်းက တို့ဗမာအစည်းအရုံးနဲ့ ခေါင်းဆောင်တွေရဲ့ အကြောင်းကို ကျွန်တော် နားလည်တာနဲ့၊ ဒါတွေဟာ ဗမာပြည်မြေပေါ်ရောက်လို့ တညလဲ အိပ်မိရော ကျွန်တော်သိထားတာတွေ အားလုံး အမြီးနဲ့ခေါင်းနဲ့ လွဲနေတာ တွေ့ရပါတယ်' ဟု ပြောရင်း ဟားတိုက်ရယ်လိုက်ပါသည်။ 'ကျွန်တော် သိခဲ့တာက ခင်ဗျားတို့ အစည်းအရုံးဟာ လူရမ်းကားကလေးတွေ၊ ဆင်ခြင်တုံတရား ကင်းမဲ့သူတွေ၊ သူပုန်ထဘို့ သွေးဆူ

နေတဲ့ သူကလေးတွေ၊ ပညာမဲ့ အလုပ်လက်မဲ့ ကလေးတွေ စုပေါင်း ပါဝင်တဲ့ အစည်းအရုံးကြီးဘဲလို့ နားလည်လာခဲ့ပါတယ်။ အခုမှ ဒီလိုမဟုတ်မှန်း သိပါတော့တယ်။'

သခင်အောင်ဆန်းက ရယ်လျက် 'ဒါဟာ ခမ္မတာပါဘဲ၊ အုပ်စိုးသူ ဆိုတာဟာ အုပ်စိုးခံရသူများ အပေါ်မှာ ဒီလိုဘဲ သဘောထားတတ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့က အတိုက်အခံ လုပ်နေတော့ ဒီလိုဘဲ သတင်းပေးကြမှာပါဘဲ။ တခု ကျွန်တော်ပြောချင်တာက ဗမာပြည်မှာရှိတဲ့ လူငယ်တိုင်းဟာ ဒီလိုဘဲ ပညာမဲ့ အလုပ်လက်မဲ့ လူပေ လူတေကလေးတွေချည်း ဖြစ်နေရတယ် ဆိုရင်လဲ ဘယ်သူ့ အပြစ်လဲ။ ဗြိတိသျှ အုပ်စိုးခြင်း အောက်မှာ ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်တခုအနေနဲ့ ဗြိတိသျှလူမျိုးတွေဘဲ ရှက်စရာ ကောင်းနေမှာပေါ့။'

ကရစ်ပ်။ ။ 'ကျွန်တော် တခုမေးစမ်းပါရစေ၊ စပ်စုတယ်လို့လဲ မထင်ပါနဲ့။ ရင်းရင်းနှီးနှီး သဘောထားလို့ မေးရဲတာပါ။ ခင်ဗျားတို့က အခု အင်္ဂလိပ် လက်အောက်ခံဘဝက လွတ်အောင် ကြိုးပမ်းနေကြတယ်။ လွတ်လပ်ရေးကို ဘယ်လိုနည်းနဲ့ ရအောင် လုပ်ကြမှာလဲ'

သခင်အောင်ဆန်း။ ။'နည်းကတော့ ကျွန်တော်တို့ တရားတယ်ထင်တဲ့ နည်းနဲ့ ရအောင် လုပ်ယူရမှာဘဲ'

ကရစ်ပ်။ ။'မစ္စတာအောင်ဆန်းပြောတာ ကျွန်တော် နားမလည်သေးပါဘူး၊ ထပ်ရှင်းစမ်းပါအုံး'

သခင်အောင်ဆန်း။ ။'ရှင်းပါတယ်၊ တရားတယ်ထင်တဲ့နည်း ဆိုတာဟာ ရရာနည်းနဲ့ လုပ်ရမယ်လို့ ဆိုတာဘဲ။ ဥပမာဗျာ ခင်ဗျားအိပ်ထဲမှာ ထည့်ထားတဲ့ ဖောင်တိန်ဟာ ကျွန်တော်ပိုင်တဲ့ ဖောင်တိန် ဆိုပါတော့။ ခင်ဗျားက ကျွန်တော့်ဆီက အနိုင်ကျင့်ပြီး လုယူထားတယ်ဆိုပါတော့။ ဒီတော့ ကျွန်တော်က ခင်ဗျားကို တောင်းပန်ပြီး ပြန်ပေးပါဗျာလို့ ချော့တောင်းမယ်။ မရရင် နောက်တနည်းနဲ့ တောင်းမယ်။ အဲဒီလိုမရတဲ့ အဆုံးကျတော့ မပေးဘူး

လား ပေးမလားဆိုပြီး ခြိမ်းခြောက်တောင်းမယ်။ ဒါနဲ့မှ မရရင် ဟောဒီလို အတင်း လုယူမယ်'

သခင်အောင်ဆန်းသည် ပြောပြောဆိုဆို ဆာစတက်ဖို့ကရစ်ပ် ၏ အိပ်ကပ်ထဲက ဖောင်တိန်ကို ဆွဲယူလိုက်ရာ ကရစ်ပ်၏ ကုတ်အင်္ကျီအိပ်ကြီးပါ ပြဲ၍ ပါလာလေတော့သည်။

သခင်အောင်ဆန်းမှာ ဧည့်သည်တယောက်၏ အင်္ကျီပြဲသည်ကိုပင် အားမနာတတ်၊ အလိုက်မသိတတ်ဘဲ ဆက်၍ ပြောလိုက်သေး၏။ 'ကဲ အဲဒီနည်းဟာ ကျွန်တော် တရားတယ်ထင်တဲ့ နည်းဘဲ။ ကျွန်တော့် ဖောင်တိန်ပြန်ရတာ လိုရင်းဘဲ။'

ကရစ်ပ်မှာ ဘာမျှမပြောနိုင်။ အားရပါးရ ဟားတိုက်၍သာ ရယ်မောနေရှာတော့၏။

သခင်အောင်ဆန်းက ဆက်ပြီး 'ကဲ အခုလို လုပ်ယူရတော့ ကောင်းသေးရဲ့လား။ ကျွန်တော့်မှာတော့ ကျွန်တော့် ဖောင်တိန် ပြန်ရပါလေရဲ့။ ခင်ဗျားမှာတော့ အင်္ကျီအိပ် အပြဲခံရတာသာ အဖတ်တင်တာပေါ့။ စောစောကသာ ပြန်ပေးလိုက်ယင် အင်္ကျီလဲ မပြဲဘူး။ ကျွန်တော့် လက်တောင် တော်တော်နာသွားတယ်။ ခု ကျွန်တော် ပြောနေတာတွေဟာ အပိုပြောတာလဲ မပါဘူး။ ခြိမ်းခြောက်နေတာလဲ မဟုတ်ဖူး။ တကယ်ဖြစ်လာနိုင်တဲ့ သဘောကို ပြောပြနေတာဘဲ။'

ကရစ်ပ်မှာ ဘာမှမပြောနိုင်။ အူတက်မတတ် ဖြစ်နေရှာသည်။ နောက်အတန်ကြာမှ 'အို ချစ်စရာကောင်းတဲ့ အောင်ဆန်း၊ ချစ်စရာကောင်းတဲ့ အောင်ဆန်း' ဟူ၍သာ ထပ်ကာထပ်ကာ ရေရွတ်၍ နေရှာပါတော့သည်။

ကျွန်တော်တို့တတွေမှာ ဧည့်သည်များကိုလဲ အားနာ၊ မရယ်ဘဲလည်း မနေနိုင်ဖြစ်ကာ မျက်နှာအထားရ ခက်နေကြရတော့၏။"

သခင်အောင်ဆန်း ရိုင်းခြင်း၊ ကြမ်းခြင်း(ဝါ) လောက်ကဝတ်ကို ဂရုမစိုက်ခြင်းတို့သည် သူတပါးအပေါ်တွင် စော်ကားမော်ကား ပြုလုပ်လိုသောကြောင့်မဟုတ်။ နိုင်ငံရေးကိုသာ အမြဲစဉ်းစားနေသောကြောင့် ဖြစ်သည်ဟု ယူဆချင်ပါသည်။ အမှန်မှာ သခင်အောင်ဆန်းသည် အလွန်ကိုယ်ချင်းစာတရားရှိသူ ဖြစ်ပါသည်။ ကိုယ်ချင်းစာတရားမရှိသော တကိုယ်ကောင်း ဆံသောသူများကို အလွန်စက်ဆုပ်သူ ဖြစ်ပါသည်။ သခင်အောင်ဆန်း မည်မျှရဲဘော်စိတ် ရှိသည်ကို သူနှင့်အတူ လုပ်ဖော်ကိုင်ဘက် အားလုံး သိပါသည်။ အချို့သော ခေါင်းဆောင်များကဲ့သို့ ဆွေမျိုးသားချင်းအပေါ်တွင် ဝံသာမနုဘဲ သူ၏ ရဲဘော်များကိုသာ ဦးစာပေးလေ့ရှိကြောင်း၊ သူ၏ နောက်ပိုင်းလုပ်ရပ်များက သက်သေခံပါသည်။

၁၉၃၉–ခုနှစ်လောက်တွင် သခင်အောင်ဆန်း အဖမ်းခံရပါသည်။ သို့သော်လည်း ရုံးတင် တရားစွဲဆို နိုင်လောက်အောင် အထောက်အထားများ မရနိုင်ရကား အင်္ဂလိပ်အစိုးရသည် သခင်အောင်ဆန်းနှင့် ရဲဘော်များကို မကြာမီ လွှတ်ပစ် လိုက်ရပါသည်။

* * * * *

(၆)
လက်ဝဲအင်အားစု

သခင်အောင်ဆန်း၏ နိုင်ငံရေးရင့်ကျက်မှုသည် မြန်ဆန်လှပါသည်။ တို့ဗမာအစည်းအရုံးအတွက် တိကျပြတ်သားသော ဝါဒလမ်းစဉ်များကို သူပင် ဒိုင်ခံရေးဆွဲခဲ့ပါသည်။ ပါတီဝင် ရဲဘော်အချို့သည် မီအောင်မလိုက်နိုင်ကြသဖြင့် သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးကို အားမရ ဖြစ်လာပါသည်။ တိုင်းပြည်လွတ်လပ်ရေး ရရုံဖြင့် မပြီးသေးဘဲ၊ လူများစုဖြစ်သည့် အလုပ်သမား လယ်သမားများ၏ ဘဝလွတ်မြောက်ရေးကို ဆောင်ရွက်လိုသည့် လက်ဝဲ အင်အားစုများကို သိမ်းသွင်း စည်းရုံးရမည်ဟု သခင်အောင်ဆန်း ကောင်းစွာ သဘောပေါက်ပေသည်။

ထိုသို့ သဘောပေါက်သည့် အတိုင်း သခင်သိန်းဖေ (သိန်းဖေမြင့်)၊ သခင်ဗဟိန်း (ကွယ်လွန်သူ)၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ကာလကတ္တားမှ ရောက်လာသော ကုလားရဲဘော်တယောက်တို့နှင့်အတူ သခင်အောင်ဆန်းသည် 'ကွန်မြူနစ်ပါတီ' တည်ထောင်ရန် ကလပ်စည်းတခု ဖွဲ့စည်းပါသည်။ ထိုကလပ်စည်းတွင် သခင်အောင်ဆန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက် ပါသည်။

'ကွန်မြူနစ်အစ အောင်ဆန်းက' ဟုရေးလျှင် မှားမည်မထင်ပါ။ သို့သော်လည်း အင်္ဂလိပ်အစိုးရက ကွန်မြူနစ်ပါတီ တည်ထောင်ခွင့် မပြုသည်က တကြောင်း၊ အမျိုးသား လွတ်လပ်ရေးအတွက် ခေါင်းချ ဆောင်ရွက်နေသည့် တို့ဗမာအစည်းအရုံးအတွက် အချိန်ပြည့် ပေးနေရသည်က တကြောင်းတို့

ကြောင့် သခင်အောင်ဆန်းတို့ လူစုသည် ထိုအချိန်က ကွန်မြူနစ် ပါတီကို လက်တွေ့ အကောင်အထည် မဖော်နိုင်ခဲ့ပေ။

သခင်အောင်ဆန်းသည် အလွန် အလုပ်လုပ်သူ ဖြစ်ပါသည်။ အလုပ်ရှိလျှင် နေ့ရောညပါ မအိပ်ဘဲ မပြီးမချင်းလုပ်သူ ဖြစ်ပါသည်။ အရည်အချင်းပြည့်ဝရုံမက ကျောင်းသားဘဝမှစ၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည့်အတိုင်း အတွေ့အကြုံများလှပြီဖြစ်ရကား သခင်အောင်ဆန်း၏ အတွေးအခေါ် အယူအဆသည် ရှင်းလင်းပြတ်သား၍ လက်တွေ့နှင့်လည်း ကိုက်ညီလှပါသည်။

၁၉၄၀–ပြည့်၊ မတ်လတွင် သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်ခင်အောင် စသော တို့ဗမာအစည်းအရုံးကိုယ်စားလှယ်များနှင့် ကိုထွန်းရှိန် (ယခု ဗိုလ်ရန်နိုင်) စသော ကျောင်းသားကိုယ်စားလှယ်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ သခင်အောင်ဆန်းသည် အိန္ဒိယပြည် ရမ်းဂါးမြို့၌ ကျင်းပသော တောင်သူလယ်သမား ကွန်ဖရင့်သို့ သွားရောက် တက်ခဲ့ပါသည်။ ထိုကွန်ဖရင့်တွင် တင်သွင်းရန် တို့ဗမာအစည်းအရုံး၏ ကြေညာစာတမ်းကို တညလုံးမအိပ်ဘဲ အင်္ဂလိပ်ဘာသာဖြင့် အပြီးရေးဆွဲခဲ့ပါသည်။ ထိုကြေညာစာတန်းမှ အောက်ပါ ကောက်နုတ်ချက်ကို ဖတ်ကြည့်လျှင် သခင်အောင်ဆန်း၏ နိုင်ငံရေးအယူအဆ အတွေးအခေါ်များ မည်မျှ တိုးတက်သည်ကို သိနိုင်ပါသည်။

## နိုင်ငံရေးရည်မှန်းချက်

(၁) နယ်ချဲ့သမားများ၏ အုပ်ချုပ်မှုအောက်မှ လုံးဝလွတ်မြောက်ရေး။

(၂) ရှမ်းပြည်နှင့် အခြားချွင်းချန်ထားသော နယ်များ[ ၁၉၃၅–ခု မြန်မာ ပြည်အက်ဥပဒေအရ ပြည်မနှင့် ခွဲခြားထားသော တောင်တန်းဒေသများကို ဆိုလိုသည်။ ။စာရေးသူ]တွင် ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး။

(၃) တောင်သူလယ်သမားများနှင့် ပစ္စည်းမဲ့တို့၏ ဒီမိုကရေစီ အာဏာရှင်စနစ်။

Myanmar Cupid Community PDF Creator Group

(၄) လွတ်လပ်စွာ ဟောပြောပိုင်ခွင့် စည်းရုံးပိုင်ခွင့်၊ ပုံနှိပ်ထုတ်ဝေ ပိုင်ခွင့် စသည်များ။

(၅) လူတိုင်း လက်နက် ကိုင်ဆောင်ခွင့်။

## စီးပွားရေး ရည်မှန်းချက်

(၆) အလုပ်သမားပေါ်လစီ။

(က) တနေ့လျှင် အလုပ်ချိန် ၈–နာရီထက် မပိုစေရ။

(ခ) အလုပ်သမားများ၏ အနည်းဆုံးလုပ်ခကို ဥပဒေဖြင့် သတ်မှတ်ပေးရေး။

(ဂ) ကလေးသူငယ်များအား အလုပ်ကြမ်း လုပ်ခိုင်းခြင်းကို ဖျက်သိမ်းရေး။

(ဃ) လူမှုဖူလုံရေး (အိုနာစာရိပုံငွေ၊ နာမကျန်း ရံပုံငွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီး အလုပ်သမ ရံပုံငွေ၊ အလုပ် လက်မဲ့ ရံပုံငွေ စသည်များ)

(င) အလုပ်လက်မဲ့ မဖြစ်စေရန်အတွက် နိုင်ငံပိုင် စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရေး။

(စ) စက်မှုလက်မှု လုပ်ငန်းများကို အလုပ်သမားများ အုပ်ချုပ် နိုင်ရေး။

(၇) မြေယာပေါ်လစီ။

(က) မြေရှင်စနစ် ဖျက်သိမ်းရေး။

(ခ) ဆင်းရဲသော တောင်သူလယ်သမားများနှင့် အလတ်တန်းစား တောင်သူ လယ်သမားများအား မြေယာအခမဲ့ ဝေငှပေးရေး။ နောက်ဆုံးတွင်

မြေယာအားလုံးကို နိုင်ငံပိုင်သိမ်းပြီး စက်မှုမြေယာ စနစ်သို့ ပြောင်းရေး။

(၈) အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ ကြွေးမြီများကို လျှော်ပစ်ရေး။

(၉) နိုင်ငံခြား ကြွေးမြီအားလုံး လျှော်ပစ်ရေး။

(၁၀) ဝင်ငွေအနည်းအများပေါ်တွင် အခြေခံသော အမြတ်တော်ခွန် မှတပါး၊ တိုက်ရိုက်နှင့်သွယ်ဝိုက်ခွန်များအားလုံး ဖျက်သိမ်းရေး။

(၁၁) နယ်ဘက်စစ်ဘက်ဆိုင်ရာ အသုံးစရိတ်ကို မျှတစွာ ပြင်ဆင်ရေး(အထက်တန်း လစာများကို လျှော့ချပြီး၊ အောက်တန်း လစာများ တိုးမြှင့်ပေးရေး။)

(၁၂) မြေယာအားလုံး သစ်တော၊ ရေကြောင်း၊ မီးရထား၊ သတ္တုတွင်းများ စက်မှုလုပ်ငန်း အကြီးစား၊ ဘဏ်တိုက် စသည်များကို နိုင်ငံပိုင်လုပ်ရေး။

## လူမှုရေးရည်မှန်းချက်

(၁၃) အမျိုးသမီးများ စီးပွားရေး၊ လူမှုရေး၊ အချုပ်အချယ်များမှ ကင်းလွတ်စေရေး။ လုပ်ငန်းအားလုံးတွင် အမျိုးသမီးများ တူညီသော အခွင့်အရေး ရရှိစေရေး။

(၁၄) လူတိုင်း အခမဲ့ ပညာသင်ယူနိုင်ရေး၊ လူငယ်များ၏ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံရေး၊ အဆင့်အတန်း မြှင့်တင်ပေးရေး။

(၁၅) နိုင်ငံသားတိုင်း၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်။

Myanmar Cupid Community PDF Creator Group

(၁၆) လူနည်းစုအားလုံးအတွက် ယဉ်ကျေးမှု လွတ်လပ်ခွင့်။ [လူမျိုးစုတိုင်း မိမိရိုးရာဓလေ့အတိုင်း ဆောင်ရွက်ပိုင်ခွင့်ကို ဆိုလို သည်။ ။စာရေးသူ]

(၁၇) လူမျိုး၊ ဘာသာ၊ လိင် မခွဲခြားဘဲ ဥပဒေအရာတွင် တူညီမှု။

၁၉၃၉–ခုလောက်ကပင် သခင်အောင်ဆန်းသည် ရင့်ကျက်သော နိုင်ငံရေးခေါင်းဆောင်တယောက် ဖြစ်နေပေပြီ။ အသက်အရွယ်အားဖြင့် ၂၄–နှစ်မျှသာ ရှိသေးသော်လည်း တွေးခေါ်ယူဆပုံသည် လက်ဟောင်း နိုင်ငံရေး သမားများ လက်ဖျားခါရလောက်အောင် ရင့်ကျက်နေပါပြီ။ လက်ဟောင်း နိုင်ငံရေးသမားကြီးများအနေဖြင့် 'ဟုမ္မရူး' ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်နှင့်သာ နှစ်သိမ့် ကျေနပ်နေကြသော်လည်း သခင်အောင်ဆန်းသည် 'လုံးဝလွတ်လပ်ရေး' ကို ပန်းတိုင်အဖြစ် သတ်မှတ်ပါသည်။ တိုင်းပြည်လွတ်လပ်ရေးလောက်ဖြင့် မကျေနပ်သေးဘဲ အလုပ်သမား၊ လယ်သမားများ စသည့် အဖိနှိပ်ခံ ပစ္စည်းမဲ့လူတန်းစားများ၏ ဘဝလွတ်မြောက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားနေပေပြီ။

၁၉၃၉–ခု စက်တင်ဘာလတွင် ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားပါသည်။ အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံ စသည်တို့က တဖက်ဖြစ်၍ ဂျာမနီ၊ အီတလီ စသည့် ဝင်ရိုးတန်းနိုင်ငံများက တဖက် ဖြစ်ပါသည်။ အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံတို့သည် 'လွတ်လပ်ရေး၊ ဒီမိုကရေစီရေး တို့အတွက် စစ်တိုက်ရပါသည်' ဟု ကြွေးကြော်သော်လည်း မိမိတို့လက်အောက်ခံ နိုင်ငံများအား လွတ်လပ်ရေး ပေးရန်ကိုမူ လက်တွန့်နေကြပါသည်။

ဗြိတိသျှ အကြပ်ရိုက်နေစဉ် မြန်မာ့လွတ်လပ်ရေးကို အရယူရန် တို့ဗမာအစည်းအရုံး ခေါင်းဆောင်များ စိုင်းပြင်းကြပါသည်။ 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟူသောဆောင်ပုဒ်ကို ကြွေးကြော်ကြကာ တို့ဗမာ သခင်ခေါင်းဆောင်များသည် အခြားပါတီ၊ ပုဂ္ဂိုလ်များကို သိမ်းသွင်း၍ 'ဗမာ့ထွက်ရပ်ဂိုဏ်း' (Freedom Bloc) ကို ဖွဲ့စည်းကြပါသည်။

Myanmar Cupid Community  PDF Creator Group

၁၉၃၉–ခု အောက်တိုဘာလ(နိုဝင်ဘာလ) လောက်တွင် ဒေါက်တာဘမော်အိမ်၌ အစည်းအဝေးကျင်းပကာ ထွက်ရပ်ဂိုဏ်းအတွက် ဒေါက်တာဘမော်ကို ဥက္ကဋ္ဌ၊ သခင်အောင်ဆန်းကို အတွင်းရေးမှူးအဖြစ် တင်မြှောက်ကြ၍ လမ်းစဉ်တရပ်ရေးဆွဲကြပါသည်။ လမ်းစဉ်ရေးဆွဲရန် အစည်းအဝေးကို ၁၅–ရက်ခန့် ရွှေ့ဆိုင်းသင့်ကြောင်း အခြားပုဂ္ဂိုလ်များက ပြောရာ သခင်အောင်ဆန်းက 'အစည်းအဝေး ရွှေ့ရန်မလို၊ ယခုပင်ရေးဆွဲမည်၊ ခင်ဗျားတို့ လက်ဖက်ရည်သောက်နေကြပါ' ဟုပြောပြီး အခြားစားပွဲတလုံးသို့ ရွှေ့ပြောင်း၍ တထိုင်တည်းနှင့် 'ထွက်ရပ်ဂိုဏ်း' အတွက် လမ်းစဉ်များကို ရေးဆွဲလိုက်ပါသည်။ သခင်အောင်ဆန်း ရေးဆွဲတင်ပြသော လမ်းစဉ်ကို အားလုံးက သဘောတူလက်ခံကြသည်ဟု အတူပါသွားသူ သခင်တင်မောင်(ကျုံမငေး)ထံမှ သိရပါသည်။

အထက်တွင် ရေးခဲ့သည့်အတိုင်း ဗြိတိသျှနယ်ချဲ့သမားသည် 'လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် စစ်တိုက်ရပါသည်' ဟု ကြွေးကြော်သော်လည်း မိမိတို့လက်အောက်ခံနိုင်ငံများအား လွတ်လပ်ရေးပေးမည်ဟူ၍ကား မကြေညာပါ။ 'စစ်နိုင်ရေးအတွက် ကူညီကြပါ၊ စစ်ပြီးလျှင် လက်အောက်ခံနိုင်ငံများအရေးကို စဉ်းစားပါမည်' ဟုသာ မတင်မကျ ကြေညာလေသည်။

ထိုကြေညာချက်သည် အားရစရာ မရှိသဖြင့် သခင်အောင်ဆန်းတို့လူစုသည် နယ်ချဲ့ဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေး တိုက်ပွဲများကို ပြင်းပြင်းထန်ထန် ဆင်နွှဲကြပါသည်။ ဗြိတိသျှအစိုးရကလည်း နိုင်ငံရေးသမားမြောက်မြားစွာကို ဖမ်းဆီးချုပ်နှောင်ပါတော့သည်။

အချို့ကို ပုဒ်မတပ် ရုံးတင်တရားစွဲ၍ ထောင်ချပါသည်။ (ဒေါက်တာဘမော်၊ သခင်နု စသည်များ) အချို့ကိုမူ ယခုခေတ် အသုံးပြုသော ပုဒ်မ–၅ နှင့် အလားတူသော ကာကွယ်ရေးဥပဒေပုဒ်မ–၂၆ ဖြင့် ဖမ်းဆီး၍ ရက်အကန့်အသတ်မရှိ ချုပ်နှောင်ပါသည်။

အဖမ်းခံရသော နိုင်ငံရေးသမားများသည် များသောအားဖြင့် သခင်ပါတီဝင်များနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီ(အရပ်ခေါ် ဓားမပါတီ)ဝင်များ ဖြစ်ကြပါသည်။

သခင်အောင်ဆန်းကိုလည်း ဇလွန်မြို့၌ တရားဟောခဲ့မှုကြောင့် ဖမ်းဆီးရန် ဝရမ်းထုတ်ပါသည်။ အဖမ်းခံ၍ ထောင်ထဲ သွားနေခြင်းသည် အကျိုးမရှိ။ အပြင်တွင်ရှိနေမှ တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနိုင်မည်ဟု သဘောပေါက်သည့်အတိုင်း သခင်အောင်ဆန်းသည်အဖမ်းမခံဘဲ မြေလျိုးပါတော့သည်။

* * * * *

(၇)
ရဲဘော်သုံးကျိပ် ရွေ့ပြေး

သခင်အောင်ဆန်းသည် စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမား ဖြစ်ပေသည်။ မိုက်ရူးရဲလုပ်တတ်သူမဟုတ်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးမှ လမ်းစဉ်ချသူ ဖြစ်သည်။

'သူပုန်ထတယ်ဆိုတာ အခါအခွင့်ကောင်းရမှ ထရတယ်။ အင်္ဂလိပ်တွေ ဒုက္ခရောက်နေတဲ့ အခိုက်လဲ ဖြစ်ရမယ်။ ကိုယ့်မှာလဲ လူအင်အား၊ လက်နက်အင်အား ရှိရမယ်။ ဗမာပြည်ဟာ တိုင်းပြည်ငယ်ကလေးဖြစ်လို့ အားကိုးရမယ့် တိုင်းပြည်ကြီးတခုနဲ့လဲ ဆက်သွယ်မိပြီး ဖြစ်ရမယ်။ အဲဒီလို အကြောင်း အမျိုးစုံတဲ့အခါကျမှ သူပုန်ထရမယ်။ ဒါမှမဟုတ်ရင် မိုက်ရာ ကျတော့မပေါ့' ဟု သခင်အောင်ဆန်းက သူ့မိတ်ဆွေအချို့အား စကားစမြည်ပြောရင်း ပြောပြလေသည်။ [ 'အလင်းသို့' စာအုပ်မှ ကောက်နုတ်ချက် ]

မြေလျှိုးပြီးနောက် သခင်အောင်ဆန်းသည် အိပ်မနေဘဲ လွတ်လပ်ရေးရရန် အစီအစဉ်များ ပြုလုပ်လေသည်။ စစ်ဖြစ်နေသည့် အခြေအနေကို ချက်ကောင်းယူ၍ နိုင်ငံခြားနှင့် ဆက်သွယ်ကာ အကူအညီရယူရန် စီစဉ်လေသည်။

ထိုအချိန်လောက်တွင် 'ထွက်ရပ်ဂိုဏ်း' ဝင်များဖြစ်ကြသော ဒေါက်တာ ဘမော်၊ ဒေါက်တာသိန်းမောင် တို့ထံမှ ဂျပန်နိုင်ငံ၏ အကူအညီလိုချင်လျှင် ရနိုင်ကြောင်း ကြားသိရလေသည်။ သခင်အောင်ဆန်းနှင့် ရဲဘော်များသည် နိုင်ငံခြားအကူအညီ ယူသင့်၊ မသင့်ကို စဉ်းစားဆွေးနွေးကြပြီးနောက် ယူရန်

Myanmar Cupid Community PDF Creator Group

ဆုံးဖြတ်လိုက်ကြလေသည်။ မည်သည့်နိုင်ငံမှ အကူအညီယူရမည်ကိုကား အတိအကျ မဆုံးဖြတ်နိုင်ကြပေ။ တရုပ်ပြည်မှဖြစ်စေ၊ ယိုးဒယားပြည်မှ ဖြစ်စေ ရရာနိုင်ငံမှ အကူအညီကို ယူရမည်ဟူ၍သာ ဆုံးဖြတ်နိုင်ကြလေသည်။ နိုင်ငံခြားအကူအညီရနိုင်ရန် ထိုနိုင်ငံများသို့ တယောက်ယောက်ကို တိတ်တဆိတ်စေလွှတ်နိုင်မှသာလျှင် ရနိုင်မည်ဟုလည်း သဘောပေါက်ကြလေသည်။ ဤသို့ဖြင့် လူရွေးကြရာ၊ သခင်အောင်ဆန်းသည် မဆိုင်းမတွပင် သွားရန် သဘောတူလိုက်လေသည်။

ထိုအချိန်မှာ စစ်ဖြစ်နေသည့် အချိန်ဖြစ်ရာ နိုင်ငံခြားသို့ ခိုးထွက်သည့် အလုပ်သည် လွယ်ကူသော အလုပ်မဟုတ်ပါ။ အသက်စွန့်ရမည့် အလုပ်ဖြစ်ပါသည်။ သာမန်ပုဂ္ဂိုလ်များ လုပ်ရဲသည့် အလုပ်မျိုး မဟုတ်ပေ။ သခင်အောင်ဆန်းမှုကား တိုင်းပြည်အတွက် အသက်စွန့်ရန် ဦးမလေးသူ ဖြစ်သည့်အတိုင်း ထိုတာဝန်ကို ထမ်းဆောင်ရန် ဆုံးဖြတ်လိုက်လေသည်။

ဂျပန်က အကူအညီ ပေးမည်ဆိုသော်လည်း သခင်အောင်ဆန်းတို့လူစုကို ကွန်မြူနစ်ဟုယူဆကာ မယုံကြည်သဖြင့် အချိန်ဆွဲနေပါသည်။ ထို့ကြောင့် သခင်အောင်ဆန်းသည် သခင်လှမြိုင် (ယခု ဗိုလ်ရန်အောင်) နှင့် တရုပ်ပြည်သို့ ခိုးထွက်ရန် စီစဉ်လေသည်။

ထိုအချိန်တွင် တရုပ်–မြန်မာ လမ်းမကြီးမှာ ပိတ်နေပြီ ဖြစ်ရာ သခင်အောင်ဆန်းတို့သည် ကုန်းလမ်းဖြင့် မသွားနိုင်ကြဘဲ၊ ပင်လယ်ခရီးဖြင့် သွားရန် စီစဉ်ပါတော့သည်။ ရှေးဦးစွာ သင်္ဘောဖြင့် 'အမွိုင်' မြို့သို့သွား၍ ထိုမှတဆင့် တရုပ်ပြည်တွင်းသို့ သွားရန် ဖြစ်ပါသည်။ ထိုသို့သွားနိုင်ရန် 'ကိုကျော်ခင်' ဆိုသူ မိတ်ဆွေတဦးက စီစဉ်ပေးလေသည်။

[မှတ်ချက်။ ။အချို့ထင်နေသကဲ့သို့ အောင်ဆန်းက ဂျပန်ကို သွားခေါ်သည် ဆိုခြင်းမှာ မမှန်ပါ။ သခင်အောင်ဆန်းတို့သည် အမျိုးသားလွတ်မြောက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး အတွက် တိုက်ပွဲဆင်နွှဲနေသော တရုပ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် တရုပ်ပြည်သို့ ထွက်ခွာသွားခြင်း

Myanmar Cupid Community PDF Creator Group

ဖြစ်ပါသည်။ နောက်မှ အခြေအနေအရ ဂျပန်နှင့် ဆက်သွယ်မိ၍ ဂျပန်ပြည်သို့ ရောက်သွားခြင်း ဖြစ်ပါသည်။]

၁၉၄၀ ပြည့် ဩဂုတ်လ ၈–ရက်နေ့ညတွင် သခင်အောင်ဆန်း နှင့် သခင်လှမြိုင်တို့သည် တရုပ်လူမျိုးများကဲ့သို့ ရုပ်ဖျက်၍ တရုပ်သင်္ဘော 'ဟိုင်လီ' ဆိုက်ကပ်ထားရာသို့ သွားကြပါသည်။ သခင်အောင်ဆန်းက 'တန်လူရှောင်'၊ သခင်လှမြိုင်က 'တန်ဆူတောင်' ဟူသော တရုပ်အမည်များကိုယူ၍ ရေးဦးစွာ သင်္ဘောဆိပ်သို့ လံခြားဖြင့် သွားကြပါသည်။ ထိုမှတဆင့် သင်္ဘောကြီးရှိရာသို့ သမ္ပာန်ကလေးဖြင့် သွားကြရပါသည်။



အမွိုင်သို့သွားရန် ရုပ်ဖျက်ထားစဉ်

သခင်လှဖေ(ယခု ဗိုလ်လက်ျာ)နှင့် သခင်ထိန်ဝင်း တို့သည် သင်္ဘောဆိပ်မှနေ၍ သမ္ပာန်ကလေးလှော်ခတ်သွားရာသို့ မျက်စေ့တဆုံး လိုက်ကြည့်ကာ ဝမ်းနည်း၍ ကျန်ခဲ့ပါသည်။ သခင်လှမြိုင်သည် သခင်လှဖေတို့ကို ပြန်ကြည့်

Myanmar Cupid Community PDF Creator Group

သော်လည်း သခင်အောင်ဆန်းကမူ လုံးဝလှည့်မကြည့်ဘဲ ပင်လယ်ရေပြင်ကြီးရှိရာသို့သာ ရှေးရှု၍ ဆိတ်ငြိမ်စွာ လိုက်ပါသွားသည်ဟု ဗိုလ်လက်ျာ က ပြောဘူးပါသည်။

သခင်အောင်ဆန်းသည် လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်နှင့်တပြိုင်နက် နောက်ပြန်မကြည့်ဘဲ ရှေ့သို့သာ ဆက်လက်ချီတက်တတ်သူ ဖြစ်ပေသည်။ မည်သို့သော အခက်အခဲမျိုးနှင့် ရင်ဆိုင်ရစေကာမူ ရည်မှန်းထားသော ပန်းတိုင်သို့ မရောက်မချင်း ချီတက်မည်ပင်။ 'လေ့ခွက်ချည်းကျန်၊ အလံမလှဲ' ဟူသော လူစားမျိုးပေတည်း။

သခင်အောင်ဆန်းတို့၏ ရှေ့ရေးသည် အားရဘွယ် မရှိလှပါ။ သူ၏ ရဲဘော်များက သူတို့စရိတ်အတွက် ငွေ ၂၀ဝိ–မျှလောက်သာ ပေးလိုက်နိုင်ပါသည်။ သွားရမည့်နေရာသို့လည်း တခါမျှ မရောက်ဖူး။ အသိမိတ်ဆွေဟူ၍လည်း တယောက်မျှ မရှိပေ။ အချိန်အခါကလည်း စစ်ဖြစ်နေချိန်ဖြစ်ရာ အသက်အန္တရာယ်နှင့် နီးကပ်လှပါသည်။ ထို့ကြောင့်ပင် 'ဗိုလ်ချုပ်အောင်ဆန်း' ဖြစ်လာသောအခါ 'ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ' ဟူသော ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"ကျွန်ုပ်၏ ခရီးဆုံးဌာနမှာ အမွိုင်မြို့ဖြစ်၏။ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာရှိသည့် ကိစ္စများကို ခန့်ခွဲစီမံရမည်ဖြစ်၏။ ကျွန်ုပ်၏ အဖြစ်ကား သန်ကောင်လကွယ် တောရပ်လယ်၌ ရောက်ရှိနေသူပမာ ရှိနေတော့သည်။ ကျွန်ုပ်သွားရမည့်နေရာနှင့်ပတ်သက်၍ ကျွန်ုပ် ဘာတခုမျှမသိ။ ဆွေလည်းမရှိ၊ မျိုးလည်းမရှိ။ ကမ္ဘာ့အရှေ့ပိုင်းသားသည် အရှေ့ပိုင်းအကြောင်း အတုယောင်မျှလောက်သာသိ၏။ သိသမျှလည်း မရေရာလှ။ ဆိုးဝါးလှလေစွ။

အလုပ်အစီအစဉ်ဟူ၍ ဘာမျှအတိအကျရှိသည် မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှဉာဏ်ဖြင့်သာ ကြုံရမည့် အရေးဟူသ၍ကို စီမံအုပ်စီးရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန် လွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။

Myanmar Cupid Community PDF Creator Group

အဘယ်သို့ပင်ဖြစ်စေ၊ ငါသည် အကယ်၍ သေသွားသည့်တိုင်အောင် မြတ်သော သေခြင်း၊ နိုင်ငံအတွက်သေခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတော့၏။"

အထက်ပါ ကောက်နုတ်ချက်အရ၊ သခင်အောင်ဆန်းသည် တိုင်းပြည် အတွက် သေခြင်းကို မြတ်သောသေခြင်းဟု ယူဆကြောင်း ထင်ရှားပေသည်။

၁၉၄၀–ခု ဩဂုတ်လ ၂၄–ရက်နေ့တွင် သခင်အောင်ဆန်းတို့သည် အမွိုင်မြို့သို့ ရောက်သွားကြလေသည်။ လမ်းခရီးတလျှောက်တွင် သခင် အောင်ဆန်းသည် သူ့ထုံးစံအတိုင်း စဉ်းစား၍ နေလေသည်။ သခင်လှမြိုင် (ဗိုလ်ရန်အောင်) က 'အကိုကြီး၊ ကျွန်တော်တို့ ဘယ်သွားလို့ ဘယ်ရောက် ကြမှလဲ' ဟုမေးသောအခါ 'အသာနေစမ်းဗျာ၊ မမေးစမ်းပါနဲ့' ဟု မာန်မဲခြင်း ကိုသာ ခံရသည်ဟု သခင်လှမြိုင်က ဆောင်းပါးတခုတွင် ရေးခဲ့လေသည်။

အမွိုင်သို့ ရောက်သောအခါ 'အပြည်ပြည်ဆိုင်ရာ ဒေသ' ဖြစ်သည့် 'ကူလန်စူး' ကျွန်းကလေးတွင် နေကြရသည်။ ထိုကျွန်းကလေးကို ဗြိတိသျှ၊ အမေရိကန်၊ ဂျပန်နှင့် တရုပ်အစိုးရတို့က အလှည့်ကျ အုပ်ချုပ်ကြလေသည်။ သခင်အောင်ဆန်းတို့သည် ယောင်ယောင်လည်လည်နှင့် မသွားတတ် မလာ တတ် ဖြစ်နေရာ ပုလိပ်က ဖမ်းမည်လုပ်သဖြင့် မိမိတို့မှာ ပါလာသော ရှိစု မဲ့စု ငွေထဲမှ ၇၅–ကျပ် လပ်ထိုး လိုက်ရလေသည်။ ကျန်ငွေကလေးမှာ မများလှရကား တလကျော်လောက် ရှိသောအခါ တနေ့ ၄–ကျပ်မျှသော ဟော်တယ်ခကိုပင် မပေးနိုင်သည့်အခြေသို့ ဆိုက်ရောက်ကြရလေသည်။ သခင်အောင်ဆန်းကား သူ့ထုံးစံအတိုင်း စိတ်ဓာတ်မကျ၊ အခန်းအောင်း၍ စာဖတ်ကာသာ နေလေသည်။

နှစ်လမျှကြာသောအခါ ဂျပန်စစ်ဗိုလ်ကလေးတယောက် ရောက်လာ၍ သခင်အောင်ဆန်းတို့ကို ဂျပန်ပြည်သို့ ခေါ်ဆောင်သွားလေသည်။ ၁၉၄၀ ပြည့် နိုဝင်ဘာလတွင် ဂျပန်ပြည် တိုကျိုမြို့လေဆိပ်သို့ ဆိုက်ရောက်သောအခါ မစ္စတာ မီနာမိ(ခေါ်) ဗိုလ်မှူးကြီး ဆူဇူကီး (နောက်ပိုင်း ဗိုလ်မိုးကြိုး ဖြစ်လာသူ)

Myanmar Cupid Community PDF Creator Group

က ဆီးကြိုသည်။ ထို့နောက် သခင်အောင်ဆန်းတို့ကို ဟော်တယ်တခုတွင် ထား၍ ရှေ့လုပ်ငန်းအတွက် စီစဉ်ကြလေသည်။

၁၉၄၁–ခု ဇန်နဝါရီလတွင် ဂျပန်တပ်မတော် ဦးစီးချုပ်သည် 'မီနာမီကန်' ခေါ် အဖွဲ့တခု ဖွဲ့ရန် ဆုံးဖြတ်လိုက်လေသည်။ ထိုအဖွဲ့ကို မစ္စတာ မီနာမီ က ဦးစီးလျက် မြန်မာလူငယ်များကို တိတ်တဆိတ်ခေါ်ဆောင်၍ စစ်သင်တန်းပေးရန် ဖြစ်ပေသည်။ ထိုအချိန်ပင် ဂျပန်သည် မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားပေသည်။ မြန်မာ လူငယ်ကလေးများကို စစ်ပညာသင်ပေးလိုသည်မှာ စိတ်စေတနာကောင်းဖြင့် မဟုတ်ဘဲ မြန်မာပြည်ကို မိမိတို့ဝင်ရောက် တိုက်ခိုက်သောအခါ အတွင်းသူပုန် အဖြစ် အသုံးချရန်ဖြစ်ပေသည်။

ထို့ကြောင့် အခြားလူငယ်များကိုပါ ခေါ်လာရန် သခင်အောင်ဆန်း တို့ကို မြန်မာပြည်သို့ ပြန်လွှတ်ကြလေသည်။

* * * * *

(၈)
ဗိုလ်တေဇနှင့် ဘီ၊အိုင်၊အေ

သခင်အောင်ဆန်းသည် ဂျပန်၏ ရည်ရွယ်ချက်ကို များစွာ မယုံကြည်လှပေ။ သို့သော်လည်း စစ်ဖြစ်နေစဉ် အတောအတွင်း စစ်ပညာသင်ကြားရလျှင်၊ လက်နက်ရနိုင်လျှင်၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဟု ယူဆသည့်အတိုင်း လူငယ်ရဲဘော်များကို ခေါ်ဆောင်ရန် မြန်မာပြည်သို့ ပြန်လာလေသည်။

၁၉၄၁–ခု ဖေဖော်ဝါရီလတွင် သခင်အောင်ဆန်းသည် သွားတုတပ်၍ တရုပ်သင်္ဘောသားကဲ့သို့ ရုပ်ဖျက်ကာ မြန်မာပြည်သို့ ပြန်ရောက်လာသည်။ မြန်မာပြည်ရှိ ရဲဘော်များအား အခြေအနေအရပ်ရပ်ကို ရှင်းပြပြီးနောက် မတ်လဆန်းလောက်တွင် သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်ဗဂျမ်း(ဗိုလ်လရောင်)၊ တက္ကသိုလ်ကျောင်းသား ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)စသည့် ရဲဘော်များကို တပါတည်းခေါ်၍ ဂျပန်ပြည်သို့ သင်္ဘောဖြင့်ပင် ပြန်လေသည်။ အခြားလူငယ်များကိုလည်း အသုတ်လိုက်ပို့ရန် စီစဉ်ခဲ့လေသည်။

ဤသို့ဖြင့် 'ရဲဘော်သုံးကျိပ်' ဟု ရာဇဝင် တွင်နေသည့် အောက်ပါရဲဘော်တို့သည် သင်္ဘောဖြင့်တတန်၊ ယိုးဒယား အထိ ကုန်းကြောင့်ဖြင့်တမျိုး စသည်ဖြင့် ဂျပန်ပြည်သို့ တိတ်တဆိတ် ခိုးထွက်ကြလေသည်။ အနောက်စစ်မျက်နှာတွင် အလုပ်ရှုပ်နေသည် ဗြိတိသျှအစိုးရသည် သခင်အောင်ဆန်း ပျောက်သွားသည်ကိုငင်း၊ ခေတ္တပြန်လာသည်ကိုငင်း၊ အခြား မျိုးချစ်လူငယ်များ ပျောက်သွားသည်ကိုငင်း မသိလိုက်ရှာပေ။

ရဲဘော်သုံးကျိပ်

၁။ သခင်အောင်ဆန်း – ဗိုလ်တေဇ

၂။ သခင်လှဖေ – ဗိုလ်လကျာ်

၃။ သခင်ရှုမောင် – ဗိုလ်နေဝင်း

၄။ ကိုထွန်းရှိန် – ဗိုလ်ရန်နိုင်

၅။ ကိုလှမောင် – ဗိုလ်ဇေယျ

၆။ သခင်လှမြိုင် – ဗိုလ်ရန်အောင်

၇။ ကိုရွှေ – ဗိုလ်ကျော်ဇော

၈။ သခင်စံလှိုင် – ဗိုလ်အောင်

၉။ ကိုဆောင်း – ဗိုလ်ထိန်ဝင်း(အင်္ဂလိပ်အဝင်သေဆုံးသွားသည်။)

၁၀။ သခင်ထွန်းရွှေ – ဗိုလ်လင်းယုန်

၁၁။ သခင်အောင်သိန်း – ဗိုလ်ရဲထွဋ်

၁၂။ သခင်ဗဂျမ်း – ဗိုလ်လရောင်

၁၃။ သခင်တင်အေး – ဗိုလ်ဘုန်းမြင့်

၁၄။ သခင်ထွန်းခင် – ဗိုလ်မြင့်ဆွေ

၁၅။ သခင်သန်းတင်(၁) – ဗိုလ်သန်းတင်(ဧင်းမယ်တွင်ကျဆုံးသည်။)

၁၆။ သခင်သန်းတင်(၂) – ဗိုလ်မြဒင်(ဟိုင်နံကျွန်းတွင်ကျဆုံးသည်။)

၁၇။ သခင်အောင်သန်း – ဗိုလ်စကြာ

၁၈။ သခင်စိုး – ဗိုလ်မြင့်အောင် (အင်္ဂလိပ် ပြန်အဝင် ကိုယ့်ကိုယ်ကို သတ်သေသည်။)

Myanmar Cupid Community PDF Creator Group

၁၉။ သခင်စံမြ – ဗိုလ်တောက်ထိန်

၂၀။ ကိုလှ – ဗိုလ်မင်းရောင်

၂၁။ ကိုစောလွင် – ဗိုလ်မင်းခေါင်

၂၂။ သခင်ကျော်စိန် – ဗိုလ်မိုးညို

၂၃။ သခင်သစ် – ဗိုလ်စောနောင်

၂၄။ သခင်ခင်မောင်ဦး – ဗိုလ်တာရာ

၂၅။ သခင်ထွန်းလွင် – ဗိုလ်ဗလ

၂၆။ သခင်သန်းညွန့် – ဗိုလ်ဇင်ယော်

၂၇။ သခင်အေးမောင် – ဗိုလ်မိုး(ထူးကြီးတိုက်ပွဲတွင်ကျဆုံးသည်။)


၂၈။ သခင်မောင်မောင် – ဗိုလ်ညဏ(ဖာပွန်တိုက်ပွဲတွင် ကျဆုံးသည်။)

၂၉။ သခင်ငွေ – ဗိုလ်စောအောင်(ရွှေကျင်တိုက်ပွဲတွင် ကျဆုံးသည်။)

၃၀။ သခင်ထွန်းအုပ် – စစ်ပညာမသင်ဘဲ အုပ်ချုပ်ရေး ပညာသာ သင်သဖြင့် ဗိုလ်ဘွဲ့ မခံယူခဲ့ပေ။

ရဲဘော်သုံးကျိပ်သည် ဂျပန်ပြည်သို့ ရောက်သောအခါ ရှေးဦးစွာ 'ဖော်မိုဆာ' ကျွန်း၏ အနောက်ဖက်ရှိ 'ဟိုင်နံကျွန်း' တွင် စစ်ပညာကို ပင်ပန်းကြီးစွာ သင်ကြားရသည်။ အစားအသောက် အနေအထိုင် အလွန်ဆိုးရွားသည့်အပြင် စားချိန်နှင့် အိပ်ချိန်မှတပါး နားချိန်ဟူ၍ လုံးဝ မရှိသလောက်ပင်။ ထို့ထက် ဆိုးဝါးသည်မှာ ဂျပန်အရာရှိများသည် ပထမတွင် ရဲဘော်သုံးကျိပ်ကို မိတ်ဆွေကဲ့သို့ ဆက်ဆံသော်လည်း တဖြည်းဖြည်း မောက်မာလာကာ လက်အောက်ငယ်သားသဖွယ် ဆက်ဆံလာကြသည်။ အသက်ငယ်ရွယ်သော ရဲဘော်များသည် ခံပြင်းလှရကား ထိုအချိန် ထိုနေရာ၌ပင် ဂျပန်တို့ကို တော်လှန်

လိုစိတ် ပေါက်လာကြပေသည်။ သခင်အောင်ဆန်း၏ ဆုံးမသွန်သင်မှု ကောင်းသောကြောင့်သာ စိတ်လိုက်မာန်ပါ မလုပ်ခဲ့မိခြင်း ဖြစ်ပေသည်။



ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်တေဇ (၁၉၄၁ – ဂျပန်)

၁၉၄၁–ခု ဒီဇင်ဘာလ ၇–ရက်နေ့တွင် ဂျပန်သည် စစ်မကြေညာဘဲ ဟာဝေယံကျွန်းရှိ ပုလဲဆိပ်ကမ်း (Pearl Harbour) ကို ဗုံးကြဲတိုက်ခိုက်၍ အမေရိကန်ရေတပ်ကို ဖျက်ဆီးပစ်လိုက်လေသည်။ အင်္ဂလိပ်–အမေရိကန်တို့သည်လည်း ဂျပန်ကို စစ်ကြေညာရလေတော့သည်။ ဂျပန်သည် တဟုန်ထိုး စစ်ဆင်ကာ 'ဝေလမင်းသား' နှင့် 'ရီပါးလ်စ်' (Prince of Wales and Repulse) ခေါ် အင်္ဂလိပ်စစ်သင်္ဘောကြီး နှစ်စင်းနှင့်တကွ အခြား သင်္ဘောငယ်များစွာကို ဗုံးကြဲဖျက်ဆီး၍ အရှေ့အာရှတောင်ပိုင်းရှိ အင်္ဂလိပ်–အမေရိကန် လက်အောက်ခံနိုင်ငံများကို အလွန်တိုတောင်းသော အချိန်အတွင်း သိမ်းပိုက်လိုက်လေသည်။ ယိုးဒယားပြည်သည်လည်း လေးနာရီကြာမျှ စတိသဘော ခုခံပြီးနောက် လက်နက်ချလေသည်။

ဂျပန်သည် စစ်ထဲဝင်လာပြီးသည့်နောက် ရက်ပိုင်းအတွင်း၌ပင် 'မီနာမီကန်' အဖွဲ့ဝင် ဂျပန်စစ်ဗိုလ်များနှင့် ရဲဘော်သုံးကျိပ်သည် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ရွှေ့ပြောင်း၍ 'ဘီ–အိုင်–အေ' ခေါ် ဗမာ့လွတ်လပ်ရေး

တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ကြလေသည်။ ဘီ–အိုင်–အေ ဆိုသည်မှာ (Burma Independence Army) ဟူသည့် အင်္ဂလိပ် ဘာသာပြန်ချက်၏ အတိုကောက် ဖြစ်ပါသည်။

ဘန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်သည် မိမိတို့၏ လက်မောင်းသွေးများကို ဖောက်ပြီးလျှင် ငွေဖလားတလုံးထဲ၌ ထည့်လျက်သောက်၍ မြန်မာ့လွတ်လပ်ရေး မရမချင်း အရိုးကျေကျေ အရေခန်းခန်း တိုက်ပွဲ ဆင်နွှဲမည် ဟု သစ္စာအဓိဋ္ဌာန် ပြုကြလေသည်။ မိမိတို့ နာမည်များကိုလည်း အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ပြောင်းကာ ဗိုလ်တေဇ(သခင်အောင်ဆန်း)ကို ခေါင်းဆောင်အဖြစ် တင်မြှောက်ကြလေသည်။

တပ်သားများစုဆောင်းသောအခါ ယိုးဒယားပြည်ရှိ မြန်မာ အမျိုးသားများနှင့် ရှမ်းအမျိုးသားများသည် အင်တိုက်အားတိုက် ဝင်ရောက်ကြသဖြင့် ခန့်မှန်းသည်ထက်ပင် ပိုမိုရရှိလေသည်။ ထို့နောက် ဘီ၊အိုင်၊အေ တပ်မတော်သည် ဝိတိုရိယအငူမှ စစ်တကြောင်း၊ ထားဝယ်နယ်မှ စစ်တကြောင်း၊ ဖာပွန်မှ စစ်တကြောင်း၊ စစ်ကြောင်းသုံးကြောင်းဖြန့်ကာ မြန်မာပြည်တွင်းသို့ ချီတက်လာလေသည်။ ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း) သည် ဖာပွန်စစ်ကြောင်းမှ ချီတက်သည်။

ဘီ၊အိုင်၊အေ တပ်သားများ၌ လက်နက်ကောင်းဟူ၍ မရှိ။ စနစ်တကျ ယူနီဖောင်းပင် မရှိပေ။ ဂျပန်တပ်မတော်သည် ခေတ်မီလက်နက်ကောင်းများ တပ်ဆင်ပေးမည်ဟု ကတိပေးခဲ့သော်လည်း ကတိမတည်ခဲ့ပေ။ ဂျပန်တပ်မတော်က ပေးသည့် လက်နက်များသည် ခေတ်မမီ၍ သူတို့ မသုံးလိုသော လက်နက်ဟောင်းများသာ ဖြစ်လေသည်။ စနစ်တကျ ယူနီဖောင်း မရှိသဖြင့် ဘီ၊အိုင်၊အေ တပ်သားများသည်(ဝါ၊စိမ်း၊နီ) ဒေါင်းတံဆိပ် ပါသည့် လက်ပတ်များ ပတ်ကြရသည်။ အချို့မှာ လုံချည် ဝတ်ကြရသည်။

သို့ရာတွင် ယုံကြည်ချက်နှင့် မျိုးချစ်စိတ်ဓာတ် အလွန်ပြင်းထန်သော ဘီ၊အိုင်၊အေ တပ်သားများသည် ရရာလက်နက်များကို စွဲကိုင်လျက်၊ စစ်ချီ

Myanmar Cupid Community PDF Creator Group

သီချင်းများ သီဆိုကာ မြန်မာ့ ဇာတိသွေး ဇာတိမာန်ကို အပြည့်အဝ ထုတ်ဖော်ပြသကြလေသည်။ စနစ်တကျ လေ့ကျင့်ရေး မရှိပါဘဲလျက် အင်္ဂလိပ်တပ်များကို ပြောင်မြောက်စွာ တိုက်ခိုက်နိုင်ခဲ့ကြလေသည်။ ရွှေတောင်တိုက်ပွဲသည် ထင်ရှားသော သာဓက တရပ် ဖြစ်လေသည်။ [ စစ်ချီသီချင်းများကို နောက်ဆက်တွဲ–ဂ တွင် ဖတ်ပါ။]

၁၉၄၂–ခု မတ်လ ၁၀–ရက်နေ့တွင် ဘီ၊အိုင်၊အေ တပ်မတော်သည် ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်လေသည်။

ထိုအချိန်အထိ ဘီ၊အိုင်၊အေ ၏ သေနာပတိသည် ဂျပန် ဗိုလ်မှူးကြီး ဆူဇူကီး(ဗိုလ်မိုးကြိုး) ဖြစ်လေသည်။ မြန်မာပြည်သို့ ဝင်ရောက်၍ တိုက်ခိုက်သောအခါ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) အား ဘီ၊အိုင်၊အေ တပ်မတော်၏ သေနာပတိရာထူးကို လွှဲပြောင်းပေးရန် အစီအစဉ်ရှိခဲ့သော်လည်း ရန်ကုန်သိမ်းပြီးသည်အထိ လွှဲပြောင်းမပေးခဲ့ပေ။ ဆင်ခြေအမျိုးမျိုးပေးကာ အချိန်ဆွဲနေလေသည်။ ထို့ပြင် ဂျပန်စစ်သားများသည် ဘီ၊အိုင်၊အေ တပ်သားများကို အခါအခွင့်ရတိုင်း နှိပ်စက်ညှဉ်းဆဲကြလေသည်။

ဗိုလ်တေဇနှင့်တကွ ဗိုလ်လကျာ၊ ဗိုလ်စကြာ၊ ဗိုလ်နေဝင်း စသော ဘီ၊အိုင်၊အေ တပ်မတော် ခေါင်းဆောင်များသည် ဆက်လက် သည်းမခံနိုင်တော့သဖြင့် ဘီ၊အိုင်၊အေ အုပ်ချုပ်မှုကို လွှဲပြောင်းပေးရန် ဗိုလ်မိုးကြိုးထံ စာရေးတင်ပြကြလေသည်။ ထိုစာကို အကြောင်းပြု၍ ပေါက်ကွဲမှုကြီးတခု ဖြစ်နိုင်သည့်အန္တရာယ်ရှိသည်ကို ဘီ၊အိုင်၊အေ ခေါင်းဆောင်များ ကောင်းစွာ သိပါသည်။ သို့သော်လည်း အခြေအနေသည် သည်းမခံနိုင်လောက်အောင် ဆိုးဝါးနေပြီ ဖြစ်ရာ အခြားနည်းလမ်း မရှိတော့ပေ။

စာရေးတင်သည့်နေ့ ညနေပိုင်းတွင် ဗိုလ်မိုးကြိုးက ဗိုလ်တေဇနှင့် ဘီ၊အိုင်၊အေ ခေါင်းဆောင်များကို မိမိနေထိုင်ရာအိမ် (ယခု ဗြိတိသျှသံအမတ်အိမ်) သို့ ဆင့်ခေါ်ပါသည်။ ဗိုလ်တေဇတို့ ရောက်သွားသောအခါ အိမ်အတွင်းအပြင် နေရာအနှံ့အပြားတွင် လုံ့စွပ်တပ် ရိုင်ဖယ်သေနတ်များ ကိုင်

Myanmar Cupid Community PDF Creator Group

ဆောင်ထားသော ဂျပန်စစ်သားများ ချထားသည်ကို တွေ့ရလေသည်။ ဘီအိုင်အေ ခေါင်းဆောင်များကို ခြောက်လှန့်ရန် ရည်ရွယ်ဟန် တူပေသည်။

ဗိုလ်မိုးကြိုးသည် သက်တော်စောင့်များ ခြံရံလျက် အခန်းတွင်းသို့ ဝင်လာ၍ မိမိ၏ဓားကို ဆွဲထုတ်ကာ "ဒီဓာက ဘာအဓိပ္ပါယ်လဲ" ဟု အလွန်ခက်ထန်သော မျက်နှာထားနှင့် မေးလေသည်။ ဗိုလ်မိုးကြိုး ဓားဆွဲထုတ်လိုက်သည်နှင့် တပြိုင်နက် ဗိုလ်တေဇသည်လည်း မိမိ၏ဓားရိုးကို ကိုင်လိုက်လေသည်။ ဗိုလ်မိုးကြိုး၏ မျက်နှာသည် ပြောင်းသွား၍ "မင်းတို့ဟာ ငါ့သား တွေလိုဘဲ။ ပြောစရာရှိရင် လာပြောပါ။ စာရေး ဘာရေး မလုပ်ပါနှင့်" ပြောပြီးလျှင် ဘီအိုင်အေ ခေါင်းဆောင်များကို ပြန်လွှတ်လိုက်လေသည်။



ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုး နှင့် ရဲဘော်သုံးကျိပ်ဝင် တချို့

နောက်တနေ့နံနက်တွင် ဗိုလ်မိုးကြိုး၏လက်မှတ်ဖြင့် ဗိုလ်တေဇအား ဘီအိုင်အေ တပ်မတော် သေနာပတိ၊ ဗိုလ်လကျ်ာအား စစ်ဦးစီး ဌာနချုပ်မှူး အဖြစ် ခန့်ထားသောအမိန့်စာ ထွက်လာလေသည်။

* * * * *

Myanmar Cupid Community PDF Creator Group

(၉)
ဘီ၊ဒီ၊အေ သေနာပတိ

သခင်အောင်ဆန်း (ဝါ) ဗိုလ်တေဇ (ဝါ) ဗိုလ်ချုပ်အောင်ဆန်း သည် အခြေအနေကို မှန်ကန်စွာ သုံးတတ်သူဖြစ်ပါသည်။ အခြောက်တိုက် ဘဝင်မြင့်တတ်သူ မဟုတ်ပါ။ မိမိကို ချီးကျူးထားသော သီချင်းများ သီဆိုနေကြသော်လည်း အောက်ခြေလွတ် မသွားပေ။ [နောက်ဆက်တွဲ–ဃ ဖတ်ပါ။]

၁၉၄၂–ခု မေလ ၁၉–ရက်နေ့ ထမင်းစားပွဲတခုတွင် ဗိုလ်ချုပ်အောင်ဆန်းက –

"မိမိသည် ထမင်းစားပွဲများ၊ ဧည့်ခံပွဲများ တက်ရောက်ရန် ဝါသနာ မပါခဲ့ကြောင်း။ ယနေ့ မနေသာ၍ တက်ရောက်လာသော်လည်း ရှက်ကြောင်း။ ထမင်းစားပွဲကြီးကျင်းပ၍ ဧည့်ခံသူများက တိုင်းပြည်ခေါင်းဆောင်ကြီးများဟာ တိုင်းပြည်အတွက် ဆောင်ရွက် အောင်မြင်ပြီး ပြန်လာကြတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ ဧည့်ခံခြင်း ဖြစ်ကြောင်း။ မိမိဘာမျှ ခြားခြားနားနား မဆောင်ရွက်ခဲ့ရသဖြင့် ထမင်းမစားလိုကြောင်း။ ဗိုလ်မှူးကြီး၊ အာဇာနည်ကြီးဟု ချီးကျူးကြသည်ကိုလည်း မခံလိုသေးကြောင်း။ မိမိသည် မည်သည့်ပါတီမလိုက်၊ မိမိကြီးမှူးသော ဗမာ့ကာကွယ်ရေး တပ်မတော်ကြီးသည်လည်း ဘယ်ပါတီနှင့်မျှ မဆိုင်၊ တပြည်လုံးနှင့်သာ ဆိုင်ကြောင်း" စသည်ဖြင့် ပြောခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းကား အခြောက်တိုက် ကြွားလိုသူ မဟုတ်ပေ။ တနည်းအားဖြင့်ဆိုလျှင် 'ဝမရှိဘဲ ဝိလုပ်လိုသူ' မဟုတ်ပေ။ အခြေအနေကို မှန်ကန်စွာ သုံးသပ်တတ်သူ ဖြစ်ပေသည်။

Myanmar Cupid Community PDF Creator Group

အချို့ပုဂ္ဂိုလ်များ ယူဆသကဲ့သို့ ဂျပန် စစ်နိုင်လိမ့်မည်ဟု ဗိုလ်ချုပ်အောင်ဆန်းသည် တထစ်ချမယုံကြည်ခဲ့ပေ။ ၁၉၄၂–ခု ဂျပန်သည် အရှေ့အာရှတောင်ပိုင်းရှိ နိုင်ငံအားလုံးလိုလိုကို သိမ်းပိုက်ထားချိန်တွင် "ဂျပန်တော့ အများကြီး မျိုထားတာဘဲ။ အစာချေနိုင် မချေနိုင် စောင့်ကြည့်ရမှာဘဲ" ဟု ကျွန်တော့်အား ပြောဘူးပါသည်။

အချို့ပုဂ္ဂိုလ်များ ယူဆသကဲ့သို့ ဂျပန်က မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပေးလိမ့်မည်ဟူ၍လည်း ဗိုလ်ချုပ်အောင်ဆန်းသည် မယုံကြည်ခဲ့ပေ။ ဘီ၊အိုင်၊အေ တပ်မတော်၏သေနာပတိ ဗိုလ်တေဇအဖြစ် ထုတ်ဝေသော ကြေညာစာတန်းတစောင်တွင် "လွတ်လပ်ရေးမည်သည် သူများ၏ နို့သက်ခံစို့နေ၍ မရနိုင်။ မိမိတို့အားကို မိမိတို့ကိုးပြီး မိမိတို့ဖာသာ ကြိုးပမ်းရလိမ့်မည်" စသည်ဖြင့် ဖော်ပြထားလေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၌ ဝင့်ဝါခြင်း လုံးဝမရှိ။ မြန်မာပြည်တလွှား ချီတက်ရာတွင် အဆောင်အယောင် လုံးဝမပါဘဲ ရှိစုမဲ့စုအကျႌ၊ ဘောင်းဘီများနှင့် စာရွက်စာတန်းများကို လုံချည်တထည်နှင့် ထုပ်ပိုး၍ မော်တော်ကားရနိုင်သည့်နေရာတွင် မော်တော်ကားဖြင့်၊ မော်တော်ကား မရနိုင်သည့်နေရာတွင် ခြေလျင် ချီတက်ခဲ့လေသည်။

တပြည်လုံးက 'ဗိုလ်ချုပ်–ဗိုလ်ချုပ်' နှင့် ကောင်းချီးသြဘာသထောပနာပြုနေကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် အောက်ခြေလွတ်မသွားဘဲ မိမိ၏ လုပ်ငန်းမှာ စလုံးရေးစသာ ရှိသေးသည်ကို ကောင်းစွာ သဘောပေါက်ပေသည်။ အထက်မြန်မာပြည်ပိုင်းသို့ ချီတက်လာရင်း ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် ကျွန်တော်နှင့်တွေ့သောအခါ "ကျွန်တော်တို့ အလုပ်ဟာ အစ၏ အစမျှသာဖြစ်သည်" ဟု ပြောသွားပါသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ အစားအသောက်၊ အနေအထိုင် အတွက်လည်း အထူးပြင်ဆင်ပေးရန်မလို။ ရရာ

ထမင်းဟင်းစား၍ ဖျာကြမ်းပေါ်တွင်ပင် အိပ်လေ့ရှိသည်။ အချို့က သူ့ကို ဗိုလ်ချုပ်ဟူ၍ပင် မသိကြပေ။

ဗြိတိသျှတပ်များ မြန်မာပြည်မှ လုံးဝဆုတ်ခွာသွားသောအခါ ဘီ၊အိုင်၊အေ တပ်များသည် ရန်ကုန်မြို့တွင် ပြန်လည် စုစည်းကြလေသည်။ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ဗိုလ်မိုးကြိုးနေသွားသောအိမ် (ယခု ဗြိတိသျှ သံအမတ်အိမ်) သို့ ပြောင်းရွှေ့ နေထိုင်လေသည်။

ဖက်ဆစ်ဂျပန်သည် မိမိ၏ဇာတိရုပ်ကို ပြသည်ထက် ပြလာလေသည်။ ဂျပန်ဘာသာဖြင့် 'ဒိုင်တိုဝကျိုအေကင်း' ၊ မြန်မာဘာသာဖြင့် 'အရှေ့အာရှ သာတူညီမျှ ကောင်းစားရေး' အင်္ဂလိပ်ဘာသာဖြင့် (East Asia Co-properity) ဟူသော ဆောင်ပုဒ်ကို ပါးစပ်က ကြွေးကြော်သော်လည်း ဖက်ဆစ်ဂျပန်၏ ရည်ရွယ်ချက်မှာ အရှေ့အာရှရှိ နိုင်ငံများကို သွေးစုပ်ရန်သာ ဖြစ်ကြောင်း တနေ့တခြား ထင်ရှားလာလေသည်။

ဖက်ဆစ်ဂျပန်၏ သွေးစုပ်မှုမှာ အင်္ဂလိပ်၏ သွေးစုပ်မှုထက် အဆများစွာ ပြင်းထန်ဆိုးဝါးလေသည်။ အင်္ဂလိပ်က သစ်၊ ရေနံ၊ သတ္တုစသော လုပ်ငန်းကြီးများလောက်ကိုသာ သွေးစုပ်ခဲ့သော်လည်း ဂျပန်ကမူ ငပိ၊ ငါးခြောက် စသော လုပ်ငန်းကလေးများမှအစ အောက်ခြေသိမ်း သွေးစုပ်လေသည်။

ဂျပန်စစ်တပ်သည် မြန်မာတို့ကို ချွေးတပ်ဆွဲ၍ ကျွဲနွားများကို သိမ်းရုံမက၊ ဂိုရှို (Gosko) ၊ ကာနီဘို (Kanebo) စသော ဂျပန် ကုမ္ပဏီများသည် လည်း တန်ဘိုးမရှိသော ဂျပန်ငွေစက္ကူများကို ထုတ်ပေး၍ မြန်မာတို့၏ နှမ်း၊ မြေပဲ၊ ဝါဂွမ်း စသည်တို့ကို သိမ်းယူကြလေသည်။

ဂျပန်စစ်သားများသည် အလွန်ရက်စက်ကြမ်းကြုတ်၍ ယောကျ်ား၊ မိန်းမ၊ ဘုန်းကြီးများပါမရှောင် ပါးနားရိုက်တတ်ကြသည်။ ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်အဖွဲ့ကလည်း မိမိတို့ မကြိုက်မနှစ်သက်သော သူများကို ဖမ်းဆီး၍ လက်သဲခွံခွာခြင်း၊ ရေနွေးပူလောင်းခြင်း၊ ကျင်စက်ဖြင့်တို့ခြင်း စသော

ယခင်က မကြားဘူး၊ မကြုံဘူးသော နည်းမျိုးစုံဖြင့် ညှဉ်းပန်း နှိပ်စက်ကြလေသည်။ မြန်မာ အမျိုးသမီးများကိုလည်း ငွေ၊ ပစ္စည်းတို့ဖြင့် ဖြားယောင်းသွေးဆောင်၍၎င်း၊ အဓမ္မ အနိုင်ကျင့်၍၎င်း ဖျက်ဆီးကြလေသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ဂျပန်ကို 'မာစတာ' ခေါ်လျက် စကားပြန်အဖြစ်၎င်း၊ ကုမ္ပဏီအဝယ်တော်များ အဖြစ်၎င်း ဝင်ရောက် ဆောင်ရွက်ကူညီကြသည့် အမျိုးသားသစ္စာဖောက်မြန်မာအချို့၏ အပြုအမူပင် ဖြစ်ပေသည်။

ဤသို့သော အခြင်းအရာများကို တွေ့မြင်ကြားသိနေရသော ဗိုလ်ချုပ်အောင်ဆန်းအဖို့ စိတ်နှလုံးမချမ်းမြေ့ ဖြစ်နေရသည်မှာ အံ့ဩဖွယ် မရှိပေ။ တနေ့တွင် ကျွန်တော့်အား 'ဒို့တော့ နွားကျပြီ။ ခွေးမဖြစ်အောင် ကြိုးစားကြလို့ ရဲဘော်ကလေးတွေကို ပြောရတယ်' ဟု ညည်းတွားပြောဆိုဘူးပါသည်။

ဤအတောအတွင်း 'မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးပေးကာ တိုက်ခိုက်ခြင်းဖြစ်ပါသည်' ဟု ဝါဒဖြန့်ခဲ့သော ဖက်ဆစ်ဂျပန်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ၊အိုင်၊အေ) ကို ဖျက်သိမ်းရန် စီစဉ်လေတော့သည်။ အမျိုးသားသစ္စာဖောက်အချို့ကလည်း ဖျက်သိမ်းရန် ဂျပန်ကို တိုက်တွန်းကြသည်။ သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တပ်မတော်သားများ၏ ဓွဲသတ္တိနှင့် မျိုးချစ်စိတ်တို့ကို သိရကား လုံးဝ မဖျက်သိမ်းရဲပေ။

'လွတ်လပ်ရေးရပြီး၊ လွတ်လပ်ရေး တပ်မတော် ထားရန်မလို။ ကာကွယ်ရေး တပ်သာထားရန် လိုသည်' ဟု အကြောင်းပြကာ ၁၉၄၂–ခု ဇူလိုင်လ ၂၇–ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ၊အိုင်၊အေ) ကို ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီ၊ဒီ၊အေ) အဖြစ် ပြောင်းလဲ၍ တပ်သားဦးရေကိုလည်း သုံးထောင်ထိ လျှော့ချလိုက်လေသည်။ ဘီ၊ဒီ၊အေ ဆိုသည်မှာ (Burma Defence Army) ဟူသည့် အင်္ဂလိပ် ဘာသာပြန်ချက်၏ အတိုကောက် ဖြစ်ပါသည်။

Myanmar Cupid Community PDF Creator Group

ဗိုလ်ချုပ်အောင်ဆန်းကို 'ဗိုလ်မှူးကြီး' အဆင့်ဖြင့် ဘီ၊ဒီ၊အေ ၏ စစ်သေနာပတိအဖြစ် ခန့်ထား၍ စစ်ရုံးချုပ်မှအစ အဆင့်အသီးသီးတွင်လည်း ဂျပန်စစ်ဗိုလ်များကို 'အကြံပေးအရာရှိများ' အဖြစ် တွဲဖက် ခန့်ထားလိုက်လေသည်။ အမှန်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တပ်မတော်သားများကို မယုံကြည်သည့်အတိုင်း ဂျပန်စစ်ဗိုလ်များကို အကြံပေးအရာရှိများအဖြစ် ခန့်ထားခြင်း ဖြစ်ပေသည်။ ဘီ၊ဒီ၊အေ ကိုလည်း ရန်ကုန်တွင် မထားဘဲ ပျဉ်းမနားသို့ ပြောင်းရွှေ့ထားလေသည်။

အုပ်ချုပ်ရေးအတွက် ဂျပန်တပ်မတော် သေနာပတိ 'အီးဒါး (Lt. General Iida) က ဒေါက်တာဘမော် ခေါင်းဆောင်သော အစိုးရ အဖွဲ့တခုကို ဖွဲ့စည်းလိုက်လေသည်။ ဘီ၊ဒီ၊အေတွင် ဂျပန်အကြံပေးအရာရှိများ ပူးတွဲခန့်ထားသကဲ့သို့ အုပ်ချုပ်ရေးတွင်လည်း အဆင့်အသီးသီးတွင် ဂျပန် အကြံပေးအရာရှိများ ခန့်ထားပူးတွဲထားလေသည်။ အမှန်မှာ ဂျပန်အကြံပေး အရာရှိများ သာလျှင် အာဏာပိုင်များဖြစ်သဖြင့် ဒေါက်တာဘမော် အစိုးရ အဖွဲ့သည် ရုပ်သေး အစိုးရမျှသာ ဖြစ်ပေသည်။

စစ်ရေးတွင်၎င်း၊ အုပ်ချုပ်ရေးတွင်၎င်း၊ စီးပွားရေးတွင်၎င်း စိုးစဉ်းမျှ ကျေနပ်ဖွယ်မရှိရကား စိတ်ထောင်းကိုယ်ကြေ ဖြစ်နေသော ဗိုလ်ချုပ်အောင်ဆန်း ၏ ကျန်းမာရေးအခြေအနေသည် တနေ့တခြား ဆိုးဝါးလာလေသည်။ ထို့ကြောင့် ယခုခေတ် စစ်ရုံးချုပ်ပြုလုပ်ထားသော အဆောက်အအုံကြီးတွင် ဖွင့်လှစ်ထားသည့် ဆေးရုံသို့တက်ကာ ဆေးဝါးကုသရလေတော့သည်။

ဆေးရုံတွင် သူနာပြုဆရာမကလေး မခင်ကြည်နှင့် တွေ့လေသည်။ မခင်ကြည်၏ ယုယပြုစုမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကျန်းမာရေးသည် မကြာမီ ကောင်းမွန်လာလေသည်။

ထိုအချိန်ထိ ဗိုလ်ချုပ်အောင်ဆန်းသည် ရည်းစားမထားဘူးသေးပေ။ မိန်းမပျိုကလေးများကို မျက်မွေးထော် မော်၍ပင် မကြည့်ခဲ့ဘူးပေ။ နိုင်ငံရေးဖြင့်

Myanmar Cupid Community    PDF Creator Group


သာ အချိန်ကုန်နေရကား ရည်းစားထားရန် အချိန်လည်း မရှိခဲ့။ ထားရန်လည်း စိတ်မကူးခဲ့ပေ။

ယုယပြုစုတတ်သော ဆရာမလေး မခင်ကြည်နှင့် တွေ့သောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ သံမဏိကဲ့သို့ တင်းမာသော စိတ်ဓာတ်သည် အရည်ပျော်ကျကာ မခင်ကြည်ကို ဘဝကြင်ဖော်ဘက်အဖြစ် သိမ်းပိုက်လိုစိတ် ပေါ်လာလေသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူနာပြုဆရာမကလေး မခင်ကြည်တို့သည် သမီးရည်းစားဘဝသို့ ရောက်ကြလေသည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်နှင့် အစ်ကိုကြီး (ဦးဘဝင်း) တို့ တည်းခိုရာ ရွှေတောင်ကြားလမ်းရှိအိမ်သို့ မခင်ကြည်ကို ခေါ်လာ၍ "ဒါ ကျွန်တော့်ရည်းစားဘဲ" ဟု ပြောကာ ကျွန်တော်တို့နှင့် မိတ်ဆက် ပေးပါသည်။ အစ်ကိုကြီးက အကြီးဖြစ်သည့်အတိုင်း ဧည့်ခံစကားပြောသည့်တာဝန်ကို ထမ်းဆောင်ရပါသည်။ ကျွန်တော်က မခင်ကြည် အသက် မည်မျှရှိပြီကို မေးပေးရန် အစ်ကိုကြီးကို တိုးတိုးတိတ်တိတ် ပြောလိုက်ပါသည်။ အစ်ကိုကြီးကမူကား မခင်ကြည် မည်သည့်နှစ်က ဆယ်တန်းအောင်သလဲ ဟု မေးပြီး အခြား အလ္လာပသလ္လာပစကားများကိုသာ ပြောနေပါသည်။ ဗိုလ်ချုပ်တို့ ပြန်သွားသောအခါ ကျွန်တော်က "အစ်ကိုကြီးကလဲ အသက်မေးပါဆို၊ ဘယ့်နှယ် ဘယ်တုန်းက ဆယ်တန်းအောင်သလဲလို့ မေးရတာလဲ" ဟု ပြောရာ အစ်ကိုကြီးက "အိုကွာ– အသက်မေးရတာ အားနာစရာကြီး။ ဆယ်တန်းအောင်တဲ့နှစ်ကို ၁၈–နှစ်ထား တွက်ကြည့်ရင် သူ့အသက် ခန့်မှန်းနိုင်တာပေါ့ကွာ" ဟု ပြန်ပြောပါသည်။

၁၉၄၂–ခု စက်တင်ဘာလ ၆–ရက်နေ့ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မခင်ကြည်တို့၏ လက်ထပ်ပွဲကို သူတို့ချင်းစတင်တွေ့ခဲ့ရာဖြစ်သော ဆေးရုံ၌ပင် ကျင်းပပါသည်။ သားသမီး လေးယောက် ထွန်းကားသော်လည်း အငယ်ဆုံး သမီးကလေးသည် ရက်ပိုင်းအတွင်း သေဆုံးသွား၍ ဒုတိယသား အောင်ဆန်း

လင်း သည်လည်း ၁၉၅၃–ခုနှစ်ဦးဝယ် ရေနစ်သေဆုံးသွားရှာပါသည်။ ယခု သားကြီးအောင်ဆန်းဦးနှင့် သမီး အောင်ဆန်းစုကြည်တို့သာ ကျန်ပါတော့သည်။


မင်္ဂလာထမင်းစားပွဲ
ဖိတ်ကြားစာ။

မင်္ဂလာထမင်းစားပွဲ
ဖိတ်ကြားစာ။
ဗမာ့ကာကွယ်ရေး တပ်မတော် ဗိုလ်ချုပ်ကြီး
ဦးအောင်ဆန်း နှင့် ဇနီး ဒေါ်ခင်ကြည်
တို့က မင်္ဂလာထမင်း တည်ခင်း
ကျွေးမွေး လိုပါ၍
၁၃၀၄-ခု ဝါခေါင် လပြည့်
ကျော် (၁၂) ရက် (တနင်္လာနေ့)
ညနေ (ဗမာ) ၅-နာရီ အချိန် ရန်ကုန်မြို့
(Nippon Military Club)
သို့ ဆက်ဆက်ကြွရောက်စေလိုပါကြောင်း။

ဗိုလ်ချုပ် နှင့် ဒေါ်ခင်ကြည် မင်္ဂလာဆောင်ဖိတ်စာ

အိမ်ထောင်သည်ဖြစ်လာသည့် အချိန်မှစ၍ ဗိုလ်ချုပ်အောင်ဆန်းသည် ပိုမို ပျော့ပြောင်းလာလေသည်။ တနည်းအားဖြင့်ဆိုလျှင် ယခင်ကလောက် 'မရိုင်း၊ မကြမ်း၊ မကြောင်' တော့ပေ။ လောကဝတ်ကို ပိုမိုနားလည်လာသည်ဟု ဆိုရပေမည်။ ဘီ၊ဒီ၊အေ သေနာပတိအဖြစ် ပျဉ်းမနား၌ရှိနေစဉ် ကျွန်တော်တို့ ရန်ကုန်မှအပြန် ခေတ္တဝင်ရောက် တည်းခိုကြပါသည်။ ထို့နောက် တောင်တွင်းကြီးသို့ ခရီးဆက်ရန် မီးရထားဘူတာရုံသို့ သွားကြရာ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံက လိုက်ပို့ကြပါသည်။ အစ်ကိုကြီးက ကျွန်တော့်ကို ပြုံးကြည့်၍ "အောင်ဆန်း လူမှုရေး နားလည်လာပြီ" ဟု မှတ်ချက်ချလိုက်ပါသည်။


၁၉၄၃–ခု မတ်လတွင် ဗိုလ်ချုပ်ကြီးတိုဂျို (General Tojo) ၏ အစိုးရက ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြနှင့် ဗိုလ်ချုပ် အောင်ဆန်းတို့ကို 'ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန်' တိုကျိုသို့ ဖိတ်ခေါ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို 'ဗိုလ်ချုပ်ကလေး' (Major General) အဆင့်သို့ တိုးမြှင့်ပေးသည်။ 'တင်နော်ဟေကာ' ခေါ် ဂျပန်ဧကရာဇ် ဟီရိုဟီတို (Emperor Hirohito) 'တက်နေတံဆိပ်' တတိယတန်း' (Third

Myanmar Cupid Community PDF Creator Group

Class Order of the Rising Sun) ဘွဲ့တံဆိပ် ပေးအပ်ပါသည်။ အခြားပုဂ္ဂိုလ်များအားလည်း ဘွဲ့တံဆိပ်အသီးသီး အပ်နှင်း ချီးမြှင့်လိုက်ပါသည်။ လွတ်လပ်ရေး တနှစ်မြောက်သည့်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအား ထပ်မံ၍ 'ရတနာတံဆိပ် ပထမတန်း' (First Class Order of the Sacred Treasure) ကို ပေးအပ်ပြန်ပါသည်။

ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန်ဆိုသော်လည်း အမှန်မှာ ဖက်ဆစ်ဂျပန်သည် မိမိပေးလိုသည့် လွတ်လပ်ရေးပုံစံကိုသာ ပေးလိုက်ခြင်းဖြစ်ပါသည်။ ပြန်ရောက်ကြသောအခါ ချီးကျူးဂုဏ်ပြုသော ညစာခံပွဲတခုတွင် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ပေးမည့် လွတ်လပ်ရေးသည် အတုအယောင်မျှသာဖြစ်မည်ဖြစ်ကြောင်း အရိပ်အမြွက် ပြောခဲ့လေသည်။

ထို့နောက် 'လွတ်လပ်ရေးပြင်ဆင်မှုကော်မီတီ' ဖွဲ့စည်းကြရာ ဗိုလ်ချုပ်အောင်ဆန်းအားလည်း အဖွဲ့ဝင်တဦးအဖြစ် ထည့်သွင်းခန့်ထား ကြလေသည်။



ဗိုလ်ချုပ် နှင့် ဒေါ်ခင်ကြည် မင်္ဂလာဆောင်

* * * * *

(၁၀)
လွတ်လပ်ရေးနှင့်ချစ်ကြည်ရေး

၁၉၄၃–ခု ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးကို ကြေညာပြီး နောက်၊ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီး ဖြစ်လာပါသည်။ 'ဗမာ့ကာကွယ်ရေး တပ်မတော်' (ဘီ၊ဒီအေ) သည်လည်း 'ဗမာ့ တပ်မတော်' (Burma National Army or B.N.A) ဖြစ်လာပါသည်။ ဒေါက်တာဘမော်သည် နိုင်ငံတော် အဓိပတိနှင့် ဝန်ကြီးချုပ်၊ သခင်မြသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာပါသည်။

ဒေါက်တာဘမော်သည် နိုင်ငံတော် အဓိပတိ ဖြစ်လာရုံမက တို့ဗမာအစည်းအရုံးနှင့် ဆင်းရဲသားပါတီကို ပူးပေါင်း ဖွဲ့စည်းလိုက်သော နောက်ပိုင်း၌ 'မဟာဗမာပါတီ' ဖြစ်လာသည့် 'တို့ဗမာ ဆင်းရဲသားအစည်းအရုံး' ၏ အကြီးအကဲ အာဏာရှင်လည်း ဖြစ်လာပါသည်။ ထိုခေတ်က ဆောင်ပုဒ်သည် 'တသွေး၊ တသံ၊ တမိန့်' ဖြစ်ပါသည်။

သီချင်းရေးဆရာများကလည်း 'ကမ္ဘာမှာလည်း အာဏာရှင်၊ ဒို့လဲ အာဏာရှင်' စသည်ဖြင့်၎င်း၊ 'အခါခါပင် စိတ်အားတက်ဖွယ်၊ အာဏာရှင် မိန့်ကြားခဲ့တယ်။ ခါးတောင်းကြိုက်ကာ၊ ဟောဒီစစ်ကို နိုင်အောင်သာ တိုက်ရမယ်တဲ့' စသည်ဖြင့်၎င်း၊ အာဏာရှင် ချီးကျူးသည့် တေးသီချင်းများကို ရေးစပ်သီဆိုလာကြပါသည်။

ထိုသို့ အဓိပတိနှင့်တကွ ပုဂ္ဂိုလ်အတော်များများသည် ဂျပန်ပြည်လုပ် ဗမာ့လွတ်လပ်ရေးကို သာယာနေကြစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျူဗလီဟော

Myanmar Cupid Community PDF Creator Group

၌ကျင်းပသော 'လွတ်လပ်ရေး တနှစ်မြောက် အထိမ်းအမှတ် အခမ်းအနား' တွင် ဂျပန်ပေးသော လွတ်လပ်ရေး၏ အနှစ်သာရ ကင်းမဲ့ပုံကို အောက်ပါအတိုင်း ဖွင့်ချလိုက်ပါသည်။

"ကနေ့ လွတ်လပ်ရေးရလို့ တနှစ်ပြည့်တဲ့အထိမ်းအမှတ်ပွဲနေ့၊ ဒီပြည်သူ့ အစည်းအဝေးကြီးမှာ ကျွန်တော်ဟာ အစိုးရအဖွဲ့ဝင်တဦးအနေနဲ့ မဟုတ်ဘဲ၊ ပြည်သူပြည်သားတဦးအဖြစ် အရေးကြီးတဲ့စကားတွေကို ပြည်သူအများရဲ့အကျိုးကိုမျှော်ကိုးပြီး ပြောပြလိုပါတယ်။ ယခု ဗမာပြည် လွတ်လပ်ရေးရတာ တနှစ်စေ့လာပြီ။ ဒီအတောအတွင်းမှာ ကျုပ်တို့ ဘာတွေ့ကြုရသလဲ။ အမှန် ပြောရရင်တော့ ကျုပ်တို့ တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးအရသာဆိုတာ မခံစားရသေးဘူး။ ခံစားရတဲ့လူတွေဟာလဲ လူနဲ့စုသာဖြစ်တယ်။ အဲဒီလူနဲ့စုတွေထဲမှာ ဘယ်သူတွေလဲ ဆိုလို့ရှိရင် ကျွန်တော်ပါ အပါအဝင် ကျုပ်တို့အထက်က အစိုးရအရာရှိကြီးတွေ၊ ဒီလူတွေကို ကပ်မြှောင်ပြီး စားနေတဲ့ လူတွေ၊ အမြတ်အစွန်း ကြီးကြီးယူပြီး လူတွေရဲ့ ဒုက္ခကို ရင်းနှီးပြီး စီးပွားရှာနေတဲ့ ခေတ်ပျက်သူဌေးတွေ။ အဲဒါတွေလောက်ဘဲ။ အဲဒီတော့ တိုင်းသူပြည်သားတွေ စိတ်ထဲမှာ မေးကြ မြန်းကြလိမ့်မယ်။ အမှန်ကတော့ အခုလွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာပေါ်လွတ်လပ်ရေးဘဲ ရှိသေးတယ်။ လက်တွေ့သဘော အထည်နှင့်ကိုယ်၊ ဒြပ်နှင့်အကောင်အထည် မမြင်ရ၊ မတွေ့ရ၊ မခံစားရသေးဘူး။ ကျုပ်တို့ ရှေ့ဆက်ပြီး စခန်းသွားနိုင်မှ လွတ်လပ်ရေး အကောင်အထည်ကို မြင်ရလိမ့်မယ်။ အခု မမြင်ရသေးဘူး" [ ၁၉၄၄–ခု ဩဂုတ်လ ၆–ရက်နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ချက်။ ]

ဤကဲ့သို့ ဖွင့်ချလိုက်သဖြင့် မြန်မာပြည်ရှိ ဂျပန်စစ်ဗိုလ်ကြီးများ အတွင်းတွင်သာမက ဂျပန်ပြည်ရှိ အစိုးရပိုင်းတွင်လည်း အတော် ဂယက်ရိုက်သွားလေသည်။

ဗိုလ်ချုပ်အောင်ဆန်း ထိုသို့ဖွင့်ချရဲသည်မှာ မိမိတွင် အပြစ်အနာအဆာလုံးဝ မရှိသောကြောင့် ဖြစ်ပေသည်။ အချို့ပုဂ္ဂိုလ်များ ကိုယ်ကျိုး ကိုယ့်စီးပွား

အတွက် ပစ္စည်းတွေ စုဆောင်းနေကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကား ပစ္စည်းကို လုံးဝ ဂရုမစိုက်။ တိုင်းပြည်နှင့် လူထုအတွက်သက်သက်သာ ဆောင်ရွက်ခဲ့ပေသည်။

ဗိုလ်ချုပ်၏ ရိုးသားမှုနှင့်ပတ်သက်၍ ၁၉၄၇-ခု ဇူလိုင်လ ၂၉-ရက်နေ့ တိုင်းပြည်ပြု လွှတ်တော်အစည်းအဝေးတွင်လည်း ကြေကွဲဝမ်းနည်းကြောင်း အဆိုတင်သွင်းရင်း ဝန်ကြီးချုပ်ဟောင်း ဦးနုက အောက်ပါအတိုင်း ထည့်သွင်းပြောဆိုသွားပါသည်။

"ဂျပန်ခေတ်တခေတ်လုံးမှာ ဘာဘဲပြောပြော အစိုးရ ဘယ်လိုဘဲရှိရှိ၊ တိုင်းပြည်က တကယ်ကြည်ညိုနေတာကတော့ ဗမာအစိုးရ မဟုတ်ဘဲ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေတယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရဘူး။ ဗမာအစိုးရ ဘယ်လိုအမိန့်တွေထုတ်ထုတ် ဗိုလ်ချုပ်အောင်ဆန်း တခွန်းပြောတာနဲ့ မတူဘူး။ အဲဒီလို တိုင်းပြည်မှာ ဖြစ်နေတယ်။

ဒီလောက် အရှိန်အဝါကြီးတယ်။ သည်လောက်အထိ တန်ခိုးသြဇာတွေကြီးတယ်။ အဲဒီလို ဖြစ်နေတဲ့အချိန်အခါမှာ ဗိုလ်ချုပ်နေရာမှာ ဗိုလ်ချုပ်မဟုတ်ဘဲနဲ့ တခြားက ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တဲ့လူစားမျိုး၊ လောဘကြီးတဲ့ လူစားမျိုး၊ အဲဒီလို လူစားမျိုးတယောက်ယောက်ရှိနေမယ်ဆိုရင် ဂျပန်ခေတ်တုန်းက တသက်မဟုတ်ဘူး၊ ဆယ်သက် မကုန်နိုင်အောင် ပစ္စည်းတွေ စုနိုင်တယ်။ အဲဒီအထိ ဖြစ်နိုင်တယ်။

ဂျပန်ခေတ်တုန်းက ဒီလိုရတဲ့ အရှိန်အဝါသြဇာတွေကို အလွဲသုံးစားလုပ်ပြီးတော့ ပိုက်ဆံတွေဟာ သုံးမကုန်နိုင်လောက်အောင် စုသွားကြတဲ့လူတွေ အကြောင်းကိုလဲ ဒီမှာ ကြွလာတဲ့ အမတ်မင်းတွေ အသိပါဘဲ။

ဗိုလ်ချုပ်ဆိုရင် ရှပ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီနှစ်ထည်ဘဲရှိတယ်။ အဲဒီနှစ်ထည်ထဲမှာ တထည်ကလဲ ခပ်စုတ်စုတ်လောက်သာ အဖတ်တင်ပြီး ကျန်ရစ်ခဲ့တဲ့ ဗိုလ်ချုပ်ဟာ၊ သူ့လိုအင်မတန်ကြီးကျယ်တဲ့ အရှိန်အဝါ၊ ကြီးကျယ်တဲ့ တန်ခိုးသြဇာ၊ ကြီးမားတဲ့ အချိန်အခါမှာ ဘယ်လောက်အထိ ကိုယ့်စိတ်ကို ကိုယ်

နိုင်နိုင်နင်းနင်းနဲ့ ချုပ်တည်းသွားနိုင်တယ် ဆိုတာကို ထင်ထင်ရှားရှားကြီး ခင်ဗျားတို့ သိပါလိမ့်မယ်”



ကရင်အမျိုးသား ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုးကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားခြိုးခြံမှုနှင့် ပတ်သက်၍ ဆောင်းပါးတခုတွင် အောက်ပါအတိုင်း ရေးခဲ့ပါသည်။

“ဂျပန်ခေတ် တနေ့မှာ ဂျပန်သံအမတ်က ဗိုလ်ချုပ်နဲ့ ကျွန်တော်တို့ကို နေ့လယ်စာစားရန် ဖိတ်ပါသည်။ ထိုနေ့မှာ အတော်ကလေး ပူပါသည်။ ကျွန်တော်တို့ ဝတ်ထားသော ယူနီဖောင်းများမှာ အလွန်ထူပြီး ကျွန်တော်တို့ အားလုံး ချွေးတလုံးလုံးနှင့် ဖြစ်နေပါသည်။ ဗိုလ်ချုပ်ဝတ်ထားတဲ့ ယူနီဖောင်းမှာ ကျွန်တော်တို့ ယူနီဖောင်းထက် ပိုထူရကား ဗိုလ်ချုပ်အဖို့ ပြုတ်ထားသကဲ့သို့ ဖြစ်နေပါသည်။

ကျွန်တော်တို့ ဖြစ်အင်ကိုမြင်သော ဂျပန်သံအမတ်က ကျွန်တော်တို့ အပေါ်အင်္ကျီများကို ချွတ်ထားရန် အလိုက်သိစွာ အကြံပေးပါသည်။ ကျွန်တော်

Myanmar Cupid Community PDF Creator Group

တို့လဲ မဆိုင်းမတွပင် အပေါ်အင်္ကျီများကို ချွတ်ပစ်လိုက်ပါသည်။ ဗိုလ်ချုပ်ဟာ သူ့အပေါ်အင်္ကျီကို တော်တော်နှင့်မချွတ်ပါ။ စဉ်းစားနေပုံ ပေါ်ပါသည်။ နောက်ဆုံး ချွတ်လိုက်သောအခါ သူ့အောက်ခံစွပ်ကျယ်အင်္ကျီမှာ ရစရာမရှိအောင် စုတ်ပြဲနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ စွပ်ကျယ်များလည်း စုတ်ပြဲနေပါသည်။ သို့သော်လည်း ဗိုလ်ချုပ် စွပ်ကျယ်မှာ တခုနှင့်တခု သီထားသလား အောက်မေ့ရလောက်အောင်ကိုပင် စုတ်ပြဲနေပါသည်။"

ဗိုလ်ချုပ်အောင်ဆန်း၏ရိုးသားမှုကို ဂျပန်များကိုယ်တိုင်ဝန်ခံရပေသည်။ မြန်မာပြည်ရောက် ဂျပန်စစ်တပ်များ၏ ပထမဆုံး သေနာပတိ ဗိုလ်ချုပ်အီးဒါး က 'အောင်ဆန်းသည် ငွေလည်းမမက်။ အာဏာလည်းမမက်။ တကိုယ်ကောင်း လည်း မဆံ။ ဒါကြောင့် ဂျပန်တွေက သူ့ကို လေးစားသည်' ဟု အဓိပတိ ဒေါက်တာဘမော်အား ဖွင့်ပြောဘူးလေသည်။

ဘီအိုင်အေ၏ ပထမ သေနာပတိ ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူး ကြီးဆူဇူကီးကလည်း 'အောင်ဆန်းသည် အကြွင်းမဲ့ ရိုးသားသည်။ သူသည် သတ္တိဗျတ္တိနှင့် ပြည့်စုံသော စစ်ခေါင်းဆောင်လည်း ဖြစ်သည်။ မျိုးချစ်စိတ်လည်း ပြင်းထန်သည်။ ထို့ကြောင့် ငါတို့ဂျပန်များသည် သူ့ကို ရိုသေလေးစားသည်' ဟု ဖွင့်ဟဝန်ခံဘူးလေသည်။

## ကရင်ဗမာချစ်ကြည်ရေး

ဘီအိုင်အေ ခေတ်အစ ၁၉၄၂–ခုတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ကရင်ဗမာ အဓိကရုဏ်း အကြီးအကျယ် ဖြစ်ခဲ့ပါသည်။ ကရင်ကို ဗမာကသတ်၊ ဗမာကို ကရင်ကသတ် စသည်ဖြင့် တမြေတည်းနေ တရေတည်းသောက်နေကြ သည့် တိုင်းရင်းသားများသည် ရန်သူကြီးများသဖွယ် ဖြစ်နေကြပါသည်။

ထိုအခြင်းအရာကို တွေ့မြင်နေရသော ဗိုလ်ချုပ်အောင်ဆန်းသည် များစွာစိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။ တိုင်းရင်းသား လူမျိုးချင်း သွေးစည်း

ညီညွတ်မှုမရှိပါက ဗမာ့လွတ်လပ်ရေးတိုက်ပွဲ မအောင်မြင်နိုင်သည်ကို ဗိုလ်ချုပ်အောင်ဆန်း ကောင်းစွာ သဘောပေါက်ပါသည်။

ထိုသို့ သဘောပေါက်သည့်အတိုင်း ကရင်ဗမာ သွေးစည်းညီညွတ်ရေး ရရန် ဗိုလ်ချုပ်အောင်ဆန်းသည် မနေမနားကြိုးပမ်းခဲ့ပေသည်။ ကြိုးပမ်းခဲ့သည့် အတိုင်း အောင်လည်း အောင်မြင်ခဲ့ပေသည်။

ကရင်ခေါင်းဆောင်များဖြစ်ကြသော စောစံဘိုသင်၊ စောကြာဒိုးတို့ကို ဗမာ့တပ်မတော်တွင်းသို့ ထည့်သွင်းခန့်ထားရုံမက၊ ကရင်တပ်ရင်းတခုကိုလည်း ဖွဲ့စည်းတည်ထောင်ပေးလိုက်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းက ကရင်အမျိုးသားများကို ယုံယုံကြည်ကြည် ပေါင်းသင်းဆက်ဆံသောအခါ ကရင်အမျိုးသားများသည် ဗိုလ်ချုပ်ကို ယုံကြည်လာလေသည်။

ကရင်ဗမာ သွေးစည်းညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ဆောင်ရွက်ခဲ့ပုံများကို ဝန်ကြီးချုပ်ဟောင်း ဦးနုက အထက်တွင် ဖေါ်ပြခဲ့သည့် ကြေကွဲဝမ်းနည်းကြောင်း အဆိုတင်သွင်းရင်း အောက်ပါအတိုင်း ပြောခဲ့ပါသည်။

“ဂျပန်ခေတ်တုန်းက အင်မတန် အသိဉာဏ်နဲ့တဲ့ လူငယ်တစုဟာ အင်္ဂလိပ်ကိုမောင်းထုတ်ပြီးတော့ ကရင်ဘဲ ရှိတယ်ဆိုပြီး ရွာတွေကို မီးရှို့၊ အဲဒီလိုဟာတွေ မတော်တရားကိစ္စတွေကို လုပ်တဲ့အတွက် ကရင်တွေက ဗမာတွေ အပေါ် စိတ်နာပြီး ကရင်ဗမာအဓိကရုဏ်း မြစ်ဝကျွန်းပေါ်မှာ အတော် ဖြစ်ခဲ့တယ်။

အဲဒီလို ဖြစ်ခဲ့တဲ့ကိစ္စကို အမှန်စင်စစ် ဟိုအချိန်အခါတုန်းက နိုင်နိုင်နင်းနင်းနဲ့ ကရင်ဗမာချစ်ကြည်ရေးကို ရအောင်မလုပ်နိုင်ခဲ့ရင် မီးဟာ ဒီအချိန်ထိ လောင်နေမှာဘဲ။ ယခုလိုအခါမှာ ကရင်ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့နဲ့ တိုင်းပြည်ပြု လွှတ်တော်ထဲမှာ ရွှင်ရွှင်ပျပျ ညီရင်းအကိုလို ချစ်ချစ်ခင်ခင် တွေ့ဆုံဘို့ အခြေအနေတွေ မရှိနိုင်ဘူးဆိုတာ၊ ဟိုအခါက ကရင်ဗမာ အဓိကရုဏ်း၊ ကရင်ဗမာ စိတ်နားကျည်းနေတဲ့အခါကနေပြီး ကရင်ဗမာ ချစ်ကြည်ရေး၊ ကရင်ဗမာ နားလည်ရေးဆိုတာ ရောက်အောင် ဗမာဘက်ကနေပြီး

မားမားမတ်မတ် လုပ်ခဲ့တာ ဘယ်သူလဲဆိုရရင် ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့ အကြောင်း၊ ခေါင်းဆောင်ကြီးတွေက အတိအလင်း ဝန်ခံပါလိမ့်မယ်”

ကရင်ခေါင်းဆောင် (ထိုစဉ်က ဝန်ကြီး) စောစံဘိုးသင်ကလည်း အောက်ပါအတိုင်း ပြောကြားသွားပါသည်။

“ကျွန်တော်တို့ ၁၉၄၂–ခုနှစ်က ဖြစ်ပျက်တဲ့ ကရင်ဗမာအဓိကရုဏ်းမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။ ခေါင်းဆောင်ခဲ့တယ်။ အဲဒီအချိန်အခါမှာ အဲဒီ ဘီ၊အိုင်၊အေ၊ ဗိုလ်ချုပ်ခေါင်းဆောင်တဲ့ ဘီ၊အိုင်၊အေဟာ ကျွန်တော့်ရဲ့ ရန်သူ ဖြစ်ခဲ့တယ်။ ကျွန်တော် အခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို ဘယ်လို မိတ်ဆွေဖြစ်အောင် လုပ်တတ်သလဲဆိုတာ အင်မတန်ထူးကဲတဲ့ အချက်တချက် ဖြစ်ပါတယ်။

အဲဒီ ၁၉၄၃–ခု၊ ဩဂုတ်လ ၁–ရက်နေ့ ဗမာပြည် လွတ်လပ်ပြီဆိုတာ ကြေညာတော့ ကျွန်တော် ရန်ကုန်ကို ဆင်းလာတယ်။ ဆင်းလာတော့ ကျွန်တော့် မိတ်ဆွေတွေက ရန်ကုန်ကို မသွားနဲ့၊ သခင်တွေ ခင်ဗျားကို သတ်လိမ့်မယ်လို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်က သွားရမယ်လို့ ပြောပြီးထွက်ခဲ့တယ်။

ကျွန်တော်ရောက်လာတော့ ပထမဦးဆုံး သခင်ဗိုလ်နဲ့ တွေ့တယ်။ ပြီးတော့ သခင်မောင်ကြီး။ သူတို့နဲ့တွေ့ပြီးသကာလ ကျွန်တော်ကပြောတယ်။ အဲဒီ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျွန်တော် တွေ့ချင်တယ်။ ဒါနဲ့ ဟိုကတဆင့် သူတို့ရဲ့ သခင်သန်းထွန်းဆီ ခေါ်သွားတယ်။ ဟိုကမှတဆင့် ဗိုလ်ချုပ် အောင်ဆန်းနဲ့ သွားတွေ့တယ်။

သွားတွေ့တော့ ကျွန်တော်က သူ့ကို ပြောပြတယ်။ ကျွန်တော်ဟာ စောစံဘိုးသင်ဘဲ။ ခင်ဗျားရဲ့ ရန်သူဖြစ်ပါတယ်။ သူကတော့ ကျွန်တော့်ကို ကြည့်ပြီး ဘယ်လိုပြောသလဲဆိုရင် ‘A brave enemy is a good friend’ (ရဲရင့်သောရန်သူသည် မိတ်ဆွေကောင်း ဖြစ်တယ်) လို့ပြောတယ်။ အဲဒီစကား ကို ကြားပြီးတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကိုတော့ သတ်မှာမဟုတ်ဖူး

ဆိုပြီး နောက်တဖြေးဖြေး ကျွန်တော်တို့ ဗမာတပ်မတော်ထဲမှာဝင်ပြီး ဆောင်ရွက်တယ်”

အထက်ပါကောက်နုတ်ချက်အရ ကရင်ဗမာ ချစ်ကြည်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း မည်ကဲ့သို့ ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားပေသည်။

ဗြိတိသျှ နယ်ချဲ့သမားသည် နယ်ချဲ့သမားပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ (Policy of Divide and Rule) ကိုကျင့်သုံးကာ ဗမာတိုင်းရင်းသားအချင်းချင်းကို ရန်တိုက်ပေးပြီး သွေးခွဲခဲ့လေသည်။ ဖက်ဆစ်ဂျပန်သည်လည်း ထိုပေါ်လစီကိုပင် ကျင့်သုံးကာ ဗမာတိုင်းရင်းသား အချင်းချင်း သွေးကွဲအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်ကျယ်စွာ ဆောင်ရွက်မှုကြောင့်သာလျှင် တိုင်းရင်းသား အချင်းချင်း (အထူးသဖြင့် ကရင်ဗမာ) ချစ်ကြည်ရေးကို ဆောင်ရွက်နိုင်ခြင်း ဖြစ်ပေသည်။

* * * * *

(၁၁)

ဂျပန်တော်လှန်ရေး ရှေ့ပြေး

အချို့က ဂျပန်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါ်လာသည်ဟု ထင်နေကြသည်။ အမှန်မှာ အထက်တွင် ရေးခဲ့သည့် အတိုင်း ဗိုလ်ချုပ် အောင်ဆန်း အသက်စွန့်၍ နိုင်ငံခြားသို့ ထွက်သွား သည်မှာ တရုပ်ပြည်သွားရန် ဖြစ်ပါသည်။ အမွိုင်တွင် သောင်တင်နေစဉ် မြန်မာပြည်တွင် ကျန်ရစ်ခဲ့သည့် ရဲဘော်များ၏ စီစဉ်ချက်အရ ဂျပန်နှင့် အဆက်အသွယ်ရ၍ ဂျပန်ပြည်သို့ ရောက်သွားခြင်း ဖြစ်သည်။

ထိုစဉ်က ကမ္ဘာ့အခြေအနေအရ မည်သူကခေါ်ခေါ်၊ မခေါ်ခေါ် ဂျပန်သည် မြန်မာပြည်ကို တိုက်တော့မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဂျပန်ရောက်လာခြင်းအတွက် ဗိုလ်ချုပ်အောင်ဆန်းအပေါ် အပြစ်ပုံချလျှင် မတရားပေ။ စင်စစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘီ၊အိုင်၊အေ၏ ကျေးဇူးကြောင့် ဖက်ဆစ်ဂျပန်သည် မြန်မာပြည်တွင် ရမ်းကားချင်သလောက် မရမ်းကားရဲသည်ကိုကား မည်သူမျှ ငြင်းဆိုနိုင်မည်မဟုတ်ပေ။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဂျပန်သည် ဗမာ့လွတ်လပ်ရေးအတွက် အသက်အသေခံကာ တိုက်ပေးလိမ့်မည်ဟု ဗိုလ်ချုပ် မယုံကြည်ခဲ့ပေ။ ငယ်စဉ်က စ၍ ဗိုလ်ချုပ်အောင်ဆန်းသည် မိမိကိုယ်ကိုသာ အားကိုးသူ ဖြစ်ပေသည်။ သူများ နှာခေါင်းဖြင့် အသက်မရှုလို။ ရှုလိုသူများကိုလည်း အလွန်အထင်သေးလေသည်။

ယိုးဒယားပြည် ဘန်ကောက်မြို့၌ ဘီ၊အိုင်၊အေ တပ်မတော်ဖွဲ့စည်းနေစဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်အချို့ကို မြန်မာပြည်တွင်းသို့ လျှို့ဝှက်စွာ စေလွှတ်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် စီစဉ်ခဲ့လေသည်။ မြန်မာပြည်တွင်းရှိ မိတ်ဆွေများထံသို့ တော်လှန်ရေး အင်အားစုများကို စည်းရုံး၍ ဂျပန်ဝင်လာသောအခါ 'လွတ်လပ်ရေး' အတွက် အရေးဆိုရန်၊ မရပါက မြေလျှိုး၍ ဂျပန်ကို ပြောက်ကျားစနစ်ဖြင့် တော်လှန်ရန် စာရေးခဲ့လေသည်။ သို့သော်လည်း ထိုအချိန်က အရေးပါအရာရောက်သော နိုင်ငံရေးခေါင်းဆောင်များသည် ထောင်ထဲရောက်နေကြသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်ကို အကောင်အထည် မဖော်နိုင်ခဲ့ကြပေ။

ဗြိတိသျှအလိုတော်ရိများနှင့် အချို့ မသိနားမလည်သော ပုဂ္ဂိုလ်များက အင်္ဂလိပ်ကနိုင်ခါနီးမှ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို တော်လှန်ခဲ့သယောင်ယောင် ရေးသားပြောဆိုကြလေသည်။ တနည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်မည့်ဘက်သို့ လိုက်သည့် 'အချောင်သမား' ဖြစ်သည်ဟု စောင်းပါးရိပ်ခြည် ရေးသားပြောဆိုခြင်း ဖြစ်ပါသည်။ ထိုရေးသားပြောဆိုချက်များသည် မမှန်ပါ။ အဖြစ်အပျက်အမှန်ကို မသိ၍သော်၎င်း၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အာဃာတထား၍သော်၎င်း ရေးသားပြောဆိုသော အချက်များသာ ဖြစ်ပေသည်။

၁၉၄၃–ခု နှစ်ဝက်လောက်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စီစဉ်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅–ခု ဩဂုတ်လ ၂၉–ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသော 'အရှေ့အနောက်အသင်း' (East and West Association) အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း ထည့်သွင်းဟောပြောခဲ့ပါသည်။

Myanmar Cupid Community PDF Creator Group

"ကျွန်ုပ်တို့သည် ဂျပန်ပေးသော လွတ်လပ်ရေးနှင့်ပတ်သက်၍ အထင်မကြီးခဲ့ပါ။ ကျွန်ုပ်သည် တိုကျိုမှ ပြန်ရောက်လာပြီးနောက် ဧည့်ခံပွဲတခုတွင် ဂျပန်ပေးမည့် လွတ်လပ်ရေးသည် နာမည်မျှသာ ဖြစ်မည်ဟု ပြောခဲ့ပါသည်။

၁၉၄၃–ခု ဩဂုတ်လ ၁–ရက်နေ့ 'လွတ်လပ်ရေး' ကြေညာပြီးနောက် များမကြာမီ ကျွန်ုပ်တို့သည် သခင်သန်းထွန်းအိမ်တွင် စည်းဝေးတိုင်ပင်ကြပြီးနောက် တော်လှန်ရေးကို ဆင်နွှဲရန် စီစဉ်ကြပါသည်။ ကျွန်ုပ်တို့သည် ၁၉၄၃–ခုနှစ် အကုန်လောက်တွင် တော်လှန်ရေးကို စတင်နိုင်လိမ့်မည်ဟု ထင်ခဲ့ကြပါသည်။ သို့သော်လည်း စိတ်ကူးယဉ်ခဲ့ခြင်းမျှသာ ဖြစ်ကြောင်း ဖြစ်ရပ်များက သက်သေခံခဲ့ပါသည်။ တော်လှန်ရေးအင်အားစုများသည် တကွဲတပြားဖြစ်နေရုံမက စနစ်တကျ စည်းရုံးထားခြင်းလည်း မရှိသေးပါ။ ကျွန်ုပ်တို့တွင် ရှင်းလင်းပြတ်သားသော ပုံစံလည်း မရှိသေးပါ။ အိန္ဒိယပြည်နှင့်၎င်း၊ တရုပ်ပြည်နှင့်၎င်း အဆက်အသွယ်လည်း မရသေးပါ။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လက်နက်၊ ရိက္ခာ စသည်တို့မှာလည်း ပြဿနာကြီးများ ဖြစ်နေပါသည်။ အရေးအကြီးဆုံးမှာကား ကျွန်ုပ်တို့သည် ပြည်သူလူထုကို မစည်းရုံးရသေးပါ။ ပြည်သူလူထု၏ ကူညီထောက်ပံ့မှု ရမှသာလျှင် ကျွန်ုပ်တို့သည် အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ထိုဟောပြောချက်ကို ဗိုလ်လကျ်ာ၏ဆောင်းပါးက ထောက်ခံပါသည်။ ဗိုလ်လကျ်ာ၏ ဆောင်းပါးတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"စိတ်အထင် ၁၉၄၃–ခု နှစ်ဝက်လောက်တွင် ဗိုလ်ချုပ်သည် ကျွန်တော်နှင့် ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ရဲထွဋ် စသည်တို့ကို သူ့အိမ်ခေါ်ပြီး ဂျပန်အား တော်လှန်ရန် တိုင်ပင်ဆွေးနွေးပါသည်။ ကျွန်တော်က စနစ်တကျ စည်းရုံးရန် လိုသေးကြောင်း၊ အချိန်စောသေးသည်ဟု ထင်ကြောင်း တင်ပြပါသည်။ အခြားရဲဘော်များကလည်း ကျွန်တော့်ကို ထောက်ခံကြပါသည်။ ဗိုလ်ချုပ်ကား ကျွန်တော်တို့နှင့် သဘောတူပုံမပေါ်ပါ။ ထိုနေ့တွင် ဆုံးဖြတ်ချက်မချဘဲ အစည်းအဝေး ရွှေ့ဆိုင်းလိုက်ရပါသည်။ ထို့နောက် ဗိုလ်ချုပ်သည်

Myanmar Cupid Community PDF Creator Group

သခင်သန်းထွန်းနှင့် ဆွေးနွေးရာ သခင်သန်းထွန်းကလည်း အချိန်မကျသေးကြောင်း ပြောပါသည်။ ဤသို့ဖြင့် တော်လှန်ရေးကို ရွှေ့ဆိုင်းလိုက်ရပေသည်။"

ထိုအချိန်(၁၉၄၃–ခုနှစ်)မှာ မဟာမိတ်တပ်များ အလူးအလဲ ခံနေရ၍ ဂျပန်သည် နေရာတိုင်းတွင် အောင်ပွဲခံနေချိန် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဗြိတိသျှနိုင်ခါနီးမှ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို တော်လှန်ရန် စီစဉ်သည်ဟု ရေးသား ပြောဆိုချက်သည် မမှန်ကန်ကြောင်း ထင်ရှားလှပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဟောပြောချက်တွင် အရေးကြီးသည့်အချက်တခု ပါသည်ကို သတိပြုသင့်ပေသည်။ ထိုအချက်သည် ပြည်သူလူထုသာလျှင် အဓိကဖြစ်သည်ဆိုသောအချက် ဖြစ်ပေသည်။ မည်သည့်လုပ်ငန်းမဆို ပြည်သူလူထု၏ ကူညီထောက်ပံ့ပေးမှုရမှသာလျှင် (ဝါ) ပြည်သူလူထုကို စည်းရုံးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဆိုသည့် အချက်ပင် ဖြစ်ပေသည်။ နိုင်ငံရေးခေါင်းဆောင်များ မှတ်သားလိုက်နာသင့်သည့် အချက်ကြီးပေတည်း။

သခင်သန်းထွန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်းစသော ရဲဘော်ရဲဘက်များက အချိန်မကျသေးဟု ယူဆသဖြင့်သာ ဆိုင်းငံ့နေရသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တော်လှန်ရေးကို မျက်ခြေပြတ် မခံခဲ့ပေ။ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် စီစဉ်နေသည့် ကွန်မြူနစ်ပါတီခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီ (နောက်ပိုင်းဆိုရှယ်လစ်ပါတီဖြစ်လာသည်။) ခေါင်းဆောင်များနှင့် အမြဲတစေ ဆွေးနွေးတိုင်ပင်လျက် ရှိပေသည်။

တော်လှန်ရေးဟူသည် လူတန်းစား အသီးသီးကို ကိုယ်စားပြုသော နိုင်ငံရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးများနှင့်တကွ လက်နက်ကိုင်တပ်သားများကို တပေါင်းတစည်းတည်း စည်းရုံးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ကို ဗိုလ်ချုပ်အောင်ဆန်း ကောင်းစွာ သဘောပေါက်လေသည်။

ထိုသို့ သဘောပေါက်သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် ပဲခူးရှိ ဗမာ့တပ်မတော်စခန်းတွင် ဂျပန်တခေတ်လုံး မြေလျှိုး၍ တော်လှန်ရေး လှုံ့ဆော်နေသော ကွန်မြူနစ်ခေါင်းဆောင် သခင်စိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့လေသည်။

Myanmar Cupid Community PDF Creator Group

မြစ်ဝကျွန်းပေါ်ရှိ ကရင်အမျိုးသားများကို စည်းရုံးရန်အတွက် ဗိုလ်လကျာ်နှင့် စောကြာဒိုးတို့ကို စေလွှတ်ခဲ့လေသည်။ ရခိုင်အမျိုးသား ကိုညိုထွန်းကို အိန္ဒိယ ပြည်သို့ စေလွှတ်၍ မဟာမိတ်တပ်များနှင့် ဆက်သွယ်စေခဲ့လေသည်။

ဖက်ဆစ်ဂျပန်၏ ညစ်ပတ်မှုကြောင့် ကိုညိုထွန်းအဖို့ အိန္ဒိယပြည် သွားရန် လွယ်ကူသွားလေသည်။ ဂျပန်ညစ်ပတ်ပုံမှာ ဂျပန်သည် ဗမာနှင့်ရခိုင် သွေးခွဲရန် ကိုညိုထွန်းအား လက်မှတ်အပြည့်အစုံပေး၍ ရခိုင်တိုင်းသို့ စေလွှတ် ခြင်းပင် ဖြစ်ပေသည်။ တော်လှန်ရေးသမား ကိုညိုထွန်းသည် ဂျပန်၏ညစ်ပတ်မှု ကို အခွင့်ကောင်းယူ၍ အိန္ဒိယပြည် သွားပြီးလျှင် ဂျပန်တော်လှန်ရေး အစီအစဉ် များကို ပြုလုပ်နိုင်လေသည်။ ဖက်ဆစ်ဂျပန်သည် ကိုယ့်ရှူးကိုယ့်ပတ်ခံရလေ သတည်း။

ထိုနောက် ကွန်မြူနစ်ပါတီခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံ ပါတီခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များပါဝင်သည့် 'ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ချုပ် (Anti Fascist Organisation or A.F.P) ကို ၁၉၄၄–ခု ဩဂုတ်လတွင် လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ဖက်ဆစ်တော်လှန်ရေးအတွက် စီစဉ်ပုံနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ဟောင်း ဦးနုက 'ငါးနှစ်ရာသီ ဗမာပြည်' စာအုပ်တွင် အောက်ပါအတိုင်း ရေးခဲ့ လေသည်။

"ကျွန်တော့်အိမ်တွင် အစည်းအဝေးတခု ချိန်းထားသည်ကို အစည်း အဝေး တက်မည့်သူများ ရောက်လာမှ ကျွန်တော် သိရ၏။ ၎င်းအစည်းအဝေးမှာ အတွင်းလူများ အစည်းအဝေး ဖြစ်သည်။

သခင်မြ၊ ဗိုလ်ချုပ်၊ သခင်သန်းထွန်း၊ သခင်ချစ်၊ ဗဆွေ၊ ကျော်ငြိမ်း အစရှိသော သူများ စုံလင်ကြသောအခါ ဗိုလ်ချုပ်သည် သူရေးလာသော 'ဖက်ဆစ်ဓားပြများကို ခုခံတိုက်ဖျက်ကြလော့' ဟူသော ခေါင်းစဉ်ဖြင့် ကြေညာ စာတန်းရှည်ကြီးကို ဖတ်ပြရာ အားလုံး သဘောတူ ထောက်ခံကြလေသည်။

၎င်းကို ဗမာစစ်တပ်မှ တာဝန်ယူ၍ ပုံနှိပ်ပြီးလျှင် ဗမာပြည်အရပ်ရပ်ရှိ တော်လှန်ရေး သမားများထံသို့ ပို့လေသည်။ ၎င်းမှတဆင့် တော်လှန်ရေးကို စေတနာပေါက်မည့် သူများ၏ လက်ထဲသို့ ထည့်ရန် ဖြစ်၏။

ထိုနေ့မှစ၍ ဘီ၊ဒီ၊အေ စစ်တပ်နှင့် အပြင်ဘက် တော်လှန်ရေးသမား တို့သည် စနစ်တကျ တဦးနှင့်တဦး ဆက်သွယ်မိလျက် ရှိလေသည်။"

ထို့ပြင် ဦးနုသည် တိုင်းပြည်ပြုလွှတ်တော်တွင် 'ကြေကွဲဝမ်းနည်း ကြောင်းအဆို' တင်သွင်းရင်း ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ထည့်သွင်း ပြောသွားပါသည်။

"တော်လှန်ရေး အချိန်ရောက်လာတော့ တော်လှန်ရေး စီစဉ်တဲ့အခါမှာ လူရင်းတယောက် အနေနဲ့ ကျွန်တော် ပါရှိလေတော့ တော်လှန်ရေးမှာ ဗိုလ်ချုပ် က ဘယ်လောက်အထိ အရေးပါ အရာရောက်တယ် ဆိုတာ ကျွန်တော်သိတယ်။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီတော်လှန်ရေးမှာ တကယ်လို့ ဗိုလ်ချုပ် မပါဘဲ ခေါင်းတိမ်းနေမယ်ဆိုရင် ဗမာပြည် တော်လှန်ရေးဟာ ဖြစ်သလောက်တော့ ဖြစ် မယ်။ ဒါပေမယ့် အခုပြီးခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေးလို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်မှာ မဟုတ်ဖူး။

ဒါကို နိုင်ငံရေးသမားတွေရော၊ နိုင်ငံရေးသမား မဟုတ်တဲ့လူရော ဝန်ခံ ရမယ်။ အဲဒီလို ဗိုလ်ချုပ် မပါရင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး မဖြစ်မှာ စိုးရတဲ့အတွက် ဗိုလ်ချုပ် မပါရင် ပါအောင် အတော် ကြိုးပမ်းခဲ့ကြတာကို ကိုယ်တိုင် အသိ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ပါလာပြီဆိုရင် ဘာတွေ ဖြစ်ပေါ်လာသလဲဆိုတော့ အဲဒီလို တော်လှန်ရေးသမားတွေ တနေရာက တနေရာသွားချင်ရင် သွားလို့ရပါတယ်။ ဘယ်လိုသွားသလဲဆိုရင် ဘီ၊ဒီ၊အေ စစ်ဝတ်စစ်စားနှင့် သွားနိုင်တယ်။ တော်လှန် ရေးတပ်တွေဆီကို လူစေလွှတ်တယ်။ အဲဒါ ဗိုလ်ချုပ်လုပ်တဲ့ အစီအစဉ် တွေဘဲ"

အထက်ပါ ကောက်နုတ်ချက်များအရ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ခဲ့သည်မှာ ထင်ရှားပေသည်။



ဗိုလ်ချုပ်အောင်ဆန်း ဗမာ့တာကွယ်ရေးတပ်မတော်တပ်ရင်း (၂) တွင် မိန့်ခွန်းပြောကြားနေစဉ်။

ဖက်ဆစ်တော်လှန်ရေးကို တပြည်လုံး အတိုင်းအတာနှင့် မစနိုင်သေးမီပင် အိန္ဒိယပြည်သို့ လျှို့ဝှက်စွာ လွတ်လိုက်သော ကိုညိုထွန်း ပြန်ရောက်လာပြီးနောက် ဘုန်းတော်ကြီး ဦးပညာသီဟနှင့် ပူပေါင်း၍ ရခိုင်တိုင်းတွင် တော်လှန်ရေး စနိုင်ခဲ့ကြလေသည်။

အထက်ဗမာပြည်တွင်လည်း ဗိုလ်မှူးကြီးဗထူး ခေါင်းဆောင်၍ ဖက်ဆစ်တော်လှန်ရေး စနိုင်လေသည်။(ဗိုလ်မှူးကြီးဗထူးသည် ဂျပန်တော်လှန်ရေး အတွင်းမှာပင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။)

* * * * *

(၁၂)
ဂျပန်တော်လှန်ရေး ဆင်နွဲပုံ



၁၉၄၅–ခု မတ်လ ၁၇–ရက် စနေနေ့တွင် ဗမာ့တပ်မတော်သားများ သည် ယခု တော်လှန်ရေးပန်းခြံပြုလုပ်ထားသော နေရာ၌ တပ်ထွက်ပွဲ အခမ်း အနား ကျင်းပကြလေသည်။ ရန်ကုန်မြို့သူမြို့သား နှစ်သောင်းကျော်သည် တပ်ထွက်ပွဲ အခမ်းအနားသို့ လာရောက် အားပေး ကြလေသည်။ ထိုအခမ်းအနား နှင့်ပတ်သက်၍ 'တပ်မတော်စာစောင် (၁၉၆၀)' တွင် အောက်ပါ အတိုင်း ဖော်ပြ ထားပေသည်။

"နံနက် ၇ နာရီခန့်တွင် အဓိပတိ ဒေါက်တာဘမော်၊ ဂျပန်အကြံပေး အရာရှိချုပ် မေဂျာဂျင်နရယ်ဆကူရိုင်း၊ စစ်ဝန်ကြီးနှင့်စစ်သေနာပတိ ဗိုလ်ချုပ် အောင်ဆန်းတို့ ရောက်လာကြလေသည်။ နိုင်ငံတော် အဓိပတိကြီး ဒေါက်တာ ဘမော်နှင့် မေဂျာဂျင်နရယ် ဆကူရိုင်းတို့က အင်္ဂလိပ်၊ အမေရိကန်တို့အား ဗမာ့ သတ္တိကိုပြ၍ ရဲရင့်စွာ ချေမှုန်းကြရန် စစ်ထွက်မည့် ဗမာ့တပ်မတော်အား မှာကြားပြီးလျှင် စစ်ထွက် ဗမာ့အောင်လံတော်ကို ဗိုလ်ချုပ်အောင်ဆန်း လက်သို့ အပ်လေသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း မိန့်ခွန်း ပြောကြားပြန်သည်။

ရဲဘော်တို့

အကျယ်ချဲ့ပြီး ရှည်ရှည် မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက် ဗိုလ်တွေကလဲ သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက် မယ်။

ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကိုရှာပြီး တိုက်ကြ။ ဒါဘဲ။

ဗိုလ်ချုပ် မိန့်ခွန်းပြောပြီးသည်နှင့် တပြိုင်နက် ဘေးမှရပ်၍နားထောင်နေသော လူထုပရိတ်သတ်ကြီး၏ အားရကျေနပ်သော လက်ခုပ်တီးသံများနှင့် 'အရေးတော်ပုံ အောင်ပါစေ' ဟူသော ကြွေးကြော်သံများသည် ဆူညံမြည်ဟီး၍ ပွဲတင်ထပ်လျက် ရှိလေသည်။

မိန့်ခွန်းပေးပြီးနောက် စစ်ထွက်မည့် တပ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တပတ်ပတ်၍ ချီတက်အလေးပြုရန် အစီအစဉ်အတိုင်း ချီတက်ကြသည်။ ပထမတွင် ဘေးမှ ပရိတ်သတ်ကြီးသည် ဝမ်းသာခြင်း၊ အံ့အားသင့်ခြင်း၊ အားရတက်ကြွခြင်းတို့ဖြင့် ပြည့်နေ၍ အသံမထွက်နိုင်ဘဲ ငိုင်၍ ကြည့်နေရာမှ ရုတ်ချည်း အသက်ဝင်လာသကဲ့သို့ 'ဒို့ဗမာဟေ့၊ ဒို့ဗမာ' ဟူသော ကြွေးကြော်သံများကို ဆူညံစွာ အော်ဟစ်အားပေးကြသည်မှာ ဟိန်း၍ သွားလေသည်။

ချီတက်ရာ လမ်းတလျှောက်၌ အမျိုးသမီးများက အောင်သပြေပန်းများကို ရဲဘော်များ၏ အင်္ကျီအိတ်ကပ်များတွင်၎င်း၊ ဦးထုပ်များတွင်၎င်း စိုက်ပေး၍ 'စစ်ပွဲကို နိုင်အောင် တိုက်ခဲ့ပါ' ဟု နှုတ်ဆက်ကြလေသည်။ အချို့ကလည်း

Myanmar Cupid Community PDF Creator Group

ချီတက်နေသော ရဲဘော်များအပေါ်သို့ ပန်းပွင့်ပန်းကုံးများ ကြဲချကာ ဝမ်းသာအားရ ချီးကျူးကြ၏။

အဖိုးအို အဖွားအိုများကလည်း ရေချမ်းအိုးထဲမှရေကို သပြေခက်ဖြင့် ပက်ကာ ဖျမ်းကာ အောင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆိုရင်း ဝမ်းသာလုံးဆို့၍ မျက်ရည်များပင် ကျကြသည်ကို တွေ့ရ၏။"

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာ့တပ်မတော်သားများ သည် တပ်ဖျောက်၍ ရန်ကုန်မြို့မှ အလျှိုအလျှို ပျောက်ကွယ်သွားကြလေသည်။ မိမိကိုယ်မိမိ အလွန်အထင်ကြီးခဲ့သော ဖက်ဆစ်ဂျပန်သည် မယုံတဝက် ယုံတဝက်ဖြင့် ဗိုလ်ချုပ်တို့ ထွက်ခွာသွားသည်ကို ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေသတည်း။

၁၉၄၅–ခုနှစ် မတ်လ ၂၇–ရက်နေ့ကား ဖက်ဆစ်ဂျပန်ကို တပြည်လုံး အတိုင်းအတာနှင့် တရားဝင်ကြေညာ၍ တော်လှန်ခဲ့သော နေထူးနေ့မြတ်ကြီး ဖြစ်လေသည်။

ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ (A.F.O) ၏ ခေါင်းဆောင်မှု အောက်၌ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ အာရှလူငယ် အစည်းအရုံး၊ လူမျိုးစု အသီးသီးနှင့် ပြည်သူတရပ်လုံးသည် သွေးစည်းညီညွတ်ကြပြီးလျှင် ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲခဲ့ကြလေသည်။

ဖက်ဆစ်ဆန့်ကျင်ရေး အထိမ်းအမှတ်ဖြစ်သော အနီရောင်ခံ ကြယ်ဖြူ အလံတော် အောက်တွင် လူတန်းစားအသီးသီး၊ လူမျိုးစုအသီးသီးသည် အလံတော်နှင့် အလားတူ လက်ပတ်များ ပတ်ကာ ရှိရင်းစွဲ လက်နက်များကိုသာမက မဟာမိတ်များထံမှ ရရှိသော လက်နက်များကိုပါ ကိုင်စွဲလျက် ဖက်ဆက်ဂျပန်ကို တွေ့ရာသင်းချိုင်း ဓားမဆိုင်း သုတ်သင် ရှင်းလင်းခဲ့လေသည်။ တော်လှန်ရေး တပ်သားများ၏ အသက်များစွာကိုလည်း အစတေး ခံခဲ့ကြရလေသည်။

Myanmar Cupid Community PDF Creator Group

တော်လှန်ရေးနယ်မြေကို တိုင်း ၇–တိုင်းခွဲကာ ဗိုလ်နေဝင်း၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်မှူးအောင်၊ ဗိုလ်ဗထူး၊ ဗိုလ်ကျော်ဇော၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ထွန်းတို့က အသီးသီး တာဝန်ယူ၍ ခေါင်းဆောင်ခဲ့ကြလေသည်။ သာမန်အားဖြင့် စစ်ခေါင်းဆောင်ဟူသည် ရှေ့တန်းစစ်မျက်နှာသို့ မတက်ဘဲ နောက်ပိုင်း ဌာနချုပ်လုပ်ထားသည့်နေရာမှ နေ၍သာ အမိန့်ပေး ညွှန်ကြားလေ့ ရှိပေသည်။ ဗိုလ်ချုပ်အောင်ဆန်းမှုကား ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာဖြစ်သည့် သရက်ခရိုင် မင်းတုန်းမြို့နယ်ရှိ တိုင်း၇–တွင် ဝင်ရောက် တိုက်ခိုက်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သတ္တိနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးနုက 'ကြေကွဲဝမ်းနည်းကြောင်း' အဆို တင်သွင်းရင်း အောက်ပါအတိုင်း ပြောခဲ့ပါသည်။

"စစ်တိုက်တယ်ဆိုတာ၊ တော်လှန်ရေးတွေ လုပ်တယ်ဆိုတာ များသောအားဖြင့် ခေါင်းဆောင်လုပ်တဲ့လူဟာ ဘယ်တော့မှ ထွက်မတိုက်ဖူး၊ နောက်လိုက်တွေကသာ အသေခံပြီး တိုက်ရတယ်။ ခေါင်းဆောင်လုပ်တဲ့လူက အင်မတန်လုံခြုံတဲ့နေရာမှာ နေရတယ်။ အဲဒီကနေပြီး စီမံခန့်ခွဲရတယ်။

ဒါပေမယ့် ဗိုလ်ချုပ်ကတော့ မရဘူး။ သူကိုယ်တိုင် ထွက်တိုက်ချင်တယ်။ သူနဲ့တပါထဲ ကျွန်တော်က ပါမသွားတော့ မသိပါဘူး။ ဒါပေမယ့် အတူပါသွားခဲ့တဲ့ ရဲဘော်တွေက ပြောပြတာ ကြားရတာဖြင့် အင်မတန် အသဲထိတ်စရာ ကောင်းတယ်။

တနေ့မှာ ဗိုလ်ချုပ်တို့ ရှိနေတဲ့ နေရာမှာ ကင်းတွေ ချထားတယ်။ အဲဒီကင်းတွေရဲ့ ထွက်ပေါက် တနေရာမှာ ဂျပန်တွေက ဗိုလ်ချုပ်ရှိတဲ့ နေရာကို လာနေတာ မြင်နိုင်တဲ့ နေရာမျိုးကို ရောက်နေတယ်။ ဗိုလ်ချုပ်ရှိတယ်ကြားလို့ လာနေတာဘဲ။ ဗိုလ်ချုပ်ရှိတဲ့ နေရာကို ဝိုင်းပြီး မဲပစ်တယ်။ မဲပစ်တော့ ဗိုလ်ချုပ်နဲ့ အတူရှိတဲ့ လူတွေက ဗိုလ်ချုပ် ထိုင်နေပါလို့ ပြောကြတယ်။ Cover ယူထားစရာ Trench တူးမြောင်းထဲမှာ ထိုင်နေပါလို့ ပြောတာ ပြောလို့ မရဘူး။ ဗိုလ်ချုပ်ကိုယ်တိုင် စက်သေနတ်ပစ်တဲ့ ရဲဘော်အနားသွားပြီး

ဘယ်နေရာကိုပစ် ဆိုပြီး စီမံခန့်ခွဲနေတာကို ရဲဘော်တွေ မြင်ရတယ်။ နောက်ဆုံး ကျတော့ ဘယ်လို လုပ်ရသလဲဆိုလျှင် ဟိုကလာနေတဲ့ ကျည်ဆံတွေကလည်း အဆက်မပြတ်လာနေတော့ ဗိုလ်ချုပ်ခါးကို ဖက်ပြီး မြေကြီးပေါ်ကို အတင်း လှဲချပြီး ဖိထားရတယ်။

အဲဒီလို ဗိုလ်ချုပ်ဟာ သတ္တိပြရတဲ့ နေရာကျရင် သူမတူအောင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပြခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်”

ဗိုလ်ချုပ်နှင့် အတူပါသွားသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင် (ဝန်ကြီးဟောင်း) ကလည်း ကျွန်တော့်အား ထိုစဉ်က အတွေ့အကြုံများကို ပြောပြရင်း ‘ခင်ဗျာ့ညီ အဲဒီတုန်းက သေဘို့ ကောင်းတာဗျာ’ ဟု ပြောဘူး ပါသည်။

ထိုအချိန်လောက်တွင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများသည် အိန္ဒိယပြည်ရှိ မဟာမိတ်တပ်များနှင့် အဆက်အသွယ် ရနေပေပြီ။ မဟာမိတ် တပ်များနှင့် အဆက်အသွယ်ရအောင် ဆောင်ရွက်ခဲ့သူသည် ကိုသိန်းဖေ (သိန်းဖေမြင့်) ဖြစ်ပါသည်။

ကိုသိန်းဖေသည် ဂျပန်ခေတ်တွင် မြန်မာပြည်၌ နေ၍မဖြစ်ရကား အိန္ဒိယပြည်သို့ တိတ်တဆိတ် ထွက်ခွာသွားရလေသည်။ အိန္ဒိယပြည်တွင် မကျန်းမမာဖြစ်နေသော်လည်း မြန်မာပြည်ရှိ ဖက်ဆစ်တော်လှန်ရေး အင်အားစု များနှင့် မဟာမိတ်တပ်များ အဆက်အသွယ်ရအောင် ကြိုးပမ်းဆောင်ရွက် ခဲ့လေသည်။

၁၉၄၅–ခုနှစ် မေလ ၁၅–ရက်နေ့တွင် အရှေ့အာရှတောင်ပိုင်း ဆိုင်ရာ ဗြိတိသျှ သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန် (Lord Louis Mountbatten) ၏ သဘောတူညီချက်အရ မြန်မာပြည်အထက်ပိုင်းကို ပြန်လည် သိမ်းပိုက်နိုင်ပြီးဖြစ်သော ဗြိတိသျှတပ် သေနာပတိချုပ် ဆလင်း (Lt; General Sir Wiliam Slin) သည် ဗိုလ်ချုပ်အောင်ဆန်းကို မိတ္ထီလာမြို့သို့ ဖိတ်ခေါ် ဆွေးနွေးလေသည်။ ဗမာ့တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော်

(Patriotic Burmese Forces or P.B.F) အဖြစ် အသိအမှတ်ပြု၍ မြန်မာပြည်မှ ဂျပန်များကို တိုက်ထုတ်ကြရာတွင် လက်တွဲ ဆောင်ရွက်ခဲ့သည်။

နောက်ပိုင်း ဖိုလ်ချုပ်မှူး(Field Marshal) ဖြစ်လာသော ဆလင်းက သူ၏ 'အရှုံးမှ အနိုင်သို့' (Defeat into Victory) ဟူသော စာအုပ်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"ကျွန်ုပ်သည် အောင်ဆန်းကို လေးစားမိသည်။ ကျွန်ုပ် ထင်ခဲ့သကဲ့သို့ သူသည် ကိုယ်ကျိုးရှာ တာဝန်မဲ့ ပြောက်ကျား ခေါင်းဆောင် မဟုတ်ပေ။ သူသည် မျိုးချစ်ပုဂ္ဂိုလ် အစစ်ဖြစ်၍ စိတ်ကူးယဉ်သမား မဟုတ်။ လက်တွေ့သမား ဖြစ်သည်။ သူသည် အလွန် ရိုးသားသည်။ သူသည် ပေးခဲ့ပြီးသော ကတိ အတိုင်းလည်း တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ ဖြစ်သည်"

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မျိုးချစ်ဗမာ့တပ်မတော်သည် တိုက်ပွဲပေါင်း တထောင်ထက်မနည်း တိုက်ခဲ့ပေသည်။ ဗိုလ်ချုပ် (Lt; Genearl) တယောက်၊ ဗိုလ်ချုပ်ကလေး (Major General) နှစ်ယောက် အပါအဝင် ဖက်ဆစ်ဂျပန် စစ်သားပေါင်း နှစ်သောင်းခန့် ကျဆုံးစေခဲ့သည်။ ဖက်ဆစ်ဂျပန် သုံ့ပန်းနှစ်ရာ၊ သုံးရာခန့် ဖမ်းဆီးနိုင်သည်။ မျိုးချစ်ဗမာ့တပ်မတော်၏ ပူးပေါင်းကူညီမှုကြောင့် ဖက်ဆစ်ဂျပန်သည် ဆောလျင်စွာ လက်နက်ချကြောင်းကို ဗြိတိသျှ သေနာပတိများ ကိုယ်တိုင် ဝန်ခံကြရသည်။

ဂျပန် လက်နက်ချသောအခါ ၁၂ နံပတ် ဗြိတိသျှတပ် သေနာပတိ ဗိုလ်ချုပ်ကြီး ဆာမွန်တယ်ဂူစတော့ဖို့ဒ် (General Sir Montagu Stopford) က မျိုးချစ်ဗမာ့တပ်မတော် သေနာပတိ(ဗိုလ်ချုပ်အောင်ဆန်း) ထံသို့ အောက်ပါ အတိုင်း သဝဏ်လွှာ ပို့ခဲ့လေသည်။

"ယခုအခါ ဂျပန်သည် မြန်မာပြည်ရှိတပ်များ လက်နက်ချရေးအတွက် စည်းကမ်းချက်များကို လက်ခံပြီဖြစ်ရာ ကျွန်ုပ်သည် သင်နှင့်တကွ မျိုးချစ်ဗမာ့တပ်မတော်သားအားလုံးကို သင်တို့တိုင်းပြည် လွတ်မြောက်ရေး နောက်ဆုံး

Myanmar Cupid Community PDF Creator Group

အဆင့်တွင် ဆောင်ရွက်ခဲ့ကြသော ဆောင်ရွက်ချက်များအတွက် ကျေးဇူးတင်ချီးကျူးလိုပါသည်။ ကျွန်ုပ်တို့တပ်များနှင့် ပူးပေါင်း ဆောင်ရွက်မှုသည် ထိရောက်၍ ဂျပန်မြောက်မြားစွာကို ကျဆုံးစေခဲ့ပါသည်။ ဂျပန် ကျူးကျော်ရေးသမား၏ရန်မှ မိမိတို့တိုင်းပြည်ကို ကယ်တင်ရန် လှုံ့ဆော်ခဲ့သော တပ်သားများ၏ မျိုးချစ်စိတ်ဓာတ်သည် အနာဂတ် ကာလဝယ် ဗမာ့တပ်မတော်သားများအဖြစ် တိုင်းပြည်ကို ကာကွယ်ရန် နမူနာဖြစ်စေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။"

ဗိုလ်ချုပ်အောင်ဆန်းသည် မည်သည့်အခါမျှ ကိုယ်ကျိုးမဖက်၊ တိုင်းပြည်လွတ်မြောက်ရေး အတွက်သာ ဆောင်ရွက်ခဲ့လေသည်။ ၁၄ နံပတ်ဗြိတိသျှသေနာပတိ ဆလင်းနှင့် တွေ့စဉ်က မိမိသည် စစ်ခေါင်းဆောင်မျှသာဖြစ်ကြောင်း၊ နိုင်ငံရေးခေါင်းဆောင်မှာ သခင်စိုးဖြစ်ကြောင်း ပြောခဲ့သည်။ ကိုယ်ကျိုးရှာလိုသူ ဖြစ်ပါက မိမိသည် စစ်ခေါင်းဆောင်သာမက နိုင်ငံရေးခေါင်းဆောင်လည်း ဖြစ်သည်ဟု ပြောခဲ့ပေလိမ့်မည်။ ထိုအချိန်တွင် တတိုင်းတပြည်လုံးက ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးခေါင်းဆောင်အဖြစ် အသိအမှတ်ပြုနေကြပေပြီ။

* * * * *

Myanmar Cupid Community　PDF Creator Group

(၁၃)

ဖ၊ဆ၊ပ၊လ ရှေ့ပြေး

ဖက်ဆစ်ဂျပန်သည် တော်လှန်ရေး ပြီးဆုံးသောအခါ (၁၉၄၅–ခု ဩဂုတ်လ) ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများကို 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဝါ) ဖ၊ဆ၊ပ၊လ (The Anti Fascist People's Freedom League or A.F.P.F.L) အဖြစ် စနစ်တကျ စည်းရုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြလေသည်။

[မှတ်ချက်။ ။စောစောပိုင်းက ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ဝါ) ဖ၊တ၊ပ၊လ ဟု မှည့်ခေါ်ခဲ့ကြသည်။ နောက်ပိုင်းမှ ဒီးဒုတ်ဦးဘချို အကြံပေးချက်အရ 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့' (ဝါ) ဖ၊ဆ၊ပ၊လ ဟု ခေါ်တွင်ခြင်းဖြစ်သည်။ အင်္ဂလိပ် ဘာသာပြန်ချက်ကိုကား ပြောင်းလဲရန် မလိုသည့်အတိုင်း မပြောင်းလဲကြပေ။]

ထိုအချိန်အခါက ဖ၊ဆ၊ပ၊လ ခေါင်းဆောင်ပိုင်းတွင် ပြဿနာနှစ်ခု ပေါ်ခဲ့လေသည်။

ပထမပြဿနာမှာ မျိုးချစ်ဗမာ့တပ်မတော်ကို ဖွဲ့စည်းလတ့်သော ဗြိတိသျှ ဗမာ့တပ်မတော်နှင့် အဖွဲ့အစည်းလိုက် ပူးပေါင်းသင့်သလော။ သို့တည်းမဟုတ် တော်လှန်ရေးတပ်သားများသည် ဗမာ့တပ်မတော်အတွင်းသို့ တဦးချင်း ဝင်သင့်သလော ဟူသော ပြဿနာ ဖြစ်ပေသည်။

Myanmar Cupid Community PDF Creator Group

ကွန်မြူနစ်ပါတီက မျိုးချစ်ဗမာ့တပ်မတော်သားများသည် လက်နက်အားလုံးစွန့်၍ ဗြိတိသျှ ဗမာ့တပ်မတော်အတွင်းသို့ တဦးချင်း ဝင်သင့်သည်ဟု ယူဆပေသည်။ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ကွယ်လွန်သူ ဂျာနယ်ကျော် ဦးချစ်မောင်စသည့် ပုဂ္ဂိုလ်များကမူ တပ်ချင်း ပူးပေါင်းရေးကိုသာ လက်ခံ၍ တဦးချင်း ဝင်ရောက်ရေးကို သဘောမတူကြပေ။

ကျေလည်စွာ ဆွေးနွေးပြီးနောက် ကွန်မြူနစ်ပါတီကလည်း တပ်ချင်း ပူးပေါင်းရေးကို သဘောတူလက်ခံသည့်အတိုင်း အရှေ့အာရှတောင်ပိုင်း သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်နှင့် ဆွေးနွေးရန် ၁၉၄၅–ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဦးဘဖေ စသည့် ခေါင်းဆောင်များသည် သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ သွားကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကမူ အကယ်၍ ဆွေးနွေးပွဲမအောင်မြင်လျှင် လက်နက်မချဘဲ အင်္ဂလိပ်ကို ပြန်တိုက်ရန် စီစဉ်ထားလေသည်။ ထိုသို့ စီစဉ်ထားကြောင်းကို မိမိအား ဖွင့်ပြောသည်ဟု ကွယ်လွန်သူ ဦးတင်ထွဋ်က ၁၉၄၇–ခု ဩဂုတ်လ ၂၅–ရက်နေ့ထုတ် (Burmese Review) ဂျာနယ်တွင် ရေးသားခဲ့လေသည်။

လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အမြင်ကျယ်မှုကြောင့် ဆွေးနွေးပွဲသည် အောင်မြင်၍ မျိုးချစ်ဗမာ့တပ်မတော်ကို ဗြိတိသျှဗမာ့တပ်မတော်နှင့် ပူးပေါင်းရန် သဘောတူညီခဲ့ကြလေသည်။ မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိ ၂၀၀နှင့် တပ်သား ၅၀၀၀ တို့ကို ဗြိတိသျှဗမာ့တပ်မတော်တွင် ထည့်သွင်းဖွဲ့စည်းရန် သဘောတူကြလေသည်။ ထိုသဘောတူညီမှုကို 'ကန္ဒီသဘောတူညီချက်' (Kandy Agreement) ဟု ခေါ်ကြလေသည်။ လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့လည်း မိတ်ဆွေကြီးများ ဖြစ်သွားကြလေသည်။

ဒုတိယပြဿနာမှာ လွတ်လပ်ရေး မရသေးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တပ်ထဲတွင်ပင် ဆက်လက်နေသင့်သလော သို့တည်းမဟုတ် နိုင်ငံရေးထွက်လုပ်သင့်သလော ဟူသည့် ပြဿနာ ဖြစ်လေသည်။

ကိုသိန်းဖေ (သိန်းဖေဖြင့်) မှ တပါး ကွန်မြူနစ်ခေါင်းဆောင်များ (အထူးသဖြင့် ဂိုရှယ်) သည် ဗိုလ်ချုပ်အောင်ဆန်းကို စစ်တပ်ထဲမှာပင် ဆက်နေစေလိုသည်။ ဗိုလ်လက်ျာနှင့် အခြားပုဂ္ဂိုလ်များကမူ တိုင်းပြည်လွတ်လပ်ရေးမရသေး၊ လွတ်လပ်ရေးရရန် အမျိုးသားညီညွတ်ရေး တည်ဆောက်ရဦးမည်။ တည်ဆောက်နိုင်မည့် တဦးတည်းသော ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းသာ ဖြစ်သည်ဟု ယူဆကာ ဗိုလ်ချုပ်ကို စစ်တပ်မှ ထွက်၍ နိုင်ငံရေးခေါင်းဆောင်မှုကို ပေးရန် တိုက်တွန်းကြလေသည်။

အမှန်ပင် လူတန်းစားအသီးသီး လူမျိုးစုအသီးသီး၏ ယုံကြည်ကိုးစားမှုကို ခံရသူသည် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲရန် ရာဇဝင်ပေး တာဝန်ကို ထမ်းဆောင်ရမည်လည်း ဖြစ်၍ ထမ်းဆောင်နိုင်သည်လည်းဖြစ်သော ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းသာ ဖြစ်ပေသည်။

ထို့ကြောင့် မိမိအပေါ်သို့ ကျရောက်လာသော တာဝန်ကို မည်သည့်အခါမျှ ခေါင်းမရှောင်သော ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ လူမျိုးထဲမှ တခါမျှ မရဘူးသေးသည့် ဗိုလ်မှူးချုပ် အဆင့်နှင့် ဗမာ့တပ်မတော်၏ ဒုတိယသေနာပတိချုပ်အဖြစ် ခန့်ထားခြင်းကို လက်မခံဘဲ စစ်တပ်မှ ထွက်၍ နိုင်ငံရေး လုပ်လေတော့သည်။

၁၉၄၅–ခု စက်တင်ဘာလ ၂၅–ရက်နေ့ မောင့်ဘက်တန်ထံ ရေးသားသောစာတွင် ဗိုလ်ချုပ်အောင်ဆန်းက 'ကျွန်တော့် စိတ်ကြိုက်အတိုင်းဆိုလျှင် စစ်တပ်တွင် ဆက်နေလိုပါသည်။ သို့သော်လည်း အများ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရပါမည်' ဟု ဖော်ပြခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းတွင် အတ္တစွဲ မရှိဘဲ အများစု၏ ဆုံးဖြတ်ချက်ကို ရိုသေလိုက်နာလေ့ရှိကြောင်း

Myanmar Cupid Community PDF Creator Group

သက်သေခံသည့် သာဓကတခု ဖြစ်ပေသည်။ အခြား သာဓကများကို အထက်တွင် ဖော်ပြပြီး ဖြစ်သည်။

ဝင်ငွေ မှန်မှန်ရသည့် စစ်တပ်မှ ထွက်၍ နိုင်ငံရေး လုပ်ရသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းအဖို့ စား–ဝတ်–နေရေး အတော် ကျပ်တည်းသွားသည်ကို ရင်းနှီးသူတိုင်း သိကြပါသည်။ သို့သော်လည်း သူကား နကမ္ဘတိ မတုန်လှုပ်။ ဖ၊ဆ၊ပ၊လ တာဝန်များကို အချိန်ပြည့် ဆောင်ရွက်ခဲ့ပေသည်။ သူ့ကို ကြည်ညိုသူများက လာရောက် လှူဒါန်းသော ရွှေငွေပစ္စည်းများကိုလည်း ဖ၊ဆ၊ပ၊လ ရုံပုံငွေထဲသို့သာ ထည့်လိုက်လေသည်။

ဖက်ဆစ်ဂျပန်များကို မြန်မာပြည်မှ မောင်းထုတ်ပြီးသည့်နောက် ဗြိတိသျှအစိုးရသည် နောင်အခါ မြန်မာပြည်ဘုရင်ခံဖြစ်လာသော ဗိုလ်ချုပ်ကလေး ရန့်စ် (Major General Hubert Rance) ခေါင်းဆောင်သည့် မြို့ပြအုပ်ချုပ်ရေးကို ဖွဲ့စည်းလိုက်လေသည်။ ၁၉၄၅–ခု မေလ ၁၀–ရက်နေ့အထိမူ အိုင်စီအက်စ်အရာရှိဟောင်း ပီးယားစ်(O.F.B Pearce) က မြို့ပြအုပ်ချုပ်ရေး အရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့လေသည်။ ထို မြို့ပြအုပ်ချုပ်ရေးသည် အရှေ့အာရှတောင်ပိုင်းဆိုင်ရာ သေနာပတိချုပ် လက်အောက်ခံဖြစ်၍ စစ်အုပ်ချုပ်ရေး (Military Administration) ပင် ဖြစ်လေသည်။

စစ်အတွင်း အိန္ဒိယပြည်သို့ ဆုတ်ခွာထွက်ပြေးကြသော ဗြိတိသျှအရာရှိများနှင့် အခြားအရာရှိများသည် မြို့ပြအုပ်ချုပ်ရေးနှင့်အတူ မြန်မာပြည်သို့ ပြန်လာ၍ အုပ်ချုပ်ရေးပိုင်းတွင် ဝင်ရောက် ဆောင်ရွက်ကြလေသည်။ အစိုးရအရာရှိဟောင်းများသာမက ဘီ၊အို၊စီ ဘီ၊ဘီ၊တီ၊စီ စသော ဗြိတိသျှ ကုမ္ပဏီကြီးများမှ အရာရှိကြီးများလည်း မြို့ပြအုပ်ချုပ်ရေးတွင် ဝင်ရောက်လုပ်ကိုင်ကြလေသည်။

ထိုပုဂ္ဂိုလ်များတွင် ၁၉၄၂–ခုနှစ်က မိမိတို့ကို မောင်းထုတ်လိုက်သော မြန်မာပြည်သူပြည်သားများအပေါ် လက်စားချေလိုစိတ် ရှိကြသည်။ ထို့ကြောင့် ဖိနှိပ်ချုပ်ချယ်သည့် အမိန့်အမျိုးမျိုးကို ထုတ်ပြန်ကြလေသည်။ ဗိုလ်ချုပ်

အောင်ဆန်းကို သစ္စာဖောက် ဥပဒေဖြင့် ကြိုးစင်တင်သတ်ရန် ကြိုးစားကြလေသည်။ မြောက်မြားစွာသော တော်လှန်ရေးရဲဘော်များကို ပုန်ကန်မှုဖြင့်၎င်း၊ လူသတ်မှုဖြင့်၎င်း ရုံးတင်ကြိုးမိန့်ပေးလေသည်။ သို့သော်လည်း ထိုအရာရှိကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာ့တပ်မတော် ဖ၊ဆ၊ပ၊လတို့၏ အရှိန်အဝါကြောင့် ပြည်သူများကို နှိပ်စက်ချင်သလောက် မနှိပ်စက်နိုင်ခဲ့ကြပေ။ ကြိုးမိန့်ပေးထားသော တော်လှန်ရေးရဲဘော်များကိုလည်း မသတ်ရဲကြပေ။

ဂျပန်တော်လှန်ရေးကြီး ပြီးဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဖ၊ဆ၊ပ၊လ ကို ခိုင်မာတောင့်တင်းလာစေရန် စနစ်တကျ ပြန်လည်စည်းရုံး လိုက်လေသည်။ ဖ၊ဆ၊ပ၊လသည် အမျိုးသားတပ်ပေါင်းစုဖြစ်သည့်အတိုင်း ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ စသော နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂ၊ အလုပ်သမားအစည်းအရုံး၊ တောင်သူလယ်သမားသမဂ္ဂ၊ တောင်သူလယ်သမားအစည်းအရုံး စသော လူတန်းစား အဖွဲ့အစည်းများ၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ ပြည်သူ့ရဲဘော် စသည့် လူထုအဖွဲ့အစည်းများအပြင် ဦးဘဖေ၊ ဒီးဒုတ်ဦးဘချို၊ ပျော်ဘယ်ဦးမြ၊ ဟသ်ာတဦးမြ၊ ဂျာနယ်ကျော် ဦးချစ်မောင် စသော တသီးပုဂ္ဂလ နိုင်ငံရေးသမားကြီးများကိုပါ သိမ်းသွင်းစည်းရုံးနိုင်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ၊ သခင်သန်းထွန်းက အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့လေသည်။

ထိုစဉ် ဖ၊ဆ၊ပ၊လ သည် လူတန်းစားအသီးသီး၊ လူမျိုးစုအသီးသီး တို့၏ မှီခိုအားထားရာ ဖြစ်ခဲ့ပေသည်။ ပြည်သူလူထုအများစုသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုနှင့် မျိုးချစ်စိတ်ဓာတ်ကို ယုံကြည်သည့်အတိုင်း ဖ၊ဆ၊ပ၊လ အလံတော်အောက်တွင် ညီညာဖျဖျ အင်တိုက်အားတိုက် ဝင်ရောက်ဆောင်ရွက်ခဲ့ကြလေသည်။

* * * * *

Myanmar Cupid Community PDF Creator Group

(၁၄)

မိန့်ခွန်းနှစ်ခု



ဗိုလ်ချုပ် မိန့်ခွန်းပြောနေပုံ

ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် ဖွဲ့စည်းပုံ(ယာယီ) စည်းမျဉ်းဥပဒေမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

အခန်း၁။ ။ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းပုံ

ပုဒ်မ(၁)။ ။လက်ရှိအခေါ် ဗဟိုဦးစီးအဖွဲ့တွင် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၃–ဦးစီ။

Myanmar Cupid Community PDF Creator Group

(ခ) နိုင်ငံရေးခေါင်းဆောင်ဟု အသိအမှတ်ပြုခြင်း ခံရသော တသီးပုဂ္ဂလပုဂ္ဂိုလ်ကြီးများမှ အများဆုံး ၁၀–ဦး။

(ဂ) လူထုအစည်းအရုံးမှ ကိုယ်စားလှယ် ၂–ဦးစီ။

(ဃ) လူမျိုးရေးဆိုင်ရာ အစည်းအရုံးများမှ ကိုယ်စားလှယ် ၃–ဦးစီ။

ပုဒ်မ(၂)။ ။နောက်ထပ်ဝင်သော ပါတီများ၊ အဖွဲ့များကိုအသစ်ပြန်လည် ဖွဲ့စည်းသော ဗဟိုဦးစီးအဖွဲ့က စဉ်းစားသွားရန်။

အခန်း၂။ ။အဖွဲ့ချုပ်၏ရည်ရွယ်ချက်

(က) ဖက်ဆစ်ဝါဒ တကမ္ဘာလုံးတွင် လုံးဝကွယ်ပျောက်သည်အထိ တိုက်ခိုက် ချေမှုန်းရန်။

(ခ) အတ္တလန်တိတ်ကြေညာချက်၊ တီဟီရန်ကြေညာချက် စသော ကြေညာ ချက်များအတိုင်း ဗမာပြည်သူပြည်သားတို့သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်ရန်။

(ဂ) ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန်။

(ဃ) ဗမာပြည်ကို ဗမာပြည်ရှိ တိုင်းရင်းသာလူမျိုး အသီးသီးတို့ အားလုံး သဘောတူ လွတ်လပ်စွာ ဖွဲ့စည်းသော တိုင်းပြည်ကြီး ထူထောင်ရန်။ ဤသို့ တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်သော အခွင့်အရေး ပေးထားရန်။

အခန်း၃။ ။အဖွဲ့ချုပ် ဖွဲ့စည်းရာတွင် ထားသည့် အခြေခံတရားများ

(၁) တဦးချင်းဖြင့် အာဏာရှင်လုပ်သည့်စနစ်ကို မလိုလား။

(၂) လူမျိုးအချင်းချင်း မုန်းတီးရေးကို မလိုလား။ အချင်းချင်း ညီရင်းအကိုသဖွယ် ချစ်ခင်မှုကို လိုလားသည်။

(၃) စစ်မက်လိုလားသောဝါဒ၊ စစ်ဝါဒသမားက လွှမ်းမိုးသော စံနစ်ကို မလိုလား။

(၄) အရာရှိတို့က အာဏာကို လက်ကိုင်ထားကာ ထင်ရာစိုင်းသည့် စနစ်ကို မလိုလား။

(၅) သက်ဦးဆံပိုင် ရှင်ဘုရင် ထင်ရာပြုလုပ်အုပ်ချုပ်သည့် စနစ်ကို မလိုလားပေ။

အဖွဲ့ချုပ်ဖွဲ့စည်းရာတွင် လိုလားမည့်အချက်များ

(၁) တဦးချင်း ခေါင်းဆောင်သည်ထက် ဝိုင်းဝန်းစုရုံး၍ ခေါင်းဆောင် ခြင်းကို လိုလားသည်။

(၂) ခေါင်းဆောင်သည့်ပုဂ္ဂိုလ်၊ ခေါင်းဆောင်သည့် အဖွဲ့အစည်းတို့ကို လည်း အများဆန္ဒဖြင့် ကြိုးကိုင်ထားရန် လိုပေသည်။

(၃) ကမ္ဘာ့တိုင်းပြည် အသီးသီးတို့နှင့် ရင်းနှီးစွာ ဆက်ဆံမည်။ လူမျိုးရေးတရား (ဝါ) ဝံသာနုတရားကို လက်ကိုင်ထားရမည်။

(၄) စစ်တပ် အဖွဲ့အစည်းများသည် တိုင်းပြည်အစိုးရ၏ လက်အောက်ခံ ဖြစ်ရမည်။

Myanmar Cupid Community PDF Creator Group

(၅) ပြည်သူအားလုံးတို့အား ဒီမိုကရေစီ အခွင့်အရေး ပေးရမည်။ လုပ်ထုံးများသည် ဒီမိုကရေစီ အစဉ်အလာတို့နှင့် ဖြစ်စေရမည်။

အခန်း၄။ ။အဖွဲ့ချုပ်အတွင်းဝင် အဖွဲ့များအားအုပ်ချုပ်ရေး

ပုဒ်မ(၁)။ ။ အဖွဲ့ချုပ်သို့ အစုလိုက်ဝင်သော အသင်းသားများသည် အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များကို တသွေမတိမ်း လိုက်နာရမည်။

ပုဒ်မ(၂)။ ။ အဖွဲ့ချုပ်ဝင် အဖွဲ့ချင်း အချင်းများခဲ့လျှင် အဖွဲ့ချုပ်၏ ဦးစီးအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပုဒ်မ(၃)။ ။ ပါတီကိစ္စများ၊ ပါတီအကျိုးများနှင့် နိုင်ငံရေးကိစ္စများ၊ နိုင်ငံအကျိုးများ ထိပါးငြိတွယ်လာလျှင် နိုင်ငံအကျိုး နိုင်ငံကိစ္စသာလျှင် အဓိကဖြစ်ရမည်။

ပုဒ်မ(၄)။ ။ အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အရ နိုင်ငံကိစ္စများကို ဆောင်ရွက် ရာ၌ အဖွဲ့ချုပ်၏အမည်နှင့် ဆောင်ရွက်ရမည်။

ပုဒ်မ(၅)။ ။ အဖွဲ့ချုပ်ဝင်အချင်းချင်း ပုဂ္ဂိုလ်စွဲ ပုတ်ခတ်ပြောဆိုခြင်း မရှိရ။

ပုဒ်မ(၆)။ ။ အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်မချမီ အဖွဲ့တခုက မိမိ၏ သဘောထားကို လက်ခံလာအောင် ကြိုးစားနိုင်သည်။ သို့ရာတွင် ဆုံးဖြတ်ချက်ချပြီးသည့်အခါ ထိုအဖွဲ့၏ သဘောထားမဟုတ်ဘဲ အဖွဲ့ချုပ်၏သဘော ဖြစ်သဖြင့် ၎င်းဆုံးဖြတ်ချက်ကို မဆန့်ကျင်ရ။ နယ်များတွင် အဖွဲ့ခွဲများ ဖွဲ့စည်းရေးအတွက် အောက်ပါအတိုင်း သတ်မှတ်ကြသည်။

Myanmar Cupid Community PDF Creator Group

အခန်း၅။ ။နယ်များတွင် အဖွဲ့ခွဲများဖွဲ့စည်းရေး

နယ်များတွင် ခရိုင်အဖွဲ့ခွဲ၊ မြို့နယ်အဖွဲ့ခွဲ၊ ရွာအဖွဲ့ခွဲ စသည်ဖြင့် အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၎င်းအဖွဲ့ခွဲများသည် ဗဟိုဦးစီးအဖွဲ့၏ နမူနာအတိုင်း အဖွဲ့အသီးသီး တို့၏ ကိုယ်စားလှယ်များ ပါဝင်စေရမည်။

ဖ၊ဆ၊ပ၊လ၏ အာဏာပိုင်အဖွဲ့သည် ဗဟိုဦးစီးအဖွဲ့ ဖြစ်သည်။ ဗဟို ဦးစီး အဖွဲ့ဝင်များသည် အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဗိုလ်ချုပ်အောင်ဆန်း

(၂) ဗိုလ်လက်ျာ

(၃) ဗိုလ်နေဝင်း

(၄) သခင်သန်းထွန်း

(၅) သခင်မြသွင်

(၆) သခင်ဗဟိန်း

(၇) ကိုသိန်းဖေ

(၈) ကိုကျော်ငြိမ်း

(၉) ကိုဘဆွေ

(၁၀) သခင်ချစ်

(၁၁) သခင်ဝတင်

(၁၂) ဦးဘချို

(၁၃) ဦးချစ်မောင်

(၁၄) ဦးမြ(ဟသ်ာတ)

(၁၅) ဦးဘအုန်း

(၁၆) ဦးအေး

(၁၇) ဦးအောင်ဇံဝေ

(၁၈) ဦးဘိုးမြ(ကသာ)

(၁၉) ဦးကျော်ရင်

(၂၀) ဦးဘဂျမ်း

(၂၁) စောဘဦးကြီး

(၂၂) ဦးဘခိုင်

(၂၃) ဆရာသာထို

(၂၄) ဦးဘဖေ

(၂၅) ဦးသိန်းမောင်

(၂၆) ဦးပု

(၂၇) ဦးဆက်

(၂၈) ဦးမြ(ပျော်ဘွယ်)

(၂၉) ဦးဘဝင်း

(၃၀) ဦးတင်

(၃၁) သခင်လေးမောင်

(၃၂) သခင်ညီ

(၃၃) မစ္စတာရာရှစ်

(၃၄) မစ္စတာရာမန်

(၃၅) ဦးကြင်မိုန်

(၃၆) ဦးမျိုးရှ

အထက်ပါ ဗဟိုဦးစီးအဖွဲ့ဝင်စာရင်းကို ကြည့်ခြင်းအားဖြင့် ဖ၊ဆ၊ပ၊လ သည် မည်မျှကျယ်ပြန့်သော အမျိုးသားတပ်ပေါင်းစုကြီး ဖြစ်သည်ကို သိသာနိုင်ပေသည်။

ဗဟိုဦးစီးအဖွဲ့တွင် နိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်များသာမက လူမျိုးစုအဖွဲ့အစည်း အသီးသီး၏ ကိုယ်စားလှယ်များနှင့် ထင်ရှားသော တသီးပုဂ္ဂလ နိုင်ငံရေးခေါင်းဆောင်များပါ ပါဝင်သည်ကို အထူးဖော်ပြရန် မလိုပေ။ ထိုမျှ ကျယ်ပြန့်စွာ ဖွဲ့စည်းနိုင်ခြင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်ကျယ်မှုကြောင့် ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း မည်မျှ အမြင်ကျယ်သည်ကို အောက်ပါမိန့်ခွန်းများက သက်သေခံပေသည်။

စတုတ္ထအကြိမ်မြောက်
နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင်
ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်း

"ကနေ့ လူကြီးများ အစည်းအဝေးခေါ်ရခြင်း အကြောင်းမှာ နိုင်ငံအတွင်း ညီညွတ်မှုကို ရှေ့ရှု၍ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။ အရင်ကလဲ ခေါ်ခဲ့တယ်။ မူလကလဲ ရည်ရွယ်ခဲ့တယ်။ နိုင်ငံရေးညီညွတ်မှုဆိုတဲ့ အဓိပ္ပာယ်ဟာ ဘာလဲဆိုရင် အခု ကျွန်တော်တို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကို တနိုင်ငံလုံးရဲ့ နည်းလမ်းတကျ အတည်ပြုတဲ့အဖြစ်ကို Formal

Myanmar Cupid Community PDF Creator Group

Sanction အမြန်ရောက်အောင်လုပ်ပြီး ဒီအဖွဲ့ချုပ်ရဲ့ ဝါဒ၊ ရည်ရွယ်ချက်၊ စည်းမျဉ်းများအတိုင်း နိုင်ငံအတွက် ဖက်ဆစ်ဝါဒ ကမ္ဘာကြီးတလျှောက် ပပျောက်သွားရေး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းစဉ်များ အများပြည်သူတို့ဆန္ဒနှင့် လျော်ညီစွာ တညီတညွတ်တည်း လုပ်ကိုင်ခြင်းကို ဆိုလိုပါတယ်။

(က) ဖက်ဆစ်ဝါဒ တကမ္ဘာလုံးတွင် လုံးဝကွယ်ပျောက်သည်အထိ တိုက်ခိုက်ချေမှုန်းရန်။

(ခ) အတ္တလန်တိတ်ကြေညာချက်၊ တီဟီရန်ကြေညာချက်များ အတိုင်း ဗမာပြည်သူပြည်သားတို့သည် မိမိတို့ ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်ရန်။

(ဂ) ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန်။

(ဃ) ဗမာပြည်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်ပြီး အားလုံး၏ သဘောနှင့် ညီညွတ်စွာထူထောင်သော နိုင်ငံထူထောင်ရန်။

ဒါတွေဟာ အဖွဲ့ချုပ်ကြီးရဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒီအဖွဲ့ချုပ်ကြီးရဲ့ သဘောတရားအကျယ်ကို ရှင်းပြပါအုံးမယ်။ အခု ကမ္ဘာကြီးမှာ လူတဦးထဲကဖြစ်စေ၊ သို့မဟုတ် လူတစုကဖြစ်စေ နိုင်ထက်ကလူ ပြုကာ နိုင်ငံအတွင်းရော နိုင်ငံအပြင်ပရော ဆက်ဆစ်ဝါဒဟာ ပြည်တွင်း လွတ်လပ်ရေး၊ ကမ္ဘာ့လွတ်လပ်ရေး ငြိမ်းချမ်းရေးကို ဖျက်ဆီးခဲ့တယ်။ ဒီလို ဖက်ဆစ်ဝါဒဟာ ဆိုးသွမ်းတယ်ဆိုတာကို ကျွန်တော်တို့ တိုင်းသူပြည်သားတွေ ကိုယ်တိုင် အဲဒီဝါဒလက်ကိုင်ထားတဲ့ ဂျပန်အောက်မှာ သုံးနှစ်သုံးမိုးလောက် နေခဲ့ရလို့ လက်တွေ့သိရှိခဲ့ပြီးဘဲ။ အခုအခါ ပြည်တပြည်မှာ ဒီလိုဝါဒမျိုးရှိရင် သူတို့ဖာသာ သူတို့ ဖြစ်နေကြတာ၊ ငါတို့နဲ့ ဘာဆိုင်သလဲလို့ စောဒကတက်ချင်တဲ့လူတွေ ရှိချင်ရှိအုံးမယ်။ အဲဒီလို စောဒကရဲ့ အဖြေကတော့ ဒီလိုဘဲ အရင်က တချို့တိုင်းပြည်ကြီးတွေ လူတွေ သဘောထားခဲ့ကြလို့ ဖက်ဆစ်ဝါဒလွှမ်းမိုးတဲ့

တိုင်းပြည်တွေက တဖြေးဖြေး နယ်ချဲ့ပြီး ရမ်းကားလာတဲ့အတွက် အခု စစ်ကြီး ဖြစ်ခဲ့ရတာဘဲ။ (ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ရခြင်းအကြောင်းကို ရှင်းပြခြင်း ဖြစ်သည်။ ။စာရေးသူ) ဒီလိုဖြစ်ခဲ့တဲ့ စစ်ကြီးဟာလဲ ကျွန်တော်တို့နိုင်ငံပါမကျန် မီးကူးခဲ့တယ် မဟုတ်ဖူးလားဆိုတဲ့ လက်တွေ့အဖြေကိုဘဲ ပေးရမှာဘဲ။ အခု ခေတ်မှာ စစ်ဟာ တနိုင်ငံထဲမှာလဲ မဖြစ်နိုင်ဘူး။ ဖြစ်ပြန်ရင်လဲ စစ်မီးကူးတတ်တယ်။ စစ်မီးကူးရင် ကမ္ဘာတခုလုံး ဒုက္ခရောက်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ကျွန်တော်တို့ဟာ အမြဲတမ်း ရနိုင်သလောက်ရအောင် ကြိုးစားရမယ်။ အခုအခါမှာ ငြိမ်းချမ်းရေးကို အဖျက်အဆီးဆုံးဝါဒဟာ ဖက်ဆစ်ဝါဒဖြစ်လို့ ဒီဝါဒ ကမ္ဘာမှာ ဘယ်နေရာမှာဖြစ်ဖြစ် ရှိနေရင် စစ်ဖြစ်အုံးမှာဘဲ။ ဒီဝါဒ ပပျောက်အောင်လုပ်ဖို့ လိုတယ်။ ဒီတင်လားဆိုရင် မဟုတ်သေးဘူး။ ဒီဝါဒမျိုး ဟာ သူတို့ပြည်မှာလဲ တိုင်းသူပြည်သားတွေကို ချုပ်ချယ်တယ်။ ကမ္ဘာမှာလဲ အင်မတန် ရိုင်းစိုင်းသေးနုပ်တဲ့ လူမျိုးရေးဝါဒကို လက်ကိုင်ထားပြီး ပိုပြီး ချုပ်ချယ်ဘို့ ရည်ရွယ်ချက် ရှိတယ်။ ကမ္ဘာမှာ ကမ္ဘာ့လွတ်လပ်ရေးကို ထိခိုက် တယ်။ ကမ္ဘာ့လွတ်လပ်ရေးကို ထိခိုက်လို့ရရင် ကမ္ဘာ့လွတ်လပ်ရေး မရနိုင်ဘဲ ဖြစ်သွားမယ်။ ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ရင် ဗမာ့လွတ်လပ်ရေး ဆိုတာလဲ မရှိနိုင်ဘူး။ အခု တချို့ကပြောကြမယ်၊ စစ်ကြီးဟာ ပြီးသွားပြီ။ ဖက်ဆစ်တွေလဲ ကျသွားပြီ မဟုတ်လားလို့ မေးကြမယ်။ အခု ဖက်ဆစ်ဝါဒဟာ စင်စစ်အားဖြင့် ရှုံးသွားပေမယ့် ဒီဝါဒ သို့မဟုတ် ဆင်တူရိုးမှားဝါဒ လက်ကိုင်ထားတဲ့လူတွေ၊ အဖွဲ့တွေ၊ နိုင်ငံတွေ ရှိသေးတယ်။ ဥပမာ စပိန်ပြည်နဲ့ တရုပ်ပြည်မှာ ဒီဝါဒ မျိုးတွေ ကြွင်းကျန်တုန်းဘဲ။ (ထိုအချိန်မှာ တရုပ်ပြည်တွင် ချန်ကေရှိတ်အစိုးရ ကြီးစိုးနေချိန် ဖြစ်သည်။ ။စာရေးသူ) ဒီဝါဒမျိုးကို အားပေးတဲ့ နိုင်ငံပေါင်း များစွာမှာ တည်ရှိပြီး ပေါင်းစည်းထားတဲ့ အဖွဲ့အစည်းကြီးမျိုးတွေ (International trusts, Cartels, Combines) တွေလဲ ရှိသေးတယ်။ လက်အောက်ခံ တိုင်းနိုင်ငံတွေ အုပ်စိုးချင်တဲ့ တိုင်းပြည်တွေ ရှိသေးတယ်။ ဒါ တွေရှိနေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ မတည်မြဲနိုင်ဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ နက်ဖြန် စစ်ဖြစ်အုံးမလားဆိုပြီး ကမ္ဘာမှာရှိနေတဲ့ ကျွန်

တော်တို့တိုင်းသူပြည်သားတွေနှင့် တခြားတိုင်းသူပြည်သားတွေဟာ အေးအေး ဆေးဆေး နေခွင့်ရကြမှာ မဟုတ်ဖူး။ ဒါကြောင့် ဖက်ဆစ်ဝါဒ ကမ္ဘာမှာ ပပျောက်သွားရေးကို ကျွန်တော်တို့ ရည်ရွယ်ချက်ထဲမှာ ထည့်ထားတယ်။ ကမ္ဘာမှာ အဲဒီဝါဒမျိုးကို တိုက်ဖျက်မယ့် လူတွေနဲ့ အမြဲပူးပေါင်းပြီး အခွင့် အာဏာရတိုင်း ဆောင်ရွက်ဘို့ဘဲ။

အထူးသဖြင့် ကျွန်တော်တို့တိုင်းပြည်မှာ ဒီဝါဒမျိုး လုံးဝမရှိနိုင်အောင် လုပ်ရမယ်။ အာဏာရှင်ဝါဒ၊ လူမျိုးအချင်းချင်း မုန်းတီးရေးဝါဒ၊ ဂျပန်ပြည်မှာ လို စစ်ကသာ လွှမ်းမိုးရမယ်ဆိုတဲ့ စစ်ဘက်အာဏာရှင်စနစ်၊ သက်ဦးဆံပိုင် ရှင်ဘုရင်စနစ်ဝါဒ (Feudalism) အထက်ကသာ ခန့်ထားပြီး တိုင်းသူပြည်သား ဆန္ဒအရမဟုတ်ဘဲ တိုင်းသူပြည်သားတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်တဲ့ အရာရှိတွေ ချယ်လှယ်တဲ့ စနစ်ဆိုးမျိုး ရှိနေရင် အများပြည်သူတို့ ဆန္ဒနဲ့ လုပ် ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီလိုဝါဒမျိုးတွေ ပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေ စီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရ သာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ ဗမာပြည်က လူတွေဟာလဲ နစ်နာမယ်။ ကျွန်တော်တို့ပြည်ကိုလဲ ကမ္ဘာက ကြည့် နေလို့ မရတဲ့တနေ့ ဂျပန်နှင့်ဂျာမဏီ ဝိုင်းအနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိချပ်ကြရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီ ဝါဒဟာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော် တို့ ရည်ရွယ်ရမယ်။ ဒါဖြင့် ဒီဝါဒဟာ ဘာလဲဆိုတာကို ရှင်းပြချင်သေးတယ်။

ကျွန်တော်တို့အမြင်အရဆိုရင် တိုင်းပြည်ရဲ့ခေါင်းဆောင်မှုဟာ လူတဦး ထဲက ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့နဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့ရဲ့ဆန္ဒယူပြီး အဖွဲ့ရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။ လူမျိုးရေးတရားဟာလဲ ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါလောက်

မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာမှာ ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရား မဟုတ်ဘဲ ကိုယ့်လူမျိုး ကိုယ်ချစ်ခင်သော်လဲ တခြားလူမျိုးများကို မုန်းတီးခြင်း အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တဦးအကျိုးတဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့လူမျိုးလဲ ဖြစ်ရမယ်။ ဂျပန်ပြည်မှာလို စစ်ဖက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှ အစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင် စစ်ဖက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့် ရှိရမယ်။ နောက် လွတ်လပ်စွာဖော်ပြခွင့်၊ စည်းရုံးခွင့်၊ အစည်းအဝေးခေါ်ခွင့်နဲ့ စီတန်းလမ်းလျှောက်ခွင့်၊ လွတ်လပ်စွာတွေးတောခွင့်၊ ကိုးကွယ်လိုရာ ကိုးကွယ်ခွင့်၊ တရားနဲ့ မညီသော အဖမ်းအဆီး အချုပ်အနှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေးလွတ်လပ်ခွင့်၊ ကိုယ့်အိမ်ကိုယ့်ယာနဲ့ နေထိုင်ခြင်းကို မတရားသဖြင့် နှောင့်ယှက်ခြင်းမှ ကင်းလွတ်ခွင့်၊ လူတိုင်း ပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ဆေးဝါးအကူအညီရခွင့်၊ မတရားသဖြင့် စီးပွားချုပ်ချယ်မှုများမှ လွတ်ကင်းချမ်းသာခွင့်၊ အလုပ်သမား လယ်သမားများ၏ အနည်းဆုံး အခွင့်အရေးများကို အစိုးရက စောင့်ရှောက်ပေးခြင်း၊ တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့်ဘာသာ ကိုယ့်ဓလေ့ ကိုယ့်ယဉ်ကျေးမှုအတိုင်း ဆောင်ရွက်နိုင်ခွင့်၊ အိုနာစာ အထိအခိုက် လျော်ကြေးရံပုံငွေ အစရှိသည်တို့ကို အစိုးရက ထားပြီး အိုမင်း၍ငင်း၊ နာဖျား၍ငင်း၊ ထိခိုက်နာကျင်၍သော်ငင်း၊ အလုပ်လုပ်ချင်သော်လည်း အလုပ်မရနိုင်၍သော်ငင်း၊ အသက်မွေးဝမ်းကျောင်း မပြုနိုင်စွမ်းသူများသည် အစိုးရ၏ အထောက်အပံ့ကို ရရှိခွင့် ဒီမိုကရေစီအခွင့်အရေးမျိုးတွေလဲ ရှိရမယ်။

အထက်ပါအချက်တွေဟာ ဒီမိုကရေစီဝါဒရဲ့ အခြေခံတွေဘဲလို့ ယူဆတယ်။ ဒီလို အခြေခံတရားတွေကို ရည်ရွယ်ရင်းရှိတဲ့ အဖွဲ့အစည်းဟာလဲ ဒီတရားတွေနဲ့ညီတဲ့ အများဆန္ဒအရ ရွေးကောက်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဆောင်ရွက်လုပ်ကိုင်ခြင်း စတဲ့ နည်းစနစ်မျိုးသာ သုံးရပေလိမ့်မယ်။

အဲဒီလို အခြေခံအချက်အလက်များအရ ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့တယ်။ ဒီလိုရည်ရွယ်ချက်တွေ ရအောင်

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးဟာ ဂျပန်လက်ထက်အတွင်းမှာဘဲ ၁၉၄၄ခု၊ ဩဂုတ်လကစပြီး ပုန်းရှိုးကွယ်ရှိုး လုပ်လာရပြီး ဗမာ့တပ်မတော်နဲ့ ပြောက်ကျား တပ်များက တပ်ဦးအနေဖြင့် ဂျပန်ဖက်ဆစ်များကို မဟာမိတ်များဘက်က တိုက် ခိုက်လာခဲ့တာကို အားလုံးအသိဘဲ။ အခုအခါ ဗမာ့တပ်မတော်နဲ့ ပြောက်ကျား တပ်များက သတ်ဖြတ်ခဲ့တဲ့ ဂျပန်ဦးရေဟာ နှစ်သောင်းထက် နဲမှာ မဟုတ်ဖူး။ အဲဒီလို ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက ဦးစီးခေါင်းဆောင် ပြီး ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များက တိုက်ခိုက်ခဲ့တာကိုလဲ ကမ္ဘာ တခုလုံးက အသိအမှတ်ပြုကုန်ကြပြီ။ ဘိလပ်မှာရှိတဲ့တကယ့်သတင်းစာကြီးတွေ ကရော၊ ဘိလပ်ပါလီမန်ကရော၊ ဘိလပ်မှာထုတ်ဝေတဲ့ စက္ကူပြာ–စက္ကူဖြူ စာတမ်းတွေမှာရော၊ ဒီအဖွဲ့ချုပ်ကြီးနဲ့ဗမာ့တပ်မတော်တို့အကြောင်းကို အရေး တယူ ပြောဆိုကြတယ်။ အမေရိကန်သတင်းစာတွေမှာရော၊ အိန္ဒိပြည်၊ တရုပ် ပြည်သတင်းစာတွေရော၊ ဥရောပတိုက်မှာရှိတဲ့ ပြင်သစ်နိုင်ငံအစရှိတဲ့ တိုင်းပြည် တွေမှာရော ကျွန်တော်တို့ အဖွဲ့ချုပ်ကြီးရဲ့ ကြိုးပမ်းမှုတွေကို ရေးသားလာရ ကုန်ပြီ။ ဒါတောင် ဗြိတိသျှတို့ဟာ ကျွန်တော်တို့လုပ်သမျှကို ဖုံးနိုင်သမျှ ဖုံးထား သေးတယ်။ အခု ကျွန်တော်တို့ တပ်မတော်က တိုက်ခိုက်တာတွေဟာ သတင်း စာတွေမှာ ပါသင့်သလောက် မပါဘူး။ တချို့နေရာတွေမှာ ကျွန်တော်တို့ပါ ဝင် တိုက်ပေမယ့် ကျွန်တော်တို့ မပါဘဲ တိုက်သလို။ ဂျပန်ကျဆုံးသမျှတွေဟာ သူတို့ချည်း တိုက်လို့ ကျဆုံးသလို သတင်းပေးတယ်။ တချို့နေရာတွေမယ် ကျွန်တော်တို့ချည်း တိုက်ရတယ်။ ဒါတွေကို သတင်းရရင်လဲ မပေးဘူး။ အဲဒီလို သတင်းတွေ ထိမ်ထားတဲ့အထဲက ကမ္ဘာက ကျွန်တော်တို့လုပ်ငန်းတွေကို အသိ အမှတ်မပြုဘဲ မနေနိုင်အောင် အခု ဖြစ်ခဲ့တယ်။ ဒီလို ကမ္ဘာက ဗမာပြည်ကို ထင်ထင်ရှားရှား အသိအမှတ်ပြုလာခဲ့တာဟာ ဗမာပြည်ရဲ့ ရာဇဝင်မှာ ဒီတကြိမ် ဘဲ ရှိသေးတယ်။

အခု စစ်ကြီးပြီးသွားပြီ။ တိုက်ခိုက်မှုတွေဟာလဲ မကြာခင် ပြီးဆုံးတော့ မှာဘဲ။ သို့သော်လဲ ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးက မပြီးသေးဘူး။ ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးဟာ ဗမာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်

မယ့်လူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ် လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ ဒါကြောင့် တိုင်းပြည်မှာ ညီညွတ်ရေးဟာ အဓိက လုပ်ငန်းဘဲ။ ညီညွတ်ရေးဆိုပေမယ့် တိုင်းပြည်လွတ်လပ်ရေးနဲ့ ထူထောင်ရေးကို အထက်ပါ အခြေခံချက်တွေအရ ဆောင်ရွက်မယ့် ညီညွတ်ရေးမျိုးကိုသာ ဆိုလိုပါတယ်။ ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲကိုချိန်ပြီး ငြမ်းဆင်တပ်ရုံလောက် တတ်နိုင်အောင် ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဖူး။ ကျွန်တော်တို့ အဖို့ ပြောရရင် အရင် ပထမလူကြီးများအစည်းအဝေးမှာ ပြောခဲ့သလို ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုကိုငင်း၊ ရာထူးဌာနန္တရကိစ္စများကိုငင်း ကျွန်တော်တို့ မှုပိုင်ရေစစ္စတြီ လုပ်မထားဘူးဆိုတာ တိတိလင်းလင်း သိစေချင်ပါတယ်။ အခု ကျွန်တော်တို့ ဆိုရင် တပ်မတော်တခုလုံးက ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးအတွင်းမှာ တနိုင်ငံလုံး ညီညွတ်စွာ လွတ်လပ်ရေးရအောင် လုပ်ရန် တာဝန်ပေးလိုက်တယ်။ ဒီလို တာဝန်ပေးလိုက်တာဟာ ဘာပြုလို့လဲဆိုရင် တပ်မတော်သားတွေဟာ ဂျပန်လက်ထက်ကလဲ အမျိုးမျိုး ဆင်းရဲခဲ့တယ်။ အခုဆိုရင်လဲ လခတပြားမှ မရသေးဘဲနဲ့ အဆင်းရဲ အပင်ပန်းတွေ အမျိုးမျိုးခံပြီး အသက်ကိုစွန့်ပြီး တိုက်ခဲ့ကြတယ်။ အဲဒီလို တိုက်ခဲ့ပြီးတော့ ငါတို့ တိုက်ရကျိုးနပ်မှ နပ်ပါ့မလားလို့၊ အချို့များ တိုက်ရင်းခိုက်ရင်း ကျဆုံးခါနီးမှာ စိတ်အလွန်စောပြီး ဗမာပြည်ကလူတွေ ညီညွတ်ပြီး လွတ်လပ်အောင်လုပ်ပါ။ ကျုပ်တို့တော့ လွတ်လပ်ရေးအတွက်ဆိုပြီး တိုက်လို့ သေရတော့မယ်လို့ မှာကြားသွားကြသေးတယ်။ အဲဒါတွေကြားပြီး တနေ့က ပဲခူးနဲ့ ရန်ကုန်မှာ တိုင်းတပ်မှူးတွေနဲ့ ကျွန်တော်တို့ တပ်မတော်အရာရှိကြီးတွေ အစည်းအဝေးက တပ်မတော်တခုလုံး လွတ်လပ်ရေး ကိစ္စနဲ့ပတ်သက်ပြီး စိတ်တထင့်ထင့် ဖြစ်နေကြတာကို မဖြစ်ရလေအောင် တိုင်းပြည်က ညီညီညွတ်ညွတ်နဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှာ လုပ်ကြပါဆိုတာ ကျွန်တော်တို့ ကြေညာခဲ့တယ်။ အခု ကျွန်တော် ပြောနေတာဟာ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့လဲ ဖြစ်တယ်။ တပ်မတော်သေနာပတိအဖြစ်နဲ့လဲ ဖြစ်တယ်။ ကျွန်တော်ပြောခဲ့တဲ့ စကားတွေဟာ

တပ်မတော်မှာရှိတဲ့ စစ်သားတွေကအစ စိတ်ထဲမှာရှိတဲ့ စကားတွေဘဲ။ ဒါတွေကို ခင်ဗျားတို့ ပိုပြီး အကောင်အထည်နဲ့ မြင်ချင်ရင် ခင်ဗျားတို့ ကျုပ်တို့ စစ်သားတွေရှိတဲ့ နေရာကို လိုက်ပြီးကြည့်လို့ရှိရင် ပိုပြီးသဘောပေါက် ထင်မြင်ကြမယ်။ ဒီစကားကို ကျွန်တော် အပိုပြောတာမဟုတ်ဖူး။ တကယ် ခင်ဗျားတို့ လိုက်ကြည့်ချင်တယ်ဆိုရင် ကျွန်တော်တို့ လိုက်ပို့မယ်။ စစ်သားတွေကို ခင်ဗျားတို့ ကိုယ်တိုင် တွေ့ပြီး မေးမြန်းကြည့်စေချင်တယ်။ အဲဒါကြောင့် ကျွန်တော် လေးလေးနက်နက် ပြောချင်တာက ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို အခြေခံထားပြီး အထက်ပါ သဘောတရားများ၊ အချက်အလက်များအရ ကျွန်တော်တို့လုပ်ထားတဲ့ စည်းမျဉ်းတွေ၊ ဝါဒတွေကို ညှိနှိုင်းပြုပြင်ယူပြီး ခိုင်မြဲတောင့်တင့်တဲ့ အဖွဲ့ချုပ်ကြီးဖြစ်အောင် ဝင်ရောက်လုပ်ကိုင်ပါ။ မကြာခင်လဲ ကျွန်တော်တို့ဟာ ပြည်လုံးကျွတ် အစည်းအဝေးကြီး ခေါ်တော့မယ်။ အဲဒီ ပြည်လုံးကျွတ်အစည်းအဝေး ခေါ်တဲ့အခါ အဖွဲ့ချုပ်ကြီးရဲ့ စည်းမျဉ်းတွေ၊ ဝါဒတွေကို အတည်ပြုပြီး ရှေ့ ဆက်လက် အလုပ်လုပ်ရလိမ့်မယ်။ ဒီကြားအတွင်းမှာလဲ မြို့လုံးကျွတ်အစည်းအဝေးကို ၁၉–ရက်နေ့မှာ ကျင်းပမယ်။ ( ၁၉၄၅–ခု၊ ဩဂုတ်လ ၁၉–ရက်နေ့တွင် ကျင်းပမည့် အစည်းအဝေးကို ဆိုလိုသည်။ ။စာရေးသူ) နောက်လဲ နယ်တိုင်း နယ်တိုင်းမှာ ဒါမျိုးတွေ ကျင်းပပြီး အဖွဲ့ချုပ်ကြီးကို ပြန်လည်ဖွဲ့စည်းရလိမ့်မယ်။ အခုအထိလဲ ကျုပ်တို့ အဖွဲ့ချုပ်ကြီးဟာ နေ့စဉ်နဲ့အမျှ ဖမ်းဆီးထားတဲ့ လူတွေကိစ္စ၊ စစ်ပြေးဒုက္ခသည်တွေကိစ္စ၊ ဖက်ဆစ်တိုက်ဖျက်ရေးကိစ္စ၊ ပြန်လည်ထူထောင်ရေးကိစ္စတွေမှာ အပြောသာမဟုတ်ဘဲ အလုပ်နဲ့ လုပ်နေကြတယ်။ ကျွန်တော်တို့ဟာ အသီးသီး လက်ငင်းအလုပ်တွေနဲ့ အားတယ်ရယ်လို့ မရှိဘူး။ ကျွန်တော် ကိုယ်တိုင်ဆိုရင်လဲ တပ်တွေရှိရာ သွားကြည့်နေရတယ်။ မကြာခင်ကဘဲ ပြန်ရောက်တယ်။ ဒါပေမယ့် ကျုပ်တို့ ဒီလောက် ပင်ပင်ပန်းပန်း ခေါင်းဆောင်မှုကို ငါတို့ချည်း အုပ်စားမယ်ဆိုတဲ့ မူပိုင်ထားချင်တဲ့စိတ် အလျဉ်းမရှိဘဲ၊ ဒီအဖွဲ့ချုပ်ကြီး ကြီးပွားတည်တန့်နိုင်အောင် အခု ကြွလာတဲ့ လူကြီးများကအစပြုပြီး တိုင်းပြည်ရဲ့ လက်ထဲကို အပ်လိုက်ပါတယ်။ အခု အဖွဲ့ချုပ်ကြီးအတွင်းမှာ ဗမာ့

တပ်မတော်၊ လူငယ်များအစည်းအရုံး၊ ကွန်မြူနစ် ပါတီ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့၊ မျိုးချစ်ပါတီ၊ ရခိုင်အမျိုးသားအစည်းအရုံး အပြင် အခြားပုဂ္ဂိုလ်များလည်း ပါဝင်ပြီး ဖြစ်တယ်။ ကျန်တဲ့ အဖွဲ့များ၊ ပုဂ္ဂိုလ်များကိုလဲ အဖွဲ့ချုပ်ကြီးအတွင်း ဝင်ရောက်ရန် ဖိမန္တက ပြုပါတယ်။ အဲဒီလို ဝင်ရောက်လာတဲ့အဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေကို ယခု ပြန်လည်ဖွဲ့စည်းမယ့် ဗဟိုဦးစီးအဖွဲ့က စဉ်းစားပြီး လက်ခံရပါလိမ့်မယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ထဲပါတဲ့ အဖွဲ့အချင်းချင်း ဆက်သွယ်ရမယ့် စည်းကမ်းတွေ၊ လောလောဆယ် စည်းမျဉ်းတွေ၊ အဲဒါတွေကို အထွေထွေအတွင်းရေးမှူးက ရှင်းလင်း ပြောပြပါလိမ့်မယ်။

အဲဒီနောက် အထက်ပါကိစ္စနဲ့ပတ်သက်ပြီး ကျကျနန ဆွေးနွေးပြီးတော့ ကျွန်တော်တို့ဟာ အခု စစ်ကြီးပြီးတာနဲ့ ပတ်သက်ပြီး လင်ငင်းလုပ်ငန်းများပေါ်လာပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ စစ်အုပ်ချုပ်ရေး အမြန်ဆုံးရုပ်စဲစေဘို့နှင့် အမျိုးသားအစိုးရ တည်ထောင်ရေး ဖြစ်တယ်။ အမျိုးသားအစိုးရ တည်ထောင်ရေးဆိုတာဟာ ဘုရင်ခံပြောတဲ့ အမှုဆောင်မျိုးမဟုတ်ဘဲ၊ တိုင်းပြည်တပြည်လုံး ပြည်တွင်းပြည်ပ ကိစ္စအရပ်ရပ်ကို အာဏာပိုင်ပြီး တိုင်းရင်းသားများပါတဲ့ အမျိုးသားအစိုးရကို ဆိုလိုပါတယ်။ အဲဒီလိုအဖွဲ့ ဖွဲ့နိုင်မှသာ နောက်လာမယ့် တိုင်းပြုပြည်ပြုလွှတ်တော်တို့၊ ဗြိတိသျှအစိုးရနှင့် ချုပ်ဆိုရမယ့် စာချုပ်တွေဟာ စီစဉ်လို့ ဖြစ်နိုင်မယ်။ ဒီအမျိုးသားအစိုးရဆိုတာ မဖြစ်နိုင်ဘဲနဲ့ ကျုပ်တို့ဟာ ဒိုမီနီယန် အုပ်ချုပ်ရေးတောင် ကောင်းကောင်းနဲ့ မြန်မြန် ရချင်မှ ရမယ်။ ဒါကြောင့် အခု ဘုရင်ခံ ပြန်လာရင် ဖွဲ့မယ့် အစိုးရအဖွဲ့နဲ့ လွှတ်တော်ဟာ အခရာဖြစ်နေတယ်။ ဒီအစိုးရနဲ့ ဒီလွှတ်တော်က လာမယ့်ရွေးကောက်ပွဲကိစ္စနဲ့ ပတ်သက်ပြီး တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမျိုးဖြစ်အောင် မလုပ်ဘဲ တော်အောင်ရော်အောင် မလုပ်နိုင်ရအောင် အစိုးရကလဲ ကျွန်တော်တို့ သဘောကျ အမျိုးသားအစိုးရ ဖြစ်ရမယ်။ လွှတ်တော်မှာလဲ ကျွန်တော်တို့ သဘောကျလူတွေ ဖြစ်နိုင်ရမယ်လို့ အဲဒီလို တညီတညွတ်ထဲ ပြုလုပ်ဖို့လိုတယ်။ ဒီလို တညီတညွတ်ထဲ စီမံတာကို ဘုရင်ခံက လက်မခံရင် ကျွန်တော့်သဘော ပြောရရင် တဦးစီ တဦးစီ ဘုရင်ခံက ခေါ်ပြီး ရာထူးပေးပေး၊ နေရာပေးပေး လက်မခံစတမ်းလို့ ဆုံးဖြတ်စေချင်တယ်။

အားလုံး ဒီမှာ ကြွရောက်လာကြတဲ့ လူကြီးတွေဟာ ပညာရှင်တွေဘဲ။ ဘုရင်ခံ ပြောသွားတဲ့ စကားတွေဟာ အလိမ္မာသုံးတဲ့ စကားတွေ အများကြီးပါတယ် ဆိုတာလဲ သတိထားမိကြပါလိမ့်မယ်။ ခင်ဗျားတို့က သဘောတူကြတယ်ဆိုရင် ကျုပ်တို့က လုံးဝ လွတ်လပ်ရေးတောင် ခွင့်ပြုဘို့အဆင်သင့်ဘဲဆိုတဲ့ သဘောကို ဘုရင်ခံက ပြောသွားတယ်။ ဒါကြောင့် တိုင်းပြည် ညီညွတ်ရေးကို အဓိကထား တဲ့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်မှာပါပြီး ဒီကိစ္စအရပ်ရပ်တွေမှာ တညီ တညွတ်ထဲ လုပ်ကြရန် ထပ်လောင်း၍ တိုက်တွန်းလိုက်ပါတယ်။

နိဂုံးမချုပ်မီ တပ်မတော်ကိစ္စကို အစီရင်ခံလိုပါတယ်။ အခု ကျွန်တော် တို့ တပ်မတော်ကို နာမည်သာရှိတဲ့ ဗမာပြည်တပ်မတော်ဆိုတာထဲ သိမ်းသွင်း မယ်လို့ သာမန်သာ ဆိုတယ်။ အဲဒီလို သိမ်းသွင်းမယ်ဆိုတာဟာလဲ ကျွန်တော် တို့ တပ်မတော်ကို မူပြုပြီး သိမ်းသွင်းမယ်ဆိုတဲ့ သဘောမဟုတ်သေးဘူး။ ပြီးတော့ ကျွန်တော်တို့တပ်မတော်ကို မူပြုပြီး ဗမာပြည်တပ်မတော် တည်ထောင် တောင် ပထမဆုံး ရှင်းရှင်းလင်းလင်း သဘောတူရမယ့် အချက်တွေ ရှိပါသေး တယ်။ ဒီအချက်တွေနဲ့ ပတ်သက်ပြီး အခုအထိ ဟောပြောတဲ့အနေမျိုးနှင့် တချို့ အချက်တွေ ရှင်းလင်းပြီး၊ တချို့အချက်တွေ မရှင်းလင်းသေးဘူး။ ဒါကြောင့် အခု အဖွဲ့ချုပ်က တပ်မတော်နဲ့ ပတ်သက်တဲ့အဆိုကို ဆုံးဖြတ်ဖို့ တင်ပြထား ပါတယ်။

အခု ကမ္ဘာစစ်ကြီးအတွင်းမှာရော၊ အပြီးမှာရော ကမ္ဘာကြီးဟာ အင်မတန် ပြောင်းလဲနေတယ်။ ဗမာပြည်မှာလဲ ပြောင်းလဲနေတယ်။ ရှေးနည်း ရှေးစနစ်အယူမျိုးတွေနှင့် လုပ်လို့ရမယ်လို့ ထင်တဲ့လူတွေဟာ ကမ္ဘာကြီးထဲမှာလဲ ပပျောက်ကုန်ပြီ၊ ဗမာပြည်မှာလဲ ပပျောက်မှာဘဲ။ ကမ္ဘာ့တံတိုင်းကြီးမှာရှိတဲ့ ဒီ သင်ခန်းစာတွေကို ကျွန်တော်တို့ဟာ အလေးဂရုပြုပြီး တညီတညွတ်ထဲ နိုင်ငံ၏ လွတ်လပ်ရေးကို အမြန်ရအောင် ကြိုးစားကြပါ။ အဲဒီလို ထိထိရောက်ရောက် လုပ်နိုင်အောင် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အတွင်းသို့ ဝင်ရောက်ကြပါ ဆိုတာကို နောက်ဆုံးထပ်မံ၍ တိုက်တွန်းပါတယ်။"

အထက်ပါ မိန့်ခွန်းကို ဖတ်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းတွင် ခေါင်းဆောင်မှုကိုင်၍ ရာထူးကိုင်၍ လက်ဝါးကြီး အုပ်ထားလိုစိတ် မရှိကြောင်း ထင်ရှားပေသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဝါဒကို မလိုလား၊ ဒီမိုကရေစီဝါဒကိုသာ လိုလားကြောင်း ထင်ရှားပေသည်။

၁၉၄၅–ခု ဩဂုတ်လ ၁၉–ရက်နေ့ 'နေသူရိန်' ရုံတွင် ကျင်းပသော ရန်ကုန်မြို့လုံးကျွတ် အစည်းအဝေးကြီးတွင် မြွက်ကြားသည့် ဗိုလ်ချုပ်၏ အောက်ပါမိန့်ခွန်းကို ဖတ်လျှင် ဖ၊ဆ၊ပ၊လ သမိုင်းနှင့်တကွ ဗိုလ်ချုပ်သည် ကမ္ဘာ့အခြေအနေကို မည်မျှ မှန်ကန်အောင် သုံးသပ်နိုင်သည်ကို တွေ့ပါလိမ့်မည်။

ပြည်သူ့အစည်းအဝေးကြီးတွင်
ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊
မျိုးချစ်ဗမာ့တပ်မတော် စစ်သေနာပတိ၊
ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း

"ကနေ့ မြို့လုံးကျွတ်အစည်းအဝေးခေါ်ရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ ဗမာ့တပ်မတော်အပါအဝင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ်ကြီး အကြောင်းကို မြို့သူမြို့သားများနှင့်တိုင်းသူပြည်သားများအား ရှင်းလင်း ပြောပြချင်လို့ဘဲ။ ပထမဆုံး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနဲ့ ပတ်သက်ပြီး ရှင်းလင်းချင်တဲ့ အချက်ကတော့ ဒီအဖွဲ့ချုပ်ကြီးဟာ သခင်အဖွဲ့လို့ အများသိနေတဲ့ တို့ဗမာအစည်းအရုံးနဲ့လဲ မတူဘူး။ တို့ဗမာအစည်းအရုံးက တို့ဗမာအစည်းအရုံး သက်သက်၊ အရင်တုန်းက တို့ဗမာအစည်းအရုံးထဲ ကျွန်တော်တို့ ပါခဲ့တယ်။ ကျွန်တော်တို့ အခု မပါတော့ဘူး။

ဒုတိယ ကျွန်တော်ရှင်းပြချင်တဲ့ အကြောင်းကတော့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးဟာ ကွန်မြူနစ်ပါတီ မဟုတ်ဖူး။ ကွန်မြူနစ်ပါတီက လူတွေဟာ ဒီအဖွဲ့ချုပ်ကြီးမှာ ဝင်လုပ်နေတာ မှန်တယ်။ ဒါပေမယ့် သူတို့ပိုင်အဖွဲ့ မဟုတ်ဖူး။ ဒီအဖွဲ့ချုပ်ကြီးကို ဂျပန်လက်ထက်မှာ ဂျပန်တွေက တိုင်းသူ ပြည်သားတွေ အပေါ် အမျိုးမျိုးစော်ကား၊ အမျိုးမျိုးနှိပ်စက်ပြီး ဘာမှ အဆီအသား မရှိတဲ့ လွတ်လပ်ရေးကို ဘမ်းပြ သွေးစုပ်နေတော့ ကျုပ်တို့ တကယ့် လွတ်လပ်ရေးကိုရအောင် တကယ်တိုက်ချင်တဲ့ လူတွေကို ပါတီမရွေး လူမျိုးမရွေး ဘာသာမရွေး တတိုင်းတပြည်လုံး သွေးစည်းပြီး လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၉၄၄-ခု ဩဂုတ်လအစလောက်မှာ တည်ထောင်လာခဲ့တယ်။ အဲဒီလို အဖွဲ့ချုပ်ကြီး မဖွဲ့ခင်ကတော့ ဟိုတစ ဒီတစ ကျုပ်တို့က ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့တော်လှန်ရေးအဖွဲ့က ပြည်သူ့တော်လှန်ရေး အဖွဲ့ချည်းသက်သက် ဆောင်ရွက်နေကြလို့ ကျုပ်က စတင်ပြီး အကြံပေးတဲ့အတိုင်း အားလုံး စည်းလုံးပြီး ဂျပန်ကို တိုက်ကြရအောင်လို့ နိုးဆော်လို့ ဒီအဖွဲ့ကြီး ဖြစ်ပေါ်လာခဲ့တယ်။ ဒီအဖွဲ့ကြီးကို ဘယ်လို ဖွဲ့စည်းရမယ်၊ ဘာရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းရမယ်ဆိုတဲ့ အချက်တွေကို ကျုပ်ကဘဲ စတင် စီမံပေးခဲ့တာဘဲ။ အဲဒီလို အဖွဲ့ကြီးကို လုပ်တဲ့အခါ ဘယ်အဖွဲ့ ဘယ်ပါတီရဲ့ မူပိုင်သဘောမျိုး အဖြစ်နဲ့မှ ဖွဲ့ခဲ့တာ မဟုတ်ဖူး။ တတိုင်းပြည်လုံးရဲ့ လွတ်လပ်ရေးကို အဓိကထားပြီး သွေးစည်းဘို့အတွက် ဖွဲ့စည်းခဲ့တာဘဲ။ သို့ပေမယ့် တခုတော့ ရှိတယ်။ ကွန်မြူနစ်ဘဲ ဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ်၊ အလုပ်လုပ်ရင် အလုပ်လုပ်တဲ့လူ တွင်ကျယ်မယ် ဆိုတာကိုတော့ အားလုံး နားလည်ဘို့ လိုတယ်။

ဒါဖြင့် ဒီအဖွဲ့ချုပ်ကြီးဟာ ဘာလုပ်ခဲ့သလဲ။ အိန္ဒိယပြည်၊ တရုပ်ပြည်မှာရှိတဲ့ တချို့ မျိုးချစ်လူငယ်တွေနဲ့ ကျွန်တော်တို့ အဆက်ရပြီး မဟာမိတ်တွေနဲ့ အဆက်ရနိုင်သမျှ ရအောင် လုပ်တယ်။ ပြီးတော့ ဘာနိုင်ငံခြား အဆက်မှ မရရရရ ဂျပန်ဖက်ဆစ်များကို အမြန်ဆုံး တိုက်နိုင်အောင် စီမံ စိုင်းပြင်းခဲ့တယ်။ နောက်ဆုံး မတ်လ ၂၇-ရက်နေ့က စပြီး တပြည်လုံးမှာ ကျုပ်တို့ တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ အဲဒီအရင်ကလဲ ရခိုင်ပြည်မှာရှိတဲ့ အရင်

၁၉၃၆–ခု ကျောင်းသားသပိတ်တုန်းက သပိတ်မှောက် အဖွဲ့ချုပ်ရဲ့ လူကြီးတဦး ဖြစ်ခဲ့တဲ့ ကိုညိုထွန်းက ကမကထလုပ်လို့ ဦးပညာသီဟက ခေါင်းဆောင်ပြီး ရခိုင်ပြည် အမျိုးသားများက မဟာမိတ်များပေးတဲ့လက်နက်များနဲ့ ဂျပန်ကို ပုန်ကန်ခဲ့ကြတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများဖြစ်တဲ့ ကချင်တို့၊ ချင်းတို့ ကလဲ ဂျပန်ကို တိုက်ခဲ့တယ်။ ကရင်အမျိုးသားများလဲ ဒီကိစ္စမှာ စိုင်းပြင်း ခဲ့တယ်။ နောက်ဆုံး သူတို့ဟာ တောင်ငူနယ်မှာ အထူးသဖြင့် အောင်အောင် မြင်မြင်နဲ့ ဂျပန်ကို တိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ တပ်မတော်မှာရှိတဲ့ ကရင် တပ်ရင်းကလဲ မြစ်ဝကျွန်းပေါ် အနောက်ပိုင်းကို တာဝန်ယူ တိုက်ခဲ့တယ်။ နောက် အထက်ဗမာပြည် မန္တလေး တဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီး ဗထူး ကြီးမှူးပြီး ကျုပ်တို့ တပ်မတော်က ဂျပန်ကိုတိုက်ခဲ့တယ်။ ဗိုလ်မှူးကြီး ဗထူး တိုက်ပေးတဲ့အတွက် မန္တလေးတိုက်ပွဲဟာ လျင်မြန်စွာ အောင်မြင်ရတယ် ဆိုတာကို ဟိုတုန်းက ဗမာ့တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ် တပ်မတော် အမှတ်၁၄–တပ်မှူး လက်ဖတင်နင်ဂျင်နရယ် ဆာဝီလျံစလင်း ကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။ နောက်ကိုလဲ ဗိုလ်မှူးကြီးဗထူးဟာ မြို့တွေ ရွာတွေ အမြောက်အမြားကို သိမ်းပြီး ရှမ်းပြည်ဘက် တက်တိုက်ခဲ့ တယ်။ ဗိုလ်မှူးကြီးဗထူးကို မဟာမိတ် ဒီဗီဇံ တပ်မှူးတိုင်း လိုလို သိကြတယ်။ ချီးကျူးတယ်။ ၄–နံပတ် တပ်ကြီးမှူးဖြစ်တဲ့ လက်ဖတင်ဂျင်နရယ် မက်ဇာဗီ က ဗိုလ်မှူးကြီးဗထူးရဲ့ အကြောင်းကို (Despatches) လန်ဒန်ဂေဇက် (ဘိလပ် အစိုးရ ဂေဇက်)ထဲမှာ ထဲ့ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်။ နောက် မိတ္ထီလာမှာရှိတဲ့ တပ်ရင်း ၅–ကလဲ ဂျပန်ကိုတိုက်ခဲ့တယ်။ တပြည်လုံးမှာတော့ မတ်လ ၂၈–ရက် နေ့ကစပြီး တိုက်ခဲ့တယ်။ အဲဒီလို တိုက်တဲ့အခါ တောင်ငူဘက်မှာ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ခွဲနှင့် ကျုပ်တို့ တပ်မဟာက ဗိုလ်အကြပ် ၃၀ လောက် ကြီးမှူးပြီး ပြောက်ကျားတပ်များ သီးခြားဖွဲ့ပြီးလဲ တိုက်ခဲ့တယ်။ ကျုပ်တို့ တပ်မတော်နှင့် ပြောက်ကျားတပ်တွေ တိုက်ခိုက်တဲ့ အတွက် ဂျပန်နှစ်သောင်းထက်မနဲ ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း နှစ်ရာ သုံးရာခန့် ဖမ်းမိတယ်။ ဂျပန်သုံ့ပန်း ဒီလောက် ဖမ်းနိုင်တယ်ဆိုတာ တော်တော်

ထူးခြားတယ်။ တခြားလူမျိုးတွေနဲ့ စစ်တိုက်ရတဲ့အခါ သုံ့ပန်းရဘို့ လွယ်သလောက် ဂျပန်ကို သုံ့ပန်းရဘို့ မလွယ်ဘူး။ ဒီအချက်ကို မဟာမိတ်တွေကိုယ်တိုင်က အသိအမှတ် ပြုကြတယ်။ နောက် ကျွန်တော်တို့ တပ်တွေ သိမ်းတဲ့မြို့တွေ ရွာတွေ တိုက်ပွဲတွေအကြောင်း အစုံအလင်ကိုတော့ နောက်မှ စာအုပ်စာတန်း ကျကျနနထုတ်တဲ့အခါ ခင်ဗျားတို့ သိကြမှာဘဲ။ ထူးခြားတဲ့ အချို့အချက်အလက်တွေ ဖော်ပြရရင် ဂျပန် လက်ဖတင်နင်ဂျင်နရယ်တယောက်၊ မေဂျာဂျင်နရယ်နှစ်ယောက်နှင့် အခြား အရေးကြီးတဲ့ ဂျပန်အရာရှိ အမြောက်အမြားကို သတ်ဖြတ်ခဲ့တယ်။ တောင်ငူနယ်မှာ ပြောက်ကျားတပ်များက ကူညီတိုက်ခိုက်ခဲ့တဲ့အတွက် မဟာမိတ်တပ်များ ရန်ကုန် အရောက် မြန်ခဲ့တယ်ဆိုတာကိုလဲ မဟာမိတ်တပ်များက အသိအမှတ်ပြုခဲ့တယ်။ မှော်ဘီ လေယာဉ်ပျံကွင်းမှာ ဂျပန်လေယာဉ်ပျံသုံးစီးကို ဖျက်ဆီးခဲ့တယ်။ ဂျပန်တွေ သိမ်းထားတဲ့ စပါးအမြောက်အမြား၊ ပစ္စည်းအမြောက်အမြားတွေကို အပြေးမြန်တဲ့အတွက် မီးမရှို့နိုင်ဘဲ ထားပြစ်ခဲ့တယ်။ အဲဒါတွေထဲက အမြောက်အမြား ပစ္စည်းတွေကို စနစ်တကျ နယ်သူနယ်သားတွေကို ဝေပေးနိုင်ခဲ့တယ်။ ပေါင်းတည်ဘက်မှာ ချွေးတပ်ရှစ်ထောင်လောက်ကို ဂျပန်တွေဆီက ထွက်ပြေးနိုင်အောင် လုပ်ခဲ့တယ်။ ရန်ကုန်မှာလဲ ထောင်ကိုဖောက်၊ ဖမ်းထားတဲ့ရဲဘော်တွေ လွှတ်ပစ် လုပ်ခဲ့တယ်။ ကျွန်တော်တို့ ထလိုက်တဲ့အတွက် ရန်ကုန်မြို့က ဂျပန်တွေ အပြေးမြန်ပြီး ဂျပန် အဖျက်အဆီး နည်းသွားတယ်။ နောက်ဆုံး စစ်တောင်းမြစ်ဝှမ်း တလျှောက်မှာ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြတယ်။ ဒီလို ကျွန်တော်တို့ တိုက်တာတွေကို ဘိလပ်မှာရှိတဲ့ သတင်းစာကြီးတွေကရော၊ ဥရောပတိုက်၊ အမေရိကန်၊ အိန္ဒိယ၊ တရုပ်ပြည်မှာရှိတဲ့ သတင်းစာကြီးတွေကရော ချီးကျူးရေးသားရတယ်။ အထူးသဖြင့် ဘိလပ်မှာရှိတဲ့ နာမည်အကြီးဆုံး လန်ဒန်တိုင်း သတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျနန ရေးသားရတယ်။ အရင်တုန်းက ဗမာပြည်ရဲ့ အကြောင်းကို ဒီသတင်းစာ ခေါင်းကြီးပိုင်းက သာမညလောက် ရေးသားဘူးရုံဘဲ ရှိတယ်။ ဒီတခါဘဲ ကျကျနန ကျွန်တော်တို့ တပ်မတော်ကို ချီးကျူးရေးသားတယ်။ ဘိလပ်ပါလီမန်မှာ သူတို့ထုတ်တဲ့ စက္ကူပြာတို့၊ စက္ကူဖြူတို့မှာရော

ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနဲ့ တပ်မတော်တို့ အကြောင်းကို အရေးတယူ ရေးသားပြောဆိုရတယ်။ ဒါတောင် သူတို့ ကျုပ်တို့တိုက်တာတွေ အကုန် မပြောသေးဘူး။ ထိမ်းနိုင်သလောက် ထိမ်းထားသေးတယ်။

ဒါဖြင့် ကျုပ်တို့ ဘာအမြတ်ရသလဲဆိုရင် မူလအစ ကျုပ်တို့ ဂျပန်ကို ထချတုန်းက ဘာကတိမှ ဗြိတိသျှအစိုးရဆီက မရခဲ့ဘူး။ ဒါပေမယ့် ကျုပ်တို့က ဘာမှ ဈေးမဆစ်ဘဲ မှန်တယ်ထင်တဲ့ဘက်က ထွက်တိုက်ခဲ့တယ်။ ထင်တဲ့ အတိုင်းလဲ ဟုတ်တယ်ဆိုတာ အခုဖြစ်တဲ့ အဖြစ်အပျက်များက သက်သေခံ နေတယ်။

ကမ္ဘာကြီးတခုလုံး ဒီလို ကျုပ်တို့ ဂျပန်ကို တိုက်တဲ့အကြောင်းသိတော့ ကမ္ဘာမှာရှိတဲ့ မဟာမိတ်နိုင်ငံပေါင်းစုံ အကြည်ညိုလဲ မပျက်ရအောင်၊ ဘိလပ် တိုင်းသူပြည်သားတွေကလဲ အပြစ်မတင်နိုင်အောင်၊ ပြီးတော့ ဗမာပြည်ကိုလဲ လုပ်ချင်တိုင်း လုပ်လို့မရဘူးဆိုတာ သိတော့ ဗြိတိသျှအစိုးရက ခင်ဗျားတို့ချင်း သာ ညီညွတ်ပြီး ပြောကြ။ လွတ်လပ်ရေးလိုချင်တောင် ပေးမယ်ဆိုတဲ့ စကားမျိုး ပြောနေရပြီ။ အခု ကမ္ဘာကြီးရဲ့ အခြေအနေဟာ သိပ်ကောင်းနေတယ်။ ကမ္ဘာကြီး ဟာ အများပြည်သူတို့ ဆန္ဒအရ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ကိုယ့်အရေး ကိုယ် ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးကို အရင် စစ်ကြီးပြီးစကထက် ပိုခရီးရောက် ရောက်နဲ့ အသိအမှတ် ပြုနေရတယ်။ လမကြာခင် ဆန်ဖရန်စစ္စကို ကွန်ဖရင့်မှာ ရုရှားက လက်အောက်ခံနိုင်ငံဟူသမျှ လုံးဝလွတ်လပ်ရေး ပေးရမယ်၊ မပေးနိုင် သေးတဲ့ တိုင်းပြည်တွေကို နိုင်ငံပေါင်းစုံသမာဓိအဖွဲ့ တဖွဲ့က အုပ်ချုပ်ရမယ် အစရှိသဖြင့် ပြောခဲ့တယ်။ အင်္ဂလိပ်၊ အမေရိကန်တို့က ဒီလောက် မလုပ်ပါနဲ့၊ လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်ဘဲ လုပ်ပေးပါလို့ လိုက်လျှောပြောရတယ်။ ဘာဘဲဖြစ်ဖြစ် အရင် ကမ္ဘာစစ်ကြီးတုန်းက နိုင်ငံပေါင်းချုပ်အသင်းတုန်းက ဒီ စကားမျိုး မပါဘူး။ အခု ပါလာရပြီ။ ဆန်ဖရန်စစ္စကို ကွန်ဖရင့်မှာ တရုပ်ပြည် က ကိုယ်စားလှယ်များက ဗမာပြည်ရဲ့ အရေးကို ထောက်ခံအားပေးစကား ပြော ကြားတယ်လို့လဲ သိရတယ်။ အရင် နိုင်ငံပေါင်းချုပ်အသင်းထက် အခု နိုင်ငံ ပေါင်းချုပ်အသင်းက လုံးဝခိုင်မာတယ်မဆိုနိုင်တောင် ပိုခိုင်မာတယ်ဆိုတာ

ကမ္ဘာ့သတင်းစာကြီးများက ရေးကြပြောကြတယ်။ အရင်က အမေရိကန်ပြည်ဟာ နိုင်ငံပေါင်းချုပ်အသင်းမှာ မပါဘူး။ အခု ပါတယ်။ အရင်က ပထမ ရုရှားကို ဝိုင်းပယ်ထားတယ်။ အခု မပယ်နိုင်တော့ဘဲ သူက လူစွာတဦး အကြီးအကျယ် ဖြစ်နေတယ်။ အရင်က နိုင်ငံပေါင်းချုပ်အသင်းကို ပြင်သစ်နဲ့ အင်္ဂလိပ်က အုပ်စားမယ် ဆိုတဲ့သဘော လုပ်ထားတယ်။ အခု ဘယ်သူမှ အုပ်စားချင်ပေမယ့် မအုပ်စားနိုင်အောင် အားချင်း မျှနေတယ်။ ရုရှားကလဲ အားတောင့်တာဘဲ။ အမေရိကန်ကလဲ တမျိုး တောင့်တာဘဲ။ အင်္ဂလိပ်နှင့်အမေရိကန်က ပေါင်းပြီး အုပ်စားမယ် စိတ်ကူးတောင် ရုရှားနဲ့ နိုင်ငံကလေးပေါင်းများစွာက ထ ပေါင်းပြီး ဖျက်လိုက်ရင် တဦးအပေါ်တဦး လွှမ်းမိုးဘို့ အင်မတန် ခဲယဉ်းမယ်။ ဘိလပ်မှာ ရှိတဲ့ လူတွေ၊ ဥရောပတိုက်မှာရှိတဲ့ လူတွေ၊ ကမ္ဘာမှာရှိတဲ့ လူတွေကလဲ အားလုံး နိုးကြားပြီး ရေးက ညာစားကြတဲ့ လူတွေ အကုန်ဖြုတ်ချပစ်ပြီး ဥရောပတိုက်မှ ဆိုရင် ပိုလန်ပြည်မှာ ပိုလန်ပြည်သူပြည်သားများအတွက် တကယ်လုပ်တဲ့ လူတွေဟာ တွင်ကျယ်နေတယ်။ အစတုန်းကတော့ ဘိလပ်ကို ပြေးသွားတဲ့ ပိုလန်ပြည်သူပြည်သားတွေကို အုပ်စားတဲ့ လူညာအစိုးရ (ပိုလန်ပြည်မှာ ဒီပြင် လူတွေက တိုက်နေတုန်း သူတို့ ဘိလပ်မှာ ထိုင်နေပြီး ညာနေကြတာဘဲ။) အဲဒီ လူညာအစိုးရကို ဖျက်ပြီး တကယ်လုပ်တဲ့ လူတွေနဲ့ပူးပေါင်းပြီး အစိုးရသစ် ဖွဲ့ရ တယ်။ ဘယ်လ်ဂျီယန်မှာ လူတွေဟာ ရှင်ဘုရင်ဆိုတဲ့ မျောက်ပြဆန်တောင်းတဲ့ စနစ်ကို မကြိုက်တော့ဘဲ အရေးကျတော့ ရှင်ဘုရင်တွေက ဘာမှ ခေါင်းဆောင် ခေါင်းရွက် မလုပ်နိုင်တော့ ရှင်ဘုရင်စနစ်ကို ဖြုတ်ကြလိမ့်မယ်လို့ ယူဆတယ်။ ဂရိတ်ပြည်မှာလဲ အဲဒီအတိုင်းဘဲ။ ယူဂိုစလပ်ပြည်မှာတော့ မုချ ပြုတ်မှာဘဲ။ အဲဒီမှာ မာရှယ်တီးတိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ အဖွဲ့တွေဘဲ တက်မှာဘဲ။ ပြင်သစ်မှာ ဆိုရင်လဲ လက်ဝဲဂိုဏ်းသားတွေ တက်နေကြပြီ။ မြူနီစီပယ်ရွေးကောက်ပွဲတွေမှာ ဆိုရင်လဲ သူတို့က အားများတယ်။ ဘိလပ်မှာတော့ ခင်ဗျားတို့ သိပြီးတဲ့အတိုင်း လေဘာပါတီက တက်တယ်။ အရင်တုန်းက တိုင်းပြည်အုပ်စားပြီး သူတို့ ဖျင်းလို့ ဂျာမန်နာဇီဂိုဏ်းတို့ အီတလီဖက်ဆစ်ဂိုဏ်းတို့ အားကြီးသွားခဲ့တယ်။ နောက်ဆုံး သူတို့မွေးတဲ့ မျောက်က သူတို့ ပြန်ချောက်ခဲ့တယ်။ အဲဒီတော့တောင်

ပထမ ကောင်းကောင်း မတိုက်ဖူး။ ဒါကြောင့် ပထမ အကြီးအကျယ် ရှုံးခဲ့တယ်။ စစ်မရှုံသင့်ဘဲ ရှုံခဲ့တယ်။ အဲဒီလို ညာစားခဲ့တဲ့ ကွန်ဆာဗေးတစ်ပါတီ ပြုတ်သွားပြီး လေဘာပါတီဟာ အင်္ဂလိပ်ရာဇဝင်မှာ ဒီတကြိမ်ဘဲ အပြတ်အသတ် ရွေးကောက်ပွဲ နိုင်ဘူးတယ်။ အရင်တုန်းက နှစ်ခါ နိုင်ဘူးပါရဲ့။ ပြတ်ပြတ်သတ်သတ် မနိုင်လို့ ကောင်းကောင်း မလုပ်နိုင်ခဲ့ဘူး။ ကြာကြာမခံဘူး။ အခုတော့ အပြတ်အသတ်နိုင်တယ်။ ဒါတင်မကဘူး။ ရှေ့ကို လေဘာပါတီက လူကြီးတွေ သိပ်မရှော်ရင် တတက်ထဲတက်ဖို့ လမ်းဘဲ မြင်တယ်။ အလားအလာရှိတယ်။ အဲဒီလို ကမ္ဘာကြီး အခြေအနေက သိပ်ကောင်းတယ်။

ဗမာပြည် အခြေအနေကတော့ ကျုပ် အခုနက ပြောခဲ့သလိုဘဲ။ ကျုပ်တို့ လုပ်ငန်းတွေဟာ ခြေရာလက်ရာ အကောင်အထည် ရှိပြီးသားဘဲ။ ကျုပ်တို့ဟာ ဘယ်သူ့ဘယ်သူမှ ပုတ်ခတ်တာလဲ မဟုတ်ဖူး။ ကိုယ်ရည်သွေး ပြောတာလဲ မဟုတ်ဖူး။ ကျုပ်ပြောရဲတယ်။ ဒီဗမာပြည်မှာ တိုင်းပြည်အတွက် ပိုလုပ်တဲ့လူ အနစ်နာခံတဲ့လူ မရှိဘူးဆိုတာ ပြောရဲတယ်။ ကျုပ်ဆိုလို့ရှိရင် ဂျပန်လက်ထက်မှာဘဲဖြစ်ဖြစ်၊ အခုဖြစ်ဖြစ်၊ ကျုပ်လိုချင်ရင် လိုချင်တဲ့ ရာထူးရဖို့ မခဲယဉ်းပါဘူး၊ ဂျပန်ခေတ်တုန်းက မင်းတောင် ရှင်ဘုရင် ဖြစ်နိုင်သားဘဲဆိုတဲ့ စကားမျိုး အပြောခံရတာဘဲ။ ဒါပေမယ့် ကျုပ် ဒီလို ရာထူးတွေကိုသာ ရည်ရွယ်ပြီး နိုင်ငံရေးလုပ်ချင်ရင် အစကထဲက ဒီလောက် ခဲယဉ်းပင်ပန်းတဲ့ နိုင်ငံရေး မလုပ်ဖူး မှတ်ပါ။ အခု ဒီလောက် ခဲယဉ်းပင်ပန်း ဘေးများတဲ့အလုပ်(အခုဟန်လို့သာ အသက်ရှင်နေတာ၊ မဟန်ရင် ကြာလှပြီ ကျုပ်သေတာ။ အဲဒီလိုဆိုရင် ခင်ဗျားတို့ ကျုပ်နာမည်တောင် ကောင်းကောင်း ပြောရဲမှာ မဟုတ်ဖူး။) ကို လုပ်တယ်ဆိုတာ တိုင်းပြည်လွတ်လပ်ရေး လိုချင်လို့ဘဲ။ ကျုပ်တင်လား၊ ကျုပ် ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံတိုက်နေတာ လခလဲ တပြားမှ မရသေးဘူး။ အဝတ်အစားလဲ ချို့တဲ့တယ်။ ဆေးဝါးလဲ ကောင်းကောင်း မလုံလောက်ဘူး။ လက်နက် ခဲယမ်းမီးကျောက်လဲ မပြည့်စုံဘူး။ အနား ဆိုလို့လဲ မရဘူး။ မဟာမိတ်တွေဆီက အကူအညီဆိုတာလဲ ရသင့်သလောက် မရဘူး။ ဒီပြင် ဆိုရင်လဲ လူငယ်တွေ လုပ်ရင် အထင်သေးချင်

တဲ့ အချို့လူကြီးတွေရဲ့ မသိမသာ နှောင့်ယှက်မှု၊ သိသိသာသာ နှောင့်ယှက်မှု ကိုလဲ ခံရသေးတယ်။ အသက်လဲ စွန့်ရတယ်။ သေတဲ့လူတွေလဲ သေကုန်ပြီ။ လူစဉ်မမှီတဲ့ လူတွေလဲ ရှိကုန်ပြီ။ အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့ တတပ်လုံး တိုက်နေတာဟာ တနေ့ ကျုပ်တို့ ခေါင်းဆောင်တွေရဲ့ ကြေညာချက် အတိုင်း လူတစုတည်း ကောင်းစားဘို့မဟုတ်ဖူး။ ကျုပ်တို့ တိုက်နေတာဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ တိုင်းပြည် လူထုကြီး ကောင်းစားရေးကိုသာ ရည် ရွယ်ပြီး တိုက်တယ်ဆိုတာ တထစ်ချ သိစေချင်တယ်။ အခု ကျုပ်တို့တိုင်းမှူး၊ တပ်မှူးအချို့လဲ စစ်မြေပြင်မှာ စစ်သားတွေ စိတ်ထားကို ကျုပ်တို့ထက် ပိုစုံစုံ လင်လင် ပြောပြပါလိမ့်မယ်။ ကျုပ်တို့ တပ်မတော်တခုလုံးဟာ အခုအခါ ကြိမ်မီးအုံးသလို ပူပန်နေတယ်။ စစ်တိုက်တော့မယ့်ဆဲဆဲ၊ စစ်တိုက်လို့ ကျည်ဆံ သင့် သေမယ့်ဆဲဆဲမှာ ဒို့တိုက်တာ လွတ်လပ်ရေး ရမှ ရပါ့မလားဟော့။ ကျုပ်တော့ဖြင့် သွားပြီ။ တိုင်းပြည်မှာ ကျန်ရစ်မယ့် ခေါင်းဆောင်မယ့် လူကြီး တွေကို ပြောလိုက်ပါ။ ကျုပ်တို့ တာဝန်ကျေပြီ။ ခင်ဗျားတို့ တာဝန်ကျေအောင် လုပ်ပါ။ မလုပ်ရင်တော့ ကျုပ်တို့ ဘဝအဆက်ဆက်တိုင်းက ဘာလုပ်မယ်၊ ညာလုပ်မယ် အစရှိသည်ဖြင့် မြည်တမ်းသွားတာတွေဟာ ကျန်ရစ်နေတဲ့ ရဲဘော် တွေနဲ့ ကျုပ်တို့အားလုံးစိတ်ကို တင်မတန် ထိခိုက်အောင် ဖြစ်တယ်။ ဒါကြောင့် တနေ့က ပဲခူးနဲ့ရန်ကုန်မှာလုပ်တဲ့ တိုင်းမှူးတွေနဲ့ ကျုပ်တို့ ရန်ကုန် စစ်ဌာနချုပ်မှာရှိတဲ့ အရာရှိကြီးတွေ အစည်းအဝေးက ကျုပ်တို့ တိုင်းပြည် ညီညွတ်ရေးကို အလုပ်ထင်ရှား ဖြစ်နေပြီ။ ကမ္ဘာကသိတဲ့ ပြည်သူ့ လွတ်လပ် ရေးအဖွဲ့ချုပ်ကြီးကို ဗဟိုပြုပြီး ညီညွတ်ရေးရအောင် လုပ်ပါဆိုတဲ့အတိုင်း၊ ဒီအဖွဲ့ချုပ်မှာလဲ အခု ကျုပ် ဥက္ကဋ္ဌဖြစ်တဲ့အတိုင်း၊ အခု ဒီအစည်းအဝေး ခေါ်တာ ဘဲ။ အင်္ဂလိပ်ကလဲ အလိမ်မာစကား သုံးထားတယ်။ ခင်ဗျားတို့သာ ပြောကြ။ (ပြောကြဆိုတာက ညီညီညွတ်ညွတ်ပြောဘို့ ဆိုလိုတာ။) ခင်ဗျားတို့ လွတ်လပ် ရေး လိုချင်သပဆိုရင် ရစေ့မယ်လို့ ဆိုထားတယ်။ ဒါဟာ အလိမ်မာ စကားဘဲ။ သူတို့ တိုးချင်ရင် တိုးပေးနိုင်ပြီး၊ ရှော့ချင်ရင် ရှော့နိုင်တဲ့ စကားဘဲ။ ဒါကြောင့် အခု အစည်းအဝေးခေါ်ပြီး ဒီရန်ကုန်မြို့မှာရှိတဲ့ တိုင်းသူပြည်သားတွေကစပြီး

တိုင်းပြည်တပြည်လုံးကို ဘယ်သူကမှ ယုံမှားသံသယ မရှိအောင်၊ ကမ္ဘာလဲသိ၊ အလုပ်အားဖြင့် ထင်ရှားဖြစ်နေတဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို တညီတညွတ်တည်း ဝင်ရောက်လုပ်ကိုင်ပြီး ကျုပ်တို့ရဲ့ ပြင်းပြတဲ့ ဆန္ဒဖြစ်တဲ့ လွတ်လပ်ရေးနဲ့ လူများစု ကောင်းစားရေးကို ဖြစ်မြောက်အောင် ကူညီလုပ်ကိုင်ပေးပါလို့ တိုက်တွန်းတာပါဘဲ။

ဒီပြင်လဲ တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ၊ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တဦးဦးကို ဘန်းပြပြီး လာစေကာမူ၊ ဘယ်နည်းနဲ့မှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ် ဘာမှမပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုး အလုပ်မခံချင်ရင်၊ ခင်ဗျားတို့ အကျိုးဖြစ်စေချင်ရင် ဒီ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။ တိုင်းပြည် လွတ်လပ်ပြီး ခင်ဗျားတို့ အကျိုးတွေကို ထင်ထင်ရှားရှား ဘယ်သူမှ လက်တလုံးခြား မလိမ်နိုင်အောင် စီမံနိုင်မှ ခင်ဗျားတို့ အကျိုးရှိနိုင်မှာဘဲ။ ကျုပ် နောက်ဆုံးသတိပေးချင်တာက တိုင်းပြည်မှာ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ဘယ်လိုမှ စိတ်မချပါနဲ့။ မလိမ်နိုင်အောင် ကြိုးချည်ထားပါလို့ ပြောချင်တယ်။

နိဂုံးမချုပ်မီ တပ်မတော်ကိစ္စကိုလဲ ပြောချင်ပါသေးတယ်။ အခုကျွန်တော်တို့တပ်မတော်ကို နာမည်သာရှိတဲ့ ဗြိတိသျှအစိုးရရဲ့ ဗမာ့တပ်မတော်ဆိုတာထဲ သိမ်းသွင်းမယ်လို့ သာမာန်ဆိုထားတယ်။ အဲဒါကို ကျွန်တော်တို့ မရှင်းတဲ့ အချက်တွေအများကြီး ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ လိုလားချက်များအတိုင်း အဖွဲ့ချုပ်ကြီးက ဒီအစည်းအဝေးကြီးမှာ တပ်မတော်နှင့်ပတ်သက်ပြီး တောင်းဆိုချက်တွေ တင်ပြလိမ့်မယ်။ ဒီအတိုင်း တိုင်းပြည်က ထောက်ခံမယ်ဆိုရင် ကျွန်တော်တို့ တပ်မတော်သားတွေဟာ ကြိုတ်မိုတ်ဝင်ရောင် လုပ်ကိုင်နိုင်မယ့် အခြေအနေကို ရနိုင်မယ်လို့ ယုံကြည်တယ်။ ဒါပေမယ့် မလွတ်လပ်တဲ့ ဗမာ့ပြည်ရဲ့ တပ်မတော်ထဲမှာ တပ်မတော်မှာရှိတဲ့ လူတရာမှာ ၉၉-ယောက်က ဖြစ်နိုင်ရင် အမှုမထမ်းလိုကြဘူးဆိုတာကိုလဲ လေးလေးနက်နက် ခင်ဗျားတို့

သိစေချင်တယ်။ ဒါကြောင့် လွတ်လပ်တဲ့တိုင်းပြည်အောက် တပ်မတော် အမြန်ရောက်နိုင်အောင် ခင်ဗျားတို့က လွတ်လပ်ရေးကို ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးမှာ ဝင်ရောက်ပြီး ရအောင်လုပ်ပေးကြပါလို့ နောက်ဆုံးမှာ ပြောချင်တယ်။"

* * * * *

Myanmar Cupid Community PDF Creator Group

(၁၅)
ဖ၊ဆ၊ပ၊လ နှင့် ဘုရင်ခံ

ဖ၊ဆ၊ပ၊လသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မတွေ့ဘူး မကြုံဘူးသော နိုင်ငံရေးသြဇာကို ရခဲ့ပေသည်။ ရှေးဝံသာနုခေတ်(ဂျီ၊စီ၊ဘီ၊အေ ခေတ်)တွင် မြန်မာပြည်သူလူထု၏ နိုင်ငံရေး နိုးကြားတက်ကြွမှုသည် ပြင်းထန်သင့် သလောက် ပြင်းထန်ခဲ့သည်မှာ မှန်ပါသည်။ သို့သော်လည်း ဖ၊ဆ၊ပ၊လ ခေတ် တက်ကြွမှုကိုကား မမှီပေ။ ဂျီ၊စီ၊ဘီ၊အေခေတ်တွင် မြန်မာများအတွင်း တွင်သာ နိုင်ငံရေးလှုပ်ရှားမှုရှိ၍ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း စသည့် တိုင်းရင်းသား လူမျိုးများသည် နိုင်ငံရေးတွင် စိတ်မဝင်စားကြပေ။ စိတ်မဝင်စားအောင်လည်း ဗြိတိသျှနယ်ချဲ့သမားက ဖန်တီးထားလေသည်။ ဂျီ၊စီ၊ဘီ၊အေခေတ်တွင် လူကြီး နှင့် အစိုးရအမှုထမ်း မဟုတ်သူများသာ နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ကြ သော်လည်း ဖ၊ဆ၊ပ၊လ ခေတ်တွင်မူ တိုင်းရင်းသား လူများနှင့်တကွ လူကြီး၊ လူငယ်၊ အမျိုးသမီး၊ အစိုးရအမှုထမ်းများပါမကျန် ဖ၊ဆ၊ပ၊လ အလံတော် အောက်တွင် ဝင်ရောက်ဆောင်ရွက်ကြလေသည်။

ထိုသို့ တိုင်းရင်းသား လူမျိုးအသီးသီး၊ လူတန်းစားအသီးသီးတို့သည် ဖ၊ဆ၊ပ၊လ ခေါင်းဆောင်မှုကို ခံယူကြသည်မှာ ဗိုလ်အောင်ဆန်းကို အကြွင်းမဲ့ ယုံကြည်ကြသောကြောင့် ဖြစ်ပေသည်။

စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ် (Sir Reginald Dorman Smit) က အိန္ဒိယပြည်နှင့် မြန်မာပြည်ဆိုင်ရာ ဝန်ကြီး ပက်သစ်လောရင့် (Baron

Pethick Lawrence) ထံ ရေးသည့် အစီရင်ခံစာတစောင်တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

"ယနေ့ မြန်မာပြည်တွင် အောင်ဆန်းသည် အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ် သည်ကို ကျွန်ုပ်တို့ လက်ခံရပေမည်။ လူတိုင်းက သူ့ကို ယုံကြည်လေးစားသည်၊ သူ၏ တပ်သားများသည် သူ့ကို အလွန် ကြည်ညို၍ သူခိုင်းသမျှကို လုပ်ကြ လိမ့်မည်။ သူသည် ဂျပန်ကို တော်လှန်ရန် အစီအစဉ်အားလုံး ပြုလုပ်ထားဟန် ရှိသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ဤမျှ ဆောလျင်စွာ ပြန်မလာစေကာမူ အကောင်အထည် ဖော်မည်သာ ဖြစ်ပေသည်။

သူသည် ရာထူးစည်းစိမ်ဂုဏ်သိမ်ကို တပ်မက်မောသူ မဟုတ်ပေ။ သူ၏ ရိုးသားမှုသည် ဘမော်၏ မရိုးသားမှုနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ယနေ့ မြန်မာပြည်တွင် ရွေးကောက်ပွဲကျင်းပလျှင် အောင်ဆန်း ခေါင်းဆောင် သော ပါတီသည် အပြတ်အသတ် နိုင်ပေမည်။ × × × × × × × × × × × × × × × × × × × × × တပ်ပေါင်းစု(ဖ၊ဆ၊ပ၊လ)၏ အင်အားသည် အောင်ဆန်း တည်းဟူသော ပုဂ္ဂိုလ်စွဲ စိတ်ဓာတ်များ အပေါ်တွင် တည်နေဟန် ထူပေသည်။"

(*Maurice Collis* ရေး '*Last and First in Burma*'
စာအုပ်မှ ကောက်နုတ်ချက်၊)

'ပြည်ထောင်စု မြန်မာနိုင်ငံ (The Union Of Burma) စာအုပ်ရေးသူ တင်ကာ (Huge Tinker) ကလည်း "အောင်ဆန်း အပေါ်၌ ထားရှိသော မြန်မာလူထု၏ ကြည်ညိုမှုသည် ကိုးကွယ်မှု ဆံပေသည်" ဟု ရေးသား ဖော်ပြခဲ့လေသည်။ တနည်းအားဖြင့်ဆိုလျှင် မြန်မာလူထုသည် အောင်ဆန်းကို ဘုရားတဆူ ဂူတလုံးကဲ့သို့ ကြည်ညိုသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

Myanmar Cupid Community PDF Creator Group

(မှတ်ချက်။ ။ ဗြိတိသျှတို့ စစ်နိုင်ခါနီးမှ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို တော်လှန်သည် ဟူသော စွပ်စွဲချက် မမှန်ကြောင်းကို ဆာဒေါမန် စမစ်၏ အစီရင်ခံစာက ထပ်လောင်း၍ သက်သေခံပေသည်။)

အထက်တွင် ရေးခဲ့သည့်အတိုင်း စစ်အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသော ဗြိတိသျှအရာရှိကြီးများသည် မြန်မာများကို လက်စားချေလိုသော သဘောဖြင့် ဖိနှိပ်ချုပ်ချယ်သောအမိန့် အမျိုးမျိုး ထုတ်ပြန်ကြသော်လည်း ဖ၊ဆ၊ပ၊လ အရှိန်အဝါကြောင့် ပြည်သူလူထုကို နှိပ်စက်ချင်သလောက် မနှိပ်စက်ရဲကြပေ။

မူလက စစ်အုပ်ချုပ်ရေးကို အချိန်အတော်ကြာစွာ ထားရှိရန် ရည်ရွယ်ခဲ့သော်လည်း ဗြိတိသျှအစိုးရသည် ဖ၊ဆ၊ပ၊လ နှင့် မြန်မာပြည်သူလူထု၏ တွန်းကန်လှုပ်ရှားမှုကြောင့် စစ်တပ်၏ မြို့ပြအုပ်ချုပ်ရေးကို ရုပ်သိမ်းရလေသည်။ ထို့နောက် ဘုရင်ခံ ဆာဒေါမန်စမစ်သည် ၁၉၄၅–ခု အောက်တိုဘာလ ၁၆–ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ရောက်လာ၍ ယခင် ခေတ်ဟောင်းက ကဲ့သို့ပင် ဘုရင် မဦးစီးသော အုပ်ချုပ်ရေးကို စတင် ဆောင်ရွက်လေသည်။ တရားဝင် ပြန်မလာမီ ဇွန်လ ၂၀–ရက်နေ့တွင် ဘုရင်ခံ ဆာဒေါမန်စမစ်သည် လေယာဉ်ပျံဖြင့်လာ၍ ရန်ကုန်မြစ်ထဲတွင် ဆိုက်ကပ်ထားသော ကမ်ဘာလင် (H.M.S. Cumberland) စစ်သင်္ဘောပေါ်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြား နိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ခေါ်ပြီးလျှင် မြန်မာတို့၏ လိုလားချက်များကို စုံစမ်းမေးမြန်းလေသည်။

ဗြိတိသျှအစိုးရသည် မြန်မာပြည်၏ အခြေအနေသစ်ကို ကောင်းစွာ မသိသဖြင့်၊ ဗိုလ်ချုပ်အောင်ဆန်းကိုင်း၊ ဖ၊ဆ၊ပ၊လကိုင်း အထင်မကြီးသေးပေ။ အချို့နိုင်ငံရေးခေါင်းဆောင်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း 'ဝယ်' ၍ ရလိမ့်မည်ဟု ယူဆနေကြဟန်တူသည်။ ထို့ပြင် ဗြိတိသျှလူမျိုးတို့၏ ရှေးဆံမှုကြောင့် စစ်အတောအတွင်း မြန်မာပြည်သူလူထု မည်မျှ တိုးတက်လာ

Myanmar Cupid Community PDF Creator Group

သည်ကိုင်၊ ဗိုလ်ချုပ်အောင်ဆန်းသည် ချော့၍လည်း မပျော့၊ ခြောက်၍လည်း မကြောက်တတ်သော ခေါင်းဆောင်ဖြစ်သည်ကိုင်း မသိရှာပေ။

ထို့ကြောင့် ဗြိတိသျှအစိုးရသည် စစ်ပြီးခေတ် မြန်မာပြည်အတွက် (White Paper) ခေါ် စက္ကူဖြူစာတမ်းကို ရေးဆွဲ၍ ယူလာခဲ့လေသည်။ ထိုစာတမ်း၏ သဘောမှာ ၁၉၃၅–ခု မြန်မာပြည်အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃၉–အရ ဘုရင်ခံသည် မြန်မာပြည်ကို မိမိတဦးတည်း၏ သဘောအတိုင်း သုံးနှစ်တာမျှ အုပ်ချုပ်ရန် ဖြစ်ပေသည်။ ထိုကာလ ကုန်ဆုံးသောအခါ ၉၁–၅၁န ခေတ်ပုံစံအတိုင်း အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးလျှင် ရွေးကောက် တင်မြှောက်လိုက်သော ဥပဒေပြုလွှတ်တော်က ဗြိတိသျှ ဓနသဟာယတွင် မြန်မာပြည် ပါဝင်နိုင်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန် ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ ရည်ရွယ်ချက်သည် မြန်မာပြည်မ အတွက်သာ ဖြစ်၍ တောင်တန်းဒေသများကို ချန်လှပ်ထားလိုဟန် ရှိသည်။

ထိုစက္ကူဖြူ စာတမ်း၏ ဆန္ဒနှင့် ဖ၊ဆ၊ပ၊လ၏ လိုလားချက်တို့သည် မိုးနှင့်မြေကြီးကဲ့သို့ ကွာခြားနေပေသည်။ ဖ၊ဆ၊ပ၊လ၏ လိုလားချက်မှာ လော လောဆယ်အားဖြင့် ဖ၊ဆ၊ပ၊လ ခေါင်းဆောင်သော ယာယီအမျိုးသားအစိုးရ ဖွဲ့စည်းရန် ဖြစ်သည်။ ထို့နောက် အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးနိုင်သည့် တိုင်းပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပပြီးနောက် တောင်တန်း ဒေသများပါ ပါဝင်သော အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမတနိုင်ငံ တည်ထောင်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန် ဖြစ်လေ သည်။

ပြန်လာသော ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်သည် အပြောအဟော ကောင်းသောပုဂ္ဂိုလ် ဖြစ်သည်။ သို့သော်လည်း အထက် ဘိလပ်အစိုးရက ချမှတ်ပေးသော 'စက္ကူဖြူစာတမ်း' အတိုင်း လိုက်နာ ဆောင်ရွက်နေရသဖြင့် ဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းကိုင်၊ ဖ၊ဆ၊ပ၊လကိုင်း သိမ်းသွင်းခြင်း ငှာ မတတ်နိုင်ချေ။ ဒေါ်မန်စမစ်က ပုဒ်မ ၁၃၉–အရ မိမိတဦးတည်း သဘော

အတိုင်း အုပ်ချုပ်ပိုင်ခွင့် ရှိသော်လည်း မိမိအား အကြံပေးရန် အဖွဲ့ဝင် ၁၁–ဦး ပါဝင်သော အမှုဆောင်ကောင်စီ(ဝန်ကြီး အဖွဲ့နှင့် အလားတူ) ကို ဖွဲ့စည်းပါမည်ဟုရင်း၊ ထို ၁၁–ဦးအနက် စစ်အတွင်း မိမိနှင့်အတူ အိန္ဒိယပြည်သို့ လိုက်ပါခဲ့သော ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်နှင့် အင်္ဂလိပ်အရာရှိကြီး နှစ်ဦးတို့မှတပါး ကျန် ၇–ဦးကို မြန်မာနိုင်ငံရေး ခေါင်းဆောင်များထဲမှ ရွေးချယ်ခန့်ထားပါမည်ဟုရင်း၊ ထိုပုဂ္ဂိုလ်များသည် ဥပဒေပြုလွှတ်တော်မှ ရွေးကောက်တင်မြှောက်သော ပုဂ္ဂိုလ်များ မဟုတ်သေးသဖြင့် ဘုရင်ခံကို တာဝန်ခံ၍ ဆောင်ရွက်ရန်ဖြစ်သည်ဟုရင်း ကြေညာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ၊ဆ၊ပ၊လ၏ အင်အားကို ရိပ်စားမိသည့်အတိုင်း ဒေါ်မန်စမစ်သည် ဖ၊ဆ၊ပ၊လကို မိမိ၏ အမှုဆောင်ကောင်စီသို့ ဝင်ရောက်ရန် ဖိတ်ခေါ်လေသည်။ ထိုအချိန်အထိ ဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းကို များစွာ အထင်မကြီးသေးပေ။ အချို့နိုင်ငံရေးခေါင်းဆောင်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ရာထူးနှင့် မျှား၍ ရလိမ့်မည်ဟု ထင်နေပေသေးသည်။ မိမိ၏ ဂုဏ်သိက္ခာကို ဆယ်လိုသော နိုင်ငံရေးသမားဟောင်းကြီးများကလည်း ဗိုလ်ချုပ်အောင်ဆန်း၌ ထင်သလောက် နောက်လိုက်လူထုမရှိဟု ဘုရင်ခံကို ပြောထားကြလေသည်။ အင်္ဂလိပ်အရာရှိကြီး အချို့ကလည်း ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းထားလျှင် သူ၏ဩဇာမှာ တဖြည်းဖြည်း ကျသွားလိမ့်မည်ဟု အစီရင်ခံထားကြလေသည်။

ဘုရင်ခံဒေါ်မန်စမစ်က ဗိုလ်ချုပ်အောင်ဆန်းအား ရာထူးနှင့် မျှားပုံကို ကျွန်တော်၏ '၁၆–နှစ် နိုင်ငံရေး အတွေ့အကြုံများ' စာအုပ်တွင် ရေးခဲ့သည့်အတိုင်း ထပ်မံဖော်ပြလိုပါသည်။

"၁၉၄၅–ခုနှစ် စစ်ပြီးစ ဒေါ်မန်စမစ် ခေါင်းဆောင်သော စစ်ပြေးအစိုးရ ဗမာပြည် ပြန်ရောက်လာသောအခါ လူထုတရပ်လုံး၏ ထောက်ခံမှု ရရှိနေသည့် ဖ၊ဆ၊ပ၊လကို ဖြိုခွဲလိုသော သဘောဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ရာထူးဖြင့် မျှားပါသည်။ သို့သော်လည်း ဆာဒေါ်မန်စမစ်မှာ ဦးနုထက် ပရိယာယ်အရာတွင်

Myanmar Cupid Community PDF Creator Group

ကျွမ်းကျင်ရကား ဗိုလ်ချုပ်အား တိုက်ရိုက်ခေါ်မပြောဘဲ တဆင့်ပြန်ပြောမည့် မိတ်ဆွေတယောက်အား 'ကျုပ် အောင်ဆန်းကို အလွန်သဘောကျတယ်။ သူသာ လက်ခံမယ်ဆိုရင် ဝန်ကြီးဖြစ်စေ၊ ဗိုလ်မှူးချုပ် အဆင့်အတန်းနဲ့ ဗမာ့တပ်ရဲ့ မင်းကြီးချုပ်ဖြစ်စေ ခန့်ဘို့ ဝန်မလေးပါဘူး' ဟု ပြောလိုက်ပါသည်။ ထိုသတင်းကြားပြီးသောအခါ ဗိုလ်ချုပ်က ကျွန်တော့်အား 'ဘုရင်ခံက ကျွန်တော့်ကို ဘယ်လို လူစားများ အောက်မေ့နေသလဲ မသိပါဘူး' ဟု ပြောပါသည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှအစိုးရ၏ စက္ကူဖြူ နိုင်ငံရေးစီမံကိန်းကိုင်၍ ဆာဒေါ်မန်စမစ်တို့၏ စစ်ပြေးကာလ သုံးနှစ်အတွင်း (၁၉၄၂–၄၅) အိန္ဒိယပြည် ဆင်မလာမြို့တွင် ရေးဆွဲခဲ့သည့် 'ပရိုဂျက်များ' (Projects) အတိုင်း အင်္ဂလိပ်အရင်းရှင်ကြီးများ ချယ်လှယ်ချင်တိုင်း ချယ်လှယ်နိုင်မည့် စီးပွားရေးစီမံကိန်းကိုင်၍ လက်မခံလိုကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ၊ဆ၊ပ၊လ ခေါင်းဆောင်များသည် နိုင်ငံရေးပရိယာယ်ကိုသုံး၍ ဘုရင်ခံ၏ ဖိတ်ခေါ်ချက်ကို လက်ခံရန် ဆုံးဖြတ်ကြလေသည်။ သို့သော်လည်း မိမိတို့၏ တောင်းဆိုချက်များကို ရမှသာလျှင် အမှုဆောင်ကောင်စီသို့ဝင်ရန် (ဝါ) ရာထူး လက်ခံရန်ကိုလည်း ဆုံးဖြတ်ကြလေသည်။

ဖ၊ဆ၊ပ၊လ၏ တောင်းဆိုချက်များမှာ

(၁) အမှုဆောင်ကောင်စီတွင် ကျန်ရှိသော ၇–နေရာစလုံး ဖ၊ဆ၊ပ၊လ အား ပေးရန်။

(၂) ဖ၊ဆ၊ပ၊လ က အမည်တင်သွင်းသော ပုဂ္ဂိုလ်အားလုံးကို လက်ခံ ရန်၊ သို့မဟုတ် အားလုံးကို လက်မခံနိုင်လျှင် မည်သူကမျှ ရာထူး ကို လက်မခံရန်။

(၃) တောင်းဆိုသောဌာနများအနက် အထူးသဖြင့် ပြည်ထဲရေးဌာနကို ဖ၊ဆ၊ပ၊လ အား ပေးရန်။

Myanmar Cupid Community PDF Creator Group

(၄) ဖ၊ဆ၊ပ၊လ က အမှုဆောင်ကောင်စီဝင်များ(ဝန်ကြီးများ)အား မိမိတို့၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဖ၊ဆ၊ပ၊လ ဗဟိုဦးစီးအဖွဲ့သို့ အစီရင်ခံခွင့်ပြုရန်နှင့် ဗဟိုဦးစီးအဖွဲ့၏ ညွှန်ကြားချက်ကို ရယူခွင့်ပြုရန် တို့ ဖြစ်ပေသည်။

ဤတောင်းဆိုချက်များကို ဘုရင်ခံ လက်မခံနိုင်သည်ကို ဖ၊ဆ၊ပ၊လ ခေါင်းဆောင်များ သိပါသည်။ သို့ပါလျက် ဘုရင်ခံ၏ ဖိတ်ခေါ်ချက်ကို ပြန်ကြားခြင်းမှာ နိုင်ငံရေး ထိုးစစ်ဆင်ခြင်း ဖြစ်ပေသည်။

ဘုရင်ခံက ဖ၊ဆ၊ပ၊လ ကိုယ်စားလှယ်များကို ပုဂ္ဂိုလ်အနေဖြင့်သာ လက်ခံနိုင်မည်။ အချို့ ပုဂ္ဂိုလ်များအနက် အထူးသဖြင့် ကိုသိန်းဖေ(သိန်းဖေဖြင့်) ကို လက်ခံနိုင်။ ပြည်ထဲရေးဌာနကိုလည်း ဖ၊ဆ၊ပ၊လ ကိုယ်စားလှယ်များအား မပေးနိုင်ဟု ပြန်ကြားလေသည်။ အတိုချုပ်ဆိုရသော် ဘုရင်ခံသည် ဖ၊ဆ၊ပ၊လ ၏ တောင်းဆိုချက်များကို ပယ်ချလိုက်လေသည်။

ဤသို့ဖြင့် ဖ၊ဆ၊ပ၊လ အလုပ်အမှုဆောင်အဖွဲ့သည် မိမိတို့၏ ကမ်းလှမ်းချက်ကို ပြန်လည် ရုပ်သိမ်းလေသည်။ ဘုရင်ခံကလည်း ဆာပေါ်ထွန်းကြီးမှူးသော ရုပ်သေးအမှုဆောင်ကောင်စီကို ဖွဲ့စည်းလိုက်လေသည်။

ဖ၊ဆ၊ပ၊လ ဗဟိုဦးစီးအဖွဲ့တွင် ပါဝင်ဆောင်ရွက်နေကြသော ဦးအေး၊ ဦးဘအုန်းတို့သည် ဖ၊ဆ၊ပ၊လကို သစ္စာဖောက်၍ ဝန်ကြီးရာထူးများကို လက်ခံလိုက်ကြသည်။ အခြား ဗဟိုဦးစီးအဖွဲ့ဝင်တဦးဖြစ်သော ဦးသိမ်းမောင်သည်လည်း ဖ၊ဆ၊ပ၊လကို သစ္စာဖောက်၍ ဟိုက်ကုတ်တရားဝန်ကြီးရာထူးကို လက်ခံလေသည်။ ထိုနိုင်ငံရေးသမားဟောင်းကြီးများ သစ္စာဖောက်သွားကြသော်လည်း ဖ၊ဆ၊ပ၊လ၏ အင်အားသည် ယုတ်လျော့မသွားဘဲ ပိုမို တိုးတက်၍ပင် လာပေသည်။ ပြည်သူလူထုကလည်း ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုသည်ထက် ကြည်ညိုလာ၍ 'အောင်ဆန်း တောင့်ထား' ဟု ကြွေးကြော်ကြလေသည်။

* * * * *

Myanmar Cupid Community PDF Creator Group

(၁၆)

ဖ၊ဆ၊ပ၊လ နှင့် လူထု

ဘုရင်ခံ ဒေါ်မန်စမစ်နှင့် ဆွေးနွေးရေး ပျက်သွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဖ၊ဆ၊ပ၊လ အင်းအား တောင့်တင်းသည့်ထက် တောင့်တင်းလာစေရန် စည်းရုံးရေးကို ဖိကိုင်လေသည်။ ဗြိတိသျှလက်အောက် ဗမာ့တပ်မတော်ထဲ မဝင်လိုသော ရဲဘော်ဟောင်းများကို အခြေခံ၍ 'ပြည်သူ့ရဲဘော်အဖွဲ့' ကို ဖွဲ့စည်းတည်ထောင်လေသည်။ ဗိုလ်ချုပ်ကို ယုံကြည်လေးစားကြည်ညိုကြသည့်အတိုင်း ရဲဘော်ဟောင်း မဟုတ်သော လူငယ်များပင် ပြည်သူ့ရဲဘော်အဖွဲ့တွင် ဝင်ရောက်ဆောင်ရွက်ကြလေသည်။

ပြည်သူ့ရဲဘော်များသည် မြို့ရွာသန့်ရှင်းရေး၊ လူထုသက်သာ ချောင်ချိရေးများကို ဆောင်ရွက်ကြ၍ အားလပ်သော အချိန်များတွင် ယူနီဖောင်းဝတ်ကာ စစ်လေ့ကျင့်ရေးများ ပြုလုပ်ကြလေသည်။ ဗြိတိသျှအစိုးရက စစ်လေ့ကျင့်ရေး မလုပ်ရ၊ ယူနီဖောင်း မဝတ်ရဟု ပြည်သူ့ရဲဘော်များကို တားဆီးပိတ်ပင်လေသည်။ ထို့ကြောင့် ပြည်သူ့ရဲဘော်နှင့် ဗြိတိသျှအစိုးရအရာရှိကြီးများသည် မကြာခဏ အငြင်းပွားကြရလေသည်။

ဤသို့ဖြင့် ဗြိတိသျှအစိုးရနှင့် ပြည်သူလူထု၏ ပဋိပက္ခသည် တနေ့တခြား ကြီးထွားလာလေသည်။ ဤပဋိပက္ခသည် အင်းစိန်ခရိုင် ထန်းတပင်မြို့တွင် အထွတ်အထိပ်သို့ ရောက်လေသည်။

၁၉၄၆–ခု ဇွန်လ ၇–ရက်နေ့တွင် ထန်းတပင်မြို့နယ်မှ လယ်သမားများသည် ဗြိတိသျှအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို ကန့်ကွက်ဆန္ဒပြသောအားဖြင့်

Myanmar Cupid Community PDF Creator Group

ထန်းတပင်မြို့အတွင်းတွင် စီတန်းလမ်းလျှောက်ကြလေသည်။ ထန်းတပင် ရဲအဖွဲ့ဝင်များသည် စီတန်းလှည့်လည်လာသော လယ်သမားထုကြီးကို သေနတ်ဖြင့် ပစ်ရာ သုံးယောက်ကျဆုံး၍ အချို့ ဒဏ်ရာ ရကြသည်။

ကျဆုံးသော လယ်သမားကြီးများ၏ ရှာပနတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောခဲ့လေသည်။ ပြည်သူလူထု၏ ဗြိတိသျှအစိုးရ ဆန့်ကျင်ရေးစိတ်ဓာတ်သည်လည်း ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။ ထိုအချိန်က သူပုန်ထရန် ဗိုလ်ချုပ်က ညွှန်ကြားလျှင် ပြည်သူလူထုသည် လက်လှမ်းမှီရာလက်နက်များ စွဲကိုင်၍ သူပုန်ထကြမည်သာ ဖြစ်ပေသည်။

သို့သော်လည်း အထက်တွင် ရေးခဲ့သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် မည်သည့်အခါမှ မိုက်ရူးရဲ မလုပ်။ အခြေအနေကို မှန်ကန်စွာ သုံးသပ်ပြီးမှ လုပ်လေ့ရှိသည့်အတိုင်း သူပုန်ထရန် မညွှန်ကြားခဲ့ပေ။

'နှိုင်းနှိုင်းချိန်ချိန် သုခမိန်' ဆိုသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းသည် ပြဿနာတရပ်ကို လေးလေးနက်နက် စဉ်းစားပြီးမှသာလျှင် ဆုံးဖြတ်လေ့ ရှိပေသည်။ တခါက ကျွန်တော့်အား 'နိုင်ငံရေးမှာ စောင့်နိုင်တဲ့ သတ္တိရှိရတယ်' ဟု ပြောဘူးပါသည်။

နိုင်ငံရေးလုပ်ငန်းဟူသည် လူထုအခြေခံရှိမှ အောင်မြင်နိုင်သည်ကို ဗိုလ်ချုပ်အောင်ဆန်း ကောင်းစွာသိပေသည်။ ၁၉၄၅–ခုမှစ၍ ကျဆုံးသည့်နေ့အထိ ဗိုလ်ချုပ်အနားတွင် အမြဲရှိသော ရန်ကုန်ခရိုင် ဖ၊ဆ၊ပ၊လ စည်းရုံးရေးမှူး ဟောင်း သခင်ထွန်းတင်၏ အောက်ပါဆောင်းပါးကို ဖတ်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် လူထုစည်းရုံးရေးကို မည်မျှတန်ဘိုးထားသည်ကို သိနိုင်ပေသည်။

"၁၉၄၅–ခုနှစ် ဂျပန်လက်နက်မချခင် ဇွန်လလောက် ဖြစ်ပါလိမ့်မည်။ နယ်မှ ကျွန်တော် ရန်ကုန်သို့အရောက်လာခဲ့ပါသည်။ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဌာနချုပ်မှာ သခင်ချစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို တွေ့ရပါသည်။ ကျွန်တော့်ကို လိုသလို ခိုင်းပါ၊ ပို့ချင်တဲ့နေရာကို

Myanmar Cupid Community PDF Creator Group

ပို့ပါလို့ ပြောပါသည်။ ထိုအချိန်မှာ မြစ်ကြီးနှင့် စစ်တောင်းဘက်မှာ ဂျပန်နှင့် ကျွန်တော်တို့ဗမာတပ်များ တိုက်နေရဆဲအချိန် ဖြစ်ပါသည်။ ကျွန်တော်က ဒီနေရာတွေကို လွှတ်စေချင်တဲ့ဆန္ဒနဲ့ ပြောတာပါဘဲ။ ဗိုလ်ချုပ်က ကျွန်တော့်ကို ချက်ချင်း ပြန်ပြောတာကတော့ ဒီမှာ(ဆိုလိုတာက ရန်ကုန်မှာ) လူထုကို စည်းရုံးဘို့ လိုနေတယ်။



ဗိုလ်ချုပ် ၏ လူထုစည်းရုံးရေး

ဒါနဲ့ဘဲ ကျွန်တော်လဲ ရန်ကုန် လူထုစည်းရုံးရေးလုပ်ငန်းကို သခင်ချစ် ၏ အကူအညီဖြင့် အပြင်းအထန် လုပ်ရပါတယ်။ အဲဒီအချိန်က ရန်ကုန်မှာ လူဦးရေ နဲပါသေးတယ်။ မဟာမိတ် စစ်အုပ်ချုပ်ရေးကလည်း ချုပ်ကိုင်ထားတယ်။ လမ်းပေါ်မှာ လူသုံးယောက်လောက်ပင် စုပြီးစကားမပြောရ၊ တားမြစ်ထားတဲ့အချိန် ဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ဆန်းကို ထောက်ခံတဲ့ လူနေအိမ်များမှာ အတွင်းကြိတ် ဆွေးနွေးပြီး စည်းရုံးကြတာပါဘဲ။ အဲဒီအချိန်မှာ ရန်ကုန်လူထုက မြို့ပြင်ဘက် ကျိုက္ကဆံနှင့် တိုးကြောင်ကလေးရွာ မှာအတော်များများရှိတော့ လူထုစည်းရုံးရေးကို ၎င်းရွာများအထိ လုပ်ရပါတယ်။ ရန်ကုန်ကို (ကာနယ်ရင်းနစ်) ကအုပ်ချုပ်ပါတယ်။ ၎င်း၏ အုပ်ချုပ်ရေးရုံးက အလံပြဘုရားလမ်း ဇရာဝတီ ချန်မာရီ အဆောက်အဦတခုမှာ ရှိပါတယ်။

၎င်းရုံး၏ အစီအစဉ်ကြောင့် လူထုကို နစ်နာစေတဲ့ ကိစ္စများ ပေါ်ပေါက်ရင် ဗိုလ်ချုပ်အောင်ဆန်းက ချက်ချင်း ကျွန်တော်တို့ကိုလွှတ်၍ ကန့်ကွက်စေပြီး လူထုကို ကာကွယ်ပေးစေပါတယ်။

၁၉၄၅–ခုနှစ် ဩဂုတ်လမှာ ဂျပန် လက်နက်ချပါတယ်။ အခွင့်ကောင်း ရလျှင်ရချင်းဆိုသလိုဘဲ ဗဟန်းနေသူရိန်ရုံကြီးမှာ လူထုအစည်းအဝေးပွဲကြီးကို လုပ်စေတယ်။ လူများအောင်လုပ်ဖို့ သိပ်ပြီးအရေးကြီးတယ်ဆိုတော့ လူထု လှုံ့ဆော်ရေးစာတန်းကို ဖြန့်ချိရပါတယ်။ ၎င်းစာတန်း၏ ခေါင်းစဉ်ကတော့ (စစ်ကြီးကား ပြီးလေပြီ။ ငါတို့အရေး အသို့နည်း) လို့ အစချီထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကတော့ သူလုပ်မယ့် လုပ်ငန်းတိုင်း လူထုဆန္ဒနဲ့ လူထုကိုယ်တိုင် ပါဝင်စေတဲ့ လုပ်နည်းပါဘဲ။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဟာ ပြည်သူလူထုကို အတော် အခြေခံအားကိုးတဲ့စိတ် ရှိတယ်လို့ သူ သေဆုံး ပြီးတဲ့နောက် ယခုအခါမှာ သာ၍ ကျွန်တော် သဘောပေါက်နားလည်လာတယ်။ ၁၉၄၅–ခုနှစ် ကုန်ခါနီးနဲ့ ၁၉၄၆–ခုနှစ်များ၌ ဗိုလ်ချုပ်အောင်ဆန်းဟာ ၎င်းထက် စစ်အင်အားကြီးမားတဲ့ ဗြိတိသျှနယ်ချဲ့သမားကို လူထုဆန္ဒပြပွဲများဖြင့် တိုက်ပွဲ ဆင်ခဲ့တယ်လို့ ဆိုရမှာဘဲ။

အရပ်သား၊ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်၊ ကျောင်းသား၊ အလုပ်သမား၊ ဈေးသည် စသည်တို့ကို စုစည်းခေါင်းဆောင်လျက် လူထုဆန္ဒပြပွဲ နဲ့ လူထုတိုက်ပွဲကြီးများကို လုပ်ဆောင်တဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန် ပါးနပ်လိမ်မာပြီး အစဉ်သတိဖြင့် လုပ်ဆောင်တတ်ပါတယ်။ သူလုပ်ချင် သည့်အလုပ်ကို လုပ်ရလျှင်ပြီးရောဆိုပြီး လူထုကို ဓားစာခံခိုင်းတဲ့ အလုပ်ကို လည်းမလုပ်။ လူထုကို သူ့နေရာနှင့်သူ ထိုက်တန်သလို ချိန်ဆပြီး ခေါင်းဆောင် သွားတတ်တဲ့ အရည်အချင်းမျိုး ရှိတယ်။ အလုပ်သမား၊ လယ်သမား၊ ပစ္စည်းမဲ့ ဆင်းရဲသားလူတန်းစားတို့၏ အရေးကို ဘယ်တော့မှ သွေဖီမည့် လူမျိုး မဟုတ် ကြောင်း။ ဗမာနှင့် တိုင်းရင်းသားလူမျိုးစုဖြစ်သော ကရင်၊ ရှမ်း၊ ကချင်၊ ကယား တို့ သွေးစည်းညီညွတ်ရေးကို အမြဲတမ်း သူ ကြိုးပမ်းလိုခြင်းနှင့် ဗမာတိုင်းရင်း

သားများနှင့် အိန္ဒိယ၊ တရုပ် ဆင်းရဲသား သွေးစည်းညီညွတ်ရေးကိုလည်း သူ အလိုရှိကြောင်း ၁၉၄၆ခုနှစ် ဩဂုတ်လအတွင်းမှာ ပြုလုပ်ခဲ့တဲ့ လူထုဆန္ဒပြပွဲ တခုနှင့် ပတ်သက်၍ ကျွန်တော့်ထံ ပေးပို့သည့် သူကိုယ်တိုင် လက်ရေးဖြင့် ရေးထားသော ညွှန်ကြားစာကို ယခု ပူးတွဲတင်ပြလိုက်ပါတယ်။ ကျွန်တော် မှတ်မိသမျှ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့်လူထုနှင့် ဘုရင်ခံ ဆာဒေါ်မန်စမစ်အစိုးရဟာ တွေ့တွေ့ဆိုင်ဆိုင် နိုင်ငံရေးတိုက်ပွဲ ဆင်နေတဲ့ အချိန် ဖြစ်ပါတယ်။ အင်ဒိုချိုင်းနား၊ ဗီယက်နမ်၊ အင်ဒိုနေရှား အစရှိတဲ့ နိုင်ငံများ၌လည်း လွတ်လပ်ရေး တိုက်ပွဲတွေ ဖြစ်ပေါ်နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ အိန္ဒိယနှင့် တရုပ်ပြည်ကြီးမှာလည်း ဗြိတိသျှနယ်ချဲ့သမားနှင့် အမေရိကန်နယ်ချဲ့သမား၊ ဥရောပ အရင်းရှင်ကြီးများ ချယ်လှယ် စိုးမိုးနေတဲ့အချိန် ဖြစ်ပါသေးတယ်။ ယခု ကျွန်တော်တင်ပြလိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်ရေးဖြင့် ရေးသားသည့် ညွှန်ကြားချက်စာတန်းကို ဖတ်ကြည့်ကြပြီး ဗိုလ်ချုပ်အောင်ဆန်း ဆန္ဒနှင့် သူ၏ နိုင်ငံရေး သဘောထားကို ခန့်မှန်းနိုင်ကြလိမ့်မည်ဟု ကျွန်တော် ထင်ပါတယ်။

ဗမာနှင့် တိုင်းရင်းသားများ သွေးစည်းကြဘို့ဆိုတဲ့ ကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန်အရေးထားပါတယ်။ ကျွန်တော် မှတ်မိပါသေးသည်။ ဂျပန်လက်နက်ချပြီးနောက် ရန်ကုန်ကို ပြန်ရောက်လာကြတဲ့ အင်္ဂလိပ်မျက်နှာဖြူ အရာရှိကြီးတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ၎င်း၏ နိုင်ငံရေးအဖွဲ့ဖြစ်တဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးကို ပျက်စီးတိမ်မြုပ်သွားအောင် အနနည်းရော အကြမ်းနည်းနဲ့ပါ အမျိုးမျိုး လုပ်ကြံနေတဲ့အချိန် ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်လိုက်ဖြစ်တဲ့ နိုင်ငံရေးသမားတွေကို မြို့နယ်နေရာ အနှံ့အပြားမှာ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း အမျိုးမျိုးဖြင့် နိုင်ငံရေးစိတ် ကျဆင်းအောင် လုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုတော့ နိုင်ငံရေးက ထွက်ပြီး လခများများရမည့် ရာထူးကြီးတခုကိုယူဘို့ ဗြိတိသျှအရာရှိကြီးများက တိုက်တွန်းနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ကရင်နီနယ်(ယခု ကယားပြည်နယ်)က ကရင်နီ လူထုခေါင်းဆောင်များဖြစ်ကြတဲ့ ဦးစိန်၊

သိုင်းဇဟန်နဲ့ နယ်စား မြို့စား လူငယ်လူရွယ် စော်ဘွားကလေးများဟာ ဗြိတိသျှ အရာရှိများ တားမြစ်ထားကြတဲ့ ကြားထဲက ကျွန်တော်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ဆုံရန် လာရောက်ကြပါတယ်။

အတိုချုပ် ရေးပါမည်။ ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဌာနချုပ်က ကရင်နီခေါင်းဆောင်များကို ရန်ကုန် ဘုရားလမ်း၊ ဆန်းကဖီးမှာ နံနက်စာ ထမင်းစားပွဲဖြင့် ဧည့်ခံပြုစုပါတယ်။ ကရင်နီလူထုကလည်း ဂျပန်ကို တော်လှန် တိုက်ခိုက်ခဲ့ကြောင်း သိရပါတယ်။ ကရင်နီခေါင်းဆောင်များက အင်္ဂလိပ်လက်အောက်မှာ သူတို့ မနေလိုကြောင်း၊ ကရင်နီနယ်မှာရှိသော သတ္တု တွင်းများကို အင်္ဂလိပ်ကုမ္ပဏီကြီးက မတရားအပိုင်စီးထားပြီး အများဆုံး အကျိုး စီးပွားကို လက်ဝါးကြီးအုပ်ထားခြင်းကို သူတို့ မခံနိုင်ကြောင်း၊ မြန်မာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သတင်းကြားရတာ အလွန် ဝမ်းသာ အားတက်စရာကောင်း၍ လူကိုယ်တိုင် တွေ့ရအောင် အင်္ဂလိပ် အရာရှိ ကြီးတဦး အတင်းတားမြစ်သည့်ကြားမှပင် လာရောက်တွေ့ဆုံကြောင်း ထမင်း စားပွဲမှာ ပြောင်ပြောင်ပင် ဖွင့်ပြောကြပါတယ်။

ကရင်နီခေါင်းဆောင်များကို ဗိုလ်ချုပ်အောင်ဆန်းက ပြန်ပြောတာကို အတိုချုပ် ကျွန်တော်ရေးမယ်ဆိုရင် 'ကျွန်တော်တို့ကတော့(ဗိုလ်ချုပ်အောင်ဆန်း) လွတ်လပ်ရေးကို မရ ရအောင် လုပ်မှာဘဲ။ လွတ်လပ်ရေးရဘို့ အကြောင်းတွေ ကလည်း ရှိတယ်။ ကျွန်တော်တို့ ဗမာပြည်မကြီးက လွတ်လပ်ရေးရပြီးတော့ ခင်ဗျားတို့ တောင်တန်းဒေသနဲ့ ပြည်နယ်တွေ လွတ်လပ်ရေး မရဘဲ ကျန်နေရင် ခင်ဗျားတို့နယ်ထဲမှာ အင်္ဂလိပ်က အမြောက်ကြီးတွေ လာပြီးထောင်နေရင် ကျွန်တော်တို့ရတဲ့ လွတ်လပ်ရေးဟာ အလကားဖြစ်မှာဘဲ။ ဒါ့ကြောင့် ကျွန်တော် တို့ကတော့ ခင်ဗျားတို့ တောင်တန်းဒေသ ပြည်နယ်သားတွေနှင့် သိပ်ပြီး ပေါင်း ချင်တာပါ။ ခင်ဗျားတို့ဆီက ဘာရအောင်၊ ညာရအောင်ဆိုပြီး ကျွန်တော်တို့ အကျိုးအတွက် ခင်ဗျားတို့ကို ပေါင်းချင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရတဲ့ လွတ်လပ်ရေး အသုံးမကျ ဖြစ်သွားမှာ စိုးလို့ပါ။ ခင်ဗျားတို့နဲ့ သိပ်ပြီး ပေါင်းချင်တာက ဒီအကြောင်းကြောင့်သာ ဖြစ်ပါတယ်။ ခင်ဗျားတို့က ကျွန်တော်

Myanmar Cupid Community PDF Creator Group

တို့ကို မချစ်ချင်တောင်မှ အတင်းဘဲ ချစ်မှာပါဘဲ။ ခင်ဗျားတို့ကို ကျွန်တော်တို့ အတင်းဘဲ(နသားဘားယား) ရမှာဘဲ' ဟု ရယ်ပြုံးပြုံးကြီးနှင့် ပြောပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အပိုမပါ ရိုးရိုးကြီး ဒဲ့ဒိုးပြောချလိုက်တာကို ကရင်နီခေါင်းဆောင်များ တော်တော်သဘောကျကြပါသည်။ သူတို့၏ မျက်နှာများမှာ သိပ်ပြီး ရွှင်လန်းလာကြပါသည်။ ကွဲကွာနေသော ညီအစ်ကိုချင်း ပြန်တွေ့ရသည့်အခါ အလွန်အမင်း ဝမ်းသာသလို ဝမ်းသာကြသည့် မျက်နှာများကို ကျွန်တော် မြင်ရပါသည်။"

အထက်ပါ သခင်ထွန်းတင်၏ ဆောင်းပါးအရ ဗိုလ်ချုပ်အောင်ဆန်းသည် မည်မျှ အမြင်ကျယ်သည် မည်မျှ ရိုးသားပွင့်လင်းသည်တို့ကို သိနိုင်ပါသည်။

ဖ၊ဆ၊ပ၊လ ဌာနချုပ်ကို စနစ်တကျဖွဲ့စည်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အရပ်ရပ်ကို လှည့်ပတ်ကာ နယ်လူထုကို စည်းရုံးလေသည်။ မြို့ပိုင်ရုံးစိုက်ရာ မြို့ကလေးများမှအစ မြို့ကြီးများအထိ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် သွားရောက် ဟောပြောခဲ့လေသည်။ ရောက်လေရာအရပ်ရပ်မှ လူထုသည် ဗိုလ်ချုပ်၏ ဟောပြောချက်ကို အကြွင်းမဲ့ လက်ခံကြလေသည်။

ထိုအချိန်က ဖ၊ဆ၊ပ၊လသည် လူထု၊ လူထုသည် ဖ၊ဆ၊ပ၊လ ဖြစ်နေလေသည်။ ဖ၊ဆ၊ပ၊လသည် အစိုးရအာဏာမရသေးသော်လည်း အစိုးရထက်ပို၍ သြဇာ ကြီးမားလေသည်။ လူထုသည် အသေးအဖွဲ ကိစ္စများမှစ၍ ပြဿနာအရပ်ရပ်ကို ဖ၊ဆ၊ပ၊လ ရုံးသို့သာ တင်ပြလေသည်။ ဖ၊ဆ၊ပ၊လ၏ အဆုံးအဖြတ်ကိုသာ ခံယူကြလေသည်။ ဤမျှပင် ဖ၊ဆ၊ဆ၊လ၏ သြဇာသည် ကြီးမားခဲ့ပေသည်။

ဖ၊ဆ၊ပ၊လ သြဇာကြီးမားလာသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်သည်လည်း ကြီးမားလာလေသည်။ သူသည် အစားကိုလည်း ဂရုမစိုက်။

Myanmar Cupid Community PDF Creator Group

အအိပ်ကိုလည်း ဂရုမစိုက်။ လူထုစည်းရုံးရေး တခုတည်းကိုသာ အာရုံစိုက်ခဲ့လေသည်။ ထို့ကြောင့်ပင် အစာမကျေသည့် ရောဂါဝေဒနာကို မကြာခဏ ခံစားရလေသည်။

၁၉၄၇–ခု၊ ဇူလိုင်လ ၂၉–ရက်နေ့ တိုင်းပြုပြည်ပြု လွှတ်တော်တွင် 'ကြေကွဲဝမ်းနည်းကြောင်း' အဆိုကို ထောက်ခံရင်း ကွယ်လွန်သူ ကွန်မြူနစ်အမတ် သခင်သန်းဖေက ဗိုလ်ချုပ် အစားအသောက် ဂရုမစိုက်ပုံတို့ကို အောက်ပါအတိုင်း ထည့်သွင်းပြောကြားသွားပါသည်။

"ဇွန်လ ၂၅–ရက်နေ့ညက ဗိုလ်ချုပ်အောင်ဆန်းနဲ့တွေ့တယ်။ ပထမ ရုံးမှာ သွားတွေ့ပါတယ်။ မရှိတာနဲ့ အိမ်မှာ သွားတွေ့တဲ့အခါ ညနေ ၆–နာရီခွဲကနေပြီး ည ၁၁–နာရီ ၂၅မိနစ်အထိ ၅–နာရီကျော် ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ ည ၁၁–နာရီ ၄၅မိနစ်ကျမှ ဆွေးနွေးနေတုန်း သူ့ဇနီးက အတင်းထမင်းထားဘို့လာခေါ်လို့ ဆွေးနွေးပွဲ ရပ်ခဲ့ပါတယ်။"

၁၉၄၆–ခုနှစ် ဇန်နဝါရီလ ၂၀–ရက်နေ့တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ နိုင်ငံလုံးဆိုင်ရာ ဖ၊ဆ၊ပ၊လ ညီလာခံကို ကျင်းပခဲ့ကြလေသည်။ ထိုညီလာခံတွင် အနယ်နယ်မှ ကိုယ်စားလှယ်ပေါင်း ၁၃၀၀–ကျော်နှင့် လူထု တသိန်းကျော် တက်ရောက်၍ တိုင်းပြည်အတွက် အရေးကြီးသော အဆိုများကို တင်သွင်းဆုံးဖြတ်ကြလေသည်။ ထိုညီလာခံက ဗိုလ်ချုပ်အောင်ဆန်းကို ဖ၊ဆ၊ပ၊လ ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း တင်မြှောက်ကြလေသည်။

ထိုညီလာခံတွင် မြွက်ကြားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ဖတ်လျှင် သူ၏ နိုင်ငံရေး အယူအဆကို သုံးသပ်နိုင်ပေသည်။ သူ့တွင် သူရဲကောင်းဆံလိုစိတ်မရှိ။ လူထုကို ယုံကြည်သည်။ လူထု၏ ကူညီယိုင်းပင်းမှု မပါဝင်လျှင် လွတ်လပ်ရေးတိုက်ပွဲ မအောင်မြင်နိုင်ဟု ကောင်းစွာ သဘောပေါက်သည်။ နိုင်ငံရေးသည် မညစ်ပတ်။ နိုင်ငံရေးသမား အချို့သာ ညစ်ပတ်သည်ဟုငင်း၊ နိုင်ငံရေးနှင့် ဘာသာရေး ရောထွေးမှုကို လက်မခံ။ နိုင်ငံရေးသည် လောကီ

ရေးဖြစ်၍ ဘာသာရေးသည် လောကုတ္တရာရေးဖြစ်သည်ဟုဂုဏ်း ကောင်းစွာ သဘောပေါက်သည်။ [ မိန့်ခွန်းအပြည့်အစုံကို နောက်ဆက်တွဲ င–တွင် ဖတ်ပါ]

နိုင်ငံရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားကို (၉၊၆၊၆၂) နေ့ထုတ် ကြေးမုံသတင်းစာတွင် ပါသော သခင်တင်မောင်(ကျုံမငေး) ၏ ဆောင်းပါးတွင် ဖော်ပြထားပါသည်။ [ နောက်ဆက်တွဲ စ–ကို ဖတ်ပါ]

ဖ၊ဆ၊ပ၊လ၏ ဩဇာကြီးမားလာသည်နှင့်အမျှ ဗြိတိသျှအရာရှိကြီးများ နှင့် နိုင်ငံရေးသမားဟောင်းကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းကို အပြုတ်ဖြုတ် ရန် စိုင်းပြင်းလာကြလေသည်။ နိုင်ငံရေးသမားဟောင်းကြီးများသည် လူထုနှင့် ကင်းကွာနေသူများ ဖြစ်ရာ၊ မသမာသောနည်းကိုသုံး၍ ဗိုလ်ချုပ်အောင်ဆန်းကို လူထုခေါင်းဆောင်ဘဝမှ ဖြုတ်ချရန် ကြိုးပမ်းကြလေသည်။ ထိုသူတို့၏ ကြိုးပမ်းပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စစ်တွင်းကာလ(၁၉၄၂–ခု) ဘီ၊အိုင်၊အေ တပ်မတော် မြန်မာပြည်တွင်း သို့ ဝင်လာစဉ် သထုံခရိုင် ရွာတရွာမှ ကုလားလူမျိုး သူကြီးကို ဗြိတိသျှအတွက် သူလျှိုလုပ်မှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း သဘာပတိအဖြစ် ဆောင်ရွက်သော စစ်ခုံ ရုံးတွင် စစ်ဆေး၍ သေဒဏ် အပြစ်ပေးခဲ့သည်။ ထိုသူကြီးကို ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် ကွပ်မျက်ခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို လူသတ်မှုဖြင့် အရေးယူ ဖမ်းဆီးသင့်သည်ဟု ဘုရင်ခံခန့် အမတ် ၃၅–ယောက် ပါဝင်သော ဥပဒေပြု လွှတ်တော်တွင် ပြောဆို စွပ်စွဲကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်း လူသတ်မှုဖြင့် ကြိုးပေးခံရလျှင် သူ၏ နေရာကို မိမိတို့ ယူနိုင်ကြလိမ့်မည်ဟု နိုင်ငံရေးသမားဟောင်းကြီးများက ယူဆကြဟန် တူပေသည်။ သို့သော်လည်း လူထုက သူတို့ကိုသာလျှင် အကြည်ညို မဲ့သည် ထက် မဲ့လာ၍ ဗိုလ်ချုပ်အောင်ဆန်းကို ပို၍ ကြည်ညိုလာကြလေသည်။

ထိုစွပ်စွဲချက်ကို ကြားရပြီးနောက် ဘုရင်ခံ ဒေါ်မန်စမစ်သည် ဗိုလ်ချုပ် အောင်ဆန်းကို ခေါ်၍ စုံစမ်းမေးမြန်းလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အဖြစ်အပျက် အမှန်ကို မကွယ်မဝှက်ပြောပြ၍ ထိုကိစ္စအတွက် မိမိ လုံးဝ

တာဝန်ယူသည်ဟု ဘုရင်ခံအား ပြောလိုက်လေသည်။ ထိုအခါ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ' ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးရည်ကို မချီးကျူးဘဲ မနေနိုင်' ဟု မှတ်တမ်း တင်ခဲ့လေသည်။ (Maurice Collis ရေး Last and First in Burma စာအုပ်မှ ကောက်နုတ်ချက်)

အထက်ပါ ကောက်နုတ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းတွင် လက်ရုံးရည်သာမက နှလုံးရည်ပါ ရှိသည်မှာ ထင်ရှားပေသည်။

အရာရှိဆိုးများနှင့် သိက္ခာကျနေပြီဖြစ်သော နိုင်ငံရေးသမားဟောင်းကြီးများက မည်မျှပင် ဗိုလ်ချုပ်အောင်ဆန်းကို မသမာသောနည်းဖြင့် ဖြုတ်ချရန် ကြံကြသော်လည်း ဘိလပ်ရှိ ဗြိတိသျှအစိုးရသည် လူထုအသဲစွဲ ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းရဲကြပေ။ ဖမ်းဆီးရန် အမိန့်ပေးပြီးမှ ထိုအမိန့်ကို ပြန်လည်ရုပ်သိမ်းကြရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ၊ဆ၊ပ၊လ၏ ဂုဏ်သိက္ခာသည် ယခင်ကထက်ပင် ပို၍ ကြီးမားလာလေသည်။ ဖ၊ဆ၊ပ၊လ၏ ခေါင်းဆောင်မှုအောက်တွင် အစိုးရအမှုထမ်းများအပါအဝင် ပြည်သူတရပ်လုံးသည် စည်းလုံးညီညွတ် လာသည်။ ထို့နောက် နယ်ချဲ့သမားကို အလဲထိုး၍ မြန်မာ့လွတ်လပ်ရေးကို အရယူရန် တာစူလာလေသည်။

၁၉၄၆–ခု စက်တင်ဘာလ ၅–ရက်နေ့၌ မြန်မာ့သမိုင်းတွင် မတွေ့ဘူး မကြုံဘူး မကြားဘူးသော ပုလိပ်သပိတ် ဖြစ်ပေါ်ခဲ့သည်။ ဗြိတိသျှ ရာဇဝင်ဆရာများက ပုလိပ်သပိတ် ဖြစ်ရခြင်းမှာ လစာတိုးတက်မပေးမှုကြောင့် ဖြစ်သည်ဟု အကြောင်းပြကြလေသည်။ အမှန်မှာ ပုလိပ်အဖွဲ့ဝင်များအပေါ်တွင် ပြည်သူလူထု၏ လွတ်လပ်ရေး တိုက်ပွဲအရောင် ဟပ်လာမှုကြောင့် ပုလိပ်သပိတ် ပေါ်လာခြင်း ဖြစ်သည်။ 'ပုလိပ်အရေး ချက်ချင်းပေး၊ စက္ကူဖြူ အလိုမရှိ၊ လုံးဝလွတ်လပ်ရေး ချက်ချင်းပေး' စသော ကြွေးကြော်သံများကို ထောက်ခြင်းအားဖြင့် ပုလိပ်သပိတ်၏ အခြေခံသည် စီးပွားရေးကြောင့် မဟုတ်ဘဲ နိုင်ငံရေးကြောင့် ဖြစ်သည်ကို သိနိုင်ပေသည်။

Myanmar Cupid Community PDF Creator Group

ပုလိပ်သပိတ် ဖြစ်ပေါ်ပြီးနောက် များမကြာမီ စာရေးသပိတ်၊ မီးရထားသပိတ်၊ စာတိုက်သပိတ် စသည်ဖြင့် အခြားအစိုးရဌာနများမှ အမှုထမ်းများသည်လည်း သပိတ်မှောက်ကြလေသည်။

ထိုသို့ ပုလိပ်အဖွဲ့ဝင်များနှင့် အခြား အစိုးရအမှုထမ်းများ သပိတ်မှောက်ကြသဖြင့် အစိုးရအုပ်ချုပ်ရေး ယန္တရားသည် ရပ်ဆိုင်းသွားလေသည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ် နေရာတွင် ရောက်လာသော ဘုရင်ခံအသစ် ဆာဟူးဘတ်ရန့်စ် (Sir Hubert Rance) သည် ဆာပေါ်ထွန်းတို့လူစုကို ရာထူးမှ ဖြုတ်၍ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖ၊ဆ၊ပ၊လ အား အစိုးရအဖွဲ့ကို ထိုးအပ်ရလေသည်။

[မှတ်ချက်။ ။ပုလိပ်သပိတ်နှင့် အခြား အစိုးရအမှုထမ်းပေါင်းစုံ များ၏ သပိတ်သည် ဖ၊ဆ၊ပ၊လ အာဏာရလာရခြင်း၏ အကြောင်းတခု ဖြစ်သော်လည်း အဓိက အကြောင်းရင်းကား မဟုတ်ပေ။ ဖ၊ဆ၊ပ၊လ၏ ပြည်သူလူထု တရပ်လုံးကို စည်းရုံးနိုင်ခြင်းသာလျှင် အဓိက အကြောင်းရင်း ဖြစ်ပေသည်။ ထိုသပိတ်များ မဖြစ်ပေါ်မီကပင်လျှင် ဗြိတိသျှအစိုးရသည် ဖ၊ဆ၊ပ၊လ ၏ ပူးပေါင်းဆောင်ရွက်မှုကို မရပါက မဖြစ်နိုင်တော့သည်ကို သဘောပေါက်သည့်အတိုင်း ၁၉၄၆–ခု ဇွန်လတွင် ဘုရင်ခံ ဆာဒေါ်မန်စမစ်ကို ဆွေးနွေးရန်အတွက် ဘိလပ်သို့ ပြန်ခေါ်ခဲ့လေသည်။ ဘိလပ်အစိုးရ ဝန်ကြီးချုပ် အက်တလီ (Clement Richard Attlee) သည် အရှေ့အာရှတောင်ပိုင်းဆိုင်ရာ သေနာပတိချုပ် လော့ဒ် မောင့်ဘက်တန်နှင့်တိုင်ပင်၍ ဆာဒေါ်မန်စမစ်ကို နုတ်ထွက်စေရန်နှင့် စစ်ပြီးခေတ်ဦးတွင် မြန်မာပြည်၌ အမှုထမ်းဘူးသော မြို့ပြအုပ်ချုပ်ရေး အရာရှိချုပ်ဟောင်း ဗိုလ်ချုပ် ဟူးဘတ်ရန့်စ်ကို ဘုရင်ခံခန့်ရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။ 'စက္ကူဖြူစာတမ်း' ကို တရားဝင် မရုပ်သိမ်းသော်လည်း ဘေးချိတ်ထားလျက် ဗိုလ်ချုပ်အောင်ဆန်း၏ ပူးပေါင်း ဆောင်ရွက်မှုကို အရယူရန် ဟူးဘတ်ရန့်စ် အား ညွှန်ကြားထားပြီး ဖြစ်လေသည်။]

* * * * *

Myanmar Cupid Community PDF Creator Group

## (၁၇)
## ဗိုလ်ချုပ်အစိုးရနှင့်စည်းရုံးရေး

၁၉၄၆–ခု၊ စက်တင်ဘာလ ၂၇–ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍ အစိုးရအဖွဲ့သစ်ကို ဖွဲ့သည်။ အစိုးရအဖွဲ့ဝင် အများစုသည် ဖ၊ဆ၊ပ၊လ ကိုယ်စားလှယ်များဖြစ်၍ ကျန်အဖွဲ့ဝင်များမှာ ဦးစော၊ သခင်ဗစိန်၊ ဆာမောင်ကြီး၊ စောဘဦးကြီး တို့ဖြစ်ကြသည်။

ဉပဒေသဘောအားဖြင့် 'စက္ကူဖြူစာတမ်း' တွင် ကြေညာထားသည့် အတိုင်း ၁၉၃၅–ခု မြန်မာပြည်အက်ဉပဒေပုဒ်မ ၁၃၉ သည် တည်ရှိနေပေသေး သည်။ ထိုပုဒ်မအရ မြန်မာပြည်ကို ဘုရင်ခံတဦးတည်း၏ သဘောအတိုင်း အုပ်ချုပ်ရန် ဖြစ်၍ အမှုဆောင်ကောင်စီသည် ဘုရင်ခံကို အကြံပေးရန်သာ ဖြစ်သည်။

သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ ရာထူးလက်ခံကြသောအခါ ဘုရင်ခံသည် အမှုဆောင်ကောင်စီ၏ ဆုံးဖြတ်ချက်များတွင် ဝင်ရောက်၍ မစွက် ဖက်တော့ချေ။ အမှုဆောင်ကောင်စီသည် ဒိုမီနီယန် နိုင်ငံများတွင်ရှိသော 'ကဲဘီနက်' (ဝန်ကြီးအဖွဲ့) ကဲ့သို့ လွတ်လပ်စွာ ဆောင်ရွက်နိုင်လေသည်။ ဉပဒေ သဘောအရ ဘုရင်ခံသည် အမှုဆောင်ကောင်စီ၏ သဘာပတိဖြစ်၍ ဗိုလ်ချုပ် အောင်ဆန်းသည် ဒုတိယသဘာပတိ ဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင် ကား ဘုရင်ခံသည် အမှုဆောင်ကောင်စီ အစည်းအဝေးများကို မတက်ရောက် တော့ဘဲ ဗိုလ်ချုပ်အောင်ဆန်းကသာလျှင် သဘာပတိအဖြစ် ဆောင်ရွက်ရလေ သည်။ တနည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် ဒိုမီနီယန်နိုင်ငံများရှိ

Myanmar Cupid Community PDF Creator Group

ဝန်ကြီးချုပ်ကဲ့သို့ ဖြစ်လာလေသည်။ ရှေးယခင်က မြန်မာများ မကိုင်ရသည့် ကာကွယ်ရေးဌာနနှင့် နိုင်ငံခြားရေးဌာနများကိုလည်း ဗိုလ်ချုပ် ကိုင်ရလေသည်။

အစိုးရသစ် ဖွဲ့ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းသည် လောလော ဆယ် ပြဿနာဖြစ်သော သပိတ်ကိစ္စများနှင့် အခြားပြဿနာများကို ဖြေရှင်းနေရ သဖြင့် နားရသည် မရှိပေ။ အစိုးရ ဖြစ်လာသော်လည်း ဗိုလ်ချုပ်သည် သာယာမှု မရှိပေ။ အစိုးရလုပ်နေရသည်ကိုပင် ကျေနပ်နှစ်သက်ဟန် မတူချေ။ သခင်ဘဝ မှစ၍ သူနှင့် ခင်မင်ရင်းနှီးခဲ့သော ကိုအုန်းမြင့်(ကျော်လင်းစာပေ)က ဆောင်းပါး တစောင်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

"ကျွန်တော် ရန်ကုန်ကို ပြန်ရောက်လာသောအခါ၌ကား သူ့မှာ နေ့ မအား ညမအား အလုပ်လုပ်နေရသဖြင့် အေးအေးလူလူ ရယ်ရွှန်းပတ်ရွှန်း နေခွင့် မရခဲ့ပေ။ သို့သော် ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ စ၍ရုံးထိုင်သည့်ညနေတွင် အတွင်း ဝန်များရုံး လှေခါးအဆင်း၌ သူနှင့် ဗိုလ်ထွန်းလှကို တွေ့ရာ 'အစိုးရ လုပ်ရတာ မနိပ်ပါဘူးကွာ အုန်းမြင့်ရာ' ဟု ညည်းညည်းညူညူ ရှုံ့မဲ့ကာပြော၍ ကားပေါ် တက်သွားသည်ကို ယခုတိုင် ကြားယောင် မြင်ယောင်လျက် ရှိတော့သည်။

ဘိလပ်မှ ပြန်လာကြပြီး တည သူ့အိမ်တွင် သတင်းစာဆရာများကို ဖိတ်ခေါ်၍ ရှင်းလင်းပြောပြလေသည်။ ရှင်းပြကြပြီးနောက် အသီးသီးထ၍ ပြန်ကြစဉ် ကျွန်တော့်အနီးသို့ ကပ်လာပြီး 'ဟေ့ကောင်၊ မင်းက ဘာနားလည်လို့ သတင်းစာထဲမှာ တောရေး တောင်ရေးနဲ့ ထည့်ရတာလဲ' ဟု မျက်နှာထားနဲ့ ပြောပြောဆိုဆို သူ့လက်ထဲရှိ လန်ဒန်တိုင်းသတင်းစာခေါက်နဲ့ ရိုက်လေတော့ရာ အနီးရှိ ပုဂ္ဂိုလ်များက အံ့အားသင့်နေကြ၏။ နောက်မှ 'ခွေးမသား၊ မင်း တနေ့ လာခဲ့အုံး၊ ဟဲဟဲ' ဟု ရယ်မောတော့မှ အားလုံး ကြက်သေ သေနေရာမှ ဝိုင်း၍ ရယ်နိုင်ကြတော့သည်။ သခင်အောင်ဆန်းကား ဝန်ကြီးဖြစ်လို့လဲ ဟန်မကြီး၊ စတိုင်မလုပ်။ သူ့သဘောရိုးအတိုင်း ပြောနေဆိုနေဆက်ဆံနေကျ အတိုင်းပင်။"

များစွာသော နိုင်ငံရေးသမားတို့သည် အာဏာရရေး(ဝါ)အစိုးရဖြစ်ရေး ကို မိမိတို့၏ ပန်းတိုင်အဖြစ် သတ်မှတ်ကြလေသည်။ ထိုနိုင်ငံရေးသမားများ

Myanmar Cupid Community PDF Creator Group

သည် အစိုးရဖြစ်လောသောအခါ မိမိ၏အစိုးရဘဝကို သာယာလာကြလေသည်။ ဘဝင်မြင့်လာ၍ အောက်ခြေလွတ်သွားတတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမှုကား အစိုးရဖြစ်ရေးကို အဓိကမထား။ တိုင်းပြည်လွတ်လပ်ရေးကိုသာ အဓိကထားသူဖြစ်သဖြင့် အစိုးရဖြစ်လာသော်လည်း စိတ်ပျော်ရွှင်မှု မရှိပေ။ လွတ်လပ်ရေးပန်းတိုင်အထိ ချီတက်ရေးသည် လွယ်ကူသော လုပ်ငန်းမဟုတ်သည်ကို ကောင်းစွာ သိသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းအဖို့ မပျော်ပိုက်နိုင်သည်မှာ အံ့သြစရာ မရှိပေ။

ဗိုလ်ချုပ်အောင်ဆန်း၏ အခက်အခဲများမှာ မနည်းလှပါ။ ဗြိတိသျှနယ်ချဲ့သမားသည် အခြေအနေအရ မလွှဲမရှောင်သာသဖြင့် ဖ၊ဆ၊ပ၊လ အားအစိုးရဖွဲ့စည်းခွင့်ပေးလိုက်ရသော်လည်း ပြည်တွင်းသစ္စာဖောက်များနှင့်ပူးပေါင်း၍ အမျိုးမျိုး ခြေထိုးခဲ့ကြလေသည်။ မလွှဲမရှောင်သာ၍ မြန်မာပြည်မအား လွတ်လပ်ရေး ပေးရသော်မှ တောင်တန်းဒေသများကို ချန်လှပ်ထားနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တဖက်မှ ဗြိတိသျှနယ်ချဲ့သမားတို့၏ ခြေထိုးမှုကို ခံရသကဲ့သို့ အခြားတဖက်မှလည်း ဖ၊ဆ၊ပ၊လ၏ မဏ္ဍိုင်တခု ဖြစ်ခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်ဝဲဂိုဏ်းဂဏနှင့် ရင်ဆိုင်ရလေသည်။ ဖ၊ဆ၊ပ၊လ အစိုးရဖြစ်ပြီး၍ တလမျှ မကြာသေးမီပင် ကွန်မြူနစ်ပါတီသည် အမျိုးသားတပ်ပေါင်းစုဖြစ်သော ဖ၊ဆ၊ပ၊လ နှင့် လမ်းခွဲလေတော့သည်။ ထို့ပြင် အချို့အမှုထမ်း သပိတ်ခေါင်းဆောင်များသည်လည်း ဘဝင်မြင့်သွားကာ သိက္ခာချ၍မရတော့ဘဲ ဖ၊ဆ၊ပ၊လ ကို အတိုက်အခံလုပ်လာကြလေသည်။ ထိုသို့သော အခြေအနေမျိုးတွင် ဗိုလ်ချုပ်အောင်ဆန်း မဟုတ်ဘဲ အခြားခေါင်းဆောင် တဦးသာဆိုပါလျှင် ဖ၊ဆ၊ပ၊လကို မယိမ်းမယိုင် ထိန်းသိမ်းထားနိုင်ရန် များစွာ ခဲယဉ်းပေလိမ့်မည်။

အခက်အခဲအမျိုးမျိုးကို ဗိုလ်ချုပ်အောင်ဆန်း ကျော်လွှားနိုင်သည်မှာ ပြည်သူလူထု၏ စိတ်ရော ကိုယ်ပါ ထောက်ခံမှုကို ရသောကြောင့် ဖြစ်ပေသည်။

ဗိုလ်ချုပ်ကို ပြည်သူလူထုတရပ်လုံးက မည်မျှ ကြည်ညိုသည်ကို 'ငါတို့ ဗိုလ်ချုပ်ဘာတွေ လုပ်ခဲ့သလဲ' စာအုပ်တွင် ဦးပုကလေးက အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"ဗမာပြည် အင်္ဂလိပ်လက်အောက် ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းလောက် လူထုအကြည်ညို ခံရဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီးမျိုး မရှိဘူးသေးချေ။ ရောက်လေရာ မြို့တိုင်းရွာတိုင်းတို့၌ လူထု ဝိုင်းအုံ တိုးဝှေ့ကြည့်ရှုလေ့ရှိသည့်အတွက် စိတ်ပျက်စရာ ကောင်းလောက်အောင် ဖြစ်ရသည်။ အယုတ်ဆုံး ဗိုလ်ချုပ် အိမ်သာသွားသည်ကိုပင် ဝိုင်းလိုက်၍ ကြည့်သဖြင့် 'သိပ်ဝွကျတာဘဲ' ဟု ဗိုလ်ချုပ်ညည်းညူသေး၏။

မြို့ပေါင်းများစွာမှာပင် တရားဟော၍အပြီး တည်းခိုရာအိမ်သို့ပြန်ရာ၌ လူထုကြီးက နောက်မှ လိုက်လာကြပြီးလျှင် ဗိုလ်ချုပ်ကို စောင့်၍ ကြည့်လေ့ ရှိကြ၏။ ပျဉ်းမနားမြို့တွင် ကျောင်းတိုက်အတွင်း လူထုတရားပွဲကြီး ပြီးသည့်နောက် ဆိုရှယ်လစ်ပါတီ လဖက်ရည်ပွဲကျင်းပသည့်နေရာ တိုက်သို့ ခေတ္တဝင်ရောက်ရာ လူထုကြီးသည် နောက်မှ လိုက်လံ ဝိုင်းအုံလာကြပြီးလျှင် 'ဗိုလ်ချုပ်ကို ကြည့်ပါရစေ' ဟု အပြင်မှ ဟစ်အော်နေကြ၏။ တောင်းပန်သော်လည်း မရသဖြင့် ဗိုလ်ချုပ်သည် တိုက်အပြင်ဖက်သို့ သုံးမိနစ်မျှ ထွက်၍ ရပ်ပြပြီးလျှင် 'ကိုင်း၊ တော်ရောပေါ့' ဆို၍ ကားပေါ်သို့ တက်လိုက်သောအခါ 'ဗိုလ်ချုပ်အောင်ဆန်း အောင်ပါစေ' ဟု ဟစ်အော်ကြွေးကြော်ကြပြီး ဩဘာကြီးပေးကြ၏။

ထူးခြားပုံတရပ်မှာလည်း ဗိုလ်ချုပ်ကိုတွေ့လို မြင်လိုအားကြီးနှင့် သူ့ထက်ငါ တိုးကာကြည့်၍ မြင်ရသော်လည်း ဤနေရာ၌ ကြည့်ရ၍ မကျေနပ်သေးဘဲ အခြားတနေရာသို့လည်း လိုက်၍ ကြည့်ကြလေ၏။ ခေတ္တမျှ ကြည့်၍လည်း အားမရ။ မင်တက်မိနေသည့်ပမာ စိမ်း၍ ကြည့်နေကြသူတို့မှာလည်း ဒုနဲ့ဒေး။ အချို့လည်း ဗိုလ်ချုပ်၏ကိုယ်ကို စမ်းသပ်ကြည့်လိုသည့်ပမာ အနားသို့ အတင်းတိုးကပ်သည်ကို အကြိမ်ကြိမ် ကာကွယ်ရသေး၏။"

အစိုးရဖြစ်လာသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရ လုပ်ငန်း အတွက်ထက် ဖ၊ဆ၊ပ၊လ လုပ်ငန်းများအတွက် အချိန်ပို၍ သုံးလေသည်။ ဖ၊ဆ၊ပ၊လ လုပ်ငန်းများ အောင်မြင်မှသာလျှင် ရည်မှန်းထားသော လွတ်လပ်ရေး အောင်ပန်း ဆွတ်ခူးနိုင်မည်ကို ဗိုလ်ချုပ်အောင်ဆန်း ကောင်းစွာ သဘောပေါက် လေသည်။

၁၉၄၆–ခု၊ စက်တင်ဘာလ ၂၉–ရက်နေ့တွင် မူလက စီစဉ်ထားသည့် အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ၊ဆ၊ပ၊လ ဝန်ကြီးများ ခေါင်းဆောင်ကာ စက္ကူဖြူစာတန်း ကန့်ကွက်သည့် စီတန်းလှည့်လည်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပလေသည်။ နယ်အသီးသီးတွင်လည်း ဖ၊ဆ၊ပ၊လ က ကြီးမူးကျင်းပကြ လေသည်။ ဗြိတိသျှအစိုးရ၏ စီမံကိန်းကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဦးဆောင် လျက် ကန့်ကွက်ပွဲ ကျင်းပခြင်းသည် ဤအကြိမ်ကား ပထမဆုံးနှင့် နောက်ဆုံး အကြိမ် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ကား ကြီးမားလှပေသည်။ ဗြိတိသျှ နယ်ချဲ့သမားသည် မြန်မာပြည်အား မလွဲမသွေ လွတ်လပ်ရေး ပေးရတော့မည် ကို ရိပ်စားမိသည့်အတိုင်း တောင်တန်းဒေသများကို ချန်လှပ်ထားနိုင်ရန် အမျိုးမျိုး ကြိုးစားခဲ့လေသည်။ စတီဗင်ဆင် ဆိုသူအား နယ်ခြားဒေသဆိုင်ရာ ညွှန်ကြားရေးဝန်ခန့်၍ မြန်မာများနှင့် ရှမ်း၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသား လူမျိုးစုများ သွေးကွဲအောင် ခြေထိုးစေခဲ့လေသည်။

ဗြိတိသျှနယ်ချဲ့သမားများ ထိုသို့ စီစဉ်သည်မှာ အံ့သြစရာ မဟုတ်ပေ။ နယ်ချဲ့သမားတို့၏ သွေးခွဲအုပ်ချုပ်ရေး ပေါ်လစီအတိုင်း ဆောင်ရွက်ခြင်းမျှသာ ဖြစ်သည်။

၁၉၄၄–ခု မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်လည် သိမ်းပိုက်နိုင် တော့မည့်ဟု ယုံကြည်ကတည်းက ဘိလပ်အစိုးရ၏ မြန်မာပြည်ဆိုင်ရာ အတွင်း ဝန် အေမာရီက 'မြန်မာပြည်ကို ပြန်လည် သိမ်းပိုက်ပြီးနောက် လွတ်လပ်ရေး ပေးရသော အခြေအနေသို့ ရောက်သော်လည်း ဗြိတိသျှအင်ပါယာ၏ စီးပွားရေး

Myanmar Cupid Community PDF Creator Group

ဘက်မှ ကြည့်သည်ဖြစ်စေ၊ ကာကွယ်ရေးဘက်မှ ကြည့်သည်ဖြစ်စေ တောင်တန်းနယ်ဒေသကို ဗြိတိသျှလက်အောက်၌ အနှစ်သုံးဆယ်မျှလောက်ထားပြီးမှ ဖြစ်မည်။ ထိုတောင်တန်းသားများသည် မြန်မာများ ကဲ့သို့ မဟုတ်။ ဗြိတိသျှက ထိန်းသိမ်းထားရန် အမှန်လိုအပ်ပေသေးသည်' အစရှိသော သဘောထားပါသည့် အတွင်းစာတစောင်ကို အိန္ဒိယပြည်တွင်ရှိသော မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ် ထံသို့ ရေးသားပေးပို့လိုက်သော ဟူ၏။" (၁၇ ကြိမ်မြောက် ပြည်ထောင်စုနေ့ထုတ် 'လုပ်သားပြည်သူ့နေ့စဉ်' သတင်းစာတွင်ပါသည့် ဦးအုန်းမြင့် (ဒို့ရှမ်းပြည်) ရေး 'ပင်လုံမြေနက်သန်မှ ပြည်ထောင်စု ဗိမာန်သို့' ဆောင်းပါးမှ ကောက်နုတ်ချက်။)

မြန်မာပြည်မအား လွတ်လပ်ရေးပေးရသော်လည်း တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်ထားနိုင်လျှင် ဗြိတိသျှနယ်ချဲ့သမားသည် လွတ်လပ်ခါစ မြန်မာနိုင်ငံကို မိမိတို့ စိတ်တိုင်းကျ ကြိုးကိုင်နိုင်မည် ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုလျှင် တောင်တန်းဒေသများ မပါသော မြန်မာပြည်လွတ်လပ်ရေးသည် ပြီးပြည့်စုံသော လွတ်လပ်ရေး ဖြစ်မည်မဟုတ်ချေ။



ဗိုလ်ချုပ် ၏ ကချင်ပြည်နယ်ခရီး

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးတိုက်ပွဲတွင် တောင်တန်းဒေသများပါ ပါဝင်လာအောင် ဆောင်ရွက်ရလေသည်။ အစိုးရ ဖွဲ့ပြီး

Myanmar Cupid Community PDF Creator Group

နောက် များမကြာမီ ကချင်ပြည်နယ် မြစ်ကြီးနားသို့၎င်း၊ ကရင်ပြည်နယ် လွိုင်ကော်သို့၎င်း၊ ရှမ်းပြည်တောင်ကြီးသို့၎င်း မနားမနေ သွားရောက်ဟောပြော စည်းရုံးရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကား အလွန် ဝီရိယရှိလှသူပေတည်း။ ဗိုလ်ချုပ် ဝီရိယရှိပုံကို 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်တွင် ဦးပုလေးက အောက်ပါအတိုင်း ရေးခဲ့ပါသည်။

'ကျွန်ုပ်လည်း ဗိုလ်ထွန်းလှ၏ အစီအစဉ်အတိုင်း ရဲဘော်များနှင့်အတူ အိပ်ခန်းသို့ ဝင်လိုက်၏။ ဗိုလ်ချုပ်ကား ပြည်သူ့ရဲဘော်ဌာနချုပ် ခေါင်းဆောင် များနှင့်၎င်း၊ ဖ၊ဆ၊ပ၊လ ခေါင်းဆောင်များနှင့်၎င်း၊ တဖွဲ့ပြီးတဖွဲ့ ဆွေးနွေးလျက် ရှိသည်ကား ညဥ့်သန်ကောင်ကျော် ၂–ချက်တီးလောက်မှ ပြီးတော့၏။

နံနက် ၄–နာရီခွဲအချိန်တွင် ကျွန်ုပ်တို့ အိပ်မောကျနေခိုက်၊ ဗိုလ်ချုပ်က လက်ခုပ်တီးပြီးလျှင် 'ဟေ့ ဗိုလ်ထွန်းလှ ထ–ထ' ဟု နှိုးသံ ကြားရ၏။ ဥဌာန သမ္မဒါနှင့် ပြည့်စုံမှုပင်တည်း။"

ဗိုလ်ချုပ် မည်မျှအလုပ်လုပ်သည်ကို သူ၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (ခေါ်) တက္ကသိုလ်နေဝင်းက ဆောင်းပါးတစောင်တွင် အောက်ပါအတိုင်း ဖော်ပြ ထားလေသည်။

"သူ၏ နေ့စဉ်လုပ်ငန်းအစီအစဉ် စာအုပ်လေးကို အမှတ်မဲ့ ကြည့် လိုက်လျှင်–

နံနက် ၈–နာရီ–ဆိုရှယ်လစ်ဗိုလာ ပြန်လည်ထူထောင်ရေး အစည်းအဝေး။

၁၀–နာရီ– အစိုးရအမှုထမ်း ကိုယ်စားလှယ်များနှင့်တွေ့။

၁၁–နာရီ– အမေရိကန်ကောင်စစ်ဝန်နှင့် ချိန်းထားသည်။

၁၂–နာရီ– ကာကွယ်ရေးဌာနဆိုင်ရာ အစည်းအဝေး။

Myanmar Cupid Community PDF Creator Group

နေ့လယ် ၂–နာရီခွဲ– တိုင်းပြည်ပြုလွှတ်တော် အခြေခံဥပဒေ ဆပ်ကော်မတီ အစည်းအဝေး။

ညနေ ၄–နာရီ– ဖ၊ဆ၊ပ၊လ အလုပ်အမှုဆောင်အစည်းအဝေး။

စသည်ဖြင့် တွေ့ရပေလိမ့်မည်။ နေ့စဉ်နှင့်အမျှ သူ၏လုပ်ငန်းစဉ်သည် ဤသို့ပင် ပြည့်ကြပ်လျက်ရှိသည်။"

ရောက်လေရာ အရပ်တိုင်းရှိ တိုင်းရင်းသားလူမျိုးစုများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရှင်းလင်းပြတ်သားမှုကို အထူးနှစ်ခြိုက်သဘောကျကြလေသည်။ လောကွတ်မပါ လိုရင်းကိုသာ ဒဲ့ဒိုးပြောတတ်သည့် ဗိုလ်ချုပ်ကို ယုံကြည်လာကြလေသည်။

၁၉၄၆–ခု နိုဝင်ဘာလ ၂၈–ရက်နေ့ မြစ်ကြီးနားတွင် ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ကချင်ခေါင်းဆောင်များ အထူး ကြိုက်နှစ်သက်ကြလေသည်။

"ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လွတ်လပ်မှာတော့ အနေးနဲ့ အမြန်ဘဲ သေချာနေပါတယ်။ ကချင်အမျိုးသားများဟာလဲ ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်းများ ဖြစ်သည့်အတွက် ဗမာများနဲ့ ဆိုးတူကောင်းဘက် ပူးပေါင်းဆောင်ရွက်ကြစေချင်ပါတယ်။ ဒါမှလဲ ခေတ်ကြီး ပြောင်းလဲနေသည့်အလျောက် ကချင်အမျိုးသားများလဲ တိုးတက်နိုင်ပါမယ်။ ကချင်များဟာ ရိုင်းသေးတယ် ဆိုပြီး ခွဲခြားထားတာဟာ နှစ်ပေါင်း ၆၀ ကျော်သော်လည်း ဘာများတိုးတက်ခြင်းရှိသေးသလဲ။ ဗမာပြည်နဲ့ ပူးပေါင်းလိုက်ရင် ဗမာများနဲ့အတူ ရင်ဘောင်တန်း လိုက်နိုင်ကြမယ်။ ဗမာပြည်နှင့် ပေါင်းလိုက်ရင် ခင်ဗျားတို့အပေါ်မှာ အင်္ဂလိပ်များ မအုပ်ချုပ်ရတော့ဘူး။ ခင်ဗျားတို့နယ်ကို ခင်ဗျားတို့ အုပ်ချုပ်ရမယ်။ ဥပမာ စတီဗင်ဆင်လို အင်္ဂလိပ်အရာရှိက ခင်ဗျားတို့ကို အုပ်ချုပ်စေခိုင်းနေတယ်။ ဟိုအခါကျရင် သူလိုလူကို ခင်ဗျားတို့က အုပ်ချုပ်စေခိုင်း နိုင်တယ်။ ဗမာများက ကချင်များအပေါ်မှာ အုပ်ချုပ်စိုးမိုးမှာလဲ မဟုတ်ဖူး။ ကချင်တောင်တန်းနယ်ကို ကချင်များသဘောကျ အုပ်ချုပ်ရမယ်။

သို့ရာတွင် တပြည်လုံးနဲ့ ပတ်သက်တဲ့ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည်တို့ကိုတော့ ကချင်ဝန်ကြီးများပါဝင်သော အစိုးရ အဖွဲ့တဖွဲ့က တိုင်ပင်ဆောင်ရွက်သွားမှာဘဲ။ ဘာသာရေးဆိုတာမှာလဲ လွတ်လပ်စွာ ကိုးကွယ်ချင်တာကို ကိုးကွယ်နိုင်တာဘဲ"

ကချင်ခေါင်းဆောင်ကြီးတဦးကမူ 'ဗိုလ်ချုပ်ကို ကျွန်တော် ကတိတခု ပေးလိုပါတယ်။ ကျွန်တော်တို့အပေါ်မှာ အင်္ဂလိပ် ကတိမတည်တာတွေ စုထားရင် အိမ်တဆောင်လောက်ပင် ရှိမည်။ တကယ်လို့ ချစရာရှိရင် ခေါ်ပါ။ ကျွန်တော်တို့ ချဘို့ အသင့်ဘဲ" ဟု စိတ်လိုက်မာန်ပါ ထ၍ ပြောလေသည်။

၁၉၄၆-ခု ဒီဇင်ဘာလ ၂၄-ရက်နေ့ ကရင်နီပြည်နယ် လွိုင်ကော်မြို့မှ အပြန် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်တောင်ကြီးမြို့ ညောင်ရွှေဟော်တွင် စော်ဘွားကြီးများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးလေသည်။

"ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။ ကမ္ဘာ့အခြေအနေကိုငင်း၊ ဗမာပြည်၏ အခြေအနေကိုငင်း ထောက်ဆ၍ ဗမာပြည်လွတ်လပ်ရေးစခန်းမှာ နီးကပ်လျက် ရှိနေပါတယ်။ ကျွန်တော်တို့ ဗမာပြည်လွတ်လပ်တဲ့အခါမှာ ရှမ်းပြည်ဟာလဲ ဗမာပြည်နဲ့အတူ လွတ်လပ်စေလိုပါတယ်။ ဗမာပြည်နှင့် ပူးပေါင်းတဲ့ နေရာမှာလဲ ရှမ်းပြည် ပြည်တွင်းရေးကိစ္စများကိုတော့ ရှမ်းလူမျိုးရဲ့ သဘောထားအတိုင်း ဖြစ်စေမှာပါဘဲ။ ဗမာပြည် တဝှမ်းလုံးနဲ့ ပတ်သက်တဲ့ဟာတွေကိုတော့ ရှမ်းဝန်ကြီးများ ပါဝင်သော အစိုးရအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်ခွင့် ရှိပါလိမ့်မယ်။ ထိုအခါမှာ မည်သည့် အင်္ဂလိပ် တစုံတယောက်ကမှ စော်ဘွားများအပေါ်မှာ ချယ်လှယ် နိုင်ခွင့် ရှိမယ်မဟုတ်ပါဘူး။ စော်ဘွားများကသာ သူတို့အပေါ်မှာ ချယ်လှယ် နိုင်ခွင့်ရှိပါမယ်။ ဥပမာ စတီဗင်ဆင်လိုလူက စော်ဘွားတွေအပေါ်မှာ ချယ်လှယ် နေတယ်။ ဟိုအခါကျရင် သူ့လိုလူမျိုးကို စော်ဘွားတွေက ပြန်လည်စေခိုင်း ချယ်လှယ်နိုင်ခွင့် ရှိလာမယ်။ ဘိလပ်အစိုးရက ဗမာပြည်ရေးကိစ္စတွေ ဆွေးနွေး

Myanmar Cupid Community PDF Creator Group

ဘို့ ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် ဇန်နဝါရီလ ၂–ရက်နေ့မှာ ဘိလပ် သွားရပါလိမ့်မယ်။

ဒီအခါမှာ ရှမ်းပြည်နဲ့ ဗမာပြည် ပူးပေါင်းရေး ပြောရပါလိမ့်မယ်။ ဒါကြောင့် စော်ဘွားများရဲ့ သဘောတူညီချက်ကို အလိုရှိပါတယ်။ အကြမ်းမူကို ရေးဆွဲပေးခဲ့ပါ့မယ်။ လက်မှတ်ထိုးပြီး တပါတည်း ယူသွားနိုင်ပါက သာ၍ ကောင်းပါမယ်။ အခုလို ကျွန်တော် အကြံပေးတာကိုမှ သဘောမတူဘဲ အင်္ဂလိပ် လက်အောက်မှာ နေချင်သေးတယ်၊ သူတို့ပြုသမျှဘဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားတို့ရဲ့ သဘောအတိုင်းဘဲ။ သို့သော် နောင်ကို ကျွန်တော်တို့ အဆိုးမဆို ပါနဲ့။ ကျွန်တော်တို့က နယ်ချဲ့သမားများကို အပြင်းအထန် ချရတော့မှာဖြစ်လို့ နယ်ချဲ့သမားနဲ့ ပူးနေတဲ့လူများကိုလဲ ချမှာဘဲ" စသည့်ဖြင့် ဗိုလ်ချုပ်က ရှင်းရှင်း ပြောချလိုက်လေသည်။

(မှတ်ချက်။ ။ အထက်ပါမိန့်ခွန်းများအရ ဗြိတိသျှနယ်ချဲ့သမားများ သည် နယ်ခြားဒေသဆိုင်ရာ ညွှန်ကြားရေးဝန် စတီဗင်ဆင်မှတဆင့် မည်မျှ ခြေရှုပ်ခဲ့သည်ကို သိသာနိုင်ပါသည်။)

စော်ဘွားများက မိမိတို့ သိလိုသောအချက်များကို မေးမြန်း၍ ဒီဇင်ဘာ လ ၂၅–ရက်နေ့တွင် ညောင်ရွှေမြို့၌ ထပ်မံဆွေးနွေးရန် ချိန်းဆိုကြလေသည်။ ထိုညတွင် ဗိုလ်ချုပ်က စော်ဘွားများ သဘောပေါက်လာအောင် ရှင်းပြရာ သဘောတူ လက်မှတ်ထိုးချက် မရသေးသော်လည်း ကျေနပ်ဖွယ် နှုတ်ကတိများ ရလေသည်။

* * * * *

(၁၈)
## အောင်ဆန်းနှင့် အက်တလီ

ဗိုလ်ချုပ်အောင်ဆန်းအဖို့ နားရသည် မရှိပါ။ ရှမ်းပြည်မှ ပြန်ရောက်သောအခါ ဘိလပ်သွားရန် ပြင်ဆင်ရလေသည်။

ဖ၊ဆ၊ပ၊လ အလုပ်အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဗိုလ်ချုပ်အစိုးရသည် ၁၉၄၆–ခုနှစ် နိုဝင်ဘာလ ၈–ရက်နေ့တွင်(အစိုးရဖွဲ့ပြီး တလခွဲပင် မရှိသေးမီ) ကြေညာချက် တစောင်ကို ထုတ်ပြန်လေသည်။ ကြေညာချက်၏ သဘောမှာ ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာရန်၊ မကြေညာလျှင် ၁၉၄၇–ခု ဇန်နဝါရီလ ၃၁–ရက်နေ့တွင် အစိုးရအဖွဲ့ နုတ်ထွက်မည့်အကြောင်း ဖြစ်လေသည်။ တနည်းအားဖြင့်ဆိုလျှင် ဇန်နဝါရီလ ၃၁–ရက်နေ့ မတိုင်မီ မြန်မာပြည်အား လွတ်လပ်ရေးပေးမည်ဟု ဗြိတိသျှအစိုးရက ကြေညာရန် ဗြိတိသျှအစိုးရထံသို့ ရာဇသံပေးလိုက်ခြင်း ဖြစ်ပေသည်။

ထိုရာဇသံအရ ၁၉၄၆–ခု ဒီဇင်ဘာလ ၂၀–ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် အက်တလီသည် မြန်မာပြည်ကို ဗြိတိသျှ ဓနသဟာယ အတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ၊ လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ်ပြုမည်ဟု ပါလီမန်အောက်လွှတ်တော်အစည်းအဝေးတွင် ကြေညာလေသည်။ ထို့နောက် ဘိလပ်သို့ လာရောက်ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းကို ဖိတ်ခေါ်လေသည်။

(မှတ်ချက်။ ။လွန်ခဲ့သောတနှစ်ခန့်က ဗိုလ်ချုပ်အောင်ဆန်းတို့က ဘိလပ်သို့လာ၍ ဆွေးနွေးပါရစေဟု ကမ်းလှမ်းခဲ့သည်ကို လက်မခံသော

Myanmar Cupid Community PDF Creator Group

ဗြိတိသျှအစိုးရသည် ယခု ဗိုလ်ချုပ်တို့ကို ဖိတ်ခေါ်ရလေပြီ။ ဖိတ်ခေါ်ရာတွင်လည်း ဘုရင်ခံမှတဆင့် စာဖြင့်သက်သက်မဟုတ်ဘဲ နိုင်ငံခြားရေးဌာန အမြဲတမ်းအတွင်းဝန် ဆာဂစ်လ်ဘတ်လေ့သ်ဝစ်တ် (Sir Gilbert Laithwait) ကို စေလွှတ်၍ ဖိတ်ခေါ်ခြင်း ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အောင်မြင်ခြင်းတရပ်ပေတည်း။)

ထိုဖိတ်ခေါ်ချက်အရ ၁၉၄၇–ခု ဇန်နဝါရီလ ၇–ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်မြ၊ ဦးတင်ထွဋ် စသည်တို့နှင့်အတူ ဘိလပ်သို့ သွားလေသည်။ သခင်ဗစိန်သည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လိုက်သွားသော်လည်း ဦးစောမှာ နောက်မှ လိုက်သွားသည်။ မြန်မာပြည်မှ မထွက်ခွာမီ ဗိုလ်ချုပ်သည် ပြည်သူလူထုအား 'အကောင်းဆုံးကို မျှော်လင့်ထားရန်နှင့် အဆိုးဆုံးအတွက် ပြင်ဆင်ထားရန်' မှာကြားခဲ့လေသည်။ ဘိလပ် အသွား အိန္ဒိယပြည် နယူးဒေလီမြို့တွင်ပြုလုပ်သော သတင်းစာကွန်ဖရင့်တွင်လည်း အလားတူပြောခဲ့လေသည်။

ထိုပြောဆိုချက်သည် အဆန်မပါသော ခြိမ်းခြောက်ခြင်းမျိုး မဟုတ်ပါ။ ထိုအချိန်တွင် ကျွန်တော်သည် တောင်တွင်းကြီးမြို့နယ် ဖ၊ဆ၊ပ၊လ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေရသည်ဖြစ်ရာ ဗိုလ်ချုပ်တို့ ဘိလပ်သွားနေကြစဉ်အတွင်း လက်နက်စုဆောင်းရန် ဌာနချုပ်ခေါင်းဆောင်များထံမှ ညွှန်ကြားချက်များကို ရပါသည်။ ဗိုလ်ချုပ်သည် ပြောသည့်အတိုင်း လုပ်လိုသည်မှာ ထင်ရှားပေသည်။

၁၉၄၇–ခု ဇန်နဝါရီလ ၁၃–ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီ ခေါင်းဆောင်သော ဗြိတိသျှအစိုးရကိုယ်စားလှယ်အဖွဲ့တို့၏ ဆွေးနွေးပွဲကို လန်ဒန်မြို့ အမှတ် ၁၀– ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ်၏ ဂေဟာ၌ ကျင်းပလေသည်။ ဆွေးနွေးပွဲအစတွင် ဗိုလ်ချုပ်က အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း မြွက်ကြားလေသည်။ မြန်မာဘာသာပြန်ချက်မှာ အကြမ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်။

Myanmar Cupid Community PDF Creator Group



ဦးဘဖေ၊ အက်တလီ၊ ဗိုလ်ချုပ်၊ ဦးတင်ထွဋ်
(၁၉၄၇ ဇန်နဝါရီ၊ အမှတ် ၁၀ ဒေါင်းနင်းလမ်း)

“ကိုယ်စားလှယ်အဖွဲ့၏ကိုယ်စား ကျွန်ုပ်ပြောကြားလိုသည်မှာ ကျွန်ုပ်တို့ မြန်မာပြည်တွင် အရေးမကြီးလှသော ပြည်တွင်းရေးကိစ္စ အနည်းငယ်တွင် သဘောကွဲလွဲမှုများ ရှိနေကြစေကာမူ၊ ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံးသည် အချုပ်အချယ်ကင်းမဲ့သော တင်းပြည့် ကျပ်ပြည့် လွတ်လပ်ရေးကို တောင်းဆိုရာ၌ကား တသံတည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုလွတ်လပ်ရေးကို အလျင်အမြန် လိုချင်ကြသဖြင့် ယခုမှစတင်၍ ပြင်ဆင်လိုပါသည်။

မြန်မာပြည်ဟု ပြောရာဝယ် ကျွန်ုပ်တို့သည် တိုင်းရင်းသားအားလုံး အညီအညွတ်ဖြစ်၍၊ လွတ်လပ်သောမြန်မာပြည်ကို ရည်မှန်းပြောခြင်း ဖြစ်ပါသည်။ ညီညွတ်မှုရရှိရေးအတွက် မအောင်မြင်နိုင်သော အခက်အခဲဟူ၍ မရှိပါ။ တိုင်းပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် ရာနှုန်းပြည့် လွတ်လပ်ရေးရ၍ ပြည်ပ ပယောဂမပါဘဲ အစုံအညီ တွေ့ဆုံ၍ ဆွေးနွေးခွင့်ရကြလျှင်

Myanmar Cupid Community PDF Creator Group

ညီညွတ်ကြပါလိမ့်မည်။ ဤအချက်သည် လွတ်လပ်သည်ဆိုသော ကရင်နီပြည် အတွက်လဲ မှန်ပါသည်။ ကိုးကွယ်သော ဘာသာအလိုက်ငှင်း၊ လူမျိုးအလိုက်ငှင်း မြန်မာပြည်ရှိ တိုင်းရင်းသားအားလုံးသည် လွတ်လပ်ရေး မဆုံးရှုံးသင့်ဟု ကျွန်ုပ် တို့ လေးနက်စွာ ယုံကြည်ပါသည်။

စည်းလုံးမှု ရပိုင်ခွင့်နှင့် လွတ်လပ်ရေး ရပိုင်ခွင့်တို့သည် ကျွန်ုပ်တို့ အားလုံး၏ ရည်မှန်းချက်ဖြစ်၍၊ ထိုအခွင့်တို့ကို ကျွန်ုပ်တို့ လိုလားကြပါသည်။ ထိုလိုလားချက်ကို တိုင်းရင်းသားအားလုံးသည် ဘာသာမရွေး၊ လူမျိုးမရွေး လိှုက်လှိုက်လဲလဲ ထောက်ခံနေသည်ဟု ကျွန်ုပ်ပြောနိုင်ပါသည်။

ယနေ့မှစ၍ တနှစ်အတွင်း မြန်မာပြည်လွတ်လပ်ရေး ရသင့်သည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။ ဝန်ကြီးချုပ်က ဒီဇင်ဘာလ ၂၀–ရက်နေ့ ပါလီမန် အောက်လွှတ်တော်တွင် ပေးခဲ့သည့်ကတိကို ထပ်လောင်း ကြေညာသည်ကို ကြားရသည့်အတွက် ကျွန်ုပ်တို့ ကျေနပ်ပါသည်။ မြန်မာပြည်အား ဗြိတိသျှ ဓန သဟာယအတွင်း ဖြစ်စေ၊ အပြင်တွင် ဖြစ်စေ မိမိတို့သဘောအတိုင်း လွတ်လပ် ရေးကို ရွေးချယ်ခွင့်ပေးရန်ငှင်း၊ ကျွန်ုပ်တို့ လိုလားချက်များကို လျင်မြန်စွာ ရရှိ ရေးအတွက် ကူညီရန်ငှင်း၊ ကြံရွယ်ကြောင်း ပြောဆိုသည့်အတွက် ဘုရင် မင်းမြတ်၏ အစိုးရကို ကျွန်ုပ်တို့က ကျေးဇူးတင်ပါသည်။ အမြင့်မြတ်ဆုံး ဖြစ်သော ရည်ရွယ်ချက်များနှင့် ကျယ်ပြန့်သော ကျင့်စဉ်များပင် ဖြစ်စေကာမူ လက်တွေ့ အကောင်အထည်ဖော်ရာတွင် တခါတရံ မအောင်မြင်တတ်သည်ကို ရာဇဝင်တွင် တွေ့ရပါသည်။ ကျွန်ုပ် ဤသို့ပြောရခြင်းသည် မြန်မာပြည်တွင် ကျွန်ုပ် တွေ့ကြုံဘူးသော အတွေ့အကြုံများကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဝန်ကြီးချုပ်နှင့် ဘုရင်မင်းမြတ်အစိုးရ၏ စေတနာကို လေးစား ပါသည်။ ကျွန်ုပ်တို့ဘက်မှလည်း ထိုစေတနာကို တုံ့ပြန်မည်ဖြစ်ကြောင်း ကျွန်ုပ် ကတိပေးနိုင်ပါသည်။

မြန်မာပြည်တွင် ၁၉၃၅–ခု၊ အုပ်ချုပ်ရေးဥပဒေနှင့် စက္ကူဖြူစာတမ်းကို လူကြိုက်မများပါ။ ကျွန်ုပ်တို့ ကိုယ်စားလှယ်အဖွဲ့သည် ကျွန်ုပ်တို့၏ ကိစ္စအဝဝ

ကို ဆောင်ရွက်နိုင်၍ လွတ်လပ်ရေးသို့ ပို့ဆောင်ပေးမည့် စီမံကိန်းအသစ်ကို ဘုရင်မင်းမြတ်၏ အစိုးရထံမှ ရလာလိမ့်မည်ဟု ကျွန်ုပ်တို့ ပြည်သူများသည် မျှော်လင့်နေကြပါသည်။”

ဘိလပ်၌ရှိနေခိုက်မှာပင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့သမားနှင့် နိုင်ငံရေးသမားဟောင်းကြီးများ၏ ခြေထိုးမှုကို ခံရပါသေးသည်။

ဗိုလ်ချုပ်က မြန်မာပြည်မနှင့် တောင်တန်းဒေသများ ပူးပေါင်းညီညွတ်ရေးအတွက် ဗြိတိသျှအစိုးရအား အရေးဆိုနေစဉ် ရှမ်းပြည်စော်ဘွားအချို့က နယ်ခြားဒေသဆိုင်ရာ ညွှန်ကြားရေးဝန် စတီဗင်ဆင် စသော နယ်ချဲ့လက်ပါးစေတို့၏ စကားကို နားထောင်ကာ ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ် မဟုတ်ကြောင်း၊ တောင်တန်းနယ်များကိစ္စ ဆွေးနွေးရန် စော်ဘွားများကို သီးခြားဖိတ်ခေါ်စေလိုကြောင်း စသည်ဖြင့် ဝန်ကြီးချုပ် အက်တလီထံ ကြေးနန်းရိုက် အကြောင်းကြားကြလေသည်။

ထိုကြေးနန်းကိုရသောအခါ အက်တလီက ‘ဘယ့်နယ်လဲ ဦးအောင်ဆန်း စော်ဘွားတွေရိုက်လိုက်တဲ့ ကြေးနန်းကို ကြည့်ပါအုံး’ ဟု ပြောကာ ကြေးနန်းကို ပြလေသည်။ ဗိုလ်ချုပ်ကို ကလိလိုက်ခြင်းပေတည်း။

သို့သော်လည်း ရှမ်းပြည် ပြည်သူလူထုသည် တောင်ကြီးမြို့တွင် လူထုအစည်းအဝေးကြီးကျင်းပ၍ ‘တောင်တန်းဒေသသားများသည်လည်း မြန်မာပြည်နှင့်တပါတည်း လွတ်လပ်ရေးရလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့၏ လိုလားချက်ကိုလည်း တခဲနက်ထောက်ခံကြောင်း’ စသည်ဖြင့် ဆုံးဖြတ်ချက်ချကာ ဝန်ကြီးချုပ် အက်တလီထံ ကြေးနန်းရိုက် အကြောင်းကြားကြလေသည်။

ထိုကြေးနန်းကိုရသောအခါမှ အက်တလီသည် ‘ပင်လုံအစည်းအဝေး၊ သို့မဟုတ် လူထုကွန်ဖရင့်အစည်းအဝေး ပြီးဆုံးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာအစိုးရတို့သည် တောင်တန်းဒေသများ၏ ထုတ်ဖော်ပြောဆိုချက် ထင်မြင်ချက်များနှင့် လိုက်လျောညီစွာ တောင်တန်းဒေသများ၏ လိုဘကိုဖြည့်ရန်’ ဟူသော စည်းကမ်းချက်ကိုပေး၍ လိုက်လျောလာပါတော့သည်။ နယ်ချဲ့

လက်ပါးစေများ ခြေထိုးနေကြသည့်အတွင်းမှာပင် ဗိုလ်ချုပ်အောင်ဆန်း ရခဲ့သော အောင်မြင်ခြင်းပေတည်း။

(မှတ်ချက်။ ။တိုင်းပြည် လွတ်လပ်ရေးတိုက်ပွဲတွင် ပဒေသရာဇ် အရင်းရှင် လူတန်းစားသည် မကူညီရုံမက၊ နှောင့်ရှက် ဖျက်ဆီးတတ်ကြောင်း။ အလုပ်သမား၊ လယ်သမားစသော လုပ်သားပြည်သူတို့သာလျှင် အနစ်နာခံ၍ ဝင်ရောက်ကူညီတတ်ကြောင်း ဖော်ပြသည့် သာဓကတရပ်ပင်တည်း။)

၁၉၄၇-ခု၊ ဇန်နဝါရီလ ၂၇-ရက်၊ တနင်္လာနေ့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့သည် မြန်မာပြည်အား လွတ် လပ်ရေး ပန်းတိုင်သို့ ပို့ဆောင်မည့် စာချုပ်ကို လက်မှတ်ရေးထိုးကြလေသည်။ ထိုစာချုပ်သည် 'အောင်ဆန်းအက်တလီစာချုပ်' ဟု သမိုင်းတွင်လေသတည်း။

စာချုပ်၏သဘောအကျဉ်းချုပ်မှာ မြန်မာပြည်တွင် တိုင်းပြည်ပြု လွှတ် တော်အတွက် ရွေးကောက်ပွဲများကို ကျင်းပ၍ တောင်တန်းဒေသများအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းရေးအတွက် အခြေခံဥပဒေ ရေးဆွဲရန်၎င်း၊ ကြားဖြတ်ကာလတွင် ဘိလပ်အစိုးရက ဗိုလ်ချုပ်အစိုးရကို 'အာဏာပိုင်ဒိုမီနီယန် အစိုးရ' အဖြစ် အသိအမှတ်ပြုရန်၎င်း သဘောတူကြခြင်း ဖြစ်ပေသည်။ [အသေး စိတ်ကို နောက်ဆက်တွဲ ဆ-တွင် ဖတ်ပါ။]

ဤစာချုပ်အရ မြန်မာပြည်သူလူထုတရပ်လုံး အော့နှလုံးနာနေသော ဗြိတိသျှအစိုးရ၏ 'စက္ကူဖြူစာတမ်း' စီမံကိန်းသည် အလိုအလျောက် ပျက်ပြယ် သွားလေသတည်း။

ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်များမဟုတ်ကြသော ဦးစောနှင့် သခင်ဗစိန်တို့ကား အောင်ဆန်းအက်တလီစာချုပ်အရ လွတ်လပ်ရေးမရနိုင်ဟု အကြောင်းပြ၍ လက်မှတ်မထိုးဘဲ နေကြသည်။ အမှန်မှာ နိုင်ငံရေးသမားဟောင်းကြီးများ ဖြစ်ကြသော ဦးစောနှင့် သခင်ဗစိန်တို့သည် မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးကို ထိုးဖောက်ခြင်းသာ ဖြစ်သည်။ အထက်တွင်ရေးခဲ့သည့်အတိုင်း နိုင်ငံရေးသမား ဟောင်းကြီးများက ဗိုလ်ချုပ်ကို ဘိလပ်၌ ခြေထိုးခြင်းပေတည်း။

Myanmar Cupid Community PDF Creator Group

၁၉၄၇–ခု၊ ဇန်နဝါရီလ ၃၀–ရက်နေ့တွင် ဗိုလ်ချုပ်တို့သည် ဘိလပ်မှ မြန်မာပြည်သို့ ပြန်ရောက်ကြလေသည်။ ဖေဖော်ဝါရီလ ၃–ရက်နေ့တွင် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်၌ သတင်းစာဆရာများအား ဖိတ်ခေါ်ပြီးလျှင် 'စာချုပ်အရ စက္ကူဖြူစနစ် ပျက်သွားပြီဖြစ်ကြောင်း။ သို့သော်လည်း လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးကြောင်း။ ဆောင်ရွက်ရန်ကျန်သေးသောကိစ္စများကို ရှောရှောရှူရှူ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြပါက အေးချမ်းသောနည်းဖြင့် ဗမာပြည် လွတ်လပ်ရေး ရနိုင်ကြောင်း။ တိုင်းပြည်ပြုလွှတ်တော်အတွက် တိုက်ရိုက် ရွေးကောက်ပွဲကျင်းပနိုင်ခွင့်နှင့် ကြားဖြတ်အစိုးရအာဏာတို့ကို ရခဲ့ကြောင်း။ ဗြိတိသျှအစိုးရ မညစ်ပတ်နိုင်အောင် အသင့်ပြင်ထားရမည်ဖြစ်ကြောင်း' စသည်ဖြင့် ဗိုလ်ချုပ်က ရှင်းလင်းပြလေသည်။

ဗိုလ်ချုပ်၏ ရှင်းပြချက်ကို နှောင်ကြိုးမဲ့ သတင်းစာများတွင် ရိုးသားသော ပြည်သူတို့က လက်ခံကြသည်။ ဒေါက်တာဘမော်၊ ဆာပေါ်ထွန်း၊ ဦးစော စသော နိုင်ငံရေးသမားဟောင်းကြီးများကမူ 'ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်ကို ရောင်းစားခဲ့ပြီ' ဟု ကြွေးကြော်၍ ဗိုလ်ချုပ်ကို ခြေထိုးကြပြန်သည်။ သို့သော်လည်း သူတို့အကြောင်းကို သိနေကြပြီးဖြစ်သော ပြည်သူလူထုက သူတို့ကို လက်မခံကြပေ။ သူတို့သည် ထိုအချိန်မှစ၍ နိုင်ငံရေးဇာတ်ခုံမှ ဆင်းသွားကြရလေတော့သတည်း။

* * * * *

(၁၉)
ပင်လုံစည်းရုံးရေး

ဘိလပ်မှ ပြန်ရောက်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ အဓိက တာဝန်သည် တောင်တန်းဒေသများနှင့် စည်းလုံးနိုင်အောင် ထပ်မံစည်းရုံးရခြင်း ဖြစ်ပေသည်။ နယ်ချဲ့သမားကလည်း အလျှော့မပေး။ တောင်တန်းဒေသများကို ပြည်မမှ ခွဲထုတ်ထားနိုင်အောင် အစွမ်းကုန် ကြိုးစားလျက်ပင် ရှိလေသည်။ အထက်တွင်ရေးခဲ့သည့်အတိုင်း ဗြိတိသျှနယ်ချဲ့သမားသည် တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်ထားနိုင်လျှင် လွတ်လပ်ခါစ မြန်မာနိုင်ငံကို မိမိတို့ စိတ်တိုင်းကျ ကြိုးကိုင်နိုင်မည် ဖြစ်ပေသည်။

တောင်တန်းဒေသသားများ၏ ဆန္ဒကို စုံစမ်းလေ့လာရန်ဟုဆိုကာ ဗြိတိသျှအစိုးရသည် ဗြိတိသျှဒိုမီနီယန်ဝန်ကလေး ဘော့တွန်မလေး (Arthur Bottomly MP.) ကို မြန်မာပြည်သို့ စေလွှတ်လိုက်လေသည်။

၁၉၄၇–ခု၊ ဖေဖော်ဝါရီလ ၈–ရက်နေ့တွင် ဗိုလ်ချုပ်သည် ရှမ်းပြည် ပင်လုံမြို့သို့သွား၍ ပြည်မနှင့်တောင်တန်းဒေသများ ပူးပေါင်းရေးကို ရှင်းပြသည်။ မိမိရေးဆွဲထားသာ 'မူ' ကို တောင်တန်းကိုယ်စားလှယ်များအား ဝေငှ၍ လေ့လာစေသည်။

ထိုအချိန်အထိ နယ်ချဲ့သမား၏ လက်ပါးစေများသည် ခြေထိုးလျက်ပင် ရှိကြသေးသည်။ 'ဗမာတွေက ခင်ဗျားတို့ကို လိုက်လျောလှချည်လား၊ ဒါလောက်လွယ်တာဟာ အကြောင်းတခုတော့ ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစား လုပ်ရင်ကောင်းမယ်' ဟုငင်း၊ 'ဗိုလ်ချုပ်ကို ကြည့်ပါလား၊ ဂျပန်စိတ် မပျောက်

သေးဘူး၊ တော်တော်ကြာ ခင်ဗျားတို့ ဖက်ဆစ်လက်အောက် ရောက်သွားမှာဘဲ' ဟုဋင်း ပြောဆို သတင်းလွှင့်ကြလေသည်။

သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကို အကြွင်းမဲ့ ယုံကြည်ကြသော တောင်တန်းသားများသည် နားမယောင်ကြတော့ပေ။ ဗိုလ်ချုပ်၏ အောက်ပါမိန့်ခွန်းကို ကြားနာကြပြီးလျှင် မြန်မာပြည်မနှင့် ပူးပေါင်းရန် ဆုံးဖြတ်လိုက်ကြလေသည်။ နယ်ချဲ့လက်ပါးစေများလည်း 'ခဲလေသမျှ သဲရေကျ' ဖြစ်ကြရလေတော့သတည်း။



ပင်လုံညီလာခံတွင် စကားပြောခွက်ကိုကိုင်ပြီး မိန့်ခွန်းပြောကြားနေသော ဗိုလ်ချုပ်အောင်ဆန်း

## ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံမိန့်ခွန်း

"ပင်လုံအစည်းအဝေးကို အကြောင်းနှစ်မျိုးကြောင့် လာရကြောင်း။ ပထမမှာ မြန်မာပြည်ရှိလူမျိုးများ ညီညွတ်ရေးအတွက်ဖြစ်၍ အခြားအကြောင်းမှာ လန်ဒန်ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်လုပ်ကိုင်ခဲ့သည်ကို ပြောဆိုရှင်းလင်းပြရန် ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံရေးအရ မြန်မာပြည်ရှိလူမျိုးအားလုံးမှာ ညီညွတ်ရန် လိုအပ်ကြောင်း။ တနည်းအားဖြင့်ဆိုလျှင် မြန်မာပြည်လွတ်လပ်ရေးမှာ ရပြီဟုဆိုနိုင်ကြောင်း။ ယခု ကျန်ရှိနေသော ပြဿနာမှာ တောင်တန်းဒေသကိစ္စပင် ဖြစ်ကြောင်း။

ဘိလပ်ဆွေးနွေးပွဲ၌ မြန်မာပြည် ကိုယ်စားလှယ်များက တောင်တန်းနယ် လွတ်လပ်ရေးကို တချိန်တည်း မပေးခဲ့လျှင် တကယ့်လွတ်လပ်ရေးမဖြစ်နိုင်ဟု ပြောဆိုခဲ့ကြောင်း။ တောင်တန်းနယ်ကို ဗြိတိသျှတို့ တိုက်ရိုက်အုပ်ချုပ်ခြင်းကို မြန်မာလူမျိုးတို့က မကြိုက်ကြောင်း။ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများသာ အုပ်ချုပ်စိုးမိုးခြင်းကို မြန်မာများက ကြိုက်ကြောင်း။

ဗြိတိသျှတို့က တောင်တန်းနယ်လူမျိုးများသည် အောက်ကျနောက်ကျဖြစ်နေသေးသဖြင့် လွတ်လပ်ရေးနှင့် မတန်ဟု ထင်နေကြကြောင်း။ ထိုသို့တင်ပြချက်ကို မြန်မာများက သဘောမတူကြောင်း။ မြန်မာပြည် လွတ်လပ်ရေးရသည်နှင့် တပြိုင်နက် တောင်တန်းနယ် လွတ်လပ်ရေးရမည်ဟု မြန်မာများက ထင်မြင်ကြောင်း။ မြန်မာများသည် တောင်တန်းဒေသများအတွက် ပြောဆိုခြင်းမှာ အုပ်ချုပ်စိုးမိုးလို၍ မဟုတ်။ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာပြည်နှင့်တန်းတူ အဆင့်အတန်း အခွင့်အရေး ရစေလိုသောကြောင့်ပင် ဖြစ်ကြောင်း။

မြန်မာများသည် ဗြိတိသျှ၏ကျွန် မဖြစ်လိုကြောင်း။ ထိုနည်းတူ တောင်တန်းလူမျိုးများလည်း ဗြိတိသျှကျွန်များအဖြစ် မရောက်စေလိုကြောင်း။ ထို့ပြင် တောင်တန်းလူမျိုးများသည် မြန်မာကျွန်အဖြစ် မဖြစ်စေလိုကြောင်း။

တောင်တန်းနယ် စီမံအုပ်ချုပ်ရေးမှာ ကောင်စီ၏ လက်ထဲ၌ ရှိလိမ့်မည် ဖြစ်ကြောင်း။ ထိုကောင်စီအဖွဲ့ထဲ၌ တောင်တန်းနယ်မှ ကိုယ်စားလှယ်တယောက် ရှိလိမ့်မည်ဖြစ်ရာ ၎င်း၏ လက်ထဲမှာကား ထိုအုပ်ချုပ်ရေး ရှိမည်ဖြစ်ကြောင်း။

ဗြိတိသျှတို့မှာ မြန်မာပြည်၌ ကြာရှည်စွာ အုပ်စိုးရန် အခွင့်အခါ မရှိတော့ကြောင်း။ စောစော သို့မဟုတ် အနည်းငယ်ကြာလျှင် မြန်မာပြည်ကို စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ အားကိုးအားထား ပြုလုပ်ရမည်ဖြစ်ကြောင်း။ ထိုနေရာ၌ ညီညွတ်ရေးမှာ လွန်စွာ ပင် လိုကြောင်း။

လွတ်လပ်ရေးရပြီးသောအခါမှပင် အဆင့်အတန်း မြင့်နိုင်ကြောင်း။ လွတ်လပ်ရေးမရလျှင် လက်ရှိ အောက်ကျနောက်ကျဖြစ်နေသော အဆင့်အတန်း ကို မြှင့်တင်နိုင်ရန် မဖြစ်နိုင်ကြောင်း။

လူဖြူဖြစ်စေ၊ လူမဲဖြစ်စေ၊ မည်သူ့ကိုမဆို မကြောက်မရွံ့နှင့် ၎င်းတို့က တောင်တန်းလူမျိုးများကို မေးခဲ့လျှင် တောင်တန်းလူမျိုးများက လွတ်လပ်ရေးကို လိုချင်တယ်ဟု ပြောရမည်ဖြစ်ကြောင်း။ ခြောက်လျှင်လည်း မကြောက်ကြနှင့်၊ ချော့လျှင်လည်း မပျော့ကြနှင့်။ တောင်တန်းလူမျိုးများသည် မြန်မာပြည်ကဲ့သို့ တူညီသော အဆင့်အတန်းကို လိုချင်သည်ဟု ပြောရမည် ဖြစ်ကြောင်း။ ဒါကို ယနေ့ ပြောလိုက်ရင် နက်ဖြန် အဆွေတို့ လွတ်လပ်ရေးရမည် ဖြစ်ကြောင်း။”



ပင်လုံစာချုပ်တွင် လက်မှတ်ထိုးနေပုံ

၁၉၄၇–ခု၊ ဖေဖော်ဝါရီလ ၁၂–ရက်နေ့ နံနက် ၁၀–နာရီအချိန်တွင် ရှာဇဝင်တွင်သည့် 'ပင်လုံစာချုပ်' ကို အောက်ပါခေါင်းဆောင်ကြီးများက လက်မှတ် ရေးထိုးကြလေသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း = ဗမာပြည်ခေါင်းဆောင်

၂။ စောခွန်ပန်းဆိုင် = တောင်ပိုင်စော်ဘွား

၃။ စောရွှေသိုက် = ညောင်ရွှေစော်ဘွား

၄။ စောဟုံဖ = မြောက်ပိုင်းသိန္နီစော်ဘွား

၅။ စောနန်း = လဲချားစော်ဘွား

၆။ စောထွန်းအေး = သာခမန်းစော်ဘွား

၇။ ခွန်ပန်း = လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ

၈။ ဦးတင်အေး = လူထုကိုယ်စားလှယ်၊ တောင်ကြီး

၉။ ဦးကြာပု = လူထုကိုယ်စားလှယ်၊ သီပေါ

၁၀။ စောယစ်ဖ = လူထုကိုယ်စားလှယ်၊ သီပေါ

၁၁။ ဆမားဒူးဝါးဆင်ဝါးနော်င = ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား

၁၂။ ဇော်ရစ် = ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား

၁၃။ ခွန်ထီး = လူထုကိုယ်စားလှယ်၊ ပင်လုံ

၁၄။ ဦးထွန်းမြင့် = လူထုကိုယ်စားလှယ်၊ မောက်မယ်

၁၅။ ခွန်စော = လူထုကိုယ်စားလှယ်၊ ပင်းတယ

၁၆။ ဦးဖြူ = စော်ဘွားကိုယ်စားလှယ်၊ ကျိုင်းတုံ

၁၇။ တန်ရဒေါင် = ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား

၁၈။ ဒူးဝါးဇော်လွန်း = ကချင်ကိုယ်စားလှယ်၊ ဗန်းမော်

၁၉။ လဘန်းဂရောင်း = ကချင်ကိုယ်စားလှယ်၊ ဗန်းမော်

၂၀။ ဦးလှာမောင် = ချင်းကိုယ်စားလှယ်၊ ဖလမ်း

၂၁။ ဦးသောင်ဇာခုတ် = ချင်းကိုယ်စားလှယ်၊ တစ်ဒင်း

၂၂။ ဦးဝမ်ကိုဟော = ချင်းကိုယ်စားလှယ်၊ ဟတ်ကား

ထိုနေ့ ထိုအချိန်သည် 'ပြည်ထောင်စု မြန်မာနိုင်ငံ' တည်း ဟူသော သားရတနာအတွက် ကာလရေကြည် တည်သောအချိန် ဖြစ်ပေသတည်း။

* * * * *

(၂၀)
လယ်သမား၊ အလုပ်သမားနှင့် တိုင်းပြည်ပြုလွှတ်တော်

တောင်တန်းဒေသများကို အောင်မြင်စွာ စည်းရုံးပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ခေါင်းဆောင်ပီပီ၊ တိုင်းပြည်တွင်ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းရလေသည်။ 'ပြည်ထဲအရေး ပေါက်နဲ့ကျေး' ဟူသကဲ့သို့ ဗိုလ်ချုပ် ရင်ဆိုင်ရသော ပြဿနာများသည် ရှုပ်ထွေးများပြားလှပေသည်။

ငြိမ်ဝပ်ပိပြားရေး၊ သယ်ယူပို့ဆောင်ရေး၊ လယ်သမားအရေး၊ အလုပ်သမားအရေး စသည်ဖြင့် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို နေ့မအားညမအား ဖြေရှင်းနေရသဖြင့် ဗိုလ်ချုပ်သည် အချိန်မှန် မစားရ၊ အချိန်မှန် မအိပ်ရချေ။ တနေ့ သူ့အိမ်တွင် တည်းခိုနေရင်း ကျွန်တော်သည် သူ့ဖြစ်အင်ကို မကြည့်ရက်သဖြင့် မှန်မှန်စား၊ မှန်မှန်အိပ်ရန် ပြောမိပါသည်။ ဗိုလ်ချုပ်ကမူ 'ဘယ်နှယ်လုပ်မလဲ၊ လူထုခေါင်းဆောင်ဆိုတာ ဒီလိုဘဲ လုပ်ရမှာဘဲ။ လွတ်လပ်ရေး ရပြီးရင်တော့ နိုင်ငံရေးကထွက်တော့မယ်' ဟု ပြန်ပြောပါသည်။

ဗိုလ်ချုပ်သည် ထမင်းစားနေရင်းလည်း နိုင်ငံရေးကိုသာ စိတ်စောနေတတ်ပါသည်။ တနေ့တွင် သူတို့ဇနီးမောင်နှံနှင့် ကျွန်တော်တို့ ထမင်းစားနေကြစဉ် သူ၏ ရင်နှစ်သည်းချာများဖြစ်သော အောင်ဆန်းဦး၊ အောင်ဆန်းလင်းတို့သည် ထမင်းစားပွဲနားသို့ လာကြပါသည်။ ကျွန်တော်က ဝက်အူချောင်းကလေးများ ကျွေးလိုက်ပါသည်။ ကလေးများလည်း အကြိမ်ကြိမ်လာ၍ ကျွန်တော်ကလည်း လာတိုင်း ကျွေးပါသည်။ ဗိုလ်ချုပ်က သူ့သားကလေးများကိုကြည့်ပြီး

Myanmar Cupid Community PDF Creator Group

'မင်းတို့ကလဲကွာ၊ ဟိုလူတွေလိုဘဲ၊ ပေးမှန်းသိတိုင်း လိုချင်တာဘဲ' ဟု ပြောလိုက်ပါသည်။ ထိုအချိန်တွင် ပုဂ္ဂိုလ်အချို့သည် နိုင်ငံရေး ဈေးဆစ်နေကြပါသည်။ ဗိုလ်ချုပ်သည် ထမင်းစားနေရင်း ထိုပုဂ္ဂိုလ်များအကြောင်းကို စဉ်းစားမိဟန် တူပါသည်။

အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်သော်လည်း ဗိုလ်ချုပ်၏အိမ်မှာ တံခါးမရှိ၊ ဓားမရှိ ဝင်ချင်တိုင်း ဝင်နိုင်၍ ထွက်ချင်တိုင်း ထွက်နိုင်ကြပါသည်။ ပြည်သူလူထုသည် ဗိုလ်ချုပ်ထံသို့ အချိန်မရွေးလာတွေ့၍ မိမိတို့၏ ပြဿနာများကို တင်ပြနိုင်ကြပါသည်။

၁၉၄၇-ခု၊ ဇူလိုင်လ ၂၉-ရက်နေ့ တိုင်းပြည်ပြုလွှတ်တော်တွင် ကြေကွဲဝမ်းနည်းကြောင်းအဆိုကို ထောက်ခံရင်း ကချင်ခေါင်းဆောင် ဆမားဒူးဝါး ဆင်ဝါးနောင်က 'ဗိုလ်ချုပ်ကို လိုက်လိုက်လဲလဲ မချီးကျူးဘဲ မနေနိုင်သည့် အချက်တခုမှာလည်း သူများတွေက နန်းရင်းဝန်တို့ ဘာတို့လုပ်တယ်ဆိုရင် အိမ်ဝင်တံခါးပေါက်တွင် ပုလိပ်တို့ အစောင့်တို့ ဘာတို့ ထားရှိတယ်ဆိုတာ သိရတယ်။ သို့သော် ဗိုလ်ချုပ်ကတော့ ဘာမှ မထားချင်ဘူး။ ကုန်ကုန်ပြောရမယ်ဆိုရင် မည်သည့် ဆင်းရဲသားမဆို မိမိတို့၏ အရေးပြဿနာများကို ဗိုလ်ချုပ်ထံ အလွယ်တကူ ဝင်ရောက်ပြောဆိုနိုင်ခွင့်ရှိတယ်။ သည်လိုအချက်တွေကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ဟာ တိုင်းပြည်ဆင်းရဲသားများကို မည်သို့ ဂရုဏာရှိပြီး မည်သို့ လွတ်လပ်ခွင့်ပေးတယ်ဆိုတာကို အလွယ်တကူကျနစွာ သိနိုင်ပါတယ်' ဟု ထည့်သွင်းပြောဆိုသွားလေသည်။

မြန်မာပြည်သည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတိုင်း လူဦးရေအားလုံး၏ ၈၅-ရာခိုင်နှုန်းမျှသော တောင်သူလယ်သမားများ၏အရေးကို ဖြေရှင်းရသည့် တာဝန်သည် အစိုးရတိုင်း၏ တာဝန်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အာဏာရပြီးနောက် မကြာမီ တောင်သူလယ်သမားများ၏ သက်သာချောင်ချိရေး အတွက် သီးစားခနှုန်းထားများကို ပြင်ဆင်ပြဋ္ဌာန်းလိုက်လေသည်။ ထို့ပြင်

Myanmar Cupid Community PDF Creator Group

လယ်သမားများ၏ ဘဝလွတ်မြောက်ရေးအတွက် ရေရှည်စီမံကိန်းများကိုလည်း စဉ်းစားထားလေသည်။

၁၉၄၇–ခု ဖေဖော်ဝါရီလ ၂၅–ရက်နေ့တွင် ကျင်းပသော တောင်သူလယ်သမား ညီလာခံတွင် ဗိုလ်ချုပ်က 'တောင်သူလယ်သမားတွေဟာ ဗမာပြည်မှာ လူများစုဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးပါလာမယ်။ တောင်သူလယ်သမားလူများစုရဲ့ အခွင့်အရေးမပါဘဲ လွတ်လပ်ရေးဟာ အဓိပ္ပါယ် မရှိဘူးလို့ ယူဆတယ်။ ခုအခါမှာတော့ ဆင့်ပါးစပ် နှမ်းပက်သလို ဖြစ်နေတယ်။ လုပ်ချင်သလို မလုပ်နိုင်ဘူး။ ခင်ဗျားတို့လိုချင်ကြသလို မြေရှင်စနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင်စနစ်ကို ဖြုတ်ပြစ်နိုင်ဘို့ဘဲ' စသည့်ဖြင့် မြွက်ကြားခဲ့လေသည်။ [မိန့်ခွန်း အပြည့်အစုံကို နောက်ဆက်တွဲ ၈–တွင် ဖတ်ပါ။]

တောင်သူလယ်သမား ပြဿနာများကို ဖြေရှင်းရင်း ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်သမားသပိတ်ကိစ္စများကိုလည်း ဖြေရှင်းရလေသည်။ စစ်ပြီးခေတ်တွင် ပြန်လာကြသော ဗြိတိသျှကုမ္ပဏီကြီးများသည် အရင်းရှင်ကြီးများပီပီ အလုပ်သမားများကို မသေရုံတမယ်သာ ကျွေးချင်ကြလေသည်။ စားဝတ်နေရေး မဖူလုံသော အလုပ်သမားများအဖို့ သပိတ်လက်နက် စွဲကိုင်ရုံမှတပါး အခြားနည်းလမ်းမရှိပေ။ ယခင်အစိုးရများလက်ထက်ကမူ အလုပ်သမားသပိတ်များသည် အကြမ်းဖက်ဖြိုခွင်းခြင်းကိုသာ ခံကြရသည်။ ဗိုလ်ချုပ်အစိုးရကား လောလောဆယ်အားဖြင့် အလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများရအောင် ဆောင်ရွက်ပေးရုံမက၊ အလုပ်သမားများ ဘဝလွတ်မြောက်ရေးအတွက် ရေရှည်စီမံကိန်းများကိုလည်း စဉ်းစားထားလေသည်။

၁၉၄၇–ခု၊ မတ်လ ၁၀–ရက်နေ့ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ဗိုလ်ချုပ်က အောက်ပါအတိုင်း ထည့်သွင်းပြောကြားသွားပါသည်။

“မြန်မာပြည်၌ အရေးကြီးသော စက်မှုလုပ်ငန်း အရပ်ရပ်ကို ပြည်သူပိုင် လုပ်ရန် ကျွန်ုပ် ကြံရွယ်ကြောင်း။ ထိုသို့ပြုလုပ်မှသာ လူတို့ စိတ်ကျေနပ်၍ ပျော်ရွှင်စွာ နေနိုင်သော အဆင့်အတန်းကို ရရှိမည်ဖြစ်ကြောင်း ကျွန်ုပ် စွဲမြဲစွာ ယုံကြည်သည်။ သို့သော် ပြည်သူပိုင် လုပ်ငန်းလုပ်ခြင်းမှာ စိတ်သဘော ဖြူဖြောင့်စွာနှင့် မှန်ကန်သော အချိန်ရောက်မှ လုပ်ရမည်ဆိုချက်ကို သိရှိကြောင်း။

အရင်းရှင်ဝါဒသည် အခါခပ်သိမ်း လိုလားအပ်သည်ဟု ကျွန်ုပ် မထင်ကြောင်း။ အချိန်ကာလအားဖြင့် ကျွန်ုပ်တို့ပြည်မှာ တလှမ်းမတက်နိုင်မီ၊ ထိုအရင်းရှင်ဝါဒထဲမှပင် လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း။ သို့သော် အရင်းရှင်စနစ်ကို အနောက်နိုင်ငံများမှာကဲ့သို့ တရားလွန် တိုးတက်ဖွံ့ဖြိုးလာအောင် မလုပ်သင့်ကြောင်း။

မြန်မာပြည်သည် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလိုလျှင် နိုင်ငံခြား အကူအညီကို လိုလိမ့်မည် ဖြစ်ကြောင်း။ တိုးတက်မှုကို အကြောင်းပြု၍ နိုင်ငံခြားအကူအညီကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း။ ထိုသို့ ဖိတ်ခေါ်ရာ၌ ကျွန်ုပ်တို့ စီမံသလိုလုပ်နိုင်မှသာ ထိုနိုင်ငံခြားအကူအညီကို လက်ခံမည်ဖြစ်ကြောင်း။ ၎င်းနိုင်ငံခြားအကူအညီကို ဇက်ကြိုးလွှတ်ထားနိုင်လိမ့်မည် မဟုတ်ကြောင်း။

ယခုအခါမှု အလုပ်သမား မငြိမ်သက်မှုများရှိလျက် သပိတ်မှောက်နေကြကြောင်း။ ထိုသို့ သပိတ်မှောက်ခြင်းမှာ အရင်းရှင်ဝါဒ၌ မလွှဲမရှောင်သာဘဲ ဖြစ်ပွားရမည်ပင် ဖြစ်ကြောင်း။ အလုပ်သမားများ၏ တောင်းဆိုချက်အများပင် တရားမျှတကြောင်း။ မြန်မာပြည်ရှိ အလုပ်သမား အခြေအနေမှာ အခြားတိုးတက်သည့်တိုင်းပြည်ရှိ အလုပ်သမား အခြေအနေနှင့် နှိုင်းစာလျှင် များစွာ ကျေနပ်ဖွယ် မရှိကြောင်း။ လုံခြုံရေးလည်း မရှိကြောင်း။ အလုပ်သမားများ နိုးကြားလာပြီဖြစ်၍ ၎င်းတို့ လိုလားချက်ကို တောင်းရာ ပထမအကြိမ်ဖြစ်၍ မှားတာ ပိုတာတွေ ရှိမည်ဖြစ်ကြောင်း။ အလုပ်သမားအရေးကို အပြစ်တင် ရှုံ့ချဘို့ မသင့်ကြောင်း။ ကုန်သည်ရေးဆိုင်ရာ လုပ်ငန်းရှင်များက လက်ရှိအလုပ်သမားသပိတ်ကို ဖြေရှင်းရာ၌ သဘောတူပြီးအချက်များကို စိတ်ရောကိုယ်ပါ လိုက်လျောသင့်

Myanmar Cupid Community PDF Creator Group

ကြောင်း။ အစိုးရကလည်း သပိတ်အရေးပြီးအောင် အစွမ်းကုန် ကြိုးစားနေကြောင်း။ ဖြေရှင်းသဘောတူပြီး အချက်များနှင့် ပတ်သက်၍ မလိုက်နာလျှင် စက်မှုစီးပွားရေးလုပ်ငန်း အေးငြိမ်းရန် အစိုးရက ကြပ်တည်းသော အရေးယူမှုကို ပြုလုပ်ရမည်ဖြစ်ကြောင်း။"

အထက်ပါမိန့်ခွန်း၏ ကောက်နုတ်ချက်ကို ဖတ်ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အရင်းရှင်ဖက် မလိုက်၊ အလုပ်သမားဖက်သာ လိုက်ကြောင်း သိသာနိုင်ပေသည်။ တနည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် အရင်းရှင်ဝါဒီ မဟုတ်ဘဲ ဆိုရှယ်လစ်ဝါဒီဖြစ်ကြောင်း ထင်ရှားပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တဖက်တွင် အစိုးရခေါင်းဆောင်အနေဖြင့် နေ့စဉ်ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းရပြီး အခြား တဖက်တွင် တိုင်းပြည်လွတ်လပ်ရေးအတွက် အုတ်မြစ်ချပေးမည့် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရပါသည်။ ထိုသို့ ပြင်ဆင်ရာတွင် မည်သို့သော အခက်အခဲများနှင့် ရင်ဆိုင်ရသည်ကို အောက်ပါ ထုတ်ပြန်ကြေညာချက်က ဖော်ပြပေသည်။

## ၁၉၄၇–ခု မတ်လအတွင်း ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်ဖြင့် ထုတ်ပြန်ကြေညာချက်

"ဗမာတွေ လမ်းနှစ်ခွသို့ ရောက်နေကြပြီ။ တလမ်းမှာ ကျွန်သက်ရှည်မည့်လမ်း ဖြစ်သည်။ အခြားတလမ်းမှာ ကျွန်သက်တိုမည့်လမ်း ဖြစ်သည်။ ဤလမ်းနှစ်လမ်းအနက် ဘယ်လမ်းကို လိုက်ကြမည်လဲ။ ဤမေးခွန်းကို ၁၃၀၈–ခု တန်ခူးလဆုတ် ၄–ရက်နေ့(ဧပြီလ ၉–ရက်နေ့)တွင် ကျင်းပမည့် တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကြီးတွင် ဗမာတွေကိုယ်တိုင် ဖြေကြားရတော့မည်။ ဤ

အဖြေကို မပေးမီ လက်ငင်းနိုင်ငံရေး အခြေအနေကို ဗမာတိုင်း ကောင်းကောင်း သဘောပေါက်ထားရန် လိုသည်။

ယခုအခါ ဗမာနိုင်ငံရေးတွင် ဖ၊ဆ၊ပ၊လ နှင့် ဖ၊ဆ၊ပ၊လ ဆန့်ကျင်ရေး ဟူ၍ အကြမ်းအားဖြင့် နိုင်ငံရေးသမား နှစ်မျိုးနှစ်စား ရှိသည်။ ခပ်ရှင်းရှင်း ပြော ရလျှင် ဖ၊ဆ၊ပ၊လ ဆန့်ကျင်ရေးသမားများထဲတွင် (၁) ဗြိတိသျှနယ်ချဲ့သမား တွေ၏ ပဥ္စမံတပ်သားများ၊ (၂) မင်းသားကြီးလုပ်ချင်သူများ ပါကြသည်။ ဗြိတိ သျှနယ်ချဲ့သမားတို့၏ ပဥ္စမံတပ်သားများဆိုသည်မှာ တခြားမဟုတ်။ ဗမာ့အဆီ အနှစ်များကို စားသောက်နေကြသော ဗြိတိသျှနယ်ချဲ့သမားများထံမှ အရိုးအရင်း များကို လက်ဝေခံပြီးလျှင် ဗမာပြည်တွင်းရှိ ဗြိတိသျှနယ်ချဲ့သမားတို့၏ အလို တော်ကိုလိုက်၍ လုပ်ပေးနေသူများပင် ဖြစ်ကြသည်။

ဥပမာ ဖ၊ဆ၊ပ၊လ အင်အားစုများကို ပျက်ပြားအောင် ပြုလုပ်ခြင်း။ ဖ၊ဆ၊ပ၊လ အပေါ်တွင် လူထုက အထင်လွဲအောင် လှုံ့ဆော်ပေးခြင်း။ ဗြိတိသျှ နယ်ချဲ့သမားတဦးတည်းကို မဲပြီး မတိုက်နိုင်အောင် ဖ၊ဆ၊ပ၊လ ကို ဘေးနှင့် နောက်မှ ဝင်၍ တိုက်ပေးခြင်း အစရှိသည့် လုပ်ငန်းများ ဖြစ်ကြသည်။ ထိုမျှ မကသေး၊ ရွေးကောက်ပွဲ မလုပ်ဖြစ်အောင်ပင် အဆိုပါ ပဥ္စမံတပ်သားတို့၏ အကူအညီဖြင့် ဗြိတိသျှနယ်ချဲ့သမားတို့သည် ကြိုးစားကြပေလိမ့်ဦးမည်။

ဗြိတိသျှနယ်ချဲ့သမားတို့သည် ဥပဒေပုဒ်မ ၁၃၉–အရ ဗမာပြည်ကို တချက်လွှတ်အာဏာများဖြင့် အုပ်စိုးလိုကြသဖြင့် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို မဆိုထားဘိ၊ ၁၉၃၅–ခု အက်ဥပဒေအရ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကိုပင် မကျင်းပလို။ အကြောင်းအမျိုးမျိုးပြပြီး ရွှေ့ဆိုင်းခဲ့သည့် မဟုတ်ပါလော။

ယခုအခါတွင် ဖ၊ဆ၊ပ၊လ၏ နောက်၌ရှိသော ဗမာလူထုကြီး၏ အရှိန် အဝါကို မခံနိုင်သဖြင့် ဥပဒေပြုလွှတ်တော် မကတော့ဘဲ လွတ်လပ်ရေး စည်းမျဉ်းကို ရေးဆွဲရမည့် တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကိုပင် ခွင့်ပြု ရပေပြီ။ သို့ရာတွင် မလုပ်ဖြစ်လေလေ၊ ဗြိတိသျှနယ်ချဲ့သမားများသည်

Myanmar Cupid Community PDF Creator Group

ဗမာ့ အဆီအနှစ်များကို အချိန်ကြာကြာ စားသောက်နေရလေ ဟူသော သဘော ဖြင့် ၎င်းတို့၏ ပဥ္စမံတပ်သားများကို အသုံးပြုပြီး ရွေးကောက်ပွဲကို ဖျက်ပစ်မှာ စိုးရိမ်ရသေးသည်။ ဤအချက်ကို လူထုသည် ကောင်းစွာ သဘောပေါက်ရမည်။

အိန္ဒိယပြည်တွင် ဗြိတိသျှနယ်ချဲ့သမားတို့သည် ရွေးကောက်ပွဲ၌ ဝင် မရှုပ်ရသော်လည်း တိုင်းပြု ပြည်ပြုလွှတ်တော် မကျင်းပနိုင်အောင် ဟိန္ဒူနှင့် မွတ်စလင်ကို ကစားပေးလျက် ရှိသဖြင့် အိန္ဒိယသည် လွတ်လပ်ရေးတခါးဝသို့ ရောက်နေပါလျက် ယခုထက်တိုင် ဓာတ်မျောလျက် ရှိနေသည်။ သို့ဖြစ်ရာ ဗမာ့ လွတ်လပ်ရေးကို ဓာတ်မျောအောင် ပြုလုပ်ပေးကြမည့် ဗမာ့ပဥ္စမံတပ်သားများကို လည်း လူထုသည် ကောင်းစွာ သတိပြုကြရလိမ့်မည်။

ပဥ္စမံတပ်သားများ၏ အကြောင်းကိုကား အကျဉ်းချုပ်၍ ဖော်ပြခဲ့ပြီးပြီ။ မင်းသားကြီးလုပ်ချင်သူများ၏ အကြောင်းကို ရှင်းပြရဦးမည်။ ယခုအခါတွင် ဖ၊ဆ၊ပ၊လ သည် လူထု၏ရှေ့၌ မားမားမတ်မတ်ရပ်၍ ခေါင်းဆောင်နေခြင်းကို ထိုမင်းသားကြီးလုပ်လိုသူများသည် မနာလို မရှုစိမ့်ကြချေ။ ရပ်ချင်းရပ်ရင် သူတို့သာ ရပ်လိုကြသည်။ သို့ရာတွင် သူတို့၏ ရှေ့နောက်မညီညွတ်သော ခေါင်းဆောင်မှု၊ အမြင်တိုသော ခေါင်းဆောင်မှု၊ ဘယ်သူသေသေ ငတေ မာရင်ပြီးရောဟူသော ခေါင်းဆောင်မှု၊ မကြာခဏ ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့ ရသော ခေါင်းဆောင်မှုများကြောင့် လူထုကလည်း ၎င်းတို့ရှေ့တွင် ထိုမင်းသား ကြီး လုပ်လိုသူများကို အရပ်မခံကြချေ။

သို့ဖြစ်ရာ မင်းသားကြီးမလုပ်ရလျှင် မနေနိုင်သော ထိုခေါင်းဆောင် တစုသည် ပတ်မကြီးကို ထိုးဖောက်လျက်ရှိကြ၏။ ၎င်းတို့အတွက်မှာမူ ၎င်းတို့ ခေါင်းဆောင်မှုသာလျှင် အဓိက ဖြစ်သည်။ လူထုလွတ်လပ်ရေးမှာ သူတို့ ခေါင်း ဆောင်ဖြစ်မှုလောက် အရေးမကြီးပေ။ ထို့ကြောင့်လည်း သူတို့ ခေါင်းဆောင် မဖြစ်ရသည့်အခါတွင် ဗမာ့လွတ်လပ်ရေးလမ်းစဉ်ကို မည်သို့ပင် ထိခိုက်စေကာ မူ ဂရုမစိုက်ဘဲ ထိုမင်းသားကြီးမလုပ်ရသူများသည် ပတ်မကြီးကို ထိုးဖောက်ရန် လုံ့လပြုခဲ့ကြသည်ကို တိုင်းပြည်လူထု၏ မျက်မြင်ပင် မဟုတ်လော။

Myanmar Cupid Community PDF Creator Group

ဗမာလူထုကြီးသည် ယခုအခါတွင် လမ်းနှစ်ခွသို့ ရောက်လျက်ရှိကြပြီ ဖြစ်ရာ ယခုပြောခဲ့ပြီးသော ဗြိတိသျှနယ်ချဲ့သမားတို့၏ ပဥ္စမံတပ်သားများနှင့် မင်းသားကြီးမလုပ်ရသူများကို ကောင်းစွာ သတိပြုကြရမည်။ ထိုသူတို့၏ မှား ယွင်းသော ညွှန်ကြားချက်ကြောင့် ကျွန်သက်ရှည်စေမည့် လမ်းသို့ မလိုက်မိကြ ရန်ကိုလည်း ကောင်းစွာ သတိပြုကြရမည်။

ရှေးက ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် မဲအထည့်မှားသွားရင်၊ ထိုအထည့်မှားသည့်ဒဏ်ကို ငါးနှစ်သာ ခံခဲ့ရသည်။ ငါးနှစ်စေ့၍ ရွေးကောက် ပွဲ အသစ်လုပ်ရင် ထိုအမှားကို ပြင်နိုင်သည်။ ယခု တိုင်းပြည်ပြုလွှတ်တော် ရွေး ကောက်ပွဲမှာမူကား ဗမာ့နောင်ရေးကို ဆုံးဖြတ်မည့် ရွေးကောက်ပွဲ ဖြစ်နေသော ကြောင့် တခါအထည့်မှားယွင်းလျှင် ငါးနှစ်မက တသက်နီးပါးမျှ ခံကြရ လိမ့်မည်။

ယနေ့အထိ ကျွန်တော်ခေါင်းဆောင်လျက်ရှိသော ဖ၊ဆ၊ပ၊လ ကို ထောက်ခံအားပေးခဲ့သော ဗမာလူထုကြီးသည် ၁၃၀၈–ခု၊ တန်ခူးလဆုတ် ၁၄– ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး၌လည်း ယခုကဲ့သို့ပင် ကြံ့ကြံ့ ခိုင်ခိုင် အားပေးမည်ဆိုလျှင် တနှစ်အတွင်း ဗမာနိုင်ငံသည် လုံးဝ လွတ်လပ် ရမည်ဟု ကျွန်တော် အာမခံဝံ့ပါသည်။

ကျွန်တော်သည် တိုင်းပြည်ကို တခါဘူးမျှ တပတ်မရိုက်ခဲ့ဘူးသည်ကို လူထုကောင်းကောင်းသိပါသည်။ အထူးရှင်းပြနေစရာ မလိုပါ။ ဖက်ဆစ်ဂျပန် လက်ထက်က အသက်စွန့်ပြီး လက်ရုံးရည် သုံးသင့်သည့်အချိန်တွင် တိုင်းပြည် ကို တပတ်ရိုက်ပြီး ခေါင်းမရှောင်ခဲ့ပါ။ ကျွန်တော်ကိုယ်တိုင် လက်နက်ကိုင်ပြီး တော်လှန်ခဲ့သည်။ ကျွန်တော့်အတွက်မှာဆိုလျှင် လက်ရုံးရည်နှင့် နှလုံးရည် သည် ဘာမျှထူးခြားခြင်း မရှိပါ။ လူထုတခုတည်းကိုသာ ရှေ့ရှုပြီး သင့်သလို ကြည့်သုံးသွားမည်။ လူထုလွတ်လပ်ရေးအတွက် လက်ရုံးရည်ကို လမ်းလွဲမပြခဲ့ သလို၊ လူထုလွတ်လပ်ရေးအတွက် နှလုံးရည်ကို အသုံးပြုသင့်သည့်အခါတွင် လည်း ပါးစပ်တော်လှန်ရေးသမား၊ စက္ကူတော်လှန်ရေးသမား၊ ဂမူးရှူးထိုးသမား

များ၏ ကဲ့ရဲ့ရှုံ့ချခြင်းကို ကြောက်လန့်တုန်လှုပ်ပြီး လူထုကို ကျောက်မတွန်းခဲ့ပါ။ လက်ရုံးရည်ကိုသော်၎င်း၊ နှလုံးရည်ကိုသော်၎င်း လူထုလွတ်လပ်ရေးအတွက် အတိအကျ သုံးရန်သင့်သည့်အချိန်အခါတွင် ဘာကိုမျှ မထောက်ထားဘဲ လူထုကို တပတ်ရိုက်၍ မနေဘဲ တော်ဖြောင့်မှန်ကန်စွာ အသုံးပြုသွားမည်ကို စိတ်ချယုံကြည်ကြပါ။

၁၉၄၆–ခုနှစ် ဒီဇင်ဘာလဆန်းလောက်သို့ ရောက်သည့်တိုင်အောင် ဗမာ့လွတ်လပ်ရေးကို လမ်းမမြင် ကမ်းမမြင် ဖြစ်ခဲ့ရာမှ လွတ်လပ်ရေးစည်းမျဉ်း ရေးဆွဲနိုင်သည့် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပပေးရသည်အထိ ဗြိတိသျှအစိုးရတို့က လျှော့ပေးခဲ့ရသည်မှာလည်း အခြားကြောင့် မဟုတ်။ ဖ၊ဆ၊ပ၊လ သည် လွတ်လပ်ရေးနှင့်ပတ်သက်လာလျှင် လက်ရုံးရည်ကိုသော်၎င်း၊ နှလုံးရည်ကိုသော်၎င်း ငဲ့ကွက်တွန့်တိုခြင်းမရှိဘဲ တော်ဖြောင့်မှန်ကန်စွာ အသုံးပြုနိုင်သည့် အစွမ်းရှိသည်ကို ဗြိတိသျှအစိုးရတို့က ကောင်းစွာ သဘောပေါက်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။

အမှန်စင်စစ် ယခုအချိန်အထိ လူထုကြီး၏ရှေ့တွင် ကျွန်တော် မားမား မတ်မတ် ရပ်နေနိုင်ခြင်းမှာလည်း ကျွန်တော် တော်လှ၍ မဟုတ်ပါ။ လူထု လွတ်လပ်ရေးအတွက် လမ်းမှန် ပေါ်ပေါက်လာသည့်အခါတိုင်းတွင် အသက်စွန့်ရမည်ကိုလည်း မကြောက်၊ ကဲ့ရဲ့ရှုတ်ချခံရမည်ကိုလည်း မတုန်လှုပ်ဘဲ ဟုတ်တိုင်းမှန်ရာကို ကျွန်တော်ကိုယ်တိုင် ရှပ်ရှပ်ချွံချွံခေါင်းဆောင်၍ လုပ်ပြခဲ့သောကြောင့်ပင် ဖြစ်ကြောင်းကို တိုင်းပြည်လူထု အသိဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ သေရေးရှင်ရေးဖြစ်နေသော လမ်းနှစ်ခွသို့ ဗမာ လူထုကြီးသည် ရောက်ရှိနေသည့်အခါတွင် ကျွန်တော်ခေါင်းဆောင်သော ဖ၊ဆ၊ ပ၊လ လမ်းသို့ပင် ဗမာလူထုကြီးသည် မမိုတ်မသုံ ယုံယုံကြည်ကြည်နှင့် လိုက်ရန် ကျွန်တော်ကိုယ်တိုင် ထပ်မံ ညွှန်ကြားလိုက်ပါသည်။

ဖ၊ဆ၊ပ၊လ အမတ်လောင်းများထဲမှ အချို့တို့သည် လူထုက ကြိုက်နှစ် သက်သော အမတ်လောင်းများ ဟုတ်ချင်မှ ဟုတ်မည်။ တကယ်တမ်း အရွေးခံ

ထိုက်သော ပုဂ္ဂိုလ်များသည် ဖ၊ဆ၊ပ၊လ အမတ်လောင်းစာရင်းထဲမှ ပြုတ်ကျန် နေကောင်း ကျန်နေခဲ့ပေလိမ့်မည်။ ကျွန်တော်တို့၌ရရှိသော အလွန်တိုတောင်း သည့် အချိန်ကလေးတွင် အပြေးအလွှား စီစဉ်လိုက်ရသောကြောင့် အထက်ပါ ချွတ်ယွင်းချက်ပါရှိခဲ့လျှင်လည်း ဗမာ့လွတ်လပ်ရေးကြီးနှင့် ဖ၊ဆ၊ပ၊လ ကို ထောက်ထားကြပြီး သည်းခံကြရန်ကို ဗမာလူထုကြီးအား ကျွန်တော် အထူး မေတ္တာရပ်ခံလိုက်ပါသည်။

သို့ရာတွင် မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့ရရှိသော အလွန်တို တောင်းသည့် အချိန်ကလေးအတွင်း၌ပင်လျှင် ကျွန်တော်တို့သည် ဗမာလူထု၏ သစ္စာကို မဖောက်ဖျက်မည့်လူများအား များများရနိုင်သမျှ ရအောင် ကျွန်တော် တို့သည် အထူးကြိုးစားခဲ့ကြောင်း ကျွန်တော် အာမခံပါသည်။

ကျားနှင့်ရင်ဆိုင်တွေ့နေရသည့်အချိန်အခါမျိုးတွင် တဦးကိုတဦး စိတ် ကောက်ပြီး ထိုင်၍မဖြစ်သကဲ့သို့ ဗမာ့သေရေးရှင်ရေးကြီးနှင့် ရင်ဆိုင်တွေ့နေရ သည့် အခါမျိုးတွင်လည်း မကျေနပ်မှု အသေးအဖွဲကလေးကို ရိုးမယ်ဖွဲ့၍ မနေကြနှင့်။ ယခုအရေးသည် တချက်အမှားမခံသော အရေးကြီးဖြစ်သဖြင့် လူထုကြီးသည် မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အခြားအချိန်များထက် ဤအချိန် တွင် ထူးထူးကဲကဲ ပြသကြရန် ကျွန်တော် တိုက်တွန်းလိုက်ပါသည်။

ယခု ကျွန်တော့် ညွှန်ကြားချက်များအတိုင်း လူထုကြီးသည် ဖ၊ဆ၊ပ၊လ ကို ရှေးအခါများကဲ့သို့ ဆက်လက်ထောက်ခံကြမည်ဆိုရင် လူထု၏ လွတ်လပ် ရေးသည် ဒီတနှစ်အတွင်း ရမည်မှာ မလွဲချေ။”

အလွန်အဓိပ္ပါယ်ပြည့်ဝသော အထက်ပါကြေညာချက်ကို ထုတ်ပြန်ပြီး နောက် ဗိုလ်ချုပ်အောင်ဆန်းသည် မနားမနေ နယ်အသီးသီးသို့ထွက်၍ တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲအတွက် ဟောပြောစည်းရုံးရလေသည်။ အလွန်ပူပြင်းသော နွေရာသီဒဏ်ကိုပင် အလျဉ်းမမှုဘဲ ‘စတေရှင်ဝက်ဂွန်း’ ကား ဖြင့် တနေ့လျှင် မိုင်တရာကျော် နှစ်ရာနီးပါးမျှ ခရီးထွက်ကာ ဟောပြောခဲ့လေ သည်။ တနေ့လျှင် အနည်းဆုံး သုံးလေးနေရာတွင် တရားဟောရလေသည်။

Myanmar Cupid Community PDF Creator Group

ဟောရာတွင်လည်း ဇာမချဲ့။ အချိန်ဖြုံးတီးမှုမရှိအောင် အထူးဂရုစိုက်လေသည်။ ဗိုလ်ချုပ်သွားလေရာ အတူပါခဲ့သော ဦးပုကလေးက သူ၏ 'ငါတို့ ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်တွင် ဗိုလ်ချုပ် အချိန်ငဲ့ပုံကို အောက်ပါအတိုင်း ရေးခဲ့ပါသည်။



ဗိုလ်ချုပ် ၏ ခရီးစဉ်တခု

"ဗိုလ်ချုပ်သည် နိုင်ငံရေးတရားပွဲ ကျင်းပရာ၌ ဇာချဲ့ကာ အချိန်ဖြုံးတီး မှုမျိုးကို မကြိုက်ချေ။ ဥပမာ မိမိရောက်သည်နှင့်တပြိုင်နက် တရားဟောစင်ပေါ် သို့ တက်ဟောပြီးသည့်နှင့်တပြိုင်နက် ရှေ့သို့ဆက်ထွက်ပြီး ချိန်းထားသော အစီ အစဉ်အတိုင်း အမှီရောက်အောင် သွားပြီး ဟောလေ့ရှိ၏။ လွန်လေပြီးသော ခေတ်ဟောင်းကကဲ့သို့ အငြိမ့်၊ စည်တော်တို့ဖြင့် အချိန်ကုန်စေမှုများကို အလို မရှိ။ မော်တော်ကားမောင်းရာတွင်လည်း တနာရီလျှင် မိုင် ၂၅-၃၀ လောက် မောင်းသည်ကို မကြိုက်။ မိုင် ၄၀-၅၀ လောက်မောင်းမှ ကျေနပ်၏။"

ဦးပုကလေးရေးသားချက်ကို ကျွန်တော့်ကိုယ်တွေ့ဖြင့် ထောက်ခံလိုပါ သည်။ တနေ့တည်းတွင် ဗိုလ်ချုပ်သည် နတ်မောက်မှ မကွေး၊ ထိုမှတဆင့် တောင်တွင်းကြီးသို့ ရောက်လာ၍ တရားဟောပြီးနောက် အာလံ(ယခု အောင်လံ)

Myanmar Cupid Community  PDF Creator Group

သို့ ဆက်လက်ထွက်ခွာသွားသည်။ ကားလမ်းဘေးရှိ ကျွန်တော့်အိမ်သို့ ခေတ္တ ဝင်၍ သူ့တူကလေး၊ တူမကလေးများကို နှုတ်ဆက်ရန် ကျွန်တော်က ဖိတ်ခေါ်သည်ကို လက်မခံချေ။ သူ့ကိုကြည့်ရန် ကျွန်တော့်အိမ်၌ စောင့်နေကြသော ဘုန်းတော်ကြီးများနှင့် ယောကျ်ား၊ မိန်းမများသည် မှန်းခြေနှင့်မကိုက် ဖြစ်သွားရရှာလေသည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ၌လည်း ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးရှင်းလင်းပွဲများလုပ်ရ၊ အသံလွှင့်ရ စသည်ဖြင့် နားရသည် မရှိပါ။ ဗိုလ်ချုပ်ကား အံ့ဩစရာကောင်းလောက်အောင် အပင်ပန်းခံနိုင်သူပေတည်း။

၁၉၄၇–ခု မတ်လ ၁၉–ရက်နေ့ ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲတွင် ဗိုလ်ချုပ်က ဥပဒေပြုလွှတ်တော်နှင့် တိုင်းပြု ပြည်ပြုလွှတ်တော် မည်သို့ကွာခြားပုံ၊ ဗမာပြည်သည် ငယ်သော်လည်း မည်မျှအရေးကြီးပုံ၊ ပြည်သူကို ယုံကြည်ပုံ၊ လူထု(အထူးသဖြင့် လူငယ်တွေ) ညီညွတ်ရေးအတွက် အရေးကြီးပုံ စသည်တို့ကို ရှင်းလင်းဟောပြောခဲ့လေသည်။ [ ဟောပြောချက် အပြည့်အစုံကို နောက်ဆက်တွဲ ဈ–တွင် ဖတ်ပါ။ ]

ထိုနှစ် ထိုလထဲမှာပင် ဗိုလ်ချုပ်သည် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရန်ကုန်အသံလွှင့်ရုံမှ အသံလွှင့်ရပြန်လေသည်။ ရွေးကောက်ပွဲ ဖျက်ဆီးသူများသည် တိုင်းပြည်၏ ရန်သူနံပတ် ၁–ဖြစ်မည့်အကြောင်း။ ဖ၊ဆ၊ပ၊လ အမတ်လောင်းအားလုံးကို ရွေးလျှင် တနှစ်အတွင်း လွတ်လပ်ရေးရရန် အာမခံကြောင်း။ နိုင်ငံရေး စားဖားများကို ဝိုင်းပယ်သင့်ကြောင်း။ လူငယ်နိုင်ငံရေးသမားများ မမိုက်သင့်ကြောင်း။ ဖ၊ဆ၊ပ၊လ အမတ်လောင်းများ ရွေးချယ်ရာတွင် မည်သို့သော အခက်အခဲများ၊ ချွတ်ယွင်းချက်များ ရှိကြောင်း။ ဖ၊ဆ၊ပ၊လ အမတ်လောင်းများအပေါ်တွင် ပြည်သူလူထုက မည်သို့ သဘောထားသင့်ကြောင်း စသည်ဖြင့် ဗိုလ်ချုပ်က အသံလွှင့် ဟောပြောခဲ့လေသည်။ [ အသံလွှင့်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ည–တွင် ဖတ်ပါ။]

၁၉၄၇–ခု ဧပြီလ ၉–ရက်နေ့တွင် တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပလေသည်။ မဲဆန္ဒနယ်များကို ပြင်ဆင်သတ်မှတ်နေပါက အချိန်ကြန့်ကြာမည်ဖြစ်သဖြင့် ရှိပြီး မဲဆန္ဒနယ်များအတိုင်း တနယ်လျှင် နှစ်ယောက်ကျစီ ရွေးကောက် တင်မြှောက်ရန် စီစဉ်လိုက်လေသည်။ သို့သော်လည်း ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများမှာကဲ့သို့ မဲပေးနိုင်သူများနှင့် အရွေးခံသူများအတွက် ပစ္စည်းအရည်အချင်းသတ်မှတ်ချက်များ မရှိတော့ဘဲ အသက်ပြည့်သူတိုင်း မဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့် ရရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ၊ဆ၊ပ၊လ ၏ အရှိန်အဝါမှာ အလွန်ကြီးရကား နယ်များစွာတွင် ဖ၊ဆ၊ပ၊လ အမတ်လောင်းများသည် ပြိုင်ဘက်မရှိ အရွေးခံကြရလေသည်။ ဗိုလ်ချုပ်ကိုယ်တိုင် ရန်ကုန်လမ်းမတော် မဲဆန္ဒနယ်မှ ပြိုင်ဘက်မရှိ ရွေးကောက်တင်မြှောက်ခြင်း ခံရလေသည်။ ပြည်မ ရွေးကောက်ပွဲများတွင် ကွန်မြူနစ်အမတ်လောင်း ၇–ဦးမှတပါး၊ ကျန်နယ်အားလုံးတွင် ဖ၊ဆ၊ပ၊လ အမတ်လောင်းများသာ အပြတ်အသတ်နိုင်လေသည်။ 'ဗိုလ်ချုပ် လွှတ်လိုက်ရင် နွားဘဲဖြစ်ဖြစ် မဲပေးမယ်ကွ' ဟု ကြွေးကြော်ကာ လူထုသည် အင်တိုက်အားတိုက် မဲပေးကြလေသည်။ တောင်တန်းဒေသများတွင်လည်း ဖ၊ဆ၊ပ၊လ အား ထောက်ခံသော အမတ်လောင်းများသာ များသောအားဖြင့် အရွေးခံကြရလေသည်။

ရွေးကောက်ပွဲကျင်းပပြီး များမကြာမီ(၁၉၄၇–ခု ဧပြီလ ၁၈–ရက်နေ့) ဗိုလ်ချုပ်အောင်ဆန်းသည် နှစ်သစ်ကူးမိန့်ခွန်း မြွက်ကြားလေသည်။ ထိုမိန့်ခွန်းတွင် ဗိုလ်ချုပ်က ခြေလှမ်းမှန်မှန်နှင့် လုပ်ကိုင်သွားမည့်အကြောင်း။ ဖ၊ဆ၊ပ၊လ ကို တိုင်းပြည်က ထောက်ခံသည့်အတိုင်း ဖ၊ဆ၊ပ၊လ ကလည်း ဗမာပြည်လွတ်လပ်ရေးကို တနှစ်အတွင်း ရအောင်လုပ်မည့်အကြောင်း။ လွတ်လပ်ရေးမရသေးမီ အတောအတွင်း တိုင်းပြည် ပြန်လည်ထူထောင်ရေး လုပ်မည့်အကြောင်း။ အရှေ့အာရှတောင်ပိုင်းရှိ နိုင်ငံအားလုံးနှင့် ပြည်ထောင်စု နိုင်ငံတနိုင်ငံဖြစ်အောင် နိုင်ငံရေးသွေးစည်းမှု လုပ်မည့်အကြောင်း။ အိန္ဒိယပြည်၊ တရုပ်ပြည် နိုင်ငံကြီး နှစ်နိုင်ငံနှင့် မိတ်ဆွေဖြစ်ဖို့ ကြိုးစားမည်ဖြစ်ကြောင်း

Myanmar Cupid Community PDF Creator Group

စသည်ဖြင့် မိမိအစိုးရ ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းပြပါသည်။ ထို့ပြင် ကွန်မြူနစ်တွေ၏ အမှားများကို ထောက်ပြပြီး အတိုက်အခံနိုင်ငံရေးသမားများ၊ သတင်းစာများ၊ အစိုးရအမှုထမ်းများအား မှန်တာလုပ်ရန်နှင့် မှန်တာလုပ်နေသမျှ ကာလပတ်လုံး မည်သူ့မျှကြောက်ရန်မလိုကြောင်း ကတိပေးပြောကြားလေသည်။ အာဏာရ ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်များနှင့် ပြည်သူ့ရဲဘော်များအားလည်း မတရား အခွင့်အရေး မယူရန်နှင့် အရမ်းမဲ့လုပ်လျှင် အဖမ်းခံရမည့်အကြောင်း သတိပေး ပြောကြား လိုက်လေသည်။ [ မိန့်ခွန်းအပြည့်အစုံကို နောက်ဆက်တွဲ ၌–တွင် ဖတ်ပါ။]

အထက်ပါမိန့်ခွန်းကိုဖတ်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် မည်မျှ နိုင်ငံရေးအမြင်ကျယ်သည်၊ မည်မျှ ဒီမိုကရေစီအခွင့်အရေးများကို ရိုသေလေးစား သည်၊ မည်မျှ အာဏာအလွဲသုံးစားမှုကို စက်ဆုပ်ရွံရှာသည်ကို သိနိုင်ပါသည်။

အာဏာအလွဲသုံးစားမှုကို ဗိုလ်ချုပ် စက်ဆုပ်ပုံနှင့် ပတ်သက်၍ ကျွန်တော်ကိုယ်တိုင် သိသည့်ဖြစ်ရပ်တခုကို ဖော်ပြလိုပါသည်။ တနေ့တွင် ဗိုလ်ချုပ်သည် တိုင်းခမ်းလှည့်လည်ရင်း ခရိုင်တခုသို့ ရောက်သွားပါသည်။ နယ် အခြေအနေ စုံစမ်းမေးမြန်းရာ ခရိုင်ဝန်က 'ဓားပြတိုက်မှုများရှိကြောင်း၊ ဓားပြ တိုက်မှု အချို့တွင် ပြည်သူ့ရဲဘော်များပါနေ၍ အရေးယူရန် ခက်နေကြောင်း' တင်ပြပါသည်။ ဗိုလ်ချုပ်က 'မမှန်တာလုပ်ရင် ကျုပ်ဘဲဖြစ်ဖြစ် အရေးယူပါ' ဟု ပြန်ပြောလိုက်လေသည်။

ဗိုလ်ချုပ် ဒီမိုကရေစီ လေးစားပုံနှင့် ပတ်သက်၍ ဦးပုကလေးက 'ငါတို့ ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်တွင် အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"ငှင်းနောက် ကျွန်ုပ်က 'ယခုအခါ ဗိုလ်ချုပ်ရဲ့ လုပ်ငန်းစဉ်ကို ဆန့်ကျင် ဘက်လုပ်နေကြသူများအား အထူးအရေးယူပြီး တနည်းနည်းနှင့် ဖိနှိပ်ပစ်လျှင် ရှင်းမသွားပေဘူးလား။ သွားလျှင် အလုပ်လုပ်ရ မလွယ်ဘူးလား' ဟု မေးသော အခါ 'ကိုယ်နဲ့ ဆန့်ကျင်ဘက်လုပ်တဲ့လူတွေကို ဖိနှိပ်ရှင်းလင်းဘို့ဆိုတာ (အင်ဘီးရှင်း ရှိတဲ့လူမျိုးမှ) ကိုယ်ကျိုးအရင်းခံရှိတဲ့ လူမျိုးမှ လုပ်နိုင်တဲ့စိတ်၊

ရက်စက်နိုင်တဲ့စိတ်ရှိတယ်။ ကျုပ်ကတော့ အဲဒီ ကိုယ်ကျိုးရှာ အရင်းခံ စိတ်ထားမျိုး မရှိဘူး။ ကျုပ်စိတ်မှန်းထားချက်ကတော့ ဗမာပြည်လွတ်လပ်ရေး ရပြီးရင် နိုင်ငံရေးမှ နုတ်ထွက်ပြီး အေးအေးဆေးဆေး စာအုပ်ရေးဘို့ဘဲ။

ထိုအခါ ကျွန်ုပ်က 'လွတ်လပ်ရေးရပြီးတဲ့နောက် နိုင်ငံရေးက နုတ်ထွက်ဘို့ ရည်ရွယ်ထားတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် စဉ်းစားစရာ တခုက လူထုအစည်းအရုံးကြီး ဖြစ်လာတာဟာ ဗိုလ်ချုပ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာဖြစ်လေတော့ တည်မြဲဘို့ဟာလဲ ဗိုလ်ချုပ်အပေါ်မှာ တည်နေပါတယ်။ လွတ်လပ်ရေး ရပြီးတဲ့နောက် အလုပ် လုပ်စရာတွေဟာ ပိုလို့သာ များလာမှာဘဲ၊ ဒီအခါမျိုးမှာ ဗိုလ်ချုပ် နိုင်ငံရေးမလုပ်တော့ဘူးဆိုရင် အစည်းအရုံးကြီးဟာ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားမှာ စိုးရိမ်စရာ မရှိပေဘူးလား' ဟု ပြောသောအခါ 'လွတ်လပ်ရေးရပြီးတဲ့ အခါကျရင် ပါတီသဘော တွေကတော့ အမျိုးမျိုးရှိကြမှာဘဲ။ ဒီမိုကရေစီ ထုံးတမ်းစဉ်လာအတိုင်း အလုပ် လုပ်သွားကြရမှာဘဲ' ဟု ပြန်ဖြေ၏။"

တခါက ကျွန်တော့်အားလည်း ဗိုလ်ချုပ်က 'လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်တော့မယ်၊ မထွက်လို့လဲ မဖြစ်ဖူး။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ရေးရပြီးရင် အာဏာနိုင်ငံရေး လာတော့မယ်။ အာဏာနိုင်ငံရေးနဲ့ ကျွန်တော်နဲ့ မဖြစ်ဖူး' ဟုပြော၍ 'အဲဒီအခါကျရင် သူတို့လုပ်ပုံတွေ ဘေးက ထိုင်ကြည့်ပြီး ရယ်နေချင်တယ်ဗျာ' ဟု ပြောဘူးပါသည်။

* * * * *

(၂၁)
လွတ်လပ်ရေးသို့

တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီး နောက်(၁၉၄၇–ခု မေလ ၁၉–ရက်နေ့တွင်) ယခု ယဉ်ကျေးမှုပြတိုက်ဖြစ်နေသော ဂျူဗလီဟော၌ ဖ၊ဆ၊ပ၊လ အမတ်များနှင့် ကိုယ်စားလှယ်များသာပါသော ဖ၊ဆ၊ ပ၊လ ပဏာမ ပြင်ဆင်မှုညီလာခံကို စတင်ကျင်းပခဲ့လေသည်။

ထိုညီလာခံသည် တိုင်းပြည်ပြုလွှတ်တော်လုပ်ငန်းကို အစားထိုးရန် မဟုတ်ဘဲ ဖြည့်စွက်ရန် ဖြစ်ကြောင်း အစချီကာ ဗိုလ်ချုပ်အောင်ဆန်းသည် မိမိလိုလားသည့် 'ပြည်ထောင်စုမြန်မာနိုင်ငံ' ၏ပုံစံကို အသေးစိတ် ရှင်းပြလေသည်။ မြန်မာပြည် လွတ်လပ်ပြီးသောအခါ သမတနိုင်ငံ ထူထောင်မည့်အကြောင်း။ ရှင်ဘုရင်စနစ်နှင့် သမတစနစ်ခြားနားပုံအကြောင်း။ ဒီမိုကရေစီ အစစ်နှင့် ဒီမိုကရေစီအတု ခြားနားပုံအကြောင်း။ လွတ်လပ်သော သမတ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အလုပ်သမားများနှင့် လယ်သမားများ၏ အခွင့်အရေးများကို မည်သို့ ကာကွယ်မည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် မြွက်ကြားလေသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးစုများအရေး၊ တော်လှန်ရေးတို့၏ အဓိပ္ပါယ်နှင့်ပတ်သက်၍ လီနင်၊ စတာလင်၊ မော်စီတုံး စသော ကွန်မြူနစ် ခေါင်းဆောင်ကြီးများ၏ ရေးသားချက်များကို ဖတ်ကြားကိုးကားကာ အသေးစိတ် ရှင်းပြလေသည်။

အတိုချုပ်မှာ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး အဘိဓမ္မာကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသဖြင့် လူတိုင်း လေ့လာ

Myanmar Cupid Community PDF Creator Group

မှတ်သားသင့်သည့် မိန့်ခွန်းဖြစ်ပေသည်။ ထိုမိန့်ခွန်းအရ ဗိုလ်ချုပ်သည် အရင်းရှင်စနစ်၊ ဖက်ဆစ်စနစ်ကို လက်မခံဘဲ လူများစုဖြစ်သည့် အလုပ်သမား၊ လယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးမည့် ဒီမိုကရေစီစနစ်ကိုသာ လက်ခံကြောင်း ထင်ရှားပေသည်။ [ မိန့်ခွန်းအပြည့်အစုံကို နောက်ဆက်တွဲ ၅–တွင်ဖတ်ပါ။ ]

ထိုညီလာခံကို ကျွန်တော်လည်း တက်ရောက်ခဲ့ရာ ဗိုလ်ချုပ်၏ ပြတ်သားပုံကို မျက်ဝါးထင်ထင် တွေ့မြင့်ခဲ့ရပါသည်။ ဥပမာ ဒီးဒုတ်ဦးဘချို စသော အချို့ခေါင်းဆောင်များက ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာပြုလုပ်ရန် တိုက်တွန်းကြရာ ဗိုလ်ချုပ်က "နိုင်ငံရေးနဲ့ ဘာသာရေး ရောထွေးမှုမှာ မမှန်။ ဒီကိစ္စမှာ လျှော့မပေးနိုင်။ ခင်ဗျားတို့ မကြိုက်ရင် ကျွန်တော်(ခေါင်းဆောင်အဖြစ်မှ) ဆင်းသွားရန် အသင့်ရှိသည်။" ဟု ပြောချလိုက်လေသည်။

ဗိုလ်ချုပ်သည် ကိုယ်တိုင်မယုံကြည်ပါဘဲ မိမိခေါင်းဆောင်မှု ကျဆုံးမည်စိုးသည့်အတွက် လျှော့ပေးတတ်သော ခေါင်းဆောင်မျိုး မဟုတ်ပေ။ ၁၉၄၇–ခု ဖေဖော်ဝါရီလ ၂၈–ရက်နေ့ ရန်ကုန်မြို့တော်ခန်းမတွင် ပြုလုပ်သော ဧည့်ခံပွဲ၌ ဗိုလ်ချုပ်က "ခေါင်းဆောင်လုပ်တဲ့လူတွေဟာ နောက်လိုက် လူတွေထက် ပိုပြီး အမြင်ကျယ်ရမယ်။ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာလုပ်ရင် ခေါင်းဆောင် မဟုတ်ဖူး။ ခေါင်းဆောင်လုပ်တဲ့လူဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့နေရာမှာ စွန့်ရဲရမယ်။ ပရိယာယ်သုံးသင့်တဲ့ နေရာမှာ သုံးရမယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရတယ် အမောင် တောင်မှန်း၊ မြောက်မှန်းမသိဆိုရင် ခေါင်းဆောင် မဟုတ်ဖူး" စသည်ဖြင့် ထည့်သွင်းဟောပြောခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဝမ်းထဲကတမျိုး၊ ပါးစပ်ကတမျိုး ပြောတတ်သူ မဟုတ်ချေ။ ၁၉၄၇–ခု မေလ ၃၀–ရက်နေ့ သတင်းစာကွန်ဖရင့်တွင် ဗိုလ်ချုပ်က "ကျွန်တော်ကတော့ ယုံကြည်တဲ့အတိုင်း လုပ်မှာဘဲ၊ ထိန်းလို့ ရရင်ရ

မရရင် ကျွန်တော်ရဲ့ ခေါင်းဆောင်မှု ရှုံးတာဘဲ။ ကျွန်တော်လို လူမျိုးဟာ နိုင်ငံရေးသမားတော့ ဖြစ်မှာမဟုတ်ပါဘူး။ နိုင်ငံရေးသမားဆိုတာက ဝမ်းထဲမှာ ဘယ်လောက် စိတ်ဆိုးပေတဲ့ ဖုံးထားနိုင်ရမယ်။ ကျွန်တော်ကတော့ စိတ်ဆိုးရင် ဆိုးတဲ့အလိုက် ဖုံးလို့မရဘူး" ဟု ပြောခဲ့လေသည်။

နှစ်သစ်ကူးမိန့်ခွန်းတွင်ပြောခဲ့သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် တဖက်မှ လွတ်လပ်ရေးအတွက် ပြင်ဆင်ရင်း အခြားတဖက်မှလည်း တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် စိုင်းပြင်းလေသည်။ ၁၉၄၇-ခု ဇွန်လ ၆-ရက် နေ့တွင် ယခု စာပေဗိမာန်ဖြစ်နေသာ 'ဆိုရင်တိုဗီလာ' အဆောက်အအုံ၌ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ ဌာနအသီးသီးမှ ပါရဂူများ တက်ရောက်သော ကွန်ဖရင့်ကို ကျင်းပကာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စီမံကိန်း ရေးဆွဲကြလေသည်။ ထိုစီမံကိန်းကို တရားဝင် '၂-နှစ်စီမံကိန်း' ဟု ခေါ်သော်လည်း လူအများက 'ဆိုရင်တိုဗီလာစီမံကိန်း' ဟု ခေါ်ကြလေသည်။ ကွန်ဖရင့်အစတွင် ဗိုလ်ချုပ်က အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်း မြွက်ကြား လေသည်။ အင်္ဂလိပ်ဘာသာဖြင့် မြွက်ကြားရခြင်းမှာ ထိုကွန်ဖရင့်တွင် မြန်မာ မဟုတ်သော ပါရဂူများလည်း တက်ရောက်ကြသောကြောင့် ဖြစ်ပေသည်။

ထိုမိန့်ခွန်းတွင် ဗိုလ်ချုပ်က ကွန်ဖရင့်ခေါ်ခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ရေရှည်စီမံကိန်း ရေးဆွဲရန် မဟုတ်ဘဲ လက်ငင်းပြဿနာများဖြစ်သော လူနေမှုစရိတ်ကျဆင်းရေး၊ အလုပ်လက်မဲ့ ပပျောက်ရေး၊ သို့မဟုတ် လျော့ပါးစေရေး၊ သယ်ယူပို့ဆောင်ရေး၊ လူနေအိမ်များ အရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့ အတွက် စီမံကိန်းရေးဆွဲရန် ဖြစ်ကြောင်း ရှင်းပြလေသည်။ ထို့ပြင် ပါရဂူ ဆိုသူများလည်း မှားတတ်သဖြင့် သူတို့ပြောတိုင်း နားမယောင်ဘဲ အရာရာ ဉာဏ်ဖြင့် ယှဉ်၍လုပ်ရန် ကွန်ဖရင့်တက်သူများကို သတိပေးလေသည်။

ဗိုလ်ချုပ်သည် စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမားဖြစ်သည့် အတိုင်း မဖြစ်နိုင်သည်ကို မလုပ်ဘဲ ဖြစ်နိုင်သည်ကိုသာ လုပ်သူ ဖြစ်ပေသည်။

ကွန်ဖရင့်မစမီကပင် ဗိုလ်ချုပ်ကိုယ်တိုင် ရေးဆွဲသည့် စီမံကိန်းနှင့် ပတ်သက်သော သဘောထားစာတန်းကို ဝေငှထား၍ ပထမနေ့တွင် တက်ရောက်သူများအား ထိုစာတန်းအား ဝေဖန်စေရာ မည်သူမျှ ဝေဖန်မည့်သူ မရှိကြပေ။ စာတန်းတွင် စီမံကိန်းရေးဆွဲရန် (၁) စာရင်းအင်းအကြောင်းအရာ ရှာဖွေရေးအဖွဲ့။ (၂) အကြံဉာဏ်များပေးသော စီမံကိန်းများရေးဆွဲသောအဖွဲ့။ (၃) ငွေကြေးကိစ္စကို စိစစ်သော ဘဏ္ဍာရေးအဖွဲ့။ (၄) နည်းလမ်းရှာဖွေသောအဖွဲ့။ (၅) စုပေါင်းစစ်ဆေး၍ စီမံကိန်းများကို ဆုံးဖြတ်အတည်ပြုသော အဖွဲ့စသည်ဖြင့် အဖွဲ့ငယ်များ ဖွဲ့စည်းကာ ဆောင်ရွက်ရန် ညွှန်ကြားထားလေသည်။

၁၉၄၇-ခု ဇွန်လ ၁၀-ရက် အင်္ဂါနေ့တွင် တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးကို စတင်ကျင်းပလေသည်။ ထိုအချိန်အထိ နယ်ချဲ့လက်ပါးစေများသည် ခြေထိုးလျက် ရှိပါသေးသည်။ ဥပမာ ကရင်နီပြည်နယ်(ယခုကယားပြည်)မှ ကိုယ်စားလှယ် နှစ်ယောက်သည် ရန်ကုန်သို့ရောက်ပြီးမှ "ကျွန်တော်တို့ ကရင်နီပြည်နယ်မှာ လွတ်လပ်ပြီးဖြစ်သည်။ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတက်ရန်မလို" ဟု ပြောကာ ပြန်သွားကြလေသည်။

(မှတ်ချက်။ ။ဥပဒေသဘောအရ ကရင်နီပြည်နယ်သည် ဗြိတိသျှလက်အောက်ခံ မဟုတ်ပေ။ သို့သော်လည်း လက်တွေ့တွင်မူ ဗြိတိသျှအစိုးရပြုသမျှ နရပေသည်။ ထို့ကြောင့်ပင် ဘိလပ်၌ အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးသော ပထမနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက 'လွတ်လပ်သည်ဆိုသော ကရင်နီပြည်နယ်' ဟူသော စကားလုံးများကို ထည့်သွင်းပြောခြင်း ဖြစ်ပေသည်)

၁၉၄၇-ခု ဇွန်လ ၁၆-ရက်နေ့ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက် အဆိုကို အောက်ပါအတိုင်း တင်သွင်းလေသည်။

Myanmar Cupid Community PDF Creator Group

“တောင်တန်းဒေသများနှင့် ကရင်နီပြည်နယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့် လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စီရင်ရေးဆွဲရန်အလို့ငှာ စုံညီစုဝေးကြလျက် အောက်ပါ ပြဋ္ဌာန်းချက်များကို ချမှတ်ကြကြောင်း။

(၁) နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ‘မြန်မာ ပြည်ထောင်စု နိုင်ငံတော်’ ဟု ခေါ်တွင်စေသော လွတ်လပ်သည့်အချုပ်အခြာ အာဏာပိုင် သမတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်စေရမည်။

ထို့ပြင်–

(၂) ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာ ရရှိစေရမည်။

ထို့ပြင်–

(၃) အုပ်ချုပ်ရေးအာဏာပိုင် လွတ်လပ်သော သမတ မြန်မာနိုင်ငံတော် နှင့်တကွ၊ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံး တို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေ ရမည်။

ထို့ပြင်–

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌၎င်း၊ စီးပွားရေး၌၎င်း၊ နိုင်ငံရေး၌၎င်း တရားမျှတမှုရှိစေလျက် အဆင့်အတန်း အခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြံနိမ့်မြင့် မရှိ၊ ပကတိ တူညီစေရမည့်ပြင် တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်၎င်း မဆန့်ကျင်သမျှ လွတ်လပ်စွာ

Myanmar Cupid Community PDF Creator Group

ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။

ထို့ပြင်–

(၅) ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်း ရှိစေရမည်။

ထို့ပြင်–

(၆) လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတမြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲရေးကိုငှင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုငှင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။

ထို့ပြင်–

(၇) ရာဇဝင်တွင် ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကျက်သရေနှင့် လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာ ပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင်ချင်းချင်း ဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကို အခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ် ဝတ်မပျက် တွဲဖက်ပူးပေါင်း ဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။”

အဆိုတင်သွင်းရင်း ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်၏ အခြေအနေအရ ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းသင့်ကြောင်း၊ လူများစုဖြစ်သည့် ဗမာများက တိုင်းရင်းသားလူမျိုးစုများအား အတင်း နသားပါးယားလုပ်မည် မဟုတ်ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော သမတနိုင်ငံကို လိုလားကြောင်း၊

အချုပ်အခြာအာဏာသည် လူထုမှ ဆင်းသက်သည်ဟု ယုံကြည်ကြကြောင်း၊ လွတ်လပ်မှုဟူသည် စည်းကမ်းရှိမှ လွတ်လပ်မှုအစစ် ဖြစ်နိုင်ကြောင်း စသည်ဖြင့် ထည့်သွင်းမြွက်ကြားသွားလေသည်။ [မိန့်ခွန်းအပြည့်အစုံကို နောက်ဆက်တွဲ ၄-တွင် ဖတ်ပါ။]



တိုင်းပြည်ပြုလွှတ်တော် တက်ရန်လာစဉ်

ဗိုလ်ချုပ်၏ အဆိုကို ဖ၊ဆ၊ပ၊လ အမတ်များအပြင် ရှမ်းပြည်နယ် အမတ်များဖြစ်ကြသော ညောင်ရွှေစော်ဘွားကြီး(သမတဟောင်း)နှင့် ဦးထွန်းမြင့်တို့ကငင်း၊ အင်္ဂလိပ် မြန်မာ ကပြားအမတ် မစ္စတာအေရစ်ဗားစ်ကငင်း၊ ကရင်အမျိုးသားအမတ်များဖြစ်ကြသော မန်းဘခိုင်၊ စောစံဘိုသင်း၊ စောဝီရီကျော်တို့ကငင်း၊ ကချင်အမတ်များဖြစ်ကြသော ဆမားဒူးဝါးဆင်ဝါးနောင်၊ ဒူးဝါးဇော်လွမ်းတို့ကငင်း၊ ချင်းအမျိုးသားအမတ် ဦးဝမ်ကိုဟောကငင်း၊ မွန်အမျိုးသား

အမတ် မွန်ထွန်းစော၊ ဦးစံထွန်းအောင်တို့ကငင်း၊ ကွန်မြူနစ်အမတ် သခင်သန်းဖေကငင်း ထောက်ခံကြပြီး ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြပါသည်။

ထို့နောက် အဆိုက ချမှတ်ပြဋ္ဌာန်းသည့် မူများအတိုင်း အချုပ်အခြာ အာဏာပိုင်သော ပြည်ထောင်စုသမတမြန်မာနိုင်ငံအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန် အမတ်များနှင့် အမတ်မဟုတ်သူများပါ ပါဝင်သော ကော်မီတီများ ဖွဲ့စည်းလိုက်လေသည်။

တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးကို ခေတ္တရပ်ဆိုင်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှနယ်ချဲ့သမား မညစ်ပတ်နိုင်အောင် လူထုစည်းရုံးရေးကို ကိုင်ရပြန်လေသည်။ ဗိုလ်ချုပ်ကား လက်ဝဲနိုင်ငံရေးသမားများ ညီညွတ်ရေးကို အထူးလိုလားလေသည်။ သို့လိုလားသည့်အတိုင်း ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့တို့ကို ပူးပေါင်းကာ 'မာ့က်စ်ဝါဒအဖွဲ့ချုပ်' (Marxist League) တည်ထောင်ရန် ကြိုးစားခဲ့လေသည်။ ဖ၊ဆ၊ပ၊လ မှ ထုတ်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်လည်ညီညွတ်ရန်လည်း ကြိုးစားခဲ့လေသည်။

၁၉၄၇–ခု ဇူလိုင်လ ၁၉–ရက်နေ့ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ကြေကွဲဝမ်းနည်းကြောင်းအဆိုကို ထောက်ခံရင်း ကွန်မြူနစ် အမတ် သခင်သန်းဖေက "နောက်ဆုံးပိတ်အားဖြင့် (ဗိုလ်ချုပ်အောင်ဆန်းသည်) အပေါက်ဝအထိ လိုက်လာပြီး ဘာပြောသလိုဆိုရင် 'ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ညီညွတ်ရေးရခဲ့ရင် ကျွန်တော် ရှေ့ကို နိုင်ငံရေး ဆက်လုပ်မယ်။ မရရင် တိုင်းပြည်မှာ လွတ်လပ်ရေးကို ကြေညာပြီးတဲ့အခါ ကျွန်တော် နိုင်ငံရေးကို စွန့်လွှတ်တော့မယ်။ အဲဒါကြောင့်မို့လို့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ညီညွတ်ရေးရအောင် ခင်ဗျားတို့ကလဲ အစွမ်းကုန် ကြိုးစားကြပါ' ဆိုပြီး ကျွန်တော့်ကို ပြောလိုက်တယ်" စသည်ဖြင့် ထည့်သွင်းပြောကြားသွားပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ အပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း မည်မျှ သံယောဇဉ်ကြီးသည်ကို ပြသည့် သာဓကပေတည်း။ အထက်တွင် ရေးခဲ့သည့်

Myanmar Cupid Community PDF Creator Group

အတိုင်း ဗိုလ်ချုပ်သည် ကွန်မြူနစ်ပါတီကလပ်စည်း၏ ပထမဆုံး အတွင်းရေးမှူး ဖြစ်ခဲ့ရုံမျှမက ကျဆုံးသည့်နေ့အထိ ကွန်မြူနစ်ပါတီနှင့်ညီညွတ်ရေး ပြန်လည် ရရှိရန် ကြိုးစားခဲ့သူဖြစ်ကြောင်း ထင်ရှားပေသည်။

၁၉၄၇–ခု၊ ဇူလိုင်လ ၁၃–ရက်(တနင်္ဂနွေနေ့)တွင် ဗိုလ်ချုပ်အောင်ဆန်း သည် ရန်ကုန်မြို့တော်ခန်းမ လသာဆောင်မှနေ၍ မြန်မာပြည်သူလူထုအား နောက်ဆုံးမိန့်ခွန်းကို မြွက်ကြားလေသည်။

ထိုမိန့်ခွန်းတွင် ဗိုလ်ချုပ်က 'ဒိုမီနီယန်' သဘောကို ရှင်းပြပြီးနောက် ရွှေတိဂုံဘုရားအလယ်ပစ္စယံတွင် ကျင်းပခဲ့သော ပထမဆုံး ဖ၊ဆ၊ပ၊လ ညီလာ ခံနှင့် ဂျူဗလီဟောတွင် ကျင်းပခဲ့သော ဖ၊ဆ၊ပ၊လ ပဏာမညီလာခံတို့တွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း တိုင်းပြုပြုလွှတ်တော်တွင် 'လုံးဝလွတ်လပ်ရေး' အဆိုကို တင်သွင်းခဲ့ကြောင်း။ ကြေညာခဲ့သည့်အတိုင်း တနှစ်အတွင်း လွတ်လပ် ရေးရအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း။ လွတ်လပ်ရေးရပြီးသောအခါ ပြည်သူ လူထုအနေဖြင့် ပို၍တာဝန်ကြီးမားလာမည်ဖြစ်သည့်အတိုင်း အလုပ်ပို၍ လုပ်ကြ ရမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသွားလေသည်။

ထို့ပြင် ဗိုလ်ချုပ်သည် မြန်မာအချို့၏ တာဝန်မဲ့၊ ဘုံးဘောလအောနိုင်ပုံ မညီညွတ်ပုံတို့ကို ပြင်းထန်စွာ ဝေဖန်ရင်း 'ဖာသယ်နိုင်ငံဖြစ်မှာဘဲ' ဟူ၍၎င်း၊ ကြမ်းတမ်းသော စကားများကို သုံးစွဲသွားလေသည်။ [မိန့်ခွန်း အပြည့်အစုံကို နောက်ဆက်တွဲ ၀–တွင် ဖတ်ပါ။]

ထိုစကားအသုံးအနှုန်းနှင့် ပတ်သက်၍ အချို့က ကြမ်းလွန်းသည်။ ခေါင်းဆောင်တယောက်အနေနှင့် မသုံးအပ်ဟု တီးတိုးဝေဖန်ကြပါသည်။ ဗိုလ်ချုပ်၏ ပြန်ကြားချက်နှင့် ပတ်သက်၍ ကျွန်တော်၏ '၁၆–နှစ် နိုင်ငံရေး အတွေ့အကြုံများ' စာအုပ်တွင် ရေးခဲ့သည့်အတိုင်း ထပ်မံဖော်ပြလိုပါသည်။

"မကျဆုံးမီ နှစ်ရက်လောက်တွင် ကျွန်တော် တည်းခိုနေသာ တက္ကသိုလ်ရိပ်သာလမ်းရှိ အစ်ကိုကြီးဦးဘဝင်း၏အိမ်သို့ ဗိုလ်ချုပ် အလည် ရောက်လာရာ ထိုမိန့်ခွန်းနှင့်ပတ်သက်၍ ဝေဖန်နေကြကြောင်း ပြောလိုက်

ပါသည်။ ဗိုလ်ချုပ်က 'ကျွန်တော် တမင်ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်တာဘဲ။ ဒါမှ လူတွေမှတ်မိမယ်။ ဒါကို ဝေဖန်နေကြတာ ခက်တာဘဲ' ဟု ပြောပါသည်။"

ဗိုလ်ချုပ်သည် ဖရုသဝါစာကို စက်ဆုပ်သူ ဖြစ်ပါသည်။ ငယ်စဉ်မှစ၍ ရုံ့ရင်းကြမ်းတမ်းသော စကားများကို သုံးခဲ့ပါသည်။ သို့ပါလျက် ဤမိန့်ခွန်းတွင် ကြမ်းတမ်းသောစကားများကို ထည့်သွင်းပြောကြားသွားခြင်းသည် 'ပရိယာယ်' သုံးခြင်း ဖြစ်သည်ဟု ယူဆပါသည်။

ဗိုလ်ချုပ် ပရိယာယ်ကြွယ်ဝပုံနှင့်ပတ်သက်၍ သူနှင့် ကျောင်းနေဘက် ဂျပန်ခေတ် စစ်ဝန်ကြီးရုံး စာရင်းကိုင်ချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ရန်ကုန်မြူနီစီပယ်စာရင်းကိုင်ချုပ်ဟောင်း ဦးထွေးမောင်(ကွယ်လွန်သူ)က အောက်ပါအတိုင်း ကျွန်တော့်အား ပြောဘူးပါသည်။

"ဗိုလ်ချုပ် ပရိယာယ်မရှိဘူးလို့ ပြောနေတဲ့လူတွေဟာ အကြောင်းမသိလို့ဗျာ့။ ကျွန်တော်က သူ့အနားမှာ နီးနီးကပ်ကပ် နေရဘူးတော့ သူ ဘယ်လောက် ပရိယာယ်ကြွယ်တယ်ဆိုတာ သိတယ်။ ဥပမာဆိုကြပါစို့၊ တခါတလေ အဖိုးကြီးတွေ(နိုင်ငံရေးသမားဟောင်းကြီးတွေ)ကို ကြိမ်းတယ် မဟုတ်လား။ အဲဒါ တမင်ကြိမ်းတာဗျာ့။ အဲဒီလို အဖိုးကြီးတွေကို ကြိမ်းပြီးတဲ့နောက် ကျွန်တော့်ကို နှစ်ယောက်ချင်း ဘာပြောသလဲဆိုရင် 'ဒီအဖိုးကြီးတွေကို ဒီလိုခြောက်ပေးမှ ရမှာဗျာ့' လို့ပြောဘူးတယ်။ ကဲ ဗိုလ်ချုပ် ဘယ်လောက် ပရိယာယ်ကြွယ်သလဲဗျာ"

အထက်ပါ ဦးထွေးမောင်၏ ပြောပြချက်အရ ကြမ်းတမ်းသော စကားများကို ဗိုလ်ချုပ် သုံးခဲ့ခြင်းမှာ ပရိယာယ်အနေဖြင့် သုံးခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

ကျဆုံးရခြင်း

ဤမှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအရောင်အဆင်းကို သိနိုင်ပေပြီ။ ဗိုလ်ချုပ်သည် ဖက်ဆစ်စနစ်၊ နယ်ချဲ့စနစ်တို့ကို လက်မခံ။ ဒီမိုကရေစီစနစ်ကိုသာ လက်ခံပေသည်။ အရင်းရှင်စနစ်ကို လက်မခံ။ ဆိုရှယ်လစ်စနစ်ကိုသာ လက်ခံကြောင်း ထင်ရှားပေသည်။

ထိုသို့သော ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့သမားနှင့်အရင်းရှင်များက ကြိုက်နှစ်သက်နိုင်မည် မဟုတ်ပေ။

စစ်ပြီးခေတ် နယ်ချဲ့စနစ်(ဝါ) ခေတ်သစ်နယ်ချဲ့စနစ်သည် ရှေးကကဲ့သို့ နယ်ချဲ့သမားများကိုယ်တိုင် ကိုလိုနီနိုင်ငံများတွင် တိုက်ရိုက်ဝင်ရောက်အုပ်ချုပ်သော စနစ်မဟုတ်တော့ချေ။ မိမိတို့ ကြိုးဆွဲရာကမည့် အစိုးရများရရှိအောင် ဆောင်ရွက်ပေးသောစနစ်သာ ဖြစ်ပေသည်။

ဗြိတိသျှနယ်ချဲ့သမားသည် မြန်မာပြည်အား လွတ်လပ်ရေး မပေးလျှင်မဖြစ်တော့ကြောင်း သိသည့်အတိုင်း တဖက်တွင် လွတ်လပ်ရေးပေးရန်သဘောတူ၍ အခြားတဖက်တွင် လွတ်လပ်ခါစ မြန်မာနိုင်ငံတွင် မိမိတို့ဩဇာခံမည့် အစိုးရမျိုး(ဝါ) မိမိတို့ကို အကျိုးပြုမည့် ရုပ်သေး အစိုးရမျိုးကိုလိုချင်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ မြန်မာပြည်မအား လွတ်လပ်ရေးပေးရသော်မှ တောင်တန်းဒေသများကို ချန်လှပ်ထားနိုင်ရန် မည်သို့ကြိုးစားခဲ့သည်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

နယ်ချဲ့သမားသည် တိုးတက်သော နိုင်ငံရေးအယူအဆရှိသည့် ဗိုလ်ချုပ်အောင်ဆန်းကို လိုလားနိုင်မည် မဟုတ်ချေ။ ဗိုလ်ချုပ်သာ ဆက်လက်တည်ရှိနေပါက အရင်းရှင်နယ်ချဲ့သမားများအဖို့ လွတ်လပ်ခါစ မြန်မာနိုင်ငံတွင် ဆက်လက် သွေးစုပ်နိုင်တော့မည် မဟုတ်သည်ကို ကောင်းစွာ သိကြလေသည်။

Myanmar Cupid Community PDF Creator Group

ထို့ကြောင့် ဗိုလ်ချုပ်ကို ဖယ်ရှားပစ်ရေးသည် အရင်းရှင် နယ်ချဲ့သမားများ၏ အဓိကတာဝန် ဖြစ်လာလေသည်။

နယ်ချဲ့သမားသည် ပရိယာယ်အရာတွင် အလွန်ပါးနပ်လိမ္မာရကား ဗိုလ်ချုပ်အောင်ဆန်းကို မိမိတို့ကိုယ်တိုင် သုတ်သင်ရှင်းလင်းခြင်း မပြုဘဲ၊ သုတ်သင်ရှင်းလင်းပေးမည့် တိုင်းရင်းသား သစ္စာဖောက် လက်ပါးစေများကို ရှာလေသည်။ သို့ရှာရာတွင် ဝန်ကြီးချုပ်ဟောင်း ဦးစောကို တွေ့လေသည်။

ဦးစောသည် ၁၉၄၀–ပြည့် စက်တင်ဘာလတွင် ဝန်ကြီးချုပ် ဖြစ်ခဲ့ဘူးလေသည်။ ဦးစော၏ အစိုးရသည် ၁၉၃၅–ခု မြန်မာပြည် အုပ်ချုပ်ရေး အက်ဥပဒေအရ ဥပဒေပြုလွှတ်တော်က တင်မြှောက်သော အစိုးရဖြစ်ရာ အရေးကြီးသော ကာကွယ်ရေး နိုင်ငံခြားရေး ငွေရေးကြေးရေး စသည်တို့ကို မကိုင်ရချေ။ တောင်တန်းဒေသများကိုလည်း မအုပ်ချုပ်ရချေ။ ထိုဌာနများကို ဗြိတိသျှဘုရင်ခံကသာ တိုက်ရိုက်အုပ်ချုပ်လေသည်။ ထိုအုပ်ချုပ်ရေးကို ၉၁–ဌာန အုပ်ချုပ်ရေးဟု ခေါ်ကြလေသည်။

ဦးစောသည် ဝန်ကြီးချုပ်ဖြစ်လာသည့်အချိန်မှစ၍ ဝါးရင်းတုပ်တပ်ဖွဲ့ကာ အတိုက်အခံ နိုင်ငံရေးသမားများ(အထူးသဖြင့် တို့ဗမာအစည်းအရုံးဝင်သခင်များ)ကို ရိုက်နှက်ဖိနှိပ်ခဲ့လေသည်။ အတိုက်အခံ နိုင်ငံရေးသမား များစွာကို ထောင်သွင်းအကျဉ်းချခဲ့လေသည်။ ၁၉၄၁–ခု အောက်တိုဘာ လဆန်းတွင် ဦးစောသည် 'ဟုမ္မရူး' တောင်းရန် ဘိလပ်သို့ သွားလေသည်။ ဟုမ္မရူးမရဘဲ အပြန်တွင် လမ်း၌ ဂျပန်နှင့် အဆက်အသွယ်ရှိသည်ဟု အဆိုခံရ၍ ဗြိတိသျှ အစိုးရ၏ အဖမ်းအဆီးကို ခံရလေသည်။

စစ်ပြီးသောအခါ ဦးစောသည် အချုပ်မှလွတ်၍ မြန်မာပြည်သို့ ပြန်ရောက်လာသည်။ နိုင်ငံရေးဆက်လုပ်ကာ တိုင်းပြည်ခေါင်းဆောင်ဖြစ်ရန် ကြိုးစားသော်လည်း ပြည်သူလူထုက လက်မခံကြပေ။ အလွန် အာဏာမက်သော ဦးစောသည် ပြည်သူလူထု၏ ထောက်ခံမှုကို မရနိုင်သောအခါ နယ်ချဲ့ လက်ပါးစေများနှင့် ပူးပေါင်း၍ မိမိအာဏာရရေးအတွက် ကြိုးပမ်းလေသည်။

စစ်အတွင်း ပြည်ပရောက်နေသော ဦးစောသည် မြန်မာပြည်သူတွေ မည်မျှ တိုးတက်လာသည်ကို မခန့်မှန်းနိုင်ချေ။ ယခင်ကကဲ့သို့ အာဏာ လက်နက်တို့ဖြင့် ပြည်သူလူထုကို ခြိမ်းခြောက်စည်းရုံးနိုင်လိမ့်မည်ဟု ယူဆနေဟန် ရှိပေသည်။

အာဏာကို ငမ်းငမ်းတက် လိုချင်နေသော ဦးစောသည် 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' ဖြစ်နေသော ဗိုလ်ချုပ်အောင်ဆန်းကို မနာလိုဖြစ်သည်မှာ ဓမ္မတာပင်။ ထိုအတောအတွင်းတွင် ဗိုလ်ချုပ်အပေါ်၌ အထင်လွဲရန် အကြောင်းတခု ဖြစ်ပေါ်ခဲ့လေသည်။ ထိုအကြောင်းမှာ ဦးစောသေနတ်ပစ်ခံရ၍ မျက်စိ တဖက် ဒဏ်ရာ ရသွားခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် မြန်မာပြည်အား မည်ကာမတ္တလွတ်လပ်ရေးလောက်သာ ပေး၍ ဆက်လက်သွေးစုပ်ချယ်လှယ်လိုကြသော နယ်ချဲ့သမားများသည် ဗိုလ်ချုပ်အောင်ဆန်း အပေါ်တွင် မနာလိုဖြစ်ကာ အထင်လွဲနေသော ဦးစောနှင့် ပူးပေါင်း မိကြလေသတည်း။

## မမေ့နိုင်သော ဇူလိုင်–၁၉

၁၉၄၇–ခု ဇူလိုင်လဆန်းလောက်တွင် ဗြိတိသျှစစ်ဗိုလ်များ အုပ်ချုပ်နေသော စစ်ပစ္စည်းထောက်ပံ့ရေးတပ်မှ ဘရင်းဂန်း အလက်–၂၀၀နှင့် ကျည်ဆံများ ပျောက်ဆုံးသွားသည်။ နိုင်ငံရေးရန်သူများက ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံကြလိမ့်မည် စသည်ဖြင့် သတင်းများ ထွက်ပေါ်လာလေသည်။ သို့သော်လည်း ပြည်သူလူထုအား အကြွင်းမဲ့ယုံကြည်သော ဗိုလ်ချုပ်ကား ဂရုမစိုက်ချေ။ စာအုပ်အစ၌ ရေးခဲ့သည့်အတိုင်း မိမိကိုယ်ကို ယုံကြည်သူတို့၏ ဓမ္မတာအတိုင်း ရန်သူအား အထင်သေးခြင်းပေတည်း။

ဇူလိုင်လ ၁၉–ရက် စနေနေ့နံနက် ၁၀–နာရီတွင် အတွင်းဝန်များ ရုံးဟောင်းရှိ ဗိုလ်ချုပ်၏အခန်း၌ ပြုလုပ်မြဲဖြစ်သည့် အမှုဆောင်ကောင်စီ အစည်းအဝေးကျင်းပကာ ဗိုလ်ချုပ်နှင့် ရဲဘော်ဝန်ကြီးများသည် ပြည်ရေးပြည်ရာ ပြဿနာအဝဝကို ဖြေရှင်းရန်အတွက် ဆွေးနွေးတိုင်ပင်နေကြလေသည်။ နံနက် ၁၀–နာရီ ၄၀မိနစ်အချိန်တွင် စစ်ယူနီဖောင်းများဝတ်ထားသော လူဆိုးများသည် ဂျစ်ကားဖြင့် လာရောက်ကာ ဗိုလ်ချုပ်၏ အခန်းတွင်းသို့ ဖွတ်အတင်း ဝင်ရောက်ပြီး ဘရင်းဂန်းများဖြင့် ပစ်ကြလေသည်။ ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ ဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အစ်ကိုကြီး ဦးဘဝင်းနှင့် အတွင်းဝန်ဦးအုန်းမောင်တို့မှာ ပွဲချင်းပြီးကျဆုံးကြလျက် ဝန်ကြီး ဒီးဒုတ် ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီးတို့မှာ ဆေးရုံရောက်မှ အသက်ပျောက်ကြလေသည်။ လူဆိုးများသည် အဆင်းတွင် ဦးရာဇတ်၏ သက်တော်စောင့် ကိုထွေး ကိုလည်း ပစ်ခတ်သတ်ဖြတ်သွားကြလေသည်။

ထိုမျှယုတ်မာပက်စက်သော လုပ်ကြံမှုကို ကျူးလွန်သူများမှာ ဦးစော၏ တပည့်များဖြစ်ပြီး သူ၏ခိုင်းစေချက်အရ ကျူးလွန်ခြင်းဖြစ်သည်ကို အထူး ဖော်ပြရန် လိုမည်မထင်ပါ။ အထူးရာဇဝတ်ခုံရုံးက ၃၇–ရက်ကြာမျှ နှစ်ဖက် သက်သေများကို စစ်ဆေးပြီး ဦးစောတို့အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား သဖြင့် သေဒဏ်ပေးလိုက်ကြလေသည်။

ဤသို့ဖြင့် မြန်မာသက္ကရာဇ် ၁၂၇၆–ခု၊ တပေါင်းလဆန်း ၁–ရက် (ခရစ်သက္ကရာဇ် ၁၉၁၅–ခု၊ ဖေဖော်ဝါရီလ ၁၃–ရက်) စနေနေ့တွင် ဖွားမြင် ခဲ့သော ညီလေးအောင်ဆန်း (ဝါ) သခင်အောင်ဆန်း (ဝါ) ဗိုလ်ချုပ် အောင်ဆန်းသည် မိမိတသက်တာပတ်လုံး ကြိုးပမ်းခဲ့သော မြန်မာ့လွတ်လပ် ရေးကို လင်းရောင်ခြည်မျှသာ မြင်ရဆဲ နယ်ချဲ့သမားနှင့် ပြည်တွင်းသစ္စာဖောက် တို့၏ လက်ချက်ဖြင့် မြန်မာသက္ကရာဇ် ၁၃၀၉–ခု၊ ဝါခေါင်လဆန်း ၂–ရက်(ခရစ် သက္ကရာဇ် ၁၉၄၇–ခု၊ ဇူလိုင်လ ၁၉–ရက်) စနေနေ့တွင် ကျဆုံးရရှာလေသည်။ ထိုနေ့ကား မြန်မာပြည်သူတွေအဖို့ မမေ့နိုင်သောနေ့ ဖြစ်ပေသတည်း။

Myanmar Cupid Community PDF Creator Group



ပြည်သူ့ရင်ထဲမှာ ဗိုလ်ချုပ် မသေ




နိုင်ငံတော် ဈာပန

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးစပ်သီကုံးသော လေးချိုးကြီး

အာဇာနည်ဗိမာန်



သြော်၊ အဆောင်ဆောင်နန်းတွေ ကြငှန်းတွေနှင့်နော၊ အခေါင်မမြန်းခင်က၊ အောင်စာတန်းချို့စေဘို့၊ အောင်ပန်းညို့ရရှာတဲ့၊ တောင်တမန်းတို့ဗမာမှာ၊ အဟောင်းသံသရာ အငုတ်တွေနှင့် အောင်ဆန်းတို့ မသာမယာဟာ၊ ၎င်း ကံကြမ္မာ အလုပ်ပေထင့်၊ သောင်းမြန် မရဏာ စမုတ်မှာတော့ ချုပ်သနဲ့ ယင်းအလိုတွင်၊ ဒေါင်းလံပုဝါအုပ်ပါလို့ ကျုပ်ဖြင့် သကြိုဟ်ချင်။

ဩော် တပည့်ရင်းတွေမို့၊ ကဝိမတင်းနိုင်ဘူးကွယ့်၊ သတိကင်းကာ မျက်ရည်ကျကျပြီး၊ ခက်ကပြီ လက်ဆည်လို့ မရနိုင်ဘူ့၊ သောကဘလောင်ဆူတော့၊ တောင်ဇမ္ဗူပုဂံခေတ်ဆီက၊ ယခေါင်မှူယမန်သနစ်တွေပေါ့၊ ရန်အဖြစ် မကွယ့် မနေးသနော် တသောင်းဇမ္ဗူရမ်းနေကြ၊ ကျန်ရစ်တဲ့ မြေးတော်အလောင်း စည်သူရဲ့နန်းကိုဖြင့်၊ လူကြမ်းခပြေတွေ ကြမ်းလာရမ်းလာတဲ့အရေးတွင်မှ၊ ဘေး အပေါင်းကြီးစွာ ဝေဒနာအစုံနဲ့၊ သွေးချောင်းစီးကာ သေရှာပုံရဲ့ပြင်၊ ရွှေမြန်မာ ဘုံမှာ အမင်းမင်းသမတတွေနဲ့၊ သတင်းလှတဲ့ အင်းဝရာဇာအမွန် သာလွန်မင်း ကိုမှ၊ သားရင်းရှင်တရုပ်ကယ်က၊ ရှင်ဘုရင်လုပ်မယ် အကျယ်ဇယားတွေဖြင့်၊ ဒဝယ်သားတွေ ဗိုလ်ဝင်ခံလို့မို့၊ ဟိုအရင်ယမန် နန်းတော်စီးစဉ်က၊ အပျက်ကြီး ပျက်ကာ အသက်ခန္ဓာတွေဆုံးပုံနဲ့၊ တထုံး နောက်တနဲမှာတော့၊ မင်းရဲ့ရန္တမိတ် ခမျာမှာ ညီသနင်းပေပေါ့၊ ပြည်မင်းဂုဏ်ခံလို့၊ မှုန်မှုန်ဆန်ဆန် ပုန်ကန်တဲ့ အတိုင်းရဲ့ပြင်၊ တလိုင်းနယ် ရွှေပြည်တခွင်မတော့၊ ဓမ္မစေတီဘုရင် လက်ထက် တုန်းဆီက၊ လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊ သမိန်ဗရမ်းဆိုသူ စစ်ဗိုလ်ချုပ်ကို ဖြင့်၊ မဟုတ်တရုတ်အကောင် တေလေတစ္ဆေကိုက်တာနဲ့၊ ဩော် ဖွေဖွေရှာရှာ မကျေစရာပေပေါ့နော၊ မရေမရာ သေရှာဆိုက်သလိုပေါ့၊ အခိုက်အခါတူလို့မို့၊ ဆရာတမူ မကြာမကြာလွမ်းရပါတဲ့၊ ဘမရာအဆူဆူ ကြာကြင်နန်းတွေနှင့်၊ မြန်မာ ဇမ္ဗူ အညာမန်းတွင်ဖြင့်၊ ငါတလူ ငါသရမ်းရှော့မဟဲ့လို့၊ သာခန်းပလ္လင် ညွန်းပြီး၊ မြင်ကွန်းပိုင် သူပုန်ထစဉ်က၊ ကြုံရသူမသာတော်နှင့်၊ ပမာသော် တူတယ်လို့ နှိုင်းမိတယ်၊ ရိုင်းသတဲ့ အတိတ်ယခင်လိုနော်ကွယ်၊ စစ်ကိုင်းတပဲ့ ဂိုဏ်းအဖွဲ့တွေနဲ့၊ မှိုင်းရဲ့စိတ်ထင်။

မင်းစိတ်မင်းမာန် အကြံအဖန်ကင်းလိုက်ပုံက၊ အင်္ဂလိပ် ယင်းဂျပန် နှစ်တန်ရှင်းပါလို့၊ ရန်ခပင်းကိုတဲ့ မောင်းကာနှင်၊ ဒေါင်းမြန်မာတခွင်မှာဖြင့် ယခင်သဘော၊ (အိုကွယ်) တကောင်းရာဇဝင်ကိုတဲ့ ဆက်ချင်သဘော။

နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်တဲ့၊ ညီလာခံဗိုလ်ရှုပွဲတွင်မှ၊ ထိုထိုလူခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြေးဖြေးရှူးမဟဲ့လို့၊ တနွေးနွေးမူးမူး ပြီး၊ ခွေးဘီလူးလိုအကောင်မိုက်တွေက၊ ဩော် အမှောင်စရိုက်ကယ်နှင့်၊ ပြောင်

ပြောင်ဘဲမိုက်မပေါ့လို့၊ ဖြောင်ကိုက်သဟာမှာ ယာယီယတြာအချိန်နဲ့၊ ဇာတာမိုန်လို့မို့၊ ဂဏာမငြိမ် တာ၀တိန်ယွန်းကြပေါ့၊ ဖြေမကြည် နေရီတော့ လွမ်းစေဘို့၊ မြန်မာ့ပြည်ပေါ်ကို ဓမ္မစည်တော်ရွှမ်းချိန်မို့၊ အစွမ်းကုန် သည်တခါဖြင့်၊ ပြည်ရွာညီညာဘို့အလုပ်ပေပေါ့၊ သုသာန်တံခွန်းစောင်းရရှာတဲ့၊ ရုပ်အကျန် ခုနှစ်လောင်းရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တမျိုးရယ်နှင့်၊ ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ မြန်မာမတော့ပူစရာဘို့၊ တဗျူဟာအောင်ခမန်းတွင်မှ၊ လူမသမာ အမှောင်သန်းချိန်မို့၊ သောင်ကမ်းမို့မို့ဆီက၊ ဖောင်နန်းကူးတို့နှင့် အကြောဒဂုန်တည်းဟူသော ရေစုံမျောလေရဲ့၊ ဩဘ် တောင်နန်းမြောက်နန်း အဆောင်ကြငှန်းနဲ့၊ အခေါင်မမြန်းရခင်က၊ အောင်ပန်းညှို့ရရှာတဲ့၊ အောင်ဆန်းတို့သေပုံနမြော။

* * * * *

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ–က

### တို့ဗမာသီချင်း

၁။ ။တကောင်းအဘိရာဇာ၊ တို့ဗမာ သာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ၊ ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့တာ–တို့ဗမာ၊ စိန်မှန်ကင်းစစ်၊ အဖြစ်ကြီးဖြစ်လျက် ထင်းတလှဲ့ကြုံရတုန်းနှင့် မသေ့လောကဓမ္မတာပေ၊ ငါတို့ကံခေ၊ ဖြစ်ရပြန်သလေ၊ သို့သော် အရင်းကိုစစ်လျှင် ဗမာပြည် ငါတို့–ငါတို့ပြည်။

နောင်ဥဒါန်းဘယ်မကျေစရာ၊ ရာဇဝင်တင်ထား၊ မျိုးရိုးနွယ်လာ၊ ကမ္ဘာတခွင်မှာဖြင့်၊ ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ တို့ဗမာ–တို့ဗမာ မဟုတ်လေသလား တို့ဗမာ၊ ငါတို့ဗမာ–တို့ဗမာ၊ ငါတို့ဗမာ ဒါ ငါတို့ဗမာ– ဒါ ငါတို့ဗမာ၊ အားလုံးညီညီ– ယောကျ်ားဘသား ကောင်းစားဘို့ရာ၊ တို့ကိုယ်ကျိုးလုံးလုံးမပါ၊ ရဲရဲမောပီပီ–ဗမာပြေ တို့ဗမာဘို့ပါ၊ သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟော့ တို့ဗမာ၊ မိုးအောက်မြေပြင်မှာ၊ အထက်တန်းစိတ်နဲ့ စာမရှိသွေး တို့ဗမာ။

၂။ ။(သံပြိုင်ဆို)ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ တို့ဗမာ–တို့ဗမာပြေကို၊ တိုင်းရင်းသားအကုန်အစဉ်၊ တို့ပြေလို့မှတ်ထင်၊ တို့ဝတ္တရားပင်၊ တို့ဗမာခင်။

၃။ ။သြော်၊ အမျိုးသားရေးကြိုးပမ်းကြပါ၊ တို့ဗမာဟေ့–တို့ဗမာ၊ သြော်၊ အမျိုးသားရေးကြိုးပမ်းကြပါ၊ တို့ဗမာဟေ့–တို့ဗမာ၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ၊ တို့ဗမာဟေ့–တို့ဗမာ၊ ဗမာပြေတဝှမ်းလုံးအကုန် တို့အိမ်မှတ်ပါ၊ တို့ယာမှတ်ပါ၊ အဲဒါ–တို့ဗမာ။

၄။ ။(သံပြိုင်) ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ။ တို့ဗမာ–တို့ဗမာပြေကို၊ တိုင်းရင်းသားအကုန်အစဉ်၊ တို့ပြေလို့မှတ်ထင်၊ တို့ဝတ္တရားပင်၊ တို့ဗမာခင်။

* * * * *

Myanmar Cupid Community PDF Creator Group

နောက်ဆက်တွဲ–ခ

ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး

ဥက္ကဋ္ဌ သခင်လှဘော်၏ မိန့်ခွန်း

အဆွေ တို့ဗမာ သခင်–သခင်မ သွေးချင်းသားချင်းအပေါင်းတို့

တနှစ်ကြာခန့် ခွဲခွာနေခဲ့ကြပြီးနောက် ငါတို့သည် ယခုတဖန် တွေ့ကြုံကြပြန်ပေပြီ။ ဤကဲသို့ တနှစ်ကညီလာခံသခင်၌ တွေ့ဆုံကြသည့် သဘောကားလွန်ခဲ့သည့်နှစ်အတွင်း ငါတို့လုပ်ခဲ့သည့် ဗမာပြည်၏ အခြေအနေ၊ ကမ္ဘာကြီးအခြေအနေ မည်ကဲ့သို့ ပြောင်းလဲလာသည်၊ ယခု ဘယ်အခြေအနေ ရောက်နေသည်၊ ငါတို့သည် ကိုယ့်မင်းကိုယ့်ချင်း တိုက်ပွဲကြီးအတွက် မည်မျှအင်အားစုမိပြီး လက်ရှိအခြေအနေကိုစိစစ်ကာ၊ ကိုယ့်မင်းကိုယ့်ချင်းစခန်းသို့ အမြန်ဆုံးရောက်မှုအတွက် မည်ကဲ့သို့ အလုပ်စခန်းများစီစဉ်ရန် စုရုံးခြင်း၊ သွေးစည်းခြင်း၊ နှီးနှောခြင်း၊ ဆုံးဖြတ်ခြင်းတို့ပင်တည်း။ အလုပ်စခန်းကို မစိစစ်မီ ရှေးဦးပထမ၌ ငါတို့၏အစည်းအရုံးအခြေအနေ၊ ဗမာပြည်၏အခြေအနေ၊ တို့ဗမာပြည် အစိတ်အပိုင်း အပါအဝင်ဖြစ်သော ကမ္ဘာကြီး၏အခြေအနေ စသည်တို့ကို သုံးသပ်ကြရပေမည်။

ငါတို့၏ချီးကျူးခြင်း

ရှေးဦးပထမ၌ ကိုယ့်မင်းကိုယ့်ချင်းစခန်းသို့ သွားရာလမ်းတွင် ငါတို့အား လွှမ်းမိုးချုပ်နေသူတို့က နိုင့်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက်မှုတို့ကြောင့် အသက်သေဆုံးရှာသူ အာဇာနည်အပေါင်းတို့နှင့် ထောင်သွင်းအကျဉ်းခံရသူ၊ မြင်းနှင့်အတိုက်ခံရသူ၊ တုတ်နှင့်အရိုက်ခံရသူ၊ မျက်ရည်ယိုဗုံးအကြဲခံရသူ အပေါင်းတို့အား ချီးကျူးကုန်အံ့သတည်း။

Myanmar Cupid Community PDF Creator Group

ဗိုလ်အောင်ကျော်၊ ဗိုလ်ဘဖိုး၊ မန္တလေးအာဇာနည် ၁၇–ဦး စသည်တို့မှာ တိုင်းသူပြည်သားတို့၏ ချမ်းသာမှု၊ လွတ်လပ်မှုအတွက် ဗြိတိသျှနိုင်ငံချဲ့သမား တို့၏ လက်ပါးစေများ လက်ချက်ဖြင့် အသက်ဆုံးခဲ့ကြရလေပြီ။ ပုလိပ်အရိုက် ခံရသူ၊ မြင်းနှင့်အတိုက်ခံရသူ၊ မျက်ရည်ယိုဗုံးအကြဲခံရသူ၊ လုံ့စွပ်အထိုးခံရသူတို့ မှာလည်း မရေမတွက်နိုင်အောင် ရှိခဲ့လေပြီ။ ထောင်ပေါင်းများစွာသောသူတို့မှာ လည်း ထောင်သွင်းအကျဉ်းခံခဲ့ကြရလေပြီ။

ထိုသူတို့သည်ကား မိမိတို့ကိုယ်ကျိုး လုံးဝမပါ။ တိုင်းပြည်အကျိုး၊ ဆင်းရဲသား လူထုကြီး၏အကျိုးတို့ကို မဆုတ်မနစ် ဆောင်ရွက်ပါအံ့ဟူသော အဓိကရည်ရွယ်ချက်ဖြင့် အသေခံ၊ အရိုက်ခံ၊ ထောင်အကျခံခဲ့ကြရလေပြီ။ ငါတို့ ရှေ့ရှုအပ်သော ကိုယ့်မင်းကိုယ့်ချင်းစခန်းသို့ သွားရာ၌ ဤကဲ့သို့ အနစ်နာခံသူ အမြောက်အမြားတို့၏ အလောင်းများ၊ သွေးစက်များကို နင်းကျော်၍ သွားရမည် ဖြစ်ရာ ငါတို့အား လမ်းခင်း၍ပေးနေသော ထိုအာဇာနည်တို့အား ထိုသူများ အတွက် ဝမ်းနည်းကြေကွဲသည်နှင့်အမျှ ထိုသူတို့၏စိတ်ဓာတ်၊ ထိုသူတို့၏ ဗွဲ့ သတ္တိကို ငါတို့ချီးကျူး၏။ ငါတို့သည် ထိုသူတို့၏ လုပ်ငန်းကို ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေအောင် မော်ကွန်းထိုးကြကုန်အံ့။

## ကမ္ဘာ့ပြောင်းလဲမှုကြီး

ငါတို့အဖို့မှာကား ငါတို့ပြည်အတွင်းရှိ လုပ်ငန်းများနှင့် ဗျာများနေ သဖြင့် ဗမာပြည်၏အပဖြစ်သော ကမ္ဘာလောကကြီးသည် မည်ကဲ့သို့ ပြောင်းလဲ နေသည်ကိုပင် သတိမထားနိုင်ခဲ့ကြ။

စင်စစ်အားဖြင့် ကိုယ့်မင်းကိုယ့်ချင်းစခန်းအတွက် ငါတို့လုံးပမ်းနေကြ ခြင်းကား ကမ္ဘာကြီးတခုလုံးတွင် ဖြစ်ပျက်နေသမျှတို့၏ အစိတ်အပိုင်းဖြစ်ရုံမျှ သာမက၊ အပြင်၌ဖြစ်ပျက်သမျှတို့သည် ငါတို့တိုက်ပွဲကြီးနှင့် ကူးစက်ရောရှက် လျှက် ရှိနေပေ၏။

Myanmar Cupid Community PDF Creator Group

"အရှေ့ဂျပန်မှ အနောက်အမေရိကန်၊ တောင်ဝင်ရိုးစွန်းမှ မြောက်ဝင်ရိုးစွန်းအထိ တကမ္ဘာလုံးသည် စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု လူတန်းစေ့မှုအတွက် လုံးပမ်းလျက်ရှိနေကြ၏။ နေရာဌာနအလိုက်ချီတက်ပုံ ပြောင်းလဲလျက်ရှိနေသော်လည်း အခြေခံသဘောတရားတို့မှာ တထပ်တည်းပင်ဖြစ်၏။ ငါတို့ရှေ့ရှုသော ကိုယ့်မင်းကိုယ့်ချင်းတိုက်ပွဲကြီးအတွက် နည်းစနစ်များ တီထွင်လိုက ငါတို့တတွေအားလုံးသည် ကမ္ဘာ့ပြောင်းလဲမှုကြီးနှင့် ဆက်သွယ်စပ်ရှက်လျက်ရှိနေသည်ကို သတိထားရပေမည်။ ထိုအခါ၌ ငါတို့ဗမာပြည် ပြဿနာများကို ကမ္ဘာ့ပြဿနာများမှ ခွဲထုတ်ပြီး၍ တသီးတခြားစဉ်းစား၍မရသည်ကို သိပေလိမ့်မည်။

ကမ္ဘာစစ်ကြီး ပြီးသည့်နောက် မတွေးဝံ့၊ မဆဝံ့အောင် ကမ္ဘာကြီးသည် ပြောင်းလဲလာခဲ့၏။ စစ်နိုင်သူတွေက အောင်သေအောင်သားစားပြီး၊ စစ်ရှုံးသူတွေမှာ ဝမ်းနည်းပက်လက်ကြေကွဲကြလေပြီ။

ကမ္ဘာကြီး ဖရိုဖရဲဖြစ်နေသည့်အထဲမှာပင် ရုရှားပြည်၌ ဆင်းရဲသားသူပုန်ကြီးထကာ အလုပ်သမား၊ လယ်သမားတို့၏ အစိုးရကြီး တည်ထောင်ခဲ့ကြလေပြီ။ ဂျာမနီ၊ အီတလီ စသော တိုင်းပြည်တို့၌ ဆင်းရဲသားနင်းပြားများ တော်လှန်ပုန်ကန်ခဲ့ကြ၏။ သို့ရာတွင် အရေးမလှ ရှုံးခဲ့ကြ၏။ ရုရှားပြည်မှ ဆင်းရဲသားနင်းပြားတို့လည်း ဆင်းရဲသားအားလုံးတိုင်း လူတန်းစေ့ နေနိုင်ရန် တိုင်းရေးပြည်ရေး စီးပွားရေးစနစ်တို့ကို အမြစ်မှ တော်လှန်ပြောင်းလဲကာ လောကသစ် တည်ထောင်ခဲ့ကြလေသည်။

ဓနရှင်စနစ်လွှမ်းမိုးသော အခြားအခြားသော တိုင်းပြည်များသည်လည်း ဆင်းရဲသားတို့၏ တော်လှန်ပုန်ကန်မှုတို့ကို ထိတ်လန့်တုန်လှုပ်ကာ ဆင်းရဲသားအလုပ်သမားတို့အား လက်နက်အားကိုး အကြမ်းပတမ်းနှိပ်စက်ညှဉ်းပန်း နှိမ်နင်းခဲ့ကြရလေသည်။

ဤကဲ့သို့ ခေနရှင်တို့က ကြေးစားလူမိုက်များမှတဆင့် ဆင်းရဲသားတို့အား နှိမ်နင်းသောစနစ်ကား ယခုအခါ ဖက်ဆစ်ဝါဒခေါ်သော စနစ်ပင် ဖြစ်တော့သည်။

## ခေနရှင်စနစ်နှင့် အစွယ်အပွားများ

ဖက်ဆစ်ဝါဒမှာ တို့အမျိုးအတွက် တို့တိုင်းပြည်အတွက်ဟု ကြွေးကြော်နေလေ့ရှိခြင်းကြောင့် ငါတို့ကြွေးကြော်နေသော ကိုယ့်မင်းကိုယ့်ချင်းဝါဒနှင့် ခပ်ဆင်ဆင်ဖြစ်နေပေ၏။ သို့ရာတွင် ဖက်ဆစ်ဝါဒကား ခေနရှင်တို့က ဆင်းရဲသားတို့အား ကြေးစားလူမိုက်များနှင့် နှိမ်နင်းသောဝါဒဖြစ်၍ ကိုယ့်မင်းကိုယ့်ချင်းဝါဒမှာ နိုင်ငံနယ်ချဲ့သမားတို့၏ လက်အောက်မှ လုံးဝလွပ်လပ်သောနိုင်ငံ တည်ထောင်မှုအတွက် မျှော်မှန်းလုပ်ကိုင်သောဝါဒ ဖြစ်ပေသည်။

နိုင်ငံချဲ့ အခမ္ဘသမားတဦးဖြစ်သော ဂျပန်သည်လည်း တရုပ်ပြည်ကို နိုင့်ထက်စီးနင်း အတင်းဝင်ရောက် တိုက်ခိုက်နေလေသည်။ ရှေးဦးပထမ၌ အင်္ဂလိပ်ခေနရှင်တို့သည် မိမိတို့အကျိုးစီးပွားကို တစုံတရာ ထိခိုက်လိမ့်မည်ဟု မယူဆသဖြင့် ဂျပန်နိုင်ငံချဲ့သမားတို့ကို မြှောက်ပင့်ပေးခဲ့လေသည်။ နောက်ဆုံး၌ အင်္ဂလိပ်ခေနရှင်တို့သည် မိမိတို့အကျိုးစီးပွားကို ထိခိုက်လာမှ ပြာပြာသလဲ တရုပ်ဖက်ကို အားပေးပြန်လေသည်။ အင်္ဂလိပ်နယ်ချဲ့ခေနရှင်တို့က ငွေအား လက်နက်အားဖြင့် ကူညီကြသဖြင့် ဂျပန်တို့နောက်ဆုတ်သွားရစေကာမူ တရုပ်ပြည်ကြီးတခုလုံးမှာ နိုင်ငံချဲ့ခေနရှင်ကြီးများ၊ ဘဏ်တိုက်သူဌေးကြီးများနှင့် လည်ပင်းနစ်လျက် ရှိနေလေပြီ။

အနောက်ဖက်တခွင်ကို ကြည့်ပြန်ကလည်း ဂျာမန်ဖက်ဆစ်များလက်သို့ ချက်ကိုစလိုဗေးကီးယားပြည်ကို ဗြိတိသျှနိုင်ငံချဲ့သမားများသည် ‘ဝ’ကွက်၍ အပ်ခဲ့လေသည်။

Myanmar Cupid Community PDF Creator Group

စပိန်ပြည်တွင် ဆင်းရဲသားပစ္စည်းမဲ့တို့အကျိုးကို ဆောင်ရွက်အံ့သော အစိုးရ လွန်ခဲ့သော သုံးနှစ်ခန့်က ဖြစ်ပေါ်ခဲ့ရာ ဓနရှင်တို့သည် စစ်တပ်များနှင့် ပူးပေါင်းကာ သူပုန်ထခဲ့ကြ၏။ ဗြိတိသျှနှင့် ပြင်သစ်ဓနရှင်တို့လည်း မိမိတို့ အကျိုးကိုကြည့်ကာ ဘေးရှောင်နေခဲ့ကြ၏။ အီတလီနှင့် ဂျာမန်ဖက်ဆစ်တို့ လည်း အတိအလင်း သူပုန်တို့ကို ကူညီခဲ့ရာ စပိန်ဆင်းရဲသားကိုယ်စားလှယ် အစိုးရမှာ အားကိုးရာမဲ့ဖြစ်ပြီး ယခုအခါ ကျဆုံးပျက်စီးခဲ့လေပြီ။

## ငါတို့နေရာ

ကမ္ဘာကြီး၏အခြေအနေကို အကျဉ်းရုန်း၍ ကြည့်လိုက်လျှင် ဓနရှင်ဝါဒ ၏ အစွယ်အပွားများဖြစ်သော နိုင်ငံချဲ့သမားများနှင့် ဖက်ဆစ်ဓနရှင်ကြေးစား လူမိုက်များကတဖက်၊ ဆင်းရဲသားအလုပ်သမား၊ လယ်သမားတို့၏ ဘုံဝါဒနှင့် ကျွန်တွင်းနစ်နေကြသော ကိုယ့်မင်းကိုယ့်ချင်းသမားများကတဖက် စသည့်ဖြင့် တဖက်နှင့်တဖက် စစ်အားပြိုင်လျက်ရှိနေကြလေသည်။ ဤကဲ့သို့ ကမ္ဘာသူ ကမ္ဘာသားအားလုံး မပါဝင်မနေကြရသော ကမ္ဘာ့တိုက်ပွဲကြီးတွင် ငါတို့ မည် သည့်ဘက်က ပါဝင်ကြမည်နည်း။ အထူးပြောဘွယ်မလိုပေ။ ငါတို့သည် ကိုယ့် မင်းကိုယ့်ချင်းလိုလားသောသူ၊ ဆင်းရဲသားအလုပ်သမား၊ လယ်သမားတို့၏ လွတ်လပ်မှု၊ လူတန်းစေ့မှုကို လိုလားသူများဖြစ်သည့် တကမ္ဘာလုံးရှိ ဓနရှင်ဝါဒ ကို တိုက်ဖျက်နေသူမှန်သမျှတို့နှင့် သွေးစည်းပြီး ဆောင်ရွက်ကြရပေမည်။

ထို့ကြောင့် ငါတို့သည် ကမ္ဘာတိုက်ပွဲကြီးတွင် နိုင်ငံချဲ့စနစ်ကြီးကို ဗမာ ပြည်မှဖြိုဖျက်ရန် တိုက်ခိုက်ရန် တာဝန်ရှိသည့်အတိုင်း ဗြိတိသျှနိုင်ငံချဲ့စနစ်ကို တွန်းလှန်ဖြိုဖျက်ကြရပေမည်။ ဓနရှင်ဝါဒ၊ နိုင်ငံချဲ့ဝါဒတို့လွှမ်းမိုးသော နိုင်ငံ များတွင် လူများစုတို့မှာ ဒုက္ခကြီးစွာခံရသလို ငါတို့ဗမာပြည်ရှိ ဆင်းရဲသား အပေါင်းတို့မှာလည်း များစွာဒုက္ခရောက်ကြရလေသည်။

Myanmar Cupid Community PDF Creator Group

တို့ဗမာဆင်းရဲသားများဒုက္ခ

ငါတို့ဗမာပြည်မှ အလုပ်သမားများမှာ တခြားတိုင်းပြည်မှ အလုပ်သမားများထက်ပင် ဆင်းရဲကြပေသည်။ တနင်္ဂနွေတပတ်တိုင်း ၅၆–နာရီခန့် အလုပ် လုပ်ရပြီး အခမှာလည်း အသက်နှင့်ကိုယ်မြဲရုံလောက်သာ စားကြရလေသည်။ များသောအားဖြင့် နေ့စားသမားများသာဖြစ်ပေရာ၊ လုပ်သည့်နေ့သာရပြီး မလုပ်ရသည့်နေ့တွင် ငတ်ကြရလေသည်။ နေရာထိုင်ခင်းတို့သည်၎င်း၊ ကျန်းမာရေးနှင့် အနည်းငယ်မျှမညီညွတ်။ ကျဉ်းမြောင်းလှသည့် နေရာထိုင်ခင်းကြောင့် မောင် နှင့်နှစ်မ၊ သားနှင့်အမိ နေလို့မှ မတင့်တယ်။

အလုပ်လက်မဲ့ရံပုံငွေ၊ အိုနာစာရံပုံငွေ စသည်ဟူ၍လည်းမရှိ။ ကြားမျှပင် မကြားဘူးကြပေ။ အချုပ်ဆိုရလျှင် လူချင်းမတူ၊ သူချင်းမမျှ၊ လူတန်းမစေ့၊ လူ့အောက်တန်းကျလျက် ရှိနေကြလေပြီ။

လယ်သမားတို့မှာလည်း (က) လယ်ပိုင်ရှင် ဓနရှင်ကြီးများလက်သို့ လယ်များ အချုပ်အချယ်မရှိ သက်ဆင်းနေခြင်း။ (ခ) ဓနရှင်သူဌေးကြီးများ ခလောက်ဆန်မှုကြောင့် ဆန်ဈေး စပါးဈေး ကိုးယိုးကားယားဖြစ်နေခြင်း။ (ဂ) လယ်သီးစား အငှားစနစ် ကျနစွာမရှိခြင်း။ (ဓနရှင်များက အမြတ်အစွန်းရမှုအတွက် ငွေတိုးကြီးအတိုးနှင့် လယ်သမားတို့အား ညှဉ်းဆဲနေခြင်း။) (ဃ) မိုးဖျက်၊ လေဖျက်၊ ရေဖျက်၊ ပိုးဖျက်တို့ကြောင့်၎င်း၊ ငါတို့ရဲဘော်အလုပ်သမားများနည်းတူ ဆင်းရဲဒုက္ခရောက်လျက် ရှိကြလေသည်။

ထိုမှတပါး ငါတို့၏ရင်သွေးများ၊ ညီငယ်နှစ်မငယ်များဖြစ်သော ကျောင်းသူ၊ ကျောင်းသားများမှာလည်း ခေတ်နောက်ပြန်ဆွဲသောပညာမျိုး သင်ကြားနေရခြင်း။ အလုပ်လက်မဲ့ တနေ့တခြားဖြစ်နေခြင်း စသည်တို့ဖြင့် ဒုက္ခခံစားနေကြရပေသည်။ ကျောင်းသူ ကျောင်းသားများမှာလည်း နိုင်ငံချဲ့စနစ်၏ ဒဏ်ကို မခံနိုင်သဖြင့် မကြာခဏ သပိတ်မှောက်သည့် လက်နက်ကိုအသုံးပြုကြရလေသည်။

အလုပ်သမားများသည်လည်း ခေနရှင်များ၏ဒဏ်ကို မခံနိုင်သဖြင့် အလုပ်ရပ်စဲရေးလက်နက်ကို မကြာခဏ အသုံးပြုရရာ၊ ယခုနှစ်တွင် အလုပ်သမားများ အကြီးအကျယ်နိုးကြားလာပြီး နိုင်ငံချဲ့အစိုးရကိုပင် တုန်လှုပ်ချောက်ခြားသွားရသည့် အခြေသို့ပင် ဆိုက်ရောက်ခဲ့ကြလေသည်။

ကျောင်းသားများ၊ အလုပ်သမားများ၏နိုးကြားမှုကို အခြေပြုကာ ယခုအခါ လယ်သမားများ နိုးကြားလာခြင်းကား အထူးဝမ်းမြောက်စရာပင် ဖြစ်တော့၏။

## ပြည်သူ့လွတ်လပ်မှုချုပ်ချယ်ပုံ

ဤကဲ့သို့ ကျောင်းသား၊ အလုပ်သမားများ နိုးနိုးကြားကြား ဖြစ်လာရာတွင် နိုင်ငံချဲ့သမားတို့သည် အေးချမ်းသာယာစွာဖြစ်စေရန် တရားသဘောသက်ဝင်သော နည်းစနစ်တို့ကို အသုံးမပြုဘဲ ပြည်သူတို့၏ လွတ်လပ်မှုကို လက်နက်နှင့်တမျိုး၊ ဥပဒေများနှင့်တဖုံ ချုပ်ချယ်ညှဉ်းပန်းခဲ့လေသည်။

ငါတို့က တရားသဖြင့် စည်းဝေးစုရုံးကြခြင်းကို အမျိုးမျိုးပိတ်ပင်တားဆီးခဲ့၏။ နိုင်ငံရေးလုပ်နေသူတို့ကို အကြောင်းမပြ၊ ပုဒ်မ မတပ်ဘဲ ဗလာသက်သက် ဖမ်းဆီးပြီး ထောင်ချ၏။ သတင်းစာများ၊ စာအုပ်စာတမ်းများကိုလည်း နိုင်ထက်စီးနင်း ချုပ်ချယ်ခဲ့ရုံမျှမက၊ နိုင်ငံရေးအဖြစ်အပျက်တို့ကို မျက်ဝါးထင်ထင် မမြင်စေရန် ရုပ်ရှင်သတင်းကားများကိုလည်း အတင်းအဓမ္မပိတ်ပင်ကြပြန်လေသည်။

ဤကဲ့သို့ ပြည်သူတို့၏ပြဿနာကို ဖြေရှင်းခြင်းငှာ မတတ်စွမ်းနိုင်သဖြင့် ပြည်သူ့လွတ်လပ်မှုကို လက်နက်ပုဒ်မတို့ဖြင့် နှိမ်နင်းခြင်းကား ခေနရှင်နိုင်ငံများတွင် လွှမ်းမိုးသော ဖက်ဆစ်စိတ်စွယ်များ နိုင်ငံချဲ့သမားများ၏ ဦးနှောက်တွင်း အဘယ်မျှဝင်လာနေပြီမှာ ထင်ရှားနေလေပြီ။

ငါတို့၏အစည်းအရုံးသည် နိုင်ငံချဲ့စနစ်ကြီးကို ဖြိုဖျက်ရန် လုံးပမ်းနေသည့် အစည်းအရုံးကြီးဖြစ်ပေရာ၊ ငါတို့၏ အစည်းအရုံးဝင်များမှာ နိုင်ငံချဲ့စနစ်၏ဒဏ်ကို အများဆုံး ခံခဲ့ကြရလေပြီ။ ငါတို့တတွေသည် အကြမ်းမဖက် တရားသောနည်းလမ်းအားလုံးတို့နှင့် ဆောင်ရွက်နေသည်ဟု ကမ္ဘာနှင့်အဝှမ်း ကြွေးကြော်နေပါလျက် ငါတို့က အကြမ်းဖက်နေလေဟန် ဒင်းတို့တတွေက စွပ်စွဲခဲ့ကြ၏။ ငါတို့ကပင် ဗြိတိသျှအစိုးရကို အကြမ်းဖက်ပြီး ပုန်ကန်ရန် ကြံစည်နေသည်ဆိုကာ ရွှေတိဂုံဘုရားပေါ်သို့ ဖိနပ်စီးတက်ပြီး၊ စစ်တပ်တွေနှင့် ငါတို့အမှုဆောင်များကို ဖမ်းဆီးသွားသည်ကိုလည်း အမှတ်ရကြပေလိမ့်မည်။

၎င်းပြင် ၎င်းတို့၏ ဝါဒသည် ကမ္ဘာအဝှမ်းလုံးရှိ ဆင်းရဲသားပေါင်းတို့နှင့် လူမျိုးမရွေး၊ ဘာသာမရွေး ပူးပေါင်းသွေးစည်းပြီး အလုပ်လုပ်ရန်ဟု အတိအလင်း ပြောကြားထားပါလျက် လွန်ခဲ့သောနှစ်အတွင်း ကုလားဗမာ အဓိကရုဏ်းဖြစ်စဉ်က ငါတို့အစည်းအရုံးဝင်များကို အကြောင်းမဲ့သက်သက် ဖမ်းဆီးချုပ်နှောင်ခဲ့လေပြီ။ ထိုမှတပါး အဓိကရုဏ်း စုံစမ်းရေး ကော်မီတီကပင်လျှင် အဓိကရုဏ်း ပြန့်နှံ့ရခြင်းမှာ ငါတို့၏ဟောပြောမှု၊ ရေးသားမှုတို့ကြောင့်လိုလို စွပ်စွဲခဲ့ပြန်လေသည်။ ထိုအဓိကရုဏ်း အစီရင်ခံစာတနေရာတွင် ငါတို့၏အစည်းအရုံးဝါဒသည် ကွန်မြူနစ်ဆံသည်ဟု ဆို၏။ တနေရာ၌ လူမျိုးအချင်းချင်း အဓိကရုဏ်းကို ငါတို့ပြန့်နှံ့အောင်လုပ်သည် ဆိုထား၏။ ကွန်မြူနစ်ဝါဒမှာ လူမျိုးမရွေးဝါဒဖြစ်ရာ၊ ဒင်းတို့တတွေ ရှေ့စကား နောက်စကား မညီဖြစ်ခြင်းကား ရယ်ဘွယ်ရာသာ ဖြစ်တော့၏။ ငါတို့တတွေကို တဖက်စီးနင်း ချိုးနှိမ်လို၍ တမင်လည်ဆည်ပြီးရေးကြကြောင်း ထင်ရှားနေပေတော့၏။

## ထွက်ရပ်လမ်း

ဗြိတိသျှနိုင်ငံချဲ့စနစ်ကြောင့် ဖြစ်ပေါ်လာရသောဒုက္ခများ၊ ပြဿနာများကား အခြားမဟုတ်။ ဆင်းရဲခြင်း၊ အလုပ်လက်မဲ့ပေါ်များလာခြင်းတို့ ဖြစ်တော့၏။ ဗမာတမျိုးတည်း ဤကဲ့သို့ လူတန်းစေ့အောင် မနေရကြခြင်းမဟုတ်။ ကမ္ဘာ

နှင့်အဝှမ်း နေထိုင်ကြသော လူအပေါင်းတို့မှာလည်း ငါတို့နှင့်အလားတူ ဆင်းရဲနေကြရ၏။ အလုပ်လက်မဲ့ဖြစ်နေကြရ၏။ ဤသို့ ဒုက္ခတွေများလာခြင်း၊ ပြဿနာတွေ ပေါ်ပေါက်လာခြင်းကာ အခြားကြောင့်မဟုတ်။ လူတဦးတယောက်အတွက်သော်၎င်း၊ လူနည်းစုအတွက်သော်၎င်း အမြတ်အစွန်းရမှုအတွက် လူများစုကြီးအား ကျွန်သဘောက်ဘဝတွင် ဖိနှိပ်ထားခြင်း၊ ဆင်းရဲသားတို့ ချွေးနည်းစာကြောင့် ဖြစ်ပေါ်လာရသော လူသုံးပစ္စည်းမှန်သမျှကို ဓနရှင်ကြီးများက ပိုင်ဆိုင်နေခြင်းတို့ကြောင့် ဖြစ်ပေတော့၏။ ဗမာပြည်ရှိ လူများအပါအဝင် ကမ္ဘာပေါ်ရှိ လူအပေါင်းခံစားနေကြရသောဒုက္ခများကို လုံးဝပပျောက်ရန်ကား တကမ္ဘာလုံးရှိ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှန်သမျှကို အလုပ်လုပ်သူ ဆင်းရဲသားအလုပ်သမားများကိုယ်တိုင်ပိုင်ဆိုင်ပြီး လုပ်ငန်းများကို လူများအတွက် စီစဉ်မှသာ လူတွေအားလုံး လူတန်းစေ့နေကြရပေမည်။

ဤကဲ့သို့အခြေအနေ ဆိုက်ရောက်ရန်မှာလည်း ဓနရှင်စနစ်၏ အစွယ်အပွားဖြစ်သော နိုင်ငံချဲ့စနစ်ကို တွန်းလှန်ဖြိုဖျက်ရလိမ့်မည်။ ငါတို့ဗမာပြည်သည်လည်း နိုင်ငံချဲ့စနစ်စက်ကွင်းအတွင်းသို့ ရောက်ရှိနေရာ ငါတို့သည်လည်း တကမ္ဘာလုံးရှိ နိုင်ငံချဲ့စနစ်ကို ဖြိုဖျက်လိုသူများနှင့် သွေးစည်းကာ ဖြိုဖျက်ကြရမည်ဖြစ်၏။

ငါတို့တတွေသည် လူတန်းစေ့နေထိုင်မှုအတွက် ကိုယ့်မင်းကိုယ့်ချင်းတောင့်တကြ၏။ ရရန် လုံးပမ်းနေကြ၏။ ငါတို့လိုလားသော ကိုယ့်မင်းကိုယ့်ချင်းကား ရှင်ဘုရင်ကြီးစိုးသည့်ခေတ်များမဟုတ်ဘဲ ဆင်းရဲသားတိုင်း လူတန်းစေ့နေနိုင်ရန် လူများစုဖြစ်သော ဆင်းရဲသားများကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်သော ဆင်းရဲသားမင်း ဆင်းရဲသားချင်း တည်ထောင်ရေးပင်ဖြစ်တော့၏။

## အုပ်ချုပ်ရေး

ငါတို့၏ခရီးတွင် ကန့်လန့်ခံနေသည်ကား အခြားမဟုတ်။ ၉၁–ဌာနအုပ်ချုပ်ရေးပင်ဖြစ်တော့၏။ ကိုယ့်မင်းကိုယ့်ချင်းစခန်းသို့မရောက်မီ ယခုအခါ

Myanmar Cupid Community PDF Creator Group

တည်မြဲနေသေးသော အုပ်ချုပ်ရေးစနစ်ကို အင်အားနှင့်ဖြိုဖျက်ပစ်ရမည်။ ထိုအုပ်ချုပ်ရေးမှာ ဗမာတွေ ဌာနအများကြီးကို စီမံအုပ်ချုပ်ရပြီဟု မည်သူက မည်သို့ပြောစေကာမူ တကယ့်အာဏာရှင်အစစ်များမှာ ဗမာပြည်ဘုရင်ခံမှတဆင့် ဗြိတိသျှခနရှင်ကြီးများပင် ဖြစ်တော့၏။ အဆိုပါ အုပ်ချုပ်ရေးကို မည်မျှလောက် စွမ်းဆောင်သူတို့က ခေါင်းဆောင်လက်ခံပြီး ဆောင်ရွက်နေစေကာမူ ဘုရင်ခံတည်းဟူသော ရှာကိုလွန်၍ ရွက်မတိုက်နိုင်ကြပေ။ ဆင်းရဲသားတို့ လူတန်းစေ့နေထိုင်နိုင်မှုကို ရွေးစေ့မျှ မပေးနိုင်။

ငါတို့သဘောအရမှာ ငါတို့၏ဆန္ဒသည် ကိုယ့်မင်းကိုယ့်ချင်းဖြစ်သည့်အတိုင်း ဗြိတိသျှနိုင်ငံချဲ့သမားတို့က စီမံဖန်တီထားသော အုပ်ချုပ်ရေးမှန်သမျှ လက်ရှိအုပ်ချုပ်ရေးတို့ထက် မည်မျှသာစေကာမူ ငါတို့သည် လက်မခံနိုင်သေး။

ငါတို့သည် ဘယ်အုပ်ချုပ်ရေးမျိုး အလိုရှိသနည်းဟု မေးငြားအံ့။ ယခုအခါ ဗမာပြည်၌ မဲဆန္ဒပေးနိုင်သူများ မပြောပလောက်သော အရေအတွက်မျှသာဖြစ်သေး၏။ မဲဆန္ဒရှင်တို့ ရွေးကောက်လိုက်သူတို့ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့မှာ တိုင်းပြည်ကိုယ်စားလှယ်အစစ် မည်သည့်အခါမျှ မဖြစ်နိုင်သေး။ ငါတို့လိုလားသော အုပ်ချုပ်ရေးမှာ အရွယ်ရောက်သူယောကျ်ား၊ မိန်းမ မရွေးတို့က မဲဆန္ဒနှင့် ရွေးကောက်လိုက်သော လွှတ်တော်ကြီးက ဗြိတိသျှနိုင်ငံချဲ့စနစ်စက်ကွင်းမှ လုံးဝလွတ်ကင်းသော ဗမာပြည်အတွက် ဗမာဆင်းရဲသား အလုပ်သမား၊ လယ်သမားတို့အကျိုးငှာ စီမံရေးဆွဲအပ်သော ဗမာ့အလိုကျ အုပ်ချုပ်ရေးပင် ဖြစ်တော့၏။ ထို့ကြောင့် ငါတို့သည် ထိုကဲ့သို့သော တိုင်းပြည်နိုင်ငံပြုလွှတ်တော်ကြီး ပေါ်ပေါက်လာအောင် ဝါဒဖြန့်ခြင်း၊ ဆူပူခြင်း၊ စည်းရုံးခြင်းတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်၏။

ဤကဲ့သို့ဆောင်ရွက်ရာ၌ လက်ရှိအုပ်ချုပ်ရေးအရ ဖွဲ့စည်းထားသော လွှတ်တော်အတွင်းအပြင်မှ ဆူပူရမည်ဖြစ်၍ လွှတ်တော်တွင်း၌ ရာထူးလက်မခံသောနည်းကို ငါတို့အသုံးပြုနေ၏။ ငါတို့သည် ရာထူးလက်ခံသူမှန်သမျှကို

ဖြုတ်ချနေကြ၏။ ၎င်းအပြင် လွှတ်တော်အတွင်းလုပ်ငန်းကို အပြင်လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်နေပေ၏။

စင်စစ်အားဖြင့် ငါတို့တိုက်ပွဲသည် လွှတ်တော်ထဲ၌မရှိ။ လွှတ်တော်မှာ ဇာတ်စင်ကြီးသဖွယ်သာ ဖြစ်၏။ လွှတ်တော်အတွင်း၌သာမဟုတ်။ ငါတို့သည် အုပ်ချုပ်ရေးတိုက်ဖျက်ရန် သဖွယ်သာ ဖြစ်၏။ လွှတ်တော်တွင်း၌သာမဟုတ်။ ငါတို့သည် အုပ်ချုပ်ရေးတိုက်ဖျက်ရန် အပြင်တွင် အင်အားစုဆောင်းနေ၏။ ယခုလက်ရှိ ငါတို့၌ အုပ်ချုပ်ရေးကို တိုက်ဖျက်ရန်အင်အား မရှိသေးသည်ကို ဝန်ခံရပေမည်။ သို့ရာတွင် အုပ်ချုပ်ရေးအရ ဖွဲ့စည်းအပ်သော ဝန်ကြီးအဖွဲ့ကိုမူ ဖြုတ်ချနိုင်လောက်သော အင်အားရှိကြောင်းမှာ လွန်ခဲ့သော ညွန့်ပေါင်းအစိုးရ ဖြုတ်ချပွဲတွင် လွှတ်တော်အတွင်းအပြင် အလုပ်လုပ်ခြင်းဖြင့် ထင်ရှားနေပေ၏။ အုပ်ချုပ်ရေးတိုက်ဖျက်နိုင်အောင် ဗြိတိသျှနိုင်ငံချဲ့စနစ်နှင့် အားပြိုင်နိုင်လောက် အောင်ကား ငါတို့၌ အားရှိရမည်ဖြစ်၏။

ငါတို့၏အင်အားကို ချင့်ချိန်နိုင်စေရန် လွန်ခဲ့သောနှစ်များအတွင်း ငါတို့အင်အားအခြေအနေကို ဆန်းစစ်ရပေမည်။ အစည်းအရုံးများတိုးလာခြင်း၊ ငွေကြေး ရေးကထက် ချောင်လည်လာခြင်းဖြင့် ငါတို့၏အင်အား တိုးတက်လာ သည်မှာ ထင်ရှားနေပေ၏။ ယခုအခါ၌ကား လွှတ်တော်အပြင်တွင် ငါတို့၏ အစည်းအရုံးသည် အင်အားအကြီးဆုံးသောအဖွဲ့ ဖြစ်၍နေလေပြီ။

## ငါတို့ရန်သူများ

အစည်းအရုံးအင်အား ကြီးမားလာသည်နှင့်အမျှ အစည်းအရုံးတွင် လည်း ရန်သူတွေ မီးဝိုင်းသလို ဝိုင်းခံခဲ့ရ၏။ ဗြိတိသျှနိုင်ငံချဲ့သမားတို့သည် အပြင်းအထန်နှိပ်ကွပ်ခဲ့၏။ အင်္ဂလိပ်ဓနရှင်ကြီးတို့သည် ငါတို့အစည်းအရုံးကြီး အား မတရားအစည်းအရုံးဟု ကြေညာရန် အားတက်သရော တိုက်တွန်း၍ နေပေ ပြီ။ မတရားအစည်းအရုံး လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ငါတို့သည်ကား

Myanmar Cupid Community PDF Creator Group

လာမယ့်ဘေးပြေးတွေ့ဟူသော ဆောင်ပုဒ်နှင့်အညီ၊ ငါတို့ရည်ရွယ်ချက်သို့ ရောက်အောင် မဆုတ်မနစ်၊ မရပ်မဆိုင်း ချီတက်မည် ဖြစ်ကြောင်း။

ရှေးအခါက ငါတို့အား နိုင်ငံရေးသမား လူအိုကြီးများက အမျိုးမျိုး နှိမ်ထားခဲ့ကြ၏။ ငါတို့၏ဝါဒ၊ ငါတို့၏လုပ်ငန်းမှန်သည်ကို တိုင်းပြည်က လက်တွေ့မြင်လာသည့်အခါများ၌ ထိုလူယုတ်မာကြီးတို့သည် အပြင်မှ နှိမ်ရန် မကြံရွယ်တော့။ အတွင်းသို့ဝင်ကာ ဝါဒပြောင်းအောင်၊ ရည်ရွယ်ချက်ပြောင်း အောင်၊ လုပ်ငန်းများပြောင်းအောင် အမျိုးမျိုးကြံဆောင်ခဲ့လေသည်။ ငါတို့လည်း သတိကြီးစွာထား၍ ဆောင်ရွက်နေရပေ၏။

## ဝါဒနှင့်စည်းမျဉ်း

ငါတို့သည်ကား မည်ကဲ့သို့ ရန်များစေကာမူ အစည်းအရုံးအင်အား ကြီးမားစေရန်၊ အာဏာလွှမ်းမိုးစေရန် အစဉ်တစိုက် ဆက်လက်ဆောင်ရွက်ရန် ဖြစ်၏။ တို့ဗမာအစည်းအရုံးဝင်တို့သည် တို့ဗမာအစည်းအရုံးကြီး၏ အလုပ်ကို ဆောင်ရွက်ရာ၌ အထူးသတိပြုစေလိုသည့်အချက်တခုမှာ ညီလာခံသဘင်တွင် အတည်ပြုမည်ဖြစ်သော တို့ဗမာအစည်းအရုံးဝါဒနှင့် စည်းမျဉ်းဥပဒေတို့ကို ရေ လည်အောင် ပါးနပ်လိမ္မာစွာ သိနားလည်ကြရန်နှင့် နားလည်သည့်အတိုင်း တသွေမတိမ်း လိုက်နာကြရန် ဖြစ်ပေသည်။ ငါတို့သည် တို့ဗမာအစည်းအရုံးဝင် များဖြစ်ကြပါလျက် အစည်းအရုံးဝါဒနှင့် စည်းမျဉ်းဥပဒေကို မသိနားမလည်ကြ။ သိနားလည်ပါလျက် မလိုက်နာ မဆောင်ရွက်ပါလျှင် အစည်းအရုံး၏ အကျိုး ဖြစ်ထွန်းစေမှုကို တစိုးတစေ့မျှ မဖြစ်စေလိုသည့်အပြင် အစည်းအရုံးကြီး၏ အတွင်းသူပုန် ဖြစ်နေကြသည်ကို အထူးသတိချပ်စေလိုသည်။ အဆွေတို့သည် အစည်းအရုံးဝင် သခင် အမည်တပ်သည့်နေ့မှစ၍ သာမန်လူများနှင့်အတူ ငါတို့ ၌ တို့ဗမာဝါဒအရ ကြီးလေးသောတာဝန်ကို ထမ်းရွက်ကြသူများဖြစ်သည့် အကြောင်း ကောင်းကောင်းကြီး သတိပြုကြစေလိုသည်။

Myanmar Cupid Community PDF Creator Group

တို့ဗမာဝါဒမှာ ဗမာပြည်တွင်းရေးကလေး တခုတည်းကို အခြေတည်၍ ပေါ့ပေါ့ဆဆ ရေးဆွဲသတ်မှတ်ထားခြင်း မဟုတ်။ ကမ္ဘာကြီးတခုလုံးရှိ တိုးတက်ကြီးမာလျက်နေသော၊ တိုးတက်ကြီးပွားရန် အလုပ်လုပ်နေကြသော ဆင်းရဲသားနိုင်ငံတို့၏ အခြေအနေ အရပ်ရပ်တို့ကို စေ့စပ်စွာ ချင့်ချိန်ထောက်ရှုပြီးမှသာလျှင် ဗမာပြည်အတွင်း အကောင်းဆုံး ဆောင်ရွက်ရွေးချယ်သတ်မှတ်ထားခြင်း ဖြစ်ကြောင်း။ ရေးဆွဲထားသော ဝါဒမှာ အတိုချုံး၍ ခေတ်ကာလပေါ်ပင်စကားလုံးများကို အသုံးပြုထားသဖြင့် သာမန်အစည်းအရုံးဝင်တို့အတွက် ကောက်နုတ်ရန်ခက်ခဲပေလိမ့်မည်ကိုကား ငါတို့သိ၏။ ထို့ကြောင့် အချိန်ကာလအားလျော်စွာ ဝါဒ၏ အဓိပ္ပါယ်အကျယ်ကို တတိုင်းပြည်လုံး ရှင်းလင်းစွာ သိရှိစေရန် အလုပ်စခန်းများကိုလည်း စီစဉ်ရပေဦးမည်။

အစည်းအရုံး၏ စည်းမျဉ်းဥပဒေမှာ အများပြည်သူတို့၏အလိုကျ အများပြည်သူတို့ကောင်းစားရေး၊ အများပြည်သူတို့၏ ကိုယ်စားလှယ်များ စီမံအုပ်ချုပ်မှုကို လိုရင်းအဓိကထားလျက် ရေးဆွဲသတ်မှတ်ရခြင်းဖြစ်ကြောင်း။ အစည်းအရုံးကြီး၏ တာဝန်ခံအုပ်ချုပ်မှုကို ဆောင်ရွက်ရမည့်သူများမှာ ဗမာပြည်ရွာပေါင်း ၃၆၀၀၀ မှ ဆင်းရဲသားလယ်သမား၊ အလုပ်သမားအများစုတို့၏ ယုံကြည်ကိုးစားအားထားသော ပုဂ္ဂိုလ်များဖြစ်စေရန်ကို ရည်စူးထားပေသည်။ ဆင်းရဲသားတို့၏ ယုံကြည်ခြင်း ကင်းမဲ့နေသူများအားလည်း အမြန်ဆုံးအရေးယူနိုင်ရန် စည်းကမ်းများအရ ခွင့်ပြုထားကြောင်း။

တာဝန်ခံပုဂ္ဂိုလ်တို့သည် မိမိတို့ထင်ရာမြင်ရာ အရမ်းကာရော မလုပ်နိုင်စေရန်အတွက် စီရင်စုလုံးဆိုင်ရာ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့များကို ထိုတာဝန်ခံပုဂ္ဂိုလ်များက နီးနှောတိုင်ပင်ကြစေရန်အတွက် စည်းကမ်းအရ ဖွဲ့စည်းထားပေသည်။ နှစ်စဉ်နှစ်တိုင်း အစည်းအရုံးကြီး၏ နှစ်ပတ်လည်ညီလာခံသဘင်ကို ဆင်ယင်ကျင်းပစေရန် နည်းလမ်းသတ်မှတ်ခြင်းသည်လည်း အစည်းအရုံးဝင်အားလုံးတို့အတွက် ပိပြားသေဝပ်စနစ်ကျနမှု၊ အင်အားတိုးတက်မှုတို့ကို ဖြစ်ထွန်းစေနိုင်သဖြင့် လွန်စွာသင့်မြတ်လှသည်ဟု ယူဆရမည်ဖြစ်ကြောင်း။ ဌာနချုပ်အစည်းအရုံးကြီး၌ တာဝန်ခံအလုပ်အမှုဆောင်တို့ ဆိုင်ရာတာဝန်တို့ကို

Myanmar Cupid Community PDF Creator Group

သတ်မှတ်ရေးဆွဲထားခြင်းသည်လည်း စည်းမျဉ်းကို ရှိသေကြသူတို့အဖို့ လွန်စွာ ကောင်းမွန်သင့်မြတ်လှပေကြောင်း။ ဗမာ့လက်ရုံးတပ်နှင့် တို့ဗမာအစည်းအရုံး ဆက်သွယ်ရေး စည်းမျဉ်းဥပဒေမှာလည်း တာဝန်ခံအလုပ်အမှုဆောင်တို့အား အစည်းအရုံးကြီး၏တာဝန်ကို လွှဲအပ်ခံရသူပီပီ လက်ရုံးတပ်သားများကို စီမံ အုပ်ချုပ်စေခိုင်းနိုင်ခွင့် ပြုလုပ်ထားသဖြင့် သင့်မြတ်ပေကြောင်း။

စည်းမျဉ်းတခုလုံးမှာ အကျဉ်းအားဖြင့် ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံရေး တန်ခိုးအာဏာကို မရယူမသိမ်းပိုက်နိုင်သေးမီ အတောအတွင်း၌ လက်ရှိ ဓနရှင် အစိုးရနှင့် အလုပ်လုပ်သွားရန် ရည်ရွယ်ကြောင်း။ စင်ပြိုင်အလုပ်လုပ်မည်ဆိုရာ၌ မြို့နယ်အစည်းအရုံးဉက္ကဋ္ဌသည်၎င်း၊ နိုင်ငံလုံးဆိုင်ရာ အစည်းအရုံးဉက္ကဋ္ဌသည် ၎င်း၊ မြို့အုပ်၊ အရေးပိုင်၊ ဘုရင်ခံတို့နှင့် ဂုဏ်ပြိုင်စခန်းသွားရမည်ကို ဆိုလို ကြောင်း။

ဤကဲ့သို့ စခန်းသွားရာ၌ တို့ဗမာအစည်းအရုံးဉက္ကဋ္ဌ တာဝန်ခံပုဂ္ဂိုလ် များသည် အခစားပြည့်အစေခံမှု အရာရှိများထက် သတ္တိဗျတ္တိအရ ပညာအရည် အချင်းအရာတွင်၎င်း၊ စိတ်နေစိတ်ထားအရာတွင်၎င်း အစစအရာရာ ပိုမို၍ ကောင်းမွန်သင့်မြတ်ရန် လိုအပ်သည်ကိုလည်း အထူးသတိချပ်စေလိုသည်။

သခင် သခင်မအပေါင်းတို့၊ ယခုအတည်ပြုမည့် စည်းမျဉ်းသည် ကိုယ့်မင်းကိုယ့်ချင်း တန်ခိုးအာဏာကို လုယူသိမ်းပိုက်ပြီး နောက်အဖို့၌လည်း အကျယ်တဝင့်ပြင်ဆင်ရန်မလို။ အခြေခံသဘောအရ ငါတို့ဝါဒနှင့် ဆီလျော်ပြေ ပြစ်လှသဖြင့် အဆင်သင့်ပင်လျှင် ငါတို့သည် ၎င်းစည်းမျဉ်းအရ ငါတို့ တိုင်းပြည်ကို စီမံအုပ်ချုပ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

## ငါတို့လုပ်ငန်း အစီအစဉ်

အစည်းအရုံးဝင်အင်အားကြီးမားလာစေရန် အာဏာလွှမ်းမိုးရန်မှာကား အများပြည်သူတို့အားလုံးနှင့်ဆိုင်သော အရေးကိစ္စများတွင် ငါတို့သည် ရှေ့မှ

မားမားမတ်မတ်နေပြီး ဆောင်ရွက်မည်ဖြစ်၏။ လွတ်လပ်စွာရေးသားမှု၊ ဟောပြောမှု၊ ပေါင်းသင်းစည်းရုံးမှု စသည့် ပြည်သူ့လွတ်လပ်မှုများကို ချုပ်ချယ်သည့်အခါ၌ အမြဲတမ်းရှေ့မှခေါင်းဆောင်၍ ကန့်ကွက်ခြင်း၊ ဆူပူခြင်း စသည်တို့ကို ဆောင်ရွက်ရပေမည်။

ပြည်သူတို့၏လွတ်လပ်မှုကို အပြင်းအထန်ချုပ်ချယ်သဖြင့် ကျောင်းသူကျောင်းသားတို့သည် နိုင်ငံရေးသို့ ခြေစုံပစ်၍ ဝင်ရောက်လာကြသည်ကို အမှတ်ရကြပေမည်။ ခလေးအရွယ် လူမမယ်ကျောင်းသား အရိုက်အနှက်ခံရသည်ကို အကြောင်းပြုပြီး ဗမာပြည်အနှံ့အပြား သွေးတမျိုး ပြောင်းလဲလာခဲ့၏။ သို့ရာတွင် ကျောင်းသားများသည် နိုင်ငံရေးသမားများ မဟုတ်ကြသဖြင့် အစိုးရနှင့်ကြာရှည်မတိုက်နိုင်ဘဲ ဆုတ်သွားကြရာတွင် ကျောင်းသားတို့မှာ အပြစ်တင်ခံကြရလေသည်။ ပြည်သူ့လွတ်လပ်မှုတိုက်ပွဲမှာ နိုင်ငံရေးခေါင်းဆောင်တို့က ခေါင်းဆောင်၍ တိုက်ရမည့် လုပ်ငန်းဖြစ်ရာ ကျောင်းသားများ ဤမျှ လုပ်ကိုင်ကူညီသည်ကို ငါတို့ ချီးကျူးရပေမည်။ ရှေ့အဖို့၌လည်း ငါတို့၏ တို့ဗမာအစည်းအရုံးကြီးသည် ပြည်သူ့လွတ်လပ်မှုတိုက်ပွဲတွင် အမြဲရှေ့မှ ခေါင်းဆောင် တိုက်နိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် တိုင်းပြည်၏ လူများစုဖြစ်သော အလုပ်သမားလယ်သမားများ၏ လတ်တလော လိုလားချက်များကို အခြေပြုပြီး ဆောင်ရွက်ခြင်းအားဖြင့် စည်းရုံးခြင်း စသည်တို့ကို ဆောင်ရွက်ရပေမည်။ ဤသို့ ဆောင်ရွက်ရာ၌ (က) ၎င်းတို့၏ လတ်တလော လိုလားချက်များရရန်၊ (ခ) အစည်းအရုံးကို အခြေပြု၍ အလုပ်သမားများသည် နိုင်ငံရေးကို ခေါင်းဆောင်နိုင်ရန် စသည့် အခြေခံသဘောတရားများ ပါပေ၏။ အလုပ်သမားများကိစ္စကို ခေါင်းဆောင်၍ ဆောင်ရွက်ရာ၌ ဤအချက်ကို အလေးပြုသင့်ပေသည်။ ယခုအခါ အလုပ်သမားများမှာ ရှေ့ကထက် နိုးကြား၍လာပေရာ လွန်ခဲ့သောနှစ်များထက် အလုပ်သမားအရေးကိစ္စမှာ ကြီးကျယ်လာ၏။

လယ်သမားများသည် ယခုအခါ ဆူပူနေသည်ကို အဆွေတို့ သိပေလိမ့်မည်။ လယ်သမားများမှာ တကွဲတပြားနေသော လူတွေဖြစ်ခြင်းကြောင့် အစည်းအရုံးသဘောကို ရုတ်တရက် မပေါက်နိုင်ပေ။ လူစုရုံး၍ စီတန်းလမ်းလျှောက်

ခြင်း၊ တရွာမှ တရွာ ဖြတ်သန်းသွားလာခြင်း စသည်တို့သည် ရွာသူရွာသားတို့၏စိတ်ကို တဖြတ်ဖြတ်လှုပ်ရှားကာ နိုးကြားစေသည်ကို အဆွေတို့ သိကြပေမည်။ ဗမာပြည်သည် လယ်သမားများ နေထိုင်သော တိုင်းပြည်ဖြစ်လေရာ လယ်သမားများကို သွေးစည်းပြီး အစည်းအရုံးလိုက် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်သွေးစည်းခြင်းဖြင့် ငါတို့သည် အင်အား စုကြရပေမည်။

ကျောင်းသားများလည်း မိမိတို့ နစ်နာချက်အတွက် ဆောင်ရွက်ရန် တိုင်းပြည် လွတ်လပ်ရေးတိုက်ပွဲတွင် ဝင်နွှဲရန် စသည်တို့အတွက် အစည်းအရုံးကြီးတခု တည်ထောင်ထားခဲ့ပြီ။ ထိုအစည်းအရုံးသည် ငါတို့နှင့်အတူ ပူးတွဲ၍ ဆောင်ရွက်ခဲ့ပေပြီ။ တဦးနှင့်တဦး အပြန်အလှန် ကူညီခဲ့ကြပေပြီ။ ထို့မှတပါး လူငယ်များ၊ သခင်မများကိုလည်း အစည်းအရုံးပြုကာ အင်အားစုဖို့ သင့်ပေသည်။ ယခုအခါ ငါတို့၏အင်အားမှာ ကြီးမားသည်ထက် ကြီးမားလာပြီး တာဝန်မှာ ပိုသည်ထက် ပိုလာပေရာ ရှေးကထက်တောင့်တင်းသော ဗမာ့လက်ရုံးတပ်ကိုလည်း တည်ထောင်ရန် အချိန်ရောက်လာလေပြီ။ ဤနည်းဖြင့် တတိုင်းပြည်လုံးရှိ တို့ဗမာများအား သွေးစည်းပြီး ငါတို့ အင်အားစုကြစို့။

## အခါကောင်းခွင့်ကြုံရန်

တိုင်းပြည်တွင် အင်အားကြီးရုံ၊ အာဏာရရုံနှင့် ငါတို့၏လိုလားသော ကိုယ့်မင်းကိုယ့်ချင်းတိုက်ပွဲ မအောင်နိုင်သေး။ ငါတို့သည် တိုက်ပွဲတိုက်သည့် အခါ၌ အခါကောင်းနှင့် ကြုံရမည်ဖြစ်၏။ အိုင်းရစ်လူမျိုးသည် အင်္ဂလိပ်နှင့် ဂျာမနီ စစ်ဖြစ်၍ အင်္ဂလိပ်များ အကျဉ်းအကြပ်တွေ့နေစဉ် မိမိလွတ်လပ်ရေးအတွက် သွေးထွက်သံယို အသေခံပြီး တိုက်ခဲ့ကြ၏။ အကျဉ်းအကြပ် တွေ့နေသဖြင့် အင်္ဂလိပ်တို့ အလျှော့ပေးခဲ့ရ၏။ အိုင်းရစ်လူမျိုးတို့သည်လည်း လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့လေပြီ။

၁၉၁၇–ခုနှစ် မတိုင်မီက ရုရှားပြည်တွင် ဆင်းရဲသားတို့မှာ လူချင်းမတူ သူချင်းမမျှ ဖြစ်နေလေရာ ဂျာမနီနှင့်ရုရှ စစ်ဖြစ်သည်ကို အကြောင်းပြု၍

Myanmar Cupid Community PDF Creator Group

ဆင်းရဲသားများ သူပုန်ထခဲ့ကြ၏။ မိမိတို့ကိုယ်တိုင် အစိုးရဖွဲ့စည်းတည်ထောင်ခဲ့ကြ၏။ ယခုအခါမှာကား တကမ္ဘာလုံးရှိ ဆင်းရဲသားတို့၏ မီးရှူးတန်ဆောင် သဖွယ်ဖြစ်၍ နေလေပြီ။ လွန်ခဲ့သော ကမ္ဘာစစ်ကြီးဖြစ်စဉ်က အိန္ဒိယပြည်မှ အားတက်သရော ကူညီခဲ့ကြ၏။ ယခုအခါ ဆင်းရဲသား အလုပ်သမား၊ လယ်သမားများ နိုးကြား၍လာပေရာ ယခုလာမည့် စစ်ပွဲတွင် အင်္ဂလိပ်အစိုးရအား ငွေအားနှင့်သော်၎င်း၊ လူအားနှင့်သော်၎င်း မည်သည့်နည်းနှင့်မျှ မကူညီဆိုရုံမက စစ်ဖြစ်၍ အင်္ဂလိပ်များ အကြပ်တွေ့လျှင် လွပ်လပ်ရေးကို အရယူမည်ဟု အတိအလင်း ကြွေးကြော်နေလေပြီ။

ငါတို့သည်လည်း ထိုနည်းတူပင် စစ်ဖြစ်လျှင် နိုင်ငံချဲ့သမားတို့အား မကူညီဟု အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့၏။ ငါတို့သည်ကား နိုင်ငံချဲ့စစ်ပွဲများတွင် ပါဝင်ခြင်း မပြုရုံသာမကသေး၊ ကမ္ဘာကြီး၏ အခြေအနေကိုထောက်ကာ ငါတို့သည် ကိုယ့်မင်းကိုယ့်ချင်းစခန်းသို့အရောက် လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်း။

အဆွေ တို့ဗမာ သခင် သခင်မ သွေးချင်းသားချင်း အပေါင်းတို့...

အထက်တွင် ဖော်ပြခဲ့သည်ကို စွဲမြဲစွာစိစစ်ပြီးသကာလ တို့ဗမာအစည်းအရုံးကြီး၏ အင်အားကြီးမှု၊ အာဏာရမှုတို့ကို အရှိုးကြေကြေ၊ အရေခမ်းခမ်း ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တို့ဗမာအစည်းအရုံးကြီး ကမ္ဘာတည်ပါစေသော်။

အရေးတော်ပုံ အောင်ပါစေ။

* * * * *

နောက်ဆက်တွဲ – ဂ

## စစ်သီချင်းများ

### ရဲရဲတောက်

ရဲရဲတောက် ဒို့ဗမာတွေ သတ္တိခဲတွေ၊ ရာဇဝင်ထိုးလောက်အောင် စွန့်ပေ၊ ဒို့တိုင်း ဒို့ပြေ၊ လွတ်လပ်ရေးကို အာဇာနည်သွေးတွေ အရိုးကြေကြေ၊ ဒို့ပြေ ဒို့မြေ။

ခေတ်ဆွေးကို ပြောင်းပြန်၊ ခေတ်သစ်ကိုစီမံ၊ လွတ်လပ်ဖို့စိတ်ကြွ၊ ညီစေနော် ဒို့ရဲဘော်၊ ချီတက်ကြစို့ တူပျော်ပျော်၊ ဘယ်ညာ ဘယ်ညာ၊ ဗမာပြည် ငါတို့ပြည်၊ ဗမာမြေ ငါတို့မြေ၊ ခင်ခင်မင်မင် အမျိုးကိုစောင့်ကြ၊ ဘယ်ညာ ဘယ်ညာ။

ဇာနည်တွေ လာပြီလေ။ ဒီချိန်ခါ ညီညာပေ၊ ဗမာဆို ဓားကိုဆွဲလို့ ထွက်ဖို့ တော်ပြီလေ။

### ဖန်နေဝန်း

ဖန်နေဝန်းသို့ညီ၊ ထွန်းလင်းပြောင်ပေသည်၊ ဒါ ဒို့တိုင်း ဒို့ပြည် ဒို့ကာကွယ်မည်၊ ထူးမြတ်တဲ့ ဒို့တိုင်းပြည်၊ တိုင်းရင်းသား ငါတို့လူမျိုး ပိုင်ရမည်၊ လွတ်လပ်တဲ့ ဒို့တိုင်းပြည်၊ ငါတို့ရဲ့ခြသေ့်စိတ်ထား တည်ရမည်၊ သေပေစေ ရဲတဲ့ဇာနည်၊ ဗွဲနဲ့တိုက်မည်၊ ဗမာတွေ နိုးကြားလာပြီ အမျိုးသား စစ်သည်၊ သေပေစေ ရဲတဲ့ဇာနည်၊ ဗွဲနဲ့ တိုက်မည် ခိုက်မည်။

Myanmar Cupid Community PDF Creator Group

(သံပြိုင်) [တပ်မတော်ကြီးလဲ ချီလာပါပြီ၊ အောင်တပ်မတော်ကြီးလဲ ချီလာပါပြီ]၂။ ဗမာအာဇာနည်၊ ကမ္ဘာမှာ တာရှည်၊ ခိုင်မာအောင်သာ ငါတို့ ကြံဆောင်မည်၊ အောင်ပြီ။

အဖတိုင်းပြည် ဒို့ ညီညွတ်မည်၊ စည်းလုံးပြီး ဆောင်ရွက်ကာ ဒို့ကာကွယ်မည်၊ ခွန်အားနဲ့ညီ စွန့်စားခဲ့သည်၊ ရဲသွေးနဲ့ သေမင်းကို သစ္စာနှံမည်၊ ဗမာမှန်လျှင် သတ္တိရှိသည် ဗျတ္တိရှိသည်၊ အသက်နဲ့လဲမယ့် ရဲဘော်ဖြစ်သည်။

[မျိုးရိုးအာဇာနည်၊ စစ်ကိုလဲ အမြဲတိုက်ရမည်]၂။ ဗမာပြည်ကို [ဒို့စောင့်ရှောက်မည်]၂ အသက်နဲ့လဲမယ့် ရဲဘော်ဖြစ်သည်။

(သံပြိုင်) [တပ်မတော်ကြီးလဲ ချီလာပါပြီ၊ အောင်တပ်မတော်ကြီးလဲ ချီလာပါပြီ]၂။ ဗမာအာဇာနည်၊ ကမ္ဘာမှာ တာရှည်၊ ခိုင်မာအောင်သာ ငါတို့ ကြံဆောင်မည်၊ အောင်ပြီ။

## ဗမာတို့ရဲ့တပ်မတော်

ဗမာဗမာ ကမ္ဘာပေါ်မှာကြွားနိုင်စေဘို့ရာ၊ ဗျူဟာပညာ ဒို့အမျိုးသားတို့ နားလည်စေချင်တာ၊ ဗျူဟာပညာ သင်ကြားကြလို့ ကြိုးစားဒို့ဗမာ၊ ဒို့အမျိုးရဲ့ အကျိုးအတွက် သည်ပိုးစေဘို့ရာ။

သေနင်္ဂမှာ ထိပ်တန်းကသာ၊ လူငယ်တတွေဟာ ဗမာတို့ရဲ့ တပ်မတော် ဝင်ရန် အချိန်သင့်တော်။

ဗမာ့အောင်လံ ကမ္ဘာထောင်ရန်၊ ဒို့တာဝန်ကြီးပါ။ အာဇာနည်တွေ ဒို့သွေးချွေးနဲ့ ရင်းနိုင်စေပြန်တာ၊ အာဇာနည်တွေ လွတ်လပ်ရေးမို့ သွေးမြေကျခံတာ၊ ဒို့အမျိုးနဲ့ ဒို့တိုင်းအတွက်တာ သည်ပိုးစေဘို့ရာ။

Myanmar Cupid Community PDF Creator Group

အောင်လံထွန်းပြောင်၊ ကြယ်ပေါင်းခကာ၊ ဗမာ့အောင်လံပါ၊ ဆောင်ရန် ကျင်းတော့ အလင်းရောင်ပေါ် ဗမာတို့ရဲ့ တပ်မတော်။

## ဗမာ့အာဇာနည်

ဒို့ဗမာတွေ ရဲစွမ်းပြမည်၊ အာဇာနည်ပီပီ။ ဒို့ရဲဘော်များ၊ အာလုံးညီညီ၊ သက်စွန့်ကာ တိုက်မည်။ မျိုးရိုးနဲ့ ရာဇဝင် မော်ကွန်းတည်၊ သူရဲကောင်းများ ထွန်းကားသည်၊ မင်းရဲကျော်စွာ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်ပါ အလောင်း ဘုရားတို့သည်၊ ဗမာ့သွေး မွေးခဲ့သည်၊ ရဲဇာနည် အောင်တပ်မတော်ချီ၊ ဖွဲ့နဲ့ ဒို့များ တိုက်ခိုက်မည်။

## မျိုးမြန်မာပြည်ရွာ

မျိုးမြန်မာပြည်ရွာ၊ ဒို့စောင့်ရှောက်ဖို့ပါ၊ သေပေစေလဲ မကြောက်ပါ၊ ရင်မြေကတုတ်ပမာ၊ စစ်သွေး၊ စစ်ရေးမွေးလို့သာ၊ ဇာနည်စိတ်ထားတာ၊ ငါတို့ ဗမာ၊ ဒေါင်းလံတလူလူ ထူလို့သာ၊ မြင်အံ့းရတော့မှာ။

ဗမာပြည်တိုင်းတခွင်၊ အောင်ပွဲဆင်၊ တူယှဉ်ကာလဲ တိုက်ခဲ့တယ်၊ ဇာနည်စိတ်ထားရယ်၊ ဟေ ရဲဘော်၊ ရဲဘော် စစ်သည်တော်၊ တူယှဉ်ကာ တိုက် မနော်၊ တူပျော်ပျော်၊ နောင်ဥဒါန်းတွင်ရစ်အောင် စွန့်စားကြစို့နော်။

## ဗမာပြည် ကာကွယ်မည်

ဗမာပြည် ကာကွယ်မည်၊ တပ်မတော်ချီလာပြီ၊ သေသည် ရှင်သည် ဒို့ မမှုတော့သည်၊ အာဇာနည် ပီပီ၊ တိုက်ဖို့လိုက်ခဲ့သည်၊ ဗမာပြည် ဗမာပြည် သွေးနဲ့ နှီးခဲ့သည်၊ ဒီပြေ ဒီမြေတွေရယ်၊ ဒို့ပိုင်ဆိုင်စေဘွယ်၊ လူငယ်လူရွယ် စစ်ထဲဝင်လို့ရယ်၊ မခင်တွယ် မကြင်တယ်၊ ချစ်သူစွန့်လို့ရယ်၊ တိုက်ပွဲကိုပင် တွေ့အောင်ရှာတော့မယ်။

သာကီဆွေ၊ လာပြီလေ၊ ရဲရဲတောက်မောင်တွေ၊ သေစေ ရှင်စေ စိတ်စွဲ ချက်မသွေ၊ ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒို့ပြည် ဒို့ပိုင်စေ၊ သေမင်းဆွေရေ သစ္စာနံစို့လေ။

## တူယှဉ်ကာတိုက်စို့

တူယှဉ်ကာလေ တကယ်ဘဲ အစွမ်းပြချင်တယ်၊ ဗမာ့သတ္တိ ကမ္ဘာက သိအောင် ငါတို့တိုက်ခိုက်မယ်၊ သေပေစေ ဒို့အသက်ကို ဖက်ရွက်မှတ်ပါတယ်၊ တောတောင်အထပ်ထပ် ချီတက်တိုက်ခိုက်မယ်။

မိုးတွေကလဲ မစဲဘဲ ရွာသွန်းတယ်၊ မြစ်ချောင်းအင်းအိုင် ရေတွေပြေ့လို့ ငါတို့တိုက်ရတယ်၊ ဘယ်မှာလဲအိပ်ရတယ် ရှိလိမ့်မယ်၊ အမြဲတမ်းချီတက်လို့သာ တိုက်ခိုက်နေရတယ်။

စစ်မြေမှာလဲ မစဲဘဲ ပစ်ခတ်တယ်၊ ကျည်ဆန်များဟာ တဖွဲဖွဲနဲ့ ရွာသွန်းမိုးသို့နယ်၊ ဒို့ဗိုလ်က ဓားကိုဆွဲလို့ ရှေ့ကတက်ပါတယ်၊ ဘယ်မှာ ကြောက်စိတ်ရှိလိမ့် ငါတို့စစ်သားရယ်။

ရန်သူမှာလဲ အရှုံးကြီး ရှုံးရတယ်၊ သူတို့အလောင်းကောင် ကာကွယ်ပြု လို့ ငါတို့တိုက်ရတယ်၊ ဗမာ့သတ္တိကို ဘယ်မှာယှဉ်နိုင်မယ်၊ ဝေးစွာရှောင်ရှားပါ လို့ ငါတို့ဟစ်ကြွေးတယ်။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်

[ ခေတ်မှီအောင်သာ ကမ္ဘာမြေတဝှမ်းမှာ ဒို့အစွမ်းကိုပြမည်၊ တပ်မတော်ဂုဏ်ရောင် ထွန်းပြောင်ဘို့ရာ ဒို့တာဝန်ဖြစ်သည် ]။ တမျိုးလုံး အတွက်ကို အသက်နဲ့လဲမယ့် အာဇာနည်ပီပီ၊ အရေးရှိခဲ့လျှင် ရှေ့ကရပ်ကာ အသေခံမယ်ယုံကြည်၊ ငါတို့တပ်မတော်အမှန်ဖြစ်သည်၊ နိုင်ငံတပ်မတော် အမှန် ဖြစ်သည်၊ အင်အားကို ကြီးမားအောင်ကူညီ။

[တပ်မတော်ကြီးကို အင်အားရှိဘို့ အရာရာမှာကူညီ၊ ရဲဘော်အပေါင်း ကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်]။

ကြိုးကြိုးစားစား ဒို့အမျိုးသားစစ်သည် ဖွဲ့သတ္တိညီ၊ ထူးထူးခြားခြား ခွန်အားစွမ်းပြမည် ရဲဘော်ဇာနည်၊ တိုင်းပြည်နိုင်ငံ ကျက်သရေဆောင်တော့ သည်၊ တကယ်မွန်မြတ်တဲ့ တပ်မတော် ရှေ့ကိုချီ။

[တပ်မတော်သာလျှင် နိုင်ငံအမြတ်ကို ပေးအပ်နိုင်လိမ့်မည်၊ တပ်မတော် သာလျှင် နိုင်ငံအကျိုးကို သည်ပိုးတိုးတက်စေနိုင်သည်]။ တပ်မတော် အင်အား ရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အင်အားရှိအောင် စွမ်းဆောင်ကာ ကြံစည်၊ ငွေအားနဲ့လူအားနဲ့၊ လူအားနဲ့ငွေအားနဲ့ အရာရာမှာ ကူညီ။

အင်အားသစ်ဖြည့်တင်းဘို့၊ ခွန်အားသစ်ဖြည့်တင်းဘို့ နှိုးဆော်ပါသည်၊ အကျိုးမျှော်ကာရည်၊ တပ်မတော်သည် နိုင်ငံလက်နက်အကြီးဆုံး ဖြစ်တော့သည်၊

[တပ်မတော်ကြီးကို အင်အားရှိဘို့ အရာရာမှာကူညီ၊ ရဲဘော်အပေါင်း ကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်]။

ကြိုးကြိုးစားစား ဒို့အမျိုးသားစစ်သည် ဖွဲ့သတ္တိညီ၊ ထူးထူးခြားခြား ခွန်းအားစွမ်းပြမည် ရဲဘော်ဇာနည်၊ တိုင်းပြည်နိုင်ငံ ကျက်သရေဆောင်တော့ သည်၊ တကယ်မွန်မြတ်တဲ့ တပ်မတော် ရှေ့ကိုချီ။

နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်

နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်၊ နိုင်ငံတော်အတွက်ဆို အသက်နဲ့လဲလို့ပျော်၊ လွတ်လပ်သောနိုင်ငံတော်၊ မြဲခိုင်ဘို့တာဝန်နော်၊ ပြည်ထောင်စု ငါတို့မြန်ပြည်ပေါ်၊ တလက်မအထိမခံ အပြုတ်နှံမယ် ဒို့ရဲဘော်။

ရန်သူကို ဘာမထီ ဇာနည်စစ်သည်တော်၊ လွတ်လပ်ရေး ပေးအပ်ကာလဲ မြတ်တဲ့ဒို့ရဲဘော်၊ ပြည်သူများတွေ ကောင်းစားရန် လောကနိဗ္ဗာန်၊ ကမ္ဘာ့ငြိမ်းချမ်းရေး ရဘို့ရန် ရည်ရွယ်မျှော်၊ ပြည်တွင်းရန် ပြည်ပရန် ဒို့တွန်းလှန်မယ်နော်၊ သွေးနဲ့သာ ချွေးနဲ့သာ ဖွဲနဲ့နိုင်အောင်ဆော်၊ လူထုနဲ့လက်တွဲကာ အောင်ပွဲခံမယ်နော်။

* * * * *

Myanmar Cupid Community PDF Creator Group

နောက်ဆက်တွဲ – ဃ

ဗိုလ်အောင်ဆန်း

(ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့လို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ဘဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့အာဇာနည်တွေရယ်)၂။

ငါတို့ဗမာပြည် မိဘတိုင်းကရယ်၊ ဗိုလ်အောင်ဆန်းလို သူရဲကောင်း မွေးရမယ်၊ ငါတို့ဗမာပြည် မိဘအပေါင်းတို့ကကွယ် ဇာနည်အစစ်တွေကို တိုက်ဖို့ မွေးရမယ်၊ ဩဘ်–ဘုရင့်နောင်နဲ့ ရာဇဓိရာဇ်တို့လို မင်းရဲကျော်စွာ ပမာပုံဆောင်၊ အလောင်းဘုရားတို့လိုကွယ်၊ ဗမာတိုင်း ဗမာမျိုး အားကိုးလောက် ပေတဲ့၊ မကြောက်တမ်း၊ မရွံ့တမ်း၊ ဗမာတွေအောင်ပန်း ဆွတ်ကြရှာလေတယ်။

သံပြိုင်။ ။(ရာဇဝင် အတ္ထုပတ္တိလဲ ရှိရမယ်၊ မော်ကွန်းလဲ ထိုးလောက် တယ်၊ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်)၂။ တိုင်းပြည်အကျိုးစွန့်ခဲ့တဲ့ မျှားဇာနည်နွယ်၊ လွတ်လပ်ဖို့ ဒို့မျှားကို ကျွန်တွင်းမှကယ်၊ ဒို့ဗမာတွေ စိုးမိုးဘို့ မျှော်ကြရှာဘို့ ပေါ်လာတယ်။

ဗမာနိုင်ငံ ထူထောင်ရန်နဲ့ မျိုးရိုးမတိမ်အောင် ကြံဆောင်လေတယ်၊ နေမျိုးသာကီ ဗမာပြည်လက်ရုံး၊ ဗမာနိုင်ငံအလုံး ထင်ပေါ်စေတယ်၊ စိတ်အား သန်သန် မာန်ကိုမလျှော့တယ် ငါတို့လူမျိုးတန်ခိုးရှိဘို့ သူရဲကောင်းတွေ စုညီတယ်၊ တကယ်ပင် သတိုးမဟာဗန္ဓုလနှယ်၊ စွမ်းသတ္တိရာဇဝင်ပြောင်တယ်၊ သားကောင်းမျှားလို့ ခေါ်ရလောက်ပေတယ်၊ ဥဒါန်းတွင်စေဘွယ်၊ ဗမာ့သူရဲ ကောင်း အပေါင်းတွေရယ်။

သံပြိုင်။ ။(ရာဇဝင် အတ္ထုပတ္တိလဲ ရှိရမယ်၊ မော်ကွန်းလဲ ထိုးလောက် တယ်၊ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်)၂။ တိုင်းပြည်အကျိုးစွန့်ခဲ့တဲ့

Myanmar Cupid Community PDF Creator Group

များဓာနည်နွယ်၊ လွတ်လပ်ဖို့ ဒို့များကို ကျွန်တွင်းမှကယ်၊ ဒို့ဗမာတွေ စိုးမိုးဘို့ မျှော်ကြရှာဘို့ ပေါ်လာတယ်။

အဖနိုင်ငံဂုဏ်ကိုကယ်တင်ခဲ့တဲ့ အောင်ဆန်းနော်

ချီတက်ကြစို့ ဒို့ဗမာတပ်မတော် စစ်ဆိုရင် ရဲစိတ်တွေဝင်၊ ဗမာတိုင်း ပျော်၊ ကမ္ဘာတွင် ရာဇဝင်တင်လောက်သနော်၊ (ပွဲတိုင်းကျော် လွတ်လပ်ရေးခေါ် ဒို့တပ်မတော်၊ တံခွန်စိုက်သနော်)၂။

အဖနိုင်ငံဂုဏ်ကို ကယ်တင်ခဲ့တဲ့ အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇ နော်။ ဒို့စစ်သည်သွေးတစက် ရာပြည်ထောင် အသက်နဲ့လဲလို့ ဖက်မတန်ပေါင် နော်၊ ဖုန်းတန်ခိုး အာနုဘော်၊ လွှမ်းမိုးလို့ ကမ္ဘာလုံးကျော်၊ ပြိုင်ဘက်ကင်းတဲ့ ကောလီအတွင်းဝယ် တဦးတည်း မင်းမဟော်၊ ရှည်ပါစေ– ရှည်ပါစေ– ရှည်ပါ စေ– အသက်ရာကျော်။ နယ်ချဲ့တဲ့ဂုတ်သွေးစုပ်၊ အမျိုးယုတ်ကောင်တွေကို၊ တန်ခိုးနတ်အောင် အမျိုးပြုတ်အောင်၊ ကျုပင်ခုတ် ကျူငုတ်မကျန်ဆော်။

အဖနိုင်ငံဂုဏ်ကို ကယ်တင်ခဲ့တဲ့ အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇ နော်။ ဒို့စစ်သည်သွေးတစက် ရာပြည်ထောင် အသက်နဲ့လဲလို့ ဖက်မတန်ပေါင် နော်၊ ဖုန်းတန်ခိုး အာနုဘော်၊ လွှမ်းမိုးလို့ ကမ္ဘာလုံးကျော်၊ ပြိုင်ဘက်ကင်းတဲ့ ကောလီအတွင်းဝယ် တဦးတည်း မင်းမဟော်၊ ရှည်ပါစေ– ရှည်ပါစေ– ရှည်ပါ စေ– အသက်ရာကျော်။

* * * * *

Myanmar Cupid Community PDF Creator Group

နောက်ဆက်တွဲ–င

ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာ
ညီလာခံသဘင် ဥက္ကဌ မိန့်ခွန်း

ရဲဘော်တို့

ရာဇဝင် စာတင်ရမည့် ဤပြည်သူ့ ညီလာခံသဘင်ကြီးသို့ ကျွန်ုပ်တို့သည် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် လာရောက်ခဲ့ကြပေသည်။ ဤသို့စုဝေးရခြင်းမှာ ကမ္ဘာသူကမ္ဘာသားတို့ ရှေးရိုးစဉ်လာ ဉာဏ်မျက်စေ့ ကျယ်စွာဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြသော နည်းနာနိဿျများအတိုင်းဖြစ်ရကား လျော်ကန်သင့်မြတ်ဖြောင့်မတ်သော စုဝေးခြင်းပေတည်း။ ရှေးပဝေသဏီကစ၍ ကမ္ဘာသူကမ္ဘာသားတို့သည် ပြဿနာတခုကို တွေ့ကြုံရလျှင် ဤကဲ့သို့ပင် စုဝေးဆွေးနွေးဖြေရှင်းခဲ့ကြပေသည်။ ကျွန်ုပ်တို့ စည်းဝေးရာဒေသသည်လည်း ကျွန်ုပ်တို့ရာဇဝင်တွင် ကျက်သရေရောင် တပြောင်ပြောင်ဖြင့် ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောကြောင့်၊ ကျွန်ုပ်တို့ မင်္ဂလာသဘင်သည်လည်း ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါပေ၏။ ဤသိင်္ဂုတ္တရကုန်းသည်ကား လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီး တည်ရှိရာဖြစ်၏။ စေတီတော်မြတ်ကြီးသည် ကျွန်ုပ်တို့လူမျိုး၏ ဝေဖြာသော စေတနာအလျောက် ကျွန်ုပ်တို့၏ မွန်မြတ်ဆုံးသော ဆန္ဒကို ပေါ်လွင်စေခြင်းငှာ တည်ဆောက်ခဲ့သည်ဖြစ်ရာ ရွှေရောင်တဖိတ်ဖိတ်နှင့် ကျွန်ုပ်တို့မြော်မှန်းရာ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်အသခ်တသို့ ညွှန်ပြတော်မူရာဖြစ်သည့် ဆီမီးတန်ဆောင်ကြီး ဖြစ်ပေတော့၏။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ကို ကြည့်ပြန်သော် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ကျွန်ုပ်တို့တိုင်းပြည်နှင့်လူမျိုး၏ ကံကြမ္မာကို ဖန်တီးခဲ့သော အရေးတော်ပုံများကို ဖြစ်ပေါ်ရာဌာနဖြစ်ရကား ဤဒေသသည် ကျွန်ုပ်တို့အမျိုးသားအတွက် အလွန်ထူးခြားစွာ လေးနက်ကြည်ညိုရာဖြစ်သော ကျွန်ုပ်တို့လူမျိုး၏ ရှေ့ဆောင်

Myanmar Cupid Community PDF Creator Group

ရှေ့သွားပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်စားရန် လာရောက်ခဲ့ကြဘူးပေပြီ။ အတိုချုပ်မှာ 'မြန်ကအစ တကောင်းက' ဆိုသကဲ့သို့ ဤနေရာ ဤဒေသသည်လည်း ကျွန်ုပ်တို့လူမျိုး၏ စတင်ရာဒေသ ဖြစ်ပေ၏။ လေးဆူဓာတ်ပုံရွှေတိဂုန်စေတီတော်မြတ်ကြီးကို စတင်တည်ဆောက်ရာအချိန်ကစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၀၀–ခန့်မျှ ရှိလေပြီ။ ဤမျှသော ကာလပတ်လုံး ကျွန်ုပ်တို့၏ ရာဇဝင် အဖြစ်အပျက်၊ ကျွန်ုပ်တို့လူမျိုးအတွက် သတ္တိဗျတ္တိနှင့် အံ့ဘွယ်တနန်း သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြသည့် မရေမတွက်နိုင်သော သွားလေသူ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ ထိုပုဂ္ဂိုလ်တို့ ပေးအပ်ခဲ့သည့် အမွေအနှစ်တည်းဟူသော အာဇာနည်စိတ် စသည်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိရကြပေလိမ့်မည်။ သို့သတိရကြသည့် အားလျော်စွာ ထိုထိုသော အာဇာနည်ပုဂ္ဂိုလ်အပေါင်းတို့အား ကျွန်ုပ်တို့သည် တခဏတာမျှ အရိုအသေပြုပြီးလျှင် ထိုထိုသော အာဇာနည်ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကို မှီအောင် အားထုတ်လုံးပမ်းကြမည်။ ထိုထိုသော အာဇာနည်ပုဂ္ဂိုလ်တို့၏ လုပ်ငန်းကို ဆုံးခန်းတိုင်ဆက်လက်၍ ဆောင်ရွက်မည်ဟူ၍ သစ္စာပြုကြပါစို့။ ကျွန်ုပ်တို့၏လူမျိုးသည် အမှန်စင်စစ် ကြီးပွားတိုးတက် တန်ခိုးထွက်ပေတော့မည်။

ကျွန်ုပ်သည် ဤကဲ့သို့ ရာဇဝင်သဘောအခြေခံကို နားလည်ကာ စဝေးမိကြလေပြီ။ သို့ရာတွင် ဤစုဝေးခြင်းသည် ပထမအကြိမ် မဟုတ်ချေ။ ၁၉၂၀–ခုနှစ်ကစ၍ ဤစိတ်ဆန္ဒမျိုးနှင့် စုဝေးခဲ့ကြသည်မှာ အကြိမ်ကြိမ် ရှိခဲ့လေပြီ။ အဘယ့်ကြောင့် စုဝေးခဲ့ကြသနည်း။ ယခုလည်း အဘယ့်ကြောင့် စုဝေးကြသနည်း။ ကျွန်ုပ်တို့၏ လူမျိုးသည် ရာဇဝင်တလျှောက်တွင် နိုင်ငံခြားသားတို့ စိုးမိုးအုပ်ချုပ် ကျွန်သဘောက်လုပ်ခြင်းကို ပထမဆုံး ခံခဲ့ကြရကား ကျွန်ုပ်တို့ လူမျိုးမှာ အဖက်ဖက်တွင် နင်းပြားဖြစ်ခဲ့ရကြသောကြောင့် လူချင်းမတူ သူချင်းမမျှ ကျွန်ုပ်တို့ ဆန္ဒအတိုင်း လူတန်းစေ့ ဘဝကို မနေနိုင်ခဲ့ကြချေ။ သို့အတွက် ကျွန်ုပ်တို့လူမျိုးသည် ဤကာလအတောအတွင်း တမိုလ်လဲက တမိုလ်တက်၊ တတပ်ပျက်က တတပ်စု၊ လူထုနှင့်ချီ၍ ကျွန်ုပ်တို့၏ ဆန္ဒပြည့်ဝအောင် ကြိုးပမ်း

စွန့်စားခဲ့ကြပေသည်။ ကျွန်ုပ်တို့၏ လွတ်လပ်ရေးလုပ်ငန်းသည် အတက်အဆုတ် အဖျက်အရှုတ် မည်မျှလောက်ပင် များစေကာမူ တဖြည်းဖြည်း အင်အားတိုးတက် လာခဲ့လေသည်။ အဆင့်ဆင့် အုတ်မြစ်ကစ၍ တည်ဆောက်ခဲ့ရာ ကျွန်ုပ်တို့ ယခုအခြေအနေသို့ ရောက်ခဲ့လေသည်။ ရှေးယခင်က ဆောင်ရွက်ခဲ့သော မျိုးချစ် ပုဂ္ဂိုလ်များ၏နည်းနိဿ လုံ့လဉဿဟကို ယခုအချိန်တွင် ကျွန်ုပ်တို့ အထင်သေး အမြင်သေး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကမ္ဘာ့ရာဇဝင်ကိုကြည့်လျှင် လွတ်လပ်ရေးလုပ်ငန်းကြီးကဲ့သို့သော တိုးတက်မှုသည် မျက်စေ့တမှိတ် လျှပ် တပျက်အတွင်းတွင် မဖြစ်နိုင်။ အဆင့်ဆင့် အခြေအနေကို ကြည့်ရှုပြီး လုံးပမ်း နိုင်မှ တိုးတက်အောင်မြင်မှု ရှိနိုင်မည်ကို သတိပြုကြရပေလိမ့်မည်။ သို့ဖြစ်သော ကြောင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးလုပ်ငန်းကို တခေတ်နှင့် တခေတ် အဖြစ် သနစ် အခြေမှန်ကို ဝေဘန်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့ နား လည်ကြရပေမည်။ ဤကဲ့သို့ အမြင်မှန်မှသာလျှင် လွတ်လပ်ရေးအောင်ပန်း ဆွတ်လှမ်းနိုင်သောအချိန် ကျရောက်သောအခါ ကျွန်ုပ်တို့ သာမဟုတ် ကျွန်ုပ်တို့ လူမျိုးတမျိုးလုံး အစဉ်အဆက် သက်စွန့်ကြိုးပမ်းမှုကြောင့် ကျွန်ုပ်တို့ လူမျိုး လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြပေသည်ဟူ၍ သိရှိနားလည်ကြပေလိမ့် မည်။

သို့သော်လည်း ယခုအခါ၌ လွတ်လပ်ရေးပန်းတိုင်သို့ မရောက်သေး ချေ။ ပန်းတိုင်သို့အရောက် ကျွန်ုပ်တို့ အားခဲ၍ သွားကြရပေလိမ့်ဦးမည်။ ရဲဘော် တို့သည် ကျွန်ုပ်အား ဤခက်ခဲသော လမ်းခရီးတွင် ရှေ့ဆောင်စေလိုကြ၏။ ကျွန်ုပ်ကို ဤကဲ့သို့ ယုံကြည်အားထားမှုကြောင့် ကျွန်ုပ် ကျေးဇူးတင်ပါ၏။ သို့သော်လည်း မကွယ်မထောင့် ဖြောင့်မတ်စွာ ပြောရမည်ဆိုလျှင် ကျွန်ုပ် ရှေ့ ဆောင်ပြုမှုကြောင့် မြန်မြန်ထက်ထက် လွတ်လပ်ရေးပန်းတိုင်သို့ နီးကပ်လိမ့် မည်ဟူ၍ ကတိပေးခြင်းကို မပြုလိုပေ။ အဘယ့်ကြောင့်ဆိုသော် လူတဦး တယောက်သည် မည်မျှလောက် စွမ်းပကားရှိစေကာမူ လူထု၏ အားပေး ယိုင်းပင်းမှု မရှိဘဲလျက် ရာဇဝင်တွင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက် အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပေ၏။

ကမ္ဘာ့ရာဇဝင်တွင် အလွန်ထက်မြက်သော ပုဂ္ဂိုလ်ထူးများ ရှိခဲ့ဘူးပါ၏။ သို့ရာတွင် အနည်းငယ်သော လူတစုက ရာဇဝင်ကို မပြောင်းလဲ မပြုပြင်နိုင်ချေ။ အထက်ရာဇဝင်၏ ပြောင်းလဲမှုအသည် အဆင့်ဆင့် အခြေအနေကို ထောက်ချင့်လျှက် တိုးတက်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးပေပြီ။ ရာဇဝင်တလျှောက် သတ္တိဗျတ္တိရှိသူကို ကြည်ညိုလေးစား အားကိုးအားထားပြုတတ်သော လူများ၏စိတ်စေတနာကို သိရှိနားလည်ပါ၏။

လူတဦးတယောက်သည် မိမိ၏သတ္တိဗျတ္တိကိုလည်းကောင်း၊ သူတပါးတို့၏ သတ္တိဗျတ္တိကိုလည်းကောင်း၊ ယုံကြည်အားကိုးမှသာလျှင် ကြီးကျယ်ခမ်းနား အကျိုးများအောင် ပြုလုပ်ဆောင်ရွက်နိုင်သည်ကိုလည်း သိရှိနားလည်ပါ၏။ သို့သော်လည်း သတ္တိဗျတ္တိရှိသူကို အရမ်းမဲ့ ဘုရားတဆူ ဂူတလုံးလုပ်ကာ အားထားလေးစား ကိုးကွယ်မြှောက်စားသည့်အဖြစ် ရောက်စေခဲ့လျှင် ဘုရားအတုများ ပေါ်ပေါက်စေတတ်လေသည်။ ဒုက္ခများမြောင်ဤလူ့ဘောင်ကြီးတွင် ဤကဲ့သို့ ဘုရားအတုများကို ကျွန်ုပ်တို့ ထပ်မံ အလိုမရှိကြတော့ချေ။ သို့ဖြစ်ရကား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားနှင့်သက်ဆိုင်သော လွတ်လပ်ရေးလုပ်ငန်းအတွက် ဒိုးတူဘောင်ဘက် လက်တွဲလျက် ဆောင်ရွက်ကြပါစို့။ ဤသို့ ဆောင်ရွက်မှသာလျှင် သတ္တိဗျတ္တိရှိသူများကို အမြင့်မြတ်ဆုံးသောနည်းဖြင့် လေးစားကြည်ညိုရာ ရောက်ပေမည်။ ဤကဲ့သို့ ဆောင်ရွက်မှသာလျှင် ကျွန်ုပ်တို့၏ လုပ်ငန်းကြီး ပြီးစီးအောင်မြင်၍ ကျွန်ုပ်တို့၏ လွတ်လပ်မှုကို ရကြပေလိမ့်မည်။ သတ္တိဗျတ္တိရှိသူများကိုသာ အားမကိုးမူ၍ လူတိုင်းလူတိုင်းပင် မိမိတို့ ကိုယ်တိုင်သတ္တိဗျတ္တိရှိသော သူရဲကောင်းများဖြစ်အောင် စွန့်စားရပေလိမ့်မည်။ သို့မှသာလျှင် ကျွန်ုပ်တို့အားလုံး လွတ်လပ်ရေးအစစ်ကို ခံစားခွင့် ရကြပေလိမ့်မည်။ ဤကဲ့သို့ လွတ်လပ်ရေးအစစ်ကို ခံစားနိုင်ရန် ကျွန်ုပ်တို့သည် လွတ်လပ်ရေးပန်းတိုင်သို့ ရှေ့ရှု၍ သွားကြပါစို့။

သို့ဖြစ်ရကား ရှေ့ဆောင်ရှေ့သွားပုဂ္ဂိုလ်များက ကျွန်ုပ်တို့အား အလွန်ကြီးလေးသောတာဝန်ကို ဆက်လက်ဆောင်ရွက်ရန် ပေးအပ်ထားခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့ကလည်း ဤတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရပေလိမ့်မည်။ အဘယ်

Myanmar Cupid Community PDF Creator Group

ကဲ့သို့ ထမ်းရွက်ကြမည်နည်းဟူ၍ ပြဿနာပေါ်လာပေ၏။ ဤပြဿနာကို မဖြေရှင်းမီ ပြဿနာကို ဖြေရှင်းရာဖြေရှင်းကြောင်း သဲလွန်စအပေါင်းတို့ကို ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ရှာဖွေသင့်သည်ဟူ၍ ယူဆရပေမည်။ အဘယ့်ကြောင့်ဆိုသော် ယခုခေတ်ယခုအခါ၌ ကမ္ဘာသူကမ္ဘာသားတို့ ရင်ဆိုင်တွေ့ကြုံနေရသောပြဿနာ အပေါင်းတို့သည် တခုနှင့်တခု ရောထွေးယှက်တင်ခွဲခြားခြင်းငှာ မတတ်စွမ်းနိုင်သောအခြေအနေသို့ ရောက်လျက်ရှိနေပေသည်။ တနည်းအားဖြင့်ဆိုသော် ကမ္ဘာကြီးတခုလုံးသည် ရှန်းရင်းဆန်ခတ် နေရာမလပ်အောင် လှုပ်ရှားပြောင်းလဲလျက်ရှိနေပေ၏။ အမျိုးသားရေး၊ လူမျိုးတမျိုးနှင့်တမျိုး ဆက်သွယ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကြီးပွားရေး၊ ယဉ်ကျေးရေး၊ ဘာသာရေး၊ အကျင့်ကောင်းရေးစသော ထိုထိုသော အရေးတို့သည် စင်စစ်မှာ ဤရောထွေးယှက်သန်းလျက်ရှိသော ကမ္ဘာ့ပြဿနာကြီး၏ အစိတ်အပိုင်းများသာ ဖြစ်သည့်အားလျော်စွာ ခေတ်ကာလနှင့်ကိုက်ညီ၍ အစဉ်တစိုက် သဘောသဏ္ဌာန် ပြောင်းလဲလျက် ရှိကြပေသည်။ သို့ပြောင်းလဲလျက်ရှိသောကြောင့် ကျွန်ုပ်တို့သည် ဤအရေး ဤကိစ္စများကို အသီးအသီး အသးက အသးက တခုနှင့်တခု မဆိုင်ဘိသကဲ့သို့ မဆင်ခြင် မစဉ်းစားခြင်းငှာ မဖြစ်နိုင်တော့ချေ။ ဤအရေး ဤကိစ္စ ဥဿုံအလုံးစုံကို ဆင်ခြင်စဉ်းစားသောအခါ၌လည်း ကျွန်ုပ်တို့သည် ခေတ်မမှီသော အတွေးအခေါ်၊ နောက်ကျကျန်ရစ်ခဲ့သောဥပဒေသတို့ကို လေ့နံစားထစ် လိုက်နာခြင်းငှာ မဖြစ်နိုင်တော့ချေ။ ကျွန်ုပ်တို့နိုင်ငံတွင် ယခုအချိန်အခါ၌ ခေတ်ပြောင်းခေတ်လွှဲရှိကြောင်း အငြင်းမထွက်ဘဲလျက် သဲသဲမဲမဲ ရေးကအတွေးအဆရှိသူများ ရှိကြပေသေး၏။ အချို့သောသူများသည် ယခုထက်ထိပင် ယုတ်မာညစ်ထေး ရေးကနိုင်ငံရေးမျိုးကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲလျက်ဖြစ်စေ လိုက်စားလျက်ရှိကြသေး၏။ နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည် မဟုတ်။ နိုင်ငံရေးကို ယုတ်မာညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာဖြစ်ပေ၏။ နိုင်ငံရေးဆိုတာ ဘာလဲဟု မေးဘွယ်ရာ ရှိပြန်၏။ ကျွန်ုပ်တို့သည် သာမန်ပုထုဇဉ်များ ဖြစ်သောကြောင့် နိုင်ငံရေးကိုမလုပ်သင့်၊ နိုင်ငံရေးသည် အလွန်မြင့်မြတ်သည့်

Myanmar Cupid Community PDF Creator Group

အတွက် ကျွန်ုပ်တို့နှင့် မတန်မရာ၊ လေးမြတ်စွာ မျှော်ရှုရန်သာလျှင် ရှိသည်ဟူ၍ ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် အချို့သော လူညာလူလိမ် တို့သည် တောအုံကနား ကျေးတောသား လူရိုးလူအတို့ကို အတိတ်တပေါင်၊ စနည်း၊ ဘဝေါတို့ကို တွင်တွင်ကြီးဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကို လိုက်၍ အငိုက်ကို ဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့်ကိစ္စဟုဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော၊ အန္တရာယ်များစွာရှိသော အရေးကိစ္စဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မတတ် သာလျှင် ရှောင်ရှားသင့်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ်၊ နိုင်ငံ ရေးသည် ကျွန်ုပ်တို့ ပြောလေ့ပြောထ ရှိသည့်အတိုင်း အမျိုး၊ ဘာသာ၊ သာသနာရေးဟူ၍ပင် ဆိုရမည်လော။ နိုင်ငံရေး သဘောအမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်း မဟုတ်။ နိမ့်ကျလွန်း သည်လည်းမဟုတ်။ မျက်လှည့် ဗေဒင်လည်းမဟုတ်။ အဂ္ဂိရတ်လည်းမဟုတ်။ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလည်းမဟုတ်။ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်နှင့်လုပ်သော အရေးကိစ္စလည်း မဟုတ်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေအနေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏။ အတိုချုပ်ဆိုရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူလောကတွင် တွေ့ကြုံနေကြ ရသော ကိစ္စပင်ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှု သောက်မှု နေမှု ထိုင်မှု သွားလာမှု အစုစုသည် နိုင်ငံရေးပင် ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ် တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။ အလုပ်သမား သည် အခကြေးငွေအတွက် အလုပ်လုပ်ရ၏။ တောင်သူ လယ်သမားသည် ဝမ်းစာအတွက် လယ်ယာလုပ်ရ၏။ ကုန်သည်ပွဲစားစသည်တို့သည်လည်း အသီး

သီးပင် ဝင်ငွေရရန် အလုပ်လုပ်ကြရ၏။ အချုပ်မှာ စားသောက် နေထိုင်ရေး အတွက်ပင် ဖြစ်၏။ အလုပ်သမားသည် အခကြေးငွေကို တိုးတက်၍ ရပြီးလျှင် စားသာ သောက်သာသော အခြေအနေကို ရလို၏။ တောင်သူလယ်သမားသည် မိမိ၏ လယ်မြေတို့ကို တိုးတက်ကောင်းမွန်စေ၍ သက်သာချောင်ချိ လို၏။ စာရေးစာချီအမှုထမ်းတို့သည်လည်း ရုံး၌ တကုတ်ကုတ် လုပ်နေရသော ဘဝ ထက် လွတ်လွတ်လပ်လပ် ချောင်ချောင်လည်လည်ရှိသော အခြေအနေသို့ ရောက်လိုကြ၏။ ကုန်သည်ပွဲစားတို့လည်း လွယ်လွယ်ကူကူ တိုးချဲ့၍ ကူးသန်း ရောင်းဝယ်လိုကြ၏။ ဤကဲ့သို့ လူတိုင်းလူတိုင်း မိမိတို့၏ အခွင့်အရေးကို ရယူ လိုခြင်းသည် နိုင်ငံရေးပင် ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ ကြုံတွေ့ နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက်ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့ နိုင်ငံရေးသည်လည်း ပြောင်းလဲလျက်ရှိ၏။ ကျွန်ုပ်တို့အားလုံး သက် သက်သာသာ ချောင်ချောင်ချိချိ လူတန်းစေ့အောင် နေနိုင်ရန်အတွက် အခွင့် အရေးများပိုမိုရရှိအောင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကိုတောင့်တကြပေသည်။ လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ်လပ်မှု၊ လူတဦးတယောက် အနေနှင့် ၎င်း၊ တမျိုးလုံးအနေနှင့်၎င်း၊ တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ ကာယ၊ ဉာဏ၊ စိတ္တ အဆင့်အတန်း တိုးမြင့်အောင် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်မှုတို့ စသည်တို့ကို ဆိုလိုပေသည်။ ဤ လွတ်လပ်မှုရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ သို့ဖြစ်ရကား နိုင်ငံရေးသည် လူမှုရေးမျှသာဖြစ်၏။ နိုင်ငံရေးကို ကျွန်ုပ်တို့နားမလည်စရာ အကြောင်းမရှိချေ။ သို့ပါလျက်နှင့် အချို့သောသူများသည် နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည် ဟု ဆိုကြ၏။ တချို့ကလည်း နိုင်ငံရေးသည် ကိုးကွယ်ရာဘာသာတရပ် ဖြစ်သကဲ့သို့ ဆိုကြပြန်၏။ ထိုသူတို့၏အယူအဆတို့မှာ အလွဲလွဲအမှားမှား၊ အကွဲကွဲအပြားပြား ရှိကြပေ၏။ နိုင်ငံရေးကို ဘာသာတရားဖြစ်သကဲ့သို့ ပြောဆို ကြသောသူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင်လျှင် ဖြစ်ပေ ၏။ ထိုသူတို့၏ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လည်ဆည်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏စိတ်ကို ရှုပ်ထွေးစေ၍ အကြောင်းအကျိုး

အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင်ပြုလုပ်ခြင်းမျှသာ ဖြစ်ပေ၏။ အမှန်မှာ ထိုသူတို့ ပြုလုပ်သမျှသည် နိုင်ငံရေးမဟုတ်။ မိမိတို့ အကောက်ဉာဏ်ကိုသုံး၍ မိမိတို့ကြီးပွားရေး တနပ်စား နိုင်ငံရေးပင်ဖြစ်၏။ ကိုးကွယ်သည့်ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင်ယုံကြည်မှုဖြစ်၏။ နိုင်ငံရေးမှာကား လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာဖြစ်၏။ သိပ္ပံအတတ်အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက်ရပေလိမ့်မည်။ အခွင့်အရေးများတွင် လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်းပါဝင်လေ၏။ ဤအခွင့်အရေးပေးရာ၌ပင်လျှင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့် ကိုးကွယ်သည့်ဘာသာရေးနှစ်ဌာန စပ်ကြားတွင် စည်းတားရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံရေးနှင့်ဘာသာရေးမှာ သဘောမတူ၊ အမှုကွဲပြား တခြားစီဖြစ်သောကြောင့်တည်း။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏သဘောတရားကို ဆန့်ကျင်ရာရောက်ပေ၏။ အကြောင်းမူကား ဘာသာရေးသည် နောင်တမလွန်ဘဝများကို(ဝါ) လောကုတ္တရာကို ရှေ့ရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။

လုပ်ငန်းသဘောမှာ လူမျိုးတိုးတက်ရေးနှင့် ဘာသာရေးတို့သည် အခြေခံသဘောအားဖြင့် ဆန့်ကျင်စရာ အကြောင်းမရှိဟု ယူဆမိပေသည်။ ဘာသာတရားက သစ္စာ၊ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခဲ့ရာ၊ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။ သို့ပါလျက်လည်း ဘာသာတရား၏ နာမကို အလွဲသုံးစားပြုကြပြီးလျှင် လူတဦးသည် တဦး၏ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းကို အကြောင်းပြု၍ မတရားသောအမှုတို့ကို ပြုသည်ရှိသော် ပတ်ဝန်းကျင်ရှိလူစုသည် ထိုမတရားမှုကို လျစ်လျူရှုခြင်း ဘယ်နည်းနှင့်မျှပြုနိုင်မည်မဟုတ်ပေ။ အကယ်၍ ဘာသာကို အမှီပြု၍ အသက်မွေးသူတို့သည် ဘာသာ၏အမည်ကိုသုံးလျက် တရားဓမ္မဖြစ်လေဟန် ဟောပြောချက်တခုကိုပြုလျှင် လူအများကို နစ်နာစေမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် လူချမ်းသာကို လိုလားသည့်အားလျော်စွာ တားမြစ်ရပေလိမ့်မည်။ ဤဥပဒေသ

Myanmar Cupid Community PDF Creator Group

သည် ကျွန်ုပ်က ထွင်လိုက်သော ဥပဒေသ မဟုတ်ချေ။ ကျွန်ုပ်တို့၏ရာဇဝင်တွင် အလွန်ကျော်ကြားထင်ရှားသော အနော်ရထာဘုရင်မင်းမြတ်သည် ဤဥပဒေသကို ထိထိရောက်ရောက် လိုက်နာဆောင်ရွက်ခဲ့ဘူးလေသည်။ ရာဇဝင်ကိုကြည့်မူ ဘာသာတရားကိုမှီ၍ အသက်မွေးကြသောသူများကို ခွဲခြား၍ သိနိုင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့လူမှုကို ဘာသာတရားသည် ရှုပ်ထွေးစေသည်မဟုတ်။ ဘာသာရေးတရားကိုမှီး၍ အသက်မွေးကြကုန်သော သူတို့သည်သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာတရားကို ကြည့်ပြန်မူ ဤကဲ့သို့သော လူမျိုးကို အားပေးခြင်း တွေ့မြင်ကြရပေလိမ့်မည်။ သို့သော်လည်း အသီးသီးသော ဘာသာတရားတို့ကိုမှီ၍ အသက်မွေးကြကုန်သောသူများ ရှိခဲ့ဘူးလေပြီ။ ဥရောပတိုက်၌ ရဟန်းမင်းကြီးများနှင့် ဧကရာဇ်မင်းတို့ အချင်းဖြစ်ပွားခဲ့ပုံ၊ ကျွန်ုပ်တို့နိုင်ငံ၌ အရည်းကြီးများနှင့် အနော်ရထာမင်းမြတ် အရေးတွေ့ရပုံ၊ အနောက်နိုင်ငံကြီးတို့နယ်ချဲ့ရာတွင် သမ္မာကျမ်းစာကိုင်သူတို့က ရှေ့သွားလုပ်၍ အလံကိုင်သူနှင့် ကုန်သည်တို့က နောက်မှလိုက်ရပုံ အကြောင်းစုံတို့ကို ထောက်ထားလျက် မည်သည့်ဒေသကာလ၌မဆို ဘာသာတရားကိုမှီ၍ အသက်မွေးကြသူများ ရှိခဲ့ဘူးကြောင်းကို ကျွန်ုပ်တို့သတိရကြပေလိမ့်မည်။ ယခု ဘာသာတရားကိုမှီ၍ အသက်မွေးသူများဟုဆိုရာ၌ ရှင်းလင်းရန် လိုနေပေသေး၏။ ဘုန်းကြီးပင်ခေါ်ခေါ်၊ ရဟန်းပင်ခေါ်ခေါ် နှစ်မျိုးနှစ်စားရှိ၏။ တမျိုးမှာ ဘာသာတရားကိုမှီ၍ အသက်မွေးသူများသာဖြစ်၍ ဘာသာတရားပြန့်ပွားတိုးတက်မှုကို သတိပြုခြင်း၊ အားထုတ်ခြင်း မရှိချေ။ ဘာသာတရားနှင့်ဆန့်ကျင်သော အမှုမျိုးကိုပင် ပြုကြ၏။ တမျိုးမှာကား ဘာသာတရားတိုးတက်ပြန့်ပွားမှုကို လေးစား၍ လောကီသားတို့၏အမှုကို ရှေ့ရှုခြင်း မရှိချေ။ ကျွန်ုပ်တို့တိုင်းပြည်တွင် သံဃာတော်အရှင်မြတ်များသည် ရာဇဝင်တလျောက်လုံး ကျွန်ုပ်တို့လူမျိုး၏ ရှေ့က မားမားမတ်မတ်ရပ်လျက် မြင့်မြတ်သော အမှုမျိုးကိုသာ ပြုခဲ့ကြပေ၏။ ရှေးခေတ်များ၌ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့တမျိုးလုံးကို ပညာသင်ပေးရန်တာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော်အရှင်သူမြတ်များ ပညာသင်ကြားပေးလျက် ရှိကြသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည်

စာပေတတ်မြောက်ကြပေ၏။ အချုပ်မှာ သံဃာတော်အရှင်မြတ်များ၏ စေတနာ လုံ့လကြောင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်မြင့်မြတ်မှု၊ အသွင်အပြင်ယဉ်ကျေးမှုတို့သည် အထူးသဖြင့် တိုးတက်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့၏ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့၏ ထူးကဲသော ကျေးဇူးဥပကာရများကို ခံတော်မူထိုက်ကြပါပေ၏။ ကျွန်ုပ်တို့နိုင်ငံတွင် များသောအားဖြင့် ဗုဒ္ဓသာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသည်ဖြစ်သောကြောင့် အခြားဘာသာတရားများကို မထိခိုက်စေဘဲ ပြောလိုသည်မှာ နှစ်ပေါင်း၂၅၀၀ အတွင်း လိမ်းကပ်၍လာခဲ့သော ချေးညှော်တို့ကို ကျွန်ုပ်တို့ ပွတ်တိုက်နိုင်ခဲ့ပါလျှင် ဗုဒ္ဓသာသနာရောင်သည် ကမ္ဘာပေါ်တွင် အထွန်းပြောင်ဆုံး ဖြစ်လာလိမ့်မည်ဟူ၍ ယူဆရပေမည်။

သို့ဖြစ်သောကြောင့် ယခု သံဃာတော်အရှင်မြတ်များအား သီးခြား၍ လျှောက်ထားလိုပါသည်ဘုရား။ အရှင်သူမြတ်များဘုရား၊ အရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြပါသည်။ အရှင်ဘုရားတို့က သာသနာတော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင်အလင်း ပေးသနားတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမစိတ္တနှင့် ညီရင်းအစ်ကို၊ မောင်ရင်းနှစ်မကဲ့သို့ နေနိုင်ကြပါလိမ့်မည်။ အရှင်သူမြတ်များကို ဘုရားတပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပါသည်။ တကမ္ဘာလုံး ကိုးကွယ်ဆည်းကပ်သည်တို့ကိုလည်း မြင်ချင်ပါသည်။ တပည့်တော်တို့နိုင်ငံတွင်သာမက တကမ္ဘာလုံးမှာပင် မေတ္တာတရား၊ သမစိတ္တ သဘောတရားတို့ကို ပြုပြင်နိုင်သောစွမ်းပကား အရှင်ဘုရားတို့မှာ ရှိပါသည်။ ဤစွမ်းပကားကို သုံးရာ၌ အောင်မြင်တော်မူပါလျှင် မနုဿလူတမျိုးလုံး အစဉ်အဆက် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ရှိခိုးပူဇော်ကြပါလိမ့်မည်။ ဤကဲ့သို့ဆောင်ရွက်မှုသည် သာသနာဘက်ကကြည့်၍ မြင့်မြတ်သည် မဟုတ်ပါ။ တပည့်တော်တို့၏ နိုင်ငံနှင့် လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာလည်း ရောက်ပါသည်ဘုရား။ တပည့်တော်တို့နိုင်ငံ အရပ်ရပ်သို့ ကြွရောက်တော်မူပြီးလျှင်

မေတ္တာတရား ညီညွတ်ရေးတရားများကို ဟောတော်မူကြပါ၊ မြင့်မြတ်သော လွတ်လပ်ရေးတရားကိုလည်း ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေး ဆိုရာ၌ လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ကာလဒေသ မရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်မှု၊ လူအ လူန ဘဝမှ လွတ်မြောက်မှု စသည်တို့ ဖြစ်ပါသည်။ အရှင်သူမြတ်တို့သည် သုံးလူ့ ထွတ်ထား မြတ်စွာဘုရား ဩဝါဒပေးတော်မူခဲ့သည့်အတိုင်း အပ္ပမာဒေန သမ္ပာ ဒေထ– မမေ့မလျော့ဘဲ အစဉ်ထာဝရ အားထုတ်ကြဘို့ တပည့်တော်တို့ ဗမာ လူမျိုးတမျိုးလုံးကို ဆုံးမတော်မူကြပါဘုရား။ ဤသို့သော မိမိကိုယ်ကို မိမိသာ လျှင် အားကိုးမှုဖြင့် တပည့်တော်တို့၏ လူမျိုးသည် လောကုတ်လောကီ နှစ်လီ အကျိုးထူးများကို ခံစားနိုင်အောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ အရှင်မြတ် များကို ရိုသေလေးမြတ်စွာ တိုက်တွန်းစကား လျှောက်ထားခြင်းကိုသာ ပြုနိုင်ပါ သည်။ ဆောင်ရွက်လို့ တာဝန်ကျေပွန်မည် မကျေပွန်မည်ဟူသောပြဿနာကို အရှင်သူမြတ်များသာ ဖြေရှင်းနိုင်ကြပေလိမ့်မည်။

အရှင်သူမြတ်များကို လျှောက်ထားပြီး၍ ကျွန်ုပ်သည် နိုင်ငံရေးကို ဆက်၍ပြောရပေဦးမည်။ နိုင်ငံရေးကို ပြော၍မဆုံးသေးချေ။ စင်စစ်မှာ နိုင်ငံရေး တို့မည်သည် ပြီးဆုံးခြင်းသို့ ရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ သံသရာ၌လည်နေရ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်အတိုင်း အကြောင်း နှင့်အကျိုး၊ အတိတ်နှင့်ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားသောခရီးကို တသွားတည်း သွားနေရပေပြီ။ ဤကဲ့သို့ အကြောင်း တရား အကျိုးတရား အမျိုးအစားကိုလိုက်၍ ဖြစ်ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံ ရေးဖြစ်၏။

ဥပမာအားဖြင့် ကမ္ဘာပေါ်တွင် စစ်ဖြစ်ပွားသည်မှာ အကြိမ်ပေါင်းများ လေပြီ။ စစ်သည် ဘာကြောင့်ဖြစ်ရသည်။ စစ်ဖြစ်သောအကြောင်းကြောင့် ဘယ်ကဲ့သို့သော အကျိုးတရားများရှိသည်ကို ကျွန်ုပ်တို့ ဝေဖန်ကြပါစို့။ ကျွန်ုပ် တို့သည် မကြာမီက ဒုတိယကမ္ဘာစစ်ကြီးမှ လွန်မြောက်လာခဲ့ကြပေပြီ။ ကျွန်ုပ် တို့နိုင်ငံတွင် ကြီးကျယ်စွာ သတ္တန္တရကပ် ဆိုက်ရောက်ခဲ့ပေပြီ။ အကြောင်းတရား

ကား အဘယ်နည်း။ ဖက်ဆစ်ဝါဒ အကြောင်းတရားဖြစ်၏။ ဖက်ဆစ်ဝါဒဆိုတာ ဘာလဲဟု မေးစရာရှိ၏။ ဖက်ဆစ်ဝါဒသည် လွန်ခဲ့သော ၂၅–နှစ်လောက်က အီတလီနိုင်ငံတွင် စတင်မွေးဖွားပြီးလျှင်၊ နောက် ဂျာမနီနိုင်ငံတွင် ကြီးပြင်း၍ လာခဲ့ပေသည်။ ဤဝါဒသည် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့၍ ဂျပန်ပြည်၌လည်း အစေ့အညှောက်မှ အပင်ကြီးပေါက်လေပြီ။ ကျွန်ုပ်တို့နိုင်ငံသို့ပင် ဆက်လက်၍ ရောက်ခဲ့ပြန်လေသည်။ ဤဖက်ဆစ်ဝါဒဆိုသည်မှာ အရင်းရှင်ဝါဒ၏ အဆိုး အသွမ်းဆုံးသော ဘဝသို့ရောက်ခြင်းပင်ဖြစ်၏။ အရင်းရှင်ဝါဒဆိုသည်မှာ ငွေ ပင်ငွေရင်း အမြောက်အမြား စိုက်ထုတ်နိုင်သောသူတို့သည် ကမ္ဘာပေါ်တွင် ကြီးနိုင် ငယ်ညှဉ်းဆဲလိုသည့် ယုတ်မာညစ်ဆိုး အသားစားဘီလူးသဘောမျိုးနှင့် နယ်ချဲ့၍နိုပ်စက်ကလူ ရန်မူသော တကိုယ်ကောင်းအယူဝါဒကို ယူသူများ၏ဝါဒ ဖြစ်ပေသည်။ အဘယ့်ကြောင့် ဤကဲ့သို့ ယုတ်မာညစ်ဆိုးဝါဒမျိုးသည် ကျွန်ုပ် တို့လူ့လောကတွင် ပေါ်ပေါက်လာရသနည်းဟု မေးဘွယ်ရာရှိ၏။ အဖြေမှာကား အရင်းရှင်တို့၏ ဝိသမလောဘ လှုံ့ဆော်မှုကြောင့် စီမံဖန်တီးသော အဓမ္မတရား မှုကြောင့်ဟု ဆိုလိုပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် ကမ္ဘာသူ ကမ္ဘာသားတို့ သက်သာချောင်ချိလွတ်လပ်စွာ နေထိုင်စားသောက်နိုင် အောင် ပစ္စည်းဥစ္စာ ရတနာအမျိုးမျိုးရှိပါလျက်နှင့် ဝေနေယျတို့၏ ချမ်းသာသုခ ကို မထောက်မထား စီးပွားလပ်လာဘတို့ကို မိမိတို့ချည်းသာ အဓမ္မကြုံးယူလို ကြသောကြောင့် ဆူကြုံနိမ့်မြင့် အတန်အသင့်မဟုတ်ဘဲ မိုးနှင့်မြေထဲ ခြားနားကွဲ လွဲလျက် ရှိပေသည်။ နောက်ဆုံး၌ မှောက်ပြန်ပွမ်းထိုး အမျိုးမျိုးသော ပြဿနာ များ ပေါ်ပေါက်လာပြီးလျှင် မရှုနိုင် မရှိုက်နိုင် ဟိုက်ယိုင်၍ ပြိုလဲလေတော့၏။ ဤအဓမ္မဝါဒကြောင့် ကမ္ဘာပေါ်တွင် လူတဦးနှင့်တဦး၊ လူမျိုးတစုနှင့်တစု၊ နိုင်ငံ တခုနှင့်တခု မေတ္တာစေတ်မကူးနိုင်ဘဲ လောဘ၊ ဒေါသ၊ မောဟ၊ ဟေတုတရား တို့ကိုသာ ပွားများ၍ လာခဲ့ကြလေသည်။ ဤဝါဒဆိုးကြောင့် တဖက်ကကြည့် ပြန်လျှင် လောကစေတ်ပညာ တိုးတက်လာခဲ့၏။ လောကစေတ်ပညာ တိုးတက် လေလေ ဤယုတ်မာသောဝါဒကို လက်ကိုင်ထားသူတို့ အလွဲသုံးစားပြု၍ ယုတ်မာလေလေ ဖြစ်သည်ကို တွေ့မြင်ရပေ၏။ အရင်းရှင်ဝါဒသမားတို့သည်

Myanmar Cupid Community PDF Creator Group

တဦးနှင့်တဦး၊ တစုနှင့်တစု၊ တမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံ တုပယှဉ်ပြိုင်သောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပဥ္စတရားသုံးပါး တွင်တွင်ကြီး နယ်ချဲ့လေတော့၏။ နောက်ဆုံး၌ အရင်းရှင်အလုပ်သမား၊ နယ်ချဲ့နိုင်ငံများနှင့် လက်အောက်ခံနိုင်ငံများ၊ အရင်းရှင်အချင်းချင်း၊ နယ်ချဲ့သမားအချင်းချင်း၊ ရန်သူခပင်းတိုးပွား၍ ကမ္ဘာတခုလုံး ကိုးယိုးကားယား၊ ကမောက်ကမ ဖြစ်လာလေတော့၏။ ဤသို့သော အကြောင်းတရားကြောင့် ကျွန်ုပ်တို့ ကမ္ဘာပေါ်တွင် ဤခေတ်ဆိုးကြီး၌ မကြာခဏ လှုပ်လှုပ်ရှားရှားစစ်မက်များ ပွားများလျက် ရှိနေရပေ၏။ ဤအရင်းရှင်ဝါဒ ကမ္ဘာပေါ်၌ပြန့်နှံ့နေသရွေ့ကာလပတ်လုံး တနည်းအားဖြင့်ဆိုသော် ဤအရင်းရှင်ဝါဒ ပပျောက်ပြီးလျှင် ဖြဟ္မစိုတရားတို့ အခြေပြုသော ‘ဆိုရှယ်လစ်ဇင်း’ ခေါ် လူအများ ကောင်းစားရေးဝါဒ၊ လူထုကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကားသရွေ့ကာလပတ်လုံး ကျွန်ုပ်တို့ကမ္ဘာမြေတွင် အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိကြပေလိမ့်မည်။ အရင်းရှင်ဝါဒီတို့သည် မိမိတို့ တကိုယ်ကောင်းအတွက် တိုးတက်၍ အမြတ်များများကို နည်းအမျိုးမျိုး၊ ပရိယာယ်အသွယ်သွယ်တို့ဖြင့် ရယူဘို့ကိုသာ ရှေ့ရှုလုံးပမ်းနေကာ၊ အများကောင်းစားရေးကို မလိုလားနိုင်ကြချေ။ ထို့အတွက် မိမိတို့ဝါဒအဆောက်အဦ ယိုင်လဲပြိုပျက်လျက်ရှိသည်ကို ဉာဏ်နီဉာဏ်နက်တို့ဖြင့် ကျားကန်လျက်ရှိနေကြပေပြီ။ ဤသို့ စိုင်းပြင်းမှုကို ကျွန်ုပ်တို့က နယ်ချဲ့ဝါဒဟူ၍၎င်း၊ ဖက်ဆက်ဝါဒဟူ၍၎င်း အမည်နှစ်မျိုးဖြင့် ခေါ်ရိုးရှိကြပေသည်။ သို့စဉ်လျက် ဤဒုတိယကမ္ဘာစစ်ကြီးတွင် အဘယ့်ကြောင့် နယ်ချဲ့ဝါဒီတို့နှင့် ဖက်ဆစ်ဝါဒီတို့သည် ရင်ဆိုင်၍ ယှဉ်ပြိုင်တိုက်ခိုက်ကြပါသနည်းဟု မေးဘွယ်ရာရှိပေ၏။ ဤသို့ အချင်းချင်း စစ်မက်ဖြစ်ပွားခြင်းပင်လျှင် အရင်းရှင်ဝါဒ သဘောအတိုင်းပင် ဖြစ်ပေ၏။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက အဖြစ်အပျက်ကို စစ်တွက်ရမည်ဆိုသော် ပထမကမ္ဘာစစ်ပြီးသည့်နောက် အင်္ဂလိပ်၊ ပြင်သစ်စသော နယ်ချဲ့နိုင်ငံတို့သည် ဖက်ဆစ်ဝါဒကို မြှောက်ကော်ပင့်ထိုး အမျိုးမျိုး အားပေးခဲ့ကြပေသည်။ ထို့ကြောင့်လည်း အီတလီနိုင်ငံသည် အဘီဆီနီးယားတိုင်းပြည်ကို သွားရောက်ကျူးကျော် သိမ်းပိုက်နိုင်ခဲ့၏။ ဂျပန်ပြည်သည် တရုပ်ပြည်၌ မန်ချူး

ရီးယားနယ်ကို နိုပ်စက်ကလူ တိုက်ခိုက်သိမ်းယူနိုင်ခဲ့၏။ ထို့ပြင် ဖက်ဆစ်ဝါဒသည် ဂျာမနီပြည် အစရှိသော ဥရောပနိုင်ငံများတွင် ပေါ်ပေါက်ပြန့်ပြီးလျှင် ကမ္ဘာတခုလုံးသို့ ပြန့်နှံ့လေတော့၏။ နောက်ဆုံး၌ ကိုယ်မွေးသည့်မျောက် ကိုယ့်ကိုချောက်၊ သရဲမွေးသည့် အောက်လမ်းဆရာ သရဲအစာ ဖြစ်ရပြန်သကဲ့သို့ နယ်ချဲ့နိုင်ငံများသည် ဖက်ဆစ်နိုင်ငံများ၏ အံတုခြင်းကို ရန်ပြုရလေတော့၏။ ဤသို့ မလွှဲသာ၍ ရန်ပြုရသော်လည်း ဆိုဗီယက်ရုရှား၊ တရုပ်ပြည်အစရှိသော အများကောင်းစားရေး ဒီမိုကရက်လုပ်ငန်း ကြီးပွားတိုးတက်လျက်ရှိသော နိုင်ငံများ၏ အကူအညီကို မယူဝံ့ဘဲ တိုက်ခိုက်ကြရာ သရဲနှင့်လူ အားချင်းမတူသကဲ့သို့ တရှုံးရှုံး တကွဲကွဲ၊ တဘုံးဘုံးတလဲလဲ ရှိကြသောကြောင့် ဥရောပတိုက်၊ အာရှတိုက်တလွှားတွင် ဖက်ဆစ်ဝါဒီများသာလျှင် အနိုင်ရကြလေတော့သည်။ ကျွန်ုပ်တို့နိုင်ငံအတွက်ဆိုရမူ၊ ဗြိတိသျှနယ်ချဲ့သမားတို့သည် ကျွန်ုပ်တို့လူမျိုး၏ ဆန္ဒကို မထောက်မထား၊ ကျွန်ုပ်တို့၏နိုင်ငံကိုလည်း ကာကွယ်နိုင်အား မရှိပါဘဲလျက်၊ ကျွန်ုပ်တို့လူမျိုးနှင့် ပူးပေါင်း၍ ကာကွယ်နိုင်အောင်လည်း မဆောင်ရွက်ပါဘဲလျက် ဖက်ဆစ်ဂျပန်ကို ရန်ပြုလေတော့၏။ စစ်ကြေညာစဉ်အခါက ဗြိတိသျှနယ်ချဲ့ဝါဒသမားတို့သည် ကျွန်ုပ်တို့လူမျိုးကို မိမိတို့နှင့်ပူးပေါင်း တိုက်ခိုက်လိုသောဆန္ဒ ရှိလာအောင်လည်း မပြုလုပ်ခဲ့ကြချေ။ ထိုစဉ်အခါက ဗြိတိသျှနယ်ချဲ့ဝါဒသမားတို့က အတ္တလန်တိတ်ချာတာစာချုပ်တွင်ပါရှိသော စစ်ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေးရည်ရွယ်ချက်များသည် ဗြိတိသျှလက်အောက်ခံနိုင်ငံ အိန္ဒိယပြည်၊ ဗမာပြည်တို့နှင့် မသက်ဆိုင်ချေဟူ၍ အတိအလင်း ငြင်းဆိုခဲ့ကြပေသည်။ ဗြိတိသျှနယ်ချဲ့သမားတို့သည် စစ်တိုက်ရာတွင် လုံးဝဆုံးရှုံးခြင်းတမျှသောဘဝသို့ ရောက်ခဲ့ကြရပေသည်။ သို့သော်လည်း နောက်ဆုံး၌ မိမိတို့၏ စေတနာကိုဆန့်ကျင်၍ ဆိုဗီယက်ရုရှားနှင့် မဟာမိတ်ပြုရလေတော့၏။ ဂျပန်ဖက်ဆစ်တို့ကို အနှစ်နှစ်အလလက ဦးတည်ဆန့်ကျင် ခုခံတိုက်ခိုက်လျက်ရှိသော တရုပ်ပြည်နှင့်လည်း ပူးပေါင်းဆောင်ရွက်ရပေတော့၏။ ကမ္ဘာပေါ်တွင် ဖက်ဆစ်ဝါဒီတို့၏လွှမ်းမိုးခြင်း၊ ခြိမ်းခြောက်ခြင်းကို ခံကြရကုန်သောနိုင်ငံ အသီးသီးရှိလူထုကြီး၏ အင်အားကိုလည်း စုရုံးကြရလေသည်။ ဤသို့အားဖြင့်

နယ်ချဲ့ဝါဒီနိုင်ငံကြီးများသည် ကမ္ဘာပေါ်ရှိ ဒီမိုကရက်လူထုအင်အားကို ကြည်ညိုမှုမရှိဘဲလျက် အားကိုးအားထားမဟာမိတ်ပြုကြရလေတော့၏။ ဤသို့ လူထု၏ အကူအညီကိုယူကြရာတွင် ကျေးဇူးတင်သော အနေအားဖြင့် အခွင့်အရေးတန်ခိုးအာဏာများ ပိုမိုပေးကြရပြန်၏။ ဤနေရာ၌ အခွင့်အရေးပေးကြသည်ကို ဗာရာဏသီချဲ့၍ ပြောရန်မလိုချေ။ မှတ်သားရမည့်အချက်မှာ နယ်ချဲ့ဝါဒသည် ဖက်ဆစ်ဝါဒကို လူထုအင်အားနှင့် ဖြိုဖျက်ခဲ့၏။ ထိုသို့ဖြိုဖျက်ရာတွင် မိမိလည်း ယိမ်းယိုင်တော့၏။ လူထု၏ ဒီမိုကရက်အင်အားမှာကား ကမ္ဘာပေါ်တွင် တနေ့တခြား ဒီရေအလား တိုးတက်ကြီးမားလာပေတော့၏။ လူတို့သည် စစ်ကိုသာ နိုင်အောင်တိုက်ခိုက်သည်မဟုတ်၊ ငြိမ်းချမ်းရေး အကျိုးကျေးဇူးများကိုလည်း ခံစားရန် လုံးပမ်းလျက် ရှိကြပေသည်။ ဤသည်ကား ဒုတိယကမ္ဘာစစ်ကြီးပြီးသောအချိန်တွင် တွေ့မြင်ရသော အခြေအနေပင်တည်း။ ဖက်ဆစ်ဝါဒီတို့သည် ဤစစ်ကြီးတွင် ဆုံးရှုံးကြကုန်၏။ သို့သော်လည်း ဖက်ဆစ်ဝါဒသည် အမြစ်တွယ်လျက်ပင်ရှိသေးသောကြောင့် အသက်ရှင်လျက်ပင်ရှိသေး၏။ ဖက်ဆစ်ဝါဒသည် စပိန်ပြည်တွင် ခိုင်မြဲလျက်ပင်ရှိသေး၏။ အခြားအခြားသော နိုင်ငံများတွင်လည်း ဖက်ဆစ်ဝါဒ၏ အရိပ်နိမိတ်များသည် ပေါ်လွင်လျက်ပင်ရှိသေး၏။ ဒီမိုကရေစီစတင်ပေါ်ထွန်းရာ ဗြိတိသျှနိုင်ငံ၌ပင် ဆာအော်စဝပ်မိုစလီ ခေါင်းဆောင်လျက်ရှိသော ဖက်ဆစ်ဝါဒများ ရှိသေး၏။ အတိုင်းတိုင်းအပြည်ပြည်စီးပွားရေး လက်ဝါးကြီးအုပ်သောသူများအဖြစ်ဖြင့်၎င်း၊ မြောက်မြားစွာသော အသားညို၊ အသားမဲလူမျိုးတို့ကို ဖိနှိပ်ချုပ်ချယ်သူများအဖြစ်ဖြင့်၎င်း တွေ့ရပြန်လေသည်။ စင်စစ်မှာ ဖက်ဆစ်ဝါဒ၏ ရေသောက်မြစ်များကို လုံးဝ မသုတ်သင်နိုင်သေးသရွေ့ကာလပတ်လုံး(ဝ) ကမ္ဘာပေါ်တွင် အားလုံးသောလူမျိုးတို့သည် လွတ်လပ်စွာနေထိုင် ပူးပေါင်းဆက်ဆံခြင်း မပြုနိုင်သရွေ့ကာလပတ်လုံး ငြိမ်းချမ်းရေးကို တည်မြဲအောင်လုပ်နိုင်ခြင်း၄ာ စွမ်းဆောင်နိုင်ကြမည် မဟုတ်ချေ။ ယခုအခါ၌ နိုင်ငံပေါင်းစုံကုလသမဂ္ဂကိုတည်ထောင်ပြီးသည်မှာ ကြာမည်မဟုတ်ချေ။ ယခုအခါ၌ နိုင်ငံပေါင်းစုံကုလသမဂ္ဂကိုတည်ထောင်ပြီးသည်မှာ မှန်၏။ ၎င်းသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများမှာလည်း မွန်မြတ်၍ ထောပနာ

Myanmar Cupid Community PDF Creator Group

ဩဘာပေးထိုက်ပါပေ၏။ ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက် တည်ထောင်ခဲ့သော နိုင်ငံပေါင်းစုံအသင်းကြီးက ဆောင်ရွက်နိုင်သည်ထက် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်အောင် အလွန် အားကိုးအားထားပြုနိုင်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီးလေပြီ။ ရှေးအခါကနှင့်မတူ ယခုဖွဲ့စည်းပြီး နိုင်ငံပေါင်းစုံကုလသမဂ္ဂတွင် အလွန်အထူးတန်ခိုးအင်အားရှိသော ဆိုဗီယက်ရုရှားနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများလည်း ဝင်ရောက်ဆောင်ရွက်လျက်ရှိကြ၏။ ထို့အပြင် တရုပ်ပြည်ကြီးသည်လည်း ခေါင်းဆောင်တဦးအနေနှင့် ပါဝင်ဆောင်ရွက်လျက်ရှိ၏။ စီးပွားရေး၊ ဘဏ္ဍာရေးပြန်လည်ထူထောင်ရေးများအတွက် ဘရက်ကင်ဝုဒ် ခေါ် ကွန်ဖရင့်အစည်းအဝေးကြီးက ထူးကဲစွာ စီမံပြီးဖြစ်လေသည်။ ယခုအခါ၌ ဤမျှသာလျှင် ပြုလုပ်ဆောင်ရွက်နိုင်ပေသည်ဟု ကုလသမဂ္ဂလိုလားသူတို့က ပြောကြပေလိမ့်မည်။ ကွန်ုပ်တို့ မှတ်သားသင့်သည်မှာ ဤနိုင်ငံပေါင်းစုံကုလသမဂ္ဂသည် စစ်အောင်မြင်သောနိုင်ငံကြီးများ၏ လက်အောက်ခံနိုင်ငံများရှိ လက်အောက်ခံလူမျိုးများအတွက် မည်သို့မျှ အစီအမံ မဆောင်ရွက်သေးသောကြောင့် ထိုထိုသော နိုင်ငံများရှိ လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး မျှော်လင့်ချက်သည် ရှေးကကဲ့သို့ မသေမချာ မရေမရာပင် ရှိပေသေး၏။

ဤကဲ့သို့ ဝေဖန်ရာတွင် ကျွန်ုပ်တို့ ယုံကြည်မှုနည်းသည်ဟူ၍ မယူဆစေလိုပါ။ ယခင် ကမ္ဘာစစ်ကြီးပြီးစက ငြိမ်းချမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဗြိတိသျှရာဇဝင်ဆရာတဦးက ဤသို့ထင်မြင်ချက်ပေးဘူး၏။ နိုင်ငံအသီးသီးတို့၏ ခေါင်းဆောင်တို့သည် အဖြစ်အပျက် ကြီးကျယ်သလောက် အလုမ်းကျယ်အောင် မလိုက်နိုင်ကြချေ။ ထိုသူတို့သည် ငြိမ်းချမ်းရေးကို ထူထောင်ကြ၏။ ငြိမ်းချမ်းရေးမှာကား ငြိမ်းချမ်းရေး အစစ်မဟုတ်ချေ။ အမေရိကန် စေတနာရှင်တို့ပင်လျှင် အပြောအားဖြင့် 'လူမျိုးအသီးသီးတို့သည် မိမိတို့၏ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ကြသည်' ဟု ဆိုခဲ့သော်လည်း လုပ်ငန်းမှာမူ ရက်ဒ်အင်ဒီယန်းလူမျိုးများ၊ အာဖရိက လူမျိုးများနှင့် ပတ်သက်သောအခါ ဤဝါဒကို ကျူးကျော်သောသူတို့ကို လျစ်လျူရှုခဲ့၏။ အိန္ဒိယနှင့် အီဂျစ်ပြည်တို့တွင် အင်္ဂလိပ်တို့ လွှမ်းမိုးကြီးစိုးလျက်ရှိကြသည်ကို ကြောင်တောင်ကြည့်နေကြ၏။ လူတို့၏ မူလ

ခလေ့သည် မရွေ့မပြောင်းသည်ကို တွေ့ရ၏။ ဥရောပတိုက်မှာပင် ဒီမိုကရေစီဝါဒအတွက် စိုးရိမ်စရာမရှိဟု မဆိုနိုင်သေးချေ။ စစ်အောင်မှုသည် ပပျောက်၍ စိတ်ပျက်ဖွယ်ရာ မနှစ်မြို့ဘွယ်ရာသော အကြောင်းများသည် ပေါ်ပေါက်လျက်ရှိနေပေပြီဟူ၍ ထင်မြင်ချက်ပေးခဲ့ဘူးလေသည်။ သို့ဖြစ်ရကား ယခုအခါ၌ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးလေးသော တာဝန်ဝတ္တရားသည် ဆိုဗီယက်ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်ကြီးပေါ်တွင် ကျရောက်လျက်ရှိနေပေသည်။ ၎င်းနိုင်ငံကြီးများသည် နိုင်ငံပေါင်းစုံကုလသမဂ္ဂကို တည့်တည့်မတ်မတ်ခေါင်းဆောင်လျက် ကမ္ဘာသူကမ္ဘာသားတို့ ယုံကြည်သက်ဝင် အားကိုးအားထားရာဖြစ်သော ငြိမ်းချမ်းရေးကို ဖန်တီးပေးရပေလိမ့်မည်။ ဆိုဗီယက်ရုရှားတွင် လူမျိုးအသီးသီးတို့သည် အာဇာနည်စိတ်နှင့် မသွေမဖယ် ရဲရင့်စွာ မိမိတို့နိုင်ငံတွင်းတွင် လူထုကောင်းစားရေး ဆိုရှယ်လစ်ဇင်ခေါ် ဝါဒအတိုင်း မဆုတ်မနစ်သောလုံ့လဥဿဟနှင့် လုံးပမ်းကြသည်သာမက၊ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဖက်ဆစ်ရန်သူတို့ကို ညီညာဖျဖျ ဝိုင်းဝန်း၍ ခုခံဖျက်ဆီးကြသည်များကို စဉ်းစားမိသောအခါ ကျွန်ုပ်တို့သည် အားမတက်ဘဲ မနေနိုင်တော့ချေ။ ဆိုဗီယက်ရုရှားကို ကျွန်ုပ်တို့သည် ကြည်ညိုမိ၏။ အားထားမိ၏။ မြှော်ကိုးမိ၏။ လက်အောက်ခံနိုင်ငံများ၏လွတ်လပ်ရေးအတွက် အရပ်ရပ်၌ အထူးသဖြင့် ဆန့်ဖရန်စစ္စကိုကွန်ဖရင့်၌ ဆောင်ရွက်မှုများအတွက် ဆိုဗီယက်ရုရှားကို ကိုးစားရာဟု ထင်မှတ်မိ၏။ ဆိုဗီယက်ရုရှားအတွင်း လူ၏ချမ်းသာသုခကို မည်ကဲ့သို့ စီမံဖန်တီးချက်ရှိကြောင်း၊ လူ၏လွတ်လပ်မှုအတွက် ခုခံကာကွယ်တိုက်ခိုက်ချက်ရှိသည်များကို အမှတ်ရသောအခါ အံ့ဩမိ၏။ ထိုနည်းတူစွာ နိုင်ငံကြီးငယ်တို့၏ လွတ်လပ်မှုအတွက် ရှေ့တန်းက မားမားမတ်မတ်ရပ်လျက် ပြောဆိုဆောင်ရွက်နေသော အမေရိကန်တိုင်းပြည်၏ စေတနာကြောင့် အားတက်မိ၏။ သမတရုစဘဲ့၏ အတ္တလန်တိတ်ချာတာဝေဖန်မှု၊ သမတထရူးမင်း၏ နိုင်ငံခြားဝါဒ ၁၂–ချက်တို့ကို ဆင်ခြင်မိ၍ မြှော်ကိုးတာဟု ထင်မိ၏။ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ် ကြီးကိုထားဘိဦး။ အဆက်ဆက်သော အမေရိကန်သမတကြီးများ၏ ပြောဆို ပြုလုပ်ချက်များကိုထောက်သော် ကမ္ဘာလွတ်လပ်မှုအတွက်

Myanmar Cupid Community PDF Creator Group

ခေါင်းဆောင် ဒီမိုကရက်နိုင်ငံကြီးဟူ၍ ယူဆမိ၏။ ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီဆိုသည်မှာ ပြည်သူတို့ကိုယ်တိုင် ပြည်သူတို့အကျိုးအတွက် အုပ်ချုပ်သောအစိုးရဟု သမတလင်ကွန်းပြောဆိုချက်ကို မကြာခဏ ပြောဆိုခဲ့ကြဘူး၏။ ကျွန်ုပ်တို့၏ အိမ်နီးပါးချင်း တရုပ်ပြည်ကြီး၏ ကြီးမားသော တန်ခိုးအင်အားကို ကြည့်ပြီးလျှင် ဂုဏ်ယူမိ၏။ မိမိရန်သူကို မဆုတ်မနစ်သောစိတ်ဓာတ်ဖြင့် နှစ်ပေါင်းများစွာ တဦးတည်းနှိမ်နင်း၍ အောင်မြင်မှုကိုရယူသည့်အတွက် တရုပ်ပြည်ကြီးကို ကျွန်ုပ်တို့ ချီးမွမ်းထောပနာ သြဘာပေးရပေမည်။ ပမာမှာ တရုပ်ပြည်ကြီး၏ အောင်မြင်မှုသည် အာရှတိုက်၏ လွတ်လပ်မှုသာမက ကမ္ဘာ၏ လွတ်လပ်မှုအတွက် တိုက်ခိုက်အောင်မြင်မှုဟူ၍ ယူဆရပေမည်။ တရုပ်ပြည်ကြီးသည် ယခုအခါ၌ ညီညွတ်ရေးလမ်းတွင် ဖြောင့်တန်းတည့်မတ်စွာ သွားနေကြပြီဟူသော သတင်းကိုကြားသိရ၍ ကျွန်ုပ်တို့ အလွန်ဝမ်းမြောက်ရပေသည်။ သို့အတွက် ဤမည်သော နိုင်ငံကြီးသုံးနိုင်ငံသည် တဦးနှင့်တဦး ငြူစူခြင်းမရှိဘဲ အတူတူ ပေါင်းသင်းဆက်ဆံ၍ ကမ္ဘာပေါ်တွင် မတရားမှုတို့ကို ပပျောက်စေပြီးလျှင် အလင်းရောင်ပေး၍ လွတ်လပ်မှုခံစားနိုင်သော ခေတ်သစ်ကြီး ထူထောင်နိုင်ကြပါစေဟူ၍ မျှော်လင့်အားထားရပေသည်။ ဤနိုင်ငံကြီးသုံးနိုင်ငံသည် နိုင်ငံပေါင်းစုံ ကုလသမဂ္ဂကို ကမ္ဘာ၏ငြိမ်းချမ်းမှု၊ ကမ္ဘာ၏လွတ်လပ်မှု ပေါ်ပေါက်တည်မြဲစေအောင် ခေါင်းဆောင်၍ ဤကုလသမဂ္ဂသို့ နိုင်ငံအသီးသီး လူမျိုးအသီးသီးတို့၏ ခေါင်းဆောင်အစစ်များကို ဖိတ်ကြားသင့်ကြပေသည်။ စကားအလျဉ်းသင့်၍ ပြောလိုသည်မှာ အရှေ့ဖျား ကော်မရှင်အဖွဲ့၌ အိန္ဒိယနိုင်ငံ မြန်မာနိုင်ငံကိုယ်စားလှယ်များကို ဗြိတိသျှအစိုးရက ရွေးချယ်ခန့်ထားခြင်းကို ကျွန်ုပ်တို့ ကန့်ကွက်ရပေမည်။ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသို့ ကျွန်ုပ်တို့၏ နိုင်ငံခေါင်းဆောင် ကိုယ်စားလှယ်များအဖြစ်ဖြင့် တက်ရောက်သင့်ကြပေသည်။

နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစား ခွဲခြားမှုတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ။ နိုင်ငံကြီး နိုင်ငံငယ်ဆိုရာ၌ ဘယ်

အကြောင်းကိုထောက်၍ ဆုံးဖြတ်မည်နည်း။ အကျယ်အဝန်းကိုလိုက်၍ ဆုံးဖြတ်မည်လော။ အကျယ်အဝန်းကိုလိုက်၍ ဆုံးဖြတ်ခဲ့ပါမူ အိန္ဒိယပြည်ကို အမြဲတစေ နိုင်ငံကြီးဟူ၍ ယူဆရပေမည်။ သို့ရာတွင် အိန္ဒိယကို နိုင်ငံကြီးဟူ၍ မယူဆဘဲ အိန္ဒိယထက်သေးငယ်သော ဂျပန်နိုင်ငံကို နိုင်ငံကြီးဟူ၍ အသိအမှတ်ပြုခဲ့ကြပေသည်။ လူဦးရေကိုလိုက်၍ နိုင်ငံကြီးဟုဆိုရမည်လော။ သို့ဆိုရမည်ဆိုလျှင် အိန္ဒိယပြည်သည် နိုင်ငံကြီးတခုပင်တည်း။ လူဦးရေနည်းသော အီတလီနိုင်ငံကို အဘယ့်ကြောင့် နိုင်ငံကြီးဟူ၍ ယူဆခဲ့ပေသနည်း။ စင်စစ်မှာ နိုင်ငံကြီးဆိုသည်မှာ ခေတ်မီအောင် ကြီးပွားတိုးတက်သောနိုင်ငံကို ဆိုလိုပေသည်။ ရုရှားနိုင်ငံသည် အနှစ် ၃၀၀ခန့်မျှ တာတာလူမျိုးတို့၏ လွှမ်းမိုးခြင်းကိုခံရ၍ အောက်ကျနောက်ကျဖြစ်ရခဲ့ဘူး၏။ သို့သော်လည်း ယခုအခါတွင် နိုင်ငံရေးအနေနှင့်သာ ကြီးကျယ်သည်မဟုတ်၊ ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်ဝါဒအတိုင်း စီးပွားရေး၊ ကြီးပွားရေး တိုးတက်ပြန့်ပွားရာဖြစ်သည့် တဦးတည်းသောနိုင်ငံ ဖြစ်ပေ၏။ ယခုအခါ၌ ဂရိတ်ဗြိတိန်ခေါ် အင်္ဂလိပ်နိုင်ငံသည် ဘယ်ကဲ့သို့သောအခြေအနေသို့ ရောက်ရှိခဲ့သနည်းဟူ၍ မေးဘွယ်ရာရှိ၏။ ရှင်းရှင်းပြောရလျှင် ဗြိတိသျှနိုင်ငံသည် နိုင်ငံကြီးမဟုတ်တော့ချေ။ ဗြိတိသျှအင်ပါယာတွင် နေဝင်သည်မရှိဟူ၍ ဆိုရိုးရှိ၏။ ယခုအခါ၌ စုပ်စုပ် နေမဝင်သေးသော်လည်း နေဝင်စပြုလေပြီ။ ယခင်အခါက ဗြိတိသျှအင်ပါယာသည် နိုင်ငံရေးမျက်စေ့၊ စစ်ရေးမျက်စေ့ အမြင်နှင့်သာ ကြီးကျယ်သည်မဟုတ်။ စီးပွားရေး၊ ဘဏ္ဍာရေးတွင်လည်း အင်ပါယာတွင်းသာမက အင်ပါယာပြင်ပမှာပင် အမျိုးမျိုး ကြိုးကိုင်လျက် ရှိပေသည်။ ယခုအချိန်၌ ဤသို့မဟုတ်တော့ဘဲ မိမိ၏လက်အောက်ခံ အိန္ဒိယ၊ အီဂျစ်စသော နိုင်ငံများ၏ ကြွေးမြီများရှိသောကြောင့် မြီစားဘဝသို့ နိမ့်လျှောခဲ့ပေပြီ။ ကံကံ၏အကြောင်းတရား၊ အကျိုးတရားကြောင့် (ဝါ) ဖြစ်ပြန် ပျက်ပြန် လောကဓံတရားကြောင့် ဗြိတိသျှနိုင်ငံသည် ငွေကြေးအထောက်အပံ့ရရန်အတွက် အမေရိကန်သမတနိုင်ငံသို့ မကြာခဏ ချော့မော့၍ နေရပေသည်။ ယခင်က ဗြိတိသျှနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် စီးပွားရေး၊ ဘဏ္ဍာရေးတွင် ဂုဏ်တုဂုဏ်ပြိုင်သော်လည်း ယခုအခါ၌ ဗြိတိသျှနိုင်ငံသည် အမေရိကန်နိုင်ငံအား လိမ္မာရေးခြား

မျက်နှာချိုသွေး၍ ကြေးငွေများ ချေးငှားပါမည့်အကြောင်း တောင်းပန်ခယလျက် ရှိပေ၏။ အမြင်အားဖြင့် ဗြိတိသျှအင်ပါယာသည် တည်ရှိလျက် ရှိပေ၏။ သို့သော်ငြားလည်း အင်ပါယာအတွင်းရှိ လက်အောက်ခံနိုင်ငံများသည် အားဖြစ်ရာသော အကြောင်းများမဟုတ်။ အားယုတ်ရာသော အကြောင်းများ ဖြစ်ချေသည်။ ဗြိတိသျှနိုင်ငံသည် ဤလက်အောက်ခံနိုင်ငံများကို ပိုနေမြဲ၊ ကျားနေမြဲအတိုင်း တည်တန့်အောင် ထားခြင်းငှာ စွမ်းအားမရှိချေ။ ဗြိတိသျှနယ်ချဲ့ဝါဒီသမားတို့သည် ရာဇဝင်သဘောကို နားလည်ပြီးလျှင် ခေတ်မှီသော အတွေးအခေါ်နှင့် ဤလက်အောက်ခံနိုင်ငံများကို လွတ်လပ်ရေးအစစ်ပေးကာ မိမိပါ တဦးနှင့်တဦး အားလုံးစိတ်ရောကိုယ်ပါ ပူးပေါင်း၍ အတ္တဟိတ၊ ပရဟိတ အကျိုးနှစ်မျိုး အတွက် ဆောင်ရွက်မည်လော။ သို့တည်းမဟုတ် ရှေးရှေးသော အင်ပါယာတို့၏ သွားရာလမ်းသို့ ကောက်ကောက်ပါအောင်လိုက်ပြီးလျှင် ယိုယွင်းပျက်စီး တွင်း ဆုံးကျသောဘဝသို့ ရောက်မည်လောဟူသော ပြဿနာကို ဗြိတိသျှနိုင်ငံ၏ကပင် လျှင် ဆောလျင်စွာ ဆုံးဖြတ်ဖြေရှင်းရပေလိမ့်မည်။ ဤဒုတိယကမ္ဘာစစ်ကြီး၏ ထူးခြားသောအချက်မှာ နယ်ချဲ့ဝါဒ အသက်ဝင်ခြင်းပင်ဖြစ်၏။ အထူးသဖြင့် နယ်ချဲ့ဝါဒသည် အာရှတိုက်တွင် အသက်ထွက်လုနီးပေပြီ။ အာရှတိုက်သည် ယခင်ခေတ်နှင့်မတူ အမူကွဲပြား အင်အားတိုးတက်၍ ကမ္ဘာ့နိုင်ငံရေးနယ်တွင်းသို့ ထည်ထည်ဝါဝါ ချဉ်းနင်းဝင်ရောက်လျက်ရှိပေပြီ။ နိုင်ငံပေါင်းစုံအဖွဲ့ကြီးများ၌ အာရှိတိုက်နိုင်ငံများကို လစ်လျူရှု၍မထည့်ဘဲ မနေနိုင်တော့ချေ။ အာရှအသံ သည် တဖြည်းဖြည်း ကျယ်လာခဲ့ပေသည်။ အင်ဒိုချိုင်းနားတွင်၎င်း၊ အင်ဒိုနီးရှားတွင်၎င်း၊ ဗမာပြည်တွင်၎င်း၊ အိန္ဒိယတွင်၎င်း အာရှအသံကို တွေ့လျက်ရှိကြ ပေပြီ။ အထူးသဖြင့် တရုပ်ပြည်တွင် အာရှအင်အားသည် တိုးတက်လျက်ရှိ၏။ အာရှညီညွတ်မှုနှင့် အာရှအင်အားကို ကမ္ဘာက အသိအမှတ်ပြုရပေမည်။ ကျွန်ုပ် တို့ အာရှတိုက်သားများကို အစဉ်ထာဝရ နှိမ်နင်း၍ သွေးခွဲခြင်း မပြုနိုင်ချေ။ ကျွန်ုပ်တို့သည် စုပေါင်း၍ အာရှခေတ်သစ်ကို ထူထောင်ကြရမည်။ ဤအာရှ ခေတ်သစ်မှာ ဂျပန်၏ အရှေ့အာရှ သာတူညီမျှ စီးပွားရေးစနစ်နှင့် တည်ထောင် သည့် အမည်မျှသာဖြစ်သော ခေတ်သစ်မဟုတ်ချေ။ နိုင်ငံတဦးက နိုင်ငံတဦး

အပေါ်တွင် လိုက်နာရမည်ဟူသောစနစ်နှင့် ခေတ်သစ်ထူထောင်ခြင်း မဟုတ်ချေ။ အာရှတိုက်သူတိုက်သားတို့၏ ညီညွတ်စွာပူးပေါင်း၍ အာရှလူမျိုးများ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှု စီမံဖန်တီးနိုင်အောင် ထူထောင်သော ခေတ်သစ်ကြီးပင် ဖြစ်၏။ ဤသို့ခေတ်သစ်တည်ထောင်ရာ၌ ပထမဦးဆုံး အာရှတိုက်နိုင်ငံအသီးသီးတို့သည် မိမိတို့၏ လက်ငင်းပြဿနာများကို ဖြေရှင်းနိုင်အောင် လုံးပမ်း၍ တဖြည်းဖြည်း တစတစနှင့် အာရှတိုက်ပြောင်းလဲတိုးတက်မှု၊ ကမ္ဘာတခုလုံး၏ ပြောင်းလဲတိုးတက်မှုအတွက် ဆောင်ရွက်ကြရပေလိမ့်မည်။

သို့ဖြစ်ရကား ကျွန်ုပ်တို့ အာရှတိုက်တွင်သာမက အာရှတိုက်အပြင်ပ၌မှီတင်းနေထိုင်ကြသော ဖိနှိပ်ချုပ်ချယ်ခြင်းခံနေရသည့် လက်အောက်ခံလူမျိုးများသည် လွတ်လပ်သောနိုင်ငံများရှိ စေတနာကောင်းရှိသူများနှင့်အတူ ပူးပေါင်းဆက်ဆံပြီးလျှင် ကျွန်ုပ်တို့၏ လက်ငင်းပြဿနာများကို ဖြေရှင်းရပေလိမ့်မည်။ ထိရောက်စွာ ပူးပေါင်းဆက်ဆံခြင်း မပြုနိုင်လျှင် တဦးနှင့်တဦး ရင်းနှီးစွာ ဆက်ဆံ၍ အကြံဉာဏ် တောင်းယူသင့်ကြပေတော့သည်။ ဤထင်မြင်ချက်များကို အာရှတိုက်ရှိ လူမျိုးပေါင်းစုံတို့ သိစိမ့်သောငှာ ဖော်ပြကြရပေမည်။

အင်ဒိုနေရှားနှင့် အင်ဒိုချိုင်းနား မျိုးချစ်တိုင်းရင်းသားတို့သည် အမျိုးမျိုးသော အခက်အခဲများကို ကျော်နင်း၍ မိမိတို့လွတ်လပ်ခြင်းအတွက် အားထုတ်လုံးပမ်းမှုကို ပြုလျက်ရှိကြသောကြောင့် ကျွန်ုပ်တို့လူမျိုးကိုယ်စား ကောင်းချီးသြဘာ ပြုလိုက်ပါသည်။ တောတောင်ရေမြေ ခြားနေသော်လည်း ကျွန်ုပ်တို့သည် ထိုအာဇာနည်လူမျိုးများ၏ လွတ်လပ်မှုလုပ်ငန်းကို ကျွန်ုပ်တို့၏ လွတ်လပ်မှုလုပ်ငန်းတည်းဟူ၍ သဘောထားပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်လည်း ထိုလူမျိုးများကဲ့သို့ပင် လွတ်လပ်ရေးအတွက် လုံးပမ်းလျက်ရှိကြရပေသောကြောင့်တည်း။ ထိုလူမျိုးများသည် မိမိတို့၏လွတ်လပ်ရေးကို ပြန်လည်ရယူရန် အဓိဋ္ဌာန်ပြုထားသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မသွေမစောင်း အဓိဋ္ဌာန်လမ်းဟောင်းအတိုင်း သောင်းသောင်းဖြဖြ သွားကြမည်ဖြစ်သည်။ အင်ဒိုနေးရှားနှင့် အင်ဒိုချိုင်းနားရှိ အာဇာနည်လူမျိုးများတို့...။ ကျွန်ုပ်တို့အသီးသီး လွတ်လပ်မှုအတွက် ယခုအခါ၌ ရင်ဘောင်တန်း အားမထုတ်နိုင်သေးသော်လည်း

မကြာမီ ကျွန်ုပ်တို့သည် သင်တို့နှင့် ပူးပေါင်းဆောင်ရွက်မည်။ သင်တို့၏ ကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက်ကြပါလော့။ သင်တို့သည် အောင်ခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေဟု ဆုတောင်းလိုက်ပါ၏။ မကြာမြင့်မီ သင်တို့၏ လိုအင်ဆန္ဒနှင့် တလုံးတဝတည်း ပြည့်စုံပါစေဟူ၍ ဆုတောင်းလိုက်ပါ၏။ တရုပ်ပြည်ကြီး၏ အကျိုးအတွက်၄င်း၊ အာရှ၏ အကျိုးအတွက်၄င်း၊ ကမ္ဘာ၏ အကျိုးအတွက်၄င်း မြဲမြံစွာ ညီညွတ်ကြပါဟူ၍ တရုပ်ပြည်ကြီးရှိ ပေါက်ဖော်များ ဖြစ်သော မာရှယ်ချန်ကေရှိတ်၊ မော်စီတုန်း၊ ဂျင်နရယ်ဂျူးဒေးနှင့် အခြားအခြား သော ခေါင်းဆောင်ကြီးများအား ကျွန်ုပ်တို့တိုက်တွန်းလိုပါသည်။ တရုပ်ပြည် ကြီး၏ရာဇဝင်အရ ဆက်ဆံခဲ့ကြသော ကြီးလေးသောတာဝန်ဝတ္တရားများကို သတိရကြပြီးလျှင် တရုပ်ပြည်ကြီးအတွက်၄င်း၊ အာရှတိုက်အတွက်၄င်း၊ ကမ္ဘာ အတွက်၄င်း၊ ကျေပွန်စွာဆောင်ရွက်နိုင်ကြပါစေသတည်းဟု နှိုးဆော်လိုပါသည်။ ဤသို့ နှိုးဆော်တိုက်တွန်းရသည်မှာ အိမ်းနီးချင်းငြိမ်းချမ်းမှု၊ ကျွန်ုပ်တို့နိုင်ငံ ငြိမ်းချမ်းမှု၊ အာရှငြိမ်းချမ်းမှု၊ ကမ္ဘာ့ငြိမ်းချမ်းမှုကို လိုလားသောကြောင့် ကောင်း မြတ်သောစေတနာ ရှေ့ထား၍ မင်္ဂလာစကား ပြောကြားခြင်းဖြစ်ပေသည်။

ထိုနည်းတူစွာ အိန္ဒိယတိုင်းသားများ၏ လွတ်လပ်စွာချမ်းသာသုခကို ခံစားနိုင်စေရန် အိန္ဒိယတိုင်းရင်းသားများနှင့်တကွ မိမိတို့ ခေါင်းဆောင်ကြီးများ ဖြစ်ကြကုန်သော မဟတ္တမဂန္ဒီ၊ မစ္စတာဂျင်းနား၊ ပန်ဒစ်ဂျဝါဟလာနေရူး၊ မစ္စတာ အိုက်ဇတ် စသည်တို့ကို ညီညွတ်စွာဖြင့် မိမိတို့၏မျှော်မှန်းရာပန်းတိုင် တက် လှမ်းနိုင်ကြပါဟု တိုက်တွန်းရပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ လာရောက်နေထိုင်ကြကုန်သော အိန္ဒိယတိုင်း ရင်းသားများ၊ ပေါက်ဖော်တရုပ်များနှင့် ပတ်သက်၍ အနည်းငယ် ပြောလိုပါ သည်။ ကျွန်ုပ်တို့သည် ထိုလူမျိုးတို့အပေါ်၌၄င်း၊ ကမ္ဘာပေါ်ရှိ အခြားအခြားသော လူမျိုးတို့အပေါ်၌၄င်း၊ ကုလသား၊ မစ္ဆရိယ၊ ဗျာပါဒ၊ အာဃာတတရား သဘော ထားများ မရှိချေ။ နိုင်ငံခြားသားတို့သည် ကျွန်ုပ်တို့ တိုင်းရင်းသားများနှင့် ဆိုးတူ ကောင်းဘက် အေးအတူပူအမျှ နေထိုင်လိုကြလျှင် ကျွန်ုပ်တို့သည် ညီရင်းအစ်ကိုကဲ့သို့ သဘောထား၍ ကြည်ဖြူစွာလက်ခံမည်။ နိုင်ငံခြားသားများ

သည် ကျွန်ုပ်တို့ကို မိတ်ဆွေအိမ်နီးနားချင်း သဘောထားနှင့် ကူညီယိုင်းပင်းရန် ဆန္ဒရှိပါက ကျွန်ုပ်တို့ကလည်း ကတည၊တ ကတဝေဒီ တရားကို ရိုသေစွာ စောင့်ရှောက်မည်။ ကုလား၊ တရုပ်စသော နိုင်ငံခြားသားများကို သတိပေးလို သည်မှာ ကျွန်ုပ်တို့နိုင်ငံတွင်း၌ သူတထူးက စစ်ဘုရင်အရုပ်လုပ်၍ ကစားခြင်း ကို မခံရအောင် သတိထားဘို့ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အချို့ သောသူတို့သည် ယခုအခါ၌ ကုလား၊ တရုပ်စသော နိုင်ငံခြားသားများနှင့် ကျွန်ုပ်တို့တိုင်းရင်းသားများကို ကတုံးကတိုက်လုပ်ကောင်း လုပ်ပေလိမ့်မည်။ ကုလား၊ တရုပ်နိုင်ငံခြားသားများကို ၎င်းတို့သည် မမှန်ကန်သောကတိ မမှန် သောကမ်းလှမ်းခြင်း အမှုများကို ပြုပေလိမ့်မည်။ သို့အတွက် ၎င်းတို့၏ အလှည့်အပတ်ကို မခံရအောင် သတိထားသင့်ကြပေသည်။ ရှင်းရှင်းပြောရမည် ဆိုလျှင် ကုလား၊ တရုပ်စသော နိုင်ငံခြားသားတို့သည် ကျွန်ုပ်တို့တိုင်းရင်းသား များ၏ မိတ်ဆွေများအဖြစ်ဖြင့် နေထိုင်ကြမည်လော။ သို့တည်းမဟုတ် ရန်သူ များအဖြစ်ဖြင့် နေထိုင်ကြမည်လောဟူ၍ ဆုံးဖြတ်ရန် လိုပေသည်။ တချိန်တည်း တွင် မိတ်ဆွေနှင့်ရန်သူ နှစ်မျိုးဟူ၍မဖြစ်နိုင်။ ဥရောပတိုက်သားများအား ပြော လိုသည်မှာ ကျွန်ုပ်တို့သည် ယခုထက်ထိပင် မိတ်ဆွေအနေနှင့် လက်လှမ်းလျက် ရှိကြသည်။ သို့ရာတွင် ရှေးကကဲ့သို့ပင် သခင်နှင့် ကျွန်သဘောမဟုတ်ဘဲ တန်း တူသဘောနှင့် ပေါင်းသင်းဆက်ဆံမှသာလျှင် ၎င်းတို့နှင့် ကျွန်ုပ်တို့ မိတ်ဆွေ များ ဖြစ်နိုင်ကြပေလိမ့်မည်။

ယခု ကျွန်ုပ်တို့၏နိုင်ငံတွင်းရေးကို စိစစ်ကြပါစို့။ နိုင်ငံတွင်းရေးကို မစီ စစ်မီ ကမ္ဘာတခုလုံးကိုခြုံ၍ ဝေဖန်ရသည့်အကြောင်းမှာ ကမ္ဘာ့အရေးနှင့် ဗမာ့ အရေး မည်မျှလောက် ယှက်စပ်နေသည်ကို ကျွန်ုပ်တို့ လွန်ခဲ့သော ၃-၄နှစ် အတွင်း တွေ့ကြုံခဲ့ကြသည့်အတိုင်း ကမ္ဘာ့အရေးကို ပထမရှင်းလင်း၍ ပြခဲ့ရပေ သည်။ ဤအချိန် ဤအခါ၌ ကမ္ဘာပေါ်တွင် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင်သဘောရှိသော နိုင်ငံဟူ၍ ကမ္ဘာအရပ်ရပ်တွင် မရှိတော့ချေ။ ကျွန်ုပ် တို့ကဲ့သို့ နယ်ချဲ့ဝါဒီနိုင်ငံကြီးတို့ လက်အောက်တွင် ရောက်နေသော ကျွန် သဘောက် နိုင်ငံကလေးကို မဆိုထားဘိ၊ လွတ်လပ်သော နိုင်ငံကြီးငယ်

အသွယ်သွယ်တို့သည်လည်း အထည်းထည်း လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံ နေခြင်းငှာ မစွမ်းတော့ချေ။ ၁၉၄၀–ပြည့်နှစ်တွင် ပြင်သစ်ပြည်ကြီး ပျက်စီးရပုံကို ထောက်ရှုသော် နိုင်ငံကြီးများသည် နိုင်ငံကလေးများနှင့်မခြား ကျူးကျော်ဝင်ရောက်ခြင်းဘေးမှ မကင်းနိုင်ချေ။ သို့ဖြစ်ရကား ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ လုံခြုံရေးကို ရိုးမယ်ဖွဲ့၍ လွတ်လပ်ရေးမပေးလို မယူလိုကြသော အကြောင်းပြချက်သည် အနည်းငယ်မျှ ခိုင်လုံသည် မဆိုနိုင်ချေ။ စင်စစ်မှာ ကျွန်ုပ်တို့နိုင်ငံ လွတ်လပ်ခဲ့ပါမူ ကျွန်ုပ်တို့မှာလည်း မဟာမိတ်များ ရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မဟာမိတ်များနှင့် ပူးပေါင်းဆက်ဆံ၍ ကျွန်းကို ကိုင်းမှီ ကိုင်းကို ကျွန်းမှီ ဆိုသကဲ့သို့ အသီးသီးတို့၏လုံခြုံမှု၊ စီးပွားရေး၊ ကြီးပွားရေး စသည်တို့အတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်စိမ့်သောငှာ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြ၏။ ရယူလိုကြ၏။ သိမ်းပိုက်လို–ထားလိုကြ၏။ ကမ္ဘာပေါ်တွင် နိုင်ငံကြီးငယ်တို့ ဆက်သွယ်မှီခို အားထားရမည်ဆိုသောအချက်နှင့် မြန်မာပြည် လုံးဝလွတ်လပ်ရေးဆိုသော အချက်နှစ်ခုကို အဘယ်ကဲ့သို့ စပ်ဟပ်မည်နည်းဟု မေးဘွယ်ရာရှိပေသည်။ ထီးထီးကျန်ကျန်ရှိသော နိုင်ငံတဦးအနေနှင့် နေရခြင်းထက် ပြည်ထောင်စုတခုတွင် ပါဝင်ပူးပေါင်းနေရသော နိုင်ငံအဖြစ်က သာ၍ပင် မကောင်းဘူးလားဟုလည်း မေးနိုင်၏။ ဤစကားသည် မှန်၏ဟု ဖြေရပေမည်။ သို့သော်လည်း ပြည်ထောင်စုတခု ဖွဲ့ရာတွင် တဦးသောနိုင်ငံက တဦးသောနိုင်ငံကို ပါဝင်ပူးပေါင်းခြင်းပြုရမည်ဟု အတင်းမပြုလုပ်ဘဲလျက် နိုင်ငံအသီးသီးတို့သည် မိမိသဘာဝအလျောက် လွတ်လပ်စွာ ပါဝင်ပူးပေါင်းခြင်းသာ ဖြစ်စေရမည်။ ဥပမာအားဖြင့် ယခင်အခါက ဆိုဗီယက်ရုရှား၏ အင်အားကို ကြောက်ရွံ့မှုကြောင့် ဗြိတိသျှနန်းရင်းဝန်ဟောင်း မစ္စတာချာချီ အကြံပေးသော ဥရောပတိုက်ပြည်ထောင်စုမျိုးသည် လွတ်လပ်စွာ ပါဝင်ပူးပေါင်းလိုက်သော ပြည်ထောင်စု မဟုတ်ချေ။ ပြင်သစ်၊ အင်ဒိုချိုင်းနားပြည်နယ်များ၊ ယိုးဒယားပြည်၊ မာလာယုပြည်နယ်များ၊ အင်ဒိုနီးရှားပြည်နယ်များနှင့် ကျွန်ုပ်တို့မြန်မာပြည်တို့ကို မကြာမြင့်မီ ပူးပေါင်း၍ အင်ဒိုချိုင်းနားပြည်ထောင်စုဟူသော အမည်နာမဖြင့် ပြည်ထောင်စုတခု တည်ထောင်ရန် လိုကောင်းလိုပေလိမ့်မည်။ ဤကဲ့

Myanmar Cupid Community PDF Creator Group

သို့ ပြောဆိုရာ၌ လေထဲ တိုက်အိမ်ဆောက်ခြင်း သဘောမျိုးနှင့် ပြောသည် မဟုတ်။ ဘာသာရေး၊ လူမျိုးရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကြီးပွားရေး အဖက်ဖက်တွင် ရာဇဝင်သဘောအရ အလွန်နီးစပ် ဆင်တူသော တိုင်းပြည်နိုင်ငံများ ဖြစ်ကြရာ ၎င်းတို့သည် ပြည်ထောင်စုတခု ဖြစ်လာနိုင်ပေသည်။ သို့အတွက် မိမိ၏အမျိုးသားကိစ္စကိုသာမက လူတမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံ နည်းလမ်းတကျ ပူးပေါင်းဆက်ဆံကြခြင်းကိုလည်း ကျွန်ုပ်တို့ သတိမူရပေလိမ့်မည်။ ထိုသို့ ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့ အသီးသီးတို့၏ အကျိုးယုတ်ဖို့ ဝေးစွ။ အမျိုးမျိုးသော အကျိုးထူးများ ခံစားရန်ပင် ရှိသည် ဆိုလိုပေသည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ပါလျှင် အလွန်မြင့်မြတ်သော ဝံသာနုရက္ခိတ– မိမိ၏အမျိုးကို မိမိစောင့်သည် တရားနှင့် ကမ္ဘာသူကမ္ဘာသားတို့နှင့် အကျိုးရှိအောင် နည်းလမ်းတကျ ဆက်သွယ်ပေါင်းသင်းရာလည်း ရောက်ပေသည်။ သို့မှသာလျှင် ကမ္ဘာတဝှမ်းလုံးတွင် ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ ကြီးပွားမှု ရှိနိုင်ပေလိမ့်မည်။ ယခု လောကဓာတ်ဆရာကြီးတို့ ချမ်းသာသုခကို ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ထိုအချိန်အခါသို့ရောက်လျှင် လူတို့သည် အနာရောဂါကင်းရှင်း၍ အသက်ရှည်ပြီးလျှင် လူ့စည်းစိမ် လူ့ချမ်းသာကို ပျော်ပိုက်ချမ်းမြေ့စွာ ခံစားနိုင်ကြပေလိမ့်မည်။

ကမ္ဘာအရပ်ရပ်သည်လည်း တရပ်နှင့်တရပ် အိမ်းဦးနှင့်ကြမ်းပြင် ချစ်ခင်စွာ ပူးပေါင်းဆက်ဆံနိုင်သော အိမ်နီးနားချင်းများ ဖြစ်လာကြပေလိမ့်မည်။ ထိုအချိန် ထိုအခါ၌ ကမ္ဘာသူ ကမ္ဘာသားတို့သည် ကမ္ဘာဦးကကဲ့သို့ ကမ္ဘာ့အိမ်ထောင်စု တခုတည်းအနေနှင့် အေးချမ်းလွတ်လပ်စွာ နေထိုင်နိုင်ကြပေလိမ့်မည်။ ဤသို့ယူဆ ပြောဆိုချက်သည် အလွန်မြင့်မြတ် ပါပေသည်။ သို့သော်လည်း အကယ်စင်စစ် မဖြစ်နိုင်ဟု အချို့သောသူတို့က စောဒက တက်ကြပေလိမ့်မည်။ ကမ္ဘာ့ရာဇဝင်အလာ တိုးတက်မှု အဖြာဖြာကို ကြည့်ရှုလျှင် တဖြည်းဖြည်း ပူးပေါင်းဆောင်ရွက်မှုကိုသာ အားပေးနေသည်ကို သတိပြုမိပါလျှင် ပြဿနာမည်မျှလောက်ပင် ရှိစေကာမူ မျက်မြင်ကိုယ်တွေ့ အဖြစ်သို့ မရောက်နိုင် ဟူ၍ မဆိုနိုင်ချေ။ ယခုအချိန်အခါ၌ တကမ္ဘာလုံး ဤအခြေအနေသို့ မရောက်နိုင်သေး

Myanmar Cupid Community PDF Creator Group

သည်မှာ မှန်၏။ သို့ရာတွင် နီးစပ်ရာ နီးစပ်ရာနိုင်ငံများ၊ လူမျိုးများ ပူးပေါင်းနေကြသော ရည်ရွယ်ချက်၊ စီမံချက်များကို ကျွန်ုပ်တို့ အမြဲတစေ ကြားသိနေရချေပြီ။ ဤသို့ ပူးပေါင်းဆောင်ရွက်နိုင်အောင် လောကဓာတ်ပညာ အဖြာဖြာတို့က အားပေးလျက် ရှိလေသည်။ သို့ရာတွင် လူတို့၏ စိတ်ထားသည် လောကဓာတ်ပညာ တိုးတက်သလောက် မမြင့်မြတ်သေးသောကြောင့် အဆင်ပြေအောင် မဆောင်ရွက်နိုင်ကြသေးရကား အထင်မှား အမြင်မှားပင် ဖြစ်ပွားလျက် ရှိသေး၏။ တနေ့သောအခါ အဇ္ဈတ္တသဏ္ဍာန် မြင့်မြတ်မှုနှင့် ဗဟိဒ္ဓသဏ္ဍာန် တိုးတက်မှုတို့ ကိုက်ညီသောအခါ ကျွန်ုပ်တို့မျှော်မှန်းရာဖြစ်သော ကမ္ဘာ့အိမ်ထောင်စု ဖြစ်လာမည်မှာ မလွဲဧကန်ဟု ဆိုရပေမည်။

သို့ဖြစ်ငြားသော်လည်း ဤမျှော်မှန်းရာသို့ မရောက်နိုင်မီ တနိုင်ငံနှင့်တနိုင်ငံ၊ လူမျိုး တမျိုးနှင့်တမျိုး သင့်တင့်နီးစပ်ရာ ပေါင်းသင်းဆက်ဆံရပေလိမ့်မည်။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသောစကားမျိုးနှင့် ပြုလုပ်နိုင်သော အမျိုးသားကိစ္စဟူ၍ မရှိနိုင်တော့ချေ။ ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ကြည့်မှ အမျိုးဘာသာ သာသနာတို့သည် တည်တန့်၍မနေ၊ ရောနှောပြန့်နှံ့လျက်ရှိ၏။ ဘယ်နိုင်ငံတွင်မှ လူမျိုးတမျိုးတည်း မရှိချေ။ လူမျိုးတမျိုးတွင်လည်း အမျိုးမျိုးသော ဘာသာတရားတို့ကို အားထားယုံကြည်မှု ရှိကြပြန်လေသည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိသျှတို့သည် ဘာသာစကားတူ၏။ လူမျိုးတမျိုးတည်း မဟုတ်ချေ။ ဆိုဗီယက်ရုရှားမှာမူကား လူမျိုးချင်းတူ၏။ ဘာသာစကားချင်း မတူကြချေ။ သို့ဖြစ်ရကား လူမျိုးဆိုသည်မှာ သုခဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တမျိုးတစားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တခုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဘက် ပေါင်းဖော်လျက် နေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏။ ယခုခေတ်တွင် လူတမျိုးနှင့်တမျိုး ရင်းနီးစွာ ဆက်သွယ်မှုကြောင့် အတိုင်းတိုင်းအပြည်ပြည်တွင်

Myanmar Cupid Community PDF Creator Group

နိုင်ငံခြားသားတို့သည် မိမိတို့ရောက်ရှိနေထိုင်သော နိုင်ငံများတွင် အမျိုးသား လုပ်လိုသောဆန္ဒရှိပါက လုပ်နိုင်သောအခွင့်အရေးကို ပေးထားပေသည်။ ရှေး အခါက လူမျိုးရေးတရားကြောင့် တမျိုးနှင့်တမျိုး ကွဲပြားခြားနားခဲ့ကြလေသည်။ ယခုအခါ လူမျိုးရေးတရားသစ်ကြောင့် တမျိုးနှင့်တမျိုး ရင်းနှီးစုရုံးကြပြန်ပေ သည်။ ဤသည်ကို ထောက်ခြင်းအားဖြင့် အမျိုးသားအရေးကိစ္စ၏ အဓိပ္ပာယ် သည် ခေတ်အားလျော်စွာ ပြုပြင်ပြောင်းလဲလျက် ရှိနေသည်ကို သိရှိသင့်ကြပေ သည်။ တနည်းအားဖြင့်ကြည့်ပြန်မူ မိမိအမျိုးကိုသာ တဖက်သတ်စိတ်ထားနှင့် ကြီးပွားစေလိုသောဆန္ဒရှိ၍ ဖက်ဆစ်ဝါဒကြောင့် ဂျာမန်လူမျိုးတို့ ပျက်စီးရပုံကို မြင်ကြရပြန်၏။ ဂျာမနီပြည်တွင် ဂျာမန်တို့၏ ပြင်းပြသော မျိုးချစ်စိတ်ကို လမ်းကောင်းသို့မပို့ဘဲ လမ်းမှားသို့ပို့သော ဖက်ဆစ်ဝါဒီလူစုကြောင့် အတိဒုက္ခ ရောက်ကြရပေပြီ။ သို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝံသာနုစိတ်ကို အလွဲသုံးစားမပြုဘဲလျက် (ဝါ) မျိုးချစ်စိတ်ကို အတိဒုက္ခရောက်အောင် အသုံး မပြုဘဲလျက် အမြင်ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက်သင့်ကြပေ သည်။

ကျွန်ုပ်တို့၏အမျိုးသားရေးကို ကမ္ဘာ့အမြင် အာရှအမြင်နှင့် ကြည့်ရှု ပြီးခဲ့လေပြီ။ ကျွန်ုပ်တို့အမျိုးသားလုပ်ငန်းများကို မည်ကဲ့သို့ဆောင်ရွက်ကြမည် နည်း။ အရေးကြီးသောလုပ်ငန်းများမှာ အမျိုးသားလွတ်လပ်ရေးကို ပြန်လည် ရယူမှုအတွက် လုံးပမ်းရန် ဖြစ်ပေသည်။ မည်ကဲ့သို့ လုံးပမ်းကြမည်နည်း။

ယခုအချိန်အခါ၌ အသီးသီးသော နယ်ချဲ့နိုင်ငံကြီးများသည် အထူး သဖြင့် ဗြိတိသျှနယ်ချဲ့နိုင်ငံသည် အင်အားဆုတ်ယုတ်ခဲ့လေပြီ။ အာရှတိုက်မှာ ကား အင်အားပြည့်ဖြိုးလာလေပြီ။ ဗြိတိသျှနိုင်ငံသည် နိုင်ငံခြားရေးရာကိစ္စအဖြာ ဖြာတွင် အမေရိကန်၏ အကူအညီကို တောင်းယူလျက် ရှိနေပေသည်။ အမေရိ ကန်ပြည်ထောင်စုသည် ဗြိတိသျှနိုင်ငံကို ကူညီယိုင်းပင်းခဲ့သော်လည်း စင်စစ်မှာ ကမ္ဘာအရပ်ရပ်တွင် တန်ခိုးလုရန် အမျိုးမျိုးအဖုံဖုံ ဤနိုင်ငံနှစ်ခုသည် စီမံဆောင် ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပေသည်။ ဗြိတိသျှနယ်ချဲ့သမားတို့သည် မိမိတို့ အကျိုးကိုကြည့်၍ စီးပွားရေး၊ ဘဏ္ဍာရေးနယ်များတွင် ရှေ့သွားလုပ်နိုင်ရန် စိုင်း

ပြင်းလျက် ရှိကြပေသည်။ ဤစိုင်းပြင်းမှုကို အမေရိကန်ပြည်ထောင်စုက ငွေချေးခြင်းနှင့်ပတ်သက်၍ ဗြိတိသျှပါလီမန်တွင် ဆွေးနွေးစဉ်က တကြိမ်၊ ဘရက်တင်ဝုဒ် ငွေချေးစာချုပ် ချုပ်ဆိုစဉ်က တကြိမ် တွေ့မြင်ရလေသည်။ ဗြိတိသျှနိုင်ငံသည် မိမိတို့၏စီးပွားရေး၊ ဘဏ္ဍာရေး ခိုင်လုံရန်အတွက် လုံးပမ်းကြသည်ကို ကျွန်ုပ်တို့ အပြစ်ဆိုစရာ မရှိပေ။ ကျွန်ုပ်တို့ အပြစ်ဆိုရန်အချက်မှာ နိုင်ငံချင်းတခုနှင့်တခု ပေါင်း၍ အသီးသီး ဘဏ္ဍာရေး ချောင်လည်၊ စီးပွားရေး နယ်ချဲ့လိုသောစိတ်ဖြင့် ပြုလိုသော ဗြိတိသျှနယ်ချဲ့ဝါဒသမားတို့၏ အပြုအမူများကိုသာ ရှုံ့ချလိုခြင်း ဖြစ်ပေသည်။ ဗြိတိသျှနိုင်ငံတွင် ဆိုရှယ်လစ်ဝါဒီ အမည်ခံသော အချို့သောသူတို့ပင်လျှင် ခေတ်မှီအောင် မတွေးမမြင်နိုင်ဘဲ သမားရိုးကျ ကျဉ်းမြောင်းသော စိတ်ဆန္ဒဟောင်း၊ စိတ်ဆန္ဒဆွေးများဖြင့် ဆောင်ရွက်လျက်ပင် ရှိကြသေး၏။ အတိုချုပ်မှာ နယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒတို့ကို လိုက်နေသ၍ ကာလပတ်လုံး အလုပ်လက်မဲ့ပြဿနာ၊ နေထိုင်စားသောက်မှု ချောင်ချိရေး ပြဿနာစသော စီးပွားရေး၊ ကြီးပွားရေးပြဿနာတို့ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။ သို့အတွက် စီပွားရေး၊ ဘဏ္ဍာရေးနယ်ပယ်တွင် နိုင်ငံအသီးသီး ကောင်းကျိုးအတွက် လွတ်လပ်စွာပူးပေါင်းဆက်မံမှုကို ကျွန်ုပ်တို့ အားပေးရပေလိမ့်မည်။ ၎င်းနှင့် ဆန့်ကျင်လျက် ရှုံ့ချရပေလိမ့်မည်။ ဗြိတိသျှနိုင်ငံသည် မိမိပြည်ထောင်စုအပါအဝင် နိုင်ငံများနှင့် သာတူညီမျှစီးပွားရေး၊ ကြီးပွားရေး တိုးတက်ကြဘို့ ဆောင်ရွက်မည်ဆိုလျှင် မိမိ၏ အကျိုးကျေးဇူး ပြည်ထောင်စုအပါအဝင်ဖြစ်သော နိုင်ငံပြည်နယ်အသီးသီးတို့၏ အကျိုးကျေးဇူးကို ဖြစ်ထွန်းအောင် လုပ်နိုင်ပေလိမ့်မည်။ ဗြိတိသျှလူမျိုးများက အလုပ်သမားအစိုးရကို လွန်ခဲ့သော ရွေးကောက်ပွဲတွင် မြောက်မြားစွာသောမဲဆန္ဒကိုပေး၍ တင်မြှောက်လိုက်ကြသောအခါ ကျွန်ုပ်တို့သည် ဤကဲ့သို့ စီမံဖန်တီးလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ အလုပ်သမားအစိုးရသည် ဗြိတိသျှနိုင်ငံတွင်သာမက အပြည်ပြည် အနယ်နယ်တွင်ပင် ဆိုရှယ်လစ်ဝါဒကို ထူထောင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။ ဆိုရှယ်လစ်ဝါဒဆိုရာ၌ ဆိုရှယ်လစ်ဝါဒတခုလုံးကို ဆိုလို၏။ ဆိုရှယ်လစ်ဝါဒအတိုင်း ကျပ်ပြည့်တင်းပြည့် ဆောင်ရွက်နိုင်အောင် ဗြိတိသျှအလုပ်သမားအစိုးရသည် ရဲရင့်

Myanmar Cupid Community PDF Creator Group

ပြောင်မြောက် ဖြောင့်မတ် တည်ကြည်စွာ စီမံသင့်လေသည်။ သို့သော်လည်း ကျွန်ုပ်တို့ အပြင်ဘမ်းမှနေ၍ မြင်ရသည်မှာ အလုပ်သမားအစိုးရသည် စိတ်မပါ တပါ ကြောက်ရွံ့ရွံ့ ဆောင်ရွက်နေသည်ကို တွေ့မြင်ရပေသည်။ အချို့ ကိစ္စများ၌ ဗြိတိသျှဆိုရှယ်လစ်အစိုးရသည် ကွန်ဆာဗေးတစ်အစိုးရထက်ပင် ခေတ်နောက် ကျပေသေး၏။ ဘရက်တင်ဝုဒ် ငွေကြေးစာချုပ်နှင့် ပတ်သက် ၍၎င်း၊ အမေရိကန်က ငွေချေးမှုနှင့် ပတ်သက်၍၎င်း ဆိုရှယ်လစ်အစိုးရသည် ကွန်ဆာဗေးတစ် ဂိုဏ်းသားတို့နှင့် ဗြိတိသျှနယ်ချဲ့ဝါဒီ အရင်းရှင်ဝါဒီသမား တို့၏ အလိုကို လိုက်လျော၍ လုပ်ခဲ့ကြသည်ကို ဆင်ခြင်မိသောအခါ အလွန် ဝမ်းနည်းစရာ ကောင်းလှပေသည်။ ဤကဲ့သို့ ကြောက်ကြောက်ရွံ့ရွံ့ ဆုတ်ဆုတ် ကန်ကန် လုပ်နေကြလျှင် မိမိတို့နိုင်ငံအတွက်၎င်း၊ အခြားနိုင်ငံများအတွက်၎င်း၊ မိမိတို့ တသက်တာတွင် ရယူပြီးသော အခွင့်ကောင်းကြီးကို ဆိုရှယ်လစ်တို့သည် ဆုံးရှုံးကြပေလိမ့်မည်ဟု ဆိုရပေမည်။ မိမိတို့အလုပ်သမားပါတီ ပြိုပျက်မည် သာမက ဗြိတိသျှတို့၏ ဂုဏ်နှင့်အကျိုးကို ထိခိုက်ပေလိမ့်မည်။ မိမိတို့ ထိထိ ရောက်ရောက် မလုပ်နိုင်လျှင် မိမိတို့နိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသော ပြဿနာ ကြီးများသည် အထူးရှုပ်ထွေး၍ လာပေလိမ့်မည်။ ထိုသို့ ရှုပ်ထွေးလာသောအခါ ဗြိတိသျှနိုင်ငံတွင် ပြည်တွင်းရေး အရေးတော်ပုံ ပေါ်ပေါက်ကောင်း ပေါ်ပေါက် လာပေလိမ့်မည်။ ထိုမျှလောက် အခြေအနေဆိုးဝါးလာလျှင် လက်အောက်ခံ နိုင်ငံများသည် မိမိတို့၏လွတ်လပ်ရေးကို လက်ဝယ်သို့ သိမ်းယူကြရပေလိမ့် မည်။ အဘယ့်ကြောင့်ဆိုသော် ရာဇဝင်တွင် မကြုံစဘူး အင်အားအထူးရှိသော အခြေအနေသို့ ရောက်နေကြသည်သာမက ကမ္ဘာပေါ်ရှိ လူကြီးများ၏ စိတ် ကောင်းစေတနာနှင့် အားပေးအားမြှောက် ပြုခြင်းကိုလည်း ရယူနေကြသော ကြောင့် ဖြစ်ပေသတည်း။ ထိုအခါ လက်အောက်ခံနိုင်ငံပြဿနာကြီးသည် ကမ္ဘာ ပေါ်တွင် အထူးသဖြင့် အာရှတိုက်တွင် ပြေရှင်းပေတော့မည်။ ဤသည်ကား ဗြိတိသျှ အစိုးရနှင့် ဗြိတိသျှလူမျိုးတို့ တွေ့ကြုံရမည်ဖြစ်သော အရေးကိစ္စကြီး ပေတည်း။

သို့စဉ်လျက် ဗြိတိသျှနယ်ချဲ့စနစ်သည် ကမ္ဘာပေါ်တွင် စီးပွားရေးခေါင်းပုံဖြတ်အလုပ်၊ လက်အောက်ခံနိုင်ငံများတွင် စီးပွားရေးဓားပြတိုက်မှုကို ပြုဆဲပင်ရှိသည်ဟု ဆိုရပေမည်။ ဤသို့ပြုခြင်းအားဖြင့် ဗြိတိသျှနယ်ချဲ့စနစ်သည် မိမိ၏ သင်းချိုင်းကို မိမိကိုယ်တိုင် တူးခြင်းမျှသာဖြစ်ပေသည်။ ဤနည်းအားဖြင့် ဗြိတိသျှနိုင်ငံသည် ပြန်လည်တိုးတက်မှု မပြုနိုင်ချေ။ မိမိ၏မူလ အခြေအနေသို့ရောက်ရန် လက်အောက်ခံနိုင်ငံများ၏အကျိုးကို ပိုမိုထိခိုက်နစ်နာစေသောအမှုမျိုးကို ဗရမ်းဗတာပြုလုပ်လျက် ရှိနေပေသည်။ ဤသို့ပြုလုပ်သည်ကို အထက်၌ ဖေါ်ပြပြီးသော ဘရက်တင်ဝုဒ် ငွေချေးစာချုပ်နှင့် အမေရိကန်ထံမှ ငွေချေးရာတွင် တွေ့မြင်ရပေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးအမည်ဖြင့် ဆင်းမလားမြို့မှ လုပ်လာသော စီမံချက်များအတိုင်း အင်္ဂလိပ်နယ်ချဲ့ဝါဒီအစိုးရသည် စီးပွားရေးဓားပြတိုက်မှုကို မသိမသာ ခိုးကြောင်ခိုးဝှက် လုပ်လျက်ရှိလေသည်။ ဤစီမံချက်များကို အသေးစိပ် ကျွန်ုပ် မရှင်းလို။ အကြမ်းအားဖြင့် အနည်းငယ် ထင်မြင်ချက်ပေးရပေလိမ့်မည်။ မြန်မာနိုင်ငံတွင် ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြုပြင်ထူထောင်ရေးဟူ၍ ပြဿနာကြီး သုံးခုရှိ၏။ ဤပြဿနာကြီးများကို ဖြေရှင်းရန် ဗြိတိသျှအစိုးရသည် မည်ကဲ့သို့ စီမံမည်နည်း။ မိမိတို့ စီမံချက်များအတွက် အတိုးမရှိဘဲ ဘိလပ်အစိုးရထံမှ ဘုရင်ခံက ဒွေဒင်္ဂါး ၈၇–သန်း ချေးယူပြီး ဖြစ်သည်ဟု ကြားသိရ၏။ အတိုးမရှိဟူသောအချက်ကို သတိချပ်စေလိုသည်။ ဗြိတိသျှအစိုးရသည် အမေရိကန်နိုင်ငံမှ ၂ကျပ်တိုးနှင့် ချေးယူနေရသည့်အခါတွင် ဗြိတိသျှအစိုးရက မြန်မာပြည်အစိုးရကို အတိုးမယူဘဲ သဒ္ဓါဗလဝနှင့် မည်ကဲ့သို့ ချေးနိုင်ကြသနည်း။ ရှင်းရှင်းပြောရလျှင် ဤမြောက်မြားစွာသော ဒွေဒင်္ဂါး ၈၇–သန်းသည် ချေးငွေလည်းမဟုတ်။ အတိုးမရှိသည်လည်းမဟုတ်။ ဗြိတိသျှအစိုးရက ငွေချေးသည်ဆိုရာ၌ မြန်မာနိုင်ငံက ကြေးငွေကို ရသည်မဟုတ်။ ကုန်ဝတ္ထုပစ္စည်းကိုသာလျှင် ရသည်။ ထိုကုန်ဝတ္ထုပစ္စည်းတန်ဘိုးအပေါ်တွင် အတိုးအမြတ်ငွေကို ထည့်ပြီးသည်မှာ ထင်ရှားပေသည်။ သို့အတွက် အတိုးမရှိဘဲ ချေးငှားသည်ဟူသော ပြောဆိုချက်ကို အရသာတွေ့အောင် ဆားကလေး ဖျက်ဖျက်ခပ်ပြီးမှ မျိုရပေလိမ့်

Myanmar Cupid Community PDF Creator Group

မည်။ ဗြိတိသျှပါလီမန်၌ ဗြိတိသျှလူမျိုးတို့က အမေရိကန်ထံမှ ငွေချေးမှုနှင့် ပတ်သက်၍ စဉ်းစားဆွေးနွေးကြသောအခါ များစွာ စိုးရိမ်မကင်းရှိသည့် လူများကို ဗြိတိသျှအစိုးရက ချေးငွေကြောင့် အမေရိကန်တို့က ဗြိတိသျှတို့ကို ကြိုးကိုင်နိုင့်ခွင့် မရှိပါဟု ထပ်တလဲလဲ ယုံကြည်အောင် ရှင်းလင်းပြောပြရပေပြီ။ ဗြိတိသျှနိုင်ငံတွင် အချို့က အမေရိကန်အစိုးရကို စိုးရိမ်လွန်းသည်၊ စနစ်ကျလွန်းသည်ဟူ၍ အမျိုးမျိုး အပြစ်တင်ကြလေသည်။ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို ငွေချေးသောအခါ၌မူကား ငွေချေးခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် အကြောင်းအချက်တို့ကိုပင် မသိမသာပြုလုပ်ထားလေသည်။ ကျွန်ုပ်တို့ သတိပြုသင့်သည်ကား ပထမအချက်၌ ရွှေဒင်္ဂါး ၈၇–သန်းကို ဗြိတိသျှနိုင်ငံ၌ပင် အသုံးပြု၏။ ဒုတိယအချက်မှာကား မြန်မာလူမျိုးတို့အတွက် မြန်မာနိုင်ငံကို ပြုပြင်ထူထောင်ရန် မဟုတ်မူ၍ ဗြိတိသျှနယ်ချဲ့ဝါဒီ အရင်းရှင်ဝါဒီတို့ အကျိုးစီးပွားကို ပြန်လည်ထူထောင်ရန် သုံးမည်ဖြစ်သော ငွေပင်ငွေရင်း ဖြစ်ပေသည်။ မြန်မာနိုင်ငံ လက်ရှိအစိုးရ စီမံချက်များမှာ ဆိုရှယ်လစ်ဝါဒ စကားလုံးတို့ကို သုံးပြီးလျှင် အရင်းရှင်ဝါဒ၏ ရှေးထုံးရှေးနည်းအတိုင်း ကွေ့လည်ကြောင်ပတ်နှင့် အမြတ်အစွန်းရဘို့ မြန်မာ့စီးပွားရေးကို လက်ဝါးကြီးအုပ်ဖို့ပင် ဖြစ်ပေ၏။ ဗြိတိသျှအရင်းရှင်တို့ကို လျော်ကြေးပေးဘို့ကား စီမံပြီးလေပြီ။ ကျွန်ုပ်တို့နိုင်ငံ၌ တိုင်းသူပြည်သားတို့ အမျိုးမျိုး နစ်နာဆုံးရှုံးရသည့်အတွက် လျော်ကြေးပေးမည်၊ အထောက်အပံ့ပေးမည် ဖြစ်သော စီမံချက်များကို မကြားရသေးချေ။ သတိပေးလိုသော အချက်တခုမှာ ဗြိတိသျှတို့ ၁၉၄၂–ခုနှစ်တွင် ထွက်ပြေးခါနီး၌ မီးရှို့မီးတိုက် ဖျက်ဆီးခဲ့ကြသောကြောင့်၎င်း၊ စစ်အတောအတွင်း၌ပင် ဗြိတိသျှဗုံးရန်ကြောင့်၎င်း ဖြစ်ပေသည်။ များသောအားဖြင့် ဤအကြောင်းနှစ်ကြောင်းကြောင့် ပျက်စီးကြလေသည်။ ထို့အပြင် ကျွန်ုပ်တို့နိုင်ငံနှင့် ကျွန်ုပ်တို့လူမျိုး နစ်နာဆုံးရှုံးရသည်မှာ ဗြိတိသျှအစိုးရသည် ကျွန်ုပ်တို့တိုင်းပြည်ကို မကာကွယ်နိုင်ဘဲ၊ ကျွန်ုပ်တို့ကို စွန့်ထားပြီးလျှင် ထွက်ပြေးသွားကြသောကြောင့်ဟု ဆိုရပေမည်။ ဤအချက်ကို ဗြိတိသျှပါလီမန်၌ပင် ဝန်ခံပြီးဖြစ်လေပြီ။ ကျွန်ုပ် မှတ်မိသရွေ့ ပြောရလျှင် မြန်မာပြည် ကာကွယ်မှုသည် ဗြိတိသျှအစိုးရက စရိတ်ကုန်ကျခံ၍ ပြုရမည့် တာ

ဝန်ဟုပင် ဖော်ပြခဲ့ဘူးပေသည်။ သို့ဖြစ်ရကား ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို ၁၉၄၁–ခု အခြေအနေသို့ရောက်အောင် ပြန်လည်ထူထောင်ရန်အတွက် ကုန်ကျမည်ဖြစ်သော ငွေကြေးများကို ပေးလိုက်ပေသည်။ အရပ်စကားနှင့် ပြောရလျှင် အလကားပေးသည့်အနေနှင့် ချေးငှားလေသည်။ ချေးငှားသည်ဆိုရာ၌ နောက်ဆုံးတွင် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတို့ ထမ်းဆောင်ရမည် ဖြစ်သော အခွန်တော်ထဲမှ ပေးဆပ်ကြရမည်ဖြစ်၍ ကျွန်ုပ်တို့လူထုထံမှ အခွန်တော်ကောက်ခြင်းပင် ဖြစ်လေသည်။ လူထု၏အကျိုးရှိလျှင် တော်ပါသေး၏။ ယခုမှာမူကား လူထုအကျိုးအတွက် မဟုတ်။ ဗြိတိသျှအရင်းရှင်တို့၏ အကျိုးအတွက် သက်သက်လောက်ပင် ဖြစ်ပေ၏။ သို့အတွက် တိုက်ရိုက်ပြောရလျှင် ဤရွှေဒင်္ဂါး ၈၇–သန်းသည် ချေးငွေမဟုတ်။ မြန်မာနိုင်ငံသူ နိုင်ငံသား (ဝါ) ဗမာလူထုထံမှ အတင်းတောင်းယူသော စစ်လျော်ကြေးငွေသာလျှင် ဖြစ်၏။ ကျွန်ုပ်တို့ ပြည်သူပြည်သားတို့သည် မိမိတို့ နစ်နာဆုံးရှုံးမှုအတွက် ကြေးငွေရဘို့ ဝေးစွ။ တန်ဆာဆင်ထားသော စစ်လျော်ကြေးငွေကိုပင် ပေးရတော့မည်။ ကျွန်ုပ်တို့ ပြည်သူပြည်သားများအတွက် လျော်ကြေးငွေပေးရန် အဘယ်ကြောင့် မစီစဉ်ပါသေးသနည်းဟု အစိုးရကိုမေးရာ၊ အစိုးရက လွန်ခဲ့သည့် ၃–နှစ်အတွင်း မိမိတို့သည် တနိုင်ငံ မြိုင်ယံခြားတွင် ရှိနေသောကြောင့် လိုအပ်သောအချက်ကို မစုဆောင်းရသေးပါ။ စုဆောင်းရအောင်လည်း ထိုစဉ်အခါက မြန်မာနိုင်ငံကို လာရောက်၍ လေထီးနှင့်ဆင်းပြီး ပြည်သူတို့နှင့်တွေ့ဘို့ မဖြစ်နိုင်ပါဟု အူကြောင်ကြောင်ပင် ပြန်၍ဖြေလိုက်သေး၏။ ကျွန်ုပ်တို့တိုင်းပြည် ပြန်လည်ထူထောင်ရန် ငွေပင်ငွေရင်း လိုသည်မှာ မှန်၏။ သို့သော်လည်း ကျွန်ုပ်တို့သည် တန်ဆာဆင်ထားသော စစ်လျော်ကြေးအဖြစ်ဖြင့် ပေးရမည်ဖြစ်သောငွေများ၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုများနှင့် တဖက်သတ်အကျိုးရှိမည်ဖြစ်သော ငွေပင်ငွေရင်းစိုက်ထုတ်မှုများကို အလိုမရှိချေ။

လယ်ယာစိုက်ပျိုးရေးစီမံချက်၊ သစ်စီမံချက်၊ ဝယ်ယူဖြန့်ဖြူးရေးစီမံချက် စသည်တို့နှင့်ပတ်သက်၍ ပြောလိုသည်မှာ အစိုးရက မက်လောက်သော အဖိုးများကိုပေး၍ အားလုံးသော ပိုလျှံမည့်ကောက်ပဲသီးနှံတို့ကို ဝယ်ယူမည်ဟု

Myanmar Cupid Community PDF Creator Group

ဆိုထားပြန်၏။ မက်လောက်သော တန်ဘိုးများကို တောင်သူလယ်သမားများအား ပေးမည်လော။ အစိုးရအတွက် အဝယ်တော်လုပ်မည့် နိုင်ငံခြားကုမ္ပဏီကြီးများအား ပေးမည်လောဟု မေးရပေလိမ့်မည်။ အစိုးရက ဈေးနှုန်းကန့်သတ်မည်ဟု ဆိုပြန်၏။ ဈေးနှုန်းကန့်သတ်ခြင်းစနစ်ကို ကျွန်ုပ်တို့ ကြိုက်နှစ်သက်၏။ သို့ရာတွင် ဈေးနှုန်း မကန့်သတ်မီ အလွန်တန်ဘိုးယုတ်လျော့လျက်ရှိသော ငွေကြေးပြဿနာကို မဖြေရှင်းရမီ ဈေးနှုန်းကန့်သတ်လျှင် ကျွန်ုပ်တို့ တောင်သူလယ်သမားများ၏ဖိကို ညှစ်သည်နှင့် အတူတူပင်ဖြစ်၏။ ကျွန်ုပ်တို့ တောင်သူလယ်သမားများ ကြပ်တည်း ကျဉ်းမြောင်းသော ဘဝသို့ရောက်လျှင် နိုင်ငံတွင် ခိုးမှု တိုက်မှု ရာဇဝတ်မှုများ များပြားလာပေလိမ့်မည်။ လက်ရှိအခြေအနေပင် မည်မျှလောက် ဆိုးဝါးနေသည်ကို ဖော်ပြရန် မလိုချေ။ အစိုးရစီမံကိန်းအရ ထွက်ကုန် ဝင်ကုန်ကို အစိုးရက အုပ်ချုပ်မည်ဟု ဆိုပြန်၏။ ဤသို့အုပ်ချုပ်ရာ၌ ဆိုဗီယက်ရုရှားတွင် အစိုးရကအုပ်ချုပ်နည်းမျိုး မဟုတ်။ အစိုးရကိုယ်စားလှယ် အဝယ်တော်များကို အသုံးပြုပြီးလျှင် အုပ်ချုပ်ရန် ဖြစ်လေသည်။ ဤအဝယ်တော်များမှာ နိုင်ငံခြားကုမ္ပဏီကြီးများ ဖြစ်၏။ မြန်မာလူမျိုးတို့သည် ထွက်ကုန် ဝင်ကုန်ကိစ္စတွင် ကျွမ်းကျင်လိမ္မာခြင်းမရှိဟု ဆိုထား၏။ အကြံဉာဏ်ပေးလျှင် မြန်မာလူမျိုးတို့ မလုပ်နိုင်စရာ အကြောင်းမရှိပေ။ အစိုးရက ပြန်လည် စီမံသင့်ပေသည်။

ဤမျှသာမကသေး။ ဂျပန်ငွေစက္ကူကို တန်ဘိုးမရှိဟု ကြေညာခဲ့သောကြောင့် တနိုင်ငံလုံးတွင် အတိဒုက္ခ ရောက်ကြရပေသည်။ အာရှတိုက် အရှေ့တောင်ဘက်ရှိ မဟာမိတ်များ သိမ်းပိုက်ထားသော နယ်များတွင် တန်ဘိုးထားသင့်သလောက် ထားပါလျက်နှင့် မြန်မာနိုင်ငံတွင် အဘယ့်ကြောင့် တန်ဘိုးလုံးလုံးမရှိဟု ကြေညာခဲ့ပါသလဲ။ ဗြိတိသျှက ထိုနယ်ကို အဘယ့်ကြောင့် မျက်နှာလိုက်ပါသလဲ။ ဂျပန်ငွေစက္ကူ ထပ်ပြီးတိုးစရာ အကြောင်းမရှိသည်ဖြစ်၍ ထိုနိုင်ငံများမှာကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တန်ဘိုးပေးသင့်သည်။ မြန်မာပြည်သူပြည်သားတို့၏ ကိုယ်စားလှယ်များ နိုင်ငံပေါင်းစုံအဖွဲ့များတွင် ပါဝင်၍ ဂျပန်ပြည်မှ ဂျပန်ငွေစက္ကူများအတွက် ရထိုက်ရစရာရှိသောတန်ဘိုးကို ရနိုင်အောင်

ဗြိတိသျှအစိုးရက စီစဉ်ပေးသင့်သည်။ ဤနှစ်ချက်ကို ဗြိတိသျှအစိုးရ အဘယ့်ကြောင့် စီစဉ်မပေးနိုင်သနည်းဟု မေးလိုသည်။

ဤသို့ ပရိယာယ်အမျိုးမျိုးဖြင့် ဗြိတိသျှနယ်ချဲ့သမားတို့သည် စီးပွားရေး ဖက်ဆစ်ဝါဒကို မြန်မာပြည်တွင် စိုက်ထူရန် စီစဉ်လျက် ရှိနေကြသည်။ ငွေကြေးတန်ဘိုး ဆုတ်ယုတ်မှုပြဿနာကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် အလုပ်မရှိသူ အမြောက်အမြား၊ ငွေသားငွေစက္ကူ မကိုင်နိုင်သူ အမြောက်အမြားရှိ၏။ သို့စဉ်လျက် ပြည်သူတို့ ချောင်ချိအောင် ဗြိတိသျှအစိုးရသည် လွတ်လပ်စွာ ကုန်ကူးသန်းရောင်းဝယ်ရေးကို အားမပေးဘဲ အခြားနိုင်ငံများကို ချုပ်ချယ်ထားလေသည်။ မိမိတို့နိုင်ငံကလည်း အချိန်မှီလုံလောက်အောင် ကုန်စည်ဝတ္ထုပစ္စည်း မပေးပို့နိုင်ဘဲလျက် တကိုယ်ကောင်းကြံလိုသောစိတ်နှင့် အခြားနိုင်ငံများက ကုန်စည်ဝတ္ထုပစ္စည်းများ ပို့ခြင်းကို ပိတ်ပင်ထားလေသည်။ အန်းရားခေါ် နိုင်ငံပေါင်းစုံ ကယ်ဆယ်ထောက်ပံ့ရေး ပြန်လည်ထူထောင်ရေးအဖွဲ့ကိုပင် တားမြစ်ထားလေသည်။ ဤသို့သောစီမံချက်ဖြင့် ဗြိတိသျှနယ်ချဲ့ဝါဒီတို့သည် မိမိတို့အကျိုးကို ဖြစ်ထွန်းစေနိုင်လိမ့်မည်ဟု ထင်မှတ်ကာ ပြုလုပ်၏။ နောက်ဆုံး၌ မိမိတို့ပင် အကျိုးယုတ်မည်မှာ သိသာနိုင်ပေ၏။

ဥပဒေနှင့်ပတ်သက်၍ အနည်းငယ်ပြောလိုသည်။ ဘုရင်ခံ၏ကိုယ်စား တရားဝန်ကြီးတယောက်သည် ဥပဒေသစ်အချို့ကို ပြုထား၏။ ၁၉၄၃–ခု အထူးတရားသူကြီး အက်ဥပဒေ ၅–အရ၊ အထူးတရားသူကြီးတဦးသည် သက်သေထွက်ချက်တို့ကို အတိုချုပ် မှတ်သားရန်သာလိုသည်။ တရားခံသည်လည်း ခေါ်လိုသော အရေးကြီးသည့် သက်သေများကို ခေါ်ပိုင်ခွင့်မရှိ။ တရားသူကြီးကသာ လျှင် ခေါ်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထား၏။ အချုပ်မှာ အထူးတရားသူကြီး တယောက်သည် သေးငယ်သောပြစ်မှုများတွင် တချက်လွတ် အမိန့်ချနိုင်သကဲ့သို့ လူသတ်မှုစသော အရေးကြီးသည့် အမှုကြီးများတွင်လည်း တချက်လွတ် အမိန့်ချနိုင်သည်ဟု ဆိုရာရောက်ပေသည်။ နောက်တချက်မှာ အထူးတရားသူကြီး၏ အပြစ်ဒဏ်ပေးချက်ကို ခံယူရပြီးသည့်နောက် အယူခံနိုင်ခွင့် မရှိချေ။ အဆိုပါ အက်ဥပဒေပုဒ်မ ၆(၁)အရ တရားလွှတ်တော်ကပင်လျှင် ပြန်လည်စစ်

Myanmar Cupid Community PDF Creator Group

ဆေးခွင့် မရှိချေ။ ပုဒ်မ ၆(၁)အရ သေဒဏ်ပေးသောအမှုတမှုတွင် တရားဝန်ကြီး တဦးသာ ပြစ်မှုကို စစ်ဆေးနိုင်သည်။ တနည်းအားဖြင့်ဆိုသော် သေဒဏ်ပြစ်မှု ကလွဲ၍ အခြားသော ပြစ်မှုများရသော တရားခံတို့မှာ အယူခံပိုင်ခွင့် မရှိသော ဘဝသို့ ရောက်ကြရခြင်းပင်ဖြစ်၏။

၁၉၄၃–ခု တရားရုံးတော်များ အရေးပေါ်အက်ဥပဒေပုဒ်မ ၁၄–အရ တရားခံတဦးသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အာဏာရှိသော တရားသူကြီးများက အပြစ်ပေးသောအခါ အယူခံနိုင်ခွင့် မရှိချေ။ တရားခံတဦး သည် အထူးအာဏာရ တရားသူကြီးက ပြစ်မှုပေးသောအခါ ထောင်ဒဏ် ၅–နှစ် က မကျော်လွန်လျှင် အယူခံနိုင်ခွင့် မရှိချေ။ တရားခံတဦးသည် စက်ရှင်တရား သူကြီး သို့မဟုတ် ရာဘက် စက်ရှင်တရားသူကြီးက ပြစ်မှုပေးသောအခါ သေ ဒဏ်မဟုတ်လျှင် အယူခံပိုင်ခွင့် မရှိချေ။ အထူးအာဏာရ တရားသူကြီးရုံးမှ ၅– နှစ်ထက် ကျော်သော ထောင်ဒဏ်ပေးလျှင် တရားလွှတ်တော်သို့မဟုတ်ဘဲ စက် ရှင်တရားသူကြီးရုံးသို့သာ အယူခံနိုင်သည်။ ယခုအခါ၌ စက်ရှင်တရားသူကြီး သည် အထူးတရားသူကြီး ဖြစ်နေပြန်သောကြောင့် အလွန်အလုပ်များရာ အယူခံ မှုများကို သေချာစွာ စစ်ဆေးနိုင်လိမ့်မည် မဟုတ်ချေ။

အထက်ပါ ဥပဒေပုဒ်မ ၁၄–အရ ပုလိပ်ကို ဖြောင့်ချက်ပေးခြင်းတို့ကို သက်သေထွက်ချက်ယူ၍ တရားသူကြီးများက လက်ခံနိုင်သည်။ ထို့အပြင် အမှု စုံစမ်းရေး ပုလိပ်အရာရှိသည် လူတယောက်ကို မဖမ်းမီ မိမိတို့ အလိုရှိသော ထွက်ချက်ကိုရအောင် ပရိယာယ်အမျိုးမျိုးဖြင့် မေးတတ်လေသည်။ တရားခံတဦး သည် ပုလိပ်အရာရှိ၏ ခြိမ်းခြောက်မှု စသည်တို့ကို ပေါ်အောင်လုပ်နိုင်ရန် အလွန်ခဲယဉ်းသည်ဖြစ်ရာ ပုလိပ်လက်ထဲ၌ ဤတိုးချဲ့အာဏာပေးထားခြင်းသည် အန္တရာယ်များစွာ ပေါ်ပေါက်စေလိမ့်မည်။ တရားခံနှင့် ပုလိပ် နှစ်ဦးစကားကို တရားသူကြီးက ဆုံးဖြတ်ဖို့သာ ရှိပေသည်။

မကြာမီက ကျွန်ုပ်သည် ဗြိတိသျှတရားစစ်ဆေးရေးစနစ်သည် ဂျပန် ကင်ပေတိုင်စနစ်နှင့် တူနေသည်ဟု ပြောခဲ့ဘူးပေပြီ။ ယနေ့ သည်အတိုင်းပင်

Myanmar Cupid Community PDF Creator Group

ထပ်၍ ပြောလိုသည်။ အချုပ်မှာ ဤဥပဒေသစ်များကြောင့် ကျွန်ုပ်တို့ ပြည်သူ ပြည်သားများကို ယုတ်မာသောပုလိပ်မျိုးနှင့် လက်စားချေလိုသော တရားသူကြီး မျိုး လက်ထဲတွင် ဝကွက်၍ အပ်ခြင်းပင် ဖြစ်ပေတော့သည်။ ထိုမျှမကသေး၊ တရားစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေး အရာရှိများက ဝင်ရောက်စွက်ဖက်သူ များကိုလည်း ကျွန်ုပ်တို့ သိရှိကြ၏။ ဤဥပဒေသစ်များကို အရေးကြုံ၍ ယာယီ သဘောလုပ်ရပါသည်ဟု ဆိုပြန်၏။ မြန်မာနိုင်ငံ၌ ဘာအရေးရှိနေလို့လဲ။ စစ် အပြီးတွင် အခြားနိုင်ငံများ၌ လွတ်လပ်မှုများကို ပြန်လည်ရရှိပါလျက် အဘယ့် ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် မရနိုင်ပါသလဲ။ ဗြိတိသျှတို့သည် စိတ်ကောင်း စေတနာကောင်းနှင့် မြန်မာများကို ဂျပန်လက်မှ ကယ်ဆယ်ဘို့ လာရောက်ပါ သည်ဟု ဆိုကြသည်။ ဤဥပဒေသစ်များနှင့် စီးပွားရေးစီမံချက်များသည် ဗြိတိ သျှတို့၏ မွန်မြတ်သောစေတနာ၏ ရှေ့ပြေးနိမိတ်များဖြစ်သလောဟု မေးလိုပါ ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့နိုင်ငံရှိ လူ ၁၇–သန်းတွင် ၁၇–ယောက်မျှ သာ ဥပဒေအကြောင်းကို ကောင်းကောင်းနားလည်သည်ဟု ပြောဆိုခြင်းသည် ဆင်သေကို သားရေနှင့် ဖုံး၍မရသကဲ့သို့ ရှိချေသည်။ ဤကဲ့သို့ ပြောဆိုမှုမျိုး ပြခဲ့သော လေထီးနှင့်ဆင်းပြီး လာမေးရမည်လောဟူ၍ မလောက်လေး မလောက် စား ပြောဆိုမှုမျိုးတို့သည် အရာမရောက်။ ကျွန်ုပ်တို့တိုင်းပြည်တွင် ဗြိတိသျှတို့ ကို မုန်းတီးသောစိတ် ဖြစ်ပေါ်စေရန် မြှောက်ပင့်ခြင်းသာလျှင် ဖြစ်သည်ဟု အာဏာပိုင်တို့အား ကျွန်ုပ်က သတိပေးလိုသည်။ အထက်၌ ဖော်ပြခဲ့ပြီးသော နည်းအမျိုးမျိုးဖြင့် ကျွန်ုပ်တို့နိုင်ငံတွင် စီးပွားရေး စိုက်ထူနိုင်လိမ့်မည် မြော်လင့် ကြ၏။ ဥပဒေအရဟုဆိုနိုင်ရန် ဥပဒေကိုပင် မိမိတို့အလိုကျ ပြင်လိုက်သေး၏။ ဤမျှမကသေး၊ ဘုရင်ခံကို လုံးဝအာဏာပေး၍ အုပ်ချုပ်စေ၏။ ဥပဒေအရဆို လျှင် ဘုရင်ခံသည် မြန်မာနိုင်ငံ၏ အာဏာရှင်ဖြစ်၏။ ဤသို့သောအကြောင်း များကြောင့် ဘုရင်ခံနှင့် ကျွန်ုပ်တို့ ယခုအခါ၌ သဘောကွဲလွဲနေကြ၏။ ကျွန်ုပ် တို့သည် မဖြစ်နိုင်သည်ကို မတောင်းဆိုခဲ့ကြချေ။ ဘုရင်ခံသည် မိမိ၏မိန့်ခွန်း များတွင် အားလုံးနိုင်ငံရေးပါတီကြီးကြီးများ၏ ကိုယ်စားလှယ်များဖြင့် မိမိ၏ အမှုဆောင်ကောင်စီကို ဖွဲ့လိုပါသည်ဟု အတန်တန် ဖော်ပြဘူးသည့်အတိုင်း

ကျွန်ုပ်တို့သည် ဤကဲ့သို့သော ကောင်စီကိုဖွဲ့ရန်သာ တောင်းဆိုခဲ့၏။ ဥပဒေအရ အမှုဆောင်ကောင်စီဝင်လူကြီးများသည် ဘုရင်ခံကိုသာ လုံးဝတာဝန်ရှိသော်လည်း ဒီမိုကရေစီဝါဒအတိုင်း ကောင်စီဖွဲ့သူများသည် တစုတပေါင်းတည်းတိုင်းသူပြည်သား (ဝါ) လူထုကိုသာ တာဝန်ရှိစေသင့်သည်ဟု တောင်းဆိုခဲ့၏။ စင်စစ်မှာ ကျွန်ုပ်တို့သည် မူလရည်ရွယ်ချက်ထက်ပင် တထစ်လျှော့၍ တောင်းဆိုခြင်းဖြစ်၏။ မူလက ကျွန်ုပ်တို့သည် အားလုံးသော အာဏာများကို ပေးအပ်ခြင်းခံရသည့် ဗမာလူမျိုးများပါဝင်သော ယာယီအမျိုးသားအစိုးရကို တောင်းဆိုခဲ့ပေသည်။ သို့ရာတွင် အပေးအယူသဘောမျိုးနှင့် ကာကွယ်ရေး၊ နိုင်ငံရေးရာ၊ တောင်ရိုးနယ်များကိစ္စတို့ကို ဘုရင်ခံလက်ထဲ၌ထားခြင်းကို သဘောတူသည်သာမက ကောင်စီတွင် အချို့အင်္ဂလိပ်တို့ကို ထည့်ခြင်းကိုပင် လက်ခံသဘောတူခဲ့လေသည်။ ဘုရင်ခံခန့်အပ်သော အမှုဆောင်ဝန်ကြီးတဦး၏လက်ထဲတွင် ဘဏ္ဍာရေးကိုထားခြင်းကိုပင်လျှင် ကျွန်ုပ်တို့ လိုက်လျောခဲ့၏။ အချုပ်မှာ ကျွန်ုပ်တို့တောင်းဆိုခြင်းသည် တခုပင်ဖြစ်၏။ ဘုရင်ခံသည် ဥပဒေအရ တိုင်းပြည်ကိုအုပ်ချုပ်ရန် တာဝန်ရှိသော်လည်း ဒီမိုကရေစီဝါဒအတိုင်း အုပ်ချုပ်ရန် တောင်းဆိုခြင်းမျှသာဖြစ်ချေသည်။ ဤသို့တောင်းဆိုရာ၌ ကျွန်ုပ်တို့သည် ပြည်ထဲရေးဌာနကို ကျွန်ုပ်တို့ အုပ်ချုပ်လိုပါသည်ဟု ထည့်၍ပြောခဲ့၏။ ဤသို့ ပြည်ထဲရေးဌာနကို တောင်းခြင်းသည် မကောင်းသောအကြံနှင့်တောင်းခြင်း မဟုတ်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏စေတနာကို ယုံကြည်မိသည်တကြောင်း၊ တိုင်းပြည်၏အခြေအနေအစဉ်အလာကို ထောက်ရှု၍၎င်း တောင်းဆိုခြင်းဖြစ်ပေသည်။ ရဲဘော်တို့နားလည်သည့်အတိုင်း ဤတောင်းဆိုချက်သည် မဖြစ်နိုင်သော တောင်းဆိုချက် မဟုတ်။ အသင့်အတင့်မျှ တောင်းဆိုခြင်း ဖြစ်ပေသည်။ သို့သော်လည်း ဘုရင်ခံသည် မိမိသာလျှင်သိသောအကြောင်းများကြောင့် ကျွန်ုပ်တို့ တောင်းဆိုချက်ကို လက်မခံနိုင်ဘဲ ငြင်းဆိုခဲ့၏။

ကျွန်ုပ်တို့က အပေးအယူသဘောမျိုးဖြင့် လျှော့ပေါ့၍ တောင်းဆိုခြင်းသည် ကျွန်ုပ်တို့စိတ်ဓာတ် ညံ့ဖျင်း၍မဟုတ်။ ယခုလိုအခါ၌ ကျွန်ုပ်တို့၏နိုင်ငံနှင့် ကျွန်ုပ်တို့၏ လူမျိုးအကျိုးကို မြန်မြန်ထက်ထက် သယ်ပိုးချင်သောဆန္ဒ

အတွက် ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အရေးကြီးသောဌာနတို့ကို ဘုရင်ခံလက်ထဲ၌သော်၎င်း၊ ဘုရင်ခံကိုယ်တိုင် ရွေးချယ်ခန့်ထားသောလူကြီးများ၏ လက်ထဲ၌သော်၎င်း ထားခြင်းအားဖြင့် တန်ခိုးအာဏာများစွာမရှိသည်ကို သိလျက်နှင့်ပင် တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အကျယ်အကျယ် မငြိမ်းဘွယ် မဖြစ်စေရန် ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒနှင့် စကားကမ်းလှမ်းခဲ့လေသည်။ သို့သော်လည်း ကျွန်ုပ်တို့အလိုဆန္ဒအတိုင်း မဖြစ်ခဲ့ချေ။ ကျွန်ုပ်တို့နိုင်ငံတွင် အာဏာပိုင်များသည် အလွန် သာယာနာပျော်ဘွယ်ကောင်းသော စကားလုံးများကိုသာ သုံးပြီးလျှင် စီးပွားရေးဖက်ဆစ်ဝါဒကို ထူထောင်ရန် ကြိုးစားနေကြပေပြီ။ ထို့အတွက်ကြောင့်လည်း အာဏာပိုင်တို့သည် ယခုအခါ၌ တိုင်းပြည်၏ အခြေအနေ အဖြစ်သနစ် အကျိုးအကြောင်းအမှန်တို့ကို သိလျက်နှင့်ပင် မျက်စေ့စုံလုံးမှိတ်၍ ပြည်သူတို့၏ (ဝါ) လူထု၏ဆန္ဒကို ပြောင်ပြောင်ကြီး ဆန့်ကျင်ကာ ဗြိတိသျှအစိုးရနှင့် ဗြိတိသျှလူမျိုးတို့ကို ကျွန်ုပ်တို့၏ လွတ်လပ်မှုအတွက် သွားရောက်ရှင်းလင်း ပြောဆိုဘို့အခွင့်အရေးကိုပင် မပေးဘဲနေသည်သာမက၊ ကျွန်ုပ်တို့၏ ဂုဏ်သရေကို ပျက်စီမ့်သော၄ာ (ဝါ) ကျွန်ုပ်တို့၏အင်အားကို ဆုတ်စိမ့်သော၄ာ ညဏ်နီညဏ်နက် အမျိုးမျိုးနှင့် ပြောဆိုပြုလုပ်လျက် ရှိကြပေပြီ။ ကျွန်ုပ်တို့ကိုလည်း မခံချင်အောင် အမျိုးမျိုး ဆွကြလေသည်။ သို့သော်လည်း ကျွန်ုပ်တို့ကို ဆွ၍ရမည် မဟုတ်ပေ။ နောက်ဆုံး၌ ကျွန်ုပ်တို့အနိုင်ရမည်မှာ သေချာသည်ကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ သိသည်။ ကျွန်ုပ်တို့ကို ခြေလှမ်းမှားအောင် ဆွ၍မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏အချိန်ကို ရွေး၍ ကျွန်ုပ်တို့လူထုကြီးကို မကြိုးပမ်းသင့်သောနေရာတွင် မကြိုးပမ်းစေဘဲ ဖြောင့်ဖြောင့်တန်းတန်း လွတ်လပ်ရေးပန်းတိုင်လမ်းသို့ ဆက်လက်ချီတက်မည်။ ကျွန်ုပ်တို့ လွတ်လပ်ရေးရစေရန် ကြိုးစားရာ၌ ကျွန်ုပ်တို့ သတိပြုရမည်မှာ လွတ်လပ်ရေးသည် အကျိုးတရားမဟုတ်။ လွတ်လပ်ရေးသည် ကျွန်ုပ်တို့၏ဆန္ဒအတိုင်း ကျွန်ုပ်တို့၏ ကံကြမ္မာကို ဖန်တီးနိုင်သော အကြောင်းတရားသာ ဖြစ်ချေသည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို ဟန်ပြအနေနှင့် အလိုမရှိ။ ကျွန်ုပ်တို့ကိုယ်ပိုင်တန်ခိုးအာဏာ အခွင့်အရေးမရှိသော (ဝါ) အနှစ်မရှိ အကာအတိဖြစ်

Myanmar Cupid Community PDF Creator Group

သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့ဘူးသည်ဖြစ်၍ ၎င်းလွတ်လပ်ရေးအတုမျိုးအတွက် ကျွန်ုပ်တို့ ထပ်မံကြိုးပမ်းလိမ့်မည် မဟုတ်ချေ။ ရဲဘော်တို့၊ လွတ်လပ်ရေးဆိုသည့် ဝေါဟာရကိုသာ မကြည့်ရှုပါနှင့်။ ဤလွတ်လပ်ရေးကို ရသောအခါ လွတ်လပ်ရေးကို အကြောင်းပြု၍ လွတ်လပ်မှုအကျိုးတရားများကို ခံစားနိုင်အောင် ယခုကပင် ဤလွတ်လပ်ရေးကို ပရိယာယ်အမျိုးမျိုးဖြင့် မသိမသာ ချုပ်ချယ်မှုတို့ကို ကြီးစွာသောသတိနှင့် ကန့်ကွက်ရပေလိမ့်မည်။ ဤပြဿနာများကို ကျွန်ုပ်တို့ ယခုအခါ၌ တိုင်ပင်ဆွေးနွေး စဉ်းစားလျက် ရှိကြလေသည်။ သို့အတွက် ဘုရင်ခံသည် အဖြစ်သနစ်ကို ရှောင်ရှား၍ ကျွန်ုပ်တို့ အဖွဲ့ချုပ်ကို နိုင်ငံရေးပြောက်ကျားတိုက်ပွဲနည်းစံနစ်ဖြင့် စစ်ဆင်လိုက ဆင်ပါစေ။ စီးပွားရေးဖက်ဆစ်ဝါဒတိုက်နည်းကို သုံးလိုက သုံးပါစေ။ သို့သော်လည်း ကျွန်ုပ်တို့မှာ မတုန်မလှုပ် စိတ်ဓာတ်ခိုင်မြဲစွာနှင့် လွတ်လပ်ရေးပန်းတိုင်သို့သာ လျှင် ရှေ့ရှုပြီး ချီတက်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ ပြောက်ကျားတိုက်ပွဲများ ရှုံးရမည်ကို သေသေချာချာ သိပြီးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ပြောက်ကျားတိုက်ပွဲနည်းစနစ်ကို လူထုက သောင်းသောင်းဖျဖျ အားမပေးဘဲ အောင်မြင်စွာ အသုံးမပြုနိုင်ချေ။ ဘုရင်ခံနောက်၌ လူထုမရှိ။ ကျွန်ုပ်တို့အဖွဲ့ ချုပ်နောက်၌သာ လူထုရှိသည်ကို သတိပြုကြလော့။

ဤသို့သောအကြောင်းများကြောင့် ကျွန်ုပ်တို့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ကြမည်နည်း။ ကျွန်ုပ်တို့ ဘယ်ကဲ့သို့ ခြေလှမ်းလှမ်းကြမည်နည်း။ ရဲဘော်တို့၊ ကျွန်ုပ်တို့၏အဓိကရည်ရွယ်ချက်သည် ကျွန်ုပ်တို့အမျိုးသားတို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးနိုင်သော အခွင့်အရေးကို ရယူရန်ဖြစ်ပေသည်။ ဤအခွင့်အရေးကို ရယူနိုင်ရန် ဗြိတိသျှအစိုးရအား ကျွန်ုပ်တို့ အရေးဆိုထားသည်မှာ အရွယ်ရောက်သူတိုင်း မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲများကို ချက်ချင်းကျင်းပပြီးလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ကို အမြန်ဆုံး ခေါ်ပေးရန် ဖြစ်သည်။ ဤသို့ တိုင်းပြုပြည်ပြုလွှတ်တော် မခေါ်နိုင်မီအတွင်း ဗြိတိသျှအစိုးရနှင့် ဆက်သွယ်ဆွေးနွေးနိုင်သော အမျိုးသားအစိုးရကို ဖွဲ့စည်းပေးရန်ကိုလည်း ကျွန်ုပ်တို့ အဆိုပြုခဲ့ပေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ပြည်သူ့လက်ထဲသို့

Myanmar Cupid Community PDF Creator Group

လွတ်လပ်ရေးရချိန်တွင် လုံးဝတန်ခိုးအာဏာပြောင်းလွှဲပေးရန်အတွက် ကျွန်ုပ်တို့ လိုသမျှသော အစီအစဉ်များကို ကျနစွာလုပ်ကိုင်နိုင်ပေလိမ့်မည်။ သို့သော်လည်း ဗြိတိသျှအစိုးရသည် ကျွန်ုပ်တို့အမျိုးသားအား ဒိုမီနီယန် အဆင့်အတန်းကို ပေးပါမည်ဟူ၍ မရေမရာသော ကတိပြုပြီးလျှင် စက္ကူဖြူစာတမ်းအဆင့်အတန်းကိုပင် ဘယ်အချိန်အခါ ပေးမည်ဟူ၍ တိတိကျကျ ဖော်ပြထားခြင်း မရှိပေ။ ကျွန်ုပ်တို့အမျိုးသားတို့၏ လိုအင်ဆန္ဒကို ဗြိတိသျှအစိုးရတို့က မဖြည့်သည့်အတွက် ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။ ရွေးကောက်ပွဲကို စောစောမပြုလုပ်လျှင် ဘယ်လိုစခန်းသွားကြမည်လဲဟု မေးဘွယ်ရာရှိ၏။ စင်စစ်မှာ ဗြိတိသျှအစိုးရသည် ရွေးကောက်ပွဲများကို စောစောကျင်းပလိုပါက ခဲယဉ်းစရာအကြောင်း မရှိချေ။ ခြောက်လအတွင်း စီစဉ်၍ ပြုလုပ်နိုင်၏။ ခြောက်လအတွင်း မပြီးစီးနိုင်ဟုဆိုလျှင် ဗြိတိသျှအစိုးရ၌ လုပ်ရည်ကိုင်ရည်မရှိဟု ဆိုရာရောက်ပေသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရန် ဘာများအထူးအထွေ လုပ်စရာရှိပါသလဲ။ မဲပေးနိုင်ခွင့်ကိစ္စကို ဆုံးဖြတ်ဖို့နှင့် မဲစာရင်းများ လုပ်ရန်သာရှိပါသည်။ အသွားအလာ လမ်းပန်းခရီးကို ယိုးမယ်ဖွဲ့စရာ မရှိပါ။ ယခင်အခါက လမ်းပန်းခရီး မကောင်းသည့်အထဲမှာပင် ရွေးကောက်ပွဲများ ပြုလုပ်လာကြပါသည်။ မဲပေးနိုင်ခွင့်ကိစ္စကို လွယ်ကူစွာ ဆုံးဖြတ်နိုင်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ထင်မြင်ချက်များကို ပေးပြီးဖြစ်ပါသည်။ သည့်အပြင် ဘာအကြောင်း ရှိသေးသလဲ။ လွတ်လွတ်လပ်လပ် မဲပေးနိုင်ဘို့ အခြေအနေရှိရမည်လို့ ဆိုပြန်သည်။ ဤပြောဆိုချက်ကို ကျွန်ုပ်တို့ သဘောတူသည်။ ရွေးကောက်ပွဲကျင်းပသည့် အချိန်မှာ တိုင်းပြည်တွင် ငြိမ်းချမ်းရေးရှိရပေလိမ့်မည်။ ကမ္ဘာအရပ်ရပ်နှင့် ဗြိတိသျှနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသကဲ့သို့ ကျွန်ုပ်တို့နိုင်ငံမှာလည်း ခိုးသားဓားပြမှုများ ဖြစ်ပွားလျက်ရှိသည်မှာ မှန်၏။ သို့ရာတွင် အရှေ့တလွှားတွင် ကျွန်ုပ်တို့နိုင်ငံသည် အငြိမ်းချမ်းဆုံးသော တိုင်းပြည်ဟူ၍ ကျွန်ုပ်တို့ ဆိုလိုသည်။ ကျွန်ုပ်တို့အကြောင်းပြချက်များကို ထောက်ထား၍ ရွေးကောက်ပွဲများကို စောစောကျင်းပနိုင်ကြောင်း ထင်ရှား၏။ သို့သော်လည်း ရွေးကောက်ပွဲများကို ကျင်းပချင်မှ ကျင်းပပေလိမ့်မည်။ ကျွန်ုပ်တို့ ဘာလုပ်ကြမည်လဲ။ ကျွန်ုပ် ပြောချင်တာက

ရာဇဝင် သဘောအရ၊ ခေတ်သဘောအရ ဖြစ်ပေါ်နေသည့် ကမ္ဘာ့ခြေလှမ်း၊ ဗမာ့ခြေလှမ်းတို့သည် တလှမ်းတည်းလှမ်းပြီး သွားနေမှာဘဲ။ ကျွန်ုပ်တို့လူထု အားပေးကူညီယိုင်းပင်းမှုနှင့် ကျွန်ုပ်တို့တိုင်းပြည်ကို ကျွန်ုပ်တို့ ပြုပြင်ထူထောင်ကြမည်။ ကျွန်ုပ်တို့၏လွတ်လပ်ရေးပန်းတိုင်သို့ အဘယ်ကဲ့သို့ချီတက်ကြမည်နည်း။ ကျွန်ုပ်တို့၏ လုပ်ငန်းအစီအစဉ်ကို ဤညီလာခံသဘင်၌ တင်ပြမည်ဖြစ်၍ ကျွန်ုပ် အကျဉ်းအားဖြင့်ပြောလိုသည်မှာ ဤလုပ်ငန်းအစီအစဉ်သည် အတော်အတန်ပြည့်စုံသော်လည်း ကျွန်ုပ်တို့သည် အလှမ်းမကျယ်ဘဲ အလယ်အလတ် အရေးကြီးသော်လည်း လင်ငင်းပြဿနာများကို ဖြေရှင်းနိုင်အောင် ပထမဆုံး စတင်ဆောင်ရွက်ရပေလိမ့်မည်။ အရေးကြီးဆုံးသော ကိစ္စများမှာ ကယ်ဆယ်ထောက်ပံ့ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ပညာရေး၊ အိမ်ဆောက်ရေး၊ ကျန်းမာရေး စသည်တို့ဖြစ်ပေသည်။ ဤအရေးကိစ္စများကို အောင်မြင်စွာ ပြီးစီးနိုင်အောင် ကျွန်ုပ်တို့သည် ပူးပေါင်းဆောင်ရွက်ခြင်းသဘောနှင့် ဆောင်ရွက်ကြရပေလိမ့်မည်။

ရွေးကောက်ပွဲများ ကျင်းပစေကာမူ ကျွန်ုပ်တို့အလိုရှိသော တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ပေးချင်မှ ခေါ်ပေးပေလိမ့်မည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ပေးမှ ဖြစ်နိုင်သည်မဟုတ်။ ကျွန်ုပ်တို့၏ လုပ်ငန်းသဘောအရ တိုင်းပြုပြည်ပြုလွှတ်တော် ဖြစ်ပေါ်လာလိမ့်မည်ဟု နားလည်သင့်ကြပေသည်။ ရွေးကောက်ပွဲများ ကျင်းပခဲ့ပါလျှင် လူထု၏အားပေးမှုဖြင့် (ဝါ) လူထု၏ မဲဆန္ဒကြောင့် ကျွန်ုပ်တို့သည် ရွေးကောက်ပွဲများတွင် အနိုင်ရမည်မှာ မလွဲချေ။ ထိုအခါ ကျရောက်လျှင် ကျွန်ုပ်တို့သည် ဗြိတိသျှအစိုးရကို တိတိလင်းလင်း ကျွန်ုပ်တို့ လိုအင်ဆန္ဒကို မရ ရအောင် တောင်းဆိုမည်။ ဤကဲ့သို့ ငြိမ်းချမ်းသောနည်းဖြင့် ကျွန်ုပ်တို့လူမျိုး၏ ကံကြမ္မာကို မဖန်တီးနိုင်လျှင် ကျွန်ုပ်တို့သည် နည်းလမ်းသစ်ထွင်၍ ကျွန်ုပ်တို့၏ တန်ခိုးအာဏာဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို ရယူရန် စိုင်းပြင်းမည်။ နည်းသစ်ဆိုရာ၌ စင်ပြိုင်အစိုးရတည်ထောင်ခြင်းကို ဆိုလိုသည်မဟုတ်။ ၎င်းစင်ပြိုင်အစိုးရ တည်ထောင်ခြင်းထက်၎င်း၊ အနုမြူဗုံးထက်၎င်း အင်အားရှိသော ကျွန်ုပ်တို့လူထုအားကို သေချာစွာစည်းရုံး၍ အသုံး

Myanmar Cupid Community PDF Creator Group

ပြုမည်ဟု ဆိုလိုသည်။ ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားမျှ ဆန့်ကျင်နိုင်လိမ့်မည် မဟုတ်ချေ။

လူထုကို အဘယ်ကဲ့သို့ ကျနသေချာစွာ စည်းရုံးမည်နည်း။ အဘယ်ကဲ့သို့ ကျနသေချာစွာ အသုံးပြုမည်နည်း။ ပထမဆုံး အမျိုးသားညီညွတ်မှု တည်ဆောက်ရမည်။ အမျိုးသားညီညွတ်မှု၏ ရှေ့ဆောင် ရှေ့သွားများအဖြစ်ဖြင့် ကျွန်ုပ်တို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်နှင့် နယ်အဖွဲ့များကို ဖွဲ့စည်းပြီးလေပြီ။ အဖွဲ့ချုပ်နှင့် နယ်အဖွဲ့များကို ခိုင်ခန့်သည်ထက် ခိုင်ခန့်အောင် ကျနသည်ထက် ကျနအောင် ပြုလုပ်ရပေလိမ့်မည်။ အဖွဲ့ချုပ်၏ စည်းမျဉ်းများကို ပြုပြင်နိုင်ရန် ဤညီလာခံကို တင်ပြပြီး ဖြစ်ပါသည်။ အမျိုးသား ညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တနိုင်ငံလုံး ပြည်သူလူထု တခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖျဖျ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။ အချို့သော ပုဂ္ဂိုလ်များက ဤအမျိုးသား ညီညွတ်ရေးမျိုး ဖြစ်ထွန်းလာအောင် အားလုံးသော အဖွဲ့ဝင်များသည် အသီးသီး အသသက မိမိတို့အဖွဲ့များကို အမျိုးသား အစည်းအရုံးကြီးနှင့်အတူ တလုံးတဝတည်း ပူးပေါင်းပစ်သင့်သည်ဟု ထင်မြင်ချက်ပေးကြလေသည်။ ဤပုဂ္ဂိုလ်များက ဤသို့ထင်မြင်ချက်ပေးခြင်းမှာ အမျိုးသားလုပ်ငန်းကြီးကို လုပ်ရာတွင် အဖွဲ့များ အသီးသီး ရှိခြင်းသည် အင်အားကို ယုတ်လျော့စေသည်ဟူ၍ စိတ်ကောင်း စေတနာကောင်းနှင့် စိုးရိမ်ပူပန်ခြင်းကြောင့် ဖြစ်လေသည်။ သို့သော်လည်း အဖွဲ့များကို ဖျက်ပစ်စေကာမူ ပြဿနာ အမျိုးမျိုးပေါ်တွင် ရည်ရွယ်ချက်အားဖြင့် တူသော၊ ထင်မြင်ချက်အားဖြင့် တူသော၊ အကျိုးအားဖြင့်တူသောသူများသည် အသီးသီး ရှိကြပေလိမ့်မည်။ သို့အတွက် အဖွဲ့များ သီးခြားရှိသည် မရှိသည်မှာ ပဓာန မဟုတ်။ ၎င်းအဖွဲ့တို့သည် ဂုဏ်တုဂုဏ်ပြိုင် ပါတီစိတ်၊ ပါတီသဘောများနှင့် အလုပ်မလုပ်ကြခြင်းသာ အရေးကြီးဆုံးအချက် ဖြစ်သည်ဟု ဆိုရပေမည်။ အမျိုးသားအကျိုး

စီးပွားအတွက် အမျိုးသားပြဿနာအားလုံးကို ဖြေရှင်းရန် စိုင်းပြင်းရာတွင် ပါတီစိတ်၊ ပါတီသဘောကိုစွန့်၍ စည်းစည်းလုံးလုံး စိုင်းပြင်းသင့်ကြပေသည်။ မိမိတို့၏ ထင်မြင်ချက်၊ ယူဆချက်များ (ဝါ) မိမိတို့၏ဝါဒကို အမျိုးသား အစည်းအရုံးဝင်များအား သာယာညှင်းပျောင်း ကောင်းသောနည်းလမ်းဖြင့်သာ နားလည်လက်ခံအောင် ရှင်းလင်းပြောပြခြင်းအမှုကိုသာ ပါတီဝင်များအနေဖြင့် ပြုသင့်ပေသည်။ အတိုချုပ်မှာ ပါတီဝင်များ၏လုပ်ငန်းသည် ပါတီသဘောနှင့် ပါတီကိစ္စလုပ်ရန်မဟုတ်။ ဝါဒပြန့်ပွားမှုကိုသာ ပြုသင့်ပေ၏။ ဤအတိုင်းဆိုလျှင် ပါတီများရှိစေကာမူ ကျွန်ုပ်တို့၏ အမျိုးသားအစည်းအရုံး၏ အင်အားကို ယုတ်လျော့စေမည် မဟုတ်ချေ။ ဤသဘောသဏ္ဌာန်ကို အမှန်စင်စစ် နားလည်ပြီးလျှင် ရိုးသားဖြောင့်မတ်စွာ အားထုတ်ကြပါမူ ကျွန်ုပ်တို့ အမျိုးသား ညီညွတ်မှုသည် တဆင့်ထက်တဆင့် တိုးမြှင့်ခိုင်ခန့်၍ မကြာမီ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ တည်တန့်ပေလိမ့်မည်။ ဤကား ကျွန်ုပ်တို့၏ ပထမလုပ်ငန်းတည်း။

ကျွန်ုပ်တို့၏ ဒုတိယလုပ်ငန်းမှာ ဝါဒဖြန့်ဖြူးရေးကိစ္စ၊ အဖွဲ့ချုပ်အဖွဲ့ခွဲများ စည်းရုံးရေးကိစ္စနှင့် ပြုပြင်ထူထောင်ရေးကိစ္စများ ဖြစ်လေသည်။ ဤကိစ္စများကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့ စေတနာ့ဝန်ထမ်းများ အလိုရှိပေသည်။ စေတနာတခုနှင့် မပြီးသေး။ ဆိုင်ရာဆိုင်ရာကိစ္စများကို စီမံဖန်တီး သင်ကြားပြနိုင်သော အရည်အချင်းများလည်း ရှိရပေလိမ့်မည်။ တနည်းအားဖြင့် ဆိုသော် အဖွဲ့ချုပ်၏ ဗဟိုဌာနတွင် ကျကျနနဖွဲ့စည်းထားသော ရုံးကြီးတခု ရှိရပေလိမ့်မည်။ ဤဗဟိုရုံးက နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများကို စီမံညွှန်ပြ ဆောင်ရွက်ရပေလိမ့်မည်။ သို့အတွက် အမျိုးသားဝန်ထမ်းအနေနှင့် အရည်အချင်းရှိသော ပုဂ္ဂိုလ်များစွာ အလိုရှိပါသည်။ ဤလုပ်ငန်းများအတွက် မိမိတို့ အရည်အချင်းကိုချင့်၍ ဆိုင်ရာဆိုင်ရာ ကူညီယိုင်းပင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါလျှင် ကျွန်ုပ်တို့ အဖွဲ့ချုပ်ဗဟိုရုံးသို့ အမြန်လာရောက်၍ စာရင်းသွင်းပြီးလျှင် အမြန်ဆုံး စတင်ဆောင်ရွက်ကြပါရန် ကျွန်ုပ် လေးနက်စွာ တိုက်တွန်းလိုက်ပါ

Myanmar Cupid Community PDF Creator Group

သည်။ ထိုထိုသော စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များကို အဖွဲ့ချုပ်နှင့်တကွ တနိုင်ငံလုံးက ကျေးဇူးတင်စွာနှင့် ဘယ်အခါမှ မေ့လိမ့်မည် မဟုတ်ချေ။

ဤမျှနှင့် မပြီးသေး။ အဖွဲ့ချုပ်ရုံးတွင် ခေတ်မီစွာ ဝါဒဖြန့်နိုင်ဘို့ စက်ကိရိယာ တန်ဆာပလာများ ရှိရပေလိမ့်မည်။ အခြားအခြားသော လိုအပ်သည့် ဝတ္ထုပစ္စည်းများလည်း ရှိရပေလိမ့်မည်။ ဤကဲ့သို့ အလိုရှိအပ်သည်များကို ရနိုင်ရန် ရုံပုံငွေလိုကြောင်းပင် ဖြစ်ပါသည်။ ရုံပုံငွေမရှိလျှင် မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့သည် နောက်နောင်ကို ငွေဝင်လမ်းမှန်မှန်ရှိအောင် (ဝါ) အဝင်နှင့် အကုန်အကျမျှတအောင် စီမံမည်။ သို့သော်လည်း လူထု၏အစည်းအရုံးဖြစ်သော ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကို လူထုကပင် ထောက်ပံ့ရမည့် တာဝန်ရှိပါသည်။

အထက်၌ ဖော်ပြပြီးသော လုပ်ငန်းများသည် ကျွန်ုပ်တို့အမျိုးသားတို့၏ လုပ်ငန်းများဖြစ်ချေသည်။ ရဲဘော်တို့၊ အမျိုးသားတို့ကို စည်းရုံးပြီး စိုင်းပြင်းကြပါစို့။ ကျွန်ုပ်တို့၏ကံကြမ္မာကို ကျွန်ုပ်တို့ ဖန်တီးဘို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင်ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကောင်းကင်းတမွတ် ကြယ်ပင်ဆွတ်နိုင်ကြပေမည်။ ကြယ်ကိုပင် ဆွတ်နိုင်ကြလျှင် ကမ္ဘာမြေပေါ်မှာ အဘယ့်ကြောင့် လွတ်လပ်ရေးအောင်ပန်းကို မဆွတ်နိုင်ဘဲ ရှိအံ့နည်း။ ကျွန်ုပ်တို့သည် ညီညွတ်စွာ ကျွန်ုပ်တို့၏ကာယဗလ၊ ဉာဏဗလ၊ သတ္တိဗျတ္တိနှင့် ကျွန်ုပ်တို့၏ရာဇဝင်တွင် ကယ်တင်နိုင်မည့် လွတ်လပ်ရေးအောင်မြင်မှုအတွက် ဆက်လက်ကြိုးပမ်းကြမည်။

ရဲဘော်တို့၊

ခြေလှမ်းမှန်မှန်နှင့်သွားနိုင်ရန် စိတ်ရာကိုယ်ပါ ပူးပေါင်းဆောင်ရွက်ကြလော့။ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို ကျွန်ုပ်တို့ မကြာမြင့်မီ ရရှိလိမ့်မည်ဟု တထစ်ချ ယုံကြည်ကြလော့။

အပ္ပမာဒေန သမ္ပာဒေထ။

* * * * *

Myanmar Cupid Community PDF Creator Group

နောက်ဆက်တွဲ–စ

နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးသမားတွေ

သခင်တင်မောင်(ကျုံမငေး) ရေးသည်။

ဗျို့ ကြေးမုံ။

အခုတလော ဘယ်နေရာသွားသွား၊ နိုင်ငံရေးသမားတွေကြောင့် တိုင်းပြည်ကြီး ငါးပါးမှောက်ရပုံ၊ ပြဿနာပေါင်း သောင်းခြောက်ထောင် ပေါ်ပေါက်ရပုံ၊ တိုင်းပြည်မှာ ကြွေးတွေလည်ပင်းရောက် တင်နေပုံ၊ ကိုယ်ကျိုးရှာပုံတွေကို ပြောကြပြီး နိုင်ငံရေးသမားတွေကို အော့နှလုံးနာနေကြပုံတွေကို ကြား ကြားနေရတယ်။ ဘုရားဖူးရင်းလဲ ကြားရတယ်။ သင်္ဘောပေါ်မှာလဲ ကြားရတယ်။ လဖက်ရည်ဆိုင်မှာလဲ ကြားရတယ်။ ဘတ်စ်ကားပေါ်မှာလဲ ကြားရတယ်။ ရထားပေါ်မှာလဲ ကြားရတယ်။ အဲဒီတော့ ကိုယ်တိုင်ကလဲ နိုင်ငံရေးသမားဖြစ်နေလေတော့ တော်တော်ကို အခံရခက်တယ်။

အဲဒီလို တိုင်းပြည်ငါးပါးမှောက်အောင် လုပ်တဲ့အထဲမှာ၊ ကိုယ်ကျိုးရှာကြတဲ့အထဲမှာ၊ ကိုယ်လဲမပါဘူး။ ကိုယ်လိုဘဲ မပါမိတဲ့နိုင်ငံရေးသမားတွေလဲ အများကြီး ရှိနေကြသေးတယ်။ ဒီတော့ ဒီကိစ္စကို အေးအေးဆေးဆေး မနေနိုင်ဘဲ အလေးအနက် တွေးကြည့်မိတယ်။ တချို့များ နိုင်ငံရေးစလုပ်ကထဲက ဒီနေ့အထိ ဆင်းရဲနေကြတယ်။ ရှိသမျှပစ္စည်းတွေ ဖြုန်းပြာခါကျကုန်ကြတယ်။ အသက်သေတဲ့လူတွေလဲ သေကုန်ကြတယ်။ လူစဉ်မမှီအောင် ဒဏ်ရာ ရသူတွေလဲ ရှိကြတယ်။ အဲဒီလို အနစ်နာခံပြီး နိုင်ငံရေးမှာ ရေဆန်ကိုလိုက်ပြီး ရေစုံမလိုက်ဖူးတဲ့လူတွေလဲ ဒုနဲ့ဒေး ရှိနေကြပါသေးတယ်။

သူတို့ပြောသလို တိုင်းပြည်ကြီးကို မှောက်အောင်လုပ်သူတွေကတော့ အာဏာရဘူးတဲ့ နိုင်ငံရေးသမားတွေ၊ တိုင်းပြည်ကို ချယ်လှယ်ချင်သလို ချယ်လှယ်နိုင်တဲ့နေရာကို ရောက်ဖူးတဲ့သူတွေသာ ဖြစ်တယ်။ အာဏာမရဘူးတဲ့၊ ခ

အထိလုပ်နေကြသူတွေ မပါဘူးဗျာ့။ အာဏာရဘူးတဲ့ လူတွေထဲမှာ နိုင်ငံရေးသမား စစ်စစ်တွေလဲပါတယ်။ ၅၀ရာခိုင်နှုန်းလောက်ကတော့ သူတို့ပြောကြတဲ့ 'ပြည်သူ့ အသံကွဲ' တွေပေါ့ဗျာ။

အဲဒီလူယုတ်မာတွေကြောင့် နိုင်ငံရေးလောကကြီးတခုလုံးဟာ လူမသဒီစရာလောကကြီး ဖြစ်နေတာဘဲ။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းမကွယ်လွန်မီက အဖြစ်အပျက်ကလေးတခုကို သွားတွေးမိတယ်။ နိုင်ငံရေးလောကပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဘယ်လိုသဘောထားတယ်ဆိုတဲ့ အချက်ပေါ့ဗျာ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိဓမ္မာဆိုကြပါစို့။

ဖြစ်ပုံကတော့ ဒီလိုဗျာ့။ ကျွန်တော်တို့ ဖ၊ဆ၊ပ၊လ အဖွဲ့ကြီး မြေပေါ်ရောက်စအချိန် အင်္ဂလိပ်အစိုးရပြန်အုပ်ချုပ်ချိန်ပေါ့ဗျာ။ ဖ၊ဆ၊ပ၊လ နဲ့ ကက်စ်ဘီအစိုးရ နောင်ဂျိန်ချနေတုန်း ဆိုပါတော့။ အဲဒီအချိန်မှာ အိန္ဒိယဘုရင်ခံချုပ်လော့ဒ်လူဝီမောင့်ဘက်တန် ဗမာပြည်ကိုလာတယ်ဗျာ့။ ဒီတော့ ရန်ကုန်မှာရှိတဲ့ မဟာမိတ်တပ်သားတွေစုပြီး ဖွဲ့စည်းထားတဲ့ 'အိစ် အင် ဝက်စ်ကလပ်' က 'ကန်တော်မိတ်သဘင်' (ယခု အိုရီရင့်ကလပ်) မှာ ဂုဏ်ပြုညစာစားပွဲတခု တည်ခင်းတယ်ဗျာ့။ အဲဒီညစာစားပွဲမှာ ကျွန်တော်တို့ ဖ၊ဆ၊ပ၊လ ခေါင်းဆောင်ပိုင်း လေးငါးဆယ်ယောက်လောက်ကို ဖိတ်တယ်ခင်ဗျာ့။ မလွှဲသာလို့ ဖိတ်ရသလားတော့ မသိပါဘူးဗျာ။ ပေးထားတဲ့နေရာတွေက ဗိုလ်ချုပ်အောင်ဆန်းကိုတောင်မှ ချောင်ထဲနောက်ဆုံးတန်းမှာ နေရာပေးထားတယ်။ တိုတိုပြောရမယ်ဆိုရင်တော့ဗျာ၊ အဲဒီထမင်းစားပွဲအပြီးမှာ အင်္ဂလိပ်ထုံးစံအတိုင်း ဂုဏ်ပြုစကားထပြီး ပြောကြတာပေါ့ဗျာ။

အဲဒီအခါတုံးက ရေပန်းစားနေတဲ့ ဆာပေါ်ထွန်းတို့ ဘယ်သူဘယ်ဝါတို့ပေါ့ဗျာ။ ကျုပ်တို့ ဗိုလ်ချုပ်ကိုတော့ စကားပြောရမယ့်ပုဂ္ဂိုလ်ကြီးတွေစာရင်းမှာထည့်မထားဘူးဗျာ့။ အဲဒီလိုပြောကြဆိုကြပြီး နောက်ဆုံးအစီအစဉ်အနေနဲ့ မောင့်ဘက်တန်က ပြန်လည်မြွက်ကြားတဲ့၊ မိန့်ခွန်းချွေတဲ့ အလှည့်ရောက်လာရောခင်ဗျာ့။ မောင့်ဘက်တန်ပြောတဲ့စကားထဲမှာ ( Politices is the refuge of

the scoundrels.) 'နိုင်ငံရေးလောကဆိုတာဟာ လူယုတ်မာတို့၏ ခိုကိုးရာဒေသဖြစ်တယ်' ဆိုတဲ့ စကားတလုံး ပါလာတယ်။ သူလဲ ပြောချင်ရာပြောပြီး ထိုင်လိုက်ရော၊ ပရိတ်သတ်ကြီးကလဲ လက်ခုပ်တဖြောင်းဖြောင်းနဲ့ ဩဘာပေးကြတာပေါ့ဗျာ။

အဲဒီလက်ခုပ်သံလဲဆုံးရော၊ လား–လား၊ ကျုပ်တို့ဗိုလ်ချုပ်က ချောင်ကြားထဲက ဖြုံးဆိုမတ်တပ်ရပ်လိုက်တယ်။ မောင့်ဘက်တန်ထိုင်နေတဲ့ စားပွဲဆီကို လျှောက်လာတဲ့ပြီး၊ အစီအစဉ်ထဲမပါဘဲနဲ့ မိန့်ခွန်းပြောပါလေရောဗျာ။ ပရိသတ်တွေရော၊ စီစဉ်တဲ့လူတွေရော၊ အားလုံး မျက်စေ့ မျက်နှာပျက်ကုန်ကြတယ်။ လာတဲ့ပရိသတ်ကလဲ အလိုတော်ရိပရိသတ်တွေကိုးခင်ဗျ။ အဲဒီမှာ ဗိုလ်ချုပ်က ညစ်ထပ်ထပ်ကာကီဝတ်စုံဘောင်းဘီအိပ်ကို လက်နှိုက်ပြီး အင်္ဂလိပ်လိုမိန့်ခွန်းပြောပါလေရော။ သူပြောပုံကတော့ 'ဂုဏ်အသရေရှိ အမျိုးသမီး–အမျိုးသားများခင်ဗျား၊ အစီအစဉ်ထဲမှာ မပါတဲ့လူတယောက်က အခုလိုထပြီး ပြောလိုက်တော့ ခင်ဗျားတို့ထုံးစံအရ တော်တော်ရိုင်းတယ်လို့ ထင်ကြမှာဘဲ။ ရိုင်းတယ်ထင်ရုံမကလို့ လဲသေသေ။ ကျုပ်ကတော့ ပြောစရာရှိတာကို ပြောရမှာဘဲ။ ကျုပ်ပြောမှာကလဲ တခြားတော့မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ ဂုဏ်ပြုအပ်တဲ့ ဧည့်သည့်တော်ကြီးရဲ့ သနားစရာကောင်းတဲ့ အဘိဓမ္မာကို ဝေဘန်ပြမယ့်အချက်ဖြစ်ပါတယ်။' (အဲဒီအချိန်မှာ ခန်းမကြီးတခုလုံး အပ်ကျသံတောင် ကြားရမတတ်ငြိမ်သွားပါတယ်။) နောက်မှ ဗိုလ်ချုပ်က ဆက်လက်ပြီး 'နိုင်ငံရေးလောက ဆိုတာ လူယုတ်မာတွေ ခိုကိုးရာဒေသ' ဖြစ်တယ်လို့ ဘုရင်ခံချုပ်ကြီးက ပြောသွားပါတယ်။ ဒါဟာ အနောက်နိုင်ငံတွေမှာတော့ မှန်ကောင်းမှန်မယ်။ ကျုပ်တို့အရှေ့နိုင်ငံအယူအဆကတော့ ဘုရင်ခံချုပ်ကြီး ခံယူချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတယ်။ ကျုပ်တို့ဆီမှာ နိုင်ငံရေးဆိုတာဟာ ပရဟိတလုပ်ငန်း၊ လောကတ္ထစရိယကျင့်တဲ့လုပ်ငန်း၊ ဒါဟာ ဒွိဟိတ်ပုဂ္ဂိုလ်တွေ မလုပ်နိုင်ဘဲ တိဟိတ်ပုဂ္ဂိုလ်များ၊ ဘုရားအလောင်းများသာ လုပ်နိုင်တဲ့လုပ်ငန်းလို့ ယူဆထားတယ်။ (အဲဒီအချိန်မှာ ပါဠိတွေ ဘာတွေ ရွတ်ပြလိုက်သေးတယ်။) အဲဒီလိုအလွန် မွန်မြတ်တဲ့အထဲမှာ တခါတရံ လူယုတ်မာတွေ ပါလာကောင်း ပါလာ

Myanmar Cupid Community PDF Creator Group

မယ်။ အဲဒါကြောင့် နိုင်ငံရေးအလုပ်ဟာ မကောင်းဘူးလို့ ဆိုရတော့မှာလား။ ဥပမာ တခုပြောပါရစေ။ ဒီအဆောက်အဦကြီးဟာ (အိုရီရင့်ကလပ်ကို ဆိုလိုသည်) လူအများစုဝေးဘို့ ဆောက်ထားတယ်။ အစောင့်အကြပ်ကင်းမဲ့ချိန်မှာ တခါတရံ ခွေးတွေ တက်အိပ်နေကြတယ်။ အဲဒီလို ခွေးတွေ တက်အိပ်နေတာကိုကြည့်ပြီး ဒီအဆောက်အဦကြီးဟာ ခွေးတွေအိပ်ဖို့ ဆောက်ထားတာပါလို့ ဆိုရင် မှန်ပါ့မလား။ မမှန်ပါဘူး။ ဒါကြောင့် နိုင်ငံရေးဟာလဲ ဒီလိုဘဲ၊ အင်မတန် မွန်မြတ်ပါတယ်။ ဒီအဆောက်အဦကြီးပေါ်မှာ ခွေးတက်အိပ်သလို၊ လူယုတ်မာတွေလဲ အလစ်မှာ နိုင်ငံရေးလောကထဲ ဝင်လာတတ်ပါတယ်။ အဲဒီလို ဝင်လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံရေးသမားစစ်စစ်တွေက ဒီလူယုတ်မာတွေကို မျက်ခြေမပြတ် ဟန့်တား ဝိုင်းပယ်နိုင်သည်နှင့်အမျှ၊ နိုင်ငံရေးလောကကြီးဟာ သန့်ရှင်းစင်ကြယ် မွန်မြတ်လာပါလိမ့်မယ်။ ဒါဘဲ ကျုပ်ပြောချင်တာ' ဟုဆိုပြီး သူ့နေရာကိုသူ ခပ်တည်တည် ပြန်လာခဲ့တယ်ခင်ဗျာ။

ဗိုလ်ချုပ်လဲပြောပြီးရော မောင့်ဘက်တန်ကိုယ်တိုင်က နေရာက မတ်တပ်ရပ်ပြီး လက်ခုပ်တီး ဩဘာပေးတယ်။ ဒီတော့မှ ပရိသတ်ကလဲ လက်ခုပ်တီးကြပါတယ်။ ပြီးတော့မှ မောင့်ဘက်တန်က "ဒီနေ့ည စကားပြောကြတဲ့အထဲမှာ အစီအစဉ်ထဲမပါတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့မိန့်ခွန်းဟာ အဖိုးအတန်ဆုံး ပါဘဲ။ ကျွန်တော်ပြောမိတာကတော့ ထမင်းစားပွဲအပြီး၊ ရယ်စရာမောစရာအနေနဲ့ ခပ်ပေါ့ပေါ့ နိုင်ငံရေးလောကကို ပြက်ရယ်ပြုတဲ့စကားကို ပြောမိပါတယ်။ အလွန်ဝမ်းနည်းမိပါတယ်။ ကျွန်တော်ပြောမိတဲ့ အချက်အလက်တွေကို ရုပ်သိမ်းပါတယ်ခင်ဗျာ" ဆိုပြီး တောင်းပန်ယူရတဲ့ အဖြစ်အပျက်ကလေးကို ဖောက်သယ်ချလိုက်ရပါသဗျို့။

၉၊၆၊၆၂ နေ့ထုတ်

ကြေးမုံသတင်းစာမှ။

* * * * *

နောက်ဆက်တွဲ–ဆ

အောင်ဆန်း–အက်တလီ စာချုပ်

ဘုရင်မင်းမြတ် အစိုးရနှင့် မြန်မာနိုင်ငံ ဘုရင်ခံမင်းကြီး၏

အမှုဆောင်ကောင်စီမှ ကိုယ်စားလှယ်တော်တို့

ဆွေးနွေးတိုင်ပင်ရာမှ ရောက်ရှိခဲ့သော အဆုံးသတ်ချက်များ။

ကိုယ်စားလှယ်တော်ကြီးများက အရေးဆိုသော ဂရိတ်ဗြိတိန်နှင့် မြန်မာနိုင်ငံတော်တို့၏ အနာဂတ်ဆက်ဆံရေးနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့ကို ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော် အမှုဆောင်ကောင်စီ၏ ကိုယ်စားလှယ်တော်များ ဆွေးနွေးတိုင်ပင်ပြီးလျှင် 'ကော်မော်ဝဲလ်သ်' အတွင်းတွင်ဖြစ်စေ၊ အပြင်မှဖြစ်စေ၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများသည် မိမိတို့လွတ်လပ်ရေးကို ဆွတ်ခူးနိုင်စေမည်ဖြစ်သော နည်းလမ်းများနှင့် စပ်လျဉ်း၍၊ အောက်ပါသဘောတူ အဆုံးသတ်ချက်များကို ရောက်ရှိကြလေသည်။

၁။ တိုင်းပြုပြည်ပြုလွှတ်တော်

မြန်မာနိုင်ငံတော်သူ နိုင်ငံသားတို့သည် မိမိတို့၏နိုင်ငံ အနာဂတ် အုပ်ချုပ်ရေးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆုံးဖြတ်နိုင်စိမ့်သောငှာ၊ ၁၉၃၅–ခုနှစ် အက်ဥပဒေအရ ဥပဒေပြုအဖွဲ့အစား၊ တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက် စေရမည်။ ဤကိစ္စအတွက် ၁၉၃၅–ခုနှစ် အက်ဥပဒေ ရွေးကောက်နည်းစနစ်ကို အသုံးပြုလိမ့်မည်။

Myanmar Cupid Community PDF Creator Group

၂။ခေတ်ပြောင်းချိန်အစိုးရ အမျိုးအစား

ခေတ်ပြောင်းချိန်ကာလအတွင်း၊ မြန်မာနိုင်ငံတော်အစိုးရသည် ယခု အတိုင်းကဲ့သို့ပင် ၁၉၃၅–ခုနှစ် အက်ဥပဒေအပိုဒ် ၁၃၉–အရ အပ်နှင်းထားသော အထူးအာဏာများနှင့် ၁၉၄၅–ခုနှစ် ယာယီစီမံချက်အက်ဥပဒေနှင့်တကွ ယင်း ဥပဒေအရ ကောင်စီတွင်ထုတ်ပြန်လိုက်သော အမိန့်ဟူသမျှအတိုင်း ဆောင်ရွက် သွားလိမ့်မည်။

အစိုးရတဦးတဖက်၏သဘောတွင် အထူးဆောင်ရွက်ရန် လိုသည်ဟု ထင်မြင်သော ထူးခြားသည့် အကြောင်းအချက်များ ပေါ်ပေါက်လျှင် ထို အကြောင်းအချက်များကို လိုက်လျောရန် ပြောင်းလဲနိုင်ချက်ရှိလျှင်၊ မည်သို့သော ပြောင်းလဲနိုင်ချက်ပြုလုပ်နိုင်သည်ကို ဘုရင်မင်းမြတ်အစိုးရက စဉ်းစားလိမ့်မည်။

၃။ ကြားဖြတ်ဥပဒေပြုအဖွဲ့

ကြားဖြတ်ကာလအတွင်း ၁၉၄၅–ခုနှစ် အက်ဥပဒေကပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်သော ဥပဒေပြုကောင်စီတခု ရှိလိမ့်မည်။ အခွင့်ပြုထားသောဦးရေကို ၅၀ မှ ၁၀၀ သို့ တိုးမြှင့်ရန်အာဏာကို ဘုရင်မင်းမြတ်အစိုးရက ကောင်စီတွင် ထုတ်ပြန်သောအမိန့်ဖြင့် ဖွေရှာလိမ့်မည်။

တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခြင်းများ ပြီး ဆုံးသည်နှင့်တပြိုင်နက်၊ ဘုရင်ခံမင်းကြီးသည် ဦးရေ ၁၀၀ ပါဝင်သော ဥပဒေ ပြုကောင်စီတခုကို အမည်တပ်ခန့်အပ်လိမ့်မည်။ ထိုကောင်စီအဖွဲ့တွင် တိုင်းရင်း သား မဟုတ်သော လူနည်းစုများ၏ကိုယ်စားဆောင်ရွက်ရန် လူဦးရေ အနည်း ငယ်ကို ပါဝင်စေလျက်၊ တိုင်းပြုပြည်ပြုလွှတ်တော်သို့ ရွေးကောက်တင်မြှောက် လိုက်သော သူများထဲမှ ရွေးချယ်လိမ့်မည်။

ဥပဒေပြုကောင်စီ၏ အာဏာများမှ မကြာသေးမီက ဖျက်သိမ်းလိုက်သော ဦးရေ ၅၀ ပါဝင်သည့် ဥပဒေပြုကောင်စီ ရရှိထားသောအာဏာများနှင့် ထပ်တူထပ်မျှ ဖြစ်လိမ့်မည်။

၄။ ကြားဖြတ်အစိုးရ

ဘုရင်ခံမင်းကြီး၏ အမှုဆောင်ကောင်စီသည် မြန်မာနိုင်ငံတော်၏ ကြားဖြတ်အစိုးရ ဖြစ်လိမ့်မည်။ အထက်ပါအပိုဒ် ၂–တွင် ဖော်ပြခဲ့သော အဖြူထည်ဘောင်အတွင်းတွင် ဆက်လက်တည်ရမည်ဖြစ်သာ အမှုဆောင်ကောင်စီ၊ သို့မဟုတ် ဘုရင်ခံမင်းကြီး၏ တရားဝင်အာဏာများကို မပြောင်းလဲစေရန် မဖြစ်နိုင်ပြားသော်လည်း၊ ကြားဖြတ်အစိုးရသည် ယခုအခါ အိန္ဒိယကြားဖြတ်အစိုးရနည်းတူ ယေဘူယျအားဖြင့် ဆောင်ရွက်သွားလိမ့်မည့်ပြင်၊ အထူးသဖြင့်–

(က) အမှုဆောင်ကောင်စီကို ဒိုမီနီယန်အစိုးရများအား ရင်းနှီးစွာ တိုင်ပင်နှီးနှော အလေးဂရုပြုဘိသကဲ့သို့ ပြုမူလိမ့်မည့်အပြင်၊ အမှုဆောင်ကောင်စီသည် နိုင်ငံအုပ်ချုပ်ရေး ဆောင်ရွက်မြဲတာဝန်များကို ဆောင်ရွက်ရာ၌ အကြီးနိုင်ဆုံးသော လွတ်လပ်ခွင့်ကို ရရှိလိမ့်မည်။

ဝန်ကြီးအဖွဲ့ စည်းဝေးပွဲများတွင် ဘုရင်ခံမင်းကြီးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ၁၉၃၅–ခုနှစ် အက်ဥပဒေ တည်ဆဲသဘောအတွင်း အသုံးပြုသော ဓလေ့ထုံးစံကို အမှုဆောင်ကောင်စီနှင့် သက်ဆိုင်ရာတွင်ပင် ဆက်လက်ကျင့်သုံးလိမ့်မည်။

(ခ) မြန်မာနိုင်ငံတော်အစိုးရသည် ကိုယ်ပိုင်ဘဏ္ဍာရေး အုပ်ချုပ်မှု [နောက်ဆက်တွဲ ခ–ကိုကြည့်ပါ။] ကို ရရှိစေမည်ဟု မှုအားဖြင့် ဘုရင်မင်းမြတ်အစိုးရက သဘောတူညီသည်။

Myanmar Cupid Community PDF Creator Group

(ဂ) ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ ကိစ္စများကို အမှုဆောင်ကောင်စီတွင် တင်သွင်းလိမ့်မည်။ အမှုဆောင်ကောင်စီသည် ဤအရေးကိစ္စများကို စီမံခန့်ခွဲရာတွင် အပြည့်အစုံ တွဲဖက်ဆောင်ရွက်လိမ့်မည်။

(ဃ) ထိုကိစ္စများဆောင်ရွက်မြဲတာဝန်ကို ဘုရင်ခံမင်းကြီးက ကာကွယ်ရေးနှင့် နိုင်ငံခြားရေးအတိုင်ပင်ခံဝန်ကြီးအား တာဝန်လွှဲအပ်လိမ့်မည်။

တရားဝင်အခြေအနေတွင် သက်ရောက်သော ကန့်သတ်ချက်များမှအပ၊ အမှုဆောင်ကောင်စီအဖွဲ့သည် စီမံကိန်းနှင့်အုပ်ချုပ်မှုနယ်ပယ်တွင် ပေါ်ပေါက်သောကိစ္စဟူသမျှကို အရေးဆိုရန်နှင့် စဉ်းစားရန်ငှင်း၊ ဆွေးနွေးရန်ငှင်း၊ ဆုံးဖြတ်ရန်ငှင်း လုံးဝလွတ်လပ်ခွင့်ရှိလိမ့်မည်။

### ၅။ နိုင်ငံခြားရေးရာကိစ္စများ

လန်ဒန်မြို့တော်တွင် မြန်မာအစိုးရကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်အတွက် မဟာမင်းကြီးတပါး ခန့်ထားစေလိမ့်မည်။ မြန်မာနိုင်ငံတော်က တိုင်းရေးပြည်မှု စေ့စပ်ပြောဆိုသူကိုယ်စားလှယ် လဲလှယ်လိုသော နိုင်ငံများ၏အစိုးရများအား ထိုကဲ့သို့လဲလှယ်ခြင်းကို သဘောတူရန် ဘုရင်မင်းမြတ်အစိုးရက တောင်းဆိုလိမ့်မည်။

### ၆။ ပြည်ထောင်ချင်းချင်း အဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်

ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ်ဖြင့် ပါဝင်ရန် မြန်မာနိုင်ငံတော်၏ လျှောက်ထားချက်ကို မြန်မာနိုင်ငံတော်၏ တိုင်းပြုပြည်ပြုရေး အခြေအနေသည် ထိုလျှောက်ထားချက်မျိုးကို လက်ခံနိုင်လောက်အောင် ဖြစ်သည်နှင့် တပြိုင်နက်၊ ဘုရင်မင်းမြတ်အစိုးရက လုံးဝထောက်ခံချက် ပေးလိမ့်မည်။ ဤအတောအတွင်း၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကြီးမှူးသောအစည်းအဝေးများတွင်

မြန်မာနိုင်ငံတော်က မည်မျှလောက် ပါဝင်ဆောင်ရွက်နိုင်သည်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးနှင့် စုံစမ်းညှိနှိုင်းလိမ့်မည်။

မြန်မာနိုင်ငံတော်က ချဉ်းကပ်ဆက်သွယ်လျက် ရှိစေလိုသော အခြားအခြားသော ပြည်ထောင်အချင်းချင်း အဖွဲ့အသင်းများသို့လည်း ထိုအဖွဲ့များ၏အလုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဖြင့်၊ သို့မဟုတ် အခြားနည်းဖြင့် မြန်မာနိုင်ငံတော်က ပါဝင်ဆောင်ရွက်နိုင်–မနိုင်ကို ထောက်လှမ်းစစ်ဆေးလျှောက်သောသဘောနှင့် ချဉ်းကပ်ဆက်သွယ်လိမ့်မည်။

## ၇။ ကာကွယ်ရေး

(က) တည်မြဲလျက်ရှိသော လုပ်ရိုးလုပ်စဉ်အတိုင်း မြန်မာနိုင်ငံတော်တွင်ချထားသော ဗြိတိသျှစစ်သည်တော်များ အားလုံးသည် ဘုရင်မင်းမြတ်အစိုးရ၏ အဆုံးစွန်သော အုပ်ချုပ်မှုလက်အောက်တွင် နေလိမ့်မည်။

(ခ) မြန်မာစစ်သည်တော်အားလုံးတို့မှာ မြန်မာနိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအောက်သို့ ချက်ချင်း ရောက်ရှိစေလိမ့်မည်။

(ဂ) မြန်မာနိုင်ငံတော် စစ်ဗိုလ်ချုပ်ကြီးသည် စောနိုင်သမျှ စောစောဖြစ်နိုင်သောအချိန်၌ ဘုရင်ခံမင်းကြီးနှင့် မြန်မာနိုင်ငံတော်အစိုးရ လက်အောက်ခံဖြစ်စေရမည်ဆိုသည်ကို မူအားဖြင့် ဘုရင်ခံမင်းမြတ်အစိုးရက သဘောတူညီကြောင်း။ သို့ရာတွင် ယခုအခိုက်အတန့်မှာ နိုင်ငံပေါင်းများစွာတွင် ပြန့်နှံ့လျက်ရှိသော မဟာမိတ်အချင်းချင်း စစ်ဖက်ဆိုင်ရာ အုပ်ချုပ်မှုအစီအစဉ်များကို မရုပ်သိမ်းသေးသမျှ မြန်မာနိုင်ငံတော် စစ်ဗိုလ်ချုပ်ကြီးသည် အရှေ့အာရှတိုက်တောင်ပိုင်း ကုန်းတပ်များ၏ လက်အောက်ခံ ဖြစ်နေလိမ့်မည်။ ဤကာလအတွင်း မြန်မာနိုင်ငံတော်အစိုးရနှင့် ဆိုင်ရာအာဏာပိုင်တို့သည် ဓမ္မတာအတိုင်းပင် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိမ့်မည်။

Myanmar Cupid Community PDF Creator Group

ရေတပ်၊ လေတပ်များနှင့် စပ်လျဉ်း၍ အလားတူ သင့်တင့်လျော်ကန်ပတ်သော အစီအစဉ်များကို သတ်မှတ်ထားလိမ့်မည်။

(ဃ) မြန်မာနိုင်ငံတော် ကာကွယ်ရေးတပ်များ ဖွဲ့စည်းခြင်းတွင် ကူညီထောက်ပံ့ရန် ပြဿနာသည် နှစ်ဦးသော အစိုးရတို့ ဆွေးနွေးရန်ကိစ္စ ဖြစ်စေလိမ့်မည်။ ဘုရင်မင်းမြတ်အစိုးရက ဤကိစ္စတွင် မြန်မာနိုင်ငံတော်အစိုးရအား အစွမ်းကုန်ကူညီရန် ဆန္ဒရှိသော်လည်း ကမ္ဘာပေါ်ရှိ အခြားရပ်ကွက်ဒေသများတွင် ယူပြီးသော ကြီးလေးသည့် တာဝန်များကိုလည်း ဂရုထားပေဦးမည်။

(င) အုပ်ချုပ်ရေးသစ် ဖြစ်ထွန်း သက်ရောက်လာသည့်နောက် မြန်မာနိုင်ငံတော်ရှိ ဗြိတိသျှတပ်များကို ဆက်လက်ထားရှိရန်၊ သို့မဟုတ် အသုံးပြုရန် ပြဿနာမှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့ သဘောတူရန်ကိစ္စ ဖြစ်ပေလိမ့်မည်။

၈။ နယ်ခြားဒေသများ

နယ်ခြားဒေသများနှင့် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော်ကို ထိုဒေသများတွင် နေထိုင်သောသူများ၏ လွတ်လပ်သော သဘောတူချက်နှင့် အချိန်မနှောင်း ပေါင်းစည်းခြင်း အောင်မြင်ရန်မှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာကိုယ်စားလှယ်တော်များ နှစ်ဦးနှစ်ဖက်၏ သဘောတူပြီးသော ရည်ရွယ်ချက် ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိလူများသည် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ကိစ္စများနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် လက်ခံနိုင်သောနည်းဖြင့် မြန်မာနိုင်ငံတော်အစိုးရတို့နှင့် ရင်းနှီးစွာ ပေါင်းသင်းတွဲဖက်ရာသည်။ ဤသည်တို့ကို မြော်ကိုး၍ သဘောတူညီကြသည်မှာ–

(က) နယ်ခြားဒေသလူများနှင့် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံတော် လူများသည် အတားအဆီးမရှိဘဲ လွတ်လပ်စွာ ကူးလူးဆက်ဆံခြင်း ရှိစေရမည်။

(ခ) (၁) အခြားကိစ္စများပေါ်တွင် ဘုရင်မင်းမြတ်ကို အကြံညဏ်ပေးရန်နှင့် အမှုဆောင်ကောင်စီနှင့် ရင်းနှီးစွာဆက်ဆံရန် နယ်ခြားဒေသကိုယ်စားလှယ် ခန့်ထားခြင်းဖြင့်၎င်း၊ သို့မဟုတ်–

(၂) နယ်ခြားကိစ္စများကို အုပ်ချုပ်သော အမှုဆောင်ဝန်ကြီးအဖြစ်ဖြင့် နယ်ခြားဒေသ ကိုယ်စားလှယ်တဦး ခန့်ထားခြင်းဖြင့်၎င်း၊ သို့မဟုတ်–

(၃) အခြားနည်းဖြင့်၎င်း၊ ခေတ်ပြောင်း ခေတ်လွဲကာလအတွင်း လက်ခံနိုင်မည်ဟု မိမိတို့ ထင်မြင်သော မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးတွဲပေါင်းဖက်ပုံနှင့်ပတ်သက်၍ မိမိတို့ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီးကွန်ဖရင့်တွင်၎င်း၊ သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင်၎င်း၊ နယ်ခြားဒေသရှိ လူများ၏ခေါင်းဆောင်များ ကိုယ်စားလှယ်များကို မေးမြန်းရမည်။

(ဂ) ပင်လုံအစည်းအဝေး၊ သို့မဟုတ် အထူးကွန်ဖရင့် အစည်းအဝေးပြီးဆုံးသည့်အခါတွင် ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် နယ်ခြားလူများ ထုတ်ဖော်ပြောဆိုသော ထင်မြင်ချက်များနှင့် လိုက်လျောညီစွာ အများသဘောတူ လိုလာချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးသောနည်းစနစ်ကို သဘောတူညီချက် ရယူလိမ့်မည်ဖြစ်ကြောင်း။

(ဃ) မြန်မာနိုင်ငံတော် အုပ်ချုပ်ရေးဥပဒေသစ်အတိုင်း ဆောင်ရွက်ရာ၌ နယ်ခြားသားများ ပေါင်းစည်းဆက်ဆံနိုင်ရန် အကောင်းဆုံးသောနည်းစနစ် ရှာဖွေရန်အတွက် စုံစမ်းရေးကော်မတီတခုကို ချက်ချင်းတည်ထောင်ရန် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံတော်ရပ်ကွက်ဒေသမှ အမှုဆောင်ကောင်စီအဖွဲ့က တင်မြှောက်သော အဖွဲ့ဝင်များနှင့် နယ်ခြားဒေသ ခေါင်းဆောင်များ တိုင်ပင်နှီး နှောလျက် တင်မြှောက်သော အဖွဲ့ဝင်များ ထိုကော်မီတီတွင် ဦးရေ အညီအမျှ ပါဝင်လိမ့်မည့်ပြင် သဘောတူရွေးချယ်သော မြန်မာနိုင်ငံတော် အပြင်အပမှ ကြားနေပုဂ္ဂိုလ်တဦးကို ဥက္ကဋ္ဌ ခန့်ထားမည်

Myanmar Cupid Community PDF Creator Group

ဖြစ်ကြောင်း ဤကော်မီတီက တိုင်းပြု ပြည်ပြုလွှတ်တော် အစည်းအဝေးမစမီ အစီရင်ခံစာ တင်သွင်းရန် တောင်းဆို မည်။

၉။ ဘဏ္ဍာရေး

ဘဏ္ဍာရေးပြဿနာများ အတော်အတန် စဉ်းစားခဲ့ပြီး၍ ဤကိစ္စများကို မည်သို့ စီမံခန့်ခွဲနိုင်ရန် သဘောတူညီချက်တခု ဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။ သဘောတူညီချက်ကိုမူ ပူးတွဲပါ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

နောက်ဆက်တွဲ (က)

လာမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒပေး ရွေးကောက်ခြင်း ခံနိုင်ခွင့် အလို့ငှာ မြန်မာနိုင်ငံတော်တွင် မွေးဖွား၍ ၁၉၄၂–ခု ဇန်နဝါရီလ ၁–ရက်၊ သို့မဟုတ် ၁၉၄၇–ခု ဇန်နဝါရီလ ၁–ရက်နေ့ မရေးမနှောင်းဖြစ်သော ၁၀–နှစ် အတွင်းတွင် စုစုပေါင်း ၈–နှစ်ထက်မနည်း မြန်မာနိုင်ငံတော်တွင် နေထိုင်ခဲ့သော ဗြိတိသျှလက်အောက်ခံ သို့မဟုတ် အိန္ဒိယနယ်လက်အောက်ခံ နိုင်ငံသားကို မြန်မာနိုင်ငံသားဟု အဓိပ္ပာယ်ဖော်ပြသည်။

နောက်ဆက်တွဲ (ခ)

ဘဏ္ဍာရေး

၁။ မြန်မာနိုင်ငံတော်သည် ကိုယ်ပိုင်ဘဏ္ဍာရေး အုပ်ချုပ်ခွင့်ရှိသင့်သည်ကို ဘုရင်မင်းမြတ်အစိုးရက သဘောတူပြီးဖြစ်သည်။

၂။ 'နိုင်ငံချင်းချင်း ငွေကြေးရပုံငွေနှင့် နိုင်ငံချင်းချင်းဘဏ်' တွင် ပါဝင်လိုက လျှောက်ထားရန် အခြေအနေရှိသည်နှင့်တပြိုင်နက် ခိုင်လုံသော အဖွဲ့ဝင်

တဦးအဖြစ်ကို ရစ်မဲ့သော၄၁ ဘုရင်မင်းမြတ်အစိုးရတို့က စွမ်းအားရှိသလောက် ဆောင်ရွက်ရန် တာဝန်ယူပြီးဖြစ်သည်။

၃။ ၁၉၄၅–ခု အောက်တိုဘာလမှ၊ ၁၉၄၆–ခု စက်တင်ဘာလအထိ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်က အတိုးလွတ် ရွှေဒင်္ဂါးပေါင်း ၈,၀၀၀,၀၀၀ (အသားတင်) ခန့်ရရှိခဲ့ပြီ။ ထို့ပြင် ၁၉၄၆–ခုနှစ် အောက်တိုဘာလမှစ၍ ၁၉၄၇–ခု စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ် ၇၅သန်း(အသားတင်) ရရှိရန်အတွက် သဘောတူပြီးဖြစ်သည်။ နယ်ခြားဒေသများအတွက် ထောက်ပံ့ကြေးများကို ထည့်သွင်းစဉ်းစား၍ ရိုးရိုးဘတ်ဂျက်တွင် ယခုနှစ်လျှော့သောငွေအတွက် ထပ်မံထောက်ပံ့မည်ဟု ဘုရင်မင်းမြတ်အစိုးရက သဘောတူပြီးဖြစ်သည်။

၄။ (အစိုးရတို့၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ယေဘုယျအားဖြင့် သက်ဆိုင်သော) ပရိုဂျက်စီမံကိန်းဆိုင်ရာ ဘတ်ဂျက်နှင့် စပ်လျဉ်း၍ ဘုရင်မင်းမြတ်က ဗိုလပ်နိုင်ငံမှ အချုပ်အချယ်မရှိသော်လည်း အပြန်အလှန်အပြည့်အစုံ အကြောင်းကြားနည်းနှင့် သတ်မှတ်ထားသော ငွေချေးရေးကိစ္စ ပြုလုပ်နိုင်မည် မလုပ်နိုင်မည်ကို ဘုရင်မင်းမြတ်အစိုးရက စုံစမ်းစစ်ဆေးနိုင်လိမ့်မည်။

၅။ ဘဏ္ဍာရေးအခြေမှန်များကို ထပ်မံတွဲဖက်စစ်ဆေး၍ ရသောတွက်ကိန်းများကို သတိမူပြီးလျှင် အတိုးလွတ်ချေးငှားထားသော ငွေတစိတ်တဒေသကို အပြီးအပြီး ထောက်ပံ့ငွေအဖြစ်သို့ ပြောင်းလဲနိုင်သည်ကို မူအားဖြင့် သဘောတူရန် ဘုရင်မင်းမြတ်အစိုးရက အဆင်သင့်ရှိသည်။

၆။ တဦးအပေါ်တဦး တာဝန်မထားဘဲ ဘဏ္ဍာရေးအခြေမှန်ကို မြန်မာနိုင်ငံတွင် ထပ်မံတွဲဖက်စစ်ဆေးရန် သဘောတူညီကြောင်း အပိုဒ်ငယ်–၃၊ အပိုဒ်ငယ်–၄ တို့တွင် ဖော်ပြထားသော သဘောတူညီချက်ထက်ပိုမို၍ ဘုရင်မင်းမြတ်အစိုးရထံမှ ထပ်မံ အကူအညီအလိုရှိသဖြင့် ထိုသို့သောအကူအညီ ပေးခဲ့လျှင် သဘောတူညီသောစည်းကမ်းချက်များအတိုင်း ဖြစ်လိမ့်မည်။

Myanmar Cupid Community PDF Creator Group

### ၁၀။ အခြားကိစ္စများ

မြန်မာနိုင်ငံတော် အဆင့်အတန်း ပြောင်းလဲခြင်းနှင့်စပ်လျဥ်း၍ ဘုရင်မင်းမြတ်၏အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့ သဘောတူဆိုက်ရောက်ရန် အခြားပြဿနာများ ပေါ်ပေါက်လိမ့်မည်။ ဤပြဿနာများကို ပေါ်ပေါက်လာသည့်အလျောက် လက်ခံ၍ ယခုဆွေးနွေးပွဲများတွင် ထင်ရှားခဲ့သော မိတ်ဆွေရင်းချာ သမဝါယမနလုံးထားဖြင့် ဆောင်ရွက်လိမ့်မည်။

ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာအမှုဆောင်ကောင်စီ၏ ကိုယ်စားလှယ်များသည် တိုင်ပင်နှီးနှောခြင်းနှင့် ကူညီယိုင်းပင်းခြင်း၊ ယခုနည်းကို ဆက်လက်စေသောအားဖြင့် ဗြိတိသျှ 'ကော်မော်ဝဲလ်သ်' အတွင်းတွင်ဖြစ်စေ၊ အပြင်အပမှဖြစ်စေ ကိုယ်ပိုင်လွတ်လပ်သော မြန်မာနိုင်ငံတော်ဘဝသို့ ရောက်စေလိုသော နှစ်ဦးနှစ်ဖက် ရည်ရွယ်ချက်ကို ချောမောလျင်မြန်စွာ တိုးတက်အောင် ပြုလုပ်နိုင်မည်ဟု တထစ်ချ ယုံကြည်ကြသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံတော်၏ အုပ်ချုပ်ရေးသစ် မရောက်မီ ခေတ်ပြောင်းခေတ်လွဲတလျောက် ပေါ်ပေါက်လိမ့်မည်ဖြစ်သော အနာဂတ်ကိစ္စများကို သဘောတူဆိုက်ရောက်ရေးတွင် တဦးကိုတဦး ယိုင်းပင်းကူညီရန် သဘောတူကြလေသည်။

စီ၊ အာရ်၊ အက်တလီ အောင်ဆန်း

၁၀ ဒေါင်းနင်းလမ်း။

ဇန်နဝါရီလ ၂၇-ရက်၊ ၁၉၄၇။

(ဝန်ကြီးသခင်ဗစိန်နှင့် ဝန်ကြီးဦးစောတို့သည် ဤဆုံးဖြတ်ချက်များတွင် ဘက်စပ်ရန် မတတ်နိုင်တော့ချေ။)

* * * * *

Myanmar Cupid Community PDF Creator Group

## နောက်ဆက်တွဲ–၈

၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅–ရက်နေ့၊
တောင်သူလယ်သမားညီလာခံတွင်
မြွက်ကြားသည့် မိန့်ခွန်း

ကျွန်တော်တို့ဟာ မကြာခင်က ဘိလပ်ကိုသွားပြီး ဗမာပြည်လွတ်လပ်ရေး ရရာရကြောင်းကို နည်းလမ်းရှာတဲ့သဘောနဲ့ သွားခဲ့တယ်။ ရွေးကောက်ပွဲကိုလဲ လာမည့် ဧပြီလမှာ လုပ်ဖို့ရှိတယ်။ ဒီရွေးကောက်ပွဲဟာ အမတ်ရွေးကောက်ပွဲမဟုတ်ဘဲ ဗမာပြည်ရဲ့ လွတ်လပ်ရေးကံကြမ္မာကိုဖန်တီးမယ့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ဖြစ်တယ်။ အဲဒီ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗမာပြည်ရဲ့ အနာဂတ်အုပ်ချုပ်ရေးဥပဒေများကို ရေးဆွဲကြရမယ်။ လွှတ်တော်မှာ ပါတဲ့ကိုယ်စားလှယ်တွေ ကစင့်ကရဲဖြစ်ရင် ဗမာပြည်နစ်နာဘို့ဘဲ။ တိုင်းပြည်လွတ်လပ်ရေး ထိခိုက်ဖို့ရှိတဲ့အတွက် အင်မတန် အရေးကြီးတယ်။

### လွယ်သောအလုပ်များ

ကျုပ်တို့က ဘိလပ်ကပြန်လာတဲ့နောက် ရှမ်း၊ ဂျင်းဖော၊ ချင်း စတဲ့ တောင်တန်းနယ်များနှင့် ညီညွတ်ဖို့ လုပ်ခဲ့ရတယ်။ အဲဒီကပြန်လာတဲ့အခါ သပိတ်အရေးများကို ဖြေရှင်းရတယ်။ သပိတ်တွေအတွက် ကျုပ်တို့လုပ်ငန်းတွေ နှောင့်နှေးပြီး လုပ်စရာတွေကို သိပ်ပြီး ဂရုမစိုက်နိုင်ဘူး။ အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက်ချင်သလောက် မဆောင်ရွက်နိုင်ဘူး။

Myanmar Cupid Community PDF Creator Group

## လွတ်လပ်ရေးရသောအခါ

တောင်သူလယ်သမားတွေက ဗမာပြည်မှာ လူများစုဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူလယ်သမား လူများစုရဲ့ အခွင့်အရေးမပါဘဲ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတယ်။

## ငွေရေးကြေးရေး လိုတယ်

အင်္ဂလိပ်အစိုးရက ကျုပ်တို့လက်ထဲကို အာဏာပေးသင့်သလောက် ပေးထားသော်လဲ အချို့မလုပ်နိုင်တဲ့ကိစ္စတွေလဲ ရှိတယ်။ လုပ်နိုင်တာလဲ ရှိတယ်။ တိုင်းပြည်အုပ်ချုပ်တယ်ဆိုတာ ငွေရေးကြေးရေး လိုတယ်။ ဒီငွေရေးကြေးရေးဟာ ခင်ဗျားတို့ တိုင်းသူပြည်သားများဆီမှ ကောက်ခံတဲ့ အခွန်တော်တွေဘဲ။ ဒီအခွန်တော်တွေဟာ မှန်သလား၊ မှားသလား မစဉ်းစားတတ်တော့ ဒီအတိုင်း ဖြစ်နေတယ်။

## ဝင်ငွေထွက်ငွေ မမျှတ

အစိုးရရဲ့ရံပုံငွေဟာ ကုဋေ ၂၀–သာရှိပြီး အသုံးစရိတ်က ကုဋေ ၄၀ ဖြစ်နေတယ်။ စစ်မဖြစ်မီကဆိုရင် ဝင်ငွေနဲ့ထွက်ငွေဟာ မမျှတသေးဘဲ ခင်ဗျားတို့ကို အမတော်ကြေးငွေ များများပေးချင်ပေမယ့် ငွေမရှိလို့ မပေးနိုင်ခဲ့ဘူး။ အမတော်ကြေး လျှော့ဘို့ပြောတယ်။ လျှော့လိုက်ရင် ခင်ဗျားတို့ကို ထိခိုက်မှာဘဲ၊ သို့သော် သက်သာဘို့လမ်းကို ရှာနေတာဘဲ။

## မပေးဘဲနေလို့ရတယ်

စစ်အစိုးလက်ထက် ဂျပန်စက္ကူတွေ တန်ဘိုးမရှိလို့ အင်္ဂလိပ်က ကြေညာလိုက်စဉ်က ထုတ်ချေးတဲ့ အမတော်ကြေးတွေ လျှော်ပစ်ဖို့ ကျုပ်တို့ အရေးဆိုထားတယ်။ ရစရာလမ်း ရှိတယ်။ မရလို့ရှိရင်လဲ ခင်ဗျားတို့ မပေးဘဲနေလို့ရပါတယ်။ မတတ်နိုင်ပါဘူး။(ဩဘာသံများ)

Myanmar Cupid Community PDF Creator Group

ကျုပ်တို့လုပ်ချင်တာက အများကြီး။ အချိန်က မရှိ။ ကျုပ်ဟာ ဗမာပြည်မှာ ခေါင်းအကြိမ်းဆုံးဘဲ။

## တနှစ်အတွင်းမြင်တယ်

သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည်ကိစ္စတွေနဲ့ ဟိုပြေး ဒီလွှားနဲ့ အင်မတန် ခေါင်းကြိမ်းတယ်။ တိုင်းပြည်ခေါင်းဆောင်လုပ်တာ ခင်ဗျားတို့က သိပ်ပြီး စည်းစိမ်ရှိတယ် ထင်တယ်။ ကျုပ်အဖို့ ကျားမြီးဆွဲမိလို့သာ ဆက်လုပ်နေရတယ်။ သို့သော် လွတ်လပ်ရေးရတဲ့အထိ ဆက်လုပ်ပြီး လွတ်လပ်ရေး ရပြီးတဲ့နောက် အနားယူရမလား မပြောတတ်သေးဘူး။ တနှစ်အတွင်း လွတ်လပ်ရေးရဘို့ အကြောင်းမြင်တယ်။ အိန္ဒိယပြည် ကိုယ်တွေ့။ ၁၉၄၈–ခုနှစ် ဇွန်လမှာ အာဏာလွှဲဘို့ အင်္ဂလိပ်အစိုးရက ကြေညာတယ်။

## လွတ်လပ်ရေးသတ်မှတ်ရန်

ကျုပ်တို့ဗမာပြည်မှာလဲ တိုင်းပြည်ပြုလွှတ်တော်ပြီးတဲ့နောက် မေလမှာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ညီလာခံကို ကျင်းပဖြစ်မယ်ထင်တယ်။ တိုင်းပြည်ပြုလွှတ်တော် နောက်သုံးလေးလကြာမှာ လွတ်လပ်ရေးသတ်မှတ်နိုင်ဘို့ အကြောင်းရှိတယ်။ အဲဒီလို တနှစ်အတွင်း လွတ်လပ်ရေးရခဲ့လို့ရှိရင် ခင်ဗျာတို့ရဲ့ အခြေအနေကို ဒီထက်ကောင်းအောင် လုပ်ပေးနိုင်မယ်။

## အခြေအနေကို ပြုပြင်ပြောင်းလွဲချင်တယ်

ခုအခါမှာတော့ ဆင့်ပါးစပ်နှမ်းပက် ဖြစ်နေတယ်။ လုပ်ချင်သလို မလုပ်နိုင်ဘူး။ ခင်ဗျားတို့ လိုချင်ကြသလို မြေစနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင်စနစ်ကို ဖြုတ်ပစ်နိုင်ဘို့ဘဲ။ အဲဒီလိုလုပ်ချင်ပေတဲ့ မဖြစ်နိုင်သေးဘူး။

ဖော်ဂျီဝိဇ္ဇာတွေလို ခင်ဗျားတို့ လိုချင်တာတွေ တမဟုတ်ချင်း လုပ်မပေးနိုင်ဘူး။ ခင်ဗျားတို့ အရေးတွေကို ပြောချင်ရင် ဆိုင်ရာအဖွဲ့တွေက တဆင့် ကျုပ်တို့ အစိုးရအဖွဲ့ကိုပြောရင် တတ်နိုင်သလောက် ဆောင်ရွက်ပေးဘို့ မခဲယဉ်းပါဘူး။

နောက်ဆုံးပြောလိုတာက ခုလာမယ့် တိုင်းပြုပြည်ပြုလွှတ်တော်မှာ တကယ်ဆောင်ရွက်မယ့်လူတွေကို ဖ၊ဆ၊ပ၊လ မှာ ရွေးချယ်ပေးမယ်။ အဲဒီအမတ်တွေကို ခင်ဗျားတို့က ရွေးကောက်ပွဲလုပ်တဲ့အခါမှာ ခရီးပန်းတာကို ဂရုမစိုက်ဘဲ အခက်အခဲများကို သည်းခံပြီး ဖ၊ဆ၊ပ၊လ ရဲ့ အမတ်လောင်းများကိုဘဲ ပေးကြမယ်ဆိုရင် ဗမာပြည်ကြီးဟာ တနှစ်အတွင်း လွတ်လပ်ရေး ရမှာဘဲ။

* * * * *

Myanmar Cupid Community PDF Creator Group

နောက်ဆက်တွဲ–ဈ

၁၉၄၇–ခုနှစ်၊ မတ်လ ၁၉–ရက်နေ့တွင် ကျင်းပသော
နိုင်ငံရေးရှင်းလင်းပွဲ မိန့်ခွန်း

ယခုလာမယ့်ရွေးကောက်ပွဲဟာ ဘာရွေးကောက်ပွဲဆိုတာ ပထမဆုံး သိဘို့လိုတယ်။ လာမယ့်ရွေးကောက်ပွဲ မေးလိုက်မယ်ဆိုရင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲလို့ ပြောကြမှာဘဲ။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲဆိုတာ လူအများက သိပေမယ့် တကယ့်တကယ်ကျတော့ ကိုယ့်စိတ်ထဲမယ် ခါတိုင်းဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲလို များသောအားဖြင့် ထင်နေကြတယ်။

ဥပဒေပြုလွှတ်တော်

ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲဆိုတာက တိုင်းပြည်အုပ်ချုပ်ရေး ဥပဒေအရ ပြုလုပ်တဲ့ လွှတ်တော်သာဖြစ်တယ်။ အမတ်ဟာ ၃–နှစ်၊ ၅–နှစ်သာ သက်တမ်းရှိတယ်။ အဲဟိုအထဲမှာ လုပ်ရမယ့်ကိစ္စက ဥပဒေ လုပ်ရမယ်။ ဒီတိုင်းပြည်မှာရှိတဲ့ အစိုးရစနစ်ဟာ တိုင်းပြည်ကို တာဝန်ခံအုပ်ချုပ်တဲ့ စနစ်မျိုး ဖြစ်လို့ရှိရင် လွှတ်တော်ထဲမှာ အစိုးရအဖွဲ့ကို အယုံအကြည်မရှိ အဆိုတို့ ဘာတို့ တင်သွင်းနိုင်တယ်။

တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာ

တိုင်းပြုပြည်ပြုလွှတ်တော်က ဒီလိုမဟုတ်ဘူး။ ဒီလိုမဟုတ်ရင် ဘာလဲ။ တိုင်းပြည်တည်ဘို့။ ဘယ်လိုတိုင်းပြည် တည်မလဲ။ အဲဒီ လွှတ်တော်မှာပါတဲ့

Myanmar Cupid Community PDF Creator Group

အမတ်တွေအပေါ်မှာ တည်တယ်။ သူတို့ ရှော်ရင် ဗမာပြည်အတွက် ဆုံးဖြတ်လိုက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဟာ အရှော်စားဖြစ်မယ်။ အမတ်တွေတော်တယ်ဆိုတာက အရည်အချင်းတင် မကဘူး။ သီလ သမာဓိ သိက္ခာကို ပြောတာ။ သူတို့ တော်လို့ရှိရင် လွတ်လပ်ရေးရစရာအကြောင်း ရှိတယ်။ လွတ်လပ်ရေးတိုက်ပွဲ ဖြစ်ရတဲ့တနေ့ကျရင် နောက်ကနေပြီး 'စိုင်ရှင်း' ဆိုတဲ့ အင်အားစု၊ အင်မတန်ကောင်းတဲ့ အင်အားစု ဖြစ်ရမယ်။ ခါတိုင်း ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲမှာ ဘာအမတ်တွေပါပါ ကိစ္စမရှိဘူး။ ဒီတခါမှာ တိုင်းသူပြည်သားတွေက တင်လိုက်တဲ့ အမတ်တွေဟာ ဗမာပြည်ကြီးရဲ့ ကံကြမ္မာကို ဖန်တီးရမယ့် အမတ်တွေ ဖြစ်တယ်။

ဒီကမ္ဘာစစ်ကြီးပြီးတဲ့အခါ ဗမာပြည်နဲ့ အိန္ဒိယပြည်ကို အင်္ဂလိပ်အစိုးရက အုပ်ချုပ်နိုင်တဲ့ အခြေအနေ မရှိတော့ဘူး။ အကြောင်းအမျိုးမျိုး ဆိုက်လာပြီ။ ၁–အချက်က အင်္ဂလန်ပြည်မှာ အင်္ဂလိပ်နယ်ချဲ့သမားအင်အားဟာ ရှေးကနဲ့စာရင် အများကြီး အင်အားနည်းလာပြီ။ ၂–အချက်က ကမ္ဘာ့ အကြည်အညိုကို အပျက်မခံနိုင်ဘူး။

ဗမာပြည်ဟာ ငယ်ပေမယ့် သူ့အလျောက် တန်ဘိုးရှိတယ်။ ရှေးကတော့ မရှိဘူး။ ယခုဗမာပြည်ဟာ ဥရောပတိုက်မှာ ဘယ်လ်ဂျီယန်ပြည်နဲ့တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာပြည်ဟာ အိန္ဒိယပြည်နှင့် တရုပ်ပြည်ကြီးနှစ်ပြည်ကြားမှာရှိပြီး အင်မတန် စစ်ဖက်က အရေးပါအရာရောက် အကွက်ကျတဲ့အချက်အခြာနိုင်ငံ ဖြစ်နေတယ်။ စစ်နှင့်ပတ်သက်ပြီး စစ်ပစ္စည်းတွေလဲ ရှိတယ်။ ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးမှာ ဗမာပြည်ဟာ ဘယ်လောက် အရေးပါတယ်ဆိုတာပြင်ဘက်လူတွေကိုယ်တိုင် မြင်သင့်သလောက် မြင်ကြတယ်။

ကျွန်တော်တို့ကတော့ အတွင်းကျကျ လုပ်ခဲ့လို့ သိတယ်။ နိုင်ငံတကာအရေးကိစ္စတွေ ပေါ်ပေါက်လာတဲ့ အချိန်ကျမှ နောက်ကဝင်ပြီး မြန်မာနိုင်ငံကခြေထိုးနိုင်တယ်။ အဲဒီလို ဗမာပြည်က အရေးပါတဲ့ အခြေအနေကို ရောက်နေတယ်။

Myanmar Cupid Community PDF Creator Group

## ဗမာပြည် အရေးကြီးတယ်

အိန္ဒိယပြည်အဖို့ ၁၉၄၈-ခု ဇွန်လ နောက်ဆုံးထားပြီး လွတ်လပ်ရေးပေးမယ်လို့ ကြေညာတယ်။ ဗမာပြည်မှာတော့ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ် အုပ်ချုပ်ရေးနဲ့ ဗမာပြည်ဟာ ဗြိတိသျှအင်ပိုင်ယာမှာ ဒို့နဲ့အတူ နေချင်သလား။ ဒို့နဲ့ခွဲပြီး လုံးဝလွတ်လပ်တဲ့နိုင်ငံအဖြစ် နေချင်သလား ဆုံးဖြတ်ဖို့ လူလိမ္မာစကားပြောပြီး ကျွန်တော်တို့ကို လွှဲလိုက်တယ်။

## ပြည်သူကို ယုံကြည်လို့

ကျွန်တော်တို့ တိုင်းသူပြည်သားတွေက ဘယ်လိုသဘောထားရမလဲ။ ဒါမကျေနပ်ဘူးပြောရင် အကျိုးအကြောင်းနဲ့ မညီညွတ်တဲ့လူစားမျိုး ဖြစ်သွားမယ်။ ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ကို ဝင်မယ်။ ဝင်တဲ့နေရာမှာ တိုင်းသူပြည်သားတွေကို ယုံကြည်လို့ ဝင်တယ်။ မယုံရင် ဝင်ချင်မှ ဝင်မယ်။ အဲဒီတိုင်းသူပြည်သားတွေကို ဘာဖြစ်လို့ ယုံကြည်သလဲ။ အဲဒီ အရေးကြီးတဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ စွန့်စားစရာရှိတဲ့အချိန်မှာ ဘာမှ မစွန့်စားတဲ့ စားဖားကြီးတွေကို ခင်ဗျားတို့ တင်ချင်တယ်ဆိုရင် ခင်ဗျားတို့ထက် မိုက်တာမရှိဘူး။ ဗမာပြည် တသက်လုံး မှောက်မှာဘဲ။ (ဩဘာသံများ) လွတ်လပ်ရေးဆိုတာ တောင်းလို့မရဘူး။

ကျွန်တော်တို့ဗမာပြည်ဟာ လွတ်လပ်ရေး မလိုချင်ဘူး။ လွတ်လပ်ရေးနှင့် မထိုက်တန်ပါဘူး၊ အင်္ဂလိပ်လက်အောက်မှာဘဲ နေချင်ပါသေးတယ်လို့ ဆုံးဖြတ်ရင် ခင်ဗျားတို့ ဘာမှမတတ်နိုင်ဘူး။ ခင်ဗျားတို့တင်လိုက်တဲ့ စစ်ကဲတွေဘဲ။ အခုလာမယ့် ရွေးကောက်ပွဲဟာ အင်မတန် အရေးကြီးတယ်။ အဲဒီရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လွတ်လပ်ရေးကိစ္စ ဘယ်လိုသက်ဆိုင်တယ်ဆိုတာ ရှင်းပြမယ်။ လွတ်လပ်ရေးဆိုတာ တောင်းလို့မရဘူး။ လုပ်ယူမှ ရတယ်။ တိုက်ယူတန်တဲ့အခါ တိုက်ယူရမယ်။ အင်အားကို အမြီစွဲပြုပြီးမှ ရနိုင်တယ်။

## စာရွက်ထဲက လွတ်လပ်ရေး

အင်အားမရှိဘဲနဲ့ စာရွက်စက္ကူပေါ်မှာ အချုပ်အခြာအာဏာပိုင်နှင့် လွတ်လပ်သောနိုင်ငံကို ဘယ်လိုကြီး ရေးထားပစေ၊ ကိုယ့်နောက်မှာ အင်အား ကောင်းမရှိရင် ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဂျပန်လက်ထက်က လွတ်လပ်ရေး ရခဲ့ ဘူးပြီ။ အချုပ်အခြာအာဏာပိုင်နှင့် ဗမာနိုင်ငံတော်လွတ်လပ်ရေးကို စာရွက်ထဲ မှာတော့ ရေးထားတယ်။ ဘယ်လိုလွတ်လပ်ရေးဆိုတာ ခင်ဗျားတို့ သိကြတယ်။

## လူထုမညီရင် မလန့်ဘူး

ဗမာပြည်ဟာလဲ လူဦးရေ ၁၆–သန်းရှိတယ်။ တူရကီပြည်မှာလဲ လူဦး ရေ ၁၆–သန်းသာ ရှိတယ်။ နယ်ပယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်က ပိုကြီး တယ်။ ဓာတ်သတ္တု၊ သဘာဝအဖိုးတန်ပစ္စည်းတွေ ရှိတယ်။ သို့သော် တူရကီဟာ ငယ်ပေမယ့် ထက်ထက်မြက်မြက်ရှိလို့ အချုပ်အခြာအာဏာပိုင်ရှိတဲ့နေရာမှာ အတော်ကလေး လက်တွေ့အားဖြင့်ရှိတယ်။ ဗမာပြည်ကို တူရကီနိုင်ငံလိုဖြစ် အောင် ကြိုးစားပြီး လုပ်ကြမယ်ဆိုရင် ခဲခဲယဉ်းယဉ်း လုပ်ရမယ်။ လုပ်နိုင်တဲ့ အခြေအနေရှိတယ်လို့ ယူဆတယ်။

ဗမာပြည်လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီး ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ ဗမာပြည်လူထု ညီညွတ်ဖို့လိုတယ်။

## လူငယ်တွေ ညီကြပါ

နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့ မလိုဘူး။ ဘယ်သူတွေ ညီညွတ်ရမယ် ဆိုရင် တက်ခေတ်ဗမာပြည်မှာ တက်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် ဗမာပြည် ညီညွတ်မှာဘဲ။ တယောက်နဲ့တယောက် အကြောင်းပြချက် မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာအာဏာ ပိုင်အဖြစ် ရောက်နိုင်မှာ မဟုတ်ဖူး။

Myanmar Cupid Community PDF Creator Group

နိုင်ငံရေးသမားအသစ်

လူငယ်တွေကိုလှည့်ပြီး ကျွန်တော်သတိပေးချင်တယ်။ အခုရှိနေတဲ့ နိုင်ငံရေးသမားကြီးတွေနဲ့ နိုင်ငံရေးသမားကလေးတွေ၊ အချို့ပါတီမှာ ရှိနေတဲ့ အကွဲထဲမှာ ရှိနေတဲ့လူငယ်တွေ၊ နိုင်ငံရေးသမား လူငယ်အသစ်တွေ ဆိုပေမယ့် အသက် ၄၀–၅၀ ရှိနေကြပါပြီ။ သခင်ဗစိန်က အသက်ငယ်ပေမယ့် နိုင်ငံရေး သမားဟောင်း ဖြစ်နေတယ်။ အဲဒီနိုင်ငံရေးသမား အဟောင်းနဲ့အသစ် ခွဲထားရ တယ်။ ကျုပ်ပြောသလို တညီတညွတ်ထဲ လုပ်သွားမယ်ဆိုရင် ဗမာပြည်ဟာ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံဖြစ်နိုင်တဲ့အထိ အလားအလာရှိတယ်။

ရှေ့အဆင့် နှစ်ဆင့်

အဲဒီလို ဗမာပြည်လွတ်လပ်ရေးအတွက် အလုပ်လုပ်ဖို့ဆိုတော့ ဗမာ ပြည်ဟာ လမ်းနှစ်ခွရောက်နေတယ်။

ဗမာပြည် လွတ်လပ်ရေးရအောင် ကြိုးစားလာခဲ့တယ်။ အဆင့်ဆင့် ကျော်လာခဲ့ပြီ။ ရှေ့မှာ နှစ်ဆင့်ဘဲရှိတော့တယ်။ အဲဒီနှစ်ဆင့်ဟာ အခက်ဆုံးဘဲ။ ပထမအဆင့်က တိုင်းပြုပြည်ပြုလွှတ်တော်၊ ဒုတိယအဆင့်က အင်္ဂလိပ်နဲ့ စာချုပ် ချုပ်မယ့်အဆင့်။ တိုင်းပြုပြည်ပြုလွှတ်တော် အဆင့်မှာ ရွေးကောက်ပွဲ လုပ်ရ မယ်။ ရွေးကောက်ပွဲ လုပ်တဲ့အခါမှာ တိုင်းပြည်က တင်တဲလူဟာ လူရော်ဖြစ်နေ ရင် ခင်ဗျားတို့သာ နစ်နာမယ်။

* * * * *

နောက်ဆက်တွဲ–ည

## ရွေးကောက်ပွဲ သတိပေးချက်

(၁၉၄၇–ခုနှစ် မတ်လအတွင်း၊ ရန်ကုန်မြို့ မြန်မာနိုင်ငံတော်

အသံလွှင့်ဌာနမှ အသံလွှင့်ချက်)

### ရန်သူနံပါတ် ၁–များ

ယနေ့ ကျွန်တော်ပြောချင်တဲ့ အကြောင်းတွေကတော့ ဧပြီလ ၉–ရက်နေ့ ကျင်းပမယ့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအကြောင်းနဲ့ အခြားသက်ဆိုင်ရာ အကြောင်းတွေပါဘဲ။

လာမယ့်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဖျက်လိုဖျက်ဆီး လုပ်ကြမယ်ဆိုတဲ့လူတွေ ပေါ်ရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရန်သူ နံပါတ် ၁ တွေဘဲ။ လွတ်လပ်ရေးဆုံးဖြတ်ရမယ့် တိုင်းပြည်ရန်သူတွေဘဲ။ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့လူတွေဟာ ရှေ့ရှောက် သူတို့ မင်းသားကြီးမလုပ်နိုင်ကြတဲ့အရေးမြင်လို့ ဗမာပြည် ဘာဖြစ်ဖြစ်ဆိုပြီး လုပ်ချင်ကြတဲ့ လူတွေဘဲ။

### အုပ်ချုပ်ရေးဥပဒေ

အခု တိုင်းပြည်လွှတ်တော်ကို ဧပြီလမှာရွေးပြီး ဇွန်လလောက်မှာ ကျင်းပရင် သုံးလေးလလောက်အတွင်း လွတ်လပ်တဲ့ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲဆုံးဖြတ်နိုင်မယ်။ အဲဒီအခါ ဘိလပ်ပါလီမန်လဲ အစည်းအဝေးရှိတဲ့အချိန် ဖြစ်မယ်။ ကျုပ်တို့က ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲပြီးတာနဲ့ တပြိုင်နက် ဘယ်နေ့ဘယ်ရက်မှာ ကျုပ်တို့လက်ကို အာဏာလွှဲပါဆိုတာ သတ်မှတ်ပြီး ဗြိတိသျှအစိုးရနဲ့ အရေးဆိုမယ်။

Myanmar Cupid Community PDF Creator Group

စာချုပ် ချုပ်တဲ့အခါ

ကျုပ်တို့ အရေးမဆိုခင်ဘဲ ဗြိတိသျှအစိုးရက အိန္ဒိယမှာလို ရက်အကန့်အသတ် ပေးချင်လဲ ပေးမှာဘဲ။ ဒီကိစ္စဟာ ခက်မယ်လို့ ကျုပ်မထင်ဘူး။ သူတို့နဲ့ စာချုပ် ချုပ်ဆိုတဲ့နေရာမှာသာ ခက်ချင်ခက်လိမ့်မယ်။ သူတို့က ကျုပ်တို့ ဆုံးဖြတ်ချက်ဥပဒေကိုတော့ ပြင်မှာမဟုတ်ဖူး။ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်တဲ့ လွတ်လပ်ရေးကို ကျုပ်တို့သဘောမတူဘဲ ထဲ့ချင်ထဲ့မှာကိုသာ ကျုပ်တို့ တိုက်ဖျက်ရလိမ့်မယ် ထင်တယ်။

အာမခံပြီးဖြစ်တယ်

တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးပြီးတဲ့အခါ အဲဒီလွှတ်တော်က လွတ်လပ်ရေးကို ဆုံးဖြတ်ပြီး လွတ်လပ်ရေးတိုက်ပွဲ လုပ်စရာရှိလို့ လုပ်ရတာဆိုရင် ကျုပ်တို့အရေးဟာ ပိုပြီး အားရှိမှာ အမှန်ဘဲ။ ကနေ့အထိ လွတ်လပ်ရေးလုပ်ငန်းကို အကောင်အထည်နဲ့ မြင်အောင်လုပ်လာတာ ကျုပ်တို့သာ လုပ်နိုင်တာဘဲ။ ကျုပ်တို့ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကလဲ လာမယ့်ရွေးကောက်ပွဲမှာ ကျုပ်တို့တင်တဲ့ အမတ်လောင်းအားလုံးကို ခင်ဗျားတို့ တိုင်းသူပြည်သားတွေက ရွေးမယ်ဆိုရင် တနှစ်အတွင်း လွတ်လပ်ရေး ရစေ့မယ်လို့ အာမခံပြီးဘဲ။

ဖဲဒင်ဟောလိုက်မယ်

ဒါဖြင့် လာမယ့်ရွေးကောက်ပွဲ ဖျက်ချင်တဲ့လူတွေက ဘာပြုလို့ ဖျက်ချင်တာလဲ။ တခြားကြောင့်တော့ မဟုတ်ဖူး။ လွတ်လပ်တဲ့ဗမာပြည်မှာ သူတို့တတွေဟာ တသက်လုံး မြုပ်တော့မယ့်အရေးကို တွေးတွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်လို့ဘဲ။ ကနေ့ ကျွန်တော် ဖဲဒင်ဟောထားနှင့်မယ်။ မှန်မမှန် ရှေ့ဖြစ်တဲ့ အဖြစ်အပျက်များက သက်သေခံပါလိမ့်မယ်။

Myanmar Cupid Community PDF Creator Group

## နိုင်ငံရေးစားဖားတွေ

တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ တိုင်းပြည်က လက်ဝဲဂိုဏ်း အများ ပါဝင်ပြီး တိုင်းပြည်အတွက် တကယ်လုပ်တဲ့ လူငယ်များပါဝင်တဲ့ ဖ၊ဆ၊ပ၊လ အမတ်လောင်းတွေကိုသာ ရွေးလိုက်တယ်ဆိုရင် ရှေ့ရှောက်ပြီး ရှေး က ဗမာပြည်မှာ လူညွှန့်ခူးစားနေတဲ့ နိုင်ငံရေးစားဖားကြီးတွေ တသက်လုံး မထ နိုင်တော့ဘူးလို့ ဗေဒင်ဟောထားချင်တယ်။

## ဖျက်ဆီးရင် နှိမ်မယ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့ လူတွေကိုတော့ ကျုပ်တို့အစိုးရကလဲ ဒီအတိုင်း နေမှာမဟုတ်ဖူး။ အပြင်းအထန် နှိပ်ကွပ်ရမှာဘဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့ အစိုးရက နှောင့်ယှက်မှာမဟုတ်ဖူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှ ကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာဘဲဆိုတာ ရှင်းရှင်းကြီး သတိပေးထား ပါရစေ။

## အမတ်လောင်းစားရင်းရှင်းတမ်း

ပြီးတော့ ဖ၊ဆ၊ပ၊လ အမတ်လောင်းစာရင်းနဲ့ ပတ်သက်လို့ ကျွန်တော် ပြောချင်တယ်။ ဖ၊ဆ၊ပ၊လ အမတ်လောင်းတွေကို ရေးတုန်းက ပထမ သူတို့ကို ဟသ်ာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဗဆွေ၊ ဗိုလ်အောင်တို့ပါတဲ့အဖွဲ့က ရွေးချယ်တယ်။ ပြီးတော့ သခင်နု၊ မြန်မာ့အလင်းဦးတင်နဲ့ ကျွန်တော်တို့ ပါတဲ့ အဖွဲ့က ဆုံးဖြတ်တယ်။ ရှင်းရှင်းဘဲ ကျွန်တော်ပြောပြမယ်။ လူပေါင်း ၂၀၀၀– ကျော် စာရင်းသွင်းထားတဲ့အနက် လူ ၂၀၀–လောက်သာ ရွေးရမှာဖြစ်တော့ ၁၈၀၀–ကျော် လူတွေထဲက မကျေနပ်တဲ့လူတွေ အများကြီးရှိမယ်ဆိုတာ ကျုပ်တို့မြင်ပြီးဘဲ။ ပြီးတော့ အချောင်သမား စားဖားတွေ၊ သာရာစီးတွေကလဲ

Myanmar Cupid Community PDF Creator Group

ဖ၊ဆ၊ပ၊လ ထဲမှာ ခလောက်ဆံဘို့ ပြည်သူ့ရဲဘော်နဲ့ လက်ဝဲဂိုဏ်းသား အချင်းချင်း တိုက်ပေးဘို့ လုပ်မှာဘဲ ဆိုတာလဲ ကျုပ်တို့မြင်ပြီးဘဲ။ သို့သော် ကျုပ်တို့ဟာ ခေါင်းဆောင်တွေပီပီ မှန်တယ် ကောင်းတယ်ထင်တာကို ရဲရဲကြီး ဆုံးဖြတ်လိုက်တာဘဲ။

## အရည်အချင်းရှိသူတွေ

ကျုပ်တို့ရွေးတဲ့လူတွေမှာ အရည်အချင်းရှိတယ်ဆိုတဲ့လူတွေ ခြောက်ဆယ်လောက်ပါတယ်။ အဲဒီအထဲက တချို့ကိုတော့ဖြင့် ကျုပ်တို့စိတ်ချလို့ ရွေးတာမဟုတ်ဖူး။ စိတ်မချရပေမယ့် သူတို့ဟာ လူနဲ့စုဘဲ။ သူတို့ကိုသုံးရမယ့် နေရာတွေလဲ ရှိသေးတယ်။ ကျန်တဲ့လူတွေကတော့ အလုပ်လုပ်တဲ့လူတွေ၊ စိတ်ချရတဲ့လူတွေ၊ နယ်က တင်တဲ့လူတွေ ဖြစ်နိုင်သမျှဖြစ်အောင် ရွေးတာဘဲ။

နယ်က တင်တဲ့လူတွေထဲက ကျုပ်တို့ သေသေချာချာ မသိတဲ့လူတွေကျတော့ မရွေးဘူး။ သေချာတဲ့လူတွေကိုမှ ရွေးတယ်။ နယ်ကို ပြန်မေးနေဘို့အချိန်လဲ မရဘူး။ ဒါလဲ နယ်တွေက မူလတုန်းက စာရင်းကောင်းကောင်း မပေးကြဘူး။ ပေးပြန်တော့ ကပ်ပြီး ပေးကြတယ်။ ဒါဟာ နယ်တွေရဲ့အပြစ်လဲပါသလောက် ပါတယ်။

## စားဖားကြီးတွေကို ဖြုတ်ခဲ့တယ်

ကျုပ်တို့ရွေးတဲ့စာရင်းမှာ စားဖားကြီးတွေ တော်တော်များများ ဖြုတ်ပစ်ခဲ့တယ်။ သူတို့ မကျေနပ်ကြဘူး။ ဒါပေမယ့် လူငယ်ပိုင်း လက်ဝဲသမားတွေကို မြှောက်ပေးရုံကလွဲပြီး သူတို့ ခေါင်းမထောင်ရဲဘူး။ လူငယ်တွေက အကင်းပါးဘို့လိုတယ်။ ဖ၊ဆ၊ပ၊လ ထဲမှာရှိတဲ့လူငယ်တွေကသာ တောင့်ပြီး အလုပ်လုပ်ကြပါ။ ယခုကျုပ်တို့ရွေးလိုက်တဲ့ အမတ်လောင်းတွေကို တခဲနက်အားပေးပြီး တင်သမျှအမတ်အားလုံး အရွေးခံရအောင်သာ ကြိုးစားဆောင်ရွက်ကြပါ။

## နယ်ကအမတ်လောင်းများ

အိန္ဒိယပြည်မှာ တင်သမျှအမတ်တွေအားလုံး အရွေးခံရအောင် လုပ်နိုင်သေးရင်း ငါတို့ပြည်မှာကော ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ ငါတို့အမတ်အားလုံး အရွေးခံရရင် အဲဒီအထဲမှာ နဲနဲပါးပါး အချောင်သမားတွေရှိတောင် အရေးမကြီးပါဘူး။ နယ်မှာတွေ့မယ့် အခက်အခဲ နှစ်ရပ်ရှိတယ်။ နယ်က မသိတဲ့ အမတ်လောင်းနဲ့ နယ်က တယ်မလေးစားတဲ့ အမတ်လောင်းကိစ္စ နှစ်ရပ်ဘဲ။ နယ်က မသိတဲ့ အမတ်လောင်းကိစ္စကိုတော့ နယ်က သိတဲ့ အမတ်လောင်းချည်း ဖြစ်ဖို့ဟာ ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး။ သို့သော် ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်ပုဂ္ဂိုလ်များက သိအောင်လုပ်ပေးရမယ်။

## ဘုရားလက်ထက်က ဥပမာ

နယ်က တယ်မလေးစားတဲ့ လူအချို့ကိုတော့ ဘုရားလက်ထက်က ဥပမာအတိုင်း အားပေးကြရလိမ့်မယ်။ ဘုရားလက်ထက် မဟာဒုတ်ဆွမ်းကျွေးတဲ့အခါ အလဇ္ဇီရဟန်းတပါးကို သူဌေးကြီးတဦး မဲကောက်မိရက်သားဖြစ်နေတယ်။ သို့ပေမယ့် သံဃာကို ကြည်ညိုသောအားဖြင့် အဲဒီရဟန်းကို ကောင်းကောင်းပင့်လာပြီး ကောင်းကောင်းဘဲ ဆွမ်းကျွေးလွှတ်လိုက်တယ်။ အဲဒီအခါ အလဇ္ဇီရဟန်းက ငါတော့ဖြင့် အမဲဖမ်းမိပြီလို့ ထင်သွားပြီး နောက်တခါ သူဌေးကြီးဆီလာပြီး တူရွင်းလာငှားတယ်။ အဲဒီအခါ သူဌေးကြီးက ခြေထောက်နှင့်ကိုင်ပြီး ရော့ဆိုပြီး တူရွင်းကို ပစ်ပေးလိုက်တယ်။ အဲဒီအချင်းအရာကို သူဌေးကြီးမိတ်ဆွေကမြင်တော့ ခင်ဗျားအရင်တခါတုန်းကတော့ ဒီရဟန်းကို ခြေဆုပ်လက်နယ်ပြုပြီး အသွားအပြန် အိမ်ပေါက်ဝအထိ သပိတ်ထမ်းပို့တယ်။ ဒီတခါတော့ ခင်ဗျားလုပ်ပုံဟာ ဆန့်ကျင်လှချေကလားလို့ မေးတော့ သူဌေးကြီးက ဘယ်လိုပြန်ပြောလဲဆိုရင် ဒီရဟန်းဟာ အလဇ္ဇီရဟန်းဆိုတာ ငါသိတယ်။ အရင်တခါတုန်းက ငါပင့်လာတာ ပုဂ္ဂိုလ်အနေနဲ့ ပင့်လာတာမဟုတ်ဖူး။ သံဃာရဲ့ ကိုယ်စားလှယ်တဦးအနေနဲ့ မဟာဒုတ်မဲရလာလို့ သံဃာကိုကြည်ညိုတဲ့အနေနဲ့ ဆွမ်းလုပ်ကျွေးလိုက်

တာဘဲ။ ဒီတခါ သူလာတာဟာ သူ့သဘောနဲ့လာတာဘဲ။ သံဃာနဲ့ မဆိုင်ဘူး။ ဒါကြောင့် ငါမကြည်ညိုရင် မကြည်ညိုဘဲ နေနိုင်တယ်။ ဘုရားဟောအတိုင်း လုပ်တာဘဲလို့ ပြန်ပြောတယ်။ အဲဒီအတိုင်းဘဲ။ ဖ၊ဆ၊ပ၊လ အမတ်လောင်းအဖြစ် မဲအရွေးခံရတဲ့ အချောင်သမား တယောက်တလေကို ဖ၊ဆ၊ပ၊လ ရဲ့ စည်းကမ်း ကို ရှိသေသောအားဖြင့် ဖ၊ဆ၊ပ၊လ က တနှစ်အတွင်း လွတ်လပ်ရေးရအောင် ကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ဖြစ်စေလိုသောအားဖြင့်၎င်း ကူညီဆောင် ရွက်ပေးရမယ်။ ဖ၊ဆ၊ပ၊လ အပြင်ဘက်ရောက်သွားတဲ့ လူကိုတော့ ဘယ်လူကို မဆို နယ်ကလူတွေ ကြိုက်ရာလုပ်ပေတော့။ အဲဒါဘဲ၊ အမတ်လောင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောချင်တယ်။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ဆုံးဖြတ်ချက် မနာ ခံနိုင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်မှန်သမျှကိုတော့ ကျုပ်တို့ ထုတ်လဲထုတ်ပစ်ရမယ်။ လူထု ကိုလဲ ဖွင့်ချရမှာဘဲ။ ဗိုလ်ချုပ်ကိုတော့ ကြည်ညိုပါတယ်။ ဖ၊ဆ၊ပ၊လ ကိုတော့ ကြည်ညိုပါတယ်။ လူမသိလို့ပါ။ လူမကြိုက်လို့ပါဆိုတဲ့ ဆင်ခြေမျိုးကိုတော့ ကျုပ်တို့ မလိုချင်ဘူး။ ဒါပြောနေကျစကားတွေဘဲ။ ဖ၊ဆ၊ပ၊လ ကြည်ညိုရင် ဖ၊ဆ၊ပ၊လ အဆုံးအဖြတ်လိုက်နာမှ ကြည်ညိုရာရောက်တယ်။ အရွေးခံရတဲ့အခါ ဖ၊ဆ၊ပ၊လ ဘက်က နေပါမယ်ဆိုတဲ့ စကားမျိုးတွေဟာ ရိုးနေပါပြီ။ ကျုပ်တို့ မယုံဘူး။ ရှင်းရှင်းဘဲ။ အာဏာရှင် ဆန်တယ်၊ ဘာတယ် ပြောမနေနဲ့။ အမတ် လောင်း ရွေးချယ်တဲ့ကိစ္စမှာ စည်းကမ်းရှိအောင် မလုပ်နိုင်ရင် ငါးပွင့်ဆိုင်ဖြစ် သွားမယ်။ သတိထားကြ။

## နိုင်အောင်တိုက်ကြမယ်

လူထုက မကြိုက်ဖူး ဘာဘူး ပြောမနေကြနဲ့။ ကျုပ်တို့ဟာ လူထုခေါင်း ဆောင်တွေဘဲ။ လူထုကို နားလည်အောင်ပြောဘို့ဟာ ကျုပ်တို့ဝတ္တရားဘဲ။ စစ် မရောက်ခင် မြားကုန်တဲ့စကားမျိုး ပြောတဲ့လူတွေဟာ တော်လှန်ရေးသမားတွေ မဟုတ်ဖူး။ ဘယ်လိုအခက်အခဲရှိရှိ မလျှော့တမ်း ကျုပ်တို့နိုင်အောင်တိုက်ရမယ်။

## မမိုက်ကြနဲ့

လူမိုက်လုပ်မယ့် ရန်သူတွေကို လူမိုက်နည်းနဲ့ဘဲ တုံ့ပြန်ရလိမ့်မယ်။ လူလိမ္မာလုပ်ပြီး လိမ်မယ့်ရန်သူတွေကို လိမ္မာနည်းတွေနဲ့ဘဲ ပြန်တိုက်ရမယ်။ နိုင်ငံရေးဟာ နိုင်ငံရေးဘဲ။ နိဗ္ဗာန်ရောက်အောင် လုပ်နေကြတာ မဟုတ်ဖူး။ သို့သော် ငါတို့ကစပြီး မညစ်ပတ်ပါနဲ့၊ မမိုက်ကြပါနဲ့။ မမှုလောက်တဲ့ နေရာမှာလဲ အရေးမစိုက်နဲ့။ လျစ်လျူရှုကြဘို့လိုတယ်။

## လှည့်ဖြားတာ မယုံကြနဲ့

နောက်ဆုံးပြောချင်တဲ့ အချက်တွေကတော့ တိုင်းပြည်လူထုနဲ့ တိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသားအားလုံးကို ပြောချင်တယ်။ တိုင်းပြည်လူထုဟာ ဖ၊ဆ၊ပ၊လ အမတ်လောင်းများအကြောင်းကိုဖြစ်ဖြစ် ဖ၊ဆ၊ပ၊လ အကြောင်းဖြစ်ဖြစ် ဘယ်သူ ဘယ်လိုလာပြီး လှည့်ဖြားပြောပြော မယုံကြနဲ့။

## မဲအထည့် မမှားကြနဲ့

ခင်ဗျားတို့အပေါ် သစ္စာရှိရှိ ခင်ဗျားတို့အတွက် ဒီလောက်လုပ်လာတာ ဒီ ဖ၊ဆ၊ပ၊ ကလွဲလို့ ဒီပြင် ဘယ်အဖွဲ့ ရှိလို့လဲ။ ဒီတခါ မဲအထည့် မမှားကြနဲ့။ ပေးသမျှယူ၊ ကျွေးသမျှစား၊ မော်တော်ကားနဲ့ လာခေါ်ရင် တက်စီး။ ဖ၊ဆ၊ပ၊လ မဲပုံးတွေသာ မဲထည့်ကြ။ မဲဘယ်လို ထည့်ရမလဲဆိုတာ သေသေချာချာ မေးထားကြအုံး။ မဲအထည့် မမှားကြနဲ့။

## တိုင်းရင်းသာ လူနည်းစုတွေ

ဗမာပြည်ရှိ တိုင်းရင်းသားတွေကိုလဲ လှည့်ပြောချင်သေးတယ်။ တိုင်းရင်းသား လူနည်းစုတွေအပေါ် ကျုပ်တို့ ဖ၊ဆ၊ပ၊လ က လက်တွေ့အားဖြင့်

Myanmar Cupid Community PDF Creator Group

သဘောထား ဘယ်လိုကြီးတယ်ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် မြင်တယ်မဟုတ်လား။ ဒါနဲ့ ဒီပြင်လူတွေနဲ့ ပေါင်းချင်တယ်ဆိုရင် ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံဘဲ။ ကျုပ်တို့ကတော့ တိုင်းရင်းသားတွေအပေါ်မှာ မေတ္တာမပျက်၊ သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးမှန်သမျှ ရအောင် တိုင်းပြုပြည်ပြုလွှတ်တော်မှာ ကူတိုက်ပေးမှာဘဲ။

## တရုပ်၊ ကုလားတွေကို သတိပေးခြင်း

ဗမာပြည် တိုင်းရင်းသားတွေဆိုလို့ ဖ၊ဆ၊ပ၊လ လုပ်ချင်ကြတဲ့ တရုပ်၊ အိန္ဒိယအမျိုးသားများကိုလဲ တိတိလင်းလင်း ပြောချင်တာက ဗမာဖြစ်ချင်ရင် ဗမာလိုလုပ်ပါ။ ဗမာလိုလုပ်၊ ဗမာလို ခံစားရမယ်။ ဒီရွေးကောက်ပွဲမှာ ဘယ်သူနိုင်ဘို့များသလဲဆိုတာ ခင်ဗျားတို့လဲ သိမှာဘဲ။ ဒီအထဲက ခင်ဗျားတို့ ပေါင်းချင်ရာ ပေါင်းချင်ရင် ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံဘဲ။ သို့ပေမယ့် ကျုပ်တို့က ခခယယ ကညဝတ္တာတော့ ဘယ်သူ့ကိုမှ မလုပ်နိုင်ဘူး။

ဒီပွဲမှာ ကျုပ်တို့ဟာ ဘယ်သူ့ကိုမှ ရန်မစ။ ဘယ်သူ့ကိုမှ မငြိငြင်။ ဘယ်သူ့ကိုမှလဲ မမြှောက်။ ဘယ်သူ့ကိုမှလဲ မခြောက်ဖူး။ ဘယ်သူ့ကိုမှလဲ မချော့ဘူး။ ဘယ်လိုအခက်အခဲ ဘေးဒဏ်ကိုမှ မမှုဘူး။ ငွေလဲ များများမရှိလို့ မဖြုန်းနိုင်ဘူး။ ကျုပ်တို့ တိုင်းပြည်က ကောက်ခံရတဲ့ငွေနဲ့ ကျုပ်တို့စရိတ်သုံးရမှာဘဲ။ ပိုက်ဆံတတ်နိုင်တဲ့ အမတ်လောင်းတွေကတော့ သူတို့ကဘဲ အကုန်အကျခံရလိမ့်မယ်။ မတတ်နိုင်မှန်းသိတဲ့လူတွေကို ဆိုင်ရာနယ် ဖ၊ဆ၊ပ၊လ တွေက ကူညီရမယ်။ အဲဒီအတိုင်း ကျုပ်တို့ ရွေးကောက်ပွဲဝင်မယ်။ ရိုးတိုးရားတားလုပ်တဲ့ လူတွေမှန်သမျှ အတွင်းမှာရော၊ အပြင်မှာရော ရိုးတိုးရားတား ပြန်အလုပ်ခံရမှာဘဲဆိုတာ ခင်ဗျားတို့ရိပ်မိအောင် တည့်တည့်ပြောလိုက်မယ်။

* * * * *

နောက်ဆက်တွဲ–၄

## နှစ်သစ်ကူးမိန့်ခွန်း

(၁၉၄၇–ခုနှစ် ဧပြီလ ၁၈–ရက်နေ့တွင်
မြွက်ကြားသည့် နှစ်သစ်ကူးမိန့်ခွန်း)

ယခု ဆန်းလာတဲ့နှစ်သစ်ဟာ လွတ်လပ်တဲ့ ဗမာပြည်သစ်ဖန်တီးဘို့ ယုံကြည်ယူဆတယ်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ချောချောမောမောပြီးသွားပြီ။ ပြီးခဲ့တဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်က ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကို စိတ်ရောကိုယ်ပါ ထောက်ခံအားပေးတာ အထင်အရှား တွေ့ရတယ်။ တတိုင်း တပြည်လုံး အရွေးခံရတဲ့ တိုင်းပြုပြည်ပြုလွှတ်တော် အမတ်စာရင်း အတိအကျ မသိရသေးပေမယ့် အမတ်ဦးရေမှာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က အများဆုံးရတယ်ဆိုတာ အားလုံးအသိဘဲ ဖြစ်တယ်။

### တိုင်းပြည်လူထုနဲ့ ဖ၊ဆ၊ပ၊လ

အမှန်စင်စစ် ယခုရွေးကောက်ပွဲမှာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ရဲ့ စည်းရုံးရေးလုပ်ငန်းတွေဟာ ကောင်းသင့်သလောက် မကောင်းသေးဘူး။ ချွတ်ယွင်းချက်များရှိတယ်။ ဒီထက် စည်းရုံးမှု အတော်အတန် ကောင်းကောင်းလုပ်နိုင်ရင် အမတ်စာရင်း ၂၁၀–စလုံး ရနိုင်တယ်။ တိုင်းပြည်လူထုက ဖ၊ဆ၊ပ၊လ ကို ထောက်ခံနေတာဟာ အခုလို ဘယ်တုန်းအချိန်အခါကမှ မရှိခဲ့ဘူး။

Myanmar Cupid Community PDF Creator Group

## တနှစ်အတွင်း လိုချင်လို့

ဒီလို တိုင်းပြည်က ဖ၊ဆ၊ပ၊လ ကို ဝိုင်းဝန်းပြီး ကူညီမဲပေးတာဟာ ပုဂ္ဂိုလ်သဘောအနေနှင့် မဟုတ်ဘဲ အဖွဲ့သဘော အနေနဲ့ မဲပေးခြင်းကို ထူးထူး ခြားခြား တွေ့ရတယ်။ ဘာ့ကြောင့်လဲဆိုရင် အချို့ ဖ၊ဆ၊ပ၊လ အမတ်လောင်း များတွင် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က မထောက်ခံဘဲ အရွေးခံရင် ဘယ်နည်းနဲ့မှ မရ ဘူးဆိုတာ တိုင်းပြည်က အသိဘဲ။ ရွေးကောက်ပွဲကို ကြည့်ခြင်းအားဖြင့် ဗမာ ပြည် နိုင်ငံရေးအဆင့်အတန်းဟာ တိုးတက်မှု ထင်ထင်လင်းလင်း ရှိလာတယ်။ တိုင်းပြည်လူထုက ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကို ထောက်ခံတယ်။ ဘယ်လိုသဘောလဲ လို့ စိစစ်လိုက်ရင် ဗမာပြည်လွတ်လပ်ရေး တနှစ်အတွင်း လိုချင်လို့ဘဲ။

## ခြေလှမ်းမှန်မှန်သွားမယ်

ဖ၊ဆ၊ပ၊လ က သတ်မှတ်ချက်လမ်းစဉ်အတိုင်း လူထုက ထောက်ခံတဲ့ သဘောဘဲ။ တိုင်းပြည်က ဖ၊ဆ၊ပ၊လ စည်းကမ်းကို ယုံကြည်လိုက်နာတဲ့ သဘောဘဲ။ အဲဒါကို စဉ်းစားလိုက်ရင် ဖ၊ဆ၊လ၊ပ အဖွဲ့ချုပ်ဟာ တိုင်းပြည်ကို သစ္စာမဖောက်ဖူး။ အရမ်းမလုပ်ဖူး။ အမှန်ချည့်တော့လဲ မဟုတ်ဖူး။ အမှားတော့ နဲနဲရှိမယ်။ သို့သော် ခြေလှမ်းမှန်မှန်နှင့် လုပ်ကိုင်သွားမယ်။ ဘယ်သူ ခြောက်လို့ လဲ မကြောက်ဖူး။ ဘယ်သူ မြှောက်လို့မှလည်း မမြှောက်ဖူး။ ဘယ်သူ ချော့လို့မှ လည်း မပျော့ဖူး။ အရင်ပါတီဟောင်း သဘောမျိုးတွေ မလိုက်ဖူး။ ကွန်မြူနစ် ပါတီ အနီအဖြူ အချောင်သမားတွေလို ဂမူးရှူးထိုးလဲ မလုပ်ဖူး။

## ဒါတွေလုပ်ကိုင်သွားမယ်

ဖ၊ဆ၊ပ၊လ လမ်းစဉ်မှန်ကြောင်း ဖ၊ဆ၊ပ၊လ ကို တိုင်းပြည်က ထောက် ခံသည့်အတိုင်း ကျုပ်တို့ ဖ၊ဆ၊ပ၊လ ကလဲ ဗမာပြည်လွတ်လပ်ရေး တနှစ် အတွင်း ရအောင်လုပ်မယ်။ ဒီအတောအတွင်းမှာ ဗမာပြည် လက်ငင်းပြန်လည်

ထုထောင်ရေးလုပ်မယ်။ နောင် ထုထောင်ရေးကိုလဲ လုပ်မယ်။ အချိန်အခါကြည့်ပြီး တိုင်းပြုပြည်ပြုလွတ်တော်လုပ်ငန်း၊ အစိုးရအဖွဲ့လုပ်ငန်းတွေနဲ့ အပြင်ဘက်လုပ်ငန်းတွေ တော်လှန်ရေးလုပ်ငန်းတွေကို သင့်တော်သလို လုပ်ကိုင်သွားမယ်။

## ဗြိတိသျှ အားနည်းလာပြီ

တိုင်းပြည်နစ်နာမယ့် အကျိုးမဲ့တဲ့လုပ်ငန်းမျိုးကို ဘယ်သူဘာပြောပြော မလုပ်နိုင်ဘူး။ ယခုရှိနေတဲ့ တိုင်းပြည်လူထု ညီညွတ်ရေး၊ တိုင်းရင်းသားချင်း ညီညွတ်ရေးကို ဆက်လက်လုပ်ကိုင်သွားရင် လွတ်လပ်ရေးကို အခက်အခဲ နည်းနည်းနှင့် ရနိုင်မယ်လို့ ယုံကြည်တယ်။ ကမ္ဘာ့အခြေအနေက ပြောစရာမလိုဘူး။ ဗမာနိုင်ငံရေး သူငယ်နှပ်စားဘဝက နိုးကြားပြီး ကိုယ့်တိုင်းပြည်နှင့် နိုင်ငံခြား ဆက်သွယ်မှုများ ပြုလုပ်လာခဲ့တယ်။ ယခုအခါမှာ ဗြိတိသျှရဲ့အင်အားလည်း နည်းလာပြီ။

## နိုင်ငံခြားစစ်တပ်အရေး

ကျုပ်တို့ဗမာပြည်မှာ နိုင်ငံခြားစစ်တပ်တွေကို ၁၉၄၇-ခုနှစ် မကုန်မီ ဗမာပြည်က ထွက်ခွာသွားဘို့ စီစဉ်နေပြီ။ အခြေအနေထောက်၍ လွတ်လပ်ရေးကို တနှစ်တွင်း အခက်အခဲမများဘဲ ရနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်။ လွတ်လပ်ရေးတွင် နိုင်ငံရေးသဘောအားဖြင့် ဗြိတိသျှပြည်ထောင်စု အပြင်ဘက်မှ လုံးဝလွတ်လပ်စွာနေဘို့ မခဲယဉ်းဘူး။ စီးပွားရေးလုံးဝလွတ်လပ်မှုကို ကြိုးစားမှ ခံနိုင်မယ်။ အခု ကျုပ်တို့လက်ထဲမှာ ငွေမရှိဘူး။ အဲဒီတော့ နိုင်ငံခြားအကူအညီကို ယူရတယ်။ ဗမာပြည်မှာ ဘယ်အစိုးရဘဲတက်တက် နိုင်ငံခြားအကူအညီ မယူဘဲ မလုပ်နိုင်ဘူး။ နိုင်ငံခြားအကူအညီယူရတဲ့ အစိုးရအဖွဲ့ဟာလဲ မကောင်းဘူး။

Myanmar Cupid Community PDF Creator Group

## အာဏာရအောင်ယူမယ်

ကျုပ်တို့ အခုဖြေရှင်းရမယ့် လွတ်လပ်ရေးပြဿနာဟာ လွတ်လပ်ရေး အာဏာ ကျုပ်တို့လက်ထဲ အမြန်ဆုံးရောက်အောင်၊ ရပြီးတဲ့လွတ်လပ်ရေး တည်တန့်အောင်၊ လွတ်လပ်ရေးအရသာ ခံစားရအောင် လုပ်ထားမှ လွတ်လပ်ရေး တိုက်ပွဲ တိုက်စရာရှိရင် တိုက်နိုင်မယ်။ လွတ်လပ်ရေးရရင် လွတ်လပ်ရေး လုပ်ငန်းတွေ လုပ်ကိုင်နိုင်မယ်။ အဲဒီကိစ္စတွေ အကြောင်းကြောင်းထောက်ပြီး ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က လူထုညီညွတ်မှု၊ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုတွေ ဆက်လက်ကြိုးစားရမယ်။ လွတ်လပ်ရေးရုံပုံငွေတွေ ဆက်လက်ကောက်ခံရမယ်။ အရှေ့အာရှတောင်ပိုင်းရှိ နိုင်ငံအားလုံးနှင့် ပြည်ထောင်စုနိုင်ငံ တနိုင်ငံဖြစ်အောင် အရှေ့အာရှတောင်ပိုင်း နိုင်ငံရေးသွေးစည်းမှု လုပ်ရမယ်။ အိန္ဒိယပြည်၊ တရုပ်ပြည်၊ နိုင်ငံကြီး နှစ်နိုင်ငံနဲ့ မိတ်ဆွေဖြစ်ဖို့ ကြိုးစားရမယ်။ လွတ်လပ်တဲ့ ဗမာပြည်နဲ့ လွတ်လပ်ပြီးတဲ့ နိုင်ငံများနဲ့ မိတ်ဆွေဖြစ်ဖို့ ကြိုးစားရမယ်။ ဗမာပြည်၏ ကာကွယ်ရေးအခြေခံဖြစ်တဲ့ ဗမာပြည်စစ်တပ်၊ ပုလိပ်အဖွဲ့၊ ရပ်ရွာကာကွယ်ရေးအဖွဲ့များလို ပြုပြင်ဖွဲ့စည်းရမယ်။ စီးပွားရေးအခြေအနေ ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ရမယ်။ အဲဒီလုပ်ငန်းတွေက ဗမာပြည်ရဲ့လွတ်လပ်ရေးနဲ့ ကောင်းစားရေးကို ဆောင်ရွက်နိုင်တယ်။

## အားလုံး ဝိုင်းလုပ်ရမယ်

အဲဒီလုပ်ငန်းတွေ လုပ်ဖို့ဟာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က လုပ်လို့မဖြစ်ဖူး။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်၊ ပြည်သူ့ရဲဘော်၊ အစိုးရအမှုထမ်း၊ သတင်းစာတွေ၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်တွေ၊ တိုင်းပြည်လူထုတွေ ဝိုင်းဝန်းကူညီရမယ်။ ခင်ဗျားတို့ကို ကျုပ်ကမေးချင်တယ်။ တိုင်းပြည်ရဲ့ စားနပ်ရိက္ခာပျက်အောင်၊ အချင်းချင်း မသင့်အောင်လုပ်ရုံနဲ့ ဗမာပြည်လွတ်လပ်ရေးရမယ် ထင်သလား။ အဲဒါတွေ ပြုပြင်ပြီး အင်အားကြီးမားအောင်လုပ်မှ လွတ်လပ်ရေးရမလား။ တော်လှန်ရေးလမ်းစဉ်ကို ထိထိရောက်ရောက် မလုပ်တတ်ဘဲ တော်လှန်ရေးစကား

များများပြောပြီး ဗမာအချင်းချင်း ဆန်လုတာ၊ လယ်သီးစား မပေးနဲ့ဆိုတဲ့ကိစ္စတွေကို ကွန်မြူနစ် အချောင်သမားတွေ လုပ်နေတာ။ တော်လှန်ရေးလုပ်ငန်းထင်ပြီး လုပ်နေတာ။ အဲဒါတွေကို ကန့်ကွက်ရင် တော်လှန်ရေးလုပ်ငန်း ဆန့်ကျင်ဘက်လုပ်တယ်ဆိုတာ မသိလို့ မေးချင်တယ်။

## အမတော်ကြေး ပြန်ဆပ်တာ

အခွန်မပေးဘို့၊ လယ်သီးစားခ မပေးဘို့ တိုက်တွန်းနေတာဟာ နယ်ချဲ့သမားကို တိုက်တာလား။ ကျုပ်တို့ ဖ၊ဆ၊ပ၊လ ကို တိုက်တာလားလို့ မေးချင်တယ်။ နောက် အမတော်ကြေး ပြန်မပေးနဲ့လို့ ဆိုတယ်။ ဒီအမတော်ကြေးဟာ အစိုးရက ထုတ်ပေးတာမဟုတ်ဖူး။ တိုင်းပြည်အခွန်တော်က ထုတ်ပေးတာ။ အမတော်ကြေး ပြန်မပေးရင်၊ အမတော်ကြေးနည်းရင် နည်းသလောက် ငွေထုတ်မပေးနိုင်မှာဘဲ။ အမတော်ကြေးဟာ ဘယ်သူ့ငွေလဲ။ တိုင်းပြည်ငွေ။ ဒါကြောင့် ဒီနည်းဟာ နယ်ချဲ့သမား မထိခိုက်ဖူး။

## ဝေ်လို့လုတာ မဟုတ်ဖူး

ဆန်လုတဲ့ကိစ္စဟာ ဗမာပြည်မှာ ဒီနှစ် ဆန်တန်ချိန် တသန်းလောက် ဗမာပြည်စားဘို့ထက် ပိုထွက်မယ်ဆိုတာ ခန့်မှန်းရတယ်။ ဒီလို ခန့်မှန်းရတာဟာ ဗမာပြည်မှာ ဘယ်နည်းနဲ့မှ ငတ်ဖို့မရှိဘူး။ အခု ဆန်လုတာဟာ အချောင်သမား ဆန်ပွဲစား၊ ဆန်ကုန်သည်တွေ ကောင်းစားဘို့နှင့် ဆန်တွေ အလဟဿ လစ်ဟင်းဘို့ဖြစ်တယ်။ အဲဒီလို ဆန်လုတာဟာ တိုင်းပြည်လူထုနဲ့ အစိုးရမှာသာ ဆုံးရှုံးနစ်နာတာ၊ အခု ဗမာပြည်မှာ ငွေမရှိဘူး။ ငွေမရှိရင် အခြားတိုင်းပြည် အကူအညီလိုတယ်။ အကူအညီရဘို့က တိုင်းပြည်ထူထောင်ရေးအတွက် ပစ္စည်းလိုတယ်။ အခြားတိုင်းပြည်က ပစ္စည်းရဘို့ရန် ဗမာပြည်ငွေနဲ့ ဝယ်လို့မရဘူး။ သူ့သက်ဆိုင်ရာ နိုင်ငံခြားငွေနဲ့မှ ရတယ်။ အဲဒီငွေရဘို့ရာ

Myanmar Cupid Community PDF Creator Group

ထွက်ကုန် ဝင်ကုန်ပစ္စည်းချင်း မျှတအောင်လုပ်ရမယ်။ ဗမာပြည်ထွက်ကုန်တွေမှာ ဆန်ကိုသာ အမြောက်အမြား တင်ပို့နိုင်တယ်။

## တိုင်းပြည်လူထုသို့

ဆန်အလုပ်ခိုင်းတာ၊ အခွန်မဆောင်ခိုင်းတာဟာ ဖ၊ဆ၊ပ၊လ ကို တော်လှန်တာလား။ နယ်ချဲ့သမားကို တော်လှန်တာလား။ ဖ၊ဆ၊ပ၊လ တော်လှန်တယ်ဆိုရင် ဖ၊ဆ၊ပ၊လ အစိုးရဟာ တိုင်းပြည်လူထုက ထောက်ခံထားပြီးတဲ့ ရွေးကောက်ပွဲမှာ အထင်အရှား တွေ့နိုင်တယ်။ အဲဒီတော့ တိုင်းပြည်နဲ့လူထုကို တော်လှန်တာဘဲ။ နောက် ကျုပ်သတိပေးခဲ့ချင်တယ်။ အတိုက်အခံသမားတွေကို ကျုပ်တို့ ဖ၊ဆ၊ပ၊လ အစိုးရဟာ အရင်အစိုးရအဖွဲ့ထဲမှာလုပ်ခဲ့တဲ့ နိုင်ငံရေးပါတီမျိုးလို မဟုတ်ဖူးဆိုတာ ကျုပ် တိတိလင်းလင်း ပြောချင်တယ်။ အခြားနိုင်ငံရေးပါတီတွေ အစိုးရအဖွဲ့ထဲလုပ်တာလို၊ အတိုက်အခံ နိုင်ငံရေးသမားတွေကို မှားမှားမှန်မှန်၊ တရားတရား၊ မတရားတရား၊ နှိပ်စက်ညှင်းပန်းတာ အထူးအထွေပြောဘို့မလိုဘူး။ ဖ၊ဆ၊ပ၊လ အစိုးရဟာ ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံသမားတွေကို နှိပ်စက်ညှင်းပန်းမှု မလုပ်ဖူး။ စည်းကမ်းမဲ့ တရားလွန် တိုင်းပြည်အကျိုးမဲ့ ဆူပူအောင်လုပ်ရင် ကြည့်မနေနိုင်ဘူး။ နှိပ်ကွက်ရမယ်။ အတိုက်အခံသမားတွေကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် ပေးမယ်။ တရားသဖြင့်ပေးတာကို အသားယူပြီး မတရားတာ ပြုလုပ်မယ်ကြံရင် ချမယ်။ အရေးယူမယ်။

## အတိုက်အခံသမားများကို ပြောချင်တယ်

အသရေပျက်စေမှုဖြစ်တဲ့ စကားမျိုးကလွဲရင် တရားဥပဒေအတွင်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ ဆဲချင်တာ ဆဲနိုင်တယ်။ ဝေဖန်ချင်တာ ဝေဖန်နိုင်တယ်။ အသရေပျက်မယ့် စကားမျိုးကို လက်မခံနိုင်ဘူး။ ကျုပ်တို့ရထားတဲ့

Myanmar Cupid Community PDF Creator Group

အာဏာတွေကို ခင်ဗျားတို့လက်ထဲရောက်အောင် ဘာပရိယာယ်နဲ့သုံးသုံး သုံးနိုင်တယ်။ တိုင်းပြည်နဲ့လူထုကို ထိခိုက်မယ့် ပရိယာယ်သုံးရင် ချရလိမ့်မယ်။ အတိုက်အခံသမားများကို ပြောချင်တယ်။ ညစ်ပတ်တဲ့ အကြံကလွဲရင် တရားသဖြင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အာဏာကို လုဘို့တွေး၍ လုပ်နိုင်တယ်။ ဆူပူနိုင်တယ်။ မတရားသဖြင့် ဆူပူလုပ်ကိုင်ခိုင်းရင် သည်းခံနိုင်မယ် မဟုတ်ဖူး။

## သတင်းစာတွေကိုလဲ ပြောလိုက်မယ်

သတင်းစာတွေကိုလဲ ပြောလိုက်မယ်။ ဒီအစိုးရလက်ထက်နဲ့ အခြားအစိုးရလက်ထက် သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျုပ်တို့ဘယ်လိုအစိုးရလဲဆိုတာ သိစေချင်တယ်။ ကျုပ်တို့ကို ထောက်ခံချင် ထောက်ခံ၊ အားပေးချင်လဲ အားပေး၊ အတိုက်အခံ ဝေဘန်ချင်တဲ့ သတင်းစာကလဲ ဝေဘန်။ သဘောအတိုင်းဘဲ။ ဆိတ်လစေ့ သတင်းစာလဲ လုပ်ချင်လုပ်ကြ။ သို့သော် အစိုးရကိုအကြည်ညိုပျက်စေချင်တဲ့ စကားမျိုး။ တိုင်းပြည်ဆူပူလှုပ်ရှားစေမယ့် စကားမျိုး။ မဟုတ်မမှန် လိမ်လည် လှည့်ဖြားရေးတဲ့ဟာမျိုးတွေကို သည်းခံနိုင်မယ် မဟုတ်ဖူး။

## အမှုထမ်းတွေကိုလဲ ပြောချင်တယ်

အစိုးရအမှုထမ်းတွေကိုလဲ ပြောလိုတယ်။ အစိုးရအမှုထမ်းတွေဟာ တိုင်းပြည်နဲ့လူထုအကျိုးကိုကြည့်၍ ကျုပ်တို့အစိုးရအဖွဲ့က ဆုံးဖြတ်ညွှန်ကြားတဲ့အတိုင်း တသွေမတိမ်း လိုက်နာပါ။ အစိုးရအမှုထမ်းတွေက အခု ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ဟာ ဟိုတုန်းက အစိုးရအဖွဲ့မျိုးလို မဟုတ်ဖူးဆိုတာ သတိပြုဘို့လိုတယ်။ ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ဟာ တိုင်းပြည်လူထု အစိုးရအဖွဲ့ဖြစ်တဲ့အတိုင်း တိုင်းပြည်နဲ့လူထုအကျိုးကိုကြည့်ပြီး ဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ကို တသွေမတိမ်း တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ရင် ဘယ်သူ့မှ ကြောက်

စရာ မလိုဘူး။ ဖ၊ဆ၊ပ၊လ အဖွဲ့ အစိုးရဖွဲ့ထားပေမယ့် ကိုယ့်ဝန်တာ ကိုယ် ကျေပွန်အောင်လုပ်ပါ။ ဖ၊ဆ၊ပ၊လ အစိုးရဆိုပြီး ပြည်သူ့ရဲဘော်ကိုလဲ အရမ်းကြောက်စရာ မလိုဘူး။ ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ဝင်တွေ ပြည်သူ့ရဲဘော်တွေကလဲ ငါတို့အဖွဲ့ အစိုးရဆိုပြီး အစိုးရအာဏာကို ယူသုံးဘို့၊ အစိုးရကိုယ်စား လုပ်ဖို့လဲ မလိုဘူး။ အခွင့်အရေးလဲ မရှိဘူးဆိုတာကို သတိပြုပါ။ သို့သော် ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်နဲ့ ပြည်သူ့ရဲဘော်တွေဟာ ဒီပြင်လူတွေထက်တော့ အခွင့်အရေး ပိုရမှာပါဘဲ။ ပြည်သူ့ရဲဘော်တွေလဲ လုပ်ချင်တာလုပ်လို့ မရဘူးဆိုတာ သိဘို့ အရေးကြီးတယ်။

ဖ၊ဆ၊ပ၊လ အစိုးရအောက်မှာ

အခု ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ အုပ်ချုပ်တဲ့အချိန်မှာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကို ရိုသေသောအားဖြင့်၎င်း၊ ဖ၊ဆ၊ပ၊လ ဝါဒကို ရိုသေသောအားဖြင့်၎င်း၊ ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်နဲ့ ပြည်သူ့ရဲဘော်များသည် အခွင့်အရေးများကို အရမ်းမဲ့ မပြုဘဲ စောင့်ထိန်းဘို့ အရေးကြီးတယ်။ အရမ်းမဲ့လုပ်ရင် ဖ၊ဆ၊ပ၊လ ရော၊ ပြည်သူ့ရဲဘော်ရော ဖမ်းဆီးရလိမ့်မယ်။ ဒါကြောင့် ဘယ်နေရာမဆို စည်းကမ်းသေဝပ်မှုကို အဓိကသတိပြုဘို့ အရေးကြီးတယ်ဆိုတာ သတိပြုဘို့လိုတယ်။ ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ဖြင့် တိုင်းပြည်လူထုနဲ့တကွ ဗမာပြည်၏ အိမ်နီးနားချင်း တိုင်းပြည်များ၊ အရှေ့ဘက်ရှိ တောင်ပိုင်းနိုင်ငံများ ပူးပေါင်းလျက် ဗမာ့လွတ်လပ်ရေးစခန်းသို့ ဆောင်ရွက်ကြရန် လူထုကလဲ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ပြီးပေမယ့် လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးဘူးဆိုတာ မှတ်ထားပြီး ဆက်လက်၍ ညီညွတ်စွာ တောင့်ထားရန် နောက်ဆုံး ပြောလိုပါတယ်။

* * * * *

နောက်ဆက်တွဲ–၄

ဖ၊ဆ၊ပ၊လ ပဏာမပြင်ဆင်မှုညီလာခံတွင်
မိန့်ကြားသောမိန့်ခွန်း

ရဲဘော်တို့

ယခုလို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ပြဿနာတွေ၊ အထူးသဖြင့် ကျွန်ဘဝကနေပြီး သခင်နိုင်ငံဘဝသို့ လက်ငင်း တက်လှမ်းနိုင်အောင် စီစဉ်ရမယ့် ပြဿနာတွေကို ဆွေးနွေးတိုင်ပင်နှီးနှောရအောင်ဆိုပြီး ကျွန်တော်တို့ တခါတွေ့ဆုံစည်းဝေးကြရတယ်ဆိုတာ အင်မတန်ကောင်းတာဘဲ။ ခင်ဗျားတို့ ဒီရောက်လာတာ သိတဲ့အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော် ရွေ့ပြေးပဏာမ ပြင်ဆင်မှုညီလာခံကို လာတက်တဲ့ ကိုယ်စားလှယ်တွေအဖြစ်နဲ့ ရောက်လာကြတာဘဲ။ ဒီညီလာခံမျိုးဟာ ဒီဗမာပြည်မှာ ဒီတခါဘဲ လုပ်ဖူးသေးတယ်။ ဒီလို ညီလာခံရဲ့ ကိုယ်စားလှယ်တွေအဖြစ် ခင်ဗျားတို့ရဲ့တာဝန်တွေဟာ အင်မတန် ကြီးမားလှပေတယ်။ ခင်ဗျားတို့လုပ်ငန်းဆောင်တာတွေဟာလဲ တော်တော်ဘဲ ကျယ်ဝန်းလိမ့်မယ်။ ခင်ဗျားတို့ နောက်ဆုံးအလုပ်က ထွက်ပေါ်မယ့် အကျိုးတရားတွေဟာလဲ ရာဇဝင်တွင်ကျန်ရစ်နိုင်တယ်။ ဒါကြောင့် အခု ခင်ဗျားတို့ ဒီညီလာခံကို လာတက်တဲ့အတွက် ခင်ဗျားတို့ကို ဝမ်းပန်းတသာ ခရီးဦးကြိုပြုတယ်ဆိုတာ လောက်ဘဲ လောကွတ်စကားပြောပြီး ပြောသင့်ပြောစရာရှိတဲ့ အချက်တွေကို တန်းပြီး ပြောပြချင်တယ်။

Myanmar Cupid Community PDF Creator Group

လုံးဝလွတ်လပ်ရေးသာ လိုချင်တယ်

ဒီပဏာမညီလာခံဟာ ဖ၊ဆ၊ပ၊လ ကလုပ်တဲ့ ညီလာခံဘဲ။ တိုင်းပြုပြည်ပြုလွှတ်တော်ရဲ့ လုပ်ငန်းတွေကို အစားထိုးဘို့ မဟုတ်ဘဲ ဖြည့်စွက်ဖို့သာ ဖြစ်တယ်။ ဒီညီလာခံဟာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ လုပ်တာမဟုတ်ဖူး။ အမှန် ကျုပ်တို့ရဲ့ မူလရည်ရွယ်ချက်ကတော့ ဖ၊ဆ၊ပ၊လ နှစ်စဉ်ညီလာခံသဘင်ကျင်းပပြီး နည်းလမ်းတကျရွေးတဲ့ တတိုင်းတနိုင်ငံလုံးရဲ့ ကိုယ်စားလှယ်တွေနဲ့ ဖ၊ဆ၊ပ၊လ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်တွေကနေပြီး ဗမာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေစည်းမျဉ်းအခြေခံတွေကို စဉ်းစားဘို့ဘဲ။ သို့ပေမယ့် အချိန်မရတာနဲ့ ဒုတိယ လူစုံစုံရတဲ့နည်းကို ထွင်ပြီးသုံးရတာဘဲ။

ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ စည်းမျဉ်းအခြေခံတွေကို စဉ်းစားမယ်ဆိုတော့ ရှေးဦးစွာ တချို့သတင်းစာတွေ၊ လူတွေ ရှုပ်တုပ်တုပ်လုပ်နေတဲ့ အချက်ကြီးကို တခါထဲရှင်းပစ်လိုက်ချက်တယ်။ ဒီအချက်ကြီးဟာ ဘာလဲဆိုရင် ဖ၊ဆ၊ပ၊လ က လုံးဝလွတ်လပ်ရေး ဆုံးဖြတ်မလား။ ဒိုမီနီယန် အုပ်ချုပ်ရေး ဆုံးဖြတ်မလားဆိုတဲ့ မရှုပ်သင့်ဘဲ ရှုပ်နေတဲ့ မေးခွန်းဘဲ။ ၁၉၄၆–ခု ဇန်နဝါရီလထဲမှာ ကျင်းပခဲ့တဲ့ ဖ၊ဆ၊ပ၊လ ညီလာခံသဘင်ကြီးက ဘာဆုံးဖြတ်ခဲ့သလဲ။ ဒီညီလာခံသဘင်ဟာ ကျုပ်တို့ ဖ၊ဆ၊ပ၊လ အဖို့မှာဆိုရင် ယခုအထိ အာဏာအပိုင်ဆုံး အဖွဲ့ကြီးဘဲ။ ဒီအဖွဲ့ကြီးကနေပြီး ဘယ်လို ဒိုမီနီယန်အမျိုးအစားမှ မလိုချင်ဘူး။ လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုတယ်ဆိုပြီး အတိအလင်းဆုံးဖြတ်ထားတာရှိနေတာ ဘာမှထပ်ပြီး နားရှုပ်စရာ မလိုပါဘူး။ ကျုပ်တို့ဟာ မှန်တာမမှန်တာ၊ ကောင်းတာ မကောင်းတာတွေ အပထားပြီး အဲဒီညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်ကို ပယ်လဲမပယ်နိုင်ဘူး။ ပြောင်းလဲ မပြောင်းနိုင်ဘူး။ ဒီတော့ ဒီကိစ္စဟာ ဘာမှထပ်ပေါ်စရာ မလိုတော့ဘူး။ သို့သော်လဲ ဗမာပြည် လုံးဝလွတ်လပ်တော့ အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံလူမျိုးပေါင်းစုံ (Commonwealth of Sovereign Nations) ကို မြန်မာပြည်က မတည်ထောင်ဘူးလား၊ မဝင်ဘူးလားဆိုတဲ့ မေးခွန်းကတော့ တခြားဖြစ်တယ်။ အဲဒီမေးခွန်းဟာတော့ ဗမာ

ပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ ရေးဆွဲတဲ့နေရာမှာ စဉ်းစားဘို့ မဟုတ်ဖူး။ ဒီကိစ္စကိုတော့ ကျွန်တော်နောက်မှ ဆွေးနွေးပါအုံးမယ်။

## သမတနိုင်ငံ ထူထောင်မယ်

ကိုင်း လွတ်လပ်တဲ့ဗမာပြည်ဆိုတော့ ဘယ်လိုဗမာပြည်မျိုးလဲ။ သမတနိုင်ငံလား၊ ရှင်ဘုရင်စနစ်နဲ့ အုပ်ချုပ်မယ့် နိုင်ငံလား။ ဒီမေးခွန်း ပေါ်လာတယ်။ ဒီတော့ ဒီမေးခွန်းကို တိုတိုဘဲ ဖြေပါဆိုရင် သမတနိုင်ငံ လိုချင်တယ်လို့ တိုတိုဘဲ ဖြေရုံဘဲ။ ဒါပေမယ့် ကျွန်တော်က ဒီလောက် တိုတိုမဖြေချင်ဘူး။ လိပ်ပတ်လည်အောင် အစိုးရ (State) ဆိုတဲ့ သဘောတရားနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တယ်။ ဒီ 'အစိုးရ' ဆိုတဲ့ သဘာတရားနဲ့ ပတ်သက်ပြီး ရှေးက တရုပ်၊ အိန္ဒိယ၊ ခေါမ၊ ရောမခေတ်ကစပြီး ကနေ့အထိ သဘောအမျိုးမျိုး ပေါ်ခဲ့တယ်။ အခုခေတ်မှာတော့ ကားလ်မတ် ဆိုတဲ့ ပုဂ္ဂိုလ်ကစတဲ့ မတ်ဝါဒတွေရဲ့ သဘောတရားဟာ တဖြေးဖြေး ခေတ်စားလာတယ်။

## ရှင်ဘုရင်အုပ်စိုးတဲ့စနစ် မလိုချင်

အဲဒီဝါဒဟာလဲ အဆုံးစွန်တရား မဟုတ်သေးဘူး။ ရှာတုန်းဖွေတုန်း တိုးတက်တုန်းဘဲ။ အဲဒီလို သဘောအမျိုးမျိုး ဆိုပေမယ့် နိုင်ငံရေးဟာ စီးပွားရေးအုတ်မြစ်ပေါ်မှာ တည်တယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်တော့ပါဘူး။ လူရယ်လို့ ဖြစ်လာရင် လူဟာ စားရမယ်၊ ဝတ်ရမယ်၊ နေရမယ်။ အဲဒီ အစား၊ အဝတ်၊ အနေအထိုင်နဲ့ ပတ်သက်ပြီး လူရဲ့လိုတဲ့ ဝတ္ထုပစ္စည်း အသုံးအဆောင်တွေကို ရှာကြံတဲ့အခါကျတော့ လူ့ပစ္စည်းလုပ်ငန်းစနစ်တွေ ပေါ်လာတယ်။ အဲဒီပစ္စည်းစနစ်တွေ ပေါ်လာတဲ့အခါ လူအချင်းချင်း ဆက်ဆံပေါင်းသင်းမှုစနစ်ဟာလဲ ပေါ်လာတယ်။ လူတန်းစား ခြားနားလာကြတယ်။ အဲဒီလို ခြားနားလာကြရာက အကျိုးခြင်း ကွဲပြားပြီး ပဋိပက္ခဖြစ်လာကြတယ်။ ဒီပဋိပက္ခဖြစ်တာတွေကို

ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ပလပ်အောင် လုပ်ဖို့ဆိုပြီး အစိုးရဆိုတာကို လူတွေက တင်မြှောက်တယ်။ တင်မြှောက်တုန်းကတော့ လူတွေကဘဲ။ ဒါပေမယ့် နောက်ကျတော့ လူ့အထက်ရောက်သထက်ရောက်ပြီး လူတွေအထဲက ပေါ်ခဲ့တဲ့အစိုးရဟာ မိုးကျရွှေကိုယ်ဘဝ ရောက်သွားတယ်။ အဲဒီဘဝကစပြီး အစိုးရဆိုတာ လူတွေက အာဏာအပ်လို့ ဖြစ်တာပါလားဆိုတဲ့ သဘာဝဟာ လုံးလုံးပျောက်သွားတာဘဲ။ အဲဒီရှင်ဘုရင်စနစ်လို သားစဉ်မြေးဆက် ဆက်ခံတဲ့အစိုးရမျိုးကျတော့လဲ ဘာပြောစရာ ရှိတော့မလဲ။ တခါထဲ အစိုးရဆိုတာ ဘုန်းကံကြောင့် (Divine Rights King) ဆိုပြီးတောင် တခါတုန်းက အယူဖြစ်တဲ့အထိ အစိုးရရဲ့ မူလဘာဝဟာ ပျောက်ခဲ့တာဘဲ။

အဲဒီမှာ ပြောချင်ကြလိမ့်အုံးမယ်။ ဒါက ရှေးရှင်ဘုရင်တွေပါ။ အခုရှင်ဘုရင်တွေကတော့ အာဏာလဲမရှိတော့ပါဘူး။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအတိုင်း အုပ်ချုပ်ရတာပါလို့ ပြောကြလိမ့်မယ်။ ကောင်းပြီ။ ရှင်ဘုရင်ဆိုရင် သားစဉ်မြေးဆက် ဆက်ခံရလိမ့်မယ်။ အဲဒီလို မှူးတွေ မတ်တွေ ရှိရလိမ့်မယ်။ အင်္ဂလန်မှာဆိုရင် ဒီအတိုင်းဘဲ မဟုတ်လား။ မှူးတွေ မတ်တွေဆိုပြီး အချောင်ပွနေသလောက် ပွနေကြတာ။ (House of Lords) မှူးတွေ မတ်တွေ လွှတ်တော်ဆိုပြီး အဆာကျယ်နေကြတာ သူတို့တတွေဘဲ။ အာဏာရှိတာ မရှိတာကို အပထားပြီး သူတို့တတွေကို ဒီလိုရှိတာဟာ လူလူချင်း အတူတူဘဲဆိုတဲ့ သဘောတရားကို ဖုံးလွှမ်းနိုင်သမျှ ဖုံးလွှမ်းနိုင်အောင်လုပ်ပြီး နောက်ဆုံးကျတော့ လူတွေက ပေးထားတဲ့ အစိုးရအာဏာကို အချောင်ကော်နိုင်အောင် စီစဉ်ထားတာတွေဘဲ။ အာဏာဆိုတာလဲ မရှိဘူးမဟုတ်ပါဘူး။ ဖြောင်သာ သိပ်မရှိတယ်။ သွယ်ဝိုက်တဲ့နည်း၊ စီးပွားရေးနည်း၊ ဟိတ်လုံးဟန်လုံးနည်းတွေနဲ့ အများကြီးဘဲ။ သူတို့အာဏာရှိနေကြတာဘဲ။ ပြီးတော့ ဒီရှင်ဘုရင်စနစ်ဆိုတာမျိုးဟာ အချောင်တိုင်းပြည်ပိုက်ဆံကုန်တဲ့ရာထူးတွေ တော်တော်ဘဲရှိတယ်။ ဒီတော့ လူတွေက တင်မြှောက်တဲ့ 'အစိုးရ' ဆိုတာဟာ လူတွေရဲ့ အစိုးရ၊ ပြည်သူတွေရဲ့ အစိုးရ၊ ပြည်သူတွေနှင့် အလှမ်းမဝေးဘဲ အမြဲလက်တွဲနေတဲ့အစိုးရ ဖြစ်မှသာလျှင် သဘောတရားအတိုင်း ကိုက်ညီမယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီသဘော

တရားနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ သားစဉ်မြေးဆက် ဆက်ခံသွားတဲ့ ရှင်ဘုရင်စနစ်ကို မလိုချင်ဘူး။

## ဒီမိုကရေစီဝါဒအစစ်ကိုသာ ဖန်တီးမယ်

အဲဒီတော့ သမတစနစ်ကို လိုချင်တယ်။ သမတစနစ်သာ တိုင်းသူပြည် သားတွေသာလျှင် အရင်းခံမူလဘူတ ဖြစ်တယ်ဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ လူလူချင်း အတူတူဘဲဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ ဒါပေမယ့် တခုသတိပြု ရမယ်။ 'အစိုးရ' ဆိုတဲ့အာဏာဟာ အင်မတန်အဖိုးတန် အသုံးဝင်တယ်။ အဲဒီ အာဏာကိုလဲ ပစ္စည်းအင်အားကောင်းတဲ့လူတွေ အချင်းချင်း လုကြတယ်။ ရှင် လဲ လက်မလွှတ်ချင်ဘူး။ တိုင်းသူပြည်သားတွေ ဆိုတာကတော့ အဲဒီထဲမှာ တုတ်လုပ်အရိုက်ခံရမယ့်အခါကျမှ ပါရတာဘဲ။ ဒီလိုအာဏာလုကြတဲ့အခါ 'ဒီမို ကရေစီ' ဆိုပြီး၊ 'ပြည်သူ့ဆန္ဒ ပြည်သူ့အာဏာ' လို့ ကြွေးကြော်ဟစ်အော်ပြီး ညာ တဲ့စနစ်တွေလဲ ရှိတယ်။ လူတွေက၊ တိုင်းသူပြည်သားတွေက 'အစိုးရ' အာဏာ အပ်လိုက်တုန်းက ကျုပ်တို့အတွက် ကောင်းအောင်လုပ်ပေးပါ ဆိုပြီး အာဏာ အပ်လိုက်တာဘဲ။ ဒါပေမယ့် ကျုပ်တို့ကို ခင်ဗျားတို့ အုပ်စိုးတဲ့လူတွေအတွက် နှိပ်ကွက်အုပ်ချုပ်ပါ ဆိုတဲ့အချက်သာ ဖြစ်နေတာဘဲ။ လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်။

## ဒီမိုကရေစီဆိုတာ ဘာလဲ

အဲဒီလိုစနစ်မျိုးနဲ့ သမတအစိုးရမျိုးမှသာ ကျုပ်တို့တိုင်းသူပြည်သား တွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာဘဲ။ ဒီမိုကရေစီတိုင်း ဒီမို ကရေစီတာ မဟုတ်ဖူး။ ဒီမိုကရေစီ ခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလဲ အများကြီးဘဲ။ ဒါဖြင့် ဒီမိုကရေစီ ဆိုတာဘာလဲ။ လူ

လူချင်း၊ လူတန်းစား အချင်းချင်း၊ လူမျိုး အချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့် တင်းပြည့် မရှိသမျှကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့် တင်းပြည့် မဟုတ်သေးဘူး။

## ဒီမိုကရေစီတုတွေ

အခု ဒီမိုကရေစီ ခေါ်နေတဲ့တိုင်းပြည်တွေ အများဟာ တကယ့် ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး၊ သုံးမူးတပဲလောက်ဘဲ ဒီမိုကရေစီတွေ ဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်းရှင် အရင်းရှင်တွေ စီးပွားရေးချယ်လှယ်တဲ့စနစ် အခြေခံတဲ့ ဒီမိုကရေစီတွေဖြစ်တယ်။ တနည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင်စနစ် အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုတဲ့ ဘမ်းပြပြီးထားတဲ့ အုပ်ချုပ်ရေးဘဲ။

## ဒီမိုကရေစီ အစစ်ကတော့

ဗမာပြည် လွတ်လပ်ရေးရတဲ့အခါ တိုင်းသူပြည်သားတွေသာလျှင် အဓိကလိုလားပြီး တိုင်ပြည်တည်ထောင်ချင်တယ်ဆိုရင် ဒီမိုကရေစီစနစ်အရမှဘဲ ဖြစ်နိုင်မယ်။ ဒီမိုကရေစီ အရင်းခံဘဲ။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒဆိုတာတွေဟာ စင်စစ်တော့ ဒီကနေ ဖြာထွက်သွားတာဘဲ။ ဘယ်ဟာမှ ဒီမိုကရေစီ မစစ်သေးဘူး။ နိုင်ငံရေးတွင်မက စီးပွားရေးပါ ပါမှ ဒီမိုကရေစီ စစ်နိုင်မယ်လို့ ဒီမိုကရေစီ သဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်းသာ ဖြစ်တယ်။

ဒီတော့ ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါမျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျပ်ပြည့် တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်းဖြစ်မလား။ ဘယ်လောက် ကြာမလဲ။ ဘယ်နည်း အကောင်းဆုံးလဲ ဆိုတာတွေကို အခု ကျုပ်တို့ တိုင်းပြည်တည်ထောင်ရမယ့်အခါ အထူးစဉ်းစားရမယ့် အချက်တွေဘဲ။

နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနှင့် ကင်းလို့ မဖြစ်နိုင်ဘူး။ အရင်းရှင် ဒီမိုကရေစီသမားသက်သက် မျက်စိနဲ့ကြည့်ပြောရင်တော့ ဒါမမှန်ဘူးလို့ ပြောရမှာဘဲ။ ဒါပေမယ့် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီး ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွေကို အတွင်းကျကျလေ့လာရင် စီးပွားရေးသဘောတရားတွေ မူတည်ပြီး လုပ်ကြတယ်ဆိုတာ တွေ့ရလိမ့်မယ်။ အရင်းရှင်ဒီမိုကရေစီသမားတွေအဖို့ဆိုရင် အရင်းရှင်စနစ်သာလျှင် စီးပွားရေးစနစ်မှန်ဖြစ်တယ်။ ဒီစနစ်သာလျှင် တည်တန့်ရမယ်။ အဲဒီစနစ်ဟာ အမြဲတမ်းတည်တန့်သလိုလိုယူဆပြီး အလုပ်လုပ်ကြတယ်။ အမှန်မတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးစနစ်မှ အမြဲတည်တန့်တာ မရှိဘူး။ သူ့အချိန် သူ့အခြေအနေအလိုက် ဖြစ်လာကြတာဘဲ။

ဒီတော့ ကျွန်တော်တို့ ဗမာပြည်အဖို့မှာ အရင်းရှင်စနစ်ထက်တောင် အောက်ကျနောက်ကျဖြစ်နေတဲ့ ကျွန်ဘဝက လှမ်းတက်ရမယ်ဆိုတော့ အလယ်အလတ်အဆင့်မှာရှိတဲ့ ဒီအရင်းရှင်စနစ်ကို ကျော်မသွားနိုင်သေးပေမယ့် အဲဒီစနစ်တင်သာ မလုပ်နိုင်ဘဲ ဒီစနစ်ကို အမြန်ဆုံးကျော်သွားနိုင်မယ့် စီးပွားရေးသဘောတရားတွေကို အခြေခံထားပြီး တိုင်းပြည်တည်မှသာလျှင် တကယ့် ဒီမိုကရေစီနိုင်ငံကို ရောက်အောင်သွားနိုင်လိမ့်မယ်။

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေး တန်းတူရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီလို ဒီမိုကရေစီအဆင့်အတန်းရောက်အောင် ဘယ်လိုအခြေခံတွေ ချရမလဲ။

ဒီမိုကရေစီ အခြေခံများ

၁။ အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်းလုပ်ငန်းတွေကို အစိုးရ သိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်။

၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ အိုနာစာအရေး၊ အစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

၃။ လယ်လုပ်တဲ့လူတွေရဲ့လက်ထဲ လယ်ရောက်အောင် စီစဉ်နိုင်ရမယ်။ လယ်အမြောက်အမြားကို တသီးပုဂ္ဂလ ပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

၄။ လူမျိုးအသီးသီးဟာလဲ သူတို့ရထိုက်တဲ့ အခွင့်အရေးတွေ ရအောင် စီစဉ်ထားရမယ်။

၅။ တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင် အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

၆။ လူမျိုး၊ ဘာသာ၊ လိင်မရွေး တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ပါရမယ်။

၇။ တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန် ဖြစ်တယ်။ အခု ကျွန်ဘဝမှာလို ရေးကလဲ ရဲအဖွဲ့အစရှိတဲ့ အခု ပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့ အဖွဲ့မျိုးတွေကို တသီးတခြား တည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

၈။ တိုင်းပြည် ဥပဒေတရားရုံးစနစ်ဟာလဲ ပြည်သူတွေရဲ့အကျိုး ရှေ့ရှုမယ့် ပြည်သူ့တရားရုံးစနစ်မျိုး ဖြစ်ရမယ်။

အဲဒီလို အချက်တွေပါမှသာလျှင် တကယ့်ဒီမိုကရေစီ အခြေခံတွေ ချရာရောက်မယ်။ ဒါမှသာလျှင် သူ့အချိန်အခါရောက်တဲ့အခါ ဒီမိုကရေစီ ဆိုတဲ့ အဆောက်အအုံကြီးကို မားမားမတ်မတ် တည်ဆောက်နိုင်မယ်။

ဒီအချက်တွေကို ထပ်ပြီး ကျွန်တော်ရှင်းပြပါအုံးမယ်။ ပထမအချက် သဘောကတော့ ကုန်ပစ္စည်းလုပ်နည်း (Means of Production) များတွင် အချက်အချာဖြစ်တဲ့ သစ်တော၊ သတ္တု အစရှိတဲ့ မြေပေါ်ပစ္စည်း၊ မြေတွင်းပစ္စည်း များ၊ ရေတွင်းရေပေါ်သက်ဆိုင်ရာများ၊ သဘာဝအား၊ လျှပ်စစ်အား၊ မီးရထား၊ လေကြောင်းသွားလာရေး၊ စာပို့တိုက်၊ သံကြိုး၊ စကားပြောကြေးနန်း၊ အသံလွှင့် ရုံတို့ဟာ တိုင်းပြည်ရဲ့ကိုယ်စား အစိုးရပိုင် ဖြစ်ရလိမ့်မယ်။ တခြားပစ္စည်းလုပ် ငန်းတွေကိုလဲ တတ်နိုင်သမျှ ပြည်သူ့သမဝါယမအသင်းများက ပိုင်ဆိုင်အောင် ကြိုးစားရလိမ့်မယ်။ အစိုးရ သိမ်းသမျှ ပစ္စည်းလုပ်ငန်းများကို အစိုးရကိုယ်တိုင် လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် အခြားလူတွေကို ငှားရမ်းတဲ့ သဘောသာ ဖြစ်ရ လိမ့်မယ်။

နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးကိစ္စဆိုရင် အစိုးရအုပ်ချုပ်နိုင်အောင် စီစဉ်ရမယ်။ ဒီဟာတွေကို ဘာပြုလို့ အခြေခံချရသလဲဆိုရင် ပြည်သူတွေ အများ အကျိုးရှိနိုင်ဘို့ဘဲ။ ဒီလိုမဟုတ်ရင် အရင်းရှင်တွေက ချယ်လှယ်ချင်တိုင်း ချယ် လှယ်တဲ့ အဖြစ်မျိုးရောက်ပြီး တိုင်းသူပြည်သားတွေအပေါ် အရင်းရှင်တွေက လက်ဝါကြီးအုပ် သွေးစုပ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားမယ်။ အဲဒီလို အရင်းရှင်တွေက ကြီးစိုးရုံတွင်မက တသီးပုဂ္ဂလအရင်းရှင်ပိုင် ကုမ္ပဏီကြီးတွေ (Monopoly) တဦးတည်းပိုင်သဘောမျိုး ဖြစ်သွားပြီး ဈေးနှုန်းအရပ်ရပ်နဲ့ နိုင်ငံ စီးပွားရေးအရပ်ရပ်ကို သူတို့စီမံရာ ခံရမယ်ဆိုတဲ့စနစ်မျိုး ရှိလာမယ်ဆိုရင် ကျွန်တော်တို့ ဒီကမ္ဘာကြီးဟာ တနေ့မနေ့က အလွန်အော့နှလုံးနာပြီး ရွံမုန်းစရာ ဖြစ်တဲ့ ဖက်ဆစ်စနစ်ကြီး ပြန်ပေါ်လာဘို့ စီးပွားရေးအခြေခံကြီးကို ခွင့်ပြုရာ ကျတယ်။

## အရင်းရှင်စနစ် ဖြုတ်ပစ်မယ်

ဒါကြောင့် အဲဒီလို (Monopoly) လက်ဝါးကြီးအုပ် အရင်းရှင် ကုမ္ပဏီ ကြီးများဖြစ်တဲ့ (Cartels, Syndicates, Trusts) အစရှိတဲ့ တသီးပုဂ္ဂလ

ပစ္စည်းလုပ်ငန်းကြီးတွေကိုတော့ ကျုပ်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ အတိအလင်း ပိတ်ပင်ထားရလိမ့်မယ်။ အခု ကျွန်တော်တို့ပြောနေတဲ့ အချက်အလက်တွေဟာ ဆိုရှယ်လစ်ဝါဒအရလားလို့ မေးချင်မေးကြလိမ့်မယ်။ မဟုတ်သေးဘူး။ အမှန်ကတော့ ကျွန်တော်တို့ဗမာပြည်မှာ ဆိုရှယ်လစ်စနစ်ကို ကျွန်တော်တို့ ဘယ်လောက်ဘဲ ထူထောင်ချင်ပေမယ့် အခုဗမာပြည်မှာဖြစ်နေတဲ့ စီးပွားရေးအခြေအနေအရ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး။ ကျုပ်တို့ပြည်မှာ အရင်းရှင်စနစ်ဆိုတာတောင် ကောင်းကောင်းမရှိသေးဘူး။ အရင်းရှင်စနစ်ထက် နောက်တဆင့်ကျတဲ့ စီးပွားရေးစနစ်မှာ ကျုပ်တို့ ရောက်နေတယ်။ ဒီတော့ ကျုပ်တို့ဟာ အရင်းရှင်စနစ်ကို မလွှဲမရှောင်သာလို့ ခွင့်ပြုထားတော့ ကိုယ်ပိုင် တသီးပုဂ္ဂလပစ္စည်း ကိုယ်ပိုင်လုပ်ငန်းတွေ ရှိအုံးမှာဘဲ။ ဒါပေမယ့် ကျွန်တော်တို့ဟာ အရင်းရှင်စနစ်ကို မတတ်သာလို့ ခွင့်ပြုရပေမယ့် တတ်နိုင်သမျှ ချုပ်ချယ်ရလိမ့်မယ်။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေဆိုရင် အများအကျိုးကို မထိခိုက်စေရဘူး။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေကို လိုတဲ့အခါ အစိုးရက တိုင်းပြည်ကိုယ်စား သိမ်းနိုင်မယ့် အခြေခံမျိုးတွေ ဖွင့်ထားရလိမ့်မယ်။

## အလုပ်သမားအခွင့်အရေး ကာကွယ်မယ်

အရင်းရှင်စနစ်ကို ခွင့်ပြုထားတော့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကောင်းကောင်းသတ်မှတ်ပြီး သူတို့သွေးစုပ်ချင်တိုင်း မခံရအောင် စီမံဖန်တီးပြီး အခြေခံတရားတွေ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ ထည့်ထားရလိမ့်မယ်။

## လယ်လုပ်သူသာ လယ်ပိုင်ရမယ်

လယ်ယာမြေပိုင်ဆိုင်မှုကိစ္စမှာဆိုလဲ လယ်ယာမြေလုပ်တဲ့ လူတွေ လယ်ယာမြေရအောင် အခြေခံတွေ ချရလိမ့်မယ်။ လယ်မြေဧက အမြောက်အမြားပိုင်တဲ့ လယ်ရှင်ကြီးစနစ်ကိုတော့ ဥပဒေအရ ကန့်သတ်ချုပ်ချယ် ဖျက်ပယ်ပစ်ရ

လိမ့်မယ်။ နောက်ပြီး ဘယ်လို ကိုယ်ပိုင်လယ်ယာမြေမျိုးဖြစ်ဖြစ် ဘယ်နှစ်ကော ထက် မပိုစေရ အစရှိသည်အားဖြင့် ဥပဒေအရ ကန့်သတ်ရလိမ့်မယ်။ ဒီလိုမှ မလုပ်ရင် လယ်ပိုင်ရှင်စနစ်ကြီးဟာ ရှိနေတာကို မဖျက်နိုင်ရုံတင် မဟုတ်ဘူး၊ ပြန်ဖြစ်အောင် လုပ်တာဖြစ်လိမ့်မယ်။ လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင် နောက်ဆုံး တိုင်းပြည်ပိုင် ( အစိုးရနှင့် သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ရင် ကောင်းမှာဘဲ။ သို့သော်လဲ အဲဒီဟာ မလုပ်မီ လယ်ယာမြေလုပ်သူတိုင်း မြေလက်ရှိရအောင် လုပ်နိုင်ရမယ်။ ဒီအခါမျိုးမှာ အစိုးရက အလယ်အလတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူလယ်သမားတွေကို တတ်နိုင်သမျှကူညီရလိမ့်မယ်။ အဲဒီလို စီးပွားရေး အခြေခံတရားတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ ထည့်ဘို့ လိုလိမ့်မယ်။

အခုနပြောခဲ့တဲ့ စီးပွားရေးအခြေခံသဘောတရားတွေဟာ အရင်းရှင် စနစ်နဲ့ မကင်းသေးပေမယ့် အမှန်ကတော့ အရင်းရှင်စနစ်လဲ မကဘူး။ ဆိုရှယ် လစ်စနစ်လဲ မကျသေးဘူး။ နိုင်ငံရေးဆိုတာ စီးပွားရေး အခြေခံသဘောတရား တွေကို ခေါင်ချုပ်သရုပ်ဆောင်တဲ့အတိုင်း ဒီလို စီးပွားရေးအခြေခံတဲ့ အရင်းရှင် ဒီမိုကရေစီနိုင်ငံရေးဟာ အရင်းရှင်သက်သက် ဒီမိုကရေစီလို အရင်းရှင်တွေရဲ့ အာဏာရှင်စနစ်ကို ကာဆီးမထားဘဲ နယ်ချဲ့စနစ် (Feudalism) ကို တွန်းလှန် ဖြိုဖျက်ပြီး ပြည်သူတွေရဲ့ အခွင့်အရေးကို ဆောင်ရွက်မယ့် ပြည်သူလူတန်းစား ပေါင်းစုံ အာဏာရှင်စနစ်ပုံသဏ္ဍာန် ဆောင်ထားတဲ့ ဒီမိုကရေစီသစ်နိုင်ငံရေး ဖြစ်ရမယ်။ အခုအချို့နိုင်ငံတွေမှာ ကျုပ်တို့ ကြားသိတွေ့မြင်ရတဲ့ ဒီမိုကရေစီ ဆိုတာတွေဟာ အမှန်ကတော့ (Oligarctry) ခေါ်တဲ့ အရင်းရှင်ဖြစ်ဖြစ်၊ အရင်းရှင်လို လူတန်းစားတွေဖြစ်ဖြစ် လူတစုလောက်သာ ကြိုးကိုင်ထားတဲ့ အာဏာရှင် လုပ်နေတဲ့စနစ်တွေဖြစ်တယ်။

## လူအများဆုံးအကျိုးရှိမှု ရှေ့ရှုတယ်

ကျုပ်တို့လိုချင်တာကတော့ (Greatest happiness of the Greatest number) လူအများဆုံး အကောင်းဆုံး ချမ်းသာသုခရအောင် အဲဒီလို လူအများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာဘဲ။ အကုန်လုံးအကျိုးရှိတဲ့ ဒီမိုကရေစီဆိုတာတော့ ခုလို အရင်းရှင်၊ အလုပ်သမား၊ လယ်ရှင်အစရှိတဲ့ လူတန်းစားကွဲပြားမှုတွေရှိနေသမျှ ကာလပတ်လုံး မဖြစ်နိုင်သေးဘူး။ လယ်ရှင် အကျိုးရှိတိုင်း လယ်သမား အကျိုးမရှိနိုင်ဘူး။ အလုပ်ရှင် အကျိုးရှိတိုင်း အလုပ်သမား အကျိုးမရှိနိုင်ဘူး။ သူတို့အချင်းချင်း အကျိုးတွေဟာ တခါတခါ စေ့စပ်လို့ မရနိုင်ဘဲ တဦးအကျိုးရှိရင် တဦးထိမယ် ဆိုတဲ့ အခြေမျိုး ဖြစ်လာတဲ့အခါ အစိုးရဟာ တဖက်ဖက်က ပင်းမှဖြစ်မယ်။ အဲဒီတော့ ဒီမိုကရေစီသစ်ဆိုတာ အစိုးရက လူများစုဖြစ်တဲ့ လူဆင်းရဲတွေဘက်က ထုံးစံတော့ ပင်မယ်ဆိုတဲ့သဘောဘဲ။

## လူများစုအာဏာပိုင် အုပ်ချုပ်ရေး

ဒီမိုကရေစီသစ်အရလုပ်မယ့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူပြည်သားလူများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်။ သူတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။

ဒီတော့ အခု ဗမာပြည်မှာရှိနေတဲ့ အရာရှိဗျူရိုကရက် အုပ်ချုပ်ရေးမျိုး မရှိနိုင်တော့ဘူး။ တိုင်းပြည်သစ္စာမဖောက်တဲ့ တိုင်းကြီးပြည်ကြီးသားတွေဟာ ပြည်သူ့လွတ်လပ်ခွင့်တွေကို အများအကျိုးအတွက်လုပ်မယ့် နေရာတွေမှာ ရရှိလိမ့်မယ်။ ဒီနေရာမှာ လူအများစုလို့ဆိုတာဟာ ပစ္စည်းအခြေအနေ ရာထူးအခြေအနေကို အကြောင်းပြုပြီးသာ လူများစု၊ လူနည်းစုဖြစ်ကြတဲ့ လူတွေကိုသာ ဆိုလိုတယ်။ လူမျိုးရေးအရ ကွဲပြားနေတဲ့လူများစု လူနည်းစု ကိစ္စတွေမှာတော့

လူများစုလူမျိုးစုက လူနည်းစုလူမျိုးတွေအပေါ် လွှမ်းမိုးမှုမရှိစေမှ ဒီမိုကရေစီ မှန်မယ်။ လူမျိုးအရ ဘာသာအရ လိင်အရ အခွင့်အရေးခွဲခြားမှု၊ နှိမ်ချမှုတွေကို ဥပဒေအရ ပယ်ဖျက်ပြီး ဒီလိုနှိမ်နင်းတာတွေမျိုးတွေ့ရင် ဥပဒေအရ အပြစ်ပေး တာမျိုးတောင် စီမံရမယ်။ ဒါမှ ဒီမိုကရေစီ ပီသမယ်။ လူမျိုးရေးနှင့် ပတ်သက်၍ ထပ်မံပြီး ကျွန်တော်ဆွေးနွေးပါအုံးမယ်။

## ဗြူရိုကရက်အုပ်ချုပ်ရေး ဖျက်ရမယ်

အထက်မှာပြောခဲ့တဲ့အထဲမှာ အခု ဗမာပြည်မှာရှိနေတဲ့ အရာရှိ ဗြူရို ကရက်အုပ်ချုပ်ရေးမျိုး မရှိနိုင်တော့ဘူး ဆိုတာဟာ ဘာဆိုလိုတာလဲ။ ကျွန်တော် ရှင်းပြလိုပါသေးတယ်။ လွတ်လပ်မယ့် ဗမာပြည်ကြီးမှာ အခု အစိုးရ အရာထမ်း၊ အမှုထမ်းတွေ၊ လောကဓာတ်ဆရာ၊ ပညာသည်၊ စက်ဆရာ၊ ဆေးဆရာ အစရှိတဲ့ လူတွေကို မလိုတော့ဘူးလားဆိုရင် သူတို့ကို လိုလိမ့်မယ်။ သူတို့အထဲက (Technicians) ခေါ်တဲ့ အထူးသင်ကြားမှု တတ်တဲ့လူတွေ ဆိုလို့ရှိရင် အစိုးရက ကောင်းကောင်း မြှောက်စားရမှာဘဲ။ ဒါပေမယ့် သူတို့ဟာ ပြည်သူ့ အစိုးရ ပြည်သူ့မိတ်ဆွေတွေ ဖြစ်ရမယ်။ ပြည်သူတွေကို ဂရုမစိုက်ဘဲ အထက် လူကြိုက် ပြီးရောလုပ်တဲ့လူစားတွေ မဖြစ်ရဘူး။ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ သစ္စာကို စောင့်ထိန်းတဲ့လူတွေ ဖြစ်ရလိမ့်မယ်။ အဲဒီလိုလူတွေ အမှန်မတော့ တချို့ လခတွေ ဘာတွေမှာ နည်းချင်နည်းလာပေမယ့် လွတ်လပ်မယ့် ဗမာ ပြည်မှာ ပိုပြီးအခွင့်အရေးတွေ ပေးလာနိုင်ပါလိမ့်မယ်။ ယခုအခါ အင်္ဂလိပ် တွေသာ လုပ်နေရတဲ့ နေရာမျိုးတွေ ကျွန်နိုင်ငံဖြစ်နေလို့ သခင်နိုင်ငံလုပ်ရတဲ့ နေရာမျိုးတွေမှာ သူတို့ ဝင်ခွင့် လုပ်ခွင့် ရှိလာကြမှာဘဲ။ သို့သော်လဲ ရှေးက အရာရှိစနစ်အတိုင်း ပြည်သူတွေနှင့် တခြားစီတော့ နေလို့မဖြစ်နိုင်ဘူး။

## တိုင်းပြည်ကာကွယ်ရေး အစိုးရတာဝန်

ပြီးတော့ ဂျပန်ပြည်မှာလို စစ်တပ်က နိုင်ငံအုပ်ချုပ်ရေးမှာ ချယ်လှယ်တာမျိုး၊ ဂျာမဏီမှာ ဟစ်တလာတို့ တက်လာတာမျိုးကို စီးပွားရေး၊ နိုင်ငံရေးအရ နှိမ်နင်းတဲ့နေရာမှာ လွတ်လပ်တဲ့ဗမာပြည်တွင် တိုင်းပြည်ကာကွယ်ရေးဟာ အစိုးရရဲ့တာဝန်၊ တတိုင်းပြည်လုံးရဲ့ တာဝန်ဖြစ်လာတဲ့အတိုင်း ကာကွယ်ရေးလုပ်ငန်းမှန်သမျှ အစိုးရသာလျှင် လုပ်နိုင်ရမယ်။ 'တသီးတခြား ကိုယ်ပိုင်အဖွဲ့တွေက လုပ်ဖို့လဲ မလိုဘူး။ အခွင့်လဲ ပြုနိုင်မှာ မဟုတ်ဖူး။' အခုလို ကျွန်ဘဝမှာတော့ တိုင်းပြည်ကာကွယ်တဲ့တာဝန်က သခင်လူမျိုးအစိုးရ တာဝန်လိုဖြစ်ပြီး သူတို့ကလဲ ကောင်းကောင်းမလုပ်တော့ ကျွန်တော်တို့ဖာသာ ကျွန်တော်တို့တတ်သမျှ မှတ်သမျှ ဖြစ်သမျှ ပြည်သူ့ရဲဘော်တပ်ဖွဲ့ အစရှိတဲ့ အဖွဲ့မျိုးတွေဖွဲ့ပြီး လုပ်နေရတယ်။

## စစ်သဘော နိုင်ငံရေးပါတီများ မရှိရ

ဒီလိုအဖွဲ့တွေဟာ လွတ်လပ်တဲ့ဗမာနိုင်ငံမှာ မရှိနိုင်တော့ဘူး။ သို့မဟုတ်ရင် လွတ်လပ်တဲ့ဗမာပြည်မှာ ဒီလိုအဖွဲ့မျိုးဟာ စစ်သဘော နိုင်ငံရေးပါတီမျိုး ဖြစ်တတ်ပြီး ဖြစ်လာတဲ့အခါ ဖက်ဆစ်ဝါဒတွေ မွေးမြူလာတတ်တယ်။ ဒါကိုလည်း ကောင်းကောင်း သတိပြုရမယ်။ အထူးသဖြင့် ဖက်ဆစ်ဝါဒ ဗမာပြည်မှာ မပေါ်နိုင်အောင် စီးပွားရေး နိုင်ငံရေးအရ အဖက်ဖက်ကနေပြီး တားရလိမ့်မယ်။ ဖက်ဆစ်စနစ် ဖက်ဆစ်ဝါဒဆိုလို့ ဗမာပြည်မှာ ယောင်ဝါးဝါးတွေ အများကြီး ဖြစ်နေကြတယ်။ ဖက်ဆစ်စနစ်ဆိုတာ ဘာလဲ။ ကြမ်းသင့်လို့ ကြမ်းတာကို ဖက်ဆစ်စနစ်ခေါ်တာ မဟုတ်ဘူး။ ကိုယ်နှင့်စိတ် မသင့်တာ လုပ်သမျှကို ဖက်ဆစ်စနစ်လို့ခေါ်တာ မဟုတ်ဘူး။ ငွေပင်ငွေရင်း (Finance Capital) ကြီးတွေက လက်ကိုင်တုတ်လုပ်ထားတဲ့ တပည့်တွေနဲ့ တိုင်းသူပြည်သား လူအများကို အကြမ်းပတမ်းဖိနှိပ်ပြီး အင်မတန်ကျဉ်းမြောင်းမှားယွင်းတဲ့၊ လူမျိုးရေးတရား လက်ကိုင်ထားတဲ့ဝါဒဟာ ဖက်ဆစ်ဝါဒဘဲ။ အဲဒီတော့ စီးပွားရေး၊ နိုင်ငံ

ရေး၊ လူမျိုးရေးတရားတွေနှင့် ပတ်သက်ပြီး ကျုပ်တို့ဟာ ဖက်ဆစ်အားပေး တရားတွေ မပေါ်အောင် တိုင်းပြည်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ လုပ်ကတည်းက စီမံထားရလိမ့်မယ်။

## လူမျိုးကြီးဆိုတာဘာလဲ

ဒီနေရာမှာ လူမျိုးရေးကိစ္စကို ကျွန်တော်ဆွေးနွေးလိုတယ်။ အင်္ဂလိပ်လိုမှာ ( Nation or Nationality, Race, Tribe) အစရှိသည်အားဖြင့် လူမျိုးရေးတွေကို အသီးသီး ခေါ်ထားတာရှိတယ်။ (Nation or Nationality) ဆိုတာမျိုးကတော့ ဗမာလို တိတိကျကျ ဘယ်လိုပြန်ရမယ်ဆိုတာ ဗမာ့အဘိဓာန် ကျကျနနထွက်မှဘဲ ဖြစ်နိုင်မှာဘဲ။

အဓိပ္ပာယ်ကတော့ ဥပမာ ဗြိတိသျှလူမျိုးဆိုရင် အင်္ဂလိပ်၊ စကော့၊ ဝေလ၊ အိုင်းရစ်လူမျိုးတွေ ပေါင်းထားတာကို ခေါ်တာဘဲ။ အမေရိကန်လူမျိုးဆိုရင်လဲ ဥရောပကလူမျိုးစုံ အမေရိကန်မှာ လာနေပြီး အမေရိကန်လူမျိုးလိုနေတဲ့ လူအားလုံးကို ခေါ်တာဘဲ။ ဒီတော့ (Nation) သို့မဟုတ် (Nationality) ခေါ်တဲ့ လူမျိုးကြီးကို ဆိုကြပါစို့။ အဲဒီလူမျိုးကြီးဆိုတာ ဘယ်လို အချင်းအရာတွေနဲ့ပြည့်စုံမှ လူမျိုးကြီးလို့ ခေါ်မလဲ။ အဲဒီလူမျိုးရေးပြဿနာနဲ့ ပတ်သက်ပြီး အခု ကမ္ဘာကျော် ဆိုဗီယက်ယူနီယန်ခေါင်းဆောင်ကြီးဖြစ်တဲ့ စတာလင်က ဘယ်လိုသရုပ်ဖော်ထားသလဲဆိုရင် A nation is a historically evolved Stable Community of Language, territory, economic life, and psychological maker, manifesteo in a community of cluture:

## လူမျိုးကြီးဆိုတာ

လူမျိုးကြီးဆိုတာ ရာဇဝင်အရ ဖြစ်ပွားလာပြီး တည်တည်တန့်တန့် နေလာတဲ့ သူ့ဘာသာစကားနဲ့ သူ့နယ်မြေနဲ့ သူ့စီးပွားရေးနဲ့ သူ့ယဉ်ကျေးမှုပညာ

ထုံးစံဓလေ့တွေနဲ့ ညီညွတ်စည်းရုံးထားတဲ့ လူပေါင်းစုဘဲလို့ စတာလင်က သရုပ်ဖော်ပြခဲ့တယ်။ ဒီနေရာမှာ လူပေါင်းစုဆိုတာဟာ (A nation is not a racial or tribal community of people) လို့ အတိအလင်း ဖော်ပြထားတယ်။ အဓိပ္ပာယ်ကတော့ လူမျိုးကြီးဆိုတာ အသွေးအသား အဆင်းတူတဲ့ ( Race) တို့ (Trible) တို့ခေါ်တဲ့ လူမျိုးစုမျိုး မဟုတ်ဖူး။ အဲဒီ (Race) တို့ (Trible) တို့ခေါ်တဲ့ လူမျိုးစုများကို ပေါင်းစပ်ထားခြင်းဖြစ်တယ်လို့ ရှင်းလင်းပြန်တယ်။

အဲဒီမှာလဲ စကားတူရှိရုံနဲ့လဲ လူမျိုးကြီး မဖြစ်နိုင်သေးဘူးတဲ့။ စကားတမျိုးထဲ ပြောကြတဲ့ အင်္ဂလိပ်နဲ့ အမေရိကန်ဟာ လူမျိုးကြီးနှစ်မျိုး ဖြစ်နေတာအထင်အရှားဘဲ မဟုတ်လားတဲ့။ လူမျိုးခြားတိုင်း စကားမခြားဘူး။ စကားတူတိုင်း လူတမျိုးထဲ မဟုတ်ဖူး။ အကြောင်းအားလျော်စွာ ဆုံးစည်းခွင့်မရှိလို့ရှိရင် တမျိုးစီဖြစ်တယ်။ အဲဒီလို ဆုံစည်းတဲ့နေရာမှာ တမြေထဲနေ၊ တရေထဲသောက်တဲ့ လူတွေမှ လူတမျိုးထဲဖြစ်လာနိုင်သတဲ့။ နောက် စီးပွားရေးမှာလဲ တဦးနဲ့တဦး ကျောထောက်နောက်ခံ သဘောမျိုးမှီခိုပြီး ပေါင်းစည်းထားမှာ ဖြစ်သတဲ့။ ပြီးတော့ လူမျိုးတမျိုးရဲ့ စိတ်ဓာတ် (National Character) လို့ဆိုတဲ့ လူ့ယဉ်ကျေးမှု ထုံးစံဓလေ့ဆိုတာကို မထားလို့ မဖြစ်ဖူးတဲ့။ အခု ဒီအချက်တွေထဲက တခုနှစ်ခုရှိရုံနဲ့ လူမျိုးကြီးတမျိုး မဖြစ်နိုင်ဘူးတဲ့။ ဒီအချက်ထဲက တခုလောက် မရရုံနဲ့ဘဲ လူမျိုးကြီးဆိုတဲ့ ဂုဏ်အင်္ဂါကို မထိုက်ဘဲ ဖြစ်သွားနိုင်သတဲ့။ အဲဒီတော့ ဒီအချင်းအရာတွေအားလုံး ပြည့်စုံမှ လူမျိုးကြီးတမျိုး ဖြစ်တယ်ဆိုဘဲ။ ဒီနေရာမှာ (Common Language) ဆိုတဲ့ စကားတူလို့ ဆိုတာမှာလဲ ဥပမာဗြိတိသျှလူမျိုးကြီးများ အင်္ဂလိပ်စကား အားလုံးပြောကြတယ်။ နားလည်ကြတယ်။ ဒါပေမယ့် အိုင်းရစ်တို့ ဘာတို့မှာ သူတို့စကား သပ်သပ်ရှိတယ်။ အဲဒါကိုလဲ သတိပြုဘို့လိုတယ်။

Myanmar Cupid Community PDF Creator Group

## နိုင်ငံတော်

နောက်ပြီး (State)၊ (ဒီနေရာမှာတော့ လက်နက်နိုင်ငံတော်လို့ဘဲ ဆိုကြပါစို့။) အဲဒီလက်နက်နိုင်ငံတော်ဆိုတဲ့ (Pol, Community) နိုင်ငံရေး လူပေါင်းစုံနဲ့ လူမျိုးကြီးပေါင်းစုံ (National Community) ကို နားမရှုပ် စေလိုဘူးလို့ စတာလင်က ရှင်းထားတယ်။ ဘယ်လိုလဲဆိုရင် တူတာတွေထဲမှာ စကားတူမှ လူမျိုးကြီးတမျိုး ဆိုတာ ဖြစ်နိုင်မယ်။ သို့သော်လည်း လက်နက် နိုင်ငံတော်ဆိုတဲ့ နိုင်ငံရေးလူပေါင်းစုထဲမှာတော့ စကားမတူပေမယ့် တနိုင်ငံထဲ ဖြစ်နိုင်တယ်ဆိုတာ ဖော်ပြထားတယ်။

## လူမျိုးရေးလူနည်းစု

ကောင်းပြီ။ ဒီအချက်တွေကို အခြေပြုပြီးစဉ်းစားရင် ကျွန်တော်တို့ ဗမာ ပြည်မှာ (Nation or Nationality) လူမျိုးကြီးအဖြစ်နဲ့ ဘယ်နှစ်မျိုး ရှိသလဲဆိုရင် စင်စစ်ပြောရရင်တော့ အားလုံး တမျိုးထဲဘဲ ရှိနိုင်မယ်။ (Race, Tribe) ဆိုတဲ့ဟာမျိုးတော့ ရှိသပေါ့။ ဒါမျိုးတွေကော (Nation or Nationality) ထဲမှာ မရှိဘူးလားဆိုတော့ ရှိသတဲ့။ သူတို့ကို (National Minority) လို့ ခေါ်တယ်။ လူမျိုးရေးလူနည်းစုတွေလို့ ခေါ်တယ်တဲ့။ အဲအခုန ကျွန်တော်တို့ ဗမာပြည်မှာ လူမျိုးကြီးလို့ စစ်စစ်ခေါ်နိုင်တာ အားလုံး ပေါင်းခေါ်မှာ ဖြစ်နိုင်တယ်လို့ ကျွန်တော်ဘာပြုလို့ပြောရသလဲဆိုရင် အထက်မှာ ဖော်ပြခဲ့တဲ့အချက်တွေနဲ့ ပြည့်စုံတဲ့ လူပေါင်းစုဆိုလို့ ရှမ်းလူမျိုးကို ပြောမယ်ဆို ရင်တော့ စစ်စစ်မဟုတ်ဘဲ ခပ်လျော့လျော့ သဘောမျိုးဆိုရင် လူမျိုးကြီးလို့ ခေါ် နိုင်ပါလိမ့်မယ်။ တခြားလူမျိုးဆိုရင် မခေါ်နိုင်ဘူး။

ကွဲပြားချက်တွေ

ဥပမာ ဂျင်းဖောလူမျိုး၊ သူတို့မှာ အထက်ပါ လူမျိုးကြီးအင်္ဂါ ပြည့်ပြည့်စုံစုံ မရှိဘူး။ အထူးသဖြင့် စီးပွားရေးမှာ သူ့ချည်း မဖြစ်နိုင်ဘူး။ ဥပမာ ချင်း။ ချင်းကျတော့ ပိုတောင်ဆိုးသွားသေးတယ်။ ဘာပြုလို့လဲဆိုရင် သူတို့မှာ စကားတူကို မရှိဘူး။ အချင်းချင်းကျတော့ ဗမာစကားရင်လဲသုံး၊ အင်္ဂလိပ်တွေ စီမံခဲ့လို့ ကုလားစကားရင်လဲ သုံးနေရတာဘဲ။ ကရင်နီကိုကြည့်။ လူဦးရေကလဲ မိုးဗြဲနယ်ဆိုတာ ထည့်ပါမှ ရှစ်သောင်းလောက်ဘဲ ရှိတယ်။ အဲဒီ ရှစ်သောင်းလောက်က အချင်းချင်း ဘာစကားသုံးနေရသလဲဆိုရင် ဗမာစကားကို သုံးရတယ်။ ကရင်လူမျိုး ကြည့်အုံးမလား။ အမျိုး ၁၂-မျိုးလောက်ကွဲပြီး စကားဆိုရင်လဲ (Principal Languages) အဓိက စကားနှစ်မျိုးတောင် ရှိနေတယ်။ အချင်းချင်းကျတော့ ဗမာစကားဘဲ သုံးရတာဘဲ။ ရှမ်းဆိုတာလဲ အမှန်ကတော့ ဗမာစကား အများအားဖြင့် နားလည်ကြတာဘဲ။ ယဉ်ကျေးမှုဆိုရင် ဗမာ့ယဉ်ကျေးမှုနဲ့ တူတာတွေ အများကြီးဘဲ။ လူမျိုးကြီး အချင်းချင်းဆိုရင်တော့ (Nations are sovereigns and all nations are equal) လို့ လူမျိုးကြီးတွေဟာ အချုပ်အခြာအာဏာရှိတယ်၊ အတူတူဘဲ၊ တန်းတူဘဲလို့ စတာလင်က ဆိုထားတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်

ဒါဖြင့် ဒီအဓိပ္ပာယ်က ဘယ်လိုသဘောလဲ။ လူမျိုးကြီးဆိုတာ အချင်းချင်းပေါင်းသင်းနေရင် (Regional Antonomy) ဆိုတဲ့ နယ်မြေအရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး ခွဲထွက်ခွင့်ပါ ရထိုက်သတဲ့။ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် လုံးဝရထိုက်သတဲ့။

The right of self determination means that a nation can arrange its life according to its own will. Its has the right to arrange its own life on the basis of antonomy.

It has the right to enter into federal relation with other nations. It has the right to complete secession. လို့ ဆိုထားတယ်။ ဒါပေမယ့် ဆက်ပြောထားတာ ရှိသေးတယ်။

This of courese does not mean that Social Democrats will support every demand of a nation. A nation has the right even to return to the order of things; but this does not mean that Social Democrats will subscribe to such a decision if taken by any institition of the said nation.....ပြီးတော့

In fighting for the right of nations to self determination, the aim of the Social Democrats is to put an end to the policy of national oppression, to render it impossible, and there by to remove the grounds of hostility and reduce it to a minimum.

ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ကို လူမျိုးကြီးဆိုတာတိုင်း ရထိုက်တယ် ဆိုပေမယ့် နေရာတကာ အမြဲတမ်းမဟုတ်ဖူး။ ကောင်းကျိုးလုပ်ဖို့သာ ဖြစ်တယ်။ ဆိုးကျိုးလုပ်ဖို့ မဟုတ်ဖူးဆိုတာ ပြောထားတယ်။ လူမျိုးအချင်းချင်း ချယ်လှယ်လွှမ်းမိုးမှု၊ နှိပ်စက်မှုမဖြစ်ရအောင် ဒီအခွင့်အရေးမျိုးကို လူမျိုးကြီးတိုင်းကို ပေးတာဘဲ။ ပီးတော့ 'မတ်ဝါဒ' ဋ္ဌီကာဆရာတဦးကလဲ

It would be wrong to say that marxists must support every national movement and that they have to apply the principle of national self-determination as a dogma in every simple case. Also the right of self-determination of this or that national group has to be definitely denied if under the given conditions it would serve reactionary purposes and do a disservice to the general cause of democracy.

ကွယ်လွန်သွားတဲ့ လီနင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလဲ ဆိုထားတယ်။

The various demands of democracy, including self-determination, are not absolute, but a small part of the

general democratic (now general socialist) world movement. Possible in individual concrete cases, the part may contradict the whole, if so it must be rejected. နောက်ပြီး

The question of the right of a nation freely to secede must not be confused with the question of whether it would be expedient for any given nation to secede at any given moment.

ဒါတွေအားလုံးခြုံလိုက်တော့ ဘာအဓိပ္ပာယ်ထွက်သလဲဆိုရင် လူမျိုးကြီးဆိုတာ အချင်းချင်း ပေါင်းကြရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပေါင်းကြ။ ဒါပေမယ့် နေရာတကာ အချိန်အခါတိုင်းမှာ အခြေအနေ အကျိုးအကြောင်းကို မထောက်ဘဲ အရမ်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မဟုတ်ရဘူးဆိုတဲ့ အဓိပ္ပာယ်ပါဘဲ။ ဒါက (Nation or nationality) ဆိုတဲ့ လူမျိုးကြီးနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော သဘောတရားတွေဘဲ။ ပီးတော့

Of course, not one of the regions constitutes a compact homogeneous nation for each is interspersed with national minorities. Such are the Jews in Poland, the Latvians in Lithuania, the Russians in Caucasus, the Poles in the Ukraine, and so on. It may be feared, therefore, that the minorities will be oppressed by the national majorities. But there will be grounds for this fear only if the old order continues to prevail in the country. Give the country complete democracy and all grounds for this fear will vanish.

What is it that particularly agitates a national minority? A minority is discontented because it does not enjoy the right to use its native language. Permit it to use its native language and the discontent will pass of itself. A minority is discontented because it does not posses its own schools. Give it its own schools and all grounds for discontent will disappear. A minority is doscontented because it does

not enjoy liberty of conscience, etc. Give it these liberties and it will cease to be discontented. Thus "national equality in all forms (language, schools etc) is an essential element" in the solution of the national problem. A state law based on complete democracy in the country is required, prohibiting all national privileges without exception and all kinds of disablities and restrictions on the rights of national minorities.

ဒီဟာကတော့ လူမျိုးရေး လူနည်းစု အခွင့်အရေးတွေနှင့် ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်တွေဘဲ။ ပီးတော့ လူမျိုးရေး လူနည်းစုဆိုတာ လူဦးရေဘယ်လောက်ရှိမှ လူမျိုးရေး လူနည်းစု ခေါ်မလဲဆိုတာကိုလဲ သိဘို့လိုတယ်။ အရင် စစ်မဖြစ်ခင်တုန်းကရှိခဲ့တဲ့ နိုင်ငံပေါင်းစုံ အသင်းချုပ်ကြီးက သရုပ်ပြဌာန်းထားတာကတော့၊ လူမျိုးရေး လူနည်းစုဆိုတာ လူမျိုးရေး လူများစုရဲ့ ငါးပုံတပုံလောက်ရှိမှ လူမျိုးရေး လူနည်းစုလို့ ခေါ်နိုင်မယ်လို့ ဆိုထားတယ်။ ဘာပြုလို့လဲဆို ရှမ်းပြည်မှာ လူမျိုးပေါင်း ၂၀–၃၀ လောက်ရှိတယ်။ အဲဒီလိုသာ လူမျိုးကွဲတိုင်း ရောက်ခေါ်နေရရင် ဆုံးမှာမဟုတ်ဖူး။ ဒါကြောင့် လူဦးရေ သတ်မှတ်ရတာဘဲ။ သို့ပေမယ့် ဗမာပြည်အဖို့မှာ လူမျိုးရေး လူများစုရဲ့ ငါးပုံတပုံဆိုတာတော့ များလွန်းအားကြီးတယ် ထင်တယ်။ ဆယ်ပုံတပုံလောက်ရှိရင်ဘဲ လူမျိုးရေး လူနည်းစုလို့ ခေါ်သင့်တယ်လို့ ကျွန်တော်ယူဆတယ်။ လူမျိုးရေး လူများစုရဲ့ ငါးပုံတပုံရှိမှ လူမျိုးရေး လူနည်းစုဆိုရင်တော့ ဗမာပြည်မှာ လူမျိုးရေး လူနည်းစုကို မရှိနိုင်တော့ဘူး။

## ကရင်လူမျိုးရေး လူနည်းစု

ဒါပေမယ့် ဥပမာ ကရင်လူမျိုးဆိုလို့ရှိရင် လူမျိုးရေး လူနည်းစုအဖြစ်နဲ့ အခွင့်အရေးတွေ ရသင့်သလောက် မရဘဲ ရှိနေတယ်ဆိုတာ ငြင်းလို့ ကျုပ်တို့ရမှာ မဟုတ်ဖူး။ ပြီးတော့ သူတို့တတွေဟာလဲ ဗမာတွေရဲ့ ဆယ်ပုံတပုံလောက်

အဖျင်းဆုံးရှိလိမ့်မယ်။ အဲဒါကြောင့် သူတို့ကိုတော့ လူမျိုးရေး လူနည်းစု အခွင့်အရေးတွေကို ပေးဖို့ တောင်းတယ်။ မွန်လူမျိုး ကိစ္စ ဆိုရင်တော့ သူတို့မှာ အခုလူမျိုးရေး လူနည်းစု အဖြစ်နဲ့ မွန်စာပေ၊ မွန်ကျောင်းတွေ ကိစ္စလောက်ကလွဲရင် တခြားနစ်နာချက်တွေ မရှိပါဘူး။ မွန်ရယ် ဗမာရယ် ခွဲခြားပြီး ကရင်ကို သဘောထားသလို ထားစေချင်လို့တော့ မဖြစ်နိုင်ဘူး။

## ပြည်ထောင်စုနိုင်ငံ ထူထောင်ကြစို့

ဒီတော့ လူမျိုးရေးပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော် စုံစုံလင်လင် ပြောပြပြီးတဲ့နောက် ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား။ လူမျိုးကြီး တမျိုးထဲဘဲဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင်အရ ဆိုရင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတမျိုးထဲဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့ မဖြစ်ဖူး။ ပြည်ထောင်စုသဘောမျိုးဘဲ ဖြစ်ရမှာဘဲ။ ဒါပေမယ့် ပေါင်းခါမှ ဆေးအတွက်လေးတဲ့ ပြည်ထောင်စုမျိုး၊ လီနင်ပြောသလို တစိတ်တဒေသက တခုလုံးကို ဆန့်ကျင်တဲ့ (The Part Contradicting the Whole) ပြည်ထောင်စုမျိုး ဆိုရင်တော့ မဖြစ်နိုင်သေးဘူး။ အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေး တိုက်တက်မှုကို စုပေါင်းပြီး စနစ်တကျ စီစဉ်နိုင်မယ့် ပြည်ထောင်စုမျိုး ဖြစ်ရလိမ့်မယ်။ ဒါမှ လူမျိုးအားလုံး တိုင်းသူပြည်သားအများဆုံး တိုးတက်မှုကို လုပ်နိုင်မှာဘဲ။ ပေါင်းတယ်ဆိုတာ အချင်းချင်း ကောင်းကျိုးရှိအောင် ပေါင်းကြတာဖြစ်ပြီး ဆိုးကျိုးရှိအောင် ပေါင်းတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ဒီလူမျိုးရေးပြဿနာနဲ့ ပတ်သက်ပြီး နောက်အကြောင်းပေါ်ရင် ပေါ်သလို ဆွေးနွေးသင့်ရင် ဆွေးနွေးပါအုံးမယ်။ အခု ဒီမိန့်ခွန်းမှာတော့ ဒီလောက်နဲ့ဘဲ တော်လောက်ပြီလို့ ကျွန်တော် ယူဆပါတယ်။

ကိုင်း ကျုပ်တို့ လာမယ့် တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဘယ်လိုဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေများ ရေးဆွဲဆုံးဖြတ်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး အခြေခံ တရားတွေကို ကျွန်တော် ပြောပြခဲ့ပြီးပြီ။ ဒီအပြင် ကျွန်တော်တို့ ဘာတွေလုပ် ကြဦးမလဲဆိုတာတွေ စဉ်းစားကြအုံးစို့။

ပထမ ကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်တော် ကနေပြီး ဘယ်လို ဘယ်လို ဆုံးဖြတ်သင့်တယ်ဆိုတာတွေ စဉ်းစားတာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ကျုပ် တို့ဆုံးဖြတ်တာ အတည်ဖြစ်ပါ့မလား။ ကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာ အာဏာရှိရဲ့လား ဆိုတဲ့မေးခွန်းကို ကျွန်တော် ဖြေပြလိုတယ်။ အိန္ဒိယပြည်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာ အာဏာနဲ့ပြည့်စုံတဲ့ အဖွဲ့လို့ ယူဆပြီး စီစဉ်ကြတယ်။ ဘယ်လိုစီစဉ်ကြသလဲဆိုရင် တိုင်းပြုပြည်ပြု လွှတ်တော် စတဲ့နေ့ကစပြီး တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ ဆိုင်သမျှကိစ္စ မှန်သမျှ တိုင်းပြုပြည်ပြုလွှတ်တော်သာလျှင် အာဏာပိုင် ဆုံးဖြတ်နိုင်တယ်။ အစိုးရနဲ့ မဆိုင်ဘူးဆိုပြီး စီစဉ်ကြတယ်။ ကျုပ်တို့ ဘိလပ်အစိုးရနဲ့ သဘောတူထားတဲ့ အတိုင်းကတော့ တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဆုံး ဖြတ်ပါဆိုတဲ့အချက် ပါခဲ့တယ်။ သို့သော် အချုပ်အခြာအာဏာဆိုတာ ဥပဒေ သဘော ပါးစပ်သဘောဖြစ်ရုံနှင့် မပြီးသေးဘူး။ ကျုပ်တို့ တိုင်းပြည်နောက်က၊ ကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်တော်နောက်က (Popular Mass Sanction) ခေါ်တဲ့ တိုင်းပြည်လူထုရဲ့ အားပေးထောက်ခံမှုရမှ အချုပ်အခြာ အာဏာဆိုတာ သေသေချာချာ အကောင်အထည်ဖော်နိုင်မယ်။

ကျွန်တော်တို့လို အခြေအနေမျိုး မပြောနဲ့။ လွတ်လပ်နေတယ်ဆိုတဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာ အာဏာတွေတောင် ကိုယ့်တိုင်းပြည်နောက်က (Sanction) အားမကောင်းလို့ရှိရင် အချုပ်အချယ်ခံရတယ်ဆိုတာ ကျွန်တော် တို့ သတိပြုကြရမယ်။ အဲဒါက ဥပဒေသဘော၊ ဥပဒေစကား မဟုတ်ဖူး။ နိုင်ငံ ရေးသဘော၊ နိုင်ငံရေးစကားဘဲ။ ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော် ပေါ် ပေါက်လာရခြင်းဟာ တော်လှန်ထကြွပြီး အာဏာသိမ်းပိုက်ပြီးတဲ့ နိုင်ငံအခြေ အနေမျိုးမှာ ပေါ်ပေါက်တာမျိုး မဟုတ်ဘဲ တဝက်တပျက် တော်လှန်ရေး အခြေ

အနေ (Semi-revolutionary Situation) မျိုးမှာ နှစ်ဦးနှစ်ဖက် စေ့စပ်ပြီး ပေါ်ပေါက်လာရတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မျိုးဖြစ်တော့ သူ့အခြေအနေ အတိုင်း ထူးဆန်းတဲ့ အကြောင်းချင်းရာတွေ တွေ့ရတယ်။ အမှန်ကတော့ တိုင်းပြုပြည်ပြုလွှတ်တော်ကို မကျင်းပမီ လွတ်လပ်တဲ့ ယာယီအမျိုးသားအစိုးရ (Provisional National Government) ဆိုတာမျိုး ပေါ်ပေါက်ပြီး လုပ်နိုင်ရင်တော့ ပိုပြီးကောင်းတာဘဲ။ ဒါပေမယ့် ကျုပ်တို့ဟာ ဘ၀အခြေအနေမှန် အတိုင်း ကောင်းတာကို စိတ်ကူးသန်သလို ပြောမနေဘဲနဲ့ ဖြစ်သလိုကနေပြီး ကိုယ်လိုရာ ကိုယ်ရောက်အောင် ဆွဲဆောင်သွားနိုင်မှ ခေါင်းဆောင်တွေ စစ်မယ်။ တော်လှန်ရေးသမား စစ်မယ်။ နေပါအုံး။ တော်လှန်ရေးဆိုတာ ဘာလဲ။ ဒီမေးခွန်းကို ကျွန်တော် မေး၊ ကျွန်တော် ဖြေချင်သေးတယ်။ ဘာပြုလို့လဲဆိုရင် ကျုပ်တို့တိုင်းပြည်မှာ လူငယ်တွေ တော်လှန်ရေးစကား တော်တော်ပြောကြတယ်၊ ဒါကြောင့် ဒီအရေးကို ကျွန်တော် အခုဆွေးနွေးရတာဘဲ။

## တော်လှန်ရေးဆိုတာ ဘာလဲ

ဘာလဲ တော်လှန်ရေး။ အကြမ်းပတမ်းလုပ်တာတိုင်း တော်လှန်ရေးလား။ မဟုတ်ဖူး။ အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား။ မဟုတ်ဖူး။ လုပ်ချင်တိုင်းလုပ်လို့ ရသလား။ မဟုတ်ဖူး။ ဘာရည်ရွယ်ချက်နဲ့လဲ။ ဘယ်လိုလဲ၊ လဲ လဲ လဲ။ အဲ့ဒီလို 'လဲ' တွေ အမျိုးမျိုးနဲ့ ကျွန်တော်တို့ စဉ်းစားကြစို့။ တရံရောအခါက ဒီမေးခွန်းကို ကျွန်တော် ဒီလိုဖြေခဲ့တယ်။

Revolution is direct participation of masses themselves to shape their own destiny fundamentally by all possible means; historically inevitable and necessary, and inadmissible of all forms of dry schematisation unrelated to given historical conditions, and of blind, negative, spontaneous, destructive character; and therefore creative in the highest degree. Its fundamental objective is the

emencipation of all toilers; its basis mass participation, its guarantee of victory mass consciousness. (in other words, the degree to which the toiling mass is organised and thus conscious of its role and power.)

## တော်လှန်ရေးဆိုတာ

တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုဘဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွှဲမရှောင်သာလို့လဲ လိုတယ်။ ဖြစ်ပျက်ပေါ် ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက်အလက်တွေနဲ့ အခြားတလမ်းဖြစ်တဲ့ အချောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စေ့ စုံမှိတ်ပြီး အကန်းလို ရမ်းလို့မဖြစ်ဘူး။ တဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလို အလျှောက် လူထုထကြွမှု ဖျက်ဆီးရုံအလုပ်ကိုလဲ လက်မခံနိုင်ဘူး။ အဲဒါတွေ ကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံး ပြုပြင်ဖန်တီးတတ်တဲ့သတ္တိ ရှိ ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ ရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီး လွတ်လပ်မှုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေး ဖြစ်ပါတယ်။ တော်လှန်ရေး အောင်မြင်ဘို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု တနည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွဲ့ဖွဲ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည် နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော် ဖြေခဲ့တယ်။

ဒီနေ့လဲ ဒီလိုဘဲ ဖြေရမှာဘဲ။ ကျုပ်တို့ အခုလုပ်နေတာ အားလုံးတွေ ဟာ ဘာကို လုပ်နေတာလဲ။ ကျုပ်တို့တိုင်းပြည်ကြီးကို တော်လှန်ပြောင်းလဲနေ ကြတာဘဲ မဟုတ်လား။ အဲဒီလို တော်လှန်ပြောင်းလဲနေတဲ့အခါ ကြမ်းသင့်တဲ့ အခါလဲ ကြမ်းခဲ့တယ်။ ကြမ်းစရာ လိုသေးရင်လဲ ကြမ်းရအုံးမှာဘဲ။ သို့သော်လဲ ကြမ်းရမယ်ဆိုတာတော့ ကျွန်တော်နားလည်သလောက် တကယ့်တော်လှန်ရေး

သဘောတရား မဟုတ်ဖူး။ အမိဝမ်းက ဖွားမြင်လာသောခလေးဟာ မမွေးခင် ပဋိသန္ဓေတည်ရတယ်။ နေ့ရက်စေ့မှ မွေးဖွားရတယ်။ အဲ့ဒီမတိုင်မီ မွေးဖွားရင် သေရင်လဲ သေမယ်။ လျှော့ရင်လဲ လျှော့မယ်။ ချိန့်ရင်လဲ ချိန့်မယ်။ အင်မတန် ကောင်းခဲတယ်။ ပြီးတော့ မွေးဖွားတဲ့အခါမှာလဲ ပြင်းပြင်းထန်ထန်နဲ့ ဖွားရတာ ရှိတယ်။ သက်သက်သာသာနဲ့ ဖွားရတာရှိတယ်။ အမေ၊ အဖေရဲ့ ကျန်းမာရေး၊ လက်သယ်လုပ်တဲ့သူ ကျင်လည်မှု အစရှိတဲ့ အခြေအနေတွေအရ ဖြစ်တာဘဲ။ အခုလဲ အဲဒီအတိုင်း တော်လှန်ရေးကို စဉ်းစားမယ်ဆိုရင် တချို့လူတွေက ကြမ်းမှ အာဏာသိမ်းရမယ်ဆိုပြီး ပြောကြတယ်။ ကိုင်း ရုရှားပြည်မှာ တော်လှန်ရေး ဖြစ်တုန်းက အာဏာသိမ်းယူတဲ့အခါ ကြမ်းခဲ့ရသလား။ ခြုံကြည့်ရင် မကြမ်းခဲ့ရဘူး။ သိမ်းပြီးအာဏာကို နောက်ကျတော့ ပြန်ကာကွယ်တဲ့အခါမှာ ကြမ်းတာတွေ လုပ်ရတယ်။ ဘာပြုလို့ အာဏာသိမ်းတဲ့နေရာမှာ မကြမ်းခဲ့ရသလဲ။

## အာဏာထိန်းသိမ်းထားနိုင်ဘို့ လိုတယ်

တော်လှန်ရေး လုပ်တဲ့လူတွေက ကြမ်းချင်လို့လဲ မဟုတ်ဖူး။ မကြမ်းချင်လို့လဲ မဟုတ်ဖူး။ ကြမ်းစရာမလိုလို့ မကြမ်းရတာဘဲ။ တော်လှန်ရေးရဲ့ နောက်ဆုံးအဆင့်ဟာ အာဏာလက်ရ သိမ်းပိုက်မှုဘဲ။ အာဏာလက်ရ သိမ်းပိုက်မှုဆိုတာလဲ ကနေ့ အာဏာရပြီး နက်ဖြန် ပြန်လွတ်သွားတာမျိုး မဟုတ်ဖူး။ ရပီးတဲ့အာဏာကို ထိန်းထားနိုင်အောင် စီစဉ်ပြီး သိမ်းပိုက်မှ တကယ့် အာဏာသိမ်းပိုက်ရာ ရောက်မယ်။ အရင်စစ်ကြီးဖြစ်ခဲ့တဲ့အခြေအနေနဲ့ အခု စစ်ကြီးပြီးခဲ့တဲ့အခြေအနေ ခြားနားမှုကိုလဲ ကျွန်တော်တို့ မြင်ရတယ်။

အရင်စစ်ကြီးအပြီးတုန်းက နယ်ချဲ့စနစ်ဟာ အခုလို မယိုင်လဲသေးဘူး။ ဆိုဗီယက်ယူနီယန်၊ ဥရောပအရှေ့၊ တရုတ်ပြည်မြောက်ပိုင်းတို့မှာလို တော်လှန်ရေး အောင်မြင်ထားတဲ့နိုင်ငံတွေ မရှိသေးဘူး။ ပြီးတော့ အရှေ့အာရှတောင်ပိုင်း အခြေအနေကို သုံးသပ်ရမယ်။ အင်ဒိုနေးရှားမှာ လက်နက်နဲ့ တော်လှန်ခဲ့တယ်။ လုံးဝလွတ်လပ်ရေး ရပြီလား။ မရသေးဘူး။ ပြီးတော့ ကျုပ်တို့ တော်လှန်ရေး

လုပ်ရင် ဘယ်အထိ အလွန်ဆုံး လုပ်နိုင်မလဲ။ အမျိုးသား ဒီမိုကရေစီ တော်လှန်ရေးဆိုတာထက် ပိုမသွားနိုင်ဘူး။ ဒါ အလွန်ဆုံးဘဲ။ တခုံထဲနှင့် လှေကားအဆင့်ဆင့် ကျော်ရောက်ချင်လို့ မဖြစ်ဘူး။

There are in the meantime, another kind of people who, though they may not be malicious, often got taken in by the so-called "theory of one stage Revolution" and the entirely subjective thesis which purports to "complete the political and social revolution in one stroke" in utter disregard of the development of the revolution, i.e the necessity of a period of transition between one revolution and another; and then permit themselves the non-sense of the talk referred to, viz, "to complete the political and social revolution in one stroke."

### သူ့နည်းနှင့်သူ ကိုယ့်နည်းနှင့်ကိုယ်

အဲသလို တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုန်းက ပြောခဲ့တယ် မဟုတ်လား။ နောက်ပြီး စတာလင်က မတ်ဝါဒသမားတွေဟာ အရင်းရှင်စနစ်ကို တော်လှန်ပြောင်းလွှဲပြီး ဆိုရှယ်လစ်ဝါဒ ထူထောင်တဲ့နေရာမှာ တလမ်းတနည်းတည်းသာ ရှိတာလို့ မယူဆဘူး။ ရုရှားပြည်ရဲ့နည်းဟာ ရုရှားပြည်ရဲ့ အခြေအနေအရဖြစ်တယ်။ အင်္ဂလန်ပြည်မှာ အင်္ဂလန်ပြည်ရဲ့ အခြေအနေအရ အင်္ဂလိပ်နည်းအရ ဖြစ်တယ်။ ရုရှားနည်းက ပိုကြမ်းတယ်။ အင်္ဂလိပ်နည်းက ပိုခရီးရှည်တယ် အစရှိသည်အားဖြင့် ပြောခဲ့တယ်။ နောက်ပြီး စတာလင်ကဘဲ (Revolution does not come of itself. It must be prepared for and won.) တော်လှန်မှုဆိုတာ အလိုအလျောက် မဖြစ်ဖူး။ ပြင်ဆင်ပြီးလုပ်မှ အောင်မြင်နိုင်မယ်လို့ ဆိုခဲ့တယ်။

## လွတ်လပ်ရေးစခန်းကို ဘယ်လိုလှမ်းမလဲ

အဲသလို အချက်တွေစဉ်းစားပြီး ကျုပ်တို့ လွတ်လပ်ရေးစခန်းကို ဘယ်လိုလှမ်းရလဲ။ ကျွန်တော့်အမြင်အရပြောရရင် ဗမာပြည်ရဲ့ တော်လှန်ရေးဟာ အရှေ့အာရှတောင်ပိုင်း တော်လှန်ရေးရဲ့ တစိတ်တဒေသအဖြစ် ပူးပေါင်းသွားနိုင်မှ လုံးဝအောင်မြင်မယ်။ အဲဒီမတိုင်မီ ကျုပ်တို့ အရှေ့အာရှတောင်ပိုင်းမှာရှိတဲ့ တိုင်းပြည်တွေ တသီးတခြားစီ ကိုယ့်လမ်းကိုယ်သွားတဲ့ အခြေအနေမျိုးတွေ ရှိနေအုံးမှာဘဲ။ အဲဒီအခြေအနေမျိုးမှာ လွတ်လပ်ရေးဆိုတာ ရသလောက်တော့ ရမှာဘဲ။ လုံးဝပြည့်စုံမယ်လို့ တထစ်ချ မဆိုနိုင်ဘူး အရှေ့အာရှတောင်ပိုင်းပြည်ထောင်စုသာလျှင် အဲဒီအပိုင်းမှာရှိတဲ့ နိုင်ငံတွေရဲ့ အစွမ်းကုန် လွတ်လပ်ရေးကို ရယူနိုင်မယ်။ ထိန်းသိမ်းနိုင်မယ်။ တိုးချဲ့နိုင်မယ်။ ဒီအပိုင်းမှာ ကမ္ဘာရဲ့ နယ်ချဲ့နိုင်ငံတွေ အများဆုံးစုပြီး စိုးမိုးနေကြတယ်။ အဲဒီနယ်ချဲ့နိုင်ငံတွေဟာ တသီးတခြားစီအားဖြင့် အင်အားနည်းပေမယ့် စုပေါင်းလိုက်ရင် အားမသေးသေးဘူး။ သူတို့ဟာလဲ တဦးကိုတဦး အကူအညီပြုသလောက် ပြုနေကြတယ်။ ကျုပ်တို့နိုင်ငံအချင်းချင်းကလဲ မိတ်တောင်မှ ကောင်းကောင်းမဆက်နိုင်ကြသေးဘူး။ ကျုပ်တို့ရဲ့ အသီးသီး အင်အားတွေဟာလဲ လုံးဝ ခိုင်မာတောင့်တင်းနေတယ်လို့ မဆိုနိုင်သေးဘူး။

## ပြင်ဆင်မှုတွေ လုပ်ကြစို့

အဲဒီလို စကောစကဖြစ်နေတဲ့ အခြေမျိုးမယ် ကျုပ်တို့ စကောစကဘဲ ရှိနေအုံးမှာဘဲ။ ကျုပ်တို့ရဲ့ နိုင်ငံအသီးသီးဟာ အိန္ဒိယပြည်မှာသာ ဟိန္ဒူနှင့် မူစလင်များ ညီညွတ်နိုင်ရင် အိန္ဒိယလွတ်လပ်ရေးဟာ ကျပ်ပြည့်တင်းပြည့် ဖြစ်နိုင်တယ်။ သို့သော်လည်း ဖြစ်သမျှထဲက အကောင်းဆုံး ဖြစ်အောင် ကျုပ်တို့ တိုင်းပြုပြည်ပြုလွတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေးဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဆုံးဖြတ်လိုက်တဲ့အခါ တိုင်းပြည်လူထု အုံကြွထောက်ခံမှုကို နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး ပြင်ဆင်မှုတွေက တဖက်။ အိန္ဒိယ၊ တရုတ်ပြည်၊ အရှေ့

အာရှတောင်ပိုင်း အခြားနိုင်ငံတွေနှင့် ဆက်သွယ်မှုအရပ်ရပ်လုပ်ပြီး ပြင်ဆင်မှုတွေက တဖက်။ ကျုပ်တို့တိုင်းပြည်ရဲ့ ကာကွယ်ရေးအင်အားစုတွေကို စုနိုင်သမျှ ပြင်ဆင်မှုတွေက တဖက်။ အစိုးရလုပ်ငန်းနဲ့ ပြည်သူ့လုပ်ငန်းတွေကို တွဲဖက်ပြီး ပြင်ဆင်မှုတွေက တဖက်။ အဲဒီလို အဖက်ဖက်ပြင်ဆင်မှုတွေလုပ်ပြီးတော့ တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို စကားသဘော အချုပ်အခြာအာဏာနဲ့ ပြည်စုံတဲ့ အဖွဲ့ကနေပြီး လက်တွေ့သဘော အချုပ်အခြာနှင့် ပြည့်စုံတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ဖြစ်အောင် ကျုပ်တို့တိုင်းပြည် ကျုပ်တို့အခြေအနေအရ ကျုပ်တို့နည်းတွေနဲ့ ဖန်တီးရလိမ့်မယ်။ အဲဒီလို ဖန်တီးတဲ့နေရာမှာ ကျုပ်တို့ ဘာတွေလုပ်ရမလဲ။

## သွေးပုပ်တွေ ဖောက်ပစ်ကြ

၁။ ဖ၊ဆ၊ပ၊လ နဲ့ ဆက်သွယ်တဲ့ လူထုအစည်းအရုံး (ပြည်သူ့ ရဲဘော်တပ်ဖွဲ့ပါ) တွေက မိမိတို့ အတွင်းအင်အားစုတွေ သန့်ရှင်းနိုင်သမျှ သန့် ရှင်းနိုင်အောင် ကိုယ့်တပ် လုံနိုင်သမျှ လုံအောင်၊ သွေးပုပ်တွေ ဖောက်ပစ်တဲ့ စနစ်ကို တနိုင်ငံလုံးချီပြီး လုပ်ရလိမ့်မယ်။

၂။ နိုင်ငံရေးသင်တန်းတွေကို စနစ်တကျဖွင့်ပြီး နိုင်ငံရေး လုပ်နေတဲ့ လူငယ်တွေကို နိုင်ငံရေး ထပ်ပြီး အပြင်းအထန် သင်ပေးကြရ လိမ့်မယ်။

၃။ သမဝါယမလုပ်ငန်းကို အစိုးရအကူအညီ ရသမျှယူပြီး အကောင်အထည် ဖြစ်သွားအောင် လုပ်ရလိမ့်မယ်။

၄။ ဖ၊ဆ၊ပ၊လ လွတ်လပ်ရေးရံပုံငွေကို ဆက်ပြီး ကောက်ခံကြရ လိမ့်မယ်။

၅။ အစိုးရနဲ့ ပြည်သူ ပူးပေါင်းပြီး တိုင်းပြည် ပြန်လည် ထူထောင်ရေးကို ဖ၊ဆ၊ပ၊လ က အင်တိုက်အားတိုက် ညွှန်ကြားခေါင်းဆောင်ပြီး လုပ်သွားရမယ်။

## လွတ်လပ်ရေးသည် လမ်းဆုံးမဟုတ်

ဖ၊ဆ၊ပ၊လ တိုင်းပြုပြည်ပြုလွှတ်တော် အမတ်တွေဟာ ဖ၊ဆ၊ပ၊လ အစိုးရကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အကြံပေး ဉာဏ်ပေး ကူညီ ဆောင်ရွက် ချဲ့ထွင်ပေးရုံတင်မကဘဲ မိမိတို့ဆိုင်ရာ မဲဆန္ဒနယ်တွေနဲ့ အဆက် မပြတ်ဘဲ လွတ်လပ်တဲ့ ဗမာပြည်အတွက် တိုင်းပြည်လူထုကို အမြင်မှန်အတိုင်း ပြင်ဆင်ထားဘို့လိုတယ်။ အထူးသဖြင့် တိုင်းပြည်လူထုဟာ လွတ်လပ်ရေးရဲ့ တာဝန်များကိုလဲ ထမ်းဘို့ အဆင်သင့်ဖြစ်အောင် ဟောပြော ပြင်ဆင်ထားဘို့ လိုတယ်။ လွတ်လပ်ရေးရတယ်ဆိုတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ဖူး။ လွတ်လပ်ရေး ရရုံနှင့် ကျုပ်တို့ပြဿနာတွေ ဖြေရှင်းသွားကြမှာ မဟုတ်ဖူး။ အဲဒီအခါ ကျမှ တကယ့်ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွတ်လပ်ရေးဟာ လမ်းဆုံး မဟုတ်ဘဲ လူတွေရဲ့ ကောင်းစားရေးကို ရောက်စေမယ့် လမ်းကြောင်းသာ ဖြစ်တယ်။

## ခြိုးခြံချွေသန်ကြပါ

တိုင်းပြည် ပြန်လည်ထူတောင်ရာမှာ အခု ရုရှားပြည်သစ် တည်ခါစ ကလို၊ အခု ဘိလပ်မှာ ဖြစ်နေသလို လူတွေဟာ အင်မတန် ခြိုးခြံသည်းခံပြီး ခွဲ နဘဲနဲ့ စိစစ်ဆောင်ရွက် လုပ်ကိုင်နိုင်မှ လောင်စာကျပြီး ပြာပုံအတိဖြစ်နေတဲ့ ဗမာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနဲ ကျုပ်တို့လုပ်ရလိမ့်မယ် ဆို တာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိ လုပ်ပြရလိမ့်မယ်။

## လွတ်လပ်ရေးအတွက် ချသင့်က ချရမယ်

အဲဒီတော့ကာ အင်္ဂလိပ်တွေနဲ့ စာရင်းရှင်းကြတဲ့နေရာမှာလဲ ဗမာပြည် လွတ်လပ်ရင် ဘယ်သူတွေနဲ့ ပေါင်းရမလဲ။ ဘယ်သူတွေနဲ့ ပေါင်းလို့ ကောင်း

မလဲ။ ကျုပ်တို့ဟာ နိုင်ငံခြားအကူအညီ ကင်းလို့မဖြစ်နိုင်ဘူးဆိုတာတွေ ထောက်ပြီး အမြော်အမြင်ကြီးကြီးနဲ့ လုပ်တတ်ရလိမ့်မယ်။ အကြမ်းပတမ်း ဖြစ်ရင်လဲ ဒီလောက်ဘဲ။ ဒီအတိုင်းသွားလဲ ဒီလောက်ဘဲဆိုတဲ့ အခြေအနေမျိုး ဆိုရင်တော့ ကျွန်တော်တို့အဖို့မှာ ဘယ်သူဘာပြောပြော အကြမ်းမကိုင်ဘဲနဲ့ လွတ်လပ်ရေးအာဏာသိမ်းနိုင်အောင် လုပ်မှာဘဲ။ သို့ပေမယ့် ဒီလိုမဖြစ်နိုင်ဘူး ဆိုရင်တော့ ချရမှာဘဲ။ အဲဒီလို လုပ်ရမယ့်ကိစ္စတွေမှာ ဖ၊ဆ၊ပ၊လ မှာရှိတဲ့ လက်ဝဲသမားတွေရဲ့ညီညွတ်မှုဟာ အခြေခံပင်မ အချက်ကြီးဖြစ်တယ်ဆိုတာ တုမေ့– သင်တရားနာပရိသတ်အပေါင်းတို့သည်၊ ဂဏှာထ– မမေ့မလျော့မပေါ့ သတိနှင့် မှတ်သားသွားကြကုန်လော့ဟူ၍ တိုက်တွန်းလိုက်ရပေသတည်း။

* * * * *

နောက်ဆက်တွဲ–၃

လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်
မြန်မာနိုင်ငံတော်အတွက်
ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်
ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်

ဥက္ကဋ္ဌ။ ။ ဦးအောင်ဆန်းနာမည်နှင့် တင်သွင်းထားတဲ့အဆိုကို ဦးအောင်ဆန်းက တင်သွင်းပါလိမ့်မယ်။

ဦးအောင်ဆန်း(ရန်ကုန်မြို့မ၊ လမ်းမတော်)။ ။ တောင်တန်းဒေသများနှင့် ကရင်နီနယ်များအပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့် လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှာ စုံညီစုဝေးကြလျက် အောက်ပါပြဋ္ဌာန်းချက်များကို ချမှတ်ကြကြောင်း။

(၁) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် 'မြန်မာပြည်ထောင်စု နိုင်ငံတော်' ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်စေရမည်။

ထို့ပြင်–

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များပါဝင်စေလျက်၊ သို့သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။

ထို့ပြင်–

(၃) အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။

ထို့ပြင်–

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေး၌၎င်း၊ စီးပွားရေး၌၎င်း၊ နိုင်ငံရေး၌၎င်း တရားမျှတမှုရှိစေလျက် အဆင့်အတန်း အခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိ၊ ပကတိတူညီစေရမည့်ပြင်၊ တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှလွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားစေရမည်။

ထို့ပြင်–

(၅) ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။

ထို့ပြင်–

(၆) လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတမြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်တန့်ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။

ထို့ပြင်–

(၇) ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် မိမိဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်ပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာ ပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင်ချင်းချင်း ဆိုင်ရာတရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကို အခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်း ဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

ဒီအဆိုကို ကျွန်တော် တင်သွင်းရတဲ့အကြောင်းကတော့ကာ ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်က လူမျိုးစုံကိုယ်စားလှယ်တို့ အစရှိသည်အားဖြင့် လာရောက်စုဝေးပြီးတော့ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုပြီး ကျွန်တော်တို့ ဖွဲ့စည်းပြီးတဲ့နောက် ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲဘို့ဆိုပြီး ဒီလွှတ်တော်မှာ တာဝန်ကျလာပါတယ်။

ယခုလိုလာပြီး ဆွေးနွေးကြတဲ့အခါမှာ ဘယ်လိုအခြေခံနဲ့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဘယ်လိုရေးဆွဲမလဲဆိုတာကို ပထမရှေးဦးစွာ သိထားဘို့ လိုပါလိမ့်မယ်။ ဒီလိုအခြေခံ အချက်အလက်ဆိုပြီး မသိဘဲနဲ့ ကျွန်တော်တို့ ရှေ့ဆက်လက်ပြီး ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲမယ်ဆိုလို့ရှိရင် တယောက်တပေါက်ဆိုတဲ့ သဘောမျိုးဖြစ်ပြီး ဘာမှ အခြေခံမရှိဘူး။ လမ်းစဉ်လည်း မရှိဘူး။ လမ်းစဉ်ညွှန်ပြထားခြင်းလည်း မရှိ ဖြစ်ပြီးတော့ကာ လိုချင်ရာကို အမြန်ရမှာမဟုတ်ဘူး။ ယခု ကျွန်တော် တင်သွင်းတဲ့အဆိုဟာ Directive Resolution. နောက် ဒီအစည်းအဝေးမှာဘဲ ခန့်ရမယ့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့ အဖွဲ့အသီးသီးကို လမ်းညွှန်အမှာသဖွယ်ဖြစ်တဲ့ အဆိုသာ ဖြစ်ပါတယ်။ အဲဒီ ကော်မီတီ အသီးသီးတွေက ဆက်လက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ဘာတွေထည့်သင့်တယ်ဆိုတာ အသေးစိတ်အားဖြင့်သော်လည်းကောင်း၊ မူအားဖြင့်သော်လည်း

ကောင်း သေသေချာချာ ဆွေးနွေးတဲ့အခါ အခြေခံအားဖြင့် ဘယ်အပေါ်မှာ မူထားပြီး ဆွေးနွေးရမယ်ဆိုတာကို သိထားမှ ဖြစ်နိုင်ပါလိမ့်မယ်။ တဦးနဲ့တဦး သိရှိထားတာချင်း မတူတို့ရှိရင် ကျွန်တော်တို့ ကော်မီတီတွေလုပ်မယ့် လုပ်ငန်းတွေဟာ အင်မတန် အခက်အခဲတွေကို တွေ့စရာရှိပါလိမ့်မယ်။ အဲဒီတော့ အခြေခံသဘောအားဖြင့် လမ်းပြတဲ့၊ လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်တခုကို တိုင်းပြည်ပြုလွှတ်တော်က ပထမဦးစွာ ဆုံးဖြတ်ရန် လိုပါလိမ့်မယ်။ အဲဒီလို လမ်းညွှန်တဲ့ ဆုံးဖြတ်ချက် ရပြီးမှ ကော်မီတီတွေ ဖွဲ့စည်းပြီး အလုပ်ကို ဆက်လက်လုပ်ကြရပါလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင် တချို့ကော်မီတီက ‘သမတ’ စနစ်အရ သဘောမျိုးနဲ့ ဆွေးနွေးသွားချင် ဆွေးနွေးမယ်။ တချို့ကလည်း ‘ရှင်ဘုရင်’ စနစ်အရ ဆွေးနွေးချင် ဆွေးနွေးမယ်။ နောက်ပြီးတော့ ‘ပြည်ထောင်စုနိုင်ငံ’ သဘောကို လက်ခံတဲ့လူတွေက လက်ခံ၊ လက်မခံတဲ့လူတွေကလဲ သူတို့သဘောအတိုင်း လုပ်ဆိုသလို ဖြစ်ရင် အဖွဲ့အမျိုးမျိုးက တိုင်းပြည်ပြုလွှတ်တော်မှ ပြန်ပြီး အစီရင်ခံတဲ့အခါ ဆက်စပ်လို့မရနိုင်တဲ့ အစီရင်ခံစာအမျိုးမျိုးကို ကျွန်တော်တို့ ဘယ်လိုမှလုပ်ပြီး ဆုံးဖြတ်တတ်မှာ မဟုတ်ဖူး။ ဒါကြောင့် ဒီအခြေခံမူကို ပြဋ္ဌာန်းထားပြီးမှသာလျှင် ရှေ့ဆက်လို့ ရနိုင်ပါလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့ ဒီလိုအခြေခံလိုတဲ့အတွက် ဒီလွှတ်တော်တွင် ဒီအဆိုကို ယခုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တို့ အတော်ဘဲ စဉ်းစဉ်းစားစားနဲ့ ရေးဆွဲပြီး တင်သွင်းထားပါတယ်။ မူလပထမတုန်းက ကျွန်တော် တင်သွင်းရမယ့်အဆိုဟာ ဖ၊ဆ၊ပ၊လ ပဏာမညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့ အဆိုဘဲ ဖြစ်ပါတယ်။ သို့သော်လဲ အဲဒီအဆိုကို ဖတ်ကြည့်တဲ့အခါ ပြင်စရာလိုနေတဲ့ အချို့ အချက်အလက်တွေကို တွေ့ရပါတယ်။ ဖ၊ဆ၊ပ၊လ ညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့အဆိုတွေနဲ့ပတ်သက်လို့ တိုင်းပြည်ပြုလွှတ်တော်ရုံးကနေပြီးတော့ ရိုက်ပြီးဝေထားတဲ့ စာအုပ်ရှိပါတယ်။ အဲဒီအထဲမှာ ကြည့်မယ်ဆိုရင် တွေ့ပါလိမ့်မယ်။ အဲဒီ ဆုံးဖြတ်ချက်မူကို ကျွန်တော် ပြင်ဆင်ထားပါတယ်။ ပြင်ဆင်တာကတော့ နိဒါန်း စကားချီးမှာ တောင်တန်းဒေသများနဲ့ ကရင်နီနယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်း

သူပြည်သားတို့၏ အာသီသဆန္ဒနှင့် လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှာ စုံညီစုဝေးရုံလောက်ကလွဲပြီး တခြား သဘော မပါဝင်အောင် ပြင်ဆင်ထားပါတယ်။ ယခု (State) ဆိုတဲ့ နိုင်ငံတော်ကြီးကို ကျွန်တော်တို့ ဗမာပြည်မှာ မဖွဲ့စည်းမိကြသေးပါဘူး။ အဲဒီတော့ ဒီ ဖွဲ့စည်းမယ့် နိုင်ငံတော်မှာ ဘယ်နယ်တွေ၊ ဘယ်နယ်တွေ ပါရမယ်ဆိုတာ ကျွန်တော်တို့ ကျကျနန သတ်မှတ်ပြီးသား မဖြစ်နိုင်သေးပါဘူး။ ယခု ကျွန်တော်တို့ ဆွေးနွေးရန်အချက်ဟာ 'နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ သည် မြန်မာပြည်ထောင်စု နိုင်ငံတော်ဟု ခေါ်တွင်စေသော အချုပ်အခြာ အာဏာပိုင် သမတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်စေရမည်' ဆိုတဲ့ အချက်ကိုသာ ဆွေးနွေးရန် ဖြစ်ပါတယ်။ မြန်မာပြည်ထောင်စုနိုင်ငံဆိုတာကို ကျွန်တော် အထူးရှင်းပြနေစရာ မလိုပါဘူး။ ဒီနိုင်ငံတော်ကို ပြည်ထောင်တွေ စု ထားမယ်ဆိုတဲ့ သဘောလောက်ပါဘဲ။ ပြည်ထောင်စု နိုင်ငံတော်ဆိုကတည်းက ကျွန်တော်တို့ အခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ (Unitary Constitution) လူတမျိုးထဲဆိုတဲ့ နိုင်ငံမျိုးမဟုတ်ဘဲနဲ့ လူမျိုးပေါင်းစုံ ပြည် ထောင်စုနိုင်ငံတော်ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားပါတယ်။ အဲဒီတော့ ကျွန်တော်က နေပြီး ပြည်ထောင်စု နိုင်ငံတော်အဖြစ် ဖွဲ့စည်းအုပ်တယ်လို့ အဆိုတင်သွင်းတဲ့ ကိစ္စမှာ ယခုကြွရောက်လာကြတဲ့ အမတ်မင်းများက ဗမာနိုင်ငံတော်ကို ဒီလို ပြည်ထောင်စု နိုင်ငံတော်အဖြစ်နဲ့ ဖွဲ့စည်းအုပ်တယ်လို့ဆိုတဲ့ အခြေခံမူဟာ သင့် မသင့်ကို ဒီလွှတ်တော်ကြီးက စဉ်းစားဘို့ပါဘဲ။ ကျွန်တော်တို့ အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေအနေတွေကို ထောက်လို့ကြည့်ရင် ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စုနိုင်ငံတော်အဖြစ်နဲ့ ဖွဲ့စည်းတည်ထောင်မှသာလျှင် သင့်လျော် လျောက်ပတ်ပါလိမ့်မယ်လို့ ယူဆတဲ့အတိုင်း ဒီအခြေခံသဘောထားကို ဒီအဆို ထဲမှာ ထည့်သွင်းပြီး ဒီလွှတ်တော်ကြီးမှာ တင်သွင်းခြင်းဖြစ်ပါတယ်။ ပြည် ထောင်စုနိုင်ငံတော်လို့ ဒီမှာ တင်ပြခြင်းအားဖြင့် ယခု ဒီတိုင်းပြည်ပြုလွှတ်တော် မှာ ကြွရောက်လာကြတဲ့ တောင်တန်းဒေသများက ကိုယ်စားလှယ်အမတ်မင်းများ ဟာ ဒီပြည်ထောင်စုနိုင်ငံတော်တွင် သူတို့သက်ဆိုင်ရာနယ်များက ပါဝင်ပြီးသား

Myanmar Cupid Community PDF Creator Group

ဖြစ်သွားမယ်လားဆိုပြီး သံသယရှိနေတယ်လို့ ကျွန်တော် သိရပါတယ်။ အဲဒီ တော့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် တိတိလင်းလင်း ရှင်းချင်တာကတော့ ဗမာပြည်ထောင်စု နိုင်ငံတော်လို့ ခေါ်တွင်ဘို့ဆိုပြီးတော့ ဒီအဆိုထဲမှာ တင်ပြ ထားပေမယ့် ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ဘယ်နယ်တွေပါလို့ ဘယ်နယ် တွေပါရမယ်လို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး။ ဒီတော့ တောင်တန်းဒေသ ကနေပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမှ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ အလျဉ်းမရှိပါဘူး။ ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ကိုယ့်နယ်ဆိုင်ရာမှနေပြီးတော့ ပါချင်မှ ပါနိုင်တာဘဲ။ ဒီ တိုင်းပြည်ပြုလွှတ်တော် မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြုလွှတ်တော် ဖွဲ့စည်းရန် အလို့ငှာ ကျွန်တော်တို့ သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုး ချုပ်တဲ့အခါ တုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနဲ့ ကျွန်တော်တို့ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ဆိုရင်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေး အဖွဲ့ အစီရင်ခံစာမှ ထောက်ခံချက်များကို ကျွန်တော်တို့ လက်ခံလာခဲ့တဲ့အတိုင်း ဖြစ်စေ၊ အဲဒီလို လက်ခံထားတဲ့ ဒီစာသဘောတွင်မကဘဲ (Not only the letter of agreement) ဒီစာသဘောကို ကျွန်တော်တို့ သဘောတူညီလာခဲ့ တာတွင်မကဘဲ၊ ကျွန်တော်တို့အဖို့မှာဆိုလို့ရှိရင် (The spirit of agreement) သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံ သဘောတရားကို လက်ခံပြီးတော့ ဒီအတိုင်းဘဲ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ လုပ်မှာပါဘဲဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တိတိလင်းလင်း နားလည်စေချင်ပါ တယ်။ ကျွန်တော်တို့ ပေးထားပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီ ချက်တွေကို နယ်ချဲ့သမားတွေကိုလဲ ကျွန်တော်တို့ ဖောက်ဖျက်ခြင်း မလုပ်ပါ ဘူး။ အဲဒီလိုပေးပြီးသားကတိနဲ့ နားလည်ပြီးသား သဘောတူညီချက်တွေကို ဖောက်ဖျက်မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဋ္ဌမင်း ခွင့်ပြုချက်အရ ပြောရရင် ကျွန်တော်တို့ရဲ့ Sense of honour, Sense of Self-respect, Sense of pride တို့ကို စော်ကားတယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီ တော့ ကျွန်တော်တို့ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တို့

အရ တောင်တန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြုလွှတ်တော်ထဲ ရောက်လာတဲ့အခါ သေသေချာချာ နားလည်စေချင်တာက ဘယ်နည်းနဲ့မှ ကျွန်တော်တို့ ဗမာလူမျိုးစုဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြား လိမ်တဲ့နည်းနဲ့လဲ ကျွန်တော်တို့ မလုပ်ပါဘူး ဆိုတာ အတိအလင်း နားလည်စေချင်ပါတယ်။ (ဩဘာသံများ)

ဒီနေရာမှာ ကျွန်တော် ထပ်ရှင်းချင်တာက တနေ့တုန်းက ကျွန်တော့်ဆီကို စာတစောင် ရောက်လာပါတယ်။ အမှန်စင်စစ်က ကျွန်တော်တို့ တောင်တန်းနယ် ကိုယ်စားလှယ်များက ပြောလို့လား၊ ဒီလိုမှ မဟုတ်ရင်လဲ တောင်တန်းနယ်ဆိုင်ရာ ဌာနညွှန်ကြားရေးဝန်က သူ့ဖာသာအနေသာကြီး၊ မြင်းကမလှုပ် ခုံကလှုပ်တာလား။ ဒါတော့ ကျွန်တော် မပြောတတ်ဖူး။ သို့သော်လဲ တဆင့်ကနေပြီးတော့ တောင်တန်းဒေသဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်ပြီး တိုင်းပြည်ပြုလွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာ အင်မတန် စိုးရိမ်ကြောင့်ကြနေတဲ့အကြောင်း ကျွန်တော် စာတစောင်ရပါတယ်။ ဒီတိုင်းပြည်ပြုလွှတ်တော်ရုံးကလည်း ရသလား မပြောတတ်ဘူး။ အဲဒီစာထဲမှာ ဘာပါသလဲဆိုရင် ကျွန်တော်မှတ်မိသလောက်ပြောရရင် တောင်တန်းနယ်ဆိုင်ရာကိစ္စ အရပ်ရပ်ကို ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်တဲ့အခါမှာ ဆိုင်ရာဆိုင်ရာနယ်ရဲ့ ကိုယ်စားလှယ်များ စုရုံးသဘောတူညီချက်မရဘဲနဲ့ တိုင်းပြည်ပြုလွှတ်တော်ကနေပြီး မဆုံးဖြတ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ တောင်တန်းနယ် စုံစမ်းရေးအဖွဲ့တုန်းက ထောက်ခံချက်ပေးခဲ့ပါတယ်။ အဲဒါလဲ အမှန်စင်စစ် ကျွန်တော်တို့ အကြံပေးတဲ့အတိုင်း ထည့်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ဆိုင်ရာကိုယ်စားလှယ်တော်တွေ အချင်းချင်းဘဲ လူများစု လူနည်းစု မဖြစ်ဘဲနဲ့ သဘောကွဲလွဲတဲ့နေရာမှာ ညီတူမျှတူ သဘောကွဲလွဲနေကြရင် ဘယ်လိုနည်းနဲ့ တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်မလဲဆိုတဲ့ ဒီမေးခွန်းကို တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ ဒီကိုတော့ လာမမေးကြပါဘူး။ သို့သော်လဲ မဆိုင်တဲ့ တောင်တန်းနယ်ဆိုင်ရာဌာနညွှန်ကြားရေးဝန်ကနေပြီး နှီးဆော်ချက်အရ ဘုရင်ခံမင်းကြီးကနေပြီး စိတ်ပူပြီး

Myanmar Cupid Community PDF Creator Group

မေးတယ်။ ကျွန်တော့်သဘောမှာ ဒါဟာ နည်းလမ်းစည်းကမ်း မမှန်ဘူးလို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုရင် ယခု ပြောဆိုနေခြင်းဟာလဲ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များကနေပြီးတော့ အင်္ဂလိပ် သွားကပ်တယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော်လဲ ဒီတိုင်းပြည်ပြုလွှတ်တော်က ဆုံးဖြတ်တဲ့ကိစ္စမှာ အင်္ဂလိပ်ရဲ့ အကာအကွယ်ကို ငါတို့တော့ဖြင့် ယူမှ ချမ်းသာရာရမယ်လို့ ထင်ရင် ကျွန်တော် ရှင်းရှင်းဘဲပြောချင်ပါတယ်။ အင်္ဂလိပ်ဟာ အမှန်စင်စစ် အနေ့းနဲ့ အမြန် သူ့လက်အောက်ခံ တိုင်းနိုင်ငံတွေက ထွက်သွားရတော့မှာဘဲ။ ဘယ်လိုဖြစ်ဖြစ် ဒီလိုဖြစ်နေပြီ။ ကမ္ဘာ့အလားအလာကြီးထဲမှာ ဒီလိုစိတ်ထားရှိတဲ့လူတွေဟာ ကိုးကွယ်ရာ ဘယ်နည်းနဲ့မှ ရှိမှာမဟုတ်ဘူးဆိုတာကို ကျွန်တော် သတိပေးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော် အကြောင်းပြောရရင် ဘယ်အင်္ဂလိပ်ရဲ့ အကူအညီနဲ့မျှ ဒီတိုင်းပြည်ပြုလွှတ်တော်ကို လာပြီးတော့ ဩဇာမပေးနိုင်ဘူးဆိုတာ သိစေချင်တယ်။ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ တောင်တန်းဒေသဆိုင်ရာ ကိစ္စတွေကို စဉ်းစားဆွေးနွေးတဲ့အခါမှာ ခင်ဗျားတို့သက်ဆိုင်ရာ တောင်တန်းနယ် ကိုယ်စားလှယ်တွေအချင်းချင်း ဘယ်သူ့ ဘယ်သူမှ မဲမသာဘဲနဲ့ တူနေကြတယ်ဆိုရင် ဒီလွှတ်တော်ထဲမှာ ဖ၊ဆ၊ပ၊လ အမတ်အများဆုံးဖြစ်တဲ့အတိုင်း အများဆုံးအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့ ကျွန်တော်တို့ တိတိလင်းလင်း ကတိပေးလိုတာက ခင်ဗျားတို့အချင်းချင်း အဲဒီလို ဘယ်သူ့ ဘယ်သူကိုမှ မဲမသာဘဲနဲ့ မဲပြိုင်နေတဲ့အခါမှာ ကျွန်တော်တို့ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ အတင်းဖိပြီးတော့ မဆုံးဖြတ်စေဘူးဆိုတာကို ကျွန်တော် ကတိပေးပါတယ်။ (ဩဘာသံများ) အဲဒီတော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ စေတနာဟာ အင်မတန်ရှင်းပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့ အဆိုပြုပြီးတဲ့နောက် ဆက်လက်တော့ကာ၊ ဒီပြည်ထောင်စုဖွဲ့စည်းတဲ့နေရာမှာ ပြည်ထောင်စုထဲပါချင်တဲ့ ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုအခွင့်အရေးတွေ၊ ဘယ်လိုအခြေခံတွေ၊ အဲဒီလို အချက်အလက်တွေအရ စုပေါင်းသင့်တယ်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုတွေ ကျွန်တော်တို့ တင်သွင်းတဲ့အကြံဉာဏ်တွေ

ဒါတွေကို သဘောမကျလို့ရှိလျှင် သဘောမတူတဲ့အတိုင်း တောင်တန်းနယ် သက်ဆိုင်ရာကိုယ်စားလှယ်တွေဟာ သဘောရှိ ဗမာပြည်နဲ့ မပေါင်းဘဲ နေချင် နေနိုင်ပါတယ်။ ဒါ ယနေ့ ကျွန်တော်တို့ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ ဒီစကား ကို ပြောခြင်းဘဲ။ ကျွန်တော်တို့စိတ်စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား ထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့တချက် ဒီလို ခင်ဗျားတို့ သဘောမတူလို့ရှိရင် မပါ ချင်နေလို့ ပြောတဲ့နေရာမှာလဲ နယ်ချဲ့သမားတွေလို တဖက်ကနေပြီးတော့ကာ မပါချင်နေပါကွာဆိုပြီးတော့ မပါဘူးလို့ထင်တဲ့အခါကျတော့ တဖက်က ဝင်ပြီး တော့ မရှုပ်ဖူး။ သို့သော်လည်း ကျွန်တော်တို့ အမြင်တော့ရှိတယ်။ ဘယ်နိုင်ငံ ဘယ်နယ်မှာဖြစ်ဖြစ် ယခုခေတ်မှာ ဘယ်တိုင်းနိုင်ငံမှ ကမ္ဘာကြီးမှာဖြစ်နေတဲ့ဝါဒ နဲ့ ကမ္ဘာကြီးမှာဖြစ်နေတဲ့ အရေးကိစ္စတွေရဲ့ ဂယက်အရိုက်ကို မခံရတဲ့နယ်ရယ် လို့ ရှိမှာမဟုတ်ဖူး။ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီသဘောတရား တွေ ခေတ်စားနေတဲ့ ဒီကမ္ဘာကြီးမှာ ဒီမိုကရေစီသဘောထား မထားနိုင်တဲ့နယ် ဟာ အနေးနဲ့အမြန် ဒီနယ်မှာရှိတဲ့လူတွေ နိုးကြားထကြွလာပြီး၊ ဒီလိုကမ္ဘာကြီးရဲ့ သဘောတရားတွေနဲ့ ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရားတွေနဲ့ ဆန့်ကျင်ဘက် သဘောတရားတွေကို တွန်းလှန်ပစ်ကြမှာဘဲဆိုတာ ကျွန်တော် နမိတ်ဖတ်ထား ချင်တယ်။ အဲဒီတော့ ဒီလိုကျွန်တော်နားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နဲ့ အတူတူပါပြီး မလုပ်ချင်ပါဘူးဆိုရင် ကျွန်တော် အတင်းမတိုက်တွန်းပါဘူး။ အဲဒီလို မပါ ပါအောင်ဆိုပြီးတော့ကာ ဒါကတော့ ဗမာစကားမဟုတ်ဖူးထင် တယ်။ ကျွန်တော် နားလည်သလောက်တော့ ကရင်စကားဘဲလို့ ထင်တယ်။ အတင်း နသားပါယား လုပ်တဲ့နည်းမျိုးကိုလဲ မလုပ်ပါဘူး။ အဲဒါကို တိတိ လင်းလင်း တောင်တန်းနယ်က ကျွန်တော့်မိတ်ဆွေများကို ကျွန်တော် နားလည် စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ အင်မတန် ရှင်းရှင်းလင်း လင်း သဘောထားနေတဲ့အထဲကနေပြီးတော့ ရှုပ်အောင်လုပ်နေတဲ့လူတွေက ယခု တလောမှာ တော်တော်များနေတော့ ဒါကို ရှင်းသည်ထက် ရှင်းအောင် ထပ်ပြီး ပြောရခြင်းဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေတယောက်က ကျွန်တော့်ကို ပြော

သလိုဘဲ ခင်ဗျား အဲဒီလိုရှင်းရှင်းပြောတာကိုဘဲ သူတို့စိတ်ထဲမှာ ရှုပ်နေတယ်ဆိုတော့ အဲဒါတော့ မတတ်နိုင်ဘူး။ (ရယ်သံများ) အဲဒီတော့ ဒီပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေ ပါရမယ်ဆိုတာ ကျွန်တော်တို့ ဒီအထဲမှာ ထည့်ထားတာလဲ မရှိသေးပါဘူး။ ပါချင်တဲ့လူတွေမှ ပါကြ။ အဓိပ္ပာယ်က နယ်ကိုသတ်မှတ်မထားဘဲနဲ့ ပြည်ထောင်စုနိုင်ငံတော်လို့သာ သာမညထည့်ထားခြင်းဖြစ်ပါတယ်။ နောက်ပြီး အချုပ်အခြာအာဏာပိုင် သမတနိုင်ငံတော်လို့ ဆိုရခြင်းဟာ လွတ်လပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော် သိပ်ပြီး ရှင်းပြနေစရာ မလိုပါဘူး။ ဒါပေမယ့် ဘာပြုလို့ အချုပ်အခြာအာဏာ Sovereign Power ရှိရမယ်လို့ ထပ်ပြီးဆိုရပါသလဲဆိုရင် အချုပ်အခြာအာဏာ ဆိုတာ သဘောတရားအမျိုးမျိုး ရှိပါတယ်။ အမှန်ကတော့ State နိုင်ငံတော်ဆိုကတည်းက အချုပ်အခြာအာဏာဟာ အကျုံးဝင်ပြီးသားဘဲ။ ဒီလိုသဘောတရားနဲ့ ရှိတဲ့ဟာလဲ ရှိပါတယ်။ သို့သော် ဒီနိုင်ငံတော်ဆိုပေမယ့် အားမရမကျေနပ်သေးဘဲနဲ့ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော်ဆိုမှသာလျှင် ပြည့်စုံလုံလောက်တဲ့သဘောတရားမျိုးလဲ ရှိပါတယ်။ ပထမ သဘောတရားကတော့ကာ Theory စာသဘောလောက်သာ ဖြစ်ပါတယ်။ ဒုတိယ သဘောတရားကတော့ လက်တွေ့ဖြစ်တဲ့ သဘောတရားပါဘဲ။ ဘယ်လိုလက်တွေ့ဖြစ်တဲ့ သဘောတရားမျိုးတွေပါသလဲဆိုရင် ဒီလွတ်လပ်တဲ့နိုင်ငံတော် ဆိုပြီးတော့ ဖွဲ့စည်းတည်ထောင်လိုက်ကြတဲ့ နိုင်ငံတော်အသီးသီးတို့ ရှိကြပေမယ့် အချုပ်အခြာအာဏာနဲ့ ပြည့်စုံတဲ့ နိုင်ငံတော် (Sovereign State) အချို့နိုင်ငံတွေကတော့ အဲဒီလို မဟုတ်ဘဲနဲ့ ပြည်ထောင်အချင်းချင်း ဆက်သွယ်တဲ့ နိုင်ငံရေးစကားမှာဆိုလို့ရှိရင် Vassal State လို့ အဆိုခံရပါတယ်။ Vassal ဆိုတာက တပည့် ကျွန်နိုင်ငံလို သဘောမျိုးဘဲ။ ကျွန်ဆိုပေမယ့် Colony လဲ မဟုတ်ဖူး။ သူ့ဖာသာသူ သူ့မင်းနဲ့ သူ့ချင်းနဲ့ သူ့အစိုးရဘဲ။ အပြင်ဘမ်းအားဖြင့်တော့ လွတ်လပ်တယ်။ သို့သော်လည်း နိုင်ငံကြီးတနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုချုပ်ချယ်မှုကို အထူးတလည်ခံနေရတဲ့ နိုင်ငံဖြစ်လို့ (Vassal State) လို့ခေါ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ နိုင်ငံတော်မျိုးလည်း

ရှိပါသေးတယ်။ (Buffer State) အဲဒီလိုနိုင်ငံတော်အမျိုးမျိုး လက်တွေ့အားဖြင့် ရှိတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ လိုချင်တာကတော့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ (Buffer State) မျိုးလို နယ်ခြားနိုင်ငံကလေးမျိုးလဲ မဖြစ်ချင်ဘူး။ နောက်ပြီးတော့ နိုင်ငံကြီး တနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု အထူးတလည်ခံရတဲ့ (Vassal State) မျိုးလည်း မဖြစ်ချင်ဘူး။ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ဆန်မရှိ စောက်စားကြီးဘဲခေါ်ခေါ်၊(ရယ်မောသံများ) ကျွန်တော်တို့ဖြစ်ချင်တဲ့ နိုင်ငံကတော့ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံတော် ဖြစ်ချင်တယ်။(ဩဘာသံများ) အဲဒီနိုင်ငံတော်ဖြစ်တဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံမှာ သမတစနစ်အားဖြင့် ဖွဲ့စည်းရမယ်။ တခြားစနစ်အရ ဖွဲ့စည်းတာကို ကျွန်တော်တို့ မလိုလားဘူး။ သမတစနစ်ဆိုတာဟာ ကျွန်တော်တို့ ယခုခေတ် ဒီအခါကျမှသာ ကျွန်တော်တို့ဗမာစာမှာ ပေါ်လာတဲ့စကားပါ။ ဘာဖြစ်လို့လဲဆိုလျှင် တတိုင်းတပြည်လုံးကို တနိုင်ငံလုံးကို မင်းလုပ်အုပ်ချုပ်ရမယ့် ပုဂ္ဂိုလ်ကို ၄–နှစ်တကြိမ်ဖြစ်စေ၊ ၅–နှစ်တကြိမ်ဖြစ်စေ၊ ၁၀–နှစ်တကြိမ်ဖြစ်စေ စသည်အားဖြင့် အဲဒီလိုရွေးကောက်တင်မြှောက်တယ်ဆိုတဲ့ ထုံးစံဟာ ယခုဒီဘက်ခေတ်တွေကျမှ ပေါ်လာတဲ့ စနစ်မျိုး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အဖို့မှာတော့ 'မင်း' ဆိုလို့ရှိရင် တိုင်းသူပြည်သားလုပ်တဲ့လူတွေက အရမ်းလွှတ်ထားအပ်တဲ့ လူတွေမဟုတ်ဖူး။ အချုပ်အခြယ် ရှိတန်သလောက် ရှိသင့်တယ်။ အမှန်စင်စစ် နိုင်ငံတော်ရယ်လို့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲဒီနိုင်ငံတော်မှာရှိတဲ့ အချုပ်အခြာအာဏာပိုင်တွေကို ပိုင်တဲ့လူတွေဟာ ဘယ်သူတွေဖြစ်ရမလဲဆိုလို့ရှိရင် ကျွန်တော်တို့ ယုံကြည်ယူဆချက်ကတော့ နိုင်ငံတော်သူ နိုင်ငံတော်သားတို့ဟာ အဲဒီနိုင်ငံမှာရှိတဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့လူတွေလို့ ယူဆပါတယ်။ အဲဒီလိုပိုင်ဆိုင်တဲ့လူတွေကနေပြီး လွှဲပေးလို့သာ 'မင်း' တို့၊ 'အစိုးရ' တို့ဆိုတာ ပေါ်လာရခြင်း ဖြစ်တယ်။ အဲဒီလို လွှဲပေးတဲ့အတိုင်း 'မင်း' တို့၊ 'အစိုးရ' တို့ပေါ်လာတဲ့အခါမှာ ဒီ 'မင်း' တို့၊ 'အစိုးရ' တို့ဟာ အချုပ်အခြာအာဏာကို ပိုင်ထားတဲ့ နိုင်ငံသူ နိုင်ငံသားတွေက မလိုချင်တဲ့အခါမှာ မလိုတဲ့အလျောက် တားဆီးနိုင်တဲ့

အခြေအနေမျိုး ရှိရမယ်။ အဲဒီတော့ ကျွန်တော်တို့အဖို့မှာဆိုလို့ရှိရင် ဗမာနိုင်ငံ အတွက် လိုလားအပ်တဲ့စနစ်ဟာ အချိန်အခါအလိုက် ရွေးကောက်တင်မြှောက်တဲ့ သမတစနစ်ကိုသာလျှင် ကျွန်တော်တို့ လိုလားတဲ့အတိုင်း ဒီတိုင်းပြည်ပြုလွှတ် တော်မှာ ဒီအဆို သွင်းတဲ့အခါ သမတနိုင်ငံဆိုတဲ့စကားလုံးကို သွင်းထားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပထမအပိုဒ်ကဆိုရင် 'နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာပြည်ထောင်စု နိုင်ငံတော်ဟု ခေါ်တွင်သော လွတ်လပ် သည့် အချုပ်အခြာအာဏာပိုင် သမတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဖြစ်စေရမယ်။' ဒီအဓိပ္ပာယ်ကတော့ ကျွန်တော်တို့တိုင်းပြည်ကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်နဲ့ ကြေညာမယ်။ အဲဒီနိုင်ငံဟာလဲ သမတ နိုင်ငံဖြစ်ရမယ်။ သမတစနစ်အရ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ဖြစ်ရမယ်ဆိုတဲ့မှု တွေကို ထည့်ထားပါတယ်။ ဒီနိုင်ငံတော်ဟာလဲ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ရမယ်။ ဒုတိယအပိုဒ်ဖြစ်တဲ့ 'ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြထားသည့် တသီးပုဂ္ဂလပြည်နယ်များ ပါဝင်စေ လျက်' အဲဒါက ကျွန်တော်တို့ ဒီပြည်ထောင်စုထဲမှာ ဘယ်နယ် ဘယ်နယ်တွေ ပါမလဲဆိုတာကို သတ်မှတ်ရမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပေဒ ရေးဆွဲတဲ့ အခါမှာ ဘယ်နယ် ဘယ်နယ်တွေ ပါရမယ်ဆိုတာ သတ်မှတ်ရမယ်။ အခု မသတ်မှတ်သေးဘူး။ ပါချင်တဲ့နယ်မှ ပါကြပါဆိုတာ ရှင်းပါတယ်။ ထိုသို့ သတ်မှတ် ဖော်ပြထားတဲ့ တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာများ ရှိစေရမယ်။ ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ နောက် ကျွန် တော်တို့အချင်းချင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီးတဲ့နောက်၊ သတ်မှတ် ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာများလဲ ရှိလိမ့်မယ်။ အဲဒီတော့ ဒီ ကိစ္စမှာ ရှင်းရှင်းနားလည်စေချင်တာက ဒီပြည်ထောင်စုနိုင်ငံတော်ထဲမှာ တသီး ပုဂ္ဂလပြည်နယ်များဟာ ဘယ်ပြည်နယ်တွေလဲဆိုတာ ဒီအဆိုထဲမှာမပါသေးဘူး။ ဘယ်နယ်တွေက ပါချင်လို့ ဘယ်နယ်တွေက မပါချင်ဘူးဆိုတာ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ပြည်နယ်များဟာ ကိုယ်ပိုင်အုပ်

ချုပ်ရေးအာဏာများ ရရှိစေမယ်ဆိုတဲ့အတိုင်း အဲဒီကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာတွေကို သတ်မှတ်ဖို့ လိုသေးတယ်။ အထူးသဖြင့် တောင်တန်းနယ်ပယ် ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီးလုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ပြီးမှ သဘောတူသည်ဖြစ်စေ၊ နောက်ဆုံး ဆုံးဖြတ်ချက်ကျသည်ဖြစ်စေ၊ အဲဒီလိုဆုံးဖြတ်ကြတဲ့အခါမှာ သတ်မှတ်ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာများကို သဘောတူကျေနပ်လို့ ဝင်လာတဲ့ ပြည်နယ်များသာ ပါလာပါလိမ့်မယ်။ ပြည်ထောင်စုနိုင်ငံဆိုပြီး အဲဒီသဘောလောက်သာ ထည့်ထားတယ်။ ဘယ်နယ်ကိုမှ ကျွန်တော်တို့ အတင်းဆွဲထည့်ထားတာ မဟုတ်ပါဘူး။ '(၃)အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းများ အားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။' ဒါကတော့ ကျွန်တော် အခုတင်က ပြောခဲ့တဲ့အတိုင်း လွတ်လပ်တဲ့အချုပ်အခြာ အာဏာပိုင်နိုင်ငံတော်လို့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲဒီနိုင်ငံတော်ပိုင်တဲ့၊ အဲဒီနိုင်ငံတော်လက်ထဲမှာရှိတဲ့ အချုပ်အခြာအာဏာဟာ ဘယ်သူတွေရဲ့ လက်ထဲမှာ၊ ဘယ်သူတွေကသာလျှင် ပိုင်ဆိုင်သင့်တယ်ဆိုတဲ့ပြဿနာ သဘောတရားကို ကျွန်တော်တို့ ဖြေရမယ်ဆိုလို့ရှိရင် တိုင်းသူပြည်သားတွေသာလျှင် မူလဘူတအားဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပိုင်တဲ့လူတွေဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆတယ်။ ယုံကြည်တယ်။ ရာဇဝင်ကြောင်းကြည့်လိုက်၊ ဗမာ့ရာဇဝင်ကြောင်းကိုကြည့်မလား၊ ကမ္ဘာ့ရာဇဝင်ကြောင်းကိုဘဲကြည့်ကြည့်၊ ဘယ်လိုဘဲကြည့်ကြည့်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတွေဆိုတာ မူလဘူတလိုက်ကြည့်ရင် တိုင်းသူပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့အယူအဆမှာဆိုရင် ကမ္ဘာအစ သမတမင်းက ဆိုတဲ့အတိုင်း သမတမင်းကိုလူတွေကဘဲ တင်မြှောက်ခဲ့တာဘဲ။ အဲဒီအတိုင်း ရှေ့ရှောက်ပြီး ဖြစ်ရမှာဘဲ။ အဲဒီအတိုင်း ကျွန်တော်တို့ဟာ 'အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်

Myanmar Cupid Community PDF Creator Group

ဆင်းစေရမည်။' လို့ ဆိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီသဘောကို ကျွန်တော်တို့က ချထားလိုက်တဲ့အခါ မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ တိုင်းသူပြည်သားတွေဆီက အခွင့်အာဏာရတယ်ဆိုတဲ့ မူအတိုင်းသာဆိုရင် အချက်အလက်တွေ ပါရလိမ့်မယ်။ အဲဒီမူကို ဆန့်ကျင်တဲ့အချက်အလက်ဆိုလို့ရှိရင် မပါရဘူးဆိုတဲ့ အဓိပ္ပာယ်ဘဲ။ ဘယ်အချက်ဟာဖြင့် ဒီမူနဲ့ ဆန့်ကျင်နေမယ်၊ မဆန့်ကျင်ဘူးဆိုတာ အသေးစိတ်ကျမှဘဲ ဆွေးနွေးကြည့်နိုင်မယ်။ အမှတ်(၃)မှာ အချုပ်အခြာအာဏာဟာ တိုင်းသူပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတဲ့ သဘောတရားကို အခြေခံထားခြင်း ဖြစ်ပါတယ်။ '(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေး၌၎င်း၊ တရားမျှတမှုရှိစေလျက်' ဒီကျွန်တော်တို့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲဘို့ စီစဉ်တဲ့အခါမှာ လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေးရာ၌၎င်း၊ တရားမျှတမှုရှိအောင် ဖန်တီးထားရတယ်။ အဓိပ္ပာယ်က ကျွန်တော်တို့ အလုပ်သမားနဲ့ အလုပ်ရှင်ကိစ္စမျိုးတွေ၊ နောက်ပြီး လူမျိုးအချင်းချင်း ပေါင်းသင်းဆက်ဆံတဲ့ ကိစ္စမျိုးတွေ၊ တယောက်နဲ့တယောက် တန်းတူအခွင့်အရေးရအောင် စီမံဖန်တီးပေးထားဘို့ လိုတယ်ဆိုတဲ့သဘောပါဘဲ။ စီးပွားရေးမှာ ဆိုလို့ရှိရင် တဖက်စီးနင်းအားဖြင့် လုပ်နိုင်တဲ့အခြေအနေတွေကို ဖယ်ရှင်းပြီးတော့ စီးပွားရေး၌ အလုပ်တူလျှင် အဲဒီအတိုင်း အခွင့်အရေးအတူတူဖြစ်နိုင်သမျှဖြစ်အောင်ဆိုတဲ့သဘောကို စီမံဖန်တီးပေးထားရန် ဖြစ်ပါတယ်။ နိုင်ငံရေးမှာလဲ တရားမျှတဘို့လိုတယ်။ နိုင်ငံရေးမှာဆိုရင် ဘယ်သူကတော့ဖြင့် မဲမရထိုက်ဖူး။ ဘယ်သူကတော့ဖြင့် မဲရထိုက်တယ် စသည်ဖြင့် နိုင်ငံရေး ညှဉ်းဆဲမှုတွေ၊ ချုပ်ချယ်မှုတွေ မရှိစေရဘူး။ နောက်ပြီးတော့ ဘယ်သူဟာ ဘယ်လိုရာထူးမျိုးကို မရစေရဘူး။ ဘယ်သူသာလျှင် ရစေရမယ်ဆိုတဲ့ အဲဒီလိုချုပ်ချယ်မှုတွေဟာ နိုင်ငံရေးတရားမျှတမှုကို ထိခိုက်တယ်။ အဲဒီတော့ နိုင်ငံရေးမှာ နိုင်ငံသူနိုင်ငံသားဖြစ်တဲ့အတိုင်း မိမိအရည်အချင်းကြောင့် အခွင့်အရေးရသွားနိုင်ဘို့ပါဘဲ။ အားလုံးရလျှင်လည်း အားလုံးရဘို့။ ဒီသဘောမျိုးနဲ့ တရားမျှတမှု ရှိရမယ်။ နောက် အဆင့်အတန်း (Equality of Status) မှာလည်း တူညီရမယ်။

အဆင့်အတန်းမှာ တူညီရမယ်ဆိုတဲ့သဘောကတော့ သူဌေးရယ်၊ ဆင်းရဲသားရယ် ဘာရယ် အစရှိသည်ဖြင့် ဒီလိုကွဲပြားထားတာ မရှိဘဲနဲ့ သူဌေးရယ်။ ဆင်းရဲသားရယ်ဆိုတာက ပစ္စည်းအခြေအနေအလျောက် ရှိတန်သလောက် ရှိနေပေမယ့် အဆင့်အတန်းမှာ ဆိုလို့ရှိရင် တူညီစေရမယ်။ အဆင့်အတန်းမှာ တူညီစေရမယ်ဆိုတဲ့သဘောဟာ ကျွန်တော်တို့ ဘယ်နေရာမှာဘဲဖြစ်ဖြစ် သူဌေးဆိုရင်တော့ ဘယ်လိုပိုပြီးတော့ အခွင့်အရေး ရမယ်၊ ဆင်းရဲသားဆိုရင်တော့ ဘယ်လိုမရဘူး စသည်ဖြင့် ဒီလိုမရှိစေရဘဲနဲ့ အဆင့်အတန်းတွင် အားလုံးဆူကြဲနိမ့်မြင့်မရှိ ပကတိတူညီစေရမယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ နောက် အခွင့်အရေး (Equalibity of Opportunity) မှာလည်း တန်းတူရမယ်ဆိုတဲ့ အဓိပ္ပာယ်က ပညာသင်ကြားတဲ့နေရာမှာ ဥပမာဆိုရရင် ဉာဏ်အရည်အချင်းချင်း အတူတူဖြစ်လို့ရှိရင် ဉာဏ်ရှိသလောက် သူ့ပညာအလိုက်ရဘို့ အခွင့်အရေးဟာလဲ ရှိသင့်တယ်ဆိုတဲ့ သဘောမျိုးဘဲ။ ဆင်းရဲတဲ့လူတော့ ဆင်းရဲတယ်ဆိုလို့ အခွင့်အရေး မရဘူး။ ချမ်းသာတဲ့လူသာလျှင် အခွင့်အရေး ရမယ်ဆိုတဲ့ ဒီလိုသဘောမျိုး မဟုတ်ဘဲနှင့် အားလုံး အခွင့်အရေးမှာ (Opportunity) အခွင့်အရေးပေးတဲ့နေရာမှာ မယူတတ်ရင် ယူတတ်တဲ့လူမှန်သမျှ အချုပ်အချယ်မရှိဘဲနဲ့ ယူနိုင်တဲ့ အခွင့်အရေး ရရှိရမယ်ဆိုတဲ့ သဘောတရားသာ ဖြစ်ပါတယ်။ နောက် ဥပဒေသက်ရောက်မှု (Before the Law) ဥပဒေသက်ရောက်မှုမှာ တူညီရမယ်ဆိုတဲ့ သဘောကတော့ ဥပဒေရှေ့မှောက်၌ ဘယ်သူမဆို သမတဘဲဖြစ်ဖြစ်၊ တောသားဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ် ဥပဒေစည်းကမ်းကို ဖောက်ဖျက်ကျူးလွန်လို့ရှိရင် ဖောက်ဖျက်တဲ့အလျောက် ဥပဒေရဲ့ ချိုးမြှင့်ခြင်းကို ခံရမယ်။ အဲဒီလို ဥပဒေရှေ့မှောက်မှာဆိုရင် ဘယ်သူမဆို မင်း ဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ် အားလုံးဟာ တန်းတူဖြစ်ရမယ်ဆိုတဲ့ သဘောဘဲ။ အဲဒီလို လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေး၌၎င်း တရားမျှတမှုရှိစေလျက် အခွင့်အရေး ဥပဒေသက်ရောက်မှုတို့တွင် ဆူကြဲနိမ့်မြင့်မရှိ ပကတိတူညီစေရမယ့်အပြင် တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနဲ့သော်၎င်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်

ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှိမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေရမယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေး ပါရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါဘဲ။ ဒီအထဲမှာ အကျဉ်းရုံးပြီး လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်လို့ ဆိုထားပါတယ်။ နောက် ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါကျရင် ဒီ့ထက်ပိုပြီးတော့ ကျကျနနနဲ့ ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ ရေးရပါလိမ့်မယ်။ အဲဒီအခါကျမှ ဥပဒေသဘောအရ ရေးဆွဲရပါလိမ့်မယ်။ ဒီမှာတော့ အကျဉ်းမျှနဲ့ဘဲ ဒီလိုအခွင့်အရေးမျိုးတွေလဲ ပေးထားရမယ်ဆိုပြီးတော့ ညွှန်ကြားခြင်းမျှ ဖြစ်ပါတယ်။ အဲဒီလို ညွှန်ကြားတဲ့နေရာမှာ ဒီလိုလွတ်လပ်မှုတွေကို ပေးတဲ့နေရာမှာ (Subject to law and public morality) တရားဥပဒေနဲ့သော်၎င်း၊ အများပြည်သူတို့ စောင့်စည်းအပ်သောအကျင့်သိက္ခာနဲ့သော်၎င်း မဆန့်ကျင်သမျှ ကျွန်တော်တို့ နောက်ကျလို့ရှိရင် တိုင်းပြည်ကလူတွေက တင်မြှောက်လိုက်တဲ့ လွှတ်တော်တို့၊ အဲဒီလွှတ်တော်တို့က တင်မြှောက်လိုက်တဲ့ လွှတ်တော်တို့၊ အဲဒီ လွှတ်တော်တို့က လုပ်ထားတဲ့ဥပဒေ၊ နောက်ပြီးတော့ ဥပဒေမလုပ်ပေမယ့် ကျွန်တော်တို့ထုံးစံမှာ မလုပ်သင့်မလုပ်အပ်တဲ့ သဘောတရားတွေ ရှိသေးတယ်။ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနဲ့သော်၎င်း မဆန့်ကျင်သမျှ၊ ဥပမာဆိုလို့ရှိရင် လွတ်လပ်ရေးရပြီ ဆိုပြီးတော့ကာ လွတ်လပ်စွာပြုမူဆောင်ရွက်ပိုင်ခွင့် ရှိတယ်ဆိုပြီးတော့ လူယောက်ကနေပြီး ကိုယ်တုံးလုံးနဲ့ လမ်းမမှာ သူရှောက်ပြီးတော့ ပြေးချင်တိုင်း ပြေးလို့ မဖြစ်ဖူး။ ဒါဟာ အများပြည်သူတို့ စောင့်စည်းအပ်တဲ့ အကျင့်သိက္ခာနဲ့ ဆန့်ကျင်နေတယ်။ အမှန်ကတော့ ဒီလို သတ်မှတ်ထားတာ မရှိဘူးဆိုရင် ပြုမူဆောင်ရွက်ပိုင်ခွင့်ရှိတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ ကြည့်နေရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ ဘယ်သူ့မှလည်း သွားမထိခိုက်ဘူး။ သူ့ဟာသူ လွတ်

လွတ်လပ်လပ်နဲ့ ပြုမူဆောင်ရွက်ပိုင်ခွင့်အတိုင်း လုပ်တာဖြစ်နေတယ်။ ဒီလိုဟာမျိုးမှာ အဲဒီလို တရားလွန်လာတဲ့ ကိစ္စမျိုးတွေကျတော့ အများပြည်သူတို့ စောင့်စည်းအပ်တဲ့ အကျင့်သိက္ခာနဲ့ ဆန့်ကျင်တယ်ဆိုလို့ရှိရင် ဒီလိုနေရာမျိုးမှာ လွတ်လပ်မှုဆိုတိုင်း တကယ့်လွတ်လပ်မှု မခေါ်နိုင်ဘူး။ လွတ်လပ်မှုဟာ အမှန်စင်စစ် စည်းကမ်းရှိမှ လွတ်လပ်မှုဖြစ်နိုင်တယ်လို့ ကျွန်တော်ယူဆတယ်။ အဲဒီလို စည်းကမ်းသတ်မှတ်ပြီးတော့ လူတိုင်းလူတိုင်း လွတ်လပ်မှုတွေကို သတ်မှတ်ပေးပါဆိုပြီးတော့ ဒီအဆိုမှာ ညွှန်ကြားထားခြင်း ဖြစ်ပါတယ်။ အဲဒီလိုပြီးတဲ့နောက် အမှတ်(၅) 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ လူနည်းစုများအဖို့ လုံလောက်သောကာကွယ်ခြင်းများ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။' အဲဒီမှာလဲ ကျွန်တော်တို့ လူမျိုးရေးအတွက် လူနည်းစုဆိုတာ ရှိပါသေးတယ်။ ဒီတော့ သူတို့တတွေအတွက် လုံလောက်တဲ့ ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းဘို့ လိုပါတယ်။ ဘယ်လို ထည့်ရင်တော့ လုံလောက်မယ်။ ဘယ်လို ထည့်ရင်တော့ မလုံလောက်ဖူးဆိုတဲ့ ကိစ္စအရပ်ရပ်ကို ကျွန်တော်တို့ နောက်ကော်မီတီတွေ ဖွဲ့စည်းပြီးတော့ ဆွေးနွေးတဲ့အခါကျတော့ အသေးစိတ်ဆွေးနွေးဘို့ ဖြစ်ပါတယ်။ ဒီမှာတော့ မူအားဖြင့် ကျွန်တော်တို့လူနည်းစုအတွက်လည်း စဉ်းစားပြီးတော့ လူနည်းစုတွေ ကာကွယ်ဘို့ အချက်တွေလဲ ထည့်ပြီးစဉ်းစားခဲ့ပါလို့ မှာတဲ့သဘောပါဘဲ။ အမှန်ကတော့ ဒီအဆိုဟာ နောက်ဖွဲ့စည်းမယ့် ကော်မီတီတွေကိုမှာတဲ့ စကားတွေသာ ဖြစ်ပါတယ်။ ဘာတွေ ဘာတွေ လုပ်လာခဲ့ပါဆိုတဲ့ သဘောတွေ့ါဘဲ။

နံပတ်(၆)ကတော့ 'လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သမတမြန်မာနိုင်ငံတော်၏ နယ်မြေကို တပေါင်းတစည်းတည်း တည်တန့်ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ရေ၊လေ တိုကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း တရားဓမ္မနဲ့တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရထိန်းစောင့် ထားရှိစေရမည်။ ထို့ပြင်' ဒါကတော့၊ လိုတော့လိုတယ်။ သို့သော်လဲ ကျွန်တော် ပုဂ္ဂိုလ်သဘောအရ ပြောရမယ်ဆိုရင် ဒါမျိုးကတော့ ကြီးကြီးကျယ်ကျယ် ရေးတာမျိုးပါဘဲ။ အမှန်ကတော့ ဥပဒေတတ်တဲ့ ဦးချန်ထွန်းတို့လို ပုဂ္ဂိုလ်ကြီးတွေက ကြီးကျယ်သည်ထက် ကြီးကျယ်အောင်၊ ခမ်းနားသည်ထက် ခမ်းနား

Myanmar Cupid Community PDF Creator Group

အောင် ထည့်ထားတာပါ။ ဒါတွေကတော့ သိပ်ရှင်းနေစရာ မလိုပါဘူး။ ကြည်း၊ ရေ၊လေ ဒီအထဲမှာပါတဲ့ အခွင့်အရေးတွေ ပိုင်ဆိုင်ရမယ်။ နောက်ပြီးတော့ (According to justice and International Law) ပြည်ထောင်ချင်းချင်း ဥပဒေအရ တရားဓမ္မနဲ့တကွ ထိန်းစောင့် ထားရှိရမယ်။ ကျွန်တော်တို့က တိုင်းပြည်တည်နေကြတာကိုး။ ခန့်ခန့်ညားညား တိုင်းပြည်တည်ထောင်ရမှာကိုး။ အဲဒီတော့ ကျွန်တော်တို့ဟာ ကြည်း၊ရေ၊လေ တို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကို ၎င်းတရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းစောင့် ထားရှိရမယ်။ ဒါမျိုးကတော့ ဥပဒေရေးဆွဲတဲ့အခါမှာ တခမ်းတနား ရေးရမယ့်အချက်အလက်တွေပါဘဲ။ အရေးလည်း ကြီးပါတယ်။ ခမ်းခမ်းနားနားလဲ ရေးဘို့လိုပါတယ်။

နောက် နံပါတ်(၇)က 'ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကျက်သရေနဲ့ လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်ပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာ ပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင် အချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာတို့ကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။' ဒါကတော့ ဥဒါန်းကျူးရင့်တဲ့ သဘောမျိုးပါဘဲ။ ငါတို့ နိုင်ငံတော်ကြီးဟာ ကမ္ဘာကြီးရဲ့အလယ်မှာ လူသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာတို့ကို လုပ်ရော၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို တည်ထောင်ပြီး အမြဲတမ်း စောင့်ထိန်းမည်ဆိုတဲ့ဟာပါဘဲ။ ဒါကတော့ နိုင်ငံတကာတိုင်း ကြီးကြီးကျယ်ကျယ် ပြောတဲ့စကားတွေဘဲ။ တကယ်လုပ်သလားဆိုတော့ သိပ်မလုပ်ကြပါဘူး။(ရယ်မောကြသည်။)

ဒါကတော့ ကျွန်တော်တို့ လူများ ကြည့်ကောင်းအောင်၊ ကမ္ဘာက ကြည့်ကောင်းအောင် ထည့်ရမယ်။ ဖတ်လိုက်ရလို့ရှိရင် ပါးစပ်ထဲမှာ ပြည့် ပြည့်သွားအောင် လုပ်ထားတာဘဲ။ တောကလူတွေ ဖတ်လိုက်ရင်တော့ ဘာမှ

နားလည်မှာ မဟုတ်ဖူး။ (ရယ်မောကြသည်။) အရေးကြီးတာကတော့ နံပါတ် ၁၊ ၂၊၃၊၄၊၅။ ကျွန်တော်တို့ နံပါတ် ၁–က ၅–အထိ ကျွန်တော်မြင်သလောက် (The most practical points.) ဒါက တကယ့်အသုံးအဝင်ဆုံး အချက်အလက်တွေ ဖြစ်နေတယ်။ ဒီအသုံးဝင်တဲ့ အချက်တွေဟာ ဒီအဆိုထဲမှာ ပါတယ်။ ၆–နဲ့ ၇–ကတော့ အမှန်စင်စစ် စကားတွေကြည့်ကောင်းအောင် ခန့်ခန့်ညားညား သုံးထားခြင်းဘဲလို့ တနည်းဆိုနိုင်ပါတယ်။ ဒီတော့ ကျွန်တော်တို့ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ကနေပြီး ဗမာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲဘို့ အဖွဲ့အသီးသီး ခန့်တဲ့အခါမှာ ဒီအတိုင်း စဉ်းစားပြီး၊ ဒီအချက်တွေကို စဉ်းစားပြီး၊ ခင်ဗျားတို့ အကြံညဏ်တွေ ယူလာခဲ့ပါလို့ မှာလိုက်ဖို့အတွက် ဒီအဆိုကို သွင်းရခြင်း ဖြစ်ပါတယ်။ ဒီအဆိုကို စဉ်းစားလိုက်မယ်ဆိုရင် အခြေခံအချက်တွေ ပါပေမယ့် ဒီအခြေခံအချက်တွေ ပြည့်ပြည့်စုံစုံ ထည့်ထားတာ ရှိတယ်။ ပထမ ၁–အချက်မှာဆိုရင် လွတ်လပ်တဲ့အခါ အာဏာပိုင် သမတနိုင်ငံ လုပ်ရမယ်။ အချုပ်အခြာအာဏာပိုင် သမတနိုင်ငံဖြစ်ရမယ်။ နောက်ပြီးတော့ ဗမာနိုင်ငံကို ပြည်ထောင်စု နိုင်ငံတော် ခေါ်ဘို့ အဲဒီမူတခု ပါတယ်။ မူအားလုံး ၄–ခု ပါတယ်။ လွတ်လပ်တဲ့နိုင်ငံတော် ဖြစ်ရမယ်။(Independence.) အချုပ်အခြာ အာဏာပိုင်ရမယ်။(Sovereignty.) နောက်ပြီးတော့ သမတနိုင်ငံ ဖြစ်ရမယ်။ (Republic) အဲဒါနောက်ပြီးမှတခါ ပြည်ထောင်စုနိုင်ငံ ဖြစ်ရမယ်။ အဲဒီတော့ မူ ၄–ခု ရှိပါတယ်။ အဲဒီမူ ၄–ခုကို အပိုဒ် (၁)ထဲမှာ အကုန်သွင်းထားတယ်။ သွင်းထားတော့ကာ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါ ဒီမူ ၄–ခုကို အခြေခံထားပြီး ရေးဆွဲပါလို့ မှာခြင်းဖြစ်တယ်။ အဲဒီမူ ၄–ခုနဲ့ ကျွန်တော်တို့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ကြေညာမယ်ဆိုတာ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ကနေပြီး သဘောကျတယ်၊ ကျေနပ်တယ်၊ မကျေနပ်ဖူး စဉ်းစားဘို့။ နောက်ပြီး သမတနိုင်ငံအဖြစ် ဖွဲ့စည်းဘို့ဆိုတာ သဘောကျတယ်၊ မကျဘူး ဆုံးဖြတ်ဖို့။ နောက်ပြီး ပြည်ထောင်စု နိုင်ငံတော် ဖွဲ့စည်းဘို့လည်း ဖွဲ့စည်းထိုက်၊ မဖွဲ့စည်းထိုက် ဆိုတာ ဆွေးနွေးဘို့ပါဘဲ။ အဲဒါပြီးမှ ဒုတိယအချက်က ဒီပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ် ဘယ်နယ်တွေပါလို့ ဘယ်လို

အာဏာရှိရမယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားလာပြီး တင်ပြပါလို့ မှာလိုက်ခြင်း ဖြစ်တယ်။ ဒီအချက်မှာ တော်တော်ဘဲ အရှင်လုပ်ထားတယ်။ ဘာဖြစ်လို့လဲ ဆိုရင် ဒီအချက်ထဲမှာ ဘာမှ တိတိကျကျမှုရယ်လို့ မရှိဘူး။ မူက ဘာလဲဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ပေးရမယ်ဆိုတဲ့မူပါဘဲ။ ဘယ်လိုပေး၊ ဘယ် လောက်ပေးဆိုတာ ဘာမှ မပါဘူး။ ခင်ဗျားတို့ စဉ်းစားပေးပြီး လာခဲ့ကြပါဆိုတဲ့ သဘောမျိုးနဲ့ အရှင်လုပ်ထားပါတယ်။ ဘယ်ပြည်နယ်တွေ ပါသင့်တယ် ဆိုတာ ဘဲ အရှင်လုပ်ထားပါတယ်။ ကျွန်တော်တို့ မူလ ဖ၊ဆ၊ပ၊လ ညီလာခံမှာ တင်တဲ့ အဆိုမှာတော့ နယ်တွေဖော်ပြထားပါတယ်။ အဲဒါ ကျွန်တော်တို့ အမှတ်တမဲ့ ထည့်ထားမိတာပါဘဲ။ နောက် ပြန်စဉ်းစားကြည့်တော့မှ ပြည်ထောင်စုနိုင်ငံထဲ ဒီနယ်တွေ ဝင်ပြီးသား ဖြစ်သွားမလားဆိုပြီး စဉ်းစားမိတာနဲ့ ဖြုတ်ပစ်ခဲ့ပြီး အခု လို သာမည ဆိုထားခြင်း ဖြစ်ပါတယ်။ ၃–ကတော့ 'အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော သမတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ် များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။' ဒီမှာတော့ မူက တိုင်းသူပြည် သားများဟာ အချုပ်အခြာ အာဏာပိုင်တဲ့လူတွေဘဲဆိုတဲ့ မူကို ထည့်ထားခြင်း ဖြစ်ပါတယ်။ ဒီမူအရ ကျွန်တော်တို့နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲတဲ့အခါ ဒီမူသဘောမျိုးနဲ့ အကြံဉာဏ်တွေ ရေးဆွဲလာခဲ့ပါဆိုပြီး မှာထား ခြင်း ဖြစ်ပါတယ်။

နောက် အချက်၄–က 'ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းသူပြည် သား မှန်သမျှသည် လူမှုရေးဋ္ဌရေး၊ စီးပွားရေးဋ္ဌရေး၊ နိုင်ငံရေးဋ္ဌရေး တရားမျှတ မှုရှိစေလျက် အဆင့်အတန်း အခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံ နိမ့်မြင့်မရှိ ပကတိတူညီစေရမည့်ပြင်၊ တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူ တို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်၎င်း မဆန့်ကျင်သမျှ လွတ်လပ် စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ

ဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။' ဒါကတော့ ကျွန်တော်တို့ ဒီအထဲမှာ မူတွေကတော့ လူမှုရေး၌ တရားမျှတမှု ရှိစေခြင်းမူ၊ စီးပွားရေး တရားမျှတမှု ရှိစေခြင်းမူ၊ နိုင်ငံရေး တရားမျှတမှု ရှိစေခြင်းမူ၊ အဆင့်အတန်းတွင် ဆူကြုံနိမ့်မြင့် မရှိ ပကတိတူညီစေရမည့်မူ၊ ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိ ပကတိတူညီစေရမည့်ပြင် တရားဥပဒေနဲ့သော်ငြင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနဲ့သော်ငြင်း မဆန့်ကျင်သမျှ ပြည်သူတို့ရဲ့ လွတ်လပ်ခွင့်များ ရရှိဘို့မူ ၇–မူ ပါဝင်ပါတယ်။ အဲဒီမူ ၇–မူရဲ့ အခြေခံ သဘောတရား ၇–ချက်ပေါ်တွင် အခြေခံပြုပါလို့ ဒီအမှတ် ၄–က ဆိုထားခြင်း ဖြစ်ပါတယ်။ အမှတ် ၅–ကတော့ 'ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမယ်' ဆိုတာကတော့ ယခုတင်က အချက် ၂–ရဲ့ သဘောမျိုးလိုဘဲ။ သာမညလောက်ဘဲ ဆိုထားလိုက်တာဘဲ။ လူနည်းစုတွေအဖို့လဲ လုံလုံလောက်လောက် ထည့်သွင်းလာခဲ့ပါဆိုတဲ့ သဘောမျိုးလောက်ဘဲ ဆိုလိုက်ခြင်း ဖြစ်ပါတယ်။ ဘယ်အချက်ကို ဘယ်လိုထည့်ပါ၊ ဘာလုပ်ပါဆိုတာ ဒီအထဲမှာ ကျွန်တော်တို့ မထည့်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီကိစ္စဟာ အထူးတလည်ဘဲ ရေရေလည်လည် ဆွေးနွေးစဉ်းစားရမယ့် အချက်တွေဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့အဖို့မှာ အထူးရှင်းစေချင်တာက ဒီလူနည်းစုတွေအပေါ်မှာ အရှင်းဆုံးစိတ် ထားပါတယ်။ မလိမ့်တပတ်ဖြစ်စေ၊ ခြေရှုပ်လို့ဖြစ်စေ၊ ဘယ်လိုဘဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ လက်တလုံးခြားအားဖြင့် လူနည်းစုတွေအပေါ်မှာ မတရားလုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်စေတနာ အလျဉ်းမရှိဘဲနှင့် သူတို့ပြောဆိုချင်တာ၊ သူတို့တင်ပြချင်တာတွေ တင်ပြပြီးတော့ကာ လုံလောက်တဲ့ ကာကွယ်ချက်တွေ ဟုတ်တယ် မဟုတ်ဖူး၊ တရားသဖြင့် အခွင့်အရေးတွေ ဟုတ်တယ် မဟုတ်ဖူး၊ ဒါတွေကို စီစစ်ပြီးတဲ့နောက် ရေရေလည်လည် ဆွေးနွေးခွင့်ရပြီးတဲ့နောက်မှ ကျွန်တော်တို့ သဘောတူညီလို့ဖြစ်စေ။ ကျွန်တော်တို့ ဆုံးဖြတ်တဲ့အခါမှာ ဒီလောက်ဘဲ ရနိုင်မယ်၊ ဒီထက် ပိုမရနိုင်ဘူးလို့ ပြောတဲ့အခါမှာ ဒီလို ရေရေလယ်လယ် ဆွေးနွေးပြီးတဲ့အခါကျမှသာလျှင် သဘောတူလို့ဖြစ်စေ၊ အဲဒီလို လုပ်ဖို့ပါ

ဘဲ။ ဒီမှာ လူနည်းစုအတွက် ကာကွယ်ချက်များဆိုပြီး ပါရုံလောက်ဘဲ ပါတယ်။ တသီးတခြား ဖော်ပြခြင်း မရှိပါဘူး။ ဒီအတိုင်း အမှာသဘောဖြစ်တဲ့ ဒီအဆိုကို တင်သွင်းတဲ့အခါမှာ အခုဖြစ်နေတဲ့ ဗမာပြည်မှာ လက်ငင်းအခြေအနေကို အနည်းငယ် သုံးသပ်ဖို့လိုပါတယ်။ အခုလက်ငင်းဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေအနေဆိုရင် အခု ဖွဲ့စည်း စည်းဝေးနေတဲ့ တိုင်းပြည်ပြုလွှတ်တော်ကြီးဟာ အချုပ်အခြာ အာဏာပြည့်စုံတဲ့ လွှတ်တော်လို့ ယူဆတယ်။ ဒီအတိုင်းလဲ ဆောင်ရွက်နေတယ်။ ဒီလို ဆောင်ရွက်နေတဲ့အခါမှာ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး တော့ကာ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ဆုံးဖြတ်ပြီးတဲ့နောက် လွတ်လပ်တဲ့ နိုင်ငံတည်ထောင်ဘို့ ရောက်တဲ့အခါကျတော့ တကယ့်လက်တွေ့ ရောက်တဲ့အခါကျတော့ အာဏာဟာ ဒီတိုင်းပြည်ပြုလွှတ်တော် လက်ထဲမှာ မရှိသေးဘူး။ ဘာဖြစ်လို့ မရှိသေးသလဲဆိုရင် ဒီတိုင်းပြည်ကို အုပ်ချုပ်နေတာ ဘိလပ်ပါလီမန်က အုပ်ချုပ်နေတယ်။ ဒီလို ဘိလပ်ပါလီမန်ကနေပြီး ဒီတိုင်းပြည် အပေါ်မယ် အချုပ်အခြာ အာဏာပိုင်တဲ့ သဘောမျိုးအဖြစ်နဲ့ စိုးမိုးအုပ်ချုပ်ခြင်း ခံနေရတော့ ဘိလပ်ပါလီမန်က အုပ်ချုပ်နေခြင်း ရပ်စဲပစ်ရမယ်။ ရပ်စဲပြီးတဲ့နောက်မှ ကျွန်တော်တို့တိုင်းပြည်ဟာ အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်အဖြစ် ရောက်မယ်။ အခု ကျွန်တော်တို့ The Status of the Constituent Assembly is that of a Sovereign body. အဆင့်အတန်းအားဖြင့် ဒီတိုင်းပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာအာဏာနဲ့ ပြည့်စုံတဲ့ လွှတ်တော်လို့ ယူဆတယ်။ သို့သော်လဲ အာဏာပါဝါကျတော့ မရှိသေးဘူး။ အခွင့်အရေးကတော့ မရှိသေးဘူး။ ဥပမာ ဒီတိုင်းပြည်ပြုလွှတ်တော်ထဲမှာ ပြောတဲ့စကားတွေဟာ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်တယ်လို့ ကျွန်တော်ယူဆတယ်။ ယူဆထားပေမင့် ယူဆငြားသော်လဲ Legal Sanction ခေါ်တဲ့ ဥပဒေအခွင့်အရေးအာဏာ ရှိသလားဆိုတော့ အဲဒီလိုတော့ဖြင့် မရှိဘူး။ အဲဒီအတိုင်းဘဲ ကျွန်တော်တို့ တင်သွင်းဆုံးဖြတ်တဲ့ ကိစ္စတွေကိုလဲ ဆုံးဖြတ်တော့ ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်တဲ့နေရာမှာ ဘယ်သူမှလာပြီး မတားဆီးနိုင်ဘူး။ မနှောင့်ယှက်နိုင်ဘူး။ လွှတ်တော်ထဲမှာရှိတဲ့ အမတ်တွေက လွဲရင် ဘယ်သူမှ မတားဆီးနိုင်ဘူး။ မနှောင့်ယှက်နိုင်ဘူး။ ကျွန်တော်တို့ကိုယ်

Myanmar Cupid Community PDF Creator Group

တိုင် ဆုံးဖြတ်နိုင်တယ်။ ဒီလွှတ်တော်မှာဆိုရင် ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ ရှင်ဘုရင်ဘဲ။ သူ အာဏာအရှိဆုံးဘဲ။ သူကနေပြီး ဟောဒီ အစည်းအဝေးလုပ်တဲ့ နေရာတွေမယ် အဆုံးအဖြတ်သဘောမျိုးနဲ့ ကြည့်ရှုဆုံးဖြတ်သွားရမယ်။ သူ့ အဆုံးအဖြတ်ကို ကျွန်တော်တို့ နားထောင်ရမယ်။ အဲဒီတော့ကာ ဒီလွှတ်တော်မှာ အမတ်တွေ ဘာမဆို ဆုံးဖြတ်ချင်တာ ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်ပြီးတဲ့နောက် ဆုံးဖြတ်ချက်အတိုင်း ဒီအတိုင်းဖြစ်အောင်ဆိုတဲ့ ကိစ္စကတော့ ဒီအခါကျလို့ရှိရင် ဘိလပ်ပါလီမန်က အဲဒီလိုလိုက်ပြီးတော့ ခင်ဗျားတို့တတွေကို ကျုပ်တို့ အာဏာ လွှဲပါတယ် ဆိုတဲ့သဘောမျိုး ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဘယ်လိုဥပဒေနဲ့ဖြစ်ဖြစ် လုပ်ရလိမ့်မယ်။ အဲဒါကတော့ ရိုးရိုးနည်းအတိုင်း ဖြစ်ပုံကို ကျွန်တော်ပြောပြတာ ပါ။ ဒါက တယောက်နဲ့တယောက်၊ တဦးနဲ့တဦး၊ တနိုင်ငံနဲ့တနိုင်ငံ အကျယ် အကျယ် စကားမများကြဘဲနဲ့ မိတ်ဆွေသဘောအားဖြင့် တဦးကိုတဦး အာဏာ လွှဲပြောင်းပေးမယ့် အခြေအနေမျိုး ဖြစ်ရမယ့်သဘောမျိုးကို ပြောပြခြင်း ဖြစ်ပါ တယ်။ အဲဒီတော့ အဲဒီလို အာဏာလွှဲပြောင်းတဲ့ကိစ္စမှာ စကားများပြီး အကျယ် အကျယ် ဖြစ်လာရရင် အာဏာလွှဲပြောင်းမှု အခက်အခဲတွေ ပေါ်လာရင်တော့ ဒို့ပြင် တနည်းတလမ်း စဉ်းစားတန် စဉ်းစားရလိမ့်မယ်။ ဒီလိုစဉ်းစားတဲ့အခါမှာ ဥပမာ တိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ ကျုပ်တို့ဟာ အချုပ်အခြာ အာဏာ ပိုင်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ကျုပ်တို့ အဲဒီအာဏာတွေကို ယူရမယ်ဆိုပြီး အတင်းယူတဲ့ တနည်းလဲ ရှိပါသေးတယ်။ သို့သော်လဲ အခုအဆိုသွင်းနေတဲ့ ကိစ္စကတော့ ဒီလို အတင်းယူဘို့ကိစ္စကို ကျွန်တော် မတိုက်တွန်းသေးဘူး။ ဘာ ကြောင့် မတိုက်တွန်းသေးသလဲဆိုရင် တိုင်းပြည်တပြည်လုံးမှာဖြစ်နေတဲ့ အခြေ အနေတွေကို ထောက်ထားပြီးတော့ အသာအယာအားဖြင့် မိတ်ဆွေသဘောနဲ့ အာဏာလွှဲပြောင်းယူသွားနိုင်ဘို့ ကျွန်တော်တို့ လအနည်းငယ် စောင့်ဆိုင်းပြီး တော့ လုပ်ကိုင်ကြရမယ်။ လအနည်းငယ်စောင့်ဆိုင်းပြီးတော့ ဒီအတိုင်း အကြည် အသာ အာဏာလွှဲပြောင်းမှုရအောင် လုပ်ရမယ်ဆိုတဲ့သဘောမျိုးနဲ့ ကျွန်တော် ဒီ အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ အကယ်၍သာ ဒီလို ကြည်ကြည်သာသာ မိတ်ဆွေသဘောမျိုးနဲ့ အာဏာလွှဲပြောင်းပေးမှုကို မလိုလားဘူးဆိုရင် အခု ဒီ

တိုင်းပြည်ပြုလွှတ်တော်ကြီးမယ် ပထမဆုံး အဆိုသွင်းကထဲက ကျွန်တော်တို့ တမျိုး သွင်းလာခဲ့မှာဘဲ။ ဘယ်လိုအဆို သွင်းမလဲဆိုရင် ဒီအဖွဲ့ကြီးက ယာယီ အမျိုးသားအစိုးရအားဖြင့် ဖွဲ့စည်းမယ်။ ဒါတွေကို ကျွန်တော်တို့ ဖွဲ့စည်းမယ်။ အတင်းလုပ်စရာလိုရင် အတင်းလုပ်မယ်။ ကျုပ်တို့ ဒီလိုအတင်းလုပ်တဲ့ အခါကျ တော့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရနဲ့ ဆိုလိုရှိရင် အကျယ် အကျယ် မငြိမ်းဘွယ် အနည်းနဲ့အများ ဖြစ်ရမယ်။ လက်တွေ့အားဖြင့် ပြောရ မယ်ဆိုရင် ဒီလို အငြင်းအခုန် မဖြစ်ချင်ပေမယ့် ဆယ်ရေးတရေး ကိုးရေးတရာ ဆိုသလို လုပ်ထားဘို့ ပြင်ဆင်ချက်တွေ လိုသေးတယ်။ အဲဒီတော့ လက်တွေ့ ပြင်ဆင်လုပ်စရာတွေ အပထားပြီး တခြားစဉ်းစားလိုက်မယ်ဆိုလို့ရှိရင် အကျယ် အကျယ် မငြိမ်းဘွယ်ဆိုပြီး တယောက်နဲ့တယောက် အဲဒီလို အတင်းအကြပ် ရောက်ပြီးလုပ်နေရမယ့် ကိစ္စမျိုးတွေဆိုတာ အမှန်အားဖြင့် ကျွန်တော်တို့ ဘယ် သူမဆို လိုလားမည်လဲ မဟုတ်ဖူး။ လိုလဲ မလိုလားအပ်ဖူး။ နောက် တိုင်းပြည် ရဲ့ အခြေအနေအားလုံးကိုကြည့်ပြီး အကြည်အသာအားဖြင့် အာဏာလွှဲပြောင်းလို့ ရနိုင်မယ်ဆိုလို့ရှိရင် မကောင်းဘူးလား။ အဲဒီလို အကြည်အသာဖြစ်အောင်ဆိုပြီး ဒီအဆိုကို သွင်းခြင်းဖြစ်ပါတယ်။ ဒီတော့ ဒီအဆို သွင်းတဲ့အခါကျတော့ အာဏာလွှဲပြောင်းရင် အခုဖြစ်နေတဲ့ ကမ္ဘာရဲ့အခြေအနေ၊ အင်္ဂလိပ်အစိုးရရဲ့ အခြေအနေအလုံးကို ခြုံကြည့်ရင် အကြည်အသာ ဖြစ်မှာဘဲလို့ ယူဆတယ်။ အနေးနဲ့အမြန်ဘဲ။ ဒီအနေးနဲ့အမြန်ဆိုတဲ့ ကိစ္စဟာလည်း ကျွန်တော်တို့ လုပ်တဲ့ အပေါ်မှာဘဲ တည်တယ်။ တခြားမှာလည်း တည်တယ်။ ကျွန်တော်တို့လုပ်တာ က မြန်မြန်နဲ့ကောင်းကောင်း မှန်မှန်ရှိပြီးတော့ ကျွန်တော်တို့ တစည်းတလုံး တည်း တညီတညာတည်း အင်အားတောင့်တောင့်တင်းတင်းနဲ့ ဆိုလို့ရှိရင် ယူ နိုင်တယ်။ သို့သော်လဲ တထစ်ချ မပြောလိုဘူး။ အခု လုံးဝလွတ်လပ်ရေးဆိုပြီး တော့ အဆိုထဲမှာ ဒီမူကို ထည့်လိုက်တဲ့အခါမှာ အင်မတန် အနှောင့်အယှက် တွေ့ရတယ်။ ဒီအနှောင့်အယှက်တွေကို စဉ်းစားပြီးတော့မှ ဒီအဆိုကို တင်သွင်း တဲ့အခါ အဆိုဟာ ရှေ့ကို ဘယ်လိုများဖြစ်မလဲဆိုတဲ့ အလားအလာများကို မတွေးရဲအောင် ဖြစ်နေတဲ့ အခြေအနေကို ရောက်နေပါတယ်။ ဘာပြုလို့လဲဆို

Myanmar Cupid Community PDF Creator Group

တော့ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကို ဆုံးဖြတ်ပြီးတဲ့နောက် အဲဒီအတိုင်း အတည်ဖြစ်ဖို့၊ မဖြစ်ဖို့ဆိုတာဟာ ဘယ်အပေါ်မှာ တည်သလဲဆိုလို့ရှိရင် ကျွန်တော်တို့အားလုံး အင်အားအပေါ်မှာ တည်ပြီးတော့ ကျွန်တော်တို့ ဒီတိုင်းပြည်ပြုလွှတ်တော်အဖွဲ့ကြီးကနေပြီးတော့ မိမိအဆင့်အတန်းရှိနေတဲ့ အချုပ်အခြာ အာဏာပိုင် အဆင့်အတန်းကို စကားသဘောနဲ့မဟုတ်ဘဲ ဥပဒေသဘောနဲ့ တကယ့်လက်တွေ့လက်ရောက် ဖြစ်သွားအောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ရှိဘို့ လိုပါတယ်။ အဲဒီလိုရှိနေမှသာလျှင် ကျွန်တော်တို့တိုင်းပြည်ပြုလွှတ်တော်အဖွဲ့ကြီးက ဆုံးဖြတ်ပေးတဲ့ ဆုံးဖြတ်ထားတဲ့အတိုင်း ဖြစ်မြောက်အောင်မြင်အောင်လုပ်ဘို့ ပြင်ဆင်ထားပြီးသား ဖြစ်လာပါလိမ့်မယ်။ ဒီလိုလုပ်လို့ရှိရင် အခုမြင်နေတဲ့အတိုင်းဆိုရင် အာဏာလွှဲပြောင်းပေးမှုနဲ့ပတ်သက်ပြီး အခက်အခဲတွေ အနည်းနဲ့အများ ပေါ်လာပါလိမ့်မယ်လို့ ထင်တယ်။ ကျွန်တော် ဘယ်လိုရည်ရွယ်ချက်နဲ့မှ ဘယ်သူ့အပေါ် ဘယ်လိုစိတ်ထားမှ မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုချင်ပါတယ်။ အာဏာလွှဲပြောင်းပေးတဲ့ကိစ္စမှာဆိုလို့ရှိရင် တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ်တွေကို အသုံးချမှာဘဲဆိုတာကို ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောပြထားလိုပါတယ်။ ဘာပြုလို့လဲဆိုလို့ရှိရင် ကျွန်တော်တို့ အခုနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲတဲ့နေရာမှာ အခက်အခဲတွေ ဘယ်လို လွတ်မြောက်အောင် ဖန်တီးဘို့ဆိုတာ ဒီအရေး၊ ဒီကိစ္စကလွဲရင် ဒို့ပြင် ဘာမှမရှိဘူး။ မြန်မာပြည်မမှာဆိုရင် သူတို့က ကရင်တွေကို မြှောက်ပေးမယ်။ ကျွန်တော်တို့ကတော့ အားလုံးကို စဉ်းစားပြီးသားဘဲ။ ဘယ်သူက ဘယ်သူ့ကို မြှောက်ပေး၊ မြှောက်ပေး၊ ကျွန်တော့်အဖို့မှာတော့ ကျွန်တော်တို့သွားရမယ့်လမ်းကို မှန်မှန်ကြီး သွားမယ်။ ရှပ်လို့လည်း ပိုရမှာ မဟုတ်ဖူး။ ချောက်လို့လည်း ပိုရမှာ မဟုတ်ဖူး။ ဘယ်လိုလုပ်လုပ် သွားမယ်ဆိုတဲ့လမ်းအတိုင်း မှန်မှန်ကြီး သွားမယ်။ နောက်ဆုံးတနေ့မှာ ကျွန်တော်တို့ရဲ့စိတ်စေတနာအရင်းနှင့် လုပ်ကိုင်သွားတာကို ရှုပ်ချင်တဲ့လူတွေရှိရင် သဘောအတိုင်း ရှုပ်နိုင်ကြတယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ သဘောအရပြဋ္ဌာန်းထားတဲ့အတိုင်း သွားရမှာဘဲ။ အဲဒီလိုသွားတဲ့အခါမှာလဲ ဘယ်လို အခက်

အခဲတွေနဲ့တွေ့တွေ့၊ အခက်အခဲတွေကို ကျော်နင်းပြီး သွားမယ်။ ချောက်ရင်လည်း ကျွန်တော်တို့ မကြောက်ဖူး။ မြောက်ရင်လည်း မမြောက်ဖူး။ ချော့ရင်လည်း မပျော့ဖူး။ လမ်းမှန်အတိုင်း မှန်မှန်သွားမယ်။ ကျွန်တော်တို့လိုလားတဲ့ပန်းတိုင်ထိအောင် ကျွန်တော်တို့သွားမယ်။ (ဩဘာသံများ)

ကျွန်တော်တို့ အဲဒီလိုသွားတဲ့အခါမှာ ကျွန်တော်တို့အတွက်ကတော့ စဉ်းစားပြီးသား ဆုံးဖြတ်ပြီးသားရှိလို့ ရှေ့ကို ဘယ်လိုအခက်အခဲတွေ တွေ့ရအုံးမယ်၊ ဘယ်လိုဖြစ်မယ်ဆိုတာ အားလုံး ကျွန်တော်တို့ စဉ်းစားပြီးသား ဖြစ်တယ်။ သို့သော်လဲ ကျွန်တော်တို့ တောင်တန်းဒေသဘက်က မိတ်ဆွေတွေ ရှမ်းအစရှိသည်ဖြင့် အားလုံးကိုပြောချင်တာက မိတ်ဆွေသဘောသာမက ကျွန်တော်တို့ သွေးချင်းသားချင်းဆိုရင်လည်း မှန်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရှေးကထဲက ရာဇဝင်အရ မောင်ဂိုလီယန် အဆက်အနွယ်က ဆင်းလာတဲ့လူမျိုးများ ဖြစ်ပါတယ်။ အဲဒီ သွေးချင်းသားချင်း တူနေကြတဲ့လူတွေနှင့် သွေးချင်းသားချင်း မတူတဲ့လူတွေမှာ ဘယ်သူကနေပြီးတော့ ဘယ်သူ့အပေါ်မှာ စေတနာ ပိုမယ်ဆိုတာကို သေသေချာချာ စဉ်းစားဘို့လိုတယ်။ နောက်ပြီးတချက်က ကျွန်တော်တို့ကနေပြီးတော့ အခုဆောင်ရွက်နေတဲ့ ကိစ္စဟာ ခင်ဗျားတို့ တောင်တန်းနယ်ကလူတွေအတွက် ကောင်းကျိုးအတွက်လား၊ ဆိုးကျိုးအတွက်လား စဉ်းစားဘို့လိုပါတယ်။ လွန်ခဲ့တဲ့ ၄၊၅ လတုန်းက ဘာမှ အခြေအနေမရေရာသေးတဲ့ တောင်တန်းဒေသနယ်ဆိုတဲ့နယ်တွေကို အခြေအနေတွေ ရေရေရာရာနှင့် ဖြစ်အောင် ကျွန်တော်တို့ ဝင်ရောက်ကူညီ ဆောင်ရွက်ပေးခဲ့တယ်။ နောက်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်ပြုလွှတ်တော်ထဲရောက်အောင်လဲ ကျွန်တော်တို့ဘဲ ကူညီဆောင်ရွက်ပေးခဲ့တယ်။ ဒီလိုလုပ်လာခဲ့တာတွေဟာ ကျွန်တော်တို့ စေတနာနဲ့ လုပ်တာလား ဝေဒနာနဲ့ လုပ်တာလား စဉ်းစားဘို့ လိုတယ်။ အမှောင်ထဲကနေပြီး အလင်းရောင်ထဲရောက်အောင် ဆောင်ရွက်လာတဲ့ဟာကို အလင်းရောင်က အမှောင်ထဲပြန်ရောက်အောင် ပြန်သွားချင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ တားပိုင်ခွင့် မရှိဘူး။ ကျွန်တော်တို့မြင်တဲ့အတိုင်း ပြောရရင် ကျွန်တော်တို့ကတော့ ဆွေချင်း မျိုးချင်း၊ သွေးချင်းသားချင်း ဝတ္တရားရှိလို့ ရှိသလို ဆောင်ရွက်တန်သလောက်

Myanmar Cupid Community PDF Creator Group

ဆောင်ရွက်လာခဲ့တယ်။ အလင်းရောင်က အမှောင်ထုကို ပြန်သွားချင်တယ်ဆိုရင် ကျွန်တော်တို့ မတတ်နိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့အဖို့မှာတော့ ဘယ်အထိ စေတနာတွေရှိတယ်ဆိုတာ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေ ဆွဲတဲ့နောက်မှာ လည်း စိတ်ကူးထားတာတွေ အမြောက်အမြားရှိပါသေးတယ်။ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဆိုတာဟာလဲ အမှန်စင်စစ်အားဖြင့် လူတွေရဲ့ စေတနာ၊ လူတွေရဲ့ ရည်ရွယ်ချက်၊ လူတွေရဲ့ လိုလားချက်အားလုံးကို ဘယ်နည်းနဲ့မှ ကုန် စင်အောင် မထည့်နိုင်ဘူး။ ဘယ်ဥပဒေမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ ဥပဒေမျိုး မရှိနိုင် ဘူး။ No Constitution in the world is perfect ကမ္ဘာတဝှမ်းလုံးမှာရှိတဲ့ ဘယ်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ ဥပဒေရယ်လို့ မရှိဘူး။ အမှားအယွင်းမရှိတဲ့ ဥပဒေရယ်လို့ လုံးဝမရှိသေးဘူး။ အဲဒီတော့ကာ ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေထဲမှာ လိုသမျှအချက်တွေကို အကုန်လုံး ကျွန်တော်တို့ မထည့် နိုင်ဘူး။ တချို့ဟာတွေကို ထည့်နိုင်ပေမယ့် တချို့ဟာတွေကို မထည့်နိုင်ဘဲရှိ တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို လုပ်တဲ့နေရာမှာလည်း The letter of the Constitution and the spirit of the Constitution. ၂-မျိုးရှိတယ်။ ဥပဒေမှာ စာလုံးတွေကို လိုက်ပြီးတော့ ကပ်သီးကပ်သတ် ဝိနည်းလွတ်ရုံလောက် အဓိပ္ပာယ်ကောက်တဲ့နည်းက တမျိုး။ အဲဒီဥပဒေကို လုပ်လိုက်တဲ့အခါတုန်းက Spirit of the Constitution ကျွန်တော်တို့ရှိတဲ့ စေတနာ စိတ်ထားအတိုင်း လုပ်လာတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဖတ်လိုက်တဲ့အခါမှာ ဒီဟာ လူမျိုး အချင်းချင်း ခိုင်ခိုင်လုံလုံ ညီညီညွတ်ညွတ်နဲ့ ပေါင်းသင်းသွားပြီးတော့ကာ အလုပ်လုပ်ဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါလားလို့ အဲဒီလို Spirit စိတ် ထား သဘောထားမျိုး ပေါ်လာအောင်ရေးဆွဲတဲ့ ဥပဒေမျိုးဆိုလို့ရှိရင် ဒီဥပဒေမျိုး အရ အဲဒီဥပဒေလို စိတ်ဓာတ်အရ Spirit of the Constitution.

ကျွန်တော်တို့ ဒီစိတ်ဓာတ်အတိုင်း နောက်အလုပ်လုပ်သွားတဲ့အခါကျ တော့ Extra Constitutional understanding and convention. ဒီဥပဒေတွေအပေါ်မှာ တယောက်နဲ့တယောက် နားလည်ပြီး ယုံယုံကြည်ကြည် လုပ်တဲ့လုပ်ငန်းတွေ၊ နောက်ပြီး ထုံးတမ်းစဉ်လာတွေ အမြောက်အမြား လုပ်ရ

မယ်။ ဒီအခါကျလို့ရှိရင် ကျွန်တော်တို့စေတနာကို တွေ့ရပါလိမ့်မယ်။ သို့သော် လည်း အခုအထိ ကျွန်တော်တို့ပြလာတဲ့စေတနာတွေကို ဒါတွေကိုလဲ သိစေချင် တယ်။ ဒီတော့ကာ ကျွန်တော်တို့ကတော့ သွေးချင်းသားချင်းအဖြစ်နဲ့ ဒီလို စေတနာပြခဲ့တယ်။ ဒီလိုပြတဲ့နေရာမှာလည်း ကျွန်တော်တို့ အမှောင်ကအလင်း ရောင် ရောက်သည်ထက် ရောက်အောင် စေတနာသန့်သန့်နဲ့ လုပ်ခဲ့တာပါဘဲ။ အလင်းရောင်ကနေပြီး အမှောင်သွားစေလိုတဲ့စေတနာ မရှိပါဘူး။ သို့သော်လည်း အလင်းရောင်ကနေပြီး အမှောင်ကို သွားချင်လို့ ရည်ရွယ်နေသူတွေလဲ ရှိနေပါ တယ်။ တနေ့က စာတစောင်ဖတ်လိုက်ရပါတယ်။ နယ်တနယ်က အင်္ဂလိပ် လက်အောက်ကနေပြီး လွတ်လပ်တဲ့ဗမာနိုင်ငံတော်ထဲမှာ မနေချင်ဘူးဆိုတဲ့ အဲဒီ လို အစီရင်ခံစာမျိုး ကျွန်တော်တွေ့ရတယ်။ တွေ့ရတော့ကာ ဒီလို အင်္ဂလိပ် လက်အောက် နေချင်ကြတယ်ဆိုရင်လဲ သဘောဘဲ။ အလင်းရောင်ကနေပြီး အမှောင်ထဲသွားချင်ကြတဲ့ လူတွေရှိရင်လဲ သဘောဘဲ။ ကျွန်တော်တို့က မတား ဆီးပါဘူး။ ကျွန်တော်တို့တော့ အင်္ဂလိပ်လက်အောက်မှာလဲ မနေချင်ဘူး။ ဘယ် လူမျိုး၊ ဘယ်နိုင်ငံခြား လူမျိုးလက်အောက်မှာမှ မနေချင်ဘူး။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေချင်တယ်။ (ဩဘာသံများ) ကျွန်တော်တို့ အတိအလင်း ကြေညာလိုပါတယ်။ အဲဒီတော့ အဲဒီလို လွတ်လပ်တဲ့နိုင်ငံအဖြစ်နဲ့ ကျွန်တော်တို့ နေနိုင်အောင်ဆိုပြီးတော့ ဒီအဆိုကို တင်သွင်းတဲ့အခါမှာ အလင်းရောင်ထဲမှာ နေ ချင်ကြတဲ့လူတွေဟာ ကျွန်တော့်အဆိုကို ထောက်ခံပါ။ အလင်းရောင်ကနေပြီး အမှောင်ထဲကို သွားချင်ကြတဲ့လူတွေတော့ သဘောအတိုင်းပါဘဲဆိုတာကို တင် သွင်းရင်း ကျွန်တော် ပြောခဲ့ပါတယ်။

* * * * *

နောက်ဆက်တွဲ–ဃ

# ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်း

(၁၉၄၇–ခု၊ ဇူလိုင်လ ၁၃–ရက်နေ့ ရန်ကုန် မြို့တော်ခန်းမ၌ မြွက်ကြားသော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေး ရှင်းလင်းပွဲကြီးတွင် ပြောကြားချက်)

## နယ်အသီးသီးမှာ

အစတုန်းက တိုင်းပြုပြည်ပြု လွှတ်တော်အမတ်တွေကို ကိုယ့်နယ်ဆိုင်ရာ ကိုယ့်ပရိသတ်ကို တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဘာတွေလုပ်နေတယ်ဆိုတာ အစီရင်ခံဘို့ စီစဉ်ခဲ့တယ်။ အခြားတိုင်းပြည်တွေမှာ လွှတ်တော်အမတ်တွေကို တင်မြှောက်လိုက်တဲ့အခါ လွှတ်တော်အမတ်တွေဟာ အစည်းအဝေးမရှိတဲ့အချိန် အခါမှာ ကိုယ့်နယ်ကို ကိုယ်ပြန်ပြီး လွှတ်တော်မှာ ဘာတွေလုပ်တယ်ဆိုတာကို အခြေအနေအရပ်ရပ် အစီရင်ခံရမြဲ ထုံးစံရှိခဲ့တယ်။ အဲဒီထုံးစံမျိုးအတိုင်း ဗမာပြည်မှာလဲ ဖြစ်စေချင်တဲ့အတွက် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က ရန်ကုန်–နယ်အသီးသီးကို လွှတ်တော်အမတ်တွေ ပြန်ပြီးအစီရင်ခံတဲ့အစည်းအဝေးတွေ လုပ်ပါလို့ ပြောတဲ့အခါ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်တွေဟာ ကိုယ့်နယ်တိုင်းမှာ ပြန်ပြီး အစီရင်ခံကြတဲ့ နိုင်ငံရေးရှင်းလင်းပွဲများ လုပ်ခဲ့ကြတယ်။

## ရန်ကုန်အတွက်

ယနေ့လဲ ရန်ကုန်တမြို့လုံးအတွက် ဖြစ်တယ်။ ကျွန်တော် နဂိုကပြောခဲ့တဲ့အတိုင်း ယနေ့ ကျွန်တော့်နိုင်ငံရေးရှင်းတမ်းဟာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် ဥက္ကဋ္ဌ

အနေနဲ့ မဟုတ်ဘဲ ရန်ကုန်မြို့နယ်တနယ်က တင်မြှောက်လိုက်တဲ့ အမတ်တယောက်အနေနဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဘာတွေလုပ်တယ်ဆိုတာ နယ်သူနယ်သားတွေသိရအောင် အစီရင်ခံဘို့ အဓိကရည်ရွယ်ချက်ထားပြီး ပြောဘို့ဘဲ။

## ဒိုမီနီယန်ဆိုတာ

ကနေဒါ၊ တောင်အာဖရိကစတဲ့ နိုင်ငံတွေကတော့ သွေးတူသားတူ ဖြစ်တယ်ဆိုပြီး အကုန်လုံး မျက်နှာဖြူလူမျိုးတွေ ဖြစ်ကြတော့ သူတို့အဖို့မှာ အင်္ဂလိပ် ရှင်ဘုရင်ကို သူတို့ဘုရင်အဖြစ် ထားကြတယ်။ ဒိုမီနီယန်သဘောကတော့ အင်္ဂလိပ် ရှင်ဘုရင်ထားဆို အင်္ဂလိပ်နဲ့တအိမ်ထောင်ထဲ သဘောထားပြီး နေရတဲ့ဟာဘဲ။ ဥပဒေသဘောအားဖြင့် မျိုးတူရင် သူ့တိုင်းပြည် သူအုပ်ချုပ်သွားတယ်။ အဲဒီလို အုပ်ချုပ်တဲ့အခါမှာ တိုင်းပြည်မှာရှိတဲ့ လွှတ်တော်တွေဟာ အာဏာရှိတယ်။

## ကျွန်တော်တို့နိုင်ငံ ဘာလဲ

ကျွန်တော်တို့တိုင်းပြည်မှာ ကျွန်တော်တို့ရတဲ့အစိုးရက လက်တွေ့လုပ်တဲ့နေရာမှာ လုပ်နိုင်တယ်။ ကျွန်တော်တို့ အဆင့်အတန်းမှာ ကျွန်တော်တို့ အာဏာရှိတဲ့ အဆင့်အတန်း မဟုတ်ဖူး။ နိုင်ငံခြားနဲ့ ဆက်သွယ်တဲ့နေရာမှာ ကျွန်တော်တို့တိုင်းပြည်ကို တခြားနိုင်ငံက မေးတဲ့အခါမယ် သမတနိုင်ငံလား၊ လွတ်လပ်သောနိုင်ငံလား၊ ဒိုမီနီယန်နိုင်ငံလားလို့မေးရင် ဘယ်လိုဖြေရမလဲ မသိဘူး။ ဘယ်လိုခေါ်ရမလဲဆိုတာ ပြန်ဖြေရရင် အစိုးရရဲ့ အခြေအနေအရ မရေရာလို့ မဖြေနိုင်ကြောင်း ပြောရမှာဘဲ။ အိန္ဒိယပြည်မှာတော့ ဩဂုတ်လမှာ ဒိုမီနီယန်ဖြစ်သွားရင် သူတို့အစိုးရ အဆင့်အတန်းဟာ ကျွန်တော်တို့အစိုးရ အဆင့်အတန်းထက် မြင့်သွားမယ်။ သူတို့နယ်တွေမှာ ပေါ်လာမယ့် တိုင်းပြည်ပြု လွှတ်

တော်တွေမှာ အချုပ်အခြာအာဏာနဲ့ ပြည့်စုံမယ့် လွှတ်တော်တွေဖြစ်တယ်။ အဲဒီ တိုင်းပြည်ပြုလွှတ်တော်က ရေးဆွဲမယ့်ဥပဒေတွေကို ချက်ချင်း အတည်ဖြစ် အောင် လုပ်နိုင်တဲ့ အခြေအနေရှိတယ်။ အဲဒီလို အိန္ဒိယပြည်က တပန်းသာတာ ရှိမယ်။ အဲဒီနေရာမှာ (ဗမာပြည်) တိုင်းပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာ အာဏာမရသေးဘူး။ အချုပ်အခြာအာဏာကို ရအောင်လုပ်တဲ့နေရာတွေလဲ ရှိပါ သေးတယ်။ ဥပဒေသဘောပြောရင် အချုပ်အခြာအာဏာ မရသေးဘူး။ အချုပ် အခြာအာဏာသဘောဖြစ်တဲ့ အဆင့်အတန်းကိုတော့ ရတယ်။

## လုံးဝလွတ်လပ်ရေးသို့

အဲဒီတော့ ကျွန်တော်တို့ လွတ်လပ်ရေးကိစ္စနဲ့ ပတ်သက်လို့ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီးက ၁၉၄၆–ခုနှစ် ဇန်နဝါရီလာမှာ ကျင်းပခဲ့တဲ့ ပထမဦးဆုံး ညီလာ ခံသဘင်ကြီးက ဗမာပြည်ဟာ လုံးဝလွတ်လပ်ရေး လိုချင်တယ်။ ဘယ်လိုအဆင့် အတန်းမှ မလိုချင်ဘူးလို့ ဆုံးဖြတ်ခဲ့တာဟာ သိတဲ့အတိုင်းဘဲ။ လွန်ခဲ့တဲ့မေလ က ဖ၊ဆ၊ပ၊လ ပြင်ဆင်မှုပဏာမညီလာခံသဘင်မှာ အချုပ်အခြာအာဏာနဲ့ ပြည့် စုံတဲ့ သမတနိုင်ငံ ထူထောင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ တိုင်းပြည်ပြုလွှတ်တော် မှာ ကျွန်တော်ကိုယ်တိုင် တင်သွင်းဆုံးဖြတ်ခဲ့တဲ့ အချုပ်အခြာ အာဏာပြည့်စုံတဲ့ သမတနိုင်ငံ ထူထောင်ဘို့ ဆုံးဖြတ်ပြီးပြီ။

## တနှစ်မစေ့သေးဘူး

ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က အလုပ်လုပ်တာဟာ အင်မတန်ရှင်းတယ်။ အဲဒီ လိုဖြစ်တဲ့အတိုင်း လုံးဝလွတ်လပ်ရေးရအောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့အတိုင်း၊ တိုင်း ပြည်က သိတဲ့အတိုင်း၊ တနှစ်အတွင်း လုံးဝလွတ်လပ်ရေးရအောင် လုပ်နေတာ ဘဲ။ တနှစ်လဲ မစေ့သေးဘူး။ တနှစ်ဆိုသော်လဲ အလျော့အပေါ့ နည်းနည်းပါး ပါးရှိမယ်။

Myanmar Cupid Community PDF Creator Group

## ဘာအပြစ်ရှိလို့လဲ

တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည် လုံးဝလွတ်လပ်ရေးရအောင် မလုပ်နိုင်လို့ရှိရင် ကတိဖျက်တယ် ပြောနိုင်တယ်။ အဲဒီအချိန်အခါအထိ လွတ်လပ်ရေးကို အေးအေးချမ်းချမ်းရအောင် ကြိုးစားနေတယ်။ လုပ်ငန်းကို အောင်မြင်သည် မအောင်မြင်သည်ကို ယခုအခါ မပြောနိုင်သေးဘူး။

လုပ်ငန်းမပြီးသေးဘူး။ ခင်ဗျားတို့ ပြီးတဲ့တနေ့မှာ အောင်သလား၊ မအောင်သလား တွေ့ရမယ်။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ဟာ ဘယ်လိုအဖွဲ့ချုပ်လဲဆိုတာ မြင်လာမယ်။ အခုအခါ ကြီးကြီးကျယ်ကျယ် မပြောလိုဘူး။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ဟာ သွေဖယ်ပြီးလုပ်တာ မရှိဘူး။ သို့သော်လဲ အဲဒီလို လွတ်လပ်ရေးရအောင်လုပ်တဲ့နေရာမှာ အလွယ်ဆုံး အကောင်းဆုံး အအေးဆုံးနည်းနဲ့ရအောင် ကျွန်တော်တို့ လုပ်နေတယ်။ ကျွန်တော်တို့မှာ ဘာအပြစ်ပြောစရာရှိသလဲ။ ဘယ်သူတွေက ဘာကြောင့် အပြစ်တင်ရသလဲ။ အဲဒီလို လုပ်တဲ့နေရာမယ် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က ဒိုမီနီယန်ဘဲ လက်ခံတော့မလိုလို ပြောဆိုရေးသားနေကြတယ်။ ခင်ဗျားတို့ တိုင်းပြည်က ယုံချင်ယုံနိုင်တယ်၊ မယုံချင် နေနိုင်တယ်။

## သတင်းစာတွေ နားမလည်ဘူး

ဒိုမီနီယန်ကိစ္စနဲ့ပတ်သက်လို့ ပြောတဲ့လူတွေ ရေးတဲ့လူတွေဟာ နားလည်လို့ ပြောတာ ရေးတာ မဟုတ်ဖူး။ ဗမာပြည်မှာ နိုင်ငံရေးသမားတွေ၊ သတင်းစာဆရာတွေလုပ်နေကြတာတွေဟာ သူတို့ နားမလည်တာတွေ အများကြီးရှိတယ်။ နားမလည်ဘူးလို့ ပြောလိုက်တော့ ခံချင်မှာမဟုတ်ဖူး။ မခံချင်လောက်အောင် မှန်နေတော့ မခံချင်ဖြစ်တာဘဲ။ အဲဒါကို ကျွန်တော်က ရဲရဲကြီး ပြောလိုက်တယ်။ အဲဒီလိုလုပ်တဲ့ နိုင်ငံရေးသမားနဲ့ သတင်းစာဆရာတွေ အများကြီးရှိတယ်။ ကျွန်တော်ဟာ ဒီကိစ္စကို အချိန်ရရင် အပတ်စဉ်လိုလို နေ့စဉ်နေ့တိုင်းလိုလို တိုင်းပြည်ကို အမြဲရှင်းပြချင်တယ်။ အချိန်မရလို့ မရှင်းနိုင်ဘူး။ အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ သတိထားစေချင်တာက ဖ၊ဆ၊ပ၊လ အဖွဲ့

ချုပ်ဟာ ဘယ်လို ဖ၊ဆ၊ပ၊ လဲဆိုတာ ရာဇဝင်နဲ့ ပြန်ကြည့်စေချင်တယ်။ လူတွေကိုလဲ ရာဇဝင်နဲ့ ပြန်ကြည့်စေချင်တယ်။ ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့တွေ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ မာတိကာကို တင်ပြီး စဉ်းစားကြပါ။ ဘယ်လိုလူတွေ ဘယ်လိုအဖွဲ့တွေဆိုတာ တွေ့လာရမယ်။

လွန်ခဲ့တဲ့နှစ်ကစပြီး လွတ်လပ်ရေးစခန်း ဘယ်အထိ တက်လာသလဲ အစရှိသဖြင့် အချက်အလက်တွေ မြင်ရမယ်။ တိုင်းပြည် ပြန်လည်ထူထောင်ရေးမှာ တဆင့်တက်သလား။ လွတ်လပ်ရေးလုပ်ငန်း တဆင့်တက်လာတာတွေ ရက်များမကြာမီ မြင်ရမယ်။ ကျွန်တော် အခုအစိုးရနဲ့ ဟိုတုန်းကအစိုးရတွေကို ယှဉ်ကြည့်ရင် မတူဘူးဆိုတာ ကျွန်တော် ရဲရဲကြီးပြောရဲတယ်။ အခုအစိုးရအဖွဲ့ထဲမှာ လပ်စားတဲ့လူ မရှိဘူး။ ယခင်အစိုးရတုန်းက ကျွန်တော် တည့်တည့်လင်းလင်း ပြောရဲတယ်။ လပ်စားတဲ့လူတွေ ရှိတယ်။ ဒီလူတွေရဲ့ပါတီ ပြန်ပြီးအာဏာရအောင်လုပ်နေတာကို တိုင်းပြည်အတွက် စေတနာပါသည်ဖြစ်စေ တိုင်းပြည်ရဲ့ ရန်သူနံပတ် ၁ ဖြစ်တယ်။ ခင်ဗျားတို့ထောက်ခံရင် ခင်ဗျားတို့လည်ပင်း ကြိုးတပ်ရာရောက်မယ်။

## တနှစ်လောက်စောင့်ကြည့်

ကျွန်တော်တို့အစိုးရဟာ တိုင်းပြည်လူထုက ထောက်ခံလို့ ဖြစ်လာတဲ့ အစိုးရဖြစ်တယ်။ တိုင်းပြည်လူထုက မကြည်ညိုဘူးလို့သိလာတဲ့တနေ့မှာ တွယ်ကပ်မနေဘူး။ ထွက်ပေးမယ်။ သို့သော် တနှစ်လောက် စောင့်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဘယ်လိုလူစားလဲဆိုတာ သိလိမ့်မယ်။ ရာဇဝင်မှာ အဆဲခံရမယ့် လူစားမဟုတ်ဖူးဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိမယ်။ လွတ်လပ်ရေးရတဲ့အခါမယ် အခွင့်အရေးတွေ ပိုလာတာရှိမယ်။ တာဝန်တွေ ပိုလာမယ်။ ဒီတိုင်းပြည်ကို အင်္ဂလိပ်က အုပ်ချုပ်နေတုန်းအခါမှာ ဗမာပြည်ကာကွယ်ရေးအတွက် အင်္ဂလိပ်ရဲ့ တာဝန်ဘဲ။ ဗမာပြည် လွတ်လပ်ရေးရတဲ့အခါမှာ ဗမာပြည်ကာကွယ်ဘို့ရာ ဗမာတွေရဲ့ အဓိကတာဝန် ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်

တော့ဘူး။ တိုင်းပြည်ကာကွယ်ဘို့ ဗမာပြည်မှာ စစ်သားတွေလိုလာမယ်။ အဲဒီအခါ ဗမာတိုင်း အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနဲ့ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့လုပ်ရမယ်။ ခင်ဗျားတို့ တိုက်ချင်တိုက်၊ မတိုက်ချင်လဲ တိုက်ရမယ်။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်။

လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလို ဖြစ်ချင်သလား။ တူရကီလို ဖြစ်ချင်သလား။ အိုင်ယာလန်လို ဖြစ်ချင်သလား။ ဆိုဗီယက်ရုရှားလို ဖြစ်ချင်သလား။ ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး စီမံကိန်းများကို အမျိုးမျိုးသော နည်းများနဲ့လုပ်မှ၊ ခပ်ရိုင်းရိုင်း ဗမာစကားပြောရရင် အတော့်ကို ပြအောင်ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀-ကျော်လောက်ကြာမှ ဗမာပြည် တော်ရုံရောက်မယ်။ မလုပ်လို့ရှိရင် ယိုးဒယားတောင် မှီမှာမဟုတ်ဖူး။ အခြားလွတ်လပ်သော တိုင်းပြည်များ ခြေတလှမ်း လှမ်းရင် ကိုယ် ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်။ အဲဒီလိုမလုပ်ရင် ဟိုလူလာလဲ မျက်နှာချိုသွေးရ၊ ဒီလူလာလဲ မျက်နှာချိုသွေးရနဲ့ 'ဖာသယ်' နိုင်ငံဖြစ်မှာဘဲ။

## လက်ဝဲသမားအချင်းချင်း

ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်အောင် လုံ့လဝိရိယနဲ့ ကြိုးစားအားထုတ်လုပ်ကိုင်ဘို့ လိုတယ်။ ဗမာရဲ့စိတ်ဓါတ်ဟာ ကျွန်တိုင်းပြည်ဖြစ်တဲ့အတိုင်း ပုသိမ်ဘက် လှေပြိုင်ပွဲတပွဲမှာ မြင်ရသလို လှေတစင်းကို အနည်းငယ်နိုင်လိုက်၍ ပန်းတိုင်သို့ မဝင်ရသေးခင် လှေတက်ကို မြှောက်သလို၊ ဗမာ့စိတ်ဓါတ်ဟာ အောင်မြင်ခြင်းသို့ မရောက်ခင် စိတ်လျှော့ပေါ့တတ်မှုရှိတယ်။ ဒီလိုစိတ်မျိုး မထားဘဲ ရှုံးရှုံးနိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တည့်တည့်လင်းလင်း သတိပေးခဲ့မယ်။ ဗမာပြည်မှာ လူမျိုးအချင်းချင်း မကွဲဘို့၊ လူငယ်ပိုင်းဖြစ်သော လက်ဝဲသမားအချင်းချင်း မကွဲဘို့ သတိပေးလိုပါတယ်။

ရတဲ့နည်းနဲ့လုပ်မယ်

နိုင်ငံရေးသမားခြေထိုးမှုကို ယောင်မှားသွားလို့ရှိရင် ခင်ဗျားတို့ လွတ်လပ်ရေးမရဘဲ အိန္ဒိယပြည်လို အင်္ဂလိပ်ပေးသမျှ မယူဘဲမနေနိုင် ဖြစ်လိမ့်မယ်။ ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်လို့ ဗမာပြည်ဟာ မိအေးနှစ်ခါနာဆိုသလို စစ်ဒဏ်နှစ်ကြိမ်ခံခဲ့ရတဲ့အတွက် ကူးသန်းရောင်းဝယ်ရေးများ ပျက်စီးခဲ့ရတယ်။ ဗမာပြည်မှာ စားကုန်သောက်ကုန် အသုံးစရိတ်ပြီးမြင့်ခြင်းဟာ ခင်ဗျားတို့ ဘုံးဘောလအော သုံးမှုကြောင့်ဖြစ်တယ်။ ခြိုးခြံသင့်တဲ့နေရာ ခြိုးခြံ။ ကိုယ့်အိမ်မှာ စိုက်စားသင့်တာမစားဘဲ နိုင်ငံခြားသွင်းကုန်ပေါ်မှာ မှီစားတဲ့အတွက် ဈေးကြီးတယ်။ ပုဂ္ဂိုလ်တဦးတယောက် ဖောက်ပြန်တာလဲရှိမယ်။ အဖွဲ့အနေနဲ့ ဘယ်တော့မှ မလုပ်ဖူး။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်က စေတနာကောင်းနဲ့ လွတ်လပ်ရေးရုပ်လုံး၊ ပြန်လည်ထူထောင်ရေးရုပ်လုံး ဖော်လာပြီ။ အဲဒီလို ရုပ်လုံးဖော်လာရာမှာ အကောင်းဆုံးနဲ့ အအေးဆုံးနည်းနဲ့ လုပ်နေတယ်။ နောက်ဆုံး နည်းအေးအေးနဲ့ မရရင် ရတဲ့နည်းနဲ့ လုပ်ရမယ်လို့ ပြောခဲ့ပြီ။ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာ ကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဘို့ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဘို့ ခင်ဗျားတို့စောက်ကျင့်တွေ ပြင်ဘို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်။

* * * * *



ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားဝတ်စုံဖြင့်

Myanmar Cupid Community PDF Creator Group




လန်ဒန် (၁၉၄၇ ဇန်နဝါရီ)

Myanmar Cupid Community PDF Creator Group




ဗိုလ်ချုပ်အောင်ဆန်း မိသားစု



မိခင်ဒေါ်စု နှင့် ဗိုလ်ချုပ်မိသားစု (၁၉၄၇)

Myanmar Cupid Community PDF Creator Group




ဗိုလ်ချုပ်စိတ်ထားကို ပြောပြနေသည့် စာတစောင်



ပင်လုံကျောက်တိုင်



ပင်လုံစာချုပ် ချုပ်ဆိုနေပုံ ပန်းချီကား

Myanmar Cupid Community© PDF Creator Group



လူထုစည်းဝေးပွဲ တခုတွင်



စစ်ရေယာဉ် မေယုတွင်



ဗိုလ်ချုပ်ကြေးရုပ် (ကန်တော်ကြီး၊ ရန်ကုန်)